လူငယ်များအတွက်

# ဂမ္ဘီရဝိပဿနာ

အတွဲ(၅+၆)




## မေတ္တာရှင်

( ရွှေပြည်သာ )






ဟစ်အော်ငိုမြည်း ရောဂါသည်း၍
လူးလဲပြာတည်း နာမချိသော်
တတ်သိမြင်မြော်
သမားတော်၌ ဆေးကျော်ရှိလျက်
မစားခဲ့ ဆေးအတွက်မဟုတ်ပေ။

လူနာတစ်ယောက်ဟာ
ရောဂါပျောက်ကင်းစေမယ့် ဆေးရှိပါလျက်
မသောက်သုံးဘူးဆိုရင် ဆေးရဲ့အပြစ်မဟုတ်ပါဘူး။
လူနာရဲ့အပြစ်ပါ။
ထို့အတူ ကိလေသာအနာရောဂါတွေ
ပျောက်ကင်းစေမယ့် ဝိပဿနာမဂ္ဂင်ဆေးရှိပါလျက်
မသောက်သုံးဘူးဆိုရင် ဝိပဿနာမဂ္ဂင်ဆေးရဲ့
အပြစ်မဟုတ်ပါဘူး ယောဂီတို့ရဲ့အပြစ်ပါ။

မေတ္တာရှင်
( ရွှေပြည်သာ )

မေတ္တာရှင် (ရွှေပြည်သာ)

၏

# လူငယ်များအတွက် ဝိနည်းရေးသုံးနည်းများ

အတွဲ (၅) (၆)

ဖြန့်ချိရေး

ဦးစိုးတင့် (ရွှေပြည်သာစာပေ)
မန္တလေးကျောင်း၊ ဥပါသကာအဖွဲ့
၆/၁၀ ရပ်ကွက်၊ ချင်းတွင်းလမ်း
ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။
☎ - ၆၁၁၆၂၂

**ပုံနှိပ်မှတ်တမ်း**

**စာမူခွင့်ပြုချက်အမှတ်**
၃၂၀၃၉၆၀၇၀၈

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၃၂၀၃၉၆၀၇၀၈

**ထုတ်ဝေခြင်း**
ပထမအကြိမ်၊ (၂၀၀၈၊ ဒီဇင်ဘာလ)

အုပ်ရေ – ၁၀၀၀၀ အုပ်

**မျက်နှာဖုံးဒီဇိုင်း**
ပန်းချီ သန်းမြင့်အောင်

**အတွင်းကွန်ပျူတာစာစီ**
မန္တလေးကျောင်းကွန်ပျူတာ


**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**
ဦးဇော်မြင့်ဝင်း(ကာလာတုံအောဖ်ဆက်)
၁၀၄(ခ)၊ ၃၁ – လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဒေါ်သင်းသင်းမွန်(သင်းစာပေ)
အမှတ် ၁၀၊ ရတနာမြိုင်လမ်း
လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

**စီစဉ်သူ**
ဦးစိုးတင့်၊ ဦးဆန်းထွန်း

တန်ဖိုး – ၁၅၀၀ ကျပ်

■



# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|

**အခန်း ၃၁**

ဘာမျှမသိတာ နိဗ္ဗာန်မဟုတ် ---------- ၁
အဖိုးသုံးပါး ---------- ၄
သန္တတိဃန ---------- ၁၀
သမူဟဃန ---------- ၁၁
ကိစ္စဃန ---------- ၁၃
အာရမ္မဏဃန ---------- ၁၄

**အခန်း ၃၂**

ကိုယ်တွေ့သုံးမျိုး ---------- ၁၅
ရောက်လာသော ဒယကာ ဒယကာမများအား
အမြဲလိုလို ဟောကြားသောတရားတော်များ ---------- ၂၃

**အခန်း ၃၃**

တရားနာမှ မင်္ဂလိုလ်ရ ---------- ၃၀
သံသရာလည်ကြောင်းနှင့် ပြတ်ကြောင်းတရား ---------- ၃၇
ပဋ္ဌာန်းတရားတော် ---------- ၄၁

**အခန်း ၃၄**

ဒိဋ္ဌသရဏဂုံနှင့် သုတသရဏဂုံ ---------- ၄၅
အဂ္ဂမဟာပဏ္ဍိတတောင်သာ ဆရာတော်နှင့် ဦးကဝိ ဆွေးနွေးခန်း ---------- ၄၉
၁၂၉၀ ပြည့်နှစ်၊ ကဆုန်လဆုတ် ၄ ရက်နေ့ ပဲခူးမြို့၊ အဖျားရွာတွင် ဖက်ပင်အိုင် ဆရာတော်ကြီးက မြင်းခြံဆရာတော် ဦးကဝိအား မေးမြန်းပြောဆိုခြင်း (အကျဉ်းသခ်ေပမှတ်တမ်း) ---------- ၅၃

**အခန်း ၃၅**

တရားမြင်မှ ဘုရားမြင်၏ ---------- ၅၇
ဦးဓမ္မိကက ဖက်ပင်အိုင်ဆရာတော်ကြီးအား လျှောက်ထားပုံ ---------- ၆၅
ဝိသုဒ္ဓိ ၇ ပါး ---------- ၆၇

**အခန်း ၃၆**

စိတ္တဇဝေဒနာ ဖြစ်ခြင်းအကြောင်းလေးချက် ---------- ၇၂

**အခန်း ၃၇**

အရိယာပုဂ္ဂိုလ်တို့ နှလုံးမသွင်းသော မပြုလုပ်သော အရာများ ---------- ၇၆
တရားမထိုင်မီ ပရိကမ်ပြုပုံ ---------- ၈၈
အနုလုံမေတ္တာပို့အစုန် ---------- ၇၉
အမျှဝေ ---------- ၉၀

**အခန်း ၃၈**

အခွင့်ကောင်းလွတ်မသွားစေဖို့ အားထုတ်ပြုပြင်ပေးကြ ---------- ၁၀၁

**အခန်း ၃၉**

ဝိပဿနာအလုပ်၌ မေတ္တာလိုအပ်ပုံ ---------- ၁၁၁
ကုသိုလ်နှစ်မျိုး ---------- ၁၁၇

**အခန်း ၄၀**

လူတိုင်းသိသင့်သော ပုဂ္ဂိုလ်လေးမျိုး ---------- ၁၂၉
ဗိုလ်ချုပ်ကြီးနှင့် သရဲကြီး ---------- ၁၃၁
တိုက်ပွဲနှစ်မျိုး ---------- ၁၃၆

**အခန်း ၄၁**

မေတ္တာမှ ဝိပဿနာသို့ကူး၍ ရဟန္တာဖြစ်ပုံ ---------- ၁၅၂
နွားကျောင်းငယ်ဆေး ဖော်စပ်နည်း ---------- ၁၆၄
မေတ္တာပွားများစဉ် ဝိပဿနာရှုကွက်များ ---------- ၁၆၇

**အခန်း ၄၂**

မေတ္တာစိတ်ကို ဝိပဿနာရှုရာ၌ သစ္စာလေးပါးကိုက်ညီပုံ ---------- ၁၇၂
သမာဓိသုံးမျိုး ---------- ၁၉၃
သမထယာနိက၏ စိတ္တဝိသုဒ္ဓိ ---------- ၁၉၃
ဝိပဿနာယာနိက၏ စိတ္တဝိသုဒ္ဓိ ---------- ၁၉၄

**အခန်း ၄၃**

ဒုက္ခသစ္စာအကျယ် ---------- ၁၉၅
ဆင်းရဲရှစ်မျိုး ---------- ၂၀၂
ကာယဒသကကလာပ် ---------- ၂၀၆
ဘာဝဒသကကလာပ် ---------- ၂၀၇

**အခန်း ၄၄**

ဒုက္ခသစ္စာအကျယ် ---------- ၂၁၆

ယောဂီတိုင်းသိသင့်သော အလုပ်သုံးမျိုး ---------- ၂၂၅
အရေးကြီးတာ အရင်ရှုပါ ---------- ၂၂၆

**အခန်း ၄၅**

ဒုက္ခသစ္စာအကျယ် ---------- ၂၃၅

**အခန်း ၄၆**

ခန္ဓာကိုသိပုံ ---------- ၂၅၂
ရုပ်၏ သမုဒယကို သိပုံ ---------- ၂၅၄
ဝိပ္ပလ္လာသတရား ၁၂ ပါး ---------- ၂၆၀

**အခန်း ၄၇**

ဒုက္ခသစ္စာအကျယ် ---------- ၂၇၂
မဇ္ဈိမပဋိပဒါသို့ ရောက်အောင်ဆောင်ခြင်း ---------- ၂၇၇

**အခန်း ၄၈**

ကိလေသာပယ်သတ်နည်း နှစ်မျိုး ---------- ၂၈၀
စူဠသာရောပမသုတ်၊ အနှစ်နှင့်တူသော တရားကိုဟောခြင်း
ဝန်ခံတိုင်းသိ မသိပြဿနာ ---------- ၂၈၁
အခက်အရွက်ကိုသာ ယူသူ ---------- ၂၈၂
အပွေးကိုသာယူသူ ---------- ၂၈၂
အကာကိုသာယူသူ ---------- ၂၈၃
အနှစ်ကိုရယူသူ ---------- ၂၈၃
သမုဒယသစ္စာအရကောက် ငါးမျိုး ---------- ၂၈၅
ဒွေဓာဝိတက္ကသုတ်၊ ကြံစည်မှုများကို နှစ်မျိုးခွဲအပ်ကြောင်း-
ဟောကြားခြင်း၊ ကြံစည်မှုနှစ်မျိုး ---------- ၂၈၇
မကောင်းသောကြံစည်မှုများ ပျောက်သွားအောင် ဆင်ခြင်ပုံ ---------- ၂၈၉
ဝိတက်အားလျော်စွာ စိတ်ညွှတ်ပုံ ---------- ၃၀၀

နွားကျောင်းသား ဥပမာ ---------- ၃၀၀
စိတ်ကိုအတွင်း၌သာ တည်စေခြင်း ---------- ၃၀၁
သတိပြုရုံမျှသာလိုအပ်၏ ---------- ၃၀၁
သမင်အုပ်နှင့် မုဆိုးဥပမာ ---------- ၃၀၂

**အခန်း ၄၉**

သတိပဋ္ဌာန် လေးပါး အနှစ်ချုပ် မြန်မာပြန် ---------- ၃၀၅
မဟာသတိပဋ္ဌာနသုတ်၊ သတိပဋ္ဌာန်လေးချက်ကို
အကျယ်ဟောကြားခြင်း၊ တစ်ကြောင်းတည်းသော လမ်းခရီး ---------- ၃၀၇
ဝင်သက်ထွက်သက်ကို ရှုပုံ ---------- ၃၀၈
ဣရိယာပုထ်ကို ရှုပုံ ---------- ၃၀၂
ပြတ်ပုံမတူသော်လည်း ပြတ်တာချင်း တူသည် ---------- ၃၀၄
မဂ္ဂင်ရှစ်ပါးကို ခန္ဓာသိဖြစ်အောင် ပြပုံ ---------- ၃၀၉

**အခန်း ၅၀**

သမ္ပဇဉ်ဉာဏ်ဖြင့် ဆင်ခြင်ပုံ ---------- ၃၂၂
စက်ဆုပ်ဖွယ်ဟု ရှုပုံ ---------- ၃၂၂
ဓာတ်သဘောအားဖြင့် ဆင်ခြင်ပုံ ---------- ၃၂၃
သူသေကောင်ကိုးမျိုးကို ဆင်ခြင်ပုံ ---------- ၃၂၄
(၂) ဝေဒနာတို့၌ ဆင်ခြင်ခြင်း(ဝေဒနာနုပဿနာ) ---------- ၃၂၅
(၃) စိတ်၌ဆင်ခြင်ခြင်း(စိတ္တာနုပဿနာ) ---------- ၃၂၇
(၄) တရားသဘောတို့၌ ရှုဆင်ခြင်ခြင်း(ဓမ္မာနုပဿနာ)
နီဝရဏငါးပါးကို ရှုပုံ ---------- ၃၂၉
ခန္ဓာငါးပါးကို ရှုပုံ ---------- ၃၃၀
ဗောဇ္ဈင်ခုနစ်ပါးကို ရှုပုံ ---------- ၃၃၂
သစ္စာလေးပါးကို ရှုပုံ ---------- ၃၃၃
သတိပဋ္ဌာန်ပွားများခြင်း၏ အကျိုး ---------- ၃၃၅

**အခန်း ၅၁**

နိရောဓသစ္စာကို ခန္ဓာသိဖြစ်အောင်ပြပုံ ——————————— ၃၃၇

**အခန်း ၅၂**

ဗုဒ္ဓဝေနေယျနှင့် သာဝကဝေနေယျ ——————————— ၃၄၃

နမ္မားဆရာတော် အရှင်ဉာဏ၏ နယ်ချဲ့သမားသုံးဦးသား

တရားတော် ——————————— ၃၄၅

ဒိဋ္ဌိနယ်ချဲ့ပုံ ——————————— ၃၄၇

အရေးသုံးဖြာ သိကောင်းစရာ ——————————— ၃၅၈

ရှုမှတ်ရေးအမြတ်ဆုံးဖြစ်ပုံ ——————————— ၃၆၀

နောက်တစ်နည်း အမြတ်ဆုံးဖြစ်ပုံ ——————————— ၃၆၁

**အခန်း ၅၃**

တဏှာနယ်ချဲ့ပုံ ——————————— ၃၆၃

မာနနယ်ချဲ့ပုံ ——————————— ၃၇၂

အာနာပါနကို မဂ်လေးပါးရအောင် ရှုဆင်ခြင်ပုံ ——————————— ၃၈၂

(မာတိကာပြီး၏ ။)

## အခန်း ၁၁

### ဘာမျှမသိတာ နိဗ္ဗာန်မဟုတ်

မေး။ ။ ဆရာတော်ဘုရား၊ ရုပ်တရား၊ နာမ်တရားတွေ တစ်ခုပြီးတစ်ခု ဖြစ်ပျက်နေတာကို လိုက်လိုက်သိနေပြီး နောက်ဆုံးရုပ် တရား နာမ်တတရားတွေ ဖြစ်ပျက်မှု ဆုံးသွားလို့ ဘာမှ မသိတော့တဲ့ နေရာဟာ နိဗ္ဗာန်ပဲ မဟုတ်လားဘုရား။

ဖြေ။ ။ မဟုတ်ပါ၊ ဘာမျှ မသိတော့တဲ့နေရာဟာ နိဗ္ဗာန်မဟုတ်ပါ၊ နိဗ္ဗာန်ဟာ အဟုတ်ရှိ၊ တကယ်ရှိ၊ အမှန်ရှိတဲ့ 'ပရမတ်' တရားပါ၊ မရှိမဟုတ်ပါ၊ ဘာမှ မရှိရင် 'အဘာဝပညတ်' ဖြစ်မှာပေါ့၊ နိဗ္ဗာန်ဟာ အာဘာဝပညတ် (မရှိပညတ်) မဟုတ်ပါ။

အဟုတ်ရှိ၊ အမှန်ရှိ ထင်ရှားတဲ့ ပရမတ်တရား လေး ပါးရှိပါတယ်၊ 'စိတ်'ပရမတ်၊ 'စေတသိက်' ပရမတ်၊ 'ရုပ်'ပရမတ်၊ 'နိဗ္ဗာန်'ပရမတ်တို့ပါပဲ၊ အားထုတ်တဲ့ယောဂီဟာ အရှိနိဗ္ဗာန်ပရမတ်ကို ရချင်လို့၊ လိုချင်လို့ အားထုတ်နေတာပါ၊ အဲဒီ အရှိ

နိဗ္ဗာန်ကို လိုချင်လို့ အားထုတ်နေတဲ့ ယောဂီဟာ အရှိနိဗ္ဗာန် ရရေး အတွက်၊ အရှိ စိတ်၊စေတသိက်၊ရုပ်လို့ခေါ်တဲ့ ပရမတ်သုံးပါး အရှိ တရားများကို ရှုကြည့်ရပါတယ်။

အဲဒီ စိတ်၊ စေတသိက်၊ ရုပ်ပရမတ်တရားများကို အကျဉ်း ချုပ်လိုက်လျှင် စိတ်, စေတသိက်က နာမ်၊ ရုပ်က ရုပ်ဟူ၍ နာမ်ရုပ် နှစ်ပါး အထင်အရှား ရှိပါတယ်၊ မရှိ မဟုတ်ပါ၊ အဲဒီ အရှိ ရုပ်နာမ် ကို ရှုပွားနေတာက "ဉာဏ်" ပါ၊ ဉာဏ်ဆိုတာလည်း နာမ်တရားပါ၊ အရှိတရားပါ၊ အသိတရားပါ၊ အဲဒီ ဉာဏ်အသိရဲ့ ပရိယာယ်ကို လယ်တီဆရာတော်ဘုရားကြီးက "အသိ အလိမ္မာ၊ ဉာဏ်ပညာ၊ မှတ်ပါအမောဟ" ဟူ၍ လင်္ကာသီခဲ့ပါတယ်။

သို့ဖြစ်၍ ရှုဉာဏ်ဟာ ဘယ်အခါမှ မသိတယ်လို့ မရှိရ ပါဘူး၊အမြဲ သိနေရပါမယ်၊ အသိမရှိရင် မေ့တဲ့သဘော၊ လစ်တဲ့ သဘော၊ မောဟသဘော ဖြစ်သွားပါမယ်၊ ရုပ်တရား, နာမ် တရားတွေ ဖြစ်ပျက်ဆုံးသွားလို့ ဆိုတဲ့နေရာမှာ ရုပ်တရား နာမ်တ ရားတွေ ရှိနေသေးရင် ဖြစ်ပျက်ကလည်း ရှိနေပါသေးတယ်၊ ဘုရား ရှင်နှင့်ရဟန္တာအရှင်မြတ်တွေမှာလည်း ရုပ်နာမ်တွေ ရှိနေ သေးတော့ ရုပ်နာမ်ဖြစ်ပျက်တွေ ရှိနေပါတယ်၊ မဆုံးသေးပါဘူး။

ဘုရား, ရဟန္တာများသည် ရုပ်နာမ် ဖြစ်ပျက်တွေ မြင်သ ဖြင့် အဲဒီ ရုပ်နာမ် ဖြစ်ပျက်တွေကို ငြီးငွေ့ပြီး ရုပ်နာမ် ဖြစ်ပျက် တွေအပေါ်မှာ တပ်မက်မှု ကင်းချုပ်ပြီး ကိလေသာ အာသဝေါ၊ သံယောဇဉ်တွေ ကုန်ဆုံးသွားပါတယ်၊ ရုပ်နာမ် ဖြစ်ပျက်တွေက ဖြစ်ပျက်အတိုင်းပဲ ရုပ်နာမ် ရှိသမျှ ဖြစ်ပျက် နေပါတယ်။

ရုပ်နာမ် ဖြစ်ပျက်ကို အာရုံပြုပြီး သိနေတဲ့ အသိဟာ

ဝိပဿနာ ဉာဏ်အသိပါ၊ အဲဒီ ရုပ်နာမ် ဖြစ်ပျက်တွေအပေါ် ငြိမ်းငွေ့ပြီးတပ်မက်မှု ကင်းတဲ့အခါ ဝိပဿနာဉာဏ်သိမှ မဂ်ဉာဏ်သိ ပေါ်လာပါတယ်၊ အဲဒီလို မဂ်ဉာဏ်သိ ပေါ်လာတဲ့အခါ မဂ်ဉာဏ်ရဲ့အာရုံက နိဗ္ဗာန်ဖြစ်တော့ နိဗ္ဗာန်ပေါ်ပါတယ်၊ အဲဒီ ပေါ်လာတဲ့ နိဗ္ဗာန်အာရုံကို မဂ်ဉာဏ်က အာရုံပြုပါတယ်။

အဲဒီမှာ သေသေချာချာ သတိထားပါ၊ ပထမ ရှုပွားစဉ် ဝိပဿနာဉာဏ်အသိပါ အသိရှိနေပါတယ်၊ အာရုံက ရုပ်နာမ် ဖြစ်ပျက် အာရုံပါ၊ ရှုပွားပါများတော့ ဝိပဿနာဉာဏ်ဟာ ရုပ်နာမ် ဖြစ်ပျက်အာရုံပေါ်မှာ ငြိမ်းငွေ့၊ စိတ်ပျက်၊ တပ်မက်မှု ကင်းလာပါတယ်၊ ရုပ်နာမ်ကို အာရုံ မပြုချင်တော့ပါ၊ အဲဒီအခါမှာ နိဗ္ဗာန်အာရုံပေါ်လာပါတယ်၊ ဒီက ဝိပဿနာဉာဏ်ကလည်း ရင့်ကျက်ပြီးမဂ်ဉာဏ်သို့ ကျေးဇူးပြုကာ မဂ်ဉာဏ်သို့ ကူးသွားပါတယ်။

ဒီတော့ အာရုံက 'အရှိနိဗ္ဗာန်'၊ ဉာဏ်က 'အသိမဂ်ဉာဏ်' မဟုတ်လား၊ အသိရှိပါတယ်၊ မသိတော့ မဟုတ်ပါ၊ ဝိပဿနာဉာဏ်သိမှ မဂ်ဉာဏ်သို့ ပြောင်းသွားခြင်းသာ၊ မသိတော့ မဟုတ်ပါ၊ မသိတော့ရင် ဘာမျှ မဟုတ်တော့ပါလို့ မှတ်ပါ၊ ဘာမျှ မသိတော့ရင်အဲဒီ ဘာမျှ မသိတော့တဲ့နေရာဟာ နိဗ္ဗာန်လား ဆိုတာနဲ့ ပတ်သက်လို့ မသိတော့တာက မရှိလို့ မသိတာလား၊ ရှိလျက်နဲ့ မသိတာလားဆိုတာ ပြန်ကြည့်ပါ၊ သတိပြုပါ။

နိဗ္ဗာန်ဟာ အရှိဖြစ်၍ မရှိမဟုတ်ပါ၊ အရှိဖြစ်၍ မသိလျှင် သတိလစ်ခြင်း၊ မေ့ခြင်း၊ တွေဝေခြင်းသာ ဖြစ်ပါသည်၊ ဟုတ်ပါသည်၊ အာရုံတစ်ခုခုသည် အမြဲ ရှိပါသည်၊ အသိတစ်ခု ခုကလည်း အမြဲရှိ ပါသည်၊ အာရုံနဲ့ အသိစိတ်မှာ ကင်း၍ မရပါ။

ကိလေသာ၏ အာရုံသည် ပညတ် ဖြစ်ပါသည်။
ဝိပဿနာ၏ အာရုံသည် ရုပ်နာမ် ဖြစ်ပါသည်။
မဂ်ဖိုလ်၏ အာရုံသည် နိဗ္ဗာန်ဖြစ်ပါသည်။

အာရုံက ပညတ်ဖြစ်နေလျှင် ကိလေသာစိတ်၊ ကိလေသာသိအနေနှင့် သိပါမည်၊ အာရုံက ရုပ်နာမ်ဖြစ်လျှင် ဝိပဿနာသိအနေနှင့် သိပါမည်၊ အာရုံက နိဗ္ဗာန်ဖြစ်နေလျှင် မဂ်ဉာဏ်သိအနေနှင့် သိပါမည်၊ တရားနယ်မှာ မသိတော့တဲ့ နေရာဟူ၍မရှိပါ၊ မသိခြင်းသည် မေ့ခြင်း၊ လစ်ခြင်း၊ အိပ်ပျော်ခြင်း တစ်မျိုးမျိုးကြောင့် ဖြစ်ပါသည်။

မသိတော့တဲ့ နေရာဟာ နိဗ္ဗာန် မဟုတ်ပါ၊ နိဗ္ဗာန်သည် အရှိပရမတ်ဖြစ်၍ အသိပရမတ်နှင့် အာရုံပြုနိုင်ကောင်းသော၊ အာရုံပြုရသော တရားဖြစ်ပါသည်။

(ဓမ္မဒူတအရှင်ပညာဇောတ၏ ဗုဒ္ဓမ္မပြဿနာများ ၉–မှ)

## အဖုံးသုံးပါး

မေး॥ ॥ နာမရူပပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ကိုတော့ တော်တော်နားလည်သွားပြီဘုရား၊ အခြေခံနှစ်ပါးကိုရတာနဲ့ သမ္မသနဉာဏ်အရ ရုပ်နာမ်နှစ်ပါးရဲ့ အနိစ္စ၊ သို့မဟုတ် ဒုက္ခ၊ သို့မဟုတ် အနတ္တများကို သုံးသပ်ပွားများရမှာ မဟုတ်လားဘုရား။

ဖြေ॥ ॥ အေး ဟုတ်တယ်။

မေး॥ ॥ ဒီအနိစ္စ၊ ဒုက္ခ၊ အနတ္တကို မမြင်အောင် ဖုံးထားတဲ့ အဖုံးသုံးပါးဆိုတာကို တပည့်တော်တို့ လူငယ်တွေ နားလည်အောင် ရှင်းပြပေးစေချင်ပါတယ်ဘုရား။

ဖြေ॥ ॥ အဖုံးသုံးပါးက–

၁။ အနိစ္စကို မမြင်အောင် "သန္တတိ" ဖုံးတယ်တဲ့။
၂။ ဒုက္ခကို မမြင်အောင် "ဣရိယာပထ"ဖုံးတယ်တဲ့။
၃။ အနတ္တကို မမြင်အောင် "ဃန" ဖုံးတယ်တဲ့။

ဒီသုံးမျိုးပါပဲ၊ သန္တတိဆိုတာ ရုပ်နာမ်တို့ရဲ့ ဖြစ်စဉ်ကို ပြောတာပါပဲ၊ ရုပ်နာမ်တို့ရဲ့ အဖြစ်အပျက်ဟာ မြန်လွန်း အားကြီးတော့ ဖြစ်တာကို မြင်ပြီး ပျက်တာ(အနိစ္စ)ကို မမြင်နိုင်ဘူး ဖြစ်သွားတာပဲ၊ ဒါကို ဝိပဿနာဉာဏ်နဲ့ ကြည့်လိုက်မယ်ဆိုရင် အဆက်ဆက်တွေပါလား၊ အပိုင်းပိုင်းတွေပါလားဆိုတာမြင်ပြီး သန္တတိ အစဉ်ကြီးပြတ်သွားတယ်။

ဥပမာအားဖြင့် ရုပ်တရားဆိုရင် ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရားလေးပါးကြောင့် ဖြစ်ရတယ်၊ အကြောင်းလေးပါး ပျက်စီးတာနဲ့ ရုပ်တရားတွေလည်း ဆက်မဖြစ်နိုင်ဘဲ ပျက်ဆီးသွားရတာပဲ၊ ပျက်စီးသွားရတယ်ဆိုတာ သေသွားတာကို ပြောတာ၊သေသွားတယ်ဆိုတာလည်း ရုပ်တွေအဖြစ် ရပ်သွားတာကို ပြောတာပဲ။

ကုသိုလ်ကံ ကုန်သွားပြီဆိုရင် ရုပ်တွေအဖြစ်ရပ်ပြီး သေတာပဲ၊ စိတ် တစ်လုံးဖြစ်ပြီး နောက်စိတ်တစ်လုံး မဖြစ်တော့ဘူးဆိုတာနဲ့ရုပ်တွေ အဖြစ်ရပ်ပြီး သေတာပဲ၊ အေးလွန်းတဲ့ဥတုကြောင့် သွေးခဲပြီး သေရသလို၊ ပူလွန်းတဲ့ဥတုကြောင့် ရေဓါတ်တွေခန်းပြီး သေရတာပါပဲ၊ ဒါလည်း ဥတုပျက်လို့ ရုပ်တွေအဖြစ်ရပ်သွားတာပဲ။

အစားအစာတွေ လွန်ကဲလို့ စားပိုးနင်ပြီး သေရသလို၊ အစာအာဟာရမစားရလို့ ဇက်ပြတ်ပြီးလည်း သေရတာပဲ၊ ဒါတွေကို ထောက်ဆကြည့်လိုက်ရင် ကံ, စိတ်, ဥတု, အာဟာရ

အကြောင်းလေးပါးက အဆက်မပြတ် ထောက်ပံ့နေလို့သာ ရုပ်တရားတွေဟာ ဆက်ခါဆက်ခါဖြစ်နေနိုင်တာ၊ ဒီလေးပါး အထောက်အပံ့ ရပ်တာနဲ့ ရုပ်တရားတွေ ဆက်ဖြစ်နိုင်စွမ်း မရှိတော့ဘူးဆိုတာကို သေချာသိနိုင်တယ်။

သိစိတ်နဲ့စေတသိက်နာမ်တရားတွေဟာလည်း အာရုံနဲ့ ဒွါရတိုက်ဆိုင်ပေးမှသာ ပေါ်လာနိုင်တာပါ၊ အာရုံနဲ့ဒွါရ တိုက်ဆိုင်မှုရပ်သွားတာနဲ့ နာမ်တရားတွေဟာ ဆက်ဖြစ်နိုင်စွမ်း မရှိတော့ပါဘူး၊အနိစ္စကို သန္တတိဖုံးတယ်ဆိုတဲ့ စကားအပြင် အနိစ္စကို သဿတဒိဋ္ဌိဖုံးတယ်လို့လည်း တစ်မျိုးသုံးကြည့်ချင်တယ်၊ သဿ-တ ဒိဋ္ဌိဆိုတာ ရုပ်, နာမ်ကို မပျက်မစီး အမြဲတည်နေတယ်လို့ အယူမှားခြင်းပါပဲ။

မေး။ ။ အာရုံနဲ့ ဒွါရဆိုတာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အတွေးအာရုံဆိုတဲ့ အတိုက်ခံဓာတ်ခြောက်ပါးနဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ အခံဓာတ်ခြောက်ပါးနဲ့ အတူတူပါပဲလား ဘုရား။

ဖြေ။ ။ ဟုတ်တယ်၊ အတူတူပဲ၊ သဿတဒိဋ္ဌိအကြောင်း ပြန်ဆက်ရအောင်၊ ဗုဒ္ဓဘာသာတစ်ရာမှာ (၉၉)ယောက်လောက်ဟာ သဿတဒိဋ္ဌိ အယူရှိကြတာများတယ်၊ ဒီ အယူမှားကြီးခံနေရင်လည်း မဂ်တား ဖိုလ်တားဖြစ်တတ်တယ်၊ အများယူဆတာက ကျောင်းဒကာ အနာထပိဏ်သေလို့ နတ်သားဖြစ်သွားတဲ့ နေရာမှာ အနာထပိဏ် ရဲ့ လူ့ဘဝက ရုပ်နာမ်နှစ်မျိုးမှာ ရုပ်တရားကြီးသာ ပျက်စီးကျန်ခဲ့ပြီး နာမ်တရားက မပျက်စီးပဲ နတ်ပြည်အထိ ပါသွားပြီး နတ်သွားဖြစ် တယ်ဆိုတာပဲ။

တကယ်တော့ နာမ်တရားတွေဟာ နောက်ဘဝထိ ပါသွားဖို့ မပြောနဲ့ စကားနှစ်လုံး ပြောလိုက်တဲ့ နေရာမှာ ပထမ စကားတစ်လုံးပြောစဉ်က ဖြစ်ခဲ့တဲ့ ရုပ်တရား နာမ်တရားတွေဟာ ဒုတိယ စကားလုံးပြောနေတဲ့အချိန်ထိ ပါမလာပါဘူး၊ ပထမစကား လုံးပြောအပြီးမှာပဲ ဖြစ်ပျက်သွားတယ်၊ ဒုတိယစကားလုံးကို နောက်ထပ်ရုပ်သစ်နာမ်သစ်နဲ့ ပြောနေရတာပါ။

မေး။ ။ တပည့်တော်တို့ လူငယ်တွေ နားလည်နိုင်အောင် ဒီဘဝက ရုပ်နာမ်တွေ နောက်ဘဝထိ ပါမသွားပဲ ဘဝသစ်ဖြစ်ပုံကို ခေတ်ဥပမာတစ်ခုနဲ့ ပြောပြလို့ မရဘူးလားဘုရား။

ဖြေ။ ။ ရပါတယ်၊ ရန်ကုန်ကနေ မန္တလေးကို ဘဏ်ကတစ်ဆင့် ငွေတစ်သောင်း ပို့လိုက်တယ်၊ တစ်ထောင်တန် ဆယ်ရွက်ပေါ့၊ မန္တလေးကို ရောက်တဲ့အခါ ငါးရာတန် အရွက်နှစ်ဆယ် ဖြစ်နေတယ်၊ ဒါကို ထောက်သောအားဖြင့် ရန်ကုန်က ပို့လိုက်တဲ့ တစ်ထောင်တန်ဆယ်ရွက်ဟာ မန္တလေးကို ပါမသွားတာ သေချာတယ်၊ ထို့အတူ အနာထပိဏ်သူဌေးရဲ့ လူဘဝက ရုပ်နာမ်တွေဟာ နတ်ပြည်ကို ပါမသွားတာ အသေချာပါ။

ဒီအချက်ကို နားလည်သဘောပေါက်ရင် သဿတဒိဋ္ဌိ စင်ပါတယ်၊ တစ်ခါ မန္တလေးကို ရောက်တဲ့ ငါးရာတန် စက္ကူတွေ ဟာ ရန်ကုန်က တစ်ထောင်တန် ငွေစက္ကူပို့ခြင်းဆိုတဲ့ အကြောင်းနဲ့ ကင်းပြီး တော့လည်း မဖြစ်နိုင်ဘူး၊ ထိုအတူ အနာထပိဏ်သူဌေးကြီး လူ့ဘဝက ပြုခဲ့တဲ့ ဒါန၊ သီလဆိုတဲ့ ကုသိုလ်ကံတွေနဲ့ ကင်းပြီး တော့လည်း နတ်သားဆိုတဲ့ ရုပ်သစ် နာမ်သစ်ဟာ ဖြစ်မလာနိုင်တော့ပါဘူး။ ဒီအချက်ကို နားလည်ရင် 'သေရင်ပြတ်တာပဲ၊

နောက်ထပ် ဘာမှ မဖြစ်တော့ဘူး' လို့ အယူမှားတဲ့ ဥစ္ဆေဒဒိဋ္ဌိလည်း စင်တာပေါ့၊ ဒါက အနိစ္စကို မမြင်အောင်ဖုံးထားတဲ့ သန္တတိကို ရှုထောင့်တစ်ခုကနေ ခွာချပေးလိုက်တာပါ၊ အနောက်တိုင်းက အတွေးခေါ် ပညာ ရှင် တစ်ဦးက ပြောဖူးတယ်၊ လူတစ်ယောက် ဟာ မြစ်ရေထဲကို နှစ်ခါဆင်းလို့ မရဘူးတဲ့။

မေး။ ။ ဘာကို ဆိုလိုတာလဲ ဘုရား။

ဖြေ။ ။ မြစ်ရေတွေဟာ ဉာဏ်နဲ့ ဖြတ်ပြီး မကြည့်တတ်ဘူးဆိုရင် တစ်ပြင်တည်း တစ်စပ်တည်း ထင်ရတယ်၊ တကယ်တော့ အဲဒီလို မဟုတ်ဘူး၊ မြစ်ရေတွေဟာ အမြဲတမ်းပြောင်းလဲနေတာပါ၊ လူတစ် ယောက် ပထမအကြိမ်ဆင်းတုန်းက စီးဆင်းနေတဲ့ မြစ်ရေဟာ ဒုတိယ အကြိမ်ဆင်းတဲ့အခါမှာ မရှိတော့ပါဘူး၊ ဒုတိယအကြိမ် ဆင်းတဲ့ အခါမှာနောက်ထပ် စီးဆင်းတဲ့ မြစ်ရေထဲကို ဆင်းရတာပါ။

ဒါကို ကြည့်ပြီး လူတစ်ယောက်ဟာ မြစ်ရေထဲကို နှစ်ခါဆင်း လို့ မရဘူးလို့ ပြောတာ၊ ဒီပညာရှိက ဗဟိဒ္ဓကို ကြည့်ပြီးတော့ ပြောတာ၊ တို့တွေက အဇ္ဈတ္တကို ကြည့်ပြီးတော့ ပြောရအောင်၊ လူတစ်ယောက် မြစ်ရေထဲကို နှစ်ခါ ဆင်းလို့ မရဘူးဆိုတဲ့ စကားကိုတို့က တရားသဘောအရ အနိစ္စကိုမြင် အောင် ယူတတ် ရမယ်။ပထမ အကြိမ် မြစ်ထဲဆင်းတုန်းက ဖြစ်နေတဲ့ ရုပ်နာမ်တရား တွေဟာ ဒုတိယအကြိမ် မြစ်ထဲဆင်းတဲ့ အခါမှာ ပါမလာတော့ဘူး၊ ပထမ အကြိမ် မြစ်ထဲ ဆင်းစဉ် အခါကပဲ ချုပ်ပျောက်ပျက်စီး သွားပါပြီ၊ ဒုတိယအကြိမ် မြစ်ထဲဆင်းတဲ့အခါမှာ နောက်ထပ်ရုပ် သစ် နာမ်သစ်နဲ့ ဆင်းရတာပါ။

ဒီသဘောတရားကို ဉာဏ်နဲ့ သိလိုက်ရင် သန္တတိဆိုတဲ့

အဖုံးကြီးကွာပြီး ရုပ်နာမ်ရဲ့ အဖြစ်အပျက်ကို မြင်တာပေါ့။

မေး။ ။ဒုက္ခကို "ဣရိယာပထ" ဖုံးတယ်ဆိုတာကိုရော ရှင်းပြပါဦးဘုရား။

ဖြေ။ ။ "ဒုက္ခန္တိ ခန္ဓပဉ္စကံ" ဆိုတဲ့ ဒေသနာအတိုင်း ခန္ဓာငါးပါးဟာဒုက္ခတုံး၊ ဒုက္ခခဲကြီးပဲ၊ ဒီခန္ဓာငါးပါးဟာ အမြဲတမ်း ဆင်းရဲနေတာ၊ မယုံရင် မင်း မလှုပ်မယှက် နာရီဝက်ကြာအောင်ထိုင်ကြည့် လိုက်ပါလား၊ ကိုက်တာ၊ ကျင်တာ၊ နာတာ၊ ခဲတာ၊ အုံတာဆိုတဲ့ ဆင်းရဲမျိုးစုံ အကုန်ပေါ်လာလိမ့်မယ်။မင်းစဉ်းစားကြည့်လေ၊ စထိုင်ကာစက လည်း ဒီခန္ဓာပဲ၊ နာရီဝက်ရှိတော့လည်း ဒီခန္ဓာပဲ၊ ဘာမှ နောက်ထပ် အပို ထည့်စွက်ပေးတာ မပါဘူး၊ ဒါနဲ့တောင် နာရီဝက် တစ်နာရီ လောက် ရှိတဲ့အခါဘာဖြစ်လို့ နာကျင်ကိုက်ခဲရတာလဲလို့ တွေးခေါ် ကြည့်လိုက်တော့မှ "ဩော် ခန္ဓာကိုယ်ကလည်း ဆင်းရဲအစစ်ကြီး ပါလား" ဆိုတာပေါ်လာတယ်။

အဲဒီဆင်းရဲကြီးကို ကြာကြာ မြင်နေ၊ သိနေရင် ခန္ဓာကို ငြီးငွေ့ ပြီး မဂ်ဖိုလ် ရသွားမှာစိုးတော့ ဣရိယာပုထ်က နောက်တစ်မျိုး ပြောင်းပေးလိုက်တယ်၊ ဣရိယာပုတ်လည်း ပြောင်းလိုက်ရော ဒုက္ခ ကို မမြင်ရတော့ဘူးပေါ့၊ ဒါကြောင့် ဒုက္ခကို ဣရိယာပထ ဖုံး တယ်လို့ ပြောတာ။

မေး။ ။ အနတ္တကို "ဃန" ဖုံးတယ်ဆိုတာရော ရှင်းပြပါဦး ဘုရား။

ဖြေ။ ။ ပထဝီဓာတ်၊ အာပေါဓာတ်စတဲ့ ရုပ်ဓာတ်အများကြီးကို တစ်ခုတည်း လို့ ထင်နေတာမျိုး၊ ဖဿ၊ ဝေဒနာစတဲ့ နာမ်ဓာတ်အများကြီးကို တစ်ခုတည်းလို့ ထင်နေတာမျိုးကို အနတ္တကို ဃနဖုံးတယ်လို့ ဆို လိုတာပဲ၊ တစ်နည်းအားဖြင့် ရုပ်ဓာတ်ရော နာမ်ဓာတ်ပါ သဘော တရားမျှသာ ရှိတာကို အတုံးကြီး၊ အလုံးကြီး၊ အခဲကြီးလို့ ထင်နေ

မျိုးကို အနတ္တကို ဃနဖုံးတယ်လို့ ပြောတာပဲ။

တကယ်တော့လည်း မင်းက တကူးတက မေးနေလို့သာ ပြောရ တာပါ၊ ရုပ်ဓာတ်၊နာမ်ဓာတ်တွေ တစ်ပါးစီသေချာ ရှင်းပြပြီးကတည်းက ဃနပျောက်နေပါပြီ၊ ဥပမာကွာ အဆင်းရုပ်နဲ့ ရူပါရုံတိုက်ဆိုင်မိတဲ့အခါ မျက်စေ့အကြည်ရုပ်ထဲမှာ "မာသဘော" "ပျော့သဘော"လေးဟာ ပထဝီဓာတ်ပဲ၊ "ပူသဘော" "အေးသဘော"လေးက တေဇောဓာတ်ပဲ၊ အဲဒီ ဓာတ်နှစ်ပါး အပါအဝင် ကျန်တဲ့ အာပေါ၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ဆိုတဲ့ ရုပ်ဓာတ်ရှစ်ပါးဟာ တခြားတစ်ပါး စီပဲလို့ ခွဲခြားသိလိုက်ရင် မျက်စေ့အကြည်ရုပ်ဟာ တစ်လုံးတစ်ခဲလို့ ထင်နေတဲ့ ဃနဟာ ပျောက်သွားတာပါပဲ။

ဃနပျောက်တာနဲ့ မျက်စိအကြည်ရုပ်ဟာလည်း သဘောတရားပါလားလို့ သိသွားတာဟာ အနတ္တကို မြင်သွားတာပဲပေါ့။

မေး။ ။ အဲဒီ ဃနဟာ ဘယ်နှစ်ပါး ရှိပါသလဲဘုရား။

ဖြေ။ ။ ဓမ္မသင်္ဂဏီမူလဋီကာနဲ့ အနုဋီကာမှာ လေးမျိုးပြထားတယ်၊ အဲဒီ လေးမျိုးက–

၁။ သန္တတိဃန
၂။ သမူဟဃန
၃။ ကိစ္စဃန
၄။ အာရမ္မဏဃန တို့ပဲ။

## သန္တတိဃန

သန္တတိဃနဆိုတာ ရှေ့နောက်ဖြစ်တဲ့ ရုပ်နာမ်တရားတွေရဲ့ အခြား မရှိ၊ အကြားမထင်သောအားဖြင့် တစ်ခုတည်းကဲ့သို့ ထင်မှတ်ယူ ရအောင် စုလျက် တွဲလျက်၊ ခဲလျက် ဖြစ်ပွားတာကို သန္တတိဃနလို့ ခေါ်တာပါပဲ။

အဲဒီမှာအခြားမရှိသောအားဖြင့် ဖြစ်ခြင်းဆိုတာက ရှေ့ရုပ်နာမ်တရားတို့ရဲ့ဘင်ခဏနဲ့ ပြိုင်လျက် နောက်ရုပ်နာမ်တရားတို့ရဲ့ ဖြစ်ခြင်းကိုပြောတာပဲ၊ ရှင်းအောင်ပြောရရင် ရှေ့ရုပ်နာမ်အပျက်နဲ့ ပြိုင်ပြီးတော့ နောက်ရုပ်နာမ်ဖြစ်တယ်လို့ ပြောတာပါပဲ။

အဲဒီလို အခြားမရှိ၊ အကြားမထင်အောင် ဖြစ်ပွားခြင်းဖြင့် အဖြစ်တရားဘက်ကအားရှိပြီး ဖုံးလွှမ်းသလို ဖြစ်နေတော့ အပျက်တရားဘက်က မထင်ရှားတော့ဘူးပေါ့၊ ယခုတွေ့မြင်နေရတဲ့ တရားဟာ အရင်က တွေ့မြင်နေရတဲ့တရားပဲလို့ လူတွေဟာ အမှတ်မှား အသိမှား၊ အယူမှားကုန်ကြတာပေါ့။

ဥပမာပြရရင်မီးတောက်အားကောင်းနေတဲ့ ထင်းစတစ်ချောင်းကို ကြိုးချည်ပြီး အားကုန် ရမ်းပေးတဲ့အခါ အရှိန်ရသွားတာနဲ့ ညအခါဆိုရင် အဝေးက လှမ်းကြည့်တဲ့အခါ မီးဝိုင်းကြီးလို့ ထင်ရတာပေါ့၊ တကယ်တော့ မီးက အဝိုင်းကြီး မဟုတ်ပါဘူး၊ တစ်ထွာလောက်ရှိတဲ့ မီးစတစ်ခုပါ။

တစ်ထွာလောက်ရှိတဲ့ မီးစလေးက တစ်နေရာပြီး တစ်နေရာအစားထိုးပေးတာက မြန်လွန်းအားကြီးလို့ မီးဝိုင်းကြီးလို့ ထင်သွား ရတာပါ၊ ထို့အတူ ရုပ်တရား, နာမ်တရားတွေဟာလည်း ပျက်သွားတဲ့ ရုပ်နာမ်နေရာမှာ နောက်ထပ် အစားထိုးဖြစ်ပေးတဲ့ ရုပ်နာမ်တရားတွေကမြန်လွန်းအားကြီးတော့ တစ်ဆက်တည်းလို့ထင်ပြီးအနတ္တကို သန္တတိခေါ် ရုပ်နာမ်ဖြစ်စဉ် ဃနကြီးက ဖုံးသွားတာပါ။

## သမူဟဃန

ဖဿ အစရှိတဲ့ နာမ်တရား၊ ပထဝီအစရှိတဲ့ ရုပ်တရားတွေရဲ့

ထိုထိုနာမ် ကလာပ်၊ ရုပ်ကလာပ်တွေမှာ တပေါင်းတည်း တစ်စု တည်းအနေနဲ့ ပရမတ္ထတရားသားတစ်ခုတည်းလို့ ထင်မှတ်ရအောင် စုလျက်၊ တွဲလျက်၊ ခဲလျက် ဖြစ်ပွားခြင်းကို "သမူဟဃန"လို့ ခေါ် တယ်။

ရုပ်တရား နာမ်တရားတွေဟာ ဖြစ်ပွားကြတဲ့အခါ သဘာဝသတ္တိ တစ်ခုတည်းအနေနဲ့ ဖြစ်နိုင်ကြတာ မဟုတ်ဘူး၊ နာမ်တရားဘက်က မြင်တဲ့အခါ အနည်းဆုံး ရှစ်ခုရှစ်မျိုး ဖြစ်တယ်၊ ဥပမာစက္ခုဝိညာဏ် (မြင်သိစိတ်)ဖြစ်တယ်ဆိုရင် သူတစ်စိတ် တည်း ဖြစ်နိုင်တာ မဟုတ်ဘူး။

ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရဆိုတဲ့ စေတသိက်ခုနှစ်လုံးကလည်း မြင်သိစိတ်နဲ့အတူ လိုက်ဖြစ်တယ်၊ ပေါင်းလိုက်တော့ စိတ်နာမ်တစ်ပါး စေတသိက် နာမ် ခုနှစ်ပါးဆိုတော့ ရှစ်ပါးပေါ့။

ဒါကြောင့် မြင်သိစိတ်လေး ပေါ်လိုက်တဲ့အခါ စေတ သိက် ခုနစ်လုံးလည်း တစ်ပြိုင်နက် လာဖြစ်တာပဲ၊ ဒီလို ဖြစ်တဲ့အခါ မြင်သိစိတ်က အာရုံကိုသိတဲ့ သဘောတရားရှိတယ်၊ ဖဿက အာရုံကို တွေ့ထိတဲ့ သဘောတရားရှိတယ်၊ ဝေဒနာက အာရုံကို ခံစားတဲ့ သဘောတရားရှိတယ်လို့ ကွဲပြားစွာ သိလိုက်တာနဲ့ မြင်သိ စိတ်ဟာတစ်မျိုးတည်း၊ သဘောတရားတစ်ခုတည်းသာ ဖြစ်တယ် လို့ အသိမှားတဲ့ ဃနပျောက်ပြီး အနတ္တာပေါက်တာပေါ့။

ထို့အတူပဲ အသက်ရှူလိုက်လို့ နာသီးဝမှာ တိုးထိတဲ့ သဘော ဝါယောဓာတ် ဖြစ်တဲ့အခါ ပထဝီ, အာပေါ, တေဇော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာဆိုတဲ့ ကျန်ရုပ်ဓာတ်(၇)ပါး တစ်ပြိုင်နက် ဖြစ်ကြ

တယ်၊ ဒါကြောင့် တိုးထိတဲ့သဘောလေးကို သိတဲ့အခါမှာလည်း ရုပ်ဓာတ် တစ်မျိုးတည်း မဟုတ်ပါလား၊ ပထဝီ, အာပေါ စတဲ့ ရုပ်ဓာတ်ရှစ်ပါးလုံး တစ်ပြိုင်နက် ဖြစ်ပျက်နေတာပါ လားလို့ သိလိုက်ရင် တိုးထိတဲ့ သဘောမှာ ရုပ်ဓာတ်တစ်ခုတည်းလို့ အယူမှားတဲ့ ဃနပျောက်ပြီး အနတ္တပေါက်ပြန်တာပေါ့။

## ကိစ္စဃန

နာမ်ကလာပ်တစ်ခုတစ်ခု ရုပ်ကလာပ်တစ်ခုတစ်ခု၌ ပါရှိကြသည့် နာမ်တရား ရုပ်တရား အသီးသီးတို့ဟာ ဆိုင်ရာဆိုင်ရာ မိမိတို့၏ ကိစ္စအလုပ်တွေကို ပြုလုပ်ရင်းနဲ့ ဖြစ်ပွားနေကြတာပါ၊ အဲဒီလို ဖြစ်ပွားတဲ့နေရာမှာ အဘိဓမ္မာဉာဏ်မျက်စေ့ မရှိသူတွေက–

ဤကား ဖဿ၏ အလုပ်ကိစ္စ
ဤကား ဝေဒနာ၏ အလုပ်ကိစ္စ
ဤကား သညာ၏ အလုပ်ကိစ္စ

စသည်ဖြင့်လည်းကောင်း။

ဤကား ပထဝီ၏ အလုပ်ကိစ္စ
ဤကား အာပေါ၏ အလုပ်ကိစ္စ
ဤကား ဝါယော၏ အလုပ်ကိစ္စ
ဤကား တေဇော၏ အလုပ်ကိစ္စ

စသည်ဖြင့် ဆိုင်ရာဆိုင်ရာ အလုပ်ကိစ္စအထူးကို သိဖို့ရန် ခဲယဉ်းလှပါတယ်၊ အဲဒီ ရုပ်တရား နာမ်တရားတွေရဲ့ မိမိတို့ရဲ့ ဆိုင်ရာဆိုင်ရာ ကိစ္စအထူးကို သိနိုင်ခဲသောအနေဖြင့် တရားတစ်ခုတည်းဟု ထင်မှတ်ရအောင် စုလျက်၊ တွဲလျက်၊ ခဲလျက် ဖြစ်ပွားမှုကို "ကိစ္စဃန" ဟုခေါ်တယ်။

## အာရမ္မဏဃန

နာမ်ကလာပ် တစ်ခုခု၌ပါရှိသည့် ထိုထိုနာမ်တရား တို့၏ အာရုံ တစ်ခုကို စုပေါင်း၍ အာရုံပြုသော အနေဖြင့်လည်းကောင်း၊ ရုပ်က လာပ် တစ်ခုခု၌ပါရှိသော ထိုထိုရုပ်တရားတို့၏ အာရုံတစ်ခုတည်း အနေဖြင့်လည်းကောင်း၊ ပရမတ္ထတရားသား သဘာဝသတ္တိ တစ်ခု တည်းဟု ထင်မှတ်ရအောင် စုလျက်၊ တွဲလျက်၊ ခဲလျက် ဖြစ်ပွား ခြင်းကို "အာရမ္မဏဃန"လို့ ခေါ်တယ်။

ဉာဏ်စဉ်အားဖြင့်ဆိုရင် ဝိပဿနာရှုပွား အားထုတ်လို့ ဘင် ဉာဏ် ရောက်မှ ဃနပျောက်တယ်လို့ မှတ်ပေါ့၊ ကဲ ကျန်တာနောက် အပါက်မှ ဆက်ကြစို့။

## အခန်း ၃၂

### ကိုယ်တွေ့သုံးမျိုး

ကိုယ်တွေ့သည် ဗုဒ္ဓကိုယ်တွေ့၊ ဆရာ့ကိုယ်တွေ့၊ မိမိကိုယ်တွေ့ဟု သုံးမျိုးရှိ၏။ ထိုသုံးမျိုးတွင် မိမိကိုယ်တွေ့နှင့် ဆရာ့ကိုယ်တွေ့သည် မှားယွင်းနိုင်သေး၏။ ဗုဒ္ဓကိုယ်တွေ့ကား ဘယ်သောအခါမှ မမှားယွင်းနိုင်။ ပါဠိတော်၊ အဋ္ဌကထာတို့၌လာသော ဝိပဿနာဆိုင်ရာဖွင့်ဆိုချက်များသည် ဗုဒ္ဓကိုယ်တွေ့များပင် ဖြစ်၏။ ဗုဒ္ဓတရားတော်ကို ကျင့်ကြံနေခြင်း ဖြစ်သောကြောင့် မိမိကိုယ်တွေ့၊ ဆရာ့ကိုယ်တွေ့များ မှန်–မမှန်ကို ဗုဒ္ဓကိုယ်တွေ့ဖြစ်သော ပါဠိတော်၊ အဋ္ဌကထာများနှင့် တိုက်ဆိုင်ကြည့် ရ၏။ ဗုဒ္ဓကိုယ် တွေ့နှင့်မညီလျှင် အများမျက်နှာကို မကြည့်ဘဲ၊ ဘုရား မျက်နှာကိုသာ ကြည့်ပြီး ပယ်ရ၏။ အကြောင်းကား ပညာအရာတေဒဂ်ရ အရှင်သာရိပုတ္တရာသည်

ပင်လျှင် ရွှေပန်းထိမ်သည်သားကို ကမ္မဋ္ဌာန်း ပေးရာ၌ မှားယွင်းသေးသောကြောင့် ပင်တည်း။

(ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့၊ မန္တလေးကျောင်းဆရာတော်)

ဘုရားမဖြစ်သေးသမျှ မိမိကိုယ်ကို
ဘယ်တော့မှ ပြည့်စုံပြီလို့ မအောက်မေ့ပါနှင့်။

(ပထမ မစိုးရိမ်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသူရိယာဘိဝံသ)

မေး။ ။ စတုသစ္စဝိနိမုတ္တော ဓမ္မော နာမ နတ္ထိ "သစ္စာလေးပါးမှ လွတ်သော တရားမည်သည် မရှိ"ဆိုတဲ့ ဟောကြားချက်ကို မကြာခဏ နာရတယ်ဘုရား၊ အဲဒီ သစ္စာလေးပါးအကြောင်းကို အကျယ်သိချင်တယ်ဘုရား။

ဖြေ။ ။ မင်းမှာ ဝိပဿနာအခြေခံတွေ ရသွားပြီဆိုတော့ အခုအချိန်မှာဘယ်တရားကို နာနာ နားလည်နိုင်စွမ်း ရှိနေပါပြီ၊ ဒါ့ကြောင့် ဘယ်ဆရာတော်ဟောတဲ့ ဝိပဿနာတရား ဖြစ်ဖြစ် နာရမယ်၊ ဘယ်ဆရာတော်ရေးတဲ့ ဝိပဿနာတရား စာအုပ်ဖြစ်ဖြစ် ဖတ်ရမယ်၊ အခုဆိုရင် ပဋိစ္စသမုပ္ပါဒ်အကျယ်၊ ဉာဏ်စဉ်ဆယ်ပါးအကျယ်၊ သစ္စာလေးပါးအကျယ်ကို နာရမယ်၊ ဒီသုံးမျိုးမှာ သစ္စာလေးပါးက အရေးအကြီးဆုံးမို့ သစ္စာလေးပါးတရားကို အရင်နာရမယ်။

ဒါပေမယ့် အခု ငါ့ဆီမှာ လွန်ခဲ့တဲ့(၅၆)နှစ်လောက်ကရေးသား ထုတ်ဝေခဲ့တဲ့ ဝိပဿနာ အမေးအဖြေ စာအုပ်လေးတစ်အုပ်ရှိတယ်၊ ဦးနုက မေးပြီး

စွန်းလွန်းဆရာတော်ကြီးက ဖြေထားတာ၊ ဝိပဿနာတရားသမားတိုင်း အရေးတကြီး သိထားသင့်တယ်၊ နှစ်ငါးဆယ်ကျော်က စာအုပ်လေး ဆိုတော့ ဆွေးပြီး ရိနေပြီ၊ နောက်ထပ်လည်း ဘယ်သူမှ ရိုက်မှာ မဟုတ်တော့ဘူး၊ ဒါကြောင့်ဒီအပါတ်က စပြီး အဲဒီ စာအုပ်ထဲက အမေးအဖြေတွေနဲ့ တရားတော်တွေကိုဘဲ ဆက်လေ့ လာကြရအောင်။

မေး။ ။ မှန်ပ့ါ၊ ကောင်းပါတယ် ဘုရား။

**၁၃၁၀ ခု၊ ဝါခေါင်လဆုတ် ၁၄ ရက်၊ ကြာသာပတေးနေ့ ည(၈)နာရီ အချိန်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ဝင် ဝန်ကြီးချုပ်သခင်နုသည် မြင်းခြံမြို့၊ စွန်းလွန်းဂူကျောင်း ကမ္မဋ္ဌာနာစရိယဆရာတော် ဘုရားကြီးအား**

**လျှောက်ထားသော ပုစ္ဆာ,ဝိသဇ္ဇနာ**

မေး။ ။ တစ်ထောင့်ငါးရာ တည်းဟူသော ကိလေသာဟာ ခန္ဓာကိုယ်ကြီးတွင် ဘယ်နေရာမှာ ကိန်းပါသတုံး ဘုရား။

ဖြေ။ ။ သိချင်သလား၊ သိချင်လျှင် ဇာတိမြင်အောင်ကြည့်၊ ဇာတိကိန်းတယ်။

မေး။ ။ ဘယ်လိုဇာတိကို ဘယ်လို မြင်အောင်ကြည့်ရမှာလဲ ဘုရား။

ဖြေ။ ။ မြေ၊ ရေ၊ လေ၊ မီး ဓာတ်ကြီးလေးပါး ရှိတယ် မဟုတ်လား၊ ၎င်း ဓာတ်ကြီးလေးပါးကို သင်္ခါရက ပြုပြင်ပေးတော့ သိမှု၊ မှတ်မှု၊ ခံစားမှု ဖြစ်ပေါ်၍လာတယ်၊ အဲဒါ ဇာတိပဲ၊ အဲသည် ဇာတိကိုမြင်အောင်ကြည့်က သိလိမ့်မည်။

မေး။ ။ နိဗ္ဗာန်၏ အကြောင်းကို အမိန့်ရှိတော်မူပါ ဘုရား။

ဖြေ။ ။ နိဗ္ဗာန်အကြောင်းကို သိချင်သလား၊ သိချင်လျှင်ဘင်စွန်းမြင်အောင် ကြည့်က သိလိမ့်မည်။

မေး။ ။ ဘယ်လို ဘင်စွန်းကို ဘယ်လို မြင်အောင်ကြည့်ရမှာလဲ ဘုရား။

ဖြေ။ ။ ယောဂီပုဂ္ဂိုလ်တစ်ယောက်သည် မိမိခန္ဓာကိုယ်ကို သတိနှင့်သုံး သပ်၍ သမာဓိ ကြီးထွားလာသော် စိတ်၊ စေတသက်၊ ရုပ်ဆိုတဲ့ တရားသုံးပါးကို ပိုင်းပိုင်းခြားခြား မြင်သောအခါ သည်ဒုက္ခကြီး ဟာ ဘယ်သူ့ကြောင့်လဲလို့ စိစစ်လိုက်တော့ လုပ်ပေးတဲ့ လောဘ တည်း ဟူသော သမုဒယကိုမြင်တော့ မဂ်က အနုသယကို ပယ် သတ်လိုက်တာနှင့် ဥပါဒ်၊ ဌီ၊ ဘင်ဆိုတဲ့ အကြောင်းအကျိုး ပြတ်တာကို "ဘင်စွန်း"ဟု ခေါ်တယ်၊ အဲသည် ဘင်စွန်းကို ပြော တာ။

(နိဗ္ဗာန်အကြောင်း ပြီးပြီ။)

မေး။ ။ မိမိခန္ဓာကိုယ်ကို ထိတော့ သိတယ်လို့ ပြောတယ်၊ သိတယ်ဆိုတာ သူ့ချည်းပဲ သိတာလား၊ သူတကာနှင့်ရောစပ်မှ သိတာလား ဘုရား။

ဖြေ။ ။ ရောစပ်မှ သိတယ်။

မေး။ ။ ရောစပ်သူထည့်ပေးပါ ဘုရား။

ဖြေ။ ။ ဝေဒနာ၊ သညာ၊ ဝိညာဏ် ထိုသုံးချက်စုမှ သိမှုဖြစ်တယ်။

မေး။ ။ စုပေးတဲ့သူ ရှိလား။

ဖြေ။ ။ ရှိတယ်။

မေး။ ။ ရှိလျှင် ထည့်ပေးပါ ဘုရား။

ဖြေ။ ။ ဝေဒနာ၊ သညာ၊ ဝိညာဏ်ထိုသုံးချက်ကို သင်္ခါရက မြေ၊ ရေ၊ လေ၊ မီး ဓာတ်ကြီးလေးပါးကို စုပေးတော့ သိမှု၊ မှတ်မှု၊ ခံစားမှု

ဖြစ်ပေါ်၍လာသည်ကို သိတယ်လို့ ခေါ်တယ်။

(သိသောအကြောင်း ပြီးပြီ။)

မေး။ ။ လူတို့ပြည်တွင် သစ်လေးပင်

သေစေလို ရေအေးလောင်း

ရှင်စေလို ရေနွေးလောင်း

ဟူသော အမေးအဖြေကို ဖြေရှင်းပေးတော်မူပါ ဘုရား။

ဖြေ။ ။ လူတို့ပြည်တွင် သစ်လေးပင် ဆိုရာ၌ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်ရယ်လို့ လောကဝေါဟာရအားဖြင့် ရှိတယ် မဟုတ်လား။

(ရှိပါတယ်ဘုရား)

(ဘယ်ပြည်များ ဘုရားပွင့်တယ်လို့ ကြားဖူးသတုန်း)

(လူ့ပြည်၌ ကြားဖူးပါတယ် ဘုရား)

ဂင်္ဂါဝါဠုသဲစုမက ပွင့်တော်မူကြတဲ့ ဘုရားရှင်များမှာ သစ္စာလေးပါးနှင့်သာပွင့်ခြင်းကြောင့် လူတို့ပြည်တွင် သစ်လေးပင်ဟု ဆိုသည်။

သေစေလို ရေးအေးလောင်း ဟူရာ၌ မဂ္ဂင်ရေကို ဆိုသည်။

ရှင်စေလို ရေနွေးလောင်း ဆိုရာ၌ လောဘ၊ ဒေါသ၊ မောဟကို ဆိုသည်။

မေး။ ။ ထင်းမရှိ တောသုံးတောင်

ရေမရှိ မြစ်လယ်ခေါင်

နှမမရှိ ခြောက်ယောက်မောင်ကို ဖြေရှင်းပေးတော်မူပါ ဘုရား။

ဖြေ။ ။ ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့မှာ ကာမ၊ရူပ၊အရူပ ဆိုတဲ့ တောသုံးတောင်ထဲတွင် နေငြားသော်လည်း ဇငိးပုဂ္ဂိုလ်များမှာ လောင်စာမရှိ၍ "ထင်းမရှိ တောသုံးတောင်"ဟု ခေါ်သည်။

သတ္တဝါတို့၏ အာရုံအစဉ်မှာ မြစ်ရေအလျဉ်ကဲ့သို့

တသွင်သွင် စီးဆင်းပြားသော်လည်း ဘုရားအစရှိသော သူတော်ကောင်းတို့မှာ အာရုံယိုစီးခြင်း မရှိတာကို "ရေမရှိ မြစ်လယ်ခေါင်"ဟု ခေါ်သည်။

ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့မှာ မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ်၊ ကာယ၊ မန တံခါးခြောက်ပေါက်ပင် ရှိပြားသော်လည်း အာရုံလိုက်စားခြင်းမရှိတာကို"နှမမရှိ ခြောက်ယောက်မောင်"လို့ ခေါ်တယ်။

မေး။ ။ မထိုင်ခင်က ခြေဆင်း
မလင်းခင်က ရောင်နီလာ
မချက်ခင်က ထမင်း
မကျက်ခင်က စားပြီးပြီ
မယက်ခင်က ပုဆိုး
မချုပ်ခင်က ဝတ်ပြီးပြီ။
ဎင်းအမေးကို ဖြေတော်မူပါ ဘုရား။

ဖြေ။ ။ အဲဒါ ဝိတက်လို့ ခေါ်တယ်။

(မှတ်ချက်)။ ။ ဝိတက်က တစ်စုံတစ်ခုကို မပြုလုပ်မီ ကြိုတင် တွေးတောကြံစည်ထားခြင်းကို ဆိုလိုသည်။

မေး။ ။ ဘုရားတစ်ဆူတစ်ဆူလျှင် သချေ်နှစ်ဆယ်၊ ကုဋေရှစ်ဆယ်၊ ဗိုလ်ခြေတစ်သိန်းကျွတ်တမ်း ဝင်သွားတယ်လို့ ကြားဖူးပါတယ်၊ ကျွန်သတ္တဝါဟာ လျော့သလား၊ မလျော့ဘူးလားဘုရား။

ဖြေ။ ။ ဒကာကြီး မေးတဲ့အတိုင်းပဲ၊ လျော့သလား လျော့တယ်၊ မလျော့ဘူးလား မလျော့ဘူး။

မေး။ ။ လျော့တာ ဘယ်လို မလျော့တာ ဘယ်ပုံဆိုတာ သိလိုကြောင်းပါ

ဘုရား။

ဖြေ။ ။ လျော့တယ်ဆိုတာက ဥပမာ ဒကာကြီး အိမ်မှာ လူဆယ်ယောက်
ရှိတယ်ဆိုပါတော့၊ ငါးယောက်ဆင်းသွားလျှင် ဆင်းသွားတဲ့ ပုဂ္ဂိုလ်၊
သတ္တဝါ လျော့တာပေါ့၊ မလျော့ဘူးဆိုတာ စိတ်၊ စေတသိက်၊ ရုပ်၊
နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထတရား မလျော့ဘူး။

(အဘိဓမ္မာ ပြီးပြီ။)

မေး။ ။ အရှင်ဘုရား၊ ရဟန်းများမှာ မိမိကိုယ်မိမိ သေွးထွက်အောင်လုပ်ရုံ
မျှနှင့် ဒုက္ကဋ်အာပတ်တပ်သလား၊ မတပ်ဘူးလား ဘုရား။

ဖြေ။ ။ တပ်တယ်။

မေး။ ။ ဒါဖြင့်လျှင် ဘုရားလက်ထက်က ရဟန်းတစ်ပါးဟာ မိမိ၏ လည်
ပင်းကို ဓားဖြင့်လှီးပြီး ဝေဒနာရှုတာနှင့် အရဟတ္တဖိုလ်သို့ ဆိုက်
ရောက်ပြီး ပရိနိဗ္ဗာန်ပြုဖူးတယ်လို့ ကြားဖူးပါတယ်၊ ထိုပုဂ္ဂိုလ်ဟာ
ဒုက္ကဋ်အာပတ်နှင့်တကွ မဂ်ဖိုလ်သို့ ဆိုက်ရောက်ပါသလား ဘုရား။

ဖြေ။ ။ ဆိုက်တာမှန်တယ်၊ ဒုက္ကဋ်အာပတ်မရှိလို့ ဆိုက်တာ။

မေး။ ။ ဒါဖြင့်ဘုရား၊ အရှင်ဘုရားတို့မှာ သွေးထွက်ရုံမျှနှင့် ဒုက္ကဋ်အာပတ်
တပ်တာ ယခုတော့ သွေးထွက်ရုံတင်မက အသေတောင်သတ်တာ
ပဲ၊ ဒုက္ကဋ်အာပတ် မသင့်ပေဘူးလားဘုရား။

ဖြေ။ ။ မသင့်ဘူး၊ ဥပမာ ဒကာကြီး ပစ္စည်းမကိုင်နှင့်လို့ မတားမြစ်ခင်
ဘုန်းကြီးက ကိုင်လိုက်ပြီ၊ ဘုန်းကြီး၌ အပြစ်များရှိသလား။
(မရှိပါဘုရား)။
(တားမြစ်ပြီးမှ ကိုင်တော့ရော)။
(အပြစ်ရှိပါ၏ ဘုရား)။

(အဲဒီဥပမာအတိုင်းပဲ၊ ထို ပုဂ္ဂိုလ်မှာ အပြစ်မရှိတာလည်း မှန်တယ်၊ မင်္ဂဖိုလ်ဆိုက်တာလည်း မှန်တယ်)။

(ကျေနပ် ဝမ်းမြောက်ပါ၏ ဘုရား)။

(ဝိနည်းပြီးပြီ)။

(မှတ်ချက်)။ ။ ဤပုစ္ဆာသည် အလွန်နက်နဲခက်ခဲ၏၊ ဝိနည်းသိက္ခာပုဒ် များ၌ သိက္ခာပုဒ်များ မပညတ်မီ အစဆုံး လွန်ကျူးမိသောသူများကို "အာဒိကမ္မိကပုဂ္ဂိုလ်"ဟုခေါ်သည်၊ ထို ပုဂ္ဂိုလ်များမှာ အပြစ်ကို ကျူးလွန် သည်မှန်သော်လည်း အာပတ်မသင့်ပါ။

မေး။ ။ တစ်ခု လျှောက်ထားပါရစေဘုရား၊ သုတ်မဟာဝါပါဠိတော်၊ မဟာပရိနိဗ္ဗာနသုတ်ထဲမှာ ဘုရား၏ ဓာတ်တော်ဝေခန်း တွေ့ရပါတယ်၊ ၎င်း သုတ်ကို ဘုရားဟော ပါဠိတော်လို့လည်း ပြောကြပါတယ်၊ ဓာတ်တော်များကို ဘုရားပရိနိဗ္ဗာန်မပြုမီက ဝေခဲ့သလား၊ သို့တည်းမဟုတ် မည်သူဝေခဲ့သတုန်းဘုရား။

ဖြေ။ ။ ဝေံ မေ သုတံ ဘယ်သူဟောတုန်း။
ကျေနပ်ပါ၏ ဘုရား။

(သုတ္တန်ပြီးပြီ)။

မေး။ ။ ရဟန်းတော်များ၌ သိအပ်သော တရားငါးပါးကို အမိန့်ရှိတော်မူပါ ဘုရား။

ဖြေ။ ။ (၁) အလိုရှိခြင်း၊
(၂) ကျက်စားခြင်း၊
(၃) ထောက်တည်ခြင်း၊
(၄) နှလုံးသွင်းခြင်း၊
(၅) ပြီးဆုံးခြင်း၊

အလိုရှိတာက ဘာကို အလိုရှိတာတုန်းဆိုရင် သုခ ချမ်းသာကို အလိုရှိတယ်၊ ပညာကို ကျက်စားတယ်၊ သီလ,သမာဓိ, ပညာကို ထောက်တည်တယ်၊ ကြောင့်ကြမှု၊ တောင့်တမှု ကင်းတာကို နှလုံးသွင်းတယ်၊ နိဗ္ဗာန်ကို ပြီးဆုံးတယ်၊ အဲဒါ ရဟန်းတော်များ သိအပ်တဲ့ တရားငါးပါးပဲ။

## ရောက်လာသော ဒါယကာ၊ ဒါယိကာမများအား အမြဲလိုလို ဟောကြားသော တရားတော်များ

မိမိ၏ထံမှောက်သို့ ရောက်လာသော ဒါယကာ၊ ဒါယိကာမ အပေါင်း တို့အား ဤသို့ မေးလေ့ရှိ၏။

ဒါယကာကြီး၊ဒါယိကာမကြီးတို့ မချမ်းသာချင်ကြဘူးလားဟု မေးလေ့ရှိ၏၊ ထိုသို့မေးလျှင် မှန်လှပါဘုရား၊ ချမ်းသာ ချင်ပါ တယ်ဟု လျှောက်လျှင် ချမ်းသာချင်လျှင် •

မိမိကိုလည်း မချစ်နဲ့

သူတစ်ပါးကိုလည်း မချစ်နဲ့

ချစ်လျှင် ဒုက္ခရောက်တတ်တယ်၊

ချစ်ခြင်းသမုဒယဟာ ဒုက္ခကိုသာအကျိုးပေးတယ်။

"အရှင်ဘုရားက မချစ်နှင့်ဆိုပေမယ့် ချစ်သေးတာပေါ့ဘုရား"

"အဲ ချစ်တယ်ဆိုတာ မသိလို့ချစ်တာ ၊ သိလျှင် မချစ်ဘူး၊ အဲဒါ ကြောင့်–

မသိလို့ လိုချင်

လိုချင်တော့ စွဲလမ်း

စွဲလမ်းတော့ ပြုလုပ်

ပြုလုပ်တော့ ရရှိ

ရရှိတော့ ခံရ၊ ခံကြပေတော့။

ဟု အားပေးလိုက်ရမှာပေါ့၊ မသိတာက "အဝိဇ္ဇာ"၊ လိုချင်တာက "တဏှာ"၊ အဝိဇ္ဇာနှင့် တဏှာ နှစ်ပင်ပူးလို့ အကြောင်းပြုလိုက်တော့ ဇာတိတရားကြီး ရတာပေါ့၊ အဲ ဇာတိတရား ဝဋ်ကောင်ကြီးရမှုဖြင့် ခံရပေလိမ့်မယ်၊ မငြီးကြနဲ့ အဲသိတော့မလိုချင်၊ မလိုချင်တော့ မပြုလုပ်၊ မပြုလုပ်တော့ မရ၊ မရတော့ ငြိမ်းတာပေါ့။

ဒါယကာ ဒါယိကာမကြီးတို့လို ပုဂ္ဂိုလ်ကို မဆိုထားဘိ မြတ်စွာ ဘုရားကိုယ်တော်မြတ်ကြီးတောင်မှ ဗောဓိပင်နှင့် ရွှေပလ္လင်ပေါ် ကျမှ မိမိကိုယ်ကို သုံးသပ်လိုက်တယ်၊ အဲဒီလို မိမိကိုယ်ကို သုံးသပ် လိုက်တော့မှ ဓမ္မစက္ခုက ပွင့်သွားတယ်၊ အဲဒီလို ဓမ္မစက္ခု ပွင့်သွားတော့မှ လောကကြီးရဲ့ အကြောင်းကို သိတော်မူတယ်။

အဲဒါကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက "ဟဲ့-ဝဍ္ဍာယောကျ်ား ပဲခွပ်သမား၊ နင်၏ အကြောင်းကို ငါသိပြီ၊ ရှေး အထက် ကျော် ကာရီက လောကကြီးရဲ့အကြောင်းကို ငါမသိ၍ တဏှာ ယောကျ်ား ဆောက်လုပ်ပေးတဲ့ လူအိမ်၊ နတ်အိမ်အစရှိတဲ့ အိမ်အမျိုးမျိုးကို ငါရနေတယ်။

အခုတော့ လောကကြီးရဲ့အကြောင်းကို ငါသိပြီ၊ ဘယ်လိုသိသလဲ ဆိုတော့ စိတ်, စေတသိက်, ရုပ်ဆိုတဲ့ တရားသုံးပါးဟာ ဖြစ်လိုက် ပျက်လိုက် နှင့် နေတာကို မြင်နေရတယ်၊ အဲဒါကိုပဲ သတ္တဝါ၊ သတ္တလောက လို့ခေါ် တယ်၊ ပြုပြင်စီရင်နေတာက သင်္ခါရ၊ သင်္ခါရလောကလို့ ခေါ် တယ်၊ တည် ရာမှီရာက သြကာသ၊ သြကာသလောကလို့ ခေါ် တယ်။

အဲဒါဟာ အတွင်းလောကသုံးပါးလို့ ခေါ် တယ်၊ အပြင် လောက သုံးပါးကတော့ သတ္တဝါအမျိုးမျိုးတွေကို မြင်ရတယ်၊ အဲဒီ

သတ္တဝါအမျိုးမျိုးတွေကိုပဲ “သတ္တလောက” လို့ခေါ်တယ်၊ ပြုပြင် စီရင်နေတာက “သင်္ခါရလောက” လို့ ခေါ်တယ်၊ တည်ရာမှီရာက “ဩကာသလောက”လို့ခေါ်တယ်၊အဲဒါဟာ အပြင်လောကသုံးပါး။

အဲဒီလို လောကကြီးရဲ့ အကြောင်းကို သိတော်မူတော့ တဏှာ ယောကျ်ား ဆောက်လုပ်ပေးတဲ့ လူအိမ်၊ နတ်အိမ်အစရှိတဲ့ အိမ် အမျိုးမျိုးကို ငါ ဖျက်ဆီး၍ ပစ်လိုက်ပြီ၊ အဲဒါကြောင့် မြတ်စွာဘုရား ကိုယ်တော် မြတ်ကြီးက ကြိမ်းတော်မူတယ်၊ ဘယ်လို ကြိမ်းတော်မူ သလဲဆိုတော့။

“ဟဲ့ တဏှာယောကျ်ား ပဲခွပ်သမား၊ နင်ဆောက်လုပ်ပေးတဲ့ အိမ်၏ တဏှာတည်းဟူသော အခြင်အမိုးတို့ကို ငါ ချိုးဖဲ့၍ ဖျက်ဆီး ပစ်လိုက်ပြီ၊ ဟဲ့ အဝိဇ္ဇာကြီး နင်ကာပေးတဲ့ ထရံအကွယ်အကာကြီး ကို ငါ ခွာလှန်၍ ချပစ်လိုက်ပြီ၊ သက္ကာယဒိဋ္ဌိတည်းဟူသော ယက်မ၊ ဆင့် စသော ပြောင့်တံသင်းတို့ကိုလည်း ငါ နုတ်ပယ်ပစ်လိုက်ပြီ” အဲဒီလို ကြိမ်းတော်မူတယ်။

အဲသည်လို မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးဟာ မြင်တော်မူတယ်၊ သိတော်မူတယ်၊ အဲသည်လို မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက မြင်တော်မူတော့ ၊သိတော်မူတော့ မလိုချင်၊ မလိုချင်တော့ မပြုလုပ်၊ မပြုလုပ်တော့ မရ၊ မရတော့ ငြိမ်းတာပေါ့၊ အဲဒါကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးဟာ ပရိနိဗ္ဗာန စုတိပြီးတစ်ဖန် ဇာတိတရားကြီး ရသေးသလား။

(မရပါဘုရား)။

အဲဒီလို မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးဟာ ကိုယ်တော် တိုင် မြင်တော်မူတဲ့၊ သိတော်မူတဲ့ တရားတွေကို မိဂဒါဝုန်တောမှာ

အရှင်ကောဏ္ဍညစသော ပဉ္စဝဂ္ဂီငါးဦးတို့၏ အပေါင်းကို တရား ဦး ဟောတော်မူတယ်၊ အဲဒီလို ဟောတော်မူတဲ့တရားကို "ဓမ္မစကြာ တရား" လို့ခေါ်တယ်။

ဘယ်လိုများ ဟောတော်မူပါသလဲ ဆိုတော့–

စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊
ပညာဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊
အာလောကော ဥဒပါဒိ။

လို့ ဟောတော်မူတယ်၊ အဲဒီလို ဟောတော်မူတော့ "စက္ခုံ ဥဒပါဒိ" ဆိုတာ ဘာလဲလို့ အရှင်ကောဏ္ဍညမထေရ်က မေးတယ်ဆိုပါ တော့ အဲသည်လို မေးလျှောက်တော့ စက္ခုံ ဥဒပါဒိ–ဆိုတာ ဓမ္မစက္ခုက ဖွင့်ပေးတော့ မှန်တာ မြင်တာပေါ့၊ "မှန်တာမြင် တယ်ဆိုတာ ဘာ လဲ" ဟု ထပ်မံလျှောက်ထားပြန်တော့ မှန်တာမြင်တယ်ဆိုတာ–

အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော။
ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော။
ယံ ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ–ပေါ့။

"အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော" ဆိုတာ စိတ်၊ စေတ သိက်၊ ရုပ်ဆိုတဲ့ တရားသုံးပါးဟာ ဇာတိ–ဖြစ်လိုက်၊ ဇရာ–ဖြစ်လိုက်၊ မရဏဆိုက်လိုက်နှင့် တပြောင်းပြန်ပြန် ခံနေရတာကို မြင်ရ၊ အဲဒီလို မြင်ရတော့ ဇာတိဖြစ်လျှင် ဇရာ–မရဏ ချစ်ပါ့ မလား၊ မချစ်ဘူးပေါ့၊ အဲ မချစ်ပေမယ့် ဘယ်ကစပြီး ပေါင်းသင်း လာရမှန်း မသိဘူး။

အဲဒါကြောင့် အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော–မချစ်မနှစ်သက် သူနှင့် ပေါင်းသင်းရခြင်းသည် ဆင်းရဲ၏–လို့ ဟောတော်မူတယ်၊ အဲဒီ စိတ်၊ စေတသိက်၊ ရုပ်ဆိုတဲ့ တရားသုံးပါးဟာ ဖြစ်ပျက်ပြီး ဆင်းရဲနေတာကို

ဒုက္ခကြီးဟု ပိုင်းပိုင်းခြားခြား သိတယ်၊ အဲဒီ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိတော့ မည်သူ့ကြောင့်တုန်းဟု စီစစ်လိုက်တယ်။

အဲဒီလို စီစစ်လိုက်တော့ လုပ်ပေးတတ်တဲ့ လောဘတဏှာ သမုဒ–ယသစ္စာကို မြင်ပါရော၊ အဲသည်လို လုပ်ပေးတတ်တဲ့ လောဘတဏှာ သမုဒယသစ္စာကို မြင်တော့ နိုင်တဲ့သူက လက်ဝါးကြီးအုပ်ပြီး သိမ်းပိုက်လိုက်တယ်ဆိုပါတော့၊ အဲသည်လို လက်ဝါးကြီးအုပ်ပြီး သိမ်းပိုက်လိုက် တော့ စိတ်၊ စေတသိက်၊ ရုပ်ဆိုတဲ့ တရားသုံးပါးဟာ တစ်ဦးနဲ့တစ်ဦး တွယ်တွယ်နေတယ်။

ခွဲရမှာကြောက်မှာပေါ့၊ အဲသည် စိတ်၊ စေတသိက်၊ ရုပ် ဆိုတဲ့ တရားသုံးပါးဟာ ဘယ်ကစပြီး ပေါင်းသင်းလာမှန်းမှ မသိဘဲ၊ အဲတာ ကြောင့် "ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော" ချစ်သောသူနှင့် မပေါင်းဖော်ရ ခြင်းသည် ဆင်းရဲကြီးဟု ဟောတော်မူတယ်။

အဲသည်"ဒုက္ခကြီးကလွတ်လျှင် ကောင်းလေစွ" ဟု တောင့်တ တယ်၊ အဲသည်လို တောင့်တလို့ မရခြင်းကြောင့် "ယံ ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ" လို့ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက ဟောတော်မူတာပေါ့၊ အဲသည် စိတ်၊ စေတသိက်၊ ရုပ်ဆိုတဲ့ တရားသုံးပါးဟာ တစ်ဦးနဲ့တစ်ဦး တွယ်နေတတ် တာကိုပဲ "သက္ကာယဒိဋ္ဌိ" လို့ ခေါ် တယ်။

လောဘတဏှာ သမုဒယသစ္စာကို မင်္ဂကပယ်လိုက်တာက မဂ္ဂ–သစ္စာ၊ အဲသည်လို မင်္ဂကပယ်လိုက်တော့ စိတ်၊ စေတသိက်၊ ရုပ်ဆိုတဲ့ တရားသုံးပါးဟာ ဖရိုဖရဲဖြစ်ပြီး အကြောင်းအကျိုး ပြတ်သွားတာက နိရောဓ၊ နိရောဓ သစ္စာ၊ အဲသည်လို ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ သစ္စာလေးပါး ကို ပိုင်းပိုင်းခြားခြား သိမြင်ခြင်းကြောင့် "စက္ခုံ ဉဒပါဒိ–ထင်ရှားဖြစ်၏" လို့ ဟောတော်မူတယ်။

အဲသည်လို ဓမ္မစက္ခုက ဖွင့်တော့ မှန်တာမြင်တယ်၊ မှန်တာမြင် တော့ မှန်တာသိတယ်၊ အဲသည်လို မှန်တာသိခြင်းကြောင့် "ဉာဏံ ဥဒပါဒိ–ထင်ရှားရှိ၏" လို့ ဟောတော်မူတယ်၊ အဲသည်လို ဓမ္မစက္ခုက ဖွင့်ပေးတော့ မှန်တာမြင်တယ်၊ မှန်တာမြင်တော့ မှန်တာသိတယ်၊ မှန်တာသိတော့ ပညာက ဝေဘန္ဒိကပြုပြီး ဆုံးဖြတ်တာပေါ့။

ဘယ်လိုများ ဝေဘန္ဒိကပြုပြီး ဆုံးဖြတ်ပါသလဲဆိုတော့ ဤကားရုပ်၊ ဤကား နာမ်၊ ဤကား စိတ်၊ ဤကား စေတသိက်၊ ဤကား ဒုက္ခသစ္စာ၊ ဤကား သမုဒယသစ္စာ၊ ဤကား နိရောဓသစ္စာ၊ ဤကား မဂ္ဂသစ္စာ၊ ဤသစ္စာလေးပါးကိုပင်လျှင် "သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်" ခေါ်တယ်။

ဤကား ဒုက္ခသစ္စာ(ပ) ဤသစ္စာလေးပါးကိုပင်လျှင် "သကဒါဂါမိမဂ်၊ သကဒါဂါမိဖိုလ်" ခေါ်တယ်။

ဤကား ဒုက္ခသစ္စာ(ပ) ဤသစ္စာလေးပါးကိုပင်လျှင် "အနာဂါမိ မဂ်၊ အနာဂါမိဖိုလ်" ခေါ်တယ်။

ဤကား ဒုက္ခသစ္စာ(ပ) ဤသစ္စာလေးပါးကိုပင်လျှင် "အရဟတ္တ မဂ်၊ အရဟတ္တဖိုလ်" ခေါ်တယ်။

ဤကား သတ္တလောက၊ ဤကား သင်္ခါရလောက၊ ဤကား ဩကာသလောက၊ ဤကား အတွင်းလောကသုံးပါး၊ ဤကား အပြင် လောက သုံးပါး၊ အဲသည်လို ပညာက ဝေဘန္ဒိကပြုပြီး ဆုံးဖြတ်ခြင်းကြောင့် "ပညာ ဥဒပါဒိ–ထင်ရှားရှိ၏"လို့ ဟောတော်မူတယ်။

ဓမ္မစက္ခုကဖွင့်တော့ မှန်တာမြင်တယ်၊ မှန်တာမြင်တော့ မှန်တာသိတယ်၊ မှန်တာသိတော့ ပညာကဝေဘန္ဒိကပြုပြီး ဆုံးဖြတ်တယ်၊ မည်သူ့အပေါ် မှာ ပညာက ဝေဘန္ဒိကပြုပြီး ဆုံးဖြတ်သလဲ၊ အလင်းခေတ်ကြီးပေါ်မှာ ပညာက ဝေဘန္ဒိကပြုပြီး ဆုံးဖြတ်တယ်၊ အဲသည်လို ပညာက အလင်းခေတ်ကြီးပေါ်မှာ ဝေဘန္ဒိကပြုပြီး ဆုံးဖြတ်ခြင်းကြောင့် "ဝိဇ္ဇာ ဥဒပါဒိ–ထင်ရှားရှိ၏" လို့ ဟောတော်မူတယ်။

ဓမ္မစက္ခုက ဖွင့်ပေးတော့ မှန်တာမြင်တယ်၊ မှန်တာမြင်တော့ မှန်တာသိတယ်၊ မှန်တာသိတော့ ပညာက ဝေဘန္ဒိကပြုပြီး ဆုံးဖြတ်တယ်၊ မည်သူ့အပေါ်မှာ ပညာက ဝေဘန္ဒိကပြုပြီး ဆုံးဖြတ်သလဲ အလင်း ခေတ်ကြီးအပေါ်မှာ ပညာကဝေဘန္ဒိကပြုပြီး ဆုံးဖြတ်တယ်၊ မည်သူ အထဲမှာ ပညာကဝေဘန္ဒိက ပြုပြီး ဆုံးဖြတ်သလဲ၊ အလောကကြီးထဲမှာ ပညာက ဝေဘန္ဒိကပြုပြီး ဆုံးဖြတ်တယ်၊ အဲသည်လို ပညာက အလော ကောကြီးထဲမှာ ဝေဘန္ဒိကပြုပြီး ဆုံးဖြတ်ခြင်းကြောင့် "အလောကော ဥဒပါဒိ – ထင်ရှားရှိတယ်" လို့ ဟောတော်မူတယ်။

ဓမ္မစက္ခုက ဖွင့်ပေးတော့ မှန်တာမြင်တယ်၊ မှန်တာမြင်တော့ မှန်တာသိတယ်၊ မှန်တာသိတော့ ပညာက ဝေဘန္ဒိကပြုပြီး ဆုံးဖြတ်တယ်၊ မည်သူ့အပေါ်မှာ ပညာက ဝေဘန္ဒိကပြုပြီး ဆုံးဖြတ်သလဲ၊ အလင်းခေတ်ကြီးအပေါ် မှာ ပညာက ဝေဘန္ဒိကပြုပြီး ဆုံးဖြတ်တယ်၊ မည်သူ့အထဲမှာ ပညာက ဝေဘန္ဒိကပြုပြီး ဆုံးဖြတ်သလဲ၊ အလောကောကြီး ထဲမှာ ပညာက ဝေဘန္ဒိကပြုပြီး ဆုံးဖြတ်တယ်၊ အဲဒါကြောင့် မြတ်စွာဘုရား ကိုယ်တော်

မြတ်ကြီးက –

စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊
ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊
အာလောကော ဥဒပါဒိ။
ထင်ရှားရှိ၏လို့ ဟောတော်မူပါတယ်။ ။

အခန်း ၃၃

## တရားနာမှ မဂ်ဖိုလ်ရ

သောတာပန်တည်ဖို့ အင်္ဂါလေးချက်ရှိရာတွင် သူတော်ကောင်းတရားကို နာကြားဖို့ဟူသော အင်္ဂါတစ်ချက် ပါဝင်သောကြောင့် သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်နှင့် ပစ္စေကဗုဒ္ဓါတို့မှတစ်ပါး ကျန်သာဝက အားလုံးတို့သည် တရားနာ ခြင်းကို လွတ်၍ အရိယာအဖြစ်သို့ မရောက်နိုင် ကြပေ။ ၃၁–ဘုံတွင် အမြင်ဆုံးဖြစ်သော အရူပဘုံ၌ သောတာ ပန်ဖြစ်ခွင့် မရခြင်းမှာ နားအကြည်ရုပ် မပါ၍ တရားနာ ခွင့် မရသောကြောင့် ဖြစ်သည်။

သောတာပန်တည်ဖို့ အင်္ဂါလေးချက်အနက် နောက်သုံး ချက်သည် မဂ်ဖိုလ်ရဖို့အတွက် အရေးတကြီး လိုအပ်သော ဉာဏ်လှေခါး သုံးထစ်ကို ချိတ်ဆက်ပြ ထားခြင်း ဖြစ်၏။ သဒ္ဓမ္မ သဝန=သူတော်ကောင်းတရားကို နာကြားခြင်းသည် သုတမ–

ယဉာဏ် ရဖို့ ဖြစ်၏။ ယောနိသောမနသိကာရ-ကုသိုလ်ဖြစ်ရန် နှလုံးသွင်း ခြင်းသည် စိန္တာမယဉာဏ် ရဖို့အတွက် ဖြစ်၏။

ဓမ္မာနုဓမ္မပဋိပတ္တိ-တရားအားလျော်စွာ ကျင့်ကြံပွားများ ခြင်းသည် ဘာဝနာမယဉာဏ် ရဖို့အတွက် ဖြစ်၏။ ကြားနာအား ထုတ်သော သုတမဉာဏ်ရှိမှ စိတ်ကူးကြံစည်သော စိန္တာမယဉာဏ် ဖြစ်နိုင်၏။ စိတ်ကူးကြံစည်သော စိန္တာမယဉာဏ် ရှိမှ ပွားများအား ထုတ်သော ဘာဝနာမယဉာဏ် ဖြစ်နိုင်၏။ ထို့ကြောင့် မဂ်ဖိုလ်ရ လိုသော ယောဂီမှန်သမျှသည် ဆရာစွဲ၊ ရိပ်သာ စွဲမထားဘဲ တရား များများ နာဖို့ အလွန်အရေးကြီးလှ၏။

(ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့၊ မန္တလေးကျောင်းဆရာတော်)

## စွန်းလွန်းဆရာတော်ဘုရားကြီး ဥပမာဆောင်၍ ဟောကြားတော်မူသော တရားတော်

မေး။ ။ ဒါယကာကြီး၊ ဒါယိကာမကြီးတို့ သံသရာခရီးမှာ မျောနေကြတာ မဆင်းရဲဘူးလား။

ဖြေ။ ။ မှန်လှပါ၊ အလွန်ပဲ ဆင်းရဲလှပါသည်ဘုရား။

မေး။ ။ ဆင်းရဲကြလျှင် ချမ်းသာကို မလိုချင်ကြပေဘူးလား။

ဖြေ။ ။ မှန်လှပါ ချမ်းသာကို အလွန်ပဲ လိုချင်လှပါသည်ဘုရား။

ဆရာ။ ဟော ချမ်းသာကို လိုချင်ကြလျှင်-

အမိနှင့် အဖကိုသတ်၊

တိုင်းပြည်အုပ်ချုပ်တဲ့ ပြည့်ရှင်မင်းကြီးနှစ်ပါးကို သတ်၊

သူလျှိုတစ်ကျိပ်နှစ်ယောက်ကို သတ်က ချမ်းသာပါရော၊ သို့သော် မိဘနှစ်ပါးကတော့ ကျေးဇူးကြီးမားလှ၍ တစ်ကြိမ်သတ်ရုံနှင့်မသေနိုင်၊ လေးကြိမ် တိုင်တိုင်သတ်မှ သေသည်။

မိဘနှစ်ပါးဆိုတာ "တဏှာနှင့် မာန" ကိုဆိုသည်။

ပြည့်ရှင်မင်းကြီးနှစ်ပါးဆိုတာ "သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ"ကို ဆိုသည်။ သူလျှို တစ်ကျိပ်နှစ်ယောက်ဆိုတာ "အတွင်းအာယနခြောက်ပါးနှင့် အပြင်အာယတနခြောက်ပါး"ကို ဆိုသည်။ အဲ–ချမ်းသာကိုလို၍ သတ်ကြပါမူ စန္ဒဂုတ်မင်း စစ်တိုက်သကဲ့သို့ အတွင်းအာယတနခြောက်ပါး၊ အပြင်အာယတနခြောက်ပါးရှိသည်တွင် အပြင်အာယတနခြောက်ပါးကို ရှေးဦးစွာ သတ်ရမည်။

သတ်ပုံမှာ–ရှေးဦးစွာ ဘုရားကို ကန်တော့ပြီး သီလကိုခံယူ၊ ခန္ဓာငါးပါးကို ဘုရားလှူ၊ မေတ္တာပို့ အမျှဝေပြီးလျှင် ရှေးပြခဲ့သည်အတိုင်း မိမိသင့်တင့်သော ဣရိယာပုထ်ဖြင့်နေပြီး အာရုံတစ်ပါး စိတ်မသွား ရလေအောင် မျက်စိကိုမှိတ်ပြီး နှာသီးဝကာယတံခါးက မိမိ၏စိတ်ကို စောင့်၍ ထွက်လေဝင်လေကို မသိဘဲနှင့် မထွက်ရအောင်၊ မဝင်ရအောင် သတိနှင့် စောင့်၍ မှတ်ရမည်။

ဤကဲ့သို့ အပြင်ဘက်သို့မထွက်ရ၍ ကျက်စားနေကျဖြစ်သော အာရုံကို သိမ်းဆည်းပြီး နှာသီးဝကာယတံခါးမှာ တည်၍ ငြိမ်သက်ပြီး နေလျှင် သူ၏ သဘောကို သူဆောင်ပြီး အဖြူ၊ အနီ၊ အဝါ၊ အပြာ၊ ကြယ်ရောင်၊ လရောင်၊ နေရောင်၊ ပုလဲရောင်စသော အဆင်းနိမိတ်များ ပေါ်လာတတ်သည်။

ဤသို့ အာရုံတစ်ပါး စိတ်မသွားဘဲ နှာသီးဝကာယတံခါးက တည်၍ ငြိမ်သက်စွာနေတာက စက္ခုန္ဒြေ(ပ)မနိန္ဒြေလျှင် ခြောက်ခုမြောက်သော ဣန္ဒြိယသံဝရသီလ အစစ်ဖြစ်သည်။ ဣန္ဒြေဆိုတာက အစိုးရတာကို ဆိုလိုသည်။ သံဝရဆိုတာက လောဘ၊ ဒေါသ၊ မောဟစသော ကိလေ–သာများ မဖြစ်အောင် စောင့်စည်းခြင်းကို ဆိုလိုသည်။

အဲဒီ စက္ခုစသောတံခါးက လောဘ၊ ဒေါသ၊ မောဟ၊ မဝင်မူ၍ ငြိမ်သက်ပြီးနေတာကို ဣန္ဒြိယသံဝရသီလအစစ် ခေါ်သည်။ ဤကဲ့သို့ လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာတရားတို့သည် မလာမကပ် မူ၍ မိမိ၏စိတ်သည် တည်ကြည်ပြီး အထူးသီလဖြစ်အောင် တရားကို အားမ ထုတ်ပဲနှင့် ရနိုင်ရန် ခဲယဉ်းသည်။ အဲဒါက "သီလသာသနာ" ဖြစ်သည်။

မိမိ၏ ခန္ဓာကိုယ်ပေါ်မှာ စိတ်တည်ကြည်ပြီး အရောင်အလင်း အဆင်း နိမိတ်မြင်တာက သမာဓိဖြစ်၍ "သမာဓိသာသနာ" ဖြစ်သည်။ အလင်း အရောင် အဆင်းနိမိတ်မြင်တော့ ဝေဘန်ဒွိကပြုလိုက်တာက ပညာဖြစ်၍ "ပညာသာသနာ" ဖြစ်သည်။ အဲသည် ပထမရှေးဦးစွာသော သီလ၊ သမာဓိ၊ ပညာသည် လောကီသီလ၊ လောကီသမာဓိ၊ လောကီပညာ ဖြစ်သည်။

ဤကား ပထမကဏ္ဍ။

ပထမကဏ္ဍက ပြဆိုခဲ့သည့်အတိုင်း အားထုတ်သော ယောဂီပုဂ္ဂိုလ် သည် အပြင်အာယတနခြောက်ပါး တည်းဟူသော သူလျှိုခြောက်ယောက်ကို သတ်လိုသောကြောင့် အပြင်အာရုံသို့ မလိုက်စေဘဲ မိမိခန္ဓာကိုယ်ကာယ တံခါးပေါ်က ပူမှု၊ မှေ့၊ ညောင်းညာမှု၊ ကိုက်ခဲမှု ရေပွက်သဏ္ဌာန်ကဲ့သို့ ဖြစ်ပေါ်လာ သောသဘောတွေကို ပူမှုနှင့် သိမှု ပြိုင်၍ချုပ်အောင်–

ရေပွက်သဏ္ဌာန်ဖြစ်ပေါ်၍ လာသော ဝေဒနာသဘောနှင့် သိမှု ပြိုင်၍ ချုပ်အောင် လိုက်ရမည်၊ ရှုရမည်၊ မှတ်ရမည်၊ သိရမည်။ ဤသို့ အစဉ်မပြတ် ဒရစပ်ဖြစ်ပေါ်လာသော ဝေဒနာသဘောကို သိမှုပေါ် သတိနှင့်ပြိုင်၍ ချုပ်အောင် သုံးသပ်ပါများသော် ပူမှုသဘောက အေးမှုသဘောသို့ မလိုက်ပါ။ မိမိစိတ် အတွင်းအားဖြင့် သန္တတိအစဉ်ကို မြင်လာ လိမ့်မည်။

ဤကဲ့သို့ သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်၊

ဇင်းဗိုလ်ငါးပါးကို လက်ကိုင်ထား၍ ပွားများအားထုတ်ခဲ့သော် သမာဓိသည် တစ်စပြီးတစ်စ ကြီးထွားပြီး မိမိ၏ခန္ဓာကိုယ်ပေါ်မှာ ဖောက်ပြန်ပျက်စီး ခြင်း တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း။

မီးလောင်ဖုမျှား ပေါက်ပြဲ၍ ကျသကဲ့သို့လည်းကောင်း၊ လက်မ, လောက် ၊လောက်စာလုံးလောက် ဖောက်ပြန်ပျက်စီးခြင်းကို သော်လည်း ကောင်း မြင်တတ်သည်။ သည်တော့မှ ယောဂီပုဂ္ဂိုလ်၏ဉာဏ်မှာ "ဩော်–ငါသည် ရှေးအခါက မဖောက်မပြန်၊ မပျက်မစီး ငါ့လက် ငါ့ခြေ ငါ့သဏ္ဍာန်ပါ တကား"ဟု "စွဲလန်းသော မိစ္ဆာဒိဋ္ဌိအယူဟာ မဟုတ်ပါတကား"ဟု ထင်မြင်၍ လာလိမ့်မည်။

ဤကဲ့သို့ ထင်မြင်လာသော်လည်း ပညာတ် မကင်းမပျောက်သေး၊ ထိုမှတစ်ဖန် အားထုတ်ပွားများပြန်သော် သမာဓိကကြီးထွား၍ လာတော့ မိမိ၏ ခန္ဓာကိုယ် မွေးတွင်းပေါက်က မီးခတ်နှင့် မီးခတ်ကျောက် ခတ်လိုက် တဲ့အခါ မီးပွင့်သော မီးပွင့်ပမာကဲ့သို့ တွေ့မြင်လာလိမ့်မည်။

ဤကဲ့သို့ တွေ့မြင်လာသောအခါ "ဩော် ငါ့မှာ ခြေလက်အင်္ဂါ စသော သဏ္ဍာန်သည် မရှိ၊ ပရမတ်သဘောသာ ရှိပါတကား" ဟု မိမိ၏ ဉာဏ်မှာ အမှန်ကို သိလာကာ ကမ္ဘာလောက တစ်ခုလုံးမှာ ရှိရှိသမျှသော ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမ၊ လူနတ်ဗြဟ္မာလို့ စွဲလန်းထားတာ အမှန်ကို မမြင်သေးလို့ဘဲ။

အဲသည်လို အမှန်ကို သိရမြင်ရတော့ "ဘာမျှမဟုတ်၊ သဘော တရား သက်သက်ပါတကား"ဟု ယောဂီပုဂ္ဂိုလ်၏ ဉာဏ်မှာ အမှန်ကို သိမြင်ရတော့ ရတနာသုံးပါးကို ရှေးကထက် ကဲလွန်ပိုမောက်ပြီး ကြည်ညို သည်ထက် ကြည်ညို၍ လာတတ်သည်။ ဤအခါကျတော့ အတွင်းအာယတန ခြောက်ပါးတည်းဟူသော သူလျှိုခြောက်ယောက်ကို သတ်သည် မည်၏။

ဤကစ၍ သက္ကာယဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိနှစ်ပါးကို ပယ်သည်မည်၏။

သို့သော် အမြစ်တော့ မပြတ်သေး၊ အဲ ဤကဲ့သို့ ပရမတ္ထသဘာဝ တရားကို ပိုင်းခြားထင်ထင် လက်ဝါးပြင်မှာ ပတ္တမြားလို တင်၍ ကြည့်သကဲ့သို့ ပညာ ဉာဏ်မျက်စိဖြင့် မြင်သော အခါ၌ မိမိခန္ဓာကိုယ်ပေါ်မှာ ဝေဒနာတရားကို ပွားများသုံးသပ်၍ ငြိမ်သက်တည်ကြည်တာက သီလ။

တည်ကြည်ပြီး အလင်းရောက်ကို ထွန်းပြတာက သမာဓိ။ စိတ်၊ စေတသိက်၊ ရုပ်ဟု ဆိုအပ်သော ရုပ်နာမ်နှစ်ပါးဟု ပရမတ်သား၊ ဓာတ်သား အစစ်ကိုမြင်၍ ဝေဘန်တာက ပညာ။ အဲဒါကြောင့် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး ခေါ်သည်။ ၎င်း သီလ၊ သမာဓိ၊ ပညာသည် လောကီသီလ၊ လောကီ သမာဓိ၊ လောကီ ပညာသာ ရှိသေးသည်။

ဤကား ဒုတိယကဏ္ဍ။

ဒုတိယကဏ္ဍက ပြဆိုခဲ့သည့်အတိုင်း အားထုတ်သော ယောဂီ ပုဂ္ဂိုလ်သည် ပရမတ်သား၊ ဓာတ်သား၊ ပရမတ်စစ်၊ ဓာတ်အနှစ်ကို ပိုင်းခြား ထင်ထင် တွေ့မြင်ပြီးလာတော့ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါ ဝိတရဏသုဒ္ဓိ စခန်းသို့ ရောက်ပြီဟု ဆိုရသည်။

ဤကဲ့သို့ မိမိခန္ဓာကိုယ်ပေါ်မှာ ဖြစ်ပျက်ခြင်း သဘာဝတည်းဟူသော လက္ခဏာယာဉ်သုံးပါးကို သုံးသပ်ပါများသော် ယောဂီ ပုဂ္ဂိုလ်၏ စိတ်အစဉ်မှာ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသ လောကဟူသော လောကသုံးပါးကို အာရုံမသန်းနိုင်ဘဲ ပျင်းမုန်းငြီးငွေ့ ခြောက်သွေ့သော စိတ်အစဉ်ဖြစ်လာတတ်သည်။

ဤကဲ့သို့ စိတ်အစဉ်မှာ ဖြစ်လာခဲ့သည်ရှိသော် မိမိ၏ အာရုံမှာ မနှစ်သက်ငြားသော်လည်း ပရမတ္ထသဘောအမှန်ဖြစ်၍ ကောင်းသည်ဖြစ်သောကြောင့် ဗိုလ်ငါးပါးကို လက်ကိုင်ထားပြီး ခိုင်မြဲစွာ လက္ခဏာယာဉ်

သုံးပါးကို သုံးသပ်ရမည်။ ဤကဲ့သို့ ခန္ဓာကိုယ်ပေါ် မှာ ပေါ် လာသော ဝေဒနာကို ခိုင်မြဲစွာသုံးသပ်တော့ ရှေးက မတွေ့ဘူး၊ မကြုံဘူးသော အလွန် ကြည်လင် သန့်ရှင်းသော အရောင်အလင်း နှစ်သက်ခြင်း၊ ငြိမ်သက်ခြင်း ဖြစ်ပေါ်၍ လာတတ်သည်။

အဲဒါကိုပင် "နိကန္တိ" ဟုခေါ်သည်။ ၎င်း နိကန္တိခေါ် အရောင်အလင်း နှစ်သက်ခြင်း၊ ငြိမ်သက်ခြင်းကို ပယ်လိုက်သောဇောက ညီမျှပြီး မနောဒွါရာဝဇ္ဇန်း ဖြစ်ပြီးနောက် သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပေါ်၍လာလိမ့်မည်။

ထို သင်္ခါရုပေက္ခာဆိုတဲ့ ပရိကံ၊ ဥပစာ၊ အနုလုံဇောများက ကိလေသာတရားတို့ကို ကင်းစင်သွားအောင် ပြုပေးတော့ ဂေါတြဘူက နိဗ္ဗာန်ကို သညာပေးလိုက်တာနဲ့ ဂေါတြဘူသညာသို့ လိုက်၍လည်းကောင်း။

ဂေါတြဘူ သညာပေးသော နိဗ္ဗာန်ကို အမှီတံကဲ သဟဲပြုပြီး မဂ်က အနုသယကိလေသာကို ပယ်ပါရော၊ အဲသည်တော့မှ ပြည့်ရှင်မင်းကြီး နှစ်ယောက်နှင့်တူသော သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိကို အရှင်းသတ်သည်မည်၏။ အမိအဖနှင့်တူသော တဏှာနှင့် မာနကတော့ ကျေးဇူးအလွန်များလှသောကြောင့် တစ်ကြိမ်တည်း သတ်ရုံမျှ မသေ၊ လေးကြိမ်သတ်မှ သေသည်။ သတ်လိုက သတ်ကြတော့ဟု အမိန့်ရှိ၏။

မဂ္ဂဉာဏသိ ဂေါတြဘူဉာဏေန
ဒိန္နသညံ့ အမုစ္စိတွာ။
(ဤကား တတိယကဏ္ဍ)။

## သံသရာလည်ကြောင်းနှင့် ပြတ်ကြောင်းတရား

* မသိလို့ လိုချင်၊ လိုချင်တော့ စွဲကပ်
စွဲကပ်လို့ ပြုလုပ်၊ ပြုလုပ်တော့ ရရှိ

ရရှိတော့ ခံကြပေတော့ တပည့်တို့။

* မခံသာ

မှန်ပါဘိသည်တရား။

ခံသာလျှင် သံသရာကြောမှာ

မျောလိမ့်အများ။ ။

မသိတာက အဝိဇ္ဇာဆိုတဲ့ မောဟ၊ လိုချင်တာက လောဘ၊ စွဲလန်းတာက ဥပါဒါန် ဂုဏ်တရားသုံးပါးနှင့် ပြည့်စုံတော့ လူ၊ နတ်၊ ဗြဟ္မာ၊ သူဌေးကြီး၊ သူကြွယ်ကြီး လောကအထက်တန်းစား ဖြစ်ချင်တာပေါ့။ ဤကဲ့သို့ဖြစ်ချင်တော့ ကြောင့်ကြ၊ တောင့်တပြီး ပြုလုပ်တယ်ဆိုပါတော့။ အဲသည်လိုပြုလုပ်တော့ ရရှိတယ်။

ဘာကိုရရှိသလဲဆိုရင် ဇာတိကို ရရှိတယ်။ ဇာတိကို ရရှိမှုဖြင့် မအိုချင်မနေရ၊ မနာချင် မနေရ၊ မသေချင် မနေရ၊ ဇာတိဆိုတဲ့ ဝဋ်ကောင်ကြီးရရှိမှုဖြင့် ကြိုးစားပြီး ခံကြဖို့ပဲ၊ ခံကြပေတော့။

တပည့်တော်တို့မှာ ဝဋ်ဆင်းရဲကို ထိုထို ဘဝက စခဲ့ကြရလေပြီဖြစ်သောကြောင့် မခံချင်ဘူး ဆိုပါတော့၊ မခံချင်လျှင် သီလ၊ သမာဓိ၊ ပညာသိက္ခာသုံးပါးနှင့် ရတနာသုံးပါး ဦးထိပ်ထားပြီး ဝိပဿနာတရားကို ပွားများအားထုတ်။

ဤကဲ့သို့ ခန္ဓာကိုယ်ပေါ်က သမာဓိတရားကြောင့် ဖြစ်ပေါ်လာ သောဝေဒနာကို သတိနှင့်လိုက်ပြီး သုံးသပ်တော့။ မိမိစိတ်မှာ မခံချင်သော သဘောဖြစ်လာတယ်။ အဲဒါကြောင့် မခံသာ မှန်ပါဘိသည်တရား၊ ခံသာလျှင် သံသရာကြောမှာ မျောလိမ့်အများဟု ဆိုခဲ့၏။ မိမိခန္ဓာကိုယ်ပေါ်မှာ ဖြစ်ပေါ်လာတဲ့ အကျိုးတရား ဒုက္ခသစ္စာ၊ ဂုဏ်အကျိုးတရား ဒုက္ခသစ္စာ တရားကြီးကို ဝိပဿနာရှုတော့ နာကျင်ကိုက်ခဲ၍ မခံသာသောကြောင့် –

ခံသာအောင် လွှတ်ပစ်လိုက်တယ်။

လွှတ်ပစ်လိုက်တော့ ဝေဒနာချုပ်ပြောက်သွားတယ်၊ ခံသာတော့ အမှန်မမြင်၊ အမှန်မမြင်တော့ ယထာဘူတ–ဟုတ်မှန်သော ဉာဏ်ကို မရ၊ ဤကဲ့သို့ မရသောကြောင့် သံသရာဝဋ်ထဲမှာ တဝဲလည်လည် ခံနေရတယ်၊ ဤကဲ့သို့ ဒုက္ခသစ္စာဖြစ်တဲ့ ဝေဒနာကို ဗိုလ်ငါးပါး လက်ကိုင်ထားပြီး သုံးသပ်တော့ သူ့သဘောသူဆောင်ပြီး တစ်သံသရာလုံး မတွေ့မမြင်ဖူး သော ရုပ်နာမ်ခန္ဓာ သင်္ခါရတရားကို တွေ့မြင်ရရော။

အဲသည်တော့မှ စွဲလန်းတဲ့အယူဟာ ပြုတ်သင့်သလောက်ပြုတ်ပြီး ချမ်းသာသင့်သလောက် ချမ်းသာလိမ့်မည်။ အဲသည်တော့မှ ရှေးရှေးသော အရိယာသူတော်ကောင်းကြီးတွေဟာ ထိုဝဋ်ဆင်းရဲကြီးကို ကြောက်၍ တရားကိုအားထုတ်ခြင်းကြောင့် ယထာဘူတဉာဏ်ကိုရ၍ အမှန်ချမ်းသာ ပြီး ဝဋ်ဆင်းရဲကို မလိုချင်၊ မလိုချင်တော့ မပြုလုပ်၊ မပြုလုပ်တော့ မရ၊ မရတော့ မခံရ၊ မခံရတော့ ချမ်းသာတာပေါ့။

ထို့အတူ အတုခိုးအားကျပြီး ပြုလုပ်ပါမူ အမှန်ကို ပိုင်းပိုင်းခြားခြား သိမြင်ပါမူ ဝဋ်ဖြစ်ကြောင်းကို မပြုလုပ်၊ မပြုလုပ်တော့ မရ၊ မရတော့ ချမ်းသာသည်။ အဲသည်နှစ်လမ်းကို ကြိုက်ရာလမ်း ရွေးကြပေတော့။

မြင်တာကို သညာဖုံးတော့
သညာကို သက်ာရှင်းမှ
သက်ာကင်းမယ်။
မြင်တာကို သညာဖုံးတော့
သညာသက်ာမရှင်းက
သက်ာမကင်းဘူး။

ကဲ "မြင်တာကို သညာဖုံးဆိုတာ" တခြားမဟုတ်ဘူး။ မျက်စိက

မြင်ရုံသာရှိတယ်။ လှပတင့်တယ် လိုချင်တယ်ဆိုတာက သညာခေါ်တယ်။ ဖင်းသညာကို သက်ာမရှင်းတော့ စွဲလမ်းမှု သံသယမကင်းဘူး။ သက်ာရှင်းပုံမှာ မျက်စိက မြင်ရုံသာမြင်တယ်။ လှပတင့်တယ် လိုချင်တယ်ဆိုတာက သညာဟု(ပညာကဆုံးဖြတ်တော့) မလိုချင်ဘူး။ မလိုချင်တာကို သက်ာရှင်းတာလို့ ဆိုလိုတယ်။

(မှတ်ချက်)။ ။သညာက အမှတ်မှားသောကြောင့် တဏှာက လိုချင်ခြင်းကို
ဆိုလိုခြင်း ဖြစ်၏။

ဥပမာဆိုရလျှင် တစ်နည်းအားဖြင့် ဘဲမွေးသော ယောက်ျားနှင့်တူတယ်။ ဘဲမွေးသော ယောက်ျားသည် ကြက်မ ဥသောအခါ ကြက်ဥကိုယူ၍ ဘဲဥကို ထည့်ထား၏။ ကြက်မက ဘဲဥကို ဝပ်ရသဖြင့် ပေါက်ချိန်တန်သောအခါ ဘဲကလေးတွေ ပေါက်၍လာ၏။

ကြက်မကြီးက မိမိသားပင် မှတ်ထင်ပြီး ယက်၍ကြွေးခြင်း၊ စောင့်ရှောက်ခြင်းတို့ကို ပြုလုပ်၏။ ဘဲသတ္တဝါသည် ရေ၌ကျက်စားသည်ဖြစ်၍ ဝစ်နေ့သောအခါ ရေသို့ဆင်း၍ ကျက်စားလေသော် အမိဖြစ်သော ကြက်မကြီးက ရေသို့ မဆင်းနိုင်။ ကုန်းပေါ်က မိုင်ပြီး "ငါ့သား ငါ့သမီးတွေ လာခဲ့ကြ၊ လာခဲ့ကြ" လို့ အော်နေတာဟာ သက်ာမရှင်းတာနဲ့ တူတယ်။

ဘဲမွေးသောယောက်ျားက သညာနှင့် တူတယ်။ သညာနှင့် တူသောယောက်ျားက ကြက်ဥကိုယူ၍ ဘဲဥကို လိမ်ထည့်ထားတော့ လောဘနှင့်တူသော ကြက်မကြီးက ငါ့ဟာ မဟုတ်မှန်း သိသော်လည်း ငါ့ဟာမှတ်ထင်ပြီး စောင့်ရှောက်စွဲလမ်းရသဖြင့် ပင်ပန်း ဆင်းရဲခြင်းကို ခံရတယ်။ ဘဲသတ္တဝါကတော့ ပရမတ္ထသဘာဝနှင့် တူတယ်။ ငါ့ဟာ မှတ်ထင်ပြီး ငါ့သားငါ့သမီးတွေ လာကြလို့ ကုန်းပေါ်က ရင်ကွဲအောင် ကတော်၍ ခေါ်ငြားသော်လည်း ပရမတ္ထသဘာဝနှင့်တူသော ဘဲကလေးတွေက သူတို့ ကျက်စားနေကျ

အာရုံသဘောဖြစ်သောကြောင့် ကြက်မကြီးထံ လာချင်မှ လာမယ်။ အဲသည်တော့ ကြက်မကြီးမှာ ဒုက္ခရောက်ရတယ်။

ဘာ့ကြောင့် ဒုက္ခရောက်ရသလဲဆိုတော့ သက်ာမရှင်းတတ်လို့ ရောက်ရတယ်။ ဒါ့ကြောင့် မြင်တာ သညာဖုံးတယ်။ သညာသက်ာမရှင်းက သက်ာမကင်းဘူးလို့ ဆိုရတယ်။ မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ လျက်တိုင်း၊ တွေ့ထိတိုင်းတို့၌ တံခါးဝက သတိနှင့် စောင့်၍စောင့်၍ သတ်ခဲ့လျှင် သညာ ဥပါဒ်နောက်ကို မလိုက်ဘဲ အမှန်ကို သိလာလိမ့်မယ်။

အဲသည်အမှန်သည် ပရမတ္ထသဘောပေပဲ။ ပရမတ္ထသဘောတရားဆိုတာ ဖြစ်ပျက်ခြင်း သဘောပါပဲ။

ရှေ့နှင့် နောက်ဟာ မတူပါ၊
စဉ်လာ ဖြစ်ပျက်မှု။

ဆိုသည့်အတိုင်း ငါ့အလိုမဟုတ်၊ သဘောသက်သက် သူ့အလိုပဲဟု သိသည်နှင့် တစ်ပြိုင်နက် သက်ာရှင်းတော့တာပဲ။ အဲသည်တော့ နှစ်သက်တယ်။ ဒါ့ကြောင့် မြင်တာသညာဖုံးတယ်။ သညာသက်ာရှင်းတော့ သံသယကင်းတယ်။

အရှိကိုကြဉ်
မရှိကို မြင်တတ်သည့်
ပုထုဇဉ်ကန်း။

## ပဋ္ဌာန်းတရားတော်

ပဋ္ဌာန်းတရားတော်ကြီးကို ဟောကြားတော်မူပါဟု လျှောက်ထားရာ၌–

"သခင်နု ရန်ကုန်မြို့မှာ နေတုန်းက မြင်းခြံဂူကျောင်း ဘုန်းတော်ကြီး ဦးကဝိ ရှိတယ်လို့ မကြားဘူးလား"

"ကြားပါ၏ ဘုရား"

"အဲဒါ ဟိတ်စပ်တာ ဟေတုပစ္စယောလို့ ခေါ်တယ်၊ ၎င်းနောက် သွားဦးမှပါလေလို့ အာရုံက မဆန့်ဘူးလား"

"ဆန့်ပါ၏ဘုရား"

"အဲဒီ အာရုံဆန့်တာကို အာရမ္မဏပစ္စယောလို့ ခေါ်တယ်၊ နောက်တစ်ဖန် အိမ်မှာ ခွေးစားစား ကျိုးထိုးထိုး ဘုန်းတော်ကြီး၏ ခြေတော်ရင်းသို့မရောက် ရောက်အောင် သွားဦးမှပဲလို့ ခန္ဓာကိုယ်ကြီးကို အာရုံကဆွဲလာ၍ ယခု ဘုန်းတော်ကြီး ခြေတော်ရင်းသို့ ရောက်လာတာဟာ ဒကာကြီးလာချင်လို့ လာတာ မဟုတ်ဘူး။ ခန္ဓာကိုယ်ကြီးကို အာရုံက အဓိပတိတပ်၍ ဆွဲလာခြင်းကြောင့် "အဓိပတိ ပစ္စယော" လို့ခေါ်တယ်"

"မှန်လှပါဘုရား"

"အဲဒါ ဘာ့ကြောင့် လာရတာလဲဆိုရင် ရှေးက ဘုန်းတော်ကြီးနှင့် တွေ့ခဲ့ရဖူးလို့ ခု တွေ့ချင်တယ်။ ခုတွေ့ချင်လို့ ခုတွေ့ရပြန်တယ်၊ နောင်လည်း တွေ့ရလိမ့်ဦးမယ်၊ ဒကာကြီး ဝက်သားများ စားဖူးပါသလား"

"စားဖူးပါ၏ဘုရား"

"အဲ ရှေးက ဝက်သားစားဖူးလို့ ခုစားချင်တယ်၊ ခုစားချင်လို့ စားရပြန်တယ်၊ နောင်လည်း စားရလိမ့်ဦးမယ်၊ ခွေးသားကော စားဖူးသလား"

"မစားဖူးပါဘုရား"

"အဲ ရှေးက ခွေးသား မစားဖူးလို့ ခုမစားချင်ဘူး၊ ခု မစားချင်လို့ ခု မစားဘူး၊ နောင်ကိုလည်း စားရမှာ မဟုတ်ဘူး။ ရှေးက သည်တရားမျိုးကို နာခဲ့ဖူးလို့ ခုနာချင်တယ်၊ ခုနာချင်လို့ ခု နာရပြန်တယ်၊ နောင်ကိုလည်း နာရလိမ့်ဦးမယ်၊ အနန္တရ၊ သမနန္တရ၊ သဟဇာတ၊ အညမည ပစ္စည်း ဆက်မသွားပေဘူးလား"

"ဆက်သွားပါ၏ ဘုရား"

"ဘုန်းကြီးခြေတော်ရင်းရောက်တော့ ဘုန်းကြီးက ရှေးဦးစွာ ဘုရား ကန်တော့၊ မေတ္တာပို့၊ အမျှဝေ၊ မိမိခန္ဓာကိုယ်ကို ဘုရားကိုလှူ၊ နှာသီးဖျား မှာ စိတ်ကိုထား၊ လေတိုးထိတော့ သိလိမ့်မယ်၊ သိတဲ့အပေါ် သတိထားရ မယ်ပြောတော့ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော ခေါ်တယ်"

"မှန်ပါဘုရား"

"အားထုတ်ဆဲ အခိုက်အတန့်မှာ မျက်စိကကော တောင်ကြည့် မြောက်ကြည့် ကြည့်သေးရဲ့လား"

"မကြည့်ပါဘုရား"

"နားကကော ဟိုထောင်သည်ထောင် ထောင်သေးရဲ့လား"

"မထောင်ပါဘုရား"

"နှာခေါင်းကကော ဟိုရှူသည်ရှူ ရှူသေးရဲ့လား"

"မရှူပါဘုရား"

"ပါးစပ်ကကော ဟိုဟာစားချင် သည်ဟာစားချင် ရှိသေးရဲ့လား"

"မရှိပါဘုရား"

"ခန္ဓာကိုယ်ကြီးကကော ဟိုသွားချင် သည်သွားချင် ရှိသေးရဲ့လား"

"မရှိပါဘုရား"

"အဲ စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ ဣန္ဒြေ ငါးပါး မလုံးဘူးလား"

" လုံပါ၏ ဘုရား"

"အဲဒါ ဣန္ဒြိယပစ္စယောလို့ ခေါ်တယ်"

"မှန်လှပါဘုရား"

"မိမိနှာသီးဖျားမှာ လေတိုးထိတာကို သတိနှင့် သုံးသပ်ပါများသော်

ဈာန်၏ သတ္တိ ဖြစ်ပေါ်၍ လာလိမ့်မည်၊ ဈာန်ဆိုတာ ကိလေသာတွေ လောင်ကျွမ်းခြင်းကို ဈာန်ဟု ခေါ်သည်။ အဲဒါ ဈာနပစ္စယောလို့ ခေါ်တယ်"

"မှန်လှပါဘုရား"

"ဘုန်းကြီးက ခန္ဓာကိုယ်တွင် ပူမှန်းသိတဲ့အပေါ်မှာ သတိထား ပူမှုနှင့် သိမှု ချုပ်လိမ့်မယ်၊ အေးမှန်းသိတဲ့အပေါ်မှာ သတိထား၊ အေးမှုနဲ့ သိမှု ချုပ်လိမ့်မယ်၊ အဲဒါ မဂ်ခရီးရောက်ခြင်းကြောင့် မဂ္ဂပစ္စယောလို့ ခေါ်တယ်"

"မှန်ပါဘုရား"

"ဤင်း မဂ်ခရီးကို သွားပါများ၍ သမာဓိကြီးထွားလာသော် ဥဒယဗ္ဗယဉာဏ် အမြင်သန်၍ လာခြင်းကြောင့် မရှိတာကိုလည်း ကျေးဇူးပြုလိမ့်မယ်၊ ရှိတာကိုလည်း ကျေးဇူးပြုလိမ့်မယ်၊ မရှိတာက ငါ့ခြေ၊ ငါ့လက်၊ ငါ့ခေါင်း၊ ရှိတာက စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထတရားပဲ။

ကင်းတာကိုလည်း ကျေးဇူးပြုလိမ့်မယ်၊ မကင်းတာကိုလည်း ကျေးဇူးပြုလိမ့်မယ်၊ မကင်းတာက သခ်ာတမာတ်၊ ကင်းတာက အသခ်ာတမာတ် မဟုတ်လား"

"မှန်ပါဘုရား"

"အဲဒါ အတ္ထိ ပစ္စယော၊ နတ္ထိ ပစ္စယော၊ ဝိဂတ ပစ္စယော၊ အဝိဂတ ပစ္စယောလို့ ခေါ်တယ်၊ ဤင်း ပဋ္ဌာန်းဒေသနာတော်ကိုလိုရင်းပစ္စည်းလောက် ဖော်ပြလိုက်ပေ၏။"

ပဋ္ဌာန်းဒေသနာတော်ကြီး ပြီး၏။

■

## အခန်း ၃၄

### ဒိဋ္ဌသရဏဂုံနှင့် သုတသရဏဂုံ

အနည်းဆုံး သောတာပန် တည်သွားသူ၏ သရဏဂုံကို "ဒိဋ္ဌသ–ရဏဂုံ" ဟု ခေါ်၏။ ရတနာသုံးပါး၏ ဂုဏ်ကို ဉာဏ် မျက်စိဖြင့် တကယ်မြင်သူ၏ သရဏဂုံဟု ဆိုလိုခြင်း ဖြစ်၏။ သာမာဝတီ မိဖုရားသည် ဘုရားရှင်ကို ဖူးမြင်ခွင့် မရသော်လည်း ခုဇ္ဇုတ္တရာ ကျွန်မထံမှ နာရသော တရားကြောင့် သောတာဖန်တည်ခဲ့ရာ "ဒိဋ္ဌသရဏဂုံတည်သူ"ဟု ဆိုအပ်၏။

ပုထုဇဉ်များ၏ အကြားနှင့် တည်ရသော သရဏဂုံကို "သုတသရဏဂုံ" ဟုခေါ်၏။ ရတနာသုံးပါး၏ ဂုဏ်ကို ဉာဏ် မျက်စိဖြင့် မမြင်ရဘဲ တည်ရသော သရဏဂုံမျိုးပင် ဖြစ်၏။ ကောသလမင်းကြီး၏ မိဖုရား မလ္လိကာသည် ဗုဒ္ဓကျောင်းတော်သို့ နေ့စဉ်သွားပြီး ပစ္စည်းလေးပါး လှူဒါန်းနေသော ဥပါသိကာမ

တစ်ဦးပင် ဖြစ်၏။

သို့သော် ဝိပဿနာတရားကို နာကြား၊ ရှုပွားခြင်း မရှိသောကြောင့် ပုထုဇဉ်အဖြစ်နှင့် မဖြစ်စလောက် အကုသိုလ်လေးကို အာရုံပြုမိပြီး သေသောကြောင့် ငရဲသို့ ၇-ရက်ကျသွားခဲ့ရ၏။ ဘုရားရှင်၏ သာသနာ နှင့် တွေ့ကြုံနေရသော အချိန်တွင် သံသရာတွင် အပါယ် မကျဖို့အတွက် အာမခံချက်ပေးနိုင်သော ဒိဋ္ဌိသရဏကို တည်ရန်အတွက် ဝိပဿနာတရားကို ဗုဒ္ဓဘာသာဝင်တိုင်း နာကြားရှုပွားသင့်၏။ ။

(ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့၊ မန္တလေးကျောင်းဆရာတော်)

၁၂၈၂ ခုနှစ်၊ မိတ္ထီလာမြို့၊ ရေလယ် တိုက်အုပ်ဆရာတော်ဘုရားကြီးက မြင်းခြံမြို့၊ ဆရာတော် ဦးကဝိနှင့် သာမဏေဘဝက တွေ့ ဆုံခြင်းခဏ၌

ရေလည်ဆရာတော်က မေး၍ မြင်းခြံဆရာတော်က ဖြေကြားပုံ

မေး။ ။ ဘုံသုံးပါးမှာ ဘယ်သူက အိမ်ကို ဆောက်လုပ်ပေးပါသလဲ။

ဖြေ။ ။ တဏှာက ဆောက်လုပ်ပေးပါတယ် ဘုရား။

မေး။ ။ တေဘုမ္မကသင်္ခါရဟာ ဘယ်ကမျိုးစေ့ ဖြစ်ပါသလဲ။

ဖြေ။ ။ အဝိဇ္ဇာက မျိုးစေ့ဖြစ်ပါတယ် ဘုရား။

မေး။ ။ လူရယ်လို့ ဖြစ်တာ ကုသိုလ်ကြောင့်လား၊ သို့မဟုတ် အကုသိုလ်ကြောင့်လား။

ဖြေ။ ။ လူဖြစ်တာ ကုသိုလ်၊ အကုသိုလ်ကြောင့် ဖြစ်ပါတယ်ဘုရား။

မေး။ ။ ကုသိုလ်ဟာ သုခဆိုမလား၊ ဒုက္ခဆိုမလား။

ဖြေ။ ။ ကုသိုလ်ဟာ သုခဆိုရပါတယ်၊ စင်စစ်ဟာဖြင့် ဒုက္ခပါပဲ။

မေး။ ။ လူချမ်းသာ၊ နတ်ချမ်းသာဆိုတာ အမှန်ရှိသလား။

ဖြေ။ ။ လူချမ်းသာ၊ နတ်ချမ်းသာဆိုတာ သခ်တနယ်မှာ အမှန်ပင်

ရှိပါတယ်၊ ပရမတ်သဘောဆိုလျှင် မရှိပါ။

မေး॥ ॥ ငရဲခံရတဲ့ပုဂ္ဂိုလ်၊ နတ်ပြည်စံရတဲ့ပုဂ္ဂိုလ် ရှိပါသလား။

ဖြေ॥ ॥ မရှိပါဘုရား။

မေး॥ ॥ လောကကြီးတွင် ခံစားသူ စံစားသူနှစ်ဦး ရှိသည်တွင် ဘယ်သူကို အမှန်ဟု ခေါ်မတုန်း။

ဖြေ॥ ॥ နှစ်မျိုးစလုံး မှန်ပါတယ် ဘုရား။

မေး॥ ॥ ၎င်းနှစ်မျိုးကို ဘာခေါ်မတုန်း။

ဖြေ॥ ॥ နာမ်,ရုပ်နှစ်ပါးပင် ခေါ်ပါသည်ဘုရား။

မေး॥ ॥ လောကမှာ သတ်သူသေသူ ရှိသလား။

ဖြေ॥ ॥ ရှိပါတယ် ဘုရား။

မေး॥ ॥ ရှိတယ်ဆိုတာ ဘာကိုမှတ်ရမှာလဲ။

ဖြေ॥ ॥ ရုပ်နာမ်နှစ်ပါးပါပဲဘုရား။

မေး॥ ॥ သူ့အသက်သတ်လျှင် ငရဲကျတယ်ဆိုတာ အမှန်ပဲလား။

ဖြေ॥ ॥ အမှန်ပါပဲဘုရား။

မေး॥ ॥ မှန်တယ်ဆိုလျှင် ဘယ်ဟာ အမှန်ခေါ်မတုန်း။

ဖြေ॥ ॥ ရုပ်နာမ်နှစ်ပါးဟာ ငါးရဲကျအောင်လည်း သူတို့ပါပဲ၊ ငရဲမကျအောင် နိဗ္ဗာန်ရောက်အောင်လည်း သူတို့ပါပဲဘုရား။

မေး॥ ॥ သတ်သူသေသူ ရှိတယ်၊ ယူတာကတစ်မျိုး၊ မရှိဘူး ယူတာက တစ်မျိုး ထိုနှစ်မျိုးတွင် ဘယ်ဟာ သမ္မာအယူခေါ်၍၊ ဘယ်ဟာ မိစ္ဆာအယူခေါ်သတုန်း။

ဖြေ॥ ॥ ရုပ်နာမ်နှစ်ပါးကလွဲ၍ ရှိတယ် မရှိဘူး နှစ်မျိုးလုံးပင် မိစ္ဆာအယူ ဆိုရမှာပါပဲဘုရား။

မေး॥ ॥ သမ္မာအယူဖြစ်အောင် ဘယ်လိုယူရမှာတုန်း။

ဖြေ။ ။ ရုပ်နာမ်နှစ်ပါးပင် ရှိတယ်၊ ယူလျှင် သမ္မာအယူဖြစ်တယ် ဘုရား။

မေး။ ။ ပရမတ်သဘောကို မသိသောသူ ဆယ်ပါးသောပါရမီ ပြည့်စုံနိုင်ပါသလား။

ဖြေ။ ။ မပြည့်စုံနိုင်ပါဘုရား။

မေး။ ။ ပညတ်တရား ပရမတ်တရား နှစ်ပါးရှိသည်တွင် ပညတ်ကိုသိသောသူ မဂ်ကို ရနိုင်ပါသလား။

ဖြေ။ ။ မရနိုင်ပါဘုရား။

မေး။ ။ ပရမတ် ပညတ်နှစ်ပါးဟာ ဘယ်ဟာ အမှန်ခေါ်သတုန်း။

ဖြေ။ ။ ပရမတ်သာ အမှန်ခေါ်နိုင်ပါတယ်ဘုရား။

မေး။ ။ မိစ္ဆာအယူ သမ္မာအယူနှစ်မျိုးတွင် ဘယ်အခါ သမ္မာအယူခေါ်သတုန်း။

ဖြေ။ ။ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ကင်းလွတ်သည်ကစ၍ သမ္မာအယူဖြစ်ပါပြီ ဘုရား။

ရေလည်ဆရာတော်ဘုရားကြီးက မှန်ကန်ကြောင်း ချီးမြှောက်ပြော ဆိုသည်မှာ " အင်း-ကောင်းပါသည် ဘုရား၊ သည်သဘောသဘာဝတရား မျိုးဆိုတာ အလွန်ခက်ခဲတယ် ဦးကဝိရဲ့၊ သည်ကစ၍ ဘုန်းကြီးများလည်း ဦးကဝိရဲ့ နည်းနာနိဿယကို အားထုတ်လိုပါတယ်၊ ကိုယ်နှင့်စပ်တဲ့ ဒါယကာ တွေလည်း သူတို့နှင့်တော်အောင် အပါယ်တံခါးလွတ်အောင်ဟာ (ကိုယ်တော်ဦးကဝိ) တပည့်တော်တို့ တိုက်မှာ တစ်ဝါတစ်ချီ နေပါဦးနော် ဦးကဝိရဲ့"

"မှန်လှပါ၊ ဘုရားတပည့်တော်မှာလည်း ယခုအခါ မှီခိုပြီး နိဿည်းယူဖို့ ဆရာရှာနေတုန်း ယခုဆရာတော်ဘုရား အမိန့်ရှိတာ အလွန်ဝမ်းသာပါတယ် ဆရာတော်ဘုရား"

## အဂ္ဂမဟာပဏ္ဍိတ တောင်သာဆရာတော်နှင့် ဦးကဝိ ဆွေးနွေးခန်း

၁၂၉၂ ခုနှစ်၊ ဝါဆိုလဆန်း ၁၄–ရက်နေ့ ညနေ၊ တောင်သာမြို့ တောရကျောင်း၌ သီတင်းသုံးနေသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဦးအဂ္ဂဝံသ ဆရာတော်ဘုရားသည် မြင်းခြံမြို့၊ ဦးကဝိနှင့် တွေ့သောအခါ ပဋိသန္ထာရစကား ပြောကြပြီးသကာလ သာသနာတော်ကြီး ကြီးပွားရာကြီးပွားကြောင်း ကျင့်စဉ်လမ်းကောင်းကို ဦးအဂ္ဂဝံသဆရာတော်က စိစစ်မေးမြန်းတော်မူသော စကား (အကျဉ်းချုပ်မှတ်တမ်း)။

မေး။ ။ ဦးကဝိ ချမ်းသာပါ၏လား။

ဖြေ။ ။ မှန်လှပါ ချမ်းသာပါ၏ ဘုရား။

မေး။ ။ ဦးကဝိ၏ သတင်းကို ကြားရသဖြင့် အလွန်ဝမ်းမြောက်ပြီး တွေ့ချင်၍နေတာ ယခု တွေ့ရ၍ အလွန်ဝမ်းမြောက်လှပါ၏။

ဖြေ။ ။ တပည့်တော်များလည်း ဆရာတော်ဘုရား၏ ပရိယတ္တိဂုဏ် သတင်းကြားရဖြူးသော်လည်း မတွေ့ရ၊ ယခုမှ ဖူးမြင်ရသဖြင့် ဝမ်းမြောက်ကြောင်းပါဘုရား။

မေး။ ။ သမထ, ဝိပဿနာအားထုတ်ပုံ နည်းနာကို နာလိုပါသည်ဟု လျှောက်ထား၏။ အခွင့်ပြုတော်မူပါက အားထုတ်ပုံ အချင်းအရာကို ဟောတော်မူပါမည်။ ခွင့်ပန်ပြီးလျှင် မိမိထံသို့ ရှေးရှုရောက်လာသော တပည့်များအား တရားဟောသောနည်းအတိုင်း (အာနာပါန)ပရိကံကစ၍ အားထုတ်ပုံ အလုံးစုံကို မဂ်ထိကျအောင် ဟောပြောလေ၏။

မေး။ ။ ရှေးကို ဘယ်သို့သုံးသပ်သနည်း။

ဖြေ။ ။ သမ္မသနဉာဏ်ကစ၍ ရှေးနည်းအတိုင်း သုံးသပ်ရပါကြောင်း ဟောကြားလေ၏။

၁။ ထိုအခါ တောင်သာဆရာတော်က ဦးကဝိတို့ ယခု အားထုတ်သောလမ်းသည် အကျဉ်းဆုံး လမ်းပေတည်း။

၂။ တပည့်တော်တို့ အားထုတ်သောလမ်းက ကျယ်လွန်းနေသောကြောင့် ပေါက်ရောက်နိုင်ခဲ့သည်။

၃။ ဦးကဝိတို့ ယခု အားထုတ်သော လမ်းစဉ်အတိုင်း သဘောကျပါ၏။ ယုံကြည်သက်ဝင်ကြောင်း ဝန်ခံလေသည်။

၄။ ထိုသို့ ဝန်ခံပြီးနောက် တပည့်တော်လမ်း အကျဉ်းဆုံး အတိုဆုံး နည်းလမ်းကို ရှာဖွေနေစဉ်မှာ ယခုမှ တွေ့ရှိရသဖြင့် ကျေးဇူးများပေသည်။ ဦးကဝိနှင့် တွေ့ရတာ ကျေးဇူးများပေသည်ဟု ဒဋ္ဌိကမ္မစကားကို မိန့်ကြားတော်မူသည်။

၅။ ထိုသို့ ပဋိသန္ဓာရစကား တစ်ပါးနှင့်တစ်ပါး ဆွေးနွေးတိုင်ပင်၍ပြီးသည့်နောက် မြင်းခြံဆရာတော် ဦးကဝိအား တည်းခိုဖို့ရာ ကျောင်းသို့ တောင်သာဆရာတော် လိုက်၍ ပို့ပြီးလျှင် မိမိသီတင်းသုံးရာကျောင်းသို့ ပြန်ကြွလေ၏။

၆။ ထို့နောက် ဝါဆိုလဆန်း ၁၄–ရက်၊ နံနက် ၇–နာရီအချိန်တွင် တောင်သာဆရာတော် သီတင်းသုံးရာကျောင်း၌ ဆွမ်းဘုဉ်းပေးပြီးနောက် သမထဝိပဿနာကျင့်စဉ်လမ်းကို ပြောပြပြန်ရာ သဘောကျကြောင်းကို တောင်သာဆရာတော် အမိန့်ရှိပြီးနောက် ဝိသုဒ္ဓိမဂ်၌လာသော မဇ္ဈိမနိကာယ်ဆောင် တိပိဋက၊ စူဠနာဂမထေရ်သည် စာတတ်ပြောသော်လည်း လုပ်ထုံး မကျွမ်းကျင်သည်ဖြစ်၍ (မဟာဓမ္မရက္ခိတ)မထေရ်ထံ သွား၍ လုပ်ထုံး ဥပနိသျကို ခံယူကြောင်းနှင့် ဆရာတော်ဦးကဝိ၏ အဖိုးတန်ကြောင်းကို အနား၌ရှိသော ဒါယကာများအား ဟောကြားလေသည်။ နောက် ညည့်သည်များ ချထားသော ကျောင်းသို့ မြင်းခြံဆရာတော် ဦးကဝိ

ကြွသွားလေသည်။

၇။ ထို့နောက် နေ့ဆွမ်းစားချိန်ရောက်သဖြင့် ဆွမ်းစားပြီးသည်နောက် ဥပသမ္ပဒကံ စီမံဆောင်ရွက်ပြီးသကာလ တောင်သာဆရာတော်က မြင်းခြံဆရာတော်အား တရားချီးမြှင့်ဖို့ရန် တောင်းပန်သဖြင့် မြင်းခြံဆရာတော်သည် တောင်သာမြို့၊ ရဟန်းဒါယကာ အစိုးရအထောက်ပံ့ခံကျောင်းအုပ်ကြီး ကိုစ အစရှိသည့် ရောက်လာသော ဒါယကာ, ဒါယိကာမတို့အား သံသရာစက် လည်ကြောင်း သံသရာစက် ပြတ်ကြောင်း တရားနှင့် ဓမ္မစကြာတရားများကို ဟောကြား ညွှန်ပြဆုံးမလေသည်။

၈။ ထို့နောက် ဆရာတော်ဦးကဝိသည် မိမိ သီတင်းသုံးနေထိုင်ရာဖြစ်သော ဇလွန်ကျောင်းသို့ ပြန်ရောက်သဖြင့် တောင်သာဆရာတော်ကြီးအား ကန်တော့သောအခါ တောင်သာဆရာတော်က မြင်းခြံဆရာတော်အား လိုက်နာဆောင်ရွက်လိုက်သည် ဖြစ်၍ ဦးကဝိအားထုတ်ပုံ ကျင့်စဉ်နည်းလမ်းကို အကျဉ်းချုပ် ရေး၍ ပို့ပါမည်အကြောင်း တောင်းပန်လျှောက်ထားပြန်၏။

၉။ ထိုသို့ တောင်းပန်လျှောက်ထားချက်အရ မြင်းခြံဆရာတော်က ဝိပဿနာတရား အားထုတ်ပုံ အကျဉ်းချုပ်ကို ၁၂၉၂ ခု၊ ဝါဆိုလဆုတ် ၄-ရက်၊ တနင်္ဂနွေနေ့တွင် ရေး၍ တောင်သာမြို့၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့-တံဆိပ်တော်ရ ဂိုဏ်းချုပ် ဦးအဂ္ဂဝံသဆရာတော်ဘုရားထံသို့ ပေးပို့လိုက်သည်မှာ-

သံသရာစက် လည်ကြောင်း ပြတ်ကြောင်း နှစ်မျိုးရှိရာတွင် သံသရာစက်လည်ကြောင်းကို မပြုလုပ်ဘဲနှင့် သံသရာစက် ပြတ်ကြောင်း တရားကိုသာ အားထုတ်ဖို့ပါပဲဘုရား၊ သံသရာစက် ပြတ်ကြောင်း လုပ်ရသည်မှာ တံခါးကစောင့်၍ ဖြတ်ပါက သံသရာစက် ပြတ်ပါလိမ့်မည်။ တံခါး

ဆိုသည်မှာ ကာယတံခါးက စောင့်၍ဖြတ်ပါ။

"ကာယတံခါးက စောင့်၍ ဖြတ်ပါ" ဆိုသည်မှာ ကာယတံခါး သည် စက္ခုစသော တံခါးတို့ထက် ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်မှာ သိလွယ်၊ မြင်လွယ်၊ နှလုံးသွင်းလွယ်၊ သုံးသပ်လွယ်သည် ဖြစ်၍ နာမရူပပရိစ္ဆေဒ ဉာဏ် အမြင်သန်စေခြင်းငှာသာ ဆိုပါသည်။

စက္ခုစသော တံခါးကလည်း စောင့်၍ သတ်ရပါသည်။ သတ်သော် လည်း စက္ခုစသော တံခါးသည် အလွန်သိမ်မွေ့သည်ဖြစ်၍ ယောဂီပုဂ္ဂိုလ် ၏ ဉာဏ်က နုံ့နှေးသောကြောင့် နာမရူပပရိစ္ဆေဒဉာဏ် အမြင်မသန်နိုင်ပါ။ သို့ဖြစ်သောကြောင့် "ကာယတံခါးက စောင့်ဖြတ်ပါ" ဟု ဆိုပါသည်။

ထိုကာယတံခါးကလည်း "ထိမှု" ဖြစ်တတ်ပါသည်။ အဲဒီ ထိမှုမှာ သိမှုလည်း ပါပါသည်။ အဲဒီ ထိမှု၊ သိမှု ထိုနှစ်ခုကို သတိကြပ်ကြပ် ပြုဖို့ပါပဲ ဘုရား။ ထိုကာယတံခါးကို ထိတော့ ဖဿဖြစ်ပါသည်။ ဖဿ ဖြစ်တော့ ဝေဒနာဖြစ်သည်။ ၎င်းဝေဒနာကို တဏှာ၊ ဥပါဒါန်၊ ဘဝစသည် မဖြစ်ရ အောင် သတိနှင့် စောင့်၍ သတ်ဖို့ပါပဲ ဘုရား။

သတ်ရာမှာလည်း ဝေဒနာသညာ၊ ဝေဒနာပညာ နှစ်ပါး ဖြစ်တတ် ရာ၌ သညာဆိုသည်မှာ ပညတ်ဒြပ်သဏ္ဌာန်ကို အာရုံပြု၍ သုံးသပ်ခြင်းကို ဆိုပါသည်။ ဝေဒနာပညာဆိုသည်မှာ ပရမတ်အစစ် ဓာတ်အနှစ်ကို အာရုံ ပြု၍ သုံးသပ်ခြင်းကို ဆိုပါသည်။

ထို ဆိုခဲ့ပြီးသော ဝေဒနာသညာ မဖြစ်စေဘဲ၊ ဝေဒနာပညာ ဖြစ်ပါမှ ဥဒယဗ္ဗယဉာဏ် အမြင်သန်၍ မိမိဉာဏ်မှာ တစ်စတစ်စ သန့်ရှင်း ၍ လာပါလိမ့်မည်။ ထို့နောက် ကာယတံခါးက စောင့်၍ သတိနှင့် သုံးသပ် သဖြင့် ထင်ပါများသော် မနောဒွါရာဝဇ္ဇန်း ဖြစ်ပြီးသည်နောက် သင်္ခါရုပေ– က္ခာဉာဏ် ဖြစ်ပေါ် လာပါလိမ့်မည်။

ထို သင်္ခါရုပေက္ခာဆိုတဲ့ ပရိကံ၊ ဥပစာ၊ အနုလုံဇောများက ကိလေသာတရား ကင်းစင်သွားအောင် ပြုလုပ်ပေးတော့ ဂေါတြဘုက နိဗ္ဗာန်ကို မြင်ရရော။ သည်တော့မှ ဂေါတြဘုက နိဗ္ဗာန်လို့ သညာပေးလိုက် တာနှင့် ဂေါတြဘု၏ သညာသို့ လိုက်၍ ၎င်းဂေါတြဘုသညာပေးသော နိဗ္ဗာန်ကို အမှီတံကဲ သဟဲပြုပြီး မဂ်က အနုသယကို ပယ်ပါရောဘုရား။ ဤကား အကျဉ်းချုပ်ပါပဲ ဘုရား။

## ၁၂၉၀ ပြည့်နှစ်၊ ကဆုန်လဆုတ် ၄–ရက်နေ့ ပဲခူးမြို့ အဖျားရွာတွင် ဖက်ပင်အိုင် ဆရာတော်ကြီးက မြင်းခြံဆရာတော် ဦးကဝိအား မေးမြန်းပြောဆိုခြင်း (အကျဉ်းသခ်ေပမှတ်တမ်း)

မေး။ ။ စက္ခုနှင့် ရူပါရုံ ပြိုင်သောအခါ စက္ခုက ရူပါရုံထဲ သွားသလား၊ ရူပါရုံက စက္ခုထံ သွားလေသလား။

ဖြေ။ ။ စက္ခုကလည်း မသွား၊ ရူပါရုံကလည်း မလာပါဘူးဘုရား။

မေး။ ။ ဒါဖြင့် ဘယ့်နှယ် မြင်နိုင်သတုန်းဘုရား။

ဖြေ။ ။ သူ့သတ္တိ ရှေးရှုသောအခါ မြင်ခြင်းငှာ စွမ်းနိုင်ပါ၏ ဘုရား။

မေး။ ။ ဒါဖြင့် ရူပါရုံက လာတာပေါ့ဗျာ။

ဖြေ။ ။ မလာပါဘုရား၊ ဥပမာ နေကို ကြည့်သောသူသည် နေ၏ သတ္တိ အရောင်အလင်း မျက်စိကျိုန်းခြင်းသာ ရှိပါ၏ ဘုရား၊နေဝန်းကြီး–က မျက်စိထဲဝင်လာသည် မဟုတ်ပါဘုရား။ မျက်စိကလည်း နေဝန်းကြီးထဲ ဝင်သွားသည် မဟုတ်ပါဘုရား။

မေး။ ။ ဒါဖြင့် နေပါဦးဗျာ၊ နိဗ္ဗာန်အကြောင်း ပြောစမ်းပါ။

ဖြေ။ ။ နိဗ္ဗာန်ဆိုတာဘုရား၊ ဥပမာ ယောဂီပုဂ္ဂိုလ်တစ်ယောက်သည်

ဝိပဿနာအားထုတ်၍ စိတ်၊ စေတသိက်၊ ရုပ်တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို အလွန် ကြီးစွာသော ဆင်းရဲကြီးဟု ငြီးငွေ့လျက် ဆင်းရဲခြင်း၏ အကြောင်းကိုရှာက တဏှာလို့ သိရသည်နှင့် တစ်ပြိုင်နက် မဂ်က ၎င်းတဏှာကို ပယ်လိုက်တော့ အကြောင်း အကျိုး ပြတ်သွားပါရော၊ အဲဒီ ရှေးဦးစွာ မဂ်ကမပယ်မီ ဖြစ်ပျက် နေတာ သင်္ခတ၊ နောက်တော့ အကြောင်းအကျိုး ပြတ်၍ ဘာမှ မရှိတာကတော့ အသင်္ခတနိဗ္ဗာန်ပါပဲဘုရား။

မေး။ ။ နိဗ္ဗာန်မှာ နေဝန်းလဝန်း သဏ္ဍာန်များလို အရောင်တွေများ ရှိသ လားဗျ။

ဖြေ။ ။ အရောင်တွေ မရှိပါဘုရား။

မေး။ ။ ဒါဖြင့် ဘယ့်နှယ်နေတုန်း ပြောစမ်းပါဗျာ။

ဖြေ။ ။ ပြောစရာ မရှိပါဘုရား။

မေး။ ။ ဒါဖြင့် နိဗ္ဗာန် မရှိဘူးလား။

ဖြေ။ ။ ရှိပါရဲ့ ဘုရား။

မေး။ ။ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်လို့ ပရမတ်တရား လေးပါးရှိမဟုတ် လားဘုရား။

ဖြေ။ ။ ရှိပါတယ် ဘုရား။

မေး။ ။ အဲဒီ ပရမတ် ပြောပါဗျာ။

ဖြေ။ ။ ဆရာတော်ဘုရား၊ ဦးကဝိက ပရမတ်ဆိုလျှင် ဘာမှပြောစရာမရှိ လက်ပိုက် ထိုင်နေရုံပဲ။

မေး။ ။ နေစမ်းပါအုံးဗျာ၊ ဟောဒီ ရွှေတုံးကြီးကို ခဲလို့ ပြောကာမျှဖြင့် ၎င်း ရွှေတုံးကြီး ခဲဖြစ်သွားမှာလားဗျာ ပြောစမ်းပါဦး။

ဖြေ။ ။ ခဲ မဖြစ်ပါဘုရား။ သို့သော်လည်း ပညတ်တရားကြီးလို ဒြပ်ဝတ္ထု

နှင့် ထင်ရှားမပြနိုင်ပါဘုရား။ နာမ်ရုပ်တို့၏ ဥပါဒ်၊ ဌီ၊ ဘင် မရှိ၊ ချုပ်ငြိမ်းသွားတာကို နိဗ္ဗာန်လို့ ခေါ်တာပဲ။

မေး။ ။ ဉာဏ် ၁၀–ပါးပွားများတာ ပြောစမ်းပါဦးဗျာ။

ဖြေ။ ။ ဥပမာ ယောဂီပုဂ္ဂိုလ်တစ်ယောက်သည် အာနာပါနနှင့် သမာဓိရင့်သောအခါ မိမိကိုယ်ပေါ်မှာ ဝေဒနာကို သတိနှင့် လိုက်ပါရောဘုရား။ အဲဒါနှင့် ပထမကတော့ သညာအားဖြင့် ဝေဒနာပေါ်ပြီး နောက်ဖြစ်ပျက်ခြင်း ဓမ္မကို ဟုတ်တိုင်းမှန်စွာဖြင့် မြင်ပါရော၊ ဒါနဲ့ ကြောက်ခြင်း၊ ရွံရှာခြင်း ဖြစ်ပါရောဘုရား။

မေး။ ။ ဉာဏ် ၁၀–ပါးဟာ တစ်ခုစီ ပွားရမှာ မဟုတ်လားဘုရား။

ဖြေ။ ။ တစ်ခုစီပွားတာက ကိုယ့်အလိုပါဘုရား။

မေး။ ။ တစ်ခုစီမပွားလျှင် ဘယ့်နှယ်လုပ်မှာတုန်းဗျာ။

ဖြေ။ ။ သမ္မသနဉာဏ် သုံးသပ်ရုံမျှဖြင့် ဖြစ်ပျက်ခြင်း၊ ကြောက်ရွံ့ခြင်း စသည်ဖြစ်ပါရောဘုရား။

မေး။ ။ နေစမ်းပါဦးဗျာ၊ အင်း–အဲဒီ သမ္မသနဉာဏ် သုံးသပ်လိုက်တော့ ဖြစ်ပျက်တာက ဥဒယဗ္ဗယဉာဏ်၊ ပျက်တာက ဘင်္ဂဉာဏ်၊ ကြောက်တာက ဘယဉာဏ်၊ ရွံတာက အာဒီနဝဉာဏ်၊ အေး ဟုတ်ပေတယ်ဗျာ၊ ဟုတ်ပေတယ်။

ဦးကဝိရဲ့ လောကမှာ ပညတ်အားဖြင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာလို့ ရှိတယ် မဟုတ်လား။

ဖြေ။ ။ ရှိပါရဲ့ဘုရား။

မေး။ ။ အဲဒီ ပုဂ္ဂိုလ်များဟာ အစဉ်အတိုင်း တောက်လျှောက် သောတာပန် သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာလို့ တက်သွားသလား။

ဖြေ။ ။ မတက်ပါဘုရား။

မေး။ ။ ဒါဖြင့် ဘယ်လို တက်ရတုန်းဗျာ၊ တက်ပုံ ပြောစမ်းပါဦးဗျာ။

ဖြေ။ ။ ဥပမာ–ယောဂီပုဂ္ဂိုလ်တစ်ဦးဟာ သမ္မသနဉာဏ်ကို သုံးသပ်၍ ဉာဏ်ဆယ်ပါး ကုန်သွားပြီးနောက် ပညတ်အားဖြင့် ၎င်းပုဂ္ဂိုလ်ကို "သောတာပန်" ဟု ခေါ်ပါသည်ဘုရား။

၎င်းနောက် သမ္မသနဉာဏ် သုံးသပ်ပြီး ဉာဏ် ၁၀–ပါးကုန်ပြန်က "သကဒါဂါမ်" လို့ ခေါ်ပါတယ်ဘုရား။ ဤကဲ့သို့ လေးကြိမ်တက်က ရဟန္တာလို့ ခေါ်ပါတယ်ဘုရား။ (လောကီစကား အလွန်များသောကြောင့် မရေးပြီ)။

■

## အခန်း ၃၅

### တရားမြင်မှ ဘုရားမြင်

ယခုဘုရားရှင်၏ သာသနာတွင် ဝိပဿနာ၏ အခြေခံဖြစ်သော နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပ ရိဂ္ဂဟဉာဏ်လောက်ကိုမှ ရအောင် အားထုတ်နာကြား ခြင်းမပြုဘဲ နောက်ပွင့်မည့် ဘုရားရှင်ကို ဖူးတွေ့ရအောင် ဆုတောင်းနေကြသူများ အထူးသတိပြုသင့် သောအချက် တစ်ချက် ရှိ၏။

ဝိပဿနာတရားအခြေခံလေးမှ မရှိသူသည် ဘုရားရှင်ကို မျက်စေ့ရှေ့တွင် တွေ့မြင်နေရသော်လည်း ဖူးမျှော်ကန် တော့ဖြစ်ဖို့နေနေသာသာ ဘုရားရှင်မှန်းပင် မသိနိုင်ချေ။ ဓမ္မစကြာတရားကို ဟောပေးချင်သဖြင့် သူတို့ထံလိုက်လာသော ဘုရားရှင်ကို ပဉ္စဝဂ္ဂီငါးဦးသည်

ရှိခိုးခြင်းမပြုရန်၊ နေရာထိုင်ခင်း မပေးရန်ပင် တိုင်ပင်ထားကြ၏။

ဤကား ဘုရားရှင်ကို တွေ့မြင်နေရသော်လည်း တရား မမြင်သောကြောင့် ဘုရားရှင်မှန်းပင် မသိနိုင်ခြင်း ဖြစ်၏။ ပက္ကုသာတိမင်းကြီးသည် ဘုရားရှင်နှင့် အခန်း တစ်ခန်း တည်းတွင် တည်းခိုနေရသော်လည်း သူဖူးတွေ့ချင်နေသော ဘုရားရှင်မှန်း မသိခဲ့၊ ဘုရားရှင်ဟောကြားသော ဓာတ်ခြောက်ပါး တရားကို နာကြားရပြီး အနာဂါမ်တည်သောအခါမှပင် ဘုရားရှင် မှန်းသိရှာ၏။

ဘုရားဖြစ်ပြီးစ အချိန်က လမ်းတွင် ဥပကကြီးနှင့် တွေ့၏။ ဥပက–က မေးသောကြောင့် မာရ်ငါးပါးကို အောင်မြင်သော ဇိန(ဘုရားရှင်)ဖြစ်ကြောင်း ပြောကြားသော်လည်း ဥပကကား စိတ်ချလက်ချယုံကြည်ပုံ မရပဲ၊ ဇိနဆိုတာ ဟုတ်လောက်ပါပေ တယ်ဟု ပြောပြီး လမ်းခွဲသွားခဲ့၏။ ဤသည်လည်း တရားကို မမြင်သောကြောင့် ဘုရားကိုမမြင်ခြင်းပင် ဖြစ်၏။

ထို့ကြောင့် ယခုဘုရားသာသနာမှာပင် ဝိပဿနာတရားကို အခြေခံရအောင် နာကြား အားထုတ်ထားသင့်၏။ သို့မှသာ နောက်ပွင့်မည့် ဘုရားရှင်ကို ဖူးတွေ့ရသောအခါ ဘုရားရှင်မှန်း သိနိုင်မည် ဖြစ်၏။ သို့မဟုတ်ပါက ဘုရားရှင်ကို တွေ့မြင်ရသော်လည်း

ဘုရားမှန်းပင် သိနိုင်မည်မဟုတ်ပေ။

(ရွှေပြည်သာမြို့၊ မန္တလေးကျောင်းဆရာတော်။)

၁၂၈၇– ခုနှစ်၊ တော်သလင်းလဆန်း (၃) ရက်နေ့၊ ညနေ (၆)နာရီ အချိန်တွင် ဖက်ပင်အိုင်ဆရာတော်ဘုရားကြီး ကြွလာတော်မူသောအခါ ဆရာတော်ဦးပုညာ၊ ဦးဇာဂရ စသော ရဟန်းတော်များနှင့်တကွ ဒါယကာများ ဆည်းကပ်နေကြစဉ် ဖတ်ပင်အိုင်ဆရာတော်ဘုရားကြီးက မြင်းခြံဆရာတော်အား မေးမြန်းပြောဆိုပုံ–

(က) ဦးကဝိတို့ ကြွလာမည့်အကြောင်းကို ပင့်စာ၌ပါသောကြောင့်သာ ယနေ့ညနေ လာခဲ့ရတာပါဘုရား။ သို့မဟုတ်လျှင် နက်ဖြန် နေ့ဆွမ်းမှီရုံလောက်မှသာ လာမည်ဟု ကြံပါတယ်။ လူကြီးဆိုတော့ သွားလာရတာများတယ် ဝန်လေးတယ် ဦးကဝိရဲ့။

(ခ) ကဲ– ဦးပုညတို့ ဦးဇာဂရတို့ ဦးကဝိနှင့် စကားပြောကြပါဘုရား၊ တပည့်တော်တော့ မောသေးတယ်။

မှန်လှပါဘုရား၊ အမောအပန်းဖြေ၍ နားနေပြီးနောက်, ဆရာတော်ဘုရားသာ အမိန့်ရှိတော်မူပါ ဘုရားဟု လျှောက်ကြတော့၊ အမောအပန်း မဖြေဘဲ ဆက်လက်၍ အောက်ပါအတိုင်းပြောဆိုလေ၏။

(ဂ) ဦးကဝိ၊ တပည့်တော်များသည် တစ်ပါးနှင့်တစ်ပါး ဘွားခနဲ ယခုမှ တွေ့မြင်ကြသော ပုဂ္ဂိုလ်များလည်း မဟုတ်ကြပေ။ ရှေးကလည်း တွေ့ဖူးမြင်ဖူးသူများ ဖြစ်ကြ၍ တစ်ပါးကိုတစ်ပါး အားနာစရာ မရှိ။ မေးမြန်း စရာ ရှိသလောက်တော့ မေးမြန်းခွင့် မရပေဘူးလား ဘုရား။

မှန်လှပါ၊ ဆရာတော်ဘုရား၏ တပည့်ကို အလိုရှိသ၍သာ ဆုံးမတော်မူပါဘုရား။

(ဃ) ကဲ ဒါဖြင့် ရှေးက ပခူးမြို့ အဗျားရွာတွင် တွေ့ကြစဉ် ကတော့

ဖြိုးကနဲ တွေ့ကြုံရတာကလဲ တကြောင်း၊ အာဂန္တုကချင်းဖြစ်နေ တာကလဲ တကြောင်းမို့၊ မေးသင့်သလောက်သာ မေးရပေတယ်။ ယခုတော့ တဖန် ဆက်လက်၍ မေးရပြန်တာပေါ့။

မေး။ ။ ဦးကဝိရဲ့၊ ယခု သီတင်းလဲ ကျွတ်ခါနီးပြီ ယခုဝါတွင်း ဘာကိုများ အာရုံပြု၍ သီတင်းသုံးနေပါသတုန်း ဘုရား။

ဖြေ။ ။ သာသနာတော်ကို အာရုံပြုနေပါတယ် ဘုရား။

မေး။ ။ သာသနာတော်ကို ဘယ်ပုံ အာရုံပြုပါသတုန်း ဘုရား၊ သာသနာ ဆိုတာ ပရိယတ်, ပဋိပတ် နှစ်ပါးရှိပါတယ်။ ထိုနှစ်ပါးတို့တွင် ဘယ် သာသနာကို ဘယ်ပုံအာရုံပြုနေပါသတုန်း ဘုရား။

ဖြေ။ ။ ဘုရားတပည့်တော်မှာ စာကလဲ မတတ်တော့ ပရိယတ္တိသာသနာ ကို ချီးမြှင့်ခြင်းငှာ မစွမ်းနိုင်ပါ။ ဒါကြောင့် ပဋိပတ္တိသာသနာပေါ် တွင်သာ သမာဓိမရသေးသော ပုဂ္ဂိုလ်များလည်း သမာဓိရလေ အောင်၊ ရပြီးသော ပုဂ္ဂိုလ်များလည်း ရင့်သည်ထက် ရင့်အောင်၊ ရင့်ပြီးသော ပုဂ္ဂိုလ်များလည်း လိုရင်းကိစ္စပြီးစီးကြအောင်သာ အာရုံပြုနေပါ၏ ဘုရား။

မေး။ ။ ဒါဖြင့်လျှင် မေတ္တာပေါ့ ဘုရား။

ဖြေ။ ။ မှန်လှပါ ဘုရား။

မေး။ ။ မေတ္တာဆိုတော့ သတ္တပညတ်ပေါ်၌ စိတ်ကို ထား၍ လောကီရှိပါ သေးတယ်။ လောကုတ္တရာ၌ကော ဘယ်လို အာရုံပြုပြီး စိတ်ကို ထားပါသတုန်းဘုရား။ လောကုတ္တရာမှာကော စိတ်ကို မထားဘူး လား။

ဖြေ။ ။ လောကုတ္တရာပေါ်မှာလဲ စိတ်ကို ထားပါရဲ့ ဘုရား။

မေး။ ။ အဲဒီ လောကုတ္တရာပေါ်မှာချည်းဘဲ စိတ်ကို ထားပါတော့လား

ဘုရား။ အဘယ်ကြောင့် လောကီစိတ်တွေကို ရောက်နေရသေး သလဲ ဘုရား။

ဖြေ။ ။ လောကုတ္တရာပေါ်မှာချည်း သက်သက် စိတ်ကိုမထားနိုင်ပါဘုရား၊ ခန္ဓာဝန်ကြီးက အလွန်လေးသောကြောင့် လောကီတလှည့်၊ လောကုတ္တရာတလှည့် ပြောင်းခံနေရပါ၏ ဘုရား။

မေး။ ။ ကဲ ဒါဖြင့် လောကီပညတ် အာရုံပြုပုံကိုတော့ ထားလိုက်ပါဦး တော့ ဘုရား။ လောကုတ္တရာပရမတ်ကိုတော့ ဘယ်လို အာရုံပြု ပါသတုန်း ဘုရား။

ဖြေ။ ။ မိမိမြင်ဖူးတာကို အာရုံပြုရပါတယ် ဘုရား။

မေး။ ။ ဒါဖြင့် အခြားစာတွေကို ထားလိုက်ပါဦးတော့၊ သင်္ဂြိုဟ်ဆိုတဲ့ အတိုင်း "မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ ပစ္စဝေက္ခတိ ပဏ္ဍိတော" စသည်ဖြင့် ပစ္စဝေက္ခဏာပေါ့။

ဖြေ။ ။ မှန်လှပါ ဘုရား။

မေး။ ။ ဒါဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို အာရုံပြုရတာနှင့် ပညတ်ကို အာရုံပြုရ တာ ဘယ်က သာခက်သတုန်း ဘုရား။ မဂ်ဖိုလ်နိဗ္ဗာန်ကို အာရုံပြုရ တာက သာ၍ မခက်ပေဘူးလား ဘုရား။

ဖြေ။ ။ တပည့်တော် သဘောဖြင့် ဘယ်ဒင်းမှ မခက်ပါ ဘုရား။

မေး။ ။ မဂ်ကို အာရုံပြုပုံ ပြောပြစမ်းပါ ဘုရား။

ဖြေ။ ။ ဥပမာ ယောဂီပုဂ္ဂိုလ်တယောက်သည် ဝိပဿနာတရားအား ထုတ်၍ တတ်လာတယ်ဆိုပါတော့ ဘုရား။ အဲဒီတော့ ဘွင်အနည်း ငယ်မျှ ကျသွားပြီးနောက် ရှေ့စိတ်သုံးပါးက ကိလေသာတရားကို ဖယ်ရှားပေးပါရော ဘုရား။

နောက် စိတ်က နိဗ္ဗာန်ကို မြင်ပါရော ဘုရား။ ဒါနဲ့ စိတ်၊

စေတသိက်၊ ရုပ်ဆိုတဲ့ တရားသုံးပါး ဖြစ်ချုပ်, ဖြစ်ချုပ်, ဖြစ်နေတာကိုပင် ကြီးစွာသော ဆင်းရဲကြီးပါကလား။ ဒီဆင်းရဲဟာ ဘယ်သူ့ကြောင့် ဖြစ်သလဲလို့ စစ်လိုက်တော့၊ ၎င်း စိတ်၊ စေတသိက်၊ ရုပ်ကို ပြုလုပ်ပေးတတ်တဲ့ လောဘကို မြင်ပါရော ဘုရား။ ယခု ပြောနေတာက တစ်ခုစီပြောရလို့ ကြာနေတာပါ ဘုရား။ ဟိုမှာတော့ ဘာမှ မကြာပါဘူး ဘုရား။ ဆင်းရဲကို သိတာနှင့်တပြိုင်နက်ထဲ ဖြစ်သွားတာပါ။

ကဲ ပြောသာပြောပါ ဘုရား။

အဲဒီလို လုပ်ပေးတဲ့သူကို မြင်တော့ နိုင်တဲ့သူက ဖြူးကနဲ ပြုလုပ်ပေးတဲ့သူကို သတ်လိုက်ပါရော။ အဲဒါက မဂ်ပါဘဲ ဘုရား၊ ဒီတော့ စိတ်၊ စေတသိက်၊ ရုပ်များလည်း မရှိဖရဲ ဖြစ်သွားသလို ဖြစ်သွားတော့ အကြောင်းအကျိုး ပြတ်သွားပါရော ဘုရား။ အဲဒါ နိဗ္ဗာန်ပါဘဲ ဘုရား။ ဒါနဲ့ နောက်တော့ ဖိုလ်ဇောအုပ်သွားပါရော၊ အဲဒါ မြင်ဖူးတာတွေပါဘဲ ဘုရား။

မေး॥ ॥ နေစမ်းပါဦး ဘုရား၊ ဒီမဂ်ဖြစ်တဲ့အခါများ ထင်ထင်ရှားရှား မဂ်ဖြစ်မှန်းသိရဲ့လား။

ဖြေ॥ ॥ မသိပါ ဘုရား၊ နောက်ဆင်ခြင်မှ သိရပါ၏ ဘုရား။

မေး॥ ॥ နောက်ဆင်ခြင်မှ သိရတယ်ဆိုတာ ဟုတ်ပါရဲ့လား။

ယထာပိ မူလေ အနုပဒ္ဒဝေ ဒဠှေ၊
ဆိန္နောပိ ရုက္ခော ပုနဒေဝ ရူဟတိ။
ဧဝံပိ တဏှာနုသယေ အနူဟတေ၊
နိဗ္ဗတ္တတေ ဒုက္ခမိဒံ ပုနပ္ပုနံ॥ ॥

အနုပဒ္ဒဝေ–စိမ်းစိမ်းလတ်လတ် မသတ်ဖြတ်သေးသော၊ မူလေ–

ရေသောက်မြစ်ကြီးသည်၊ ဒဠ္ဍ–မြဲမြံခိုင်ခံ့သည်ရှိသော်၊ ဆိန္နောပိ–အခက်အရွက်အပင်ပြတ်သော်လည်း၊ ရုက္ခော–သစ်ပင်သည်၊ ပုနဒေဝ–တဖန်သာလျှင်၊ ရုဟတိယထာ–ပေါက်ရောက်ပြန်သကဲ့သို့၊ ဧဝံ–ဤအတူသာလျှင်၊ တဏှာနုသယေ–အဖန်ဖန်ကိန်းတတ် သောတဏှာကို၊ အနူပဟတေ–မဂ်ဖြင့် မပယ်အပ်သေးသည်ရှိသော်၊ ပုနပ္ပုနံ–အဖန်တလဲလဲ၊ ဣဒံ ဒုက္ခမ္ပိ–ဤသံသရာဝဋ်ဆင်းရဲသည်လည်း၊ နိဗ္ဗတ္တတေ– ဖြစ်ရဦးမည်ကား မချမလွဲတည်းဟု ကျမ်းဂန်လာတဲ့ အတိုင်း လောဘကို မဂ်က ပယ်တယ်ဆိုတာ ဟုတ်ပါရဲ့၊ သို့သော် လည်း ယခုလောက မှာ တိုင်းတစ်ပါးက ရန်သူစစ် သည်ကို တိုက်ခိုက် သတ်ဖြတ်ရန် ထွက်သွားသော စစ်သူကြီးသည် မိမိတစ်ယောက် တည်း မသွားဘဲ နောက်လိုက်နောက်ပါ စစ်သည် ဗိုလ်ပါများစွာ တို့နှင့် ထွက်၍ ရန်သူစစ်သည်ကို တိုက်ခိုက် သတ် ဖြတ်သလို၊ ယခုလောကုတ္တရာ မဂ်ဟာလည်း လောဘကို သတ်၍ အဖော်များ ရှိသေးသလား၊ တစ်ယောက်တည်းဘဲ သတ်လေရော့ သလား။

ဖြေ။ ။ အဖော်ရှိပါသေးရဲ့ ဘုရား။

မေး။ ။ အဖော်က ဘယ်သူတုန်း၊ ထည့်ပေးစမ်းပါ ဘုရား။

ဖြေ။ ။ ဥပမာ ယောဂီပုဂ္ဂိုလ်တယောက်သည် ဝိပဿနာတရား အား ထုတ်၍ အထွတ်အထိပ်သို့ ရောက်ခါနီး ရှေ့စိတ်သုံးပါးက ကိလေသာတရား ကင်းစင်သွားအောင် ပယ်ရှားလိုက်ပါရောလားဘုရား။ အဲဒီလို ကိလေသာစင်နေတော့ နိဗ္ဗာန်ကို မြင်တဲ့စိတ်ပေါ်ပေါက်ပါရောဘုရား။ ၎င်းစိတ်က နိဗ္ဗာန်ကို မြင်တော့၊ ၎င်းစိတ်ဖြင့် မြင်သော နိဗ္ဗာန်ကို မဂ်ကမှီခို တွယ်ကပ်ပြီး လောဘကို ပယ်သတ်

လိုက်ပါရော ဘုရား။

မေး။ ။ မင်္ဂတော့ သဘောကျပါပြီ ဦးကဝိရယ်၊ အလွန် သိမ်မွေ့ခက်ခဲနက်နဲတဲ့ နေရာတွေနော်။ တပည့်တော်များကတော့ စာတွေ့ပြောရတာ။ ဒါနဲ့ မင်္ဂနောင် ဖိုလ်ဇောအုပ်လိုက်တယ်ဆိုတာ စိတ်ထဲမှာ ဘယ်နှယ့်နေသတုန်း ဘုရား။

ဖြေ။ ။ ကောင်းကောင်းမသိလိုက်ရပါဘုရား။

မေး။ ။ မင်္ဂနောင်ဖြစ်တဲ့ ဖိုလ်က အနန္တရိကဖိုလ် ခေါ်တယ်ဘုရား။ နှစ်ကြိမ်သုံးကြိမ်တည်းဖြစ်တော့ စိတ်ကလဲ အလွန်လျင်မြန်သဖြင့် ကောင်းမွန်စွာသိနိုင်မှာ မဟုတ်ဘူး။ ဒါထက် မင်္ဂကို ဆင်ခြင်တဲ့အခါ သိရှိပုံများ ဘယ်လိုနေသတုန်းဘုရား။

ဖြေ။ ။ ဥပမာ ယောဂီပုဂ္ဂိုလ်တယောက်ဟာ သောတာပတ္တိမင်္ဂကို ရတယ်ဆိုပါတော့၊ ၎င်းပုဂ္ဂိုလ်ဟာ မိမိရသောမင်္ဂကို ဆင်ခြင်သောအခါ ငါ သောတာပတ္တိမင်္ဂကို ရပြီဟု သိရှိပါဘဲ ဘုရား။

မေး။ ။ ဖိုလ်ကို ဆင်ခြင်တဲ့အခါ ဘာကို အာရုံပြုသတုန်း ဘုရား၊ အဲဒီဖိုလ်စိတ် ဖြစ်နေတဲ့အခါ စိတ်ထဲမှာ ဘယ်လိုများနေသတုန်း ဘုရား။

ဖြေ။ ။ မိမိမြင်ဖူးတဲ့ အကြောင်းအကျိုး ပြတ်ရာကလေးကို အာရုံပြုလိုက်တာနှင့် ဖိုလ်စိတ်ဖြစ်ပါရော ဘုရား၊ အဲဒီတော့ စိတ်ချမ်းသာပြီး မှိန်းနေပါရော ဘုရား။

ဆရာတော်–အဲဒီလို ဆင်ခြင်ပြီး ဝင်စားတာက ဖလသမာပတ္တိ ဖိုလ်လို့ ခေါ်တယ်၊ အဲဒီဖိုလ်မှ သေသေချာချာ သိရတယ်၊ တယ်ပြီးသိမ်မွေ့တယ် ဘုရား၊ ကဲ တပည့်တော်လည်း ညောင်းသေးတယ်။ အနင်းခံပါဦးမယ် ဟု ဖက်ပင်အိုင်ဆရာတော်ကြီး ကျောင်းပေါ်သို့ ကြွ

သွားတော်မူလေ၏။

မြင်းခြံဆရာတော်က မဂ်၏အဖေါ်သည် နိဗ္ဗာန်ပင်တည်းဟု ဖြေဆိုသည်ကို ဦးဓမ္မိက သဘောမကျ မကျေနပ်လှ၍ ဖက်ပင်အိုင် ဆရာတော်ကြီး နောက်သို့ လိုက်ပြီး ကျောင်းပေါ်သို့ တက်သွား လေ၏။ ဆရာတော်ဦးပုညာ၊ ဦးဇာဂရ စသော ရဟန်းသံဃာတော် များနှင့်တကွ ဒါယကာများမှာ ဖက်ပင်အိုင် ဆရာ–တော်ကြီးက မြင်းခြံဆရာတော်အား မေးမြန်း ပြောဆိုပုံကို ကြားကြရသဖြင့် အလွန် နှစ်သက်ယုံကြည်ဘွယ် ကောင်းကြောင်းနှင့် စပ်လျဉ်း၍ တတွတ်တွတ် ပြောဆိုကာ နေရစ်ကြလေ၏။

## ဦးဓမ္မိကက ဖက်ပင်အိုင်ဆရာတော်ကြီးအား လျှောက်ထားပုံ

မေး။ ။ ဆရာတော်ဘုရား၊ မြင်းခြံဆရာတော်က လောဘတည်းဟူသော သမုဒယသစ္စာကို မဂ်ကပယ်သောအခါ မဂ်အဖော် နိဗ္ဗာန်ပင်တည်း ဟု ပြောဆိုခြင်းကို တပည့်တော် သဘောမကျပါ၊ အဘယ့်ကြောင့်ဆိုသော် မဂ္ဂဝီထိ၌ သစ္စာလေးပါးသည် ပဒီပနည်းအားဖြင့် တစ်ပြိုင်နက်ပြုခြင်းကြောင့် နိဗ္ဗာန်သာ မဂ်၏ အဖော်မဟုတ်၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာသည်လည်း မဂ်အဖော်ဟု နှလုံးသွင်းမိပါသည်ဘုရား။

ဖြေ။ ။ မဟုတ်ဘူး ဦးဓမ္မိကရဲ့ "မဂ္ဂေါ ဒုက္ခသစ္စံ ပဇာနာတိ" ဆိုတဲ့အတိုင်း မဂ်သည် ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း၊ သမုဒယသစ္စာကို ပယ်ခြင်း၊ မဂ္ဂသစ္စာကို ပွားများခြင်း၊ နိရောဓသစ္စာကို မျက်–မှောက်ပြုခြင်းဆိုတာ မဂ်ကိစ္စ၊ မဂ်၏ စွမ်းဆောင်နိုင်သောသတ္တိ

တွေ့ အဖော်မဟုတ်သေးဘူး။

မေး။ ။ ဒါဖြင့်လျှင်ဘုရား၊ ယမိုက် ပရိညာဝါရအတိုင်း ဉာတပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာဆိုတဲ့ ပရိညာသုံးပါးသည် မဂ်၏ ခဏ၌ တစ်ပြိုင်နက်ရသောကြောင့် ၎င်းပရိညာသုံးပါးကို မဂ်၏ အဖော်ဟူ၍ မဆိုသင့်ပေဘူးလား ဘုရား။

ဖြေ။ ။ တစ်ပြိုင်နက် ရရုံမျှဖြင့် မဂ်၏အဖော်ဟု မဆိုသင့်ဘူး ဦးမမှိကရဲ့၊ အဖော်ဆိုတာ တစ်ပါးကို တစ်ပါးမှီရတာကို ဆိုတာပါ။

မေး။ ။ တစ်ပါးကိုတစ်ပါး မှီရတာကို အဖော်ဆိုလျှင် "စိတ္တေန နိယုတ္တံ စေတသိကံ" ဆိုသလို မဂ်နှင့်ယှဉ်ဖော်ယှဉ်ဖက် ဖြစ်တဲ့ စေတသိက် ၃၆–ပါးကို မဂ်၏ အဖော်ဟူ၍ မဆိုထိုက်ဘူးလား ဘုရား။

ဖြေ။ ။ အဲဒီစေတသိက် ၃၆ ပါးလည်း မဂ်၏အဖော် မဟုတ်သေးဘူး။ မဂ်နှင့် သမာကာရိကရဏသာ ဖြစ်သေးတယ်။ သမုဒယသစ္စာကို ပယ်ရာ၌ မဂ်အားရှိအောင် အားကိုးအားထား မှီခိုစရာ မဟုတ်သောကြောင့် အဖော် မဟုတ်သေးဘူး။

မေး။ ။ ဒါဖြင့် မဂ်၏အဖော်ကို တပည့်တော်သဘောကျအောင် အမိန့်ရှိပါဦး ဘုရား။

ဖြေ။ ။ ဟော–မဂ္ဂဝီထိမှာ မနောဒွါရာဝဇ္ဇန်း ဖြစ်ပြီးနောက် သဒ္ဒါရုပေက္ခာ ဆိုတဲ့ ပရိကံ၊ ဥပစာ၊ အနုလုံ ဇောများက ကိလေသာတရားများ ကင်းစင်အောင် ပြုပေးလို့ ဂေါတြဘူက နိဗ္ဗာန်ကို မြင်ရရော၊ ဒီတော့ ဂေါတြဘူက ဒီမှာ နိဗ္ဗာန်ကို သညာပေးလိုက်တာနှင့် ဂေါတြဘူ သညာသို့ လိုက်၏။ ၎င်း ဂေါတြဘူ သညာပေးသော

နိဗ္ဗာန်ကို အမှီတံကဲ သယ်ပြုပြီး မင်္ဂကာ အနုသယကို ပယ်လိုက်တာ ဦးစမ္ပိကရဲ့၊ ဦးကဝိပြောတာများ ဟုတ်လိုက်တာဗျာ၊ အလွန်သိမ်မွေ့တဲ့ နေရာတွေဗျာ။

တခဏ်းပြီးပြီ။

## ဝိသုဒ္ဓိခုနှစ်ပါး

တရားအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်ဟာ ရှေးဦး ဘုရားကန်တော့၊ မေတ္တာပို့ အမျှဝေပြီးလျှင် မိမိခန္ဓာကိုယ် ရုပ်နာမ်နှစ်ပါးကို အားထုတ်ဆဲ အခါ ဘုရားကိုလှူ၊ အချိန်မပိုင်းနှင့်၊ မိမိစွမ်းနိုင်သမျှအားထုတ် သမာဓိရလာတော့ ခန္ဓာကိုယ်ပေါ်မှာ ပူမှု၊ အေးမှုစသော ဝေဒနာပေါ်လာလိမ့်မယ်။ အဲဒီ ပေါ်လာတဲ့ဝေဒနာကို ရှုဆဲအခါ၌ မျက်စေ့ကိုလည်း တောင်ကြည့်မြောက်ကြည့် မကြည့်ဘူး၊ ပါးစပ်ကလည်း စကားမပြောဘူး၊ လက်လည်းကိုးယို့ကားယား မလုပ်ဘူး၊ အဲဒီတော့ စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှါန္ဒြေ၊ ကာယိန္ဒြေ ဟူသော ဣန္ဒြေငါးပါး လုံနေတယ်။ အဲဒါ သီလစင်ကြယ်နေတယ်၊ "သီလဝိသုဒ္ဓိ" လို့ ခေါ်တယ်။ ဝေဒနာပေါ်မှာ စိတ်တည်နေတော့ စိတ်စင်ကြယ်တယ်၊ အဲဒါ "စိတ္တဝိသုဒ္ဓိ"လို့ ခေါ်တယ်။

သီလကလည်း စင်ကြယ်၊ စိတ်ကလည်း စင်ကြယ်တော့ မှန်တာမြင်တာပေါ့။ မှန်တာ ဘယ်လို မြင်တာလဲဆိုတော့ မိမိခန္ဓာကိုယ် ပေါ်မှာ မွေးတွင်းပေါက်က မီးခတ်နှင့် မီးခတ်ကျောက် ခပ်လိုက်တော့ မီးပွင့်ကလေးတွေ တဖွားဖွားနှင့် မြင်ရသလို မြင်ရတယ်။ အဲဒီလို မြင်ရတော့ ငါ့မှာ ခြေမရှိ၊ လက်လည်း မရှိ၊ ကိုယ်လည်း မရှိ၊ ဦးခေါင်းလည်း မရှိ ခန္ဓာကိုယ်ကြီး သုဉ်းသွားတယ်။အဲဒီတော့ အမြင်စင်ကြယ်တယ်၊ အဲဒါကို "ဒိဋ္ဌိဝိသုဒ္ဓိ"လို့ ခေါ်တယ်။

အဲဒီလို မြင်ရတော့ ဟုတ်ပါပေတယ်၊ မှန်ပါပေတယ်ဟု ဘုရားကို

ဝိတရဏဝိသုဒ္ဓိ”လို့ ခေါ်တယ်။ အဲဒီလို မြင်ရတွေ့ရတော့ ဝမ်းသာ တာပေါ့၊ ဝမ်းသာတော့ အလင်းခေတ်ကြီးဟာ မိမိရှေ့မှာ ပေါ်လာတယ်။ ဂုဏ်း အလင်းခေတ်ကြီးထဲမှာ သွားပြီး တွယ်နေတယ်။ အဲဒီလို အလင်းခေတ်ကြီး ထဲမှာ သွားတွယ်နေတော့ ခန္ဓာကိုယ်ပေါ်မှာ ဝေဒနာတွေ ချုပ်ပြီးနေ တယ်။

အဲဒါ အန္တရာယ်ဆယ်ပါးထဲမှာ နစ်နေတယ်လို့ ခေါ်တယ်။ အဲသလို အလင်းခေတ်ကြီးထဲမှာ တွယ်နေရာက ငါ့ဟာ မဟုတ်ပါဘူးဆိုပြီး ခန္ဓာကိုယ် ပေါ်သို့ အာရုံပြန်ပြီး သိမ်းလိုက်တယ်။ အဲဒါ “မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ” လို့ ခေါ်တယ်။ အဲဒီလို ခန္ဓာကိုယ်ပေါ်ကို အာရုံရောက်လာတော့ ဝေဒနာ တွေ ပြန်၍ ပေါ်လာတယ်။ အဲဒီတော့ အာရုံက အထက် လွန်သွားလိုက်၊ အောက်ပြန်ကျသွားလိုက်နှင့် နေတယ်။ မဇ္ဈိမပဋိပဒါ မကျသေးဘူး၊ အဲဒီ တော့ ဇောကို တဖြည်းဖြည်း တင်းပြီး ချလာတော့ မဇ္ဈိမပဋိပဒါ ကျသွား ရော၊ အဲဒါ “ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ”လို့ ခေါ်တယ်။ အဲဒီလို ပဋိပဒါ လည်း ကျသွားရော၊ သေနတ်ကို ယမ်းတောင့် ထည့်ပြီး ဒီကနေ ဖြုတ်ချ လိုက်သလို ဒိုင်းဆို ပြတ်သွားရော၊ အဲဒါ “ဉာဏဒဿနဝိသုဒ္ဓိ”လို့ ခေါ်တယ်။

မေး။ ။ အနုသယကို မဂ်ကပယ်ပုံ အလုံးစုံကို ဟောကြားတော်မူပါဘုရား။

ဖြေ။ ။ ဒကာကြီး၊ မြင်တတ်သောတရား၊ မြင်အပ်သောတရား၊ သိတတ် သောတရား၊ သိအပ်သောတရား၊ ပယ်တတ်သောတရား၊ ပယ် အပ်သောတရား၊ ပြတ်သောတရားရယ်လို့ ရှိတယ်။ ဝိပဿနာ တရားကို အားထုတ်သော ယောဂီပုဂ္ဂိုလ်တယောက်သည် စိတ်၊ စေတသိက်၊ ရုပ် ဆိုတဲ့ တရားသုံးပါးကို ပိုင်းပိုင်းခြားခြား မြင်သော အခါ ကြီးစွာသော ဒုက္ခကြီးပါကလား၊ ဒီဒုက္ခကြီးဟာ မည်သူ့ ကြောင့်လဲလို့ စီစစ်လိုက်တော့ လုပ်ပေးတတ်တဲ့ လောဘတည်းဟူ

သော သမုဒယကို မြင်သည်နှင့်တပြိုင်နက် မဂ်က အနုသယကို ပယ်သတ်လိုက်ပါရော။

ငင်း စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် မြင်တတ်တာက သစ္စာလေးပါး၊ ပယ်သတ်တာက မဂ်၊ ပယ်အပ်တာက သမုဒယ၊ ပြတ်တာက နိရောဓသစ္စာလို့ ခေါ်တယ်။

ငင်း စိတ်၊ စေတသိက်၊ ရုပ် မြင်တာကိုပင် သတ္တဝါ သတ္တလောကလို့ ခေါ်တယ်၊ ပြုပြင်တာကို သင်္ခါရလောကလို့ ခေါ်တယ်၊ သတ္တဝါတို့၏ တည်ရာမှီရာ ဘုံဗိမာန်၏ တည်ရာ မှီရာကို ဩကာသလောကလို့ ခေါ်တယ်။

ငင်း စိတ်၊ စေတသိက်၊ ရုပ် မြင်တာကိုပင် သစ္စာဉာဏ်လို့ ခေါ်တယ်၊ မဂ်ကိစ္စကို ကိစ္စဉာဏ်လို့ ခေါ်တယ်၊ အနုသယကို မဂ်က ပယ်သတ်လိုက်တော့ အကြောင်းအကျိုး ပြတ်တာကိုပင် ကတ–ဉာဏ်လို့ ခေါ်တယ်။

ငင်း စိတ်၊ စေတသိက်၊ ရုပ် ဆိုတဲ့ တရားသုံးပါး မြင်တာကိုပင် ဉာတပရိညာလို့ ခေါ်တယ်၊ မည်သူ့ကြောင့်လဲလို့ စီစစ်တာကို တီရဏပရိညာလို့ ခေါ်တယ်၊ မဂ်က အနုသယ ပယ်သတ်လိုက်တာကို ပဟာနပရိညာလို့ ခေါ်တယ်။

ငင်း စိတ်၊ စေတသိက်၊ ရုပ်တို့၏ ဖြစ်ခြင်းပျက်ခြင်း မြင်တာကို ကိလေသာဝဋ္ဋ၊ ကုသိုလ် အကုသိုလ်က ကမ္မဝဋ္ဋ၊ တပြောင်းပြန်ပြန် ခံနေရတာက ဝိပါကဝဋ္ဋလို့ ခေါ်တယ်။

ငင်း စိတ်၊ စေတသိက်၊ ရုပ်ကို သင်္ခါရကစုပေးတော့ သိမှု၊ မှတ်မှု၊ ခံစားမှု ဖြစ်ပေါ်၍ လာတယ်၊ အဲ စုပေးတာက သင်္ခါရ၊ ဖြစ်ချုပ် ဖြစ်ချုပ်နှင့် ဖောက်ပြန်တာက ဝိကာရ၊ မြေ ရေ လေ မီး

ခေတ်ကြီးလေးပါးက လက္ခဏာ၊ နိဗ္ဗာန်က နိဗ္ဗာန်၊ ဤကား ရုပ်၊ ဤကား နာမ်၊ ဤကား စိတ်၊ ဤကား စေတသိက်လို့ ပါးစပ်က ပြောတာကို ပညတ်လို့ ခေါ်တယ်။

တစ်ခဏ်းပြီး၏။

တစ်ခါက တောအုပ်တစ်ခု၌ ဘီလုံးငှက်မတကောင် ရှိသတဲ့၊ ၎င်း ငှက်မကြီးမှာ သားလေးတကောင်ရှိသတဲ့၊ တနေ့သ၌ ဘီလုံးငှက်မကြီးက 'လူကလေး သားကြီးမောင်ရယ်၊ အမေ အစာရှာသွားချေဦးမယ်၊ အမေ့ စကားနားထောင်နေ၁်၊ ဟောဒီ နွားခြေရာခွက်ထဲက ဘယ်မှမထွက်နဲ့'လို့ အတန်တန် မှာပစ်ခဲ့သတဲ့၊ သားငယ်ကလေးမှာ အမိ အစာရှာသွားခိုက် နွားခြေရာခွက်ထဲ မနေဘဲ အပြင်ဘက် ထွက်ကျက်စားတာပေါ့၊ ကျက်စား တော့ သိန်းဆိုးနှင့် တွေ့၍ သိန်းဆိုး လက်သို့ပါသွားသတဲ့၊ ငှက်ကလေးက သိန်းဆိုး၏ ခြေကြားကနေပြီး အမေ့စကား နားမထောင်လို့ သိန်းဆိုးလက် သို့ ပါရတာ၊ နားထောင်လျှင် သိန်းဆိုး လက်သို့ ပါမည်မဟုတ်လို့ စကား ဆိုသတဲ့။

အောင်မယ် စကားကြီး စကားကျယ် 'သင့် အမေက ဘယ်လို မှာခဲ့သလဲ' 'နွားခြေရာခွက်ထဲကနေ မထွက်လေနဲ့လို့ မှာခဲ့တယ်' 'ကိုင်း ဒါဖြင့် အသင့်နေရာ ငါပြန်ပို့မယ်' 'ကောင်းပါပြီ– ပို့သာပို့ပါ' သိန်းငှက် ဆိုးက ငှက်ငယ်ကလေးကို နွားခြေရာခွက်သို့ ပြန်ပို့ပေးသတဲ့၊ ထိုအခါ ငှက်ငယ်လေးက 'အသင် သိန်းဆိုး၊ အသင် သိန်းဆိုး၊ ကိုင်း– ငါ့ကို အသင် တတ် နိုင်သေးရဲ့လား'လို့ စကားဆိုသတဲ့၊ သိန်းဆိုးက တဟုန်ထိုး ထိုးသုတ် လိုက် ရာ နွားခြေရာခွက်၏ ခယောင်းချွန်နှင့် သိန်းဆိုး၏ ရင်အုံ ဆောင့်မိ၍ သေဆုံးခြင်းသို့ ရောက်ရှာသတဲ့။

အဲ ဘီလုံးငှက်မကြီးက ပညိန္ဒြေစေတသိက်နှင့် တူတယ်၊ နွားခြေ

ရာခွက်က ခန္ဓာကိုယ်နှင့် တူတယ်၊ သားငယ်ကလေးက စိတ်နှင့် တူတယ်၊ သိန်းဆိုးက ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ဆိုတဲ့ အာရုံငါးပါး ကာမဂုဏ်တရားကို ခေါ်တယ်။

အဲ ထိုဥပမာအတိုင်းဘဲ "ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ"တွင်ကား တဏှာမကူးစေနှင့်၊ တဏှာကူးလျှင် သိန်းဆိုးနှင့် တွေ့ လိမ့်မယ်၊ အမိ စကားနားထောင်ကြပါကုန်။

အခန်း ၃၆

ရဟန်းဖြစ်စေ၊ လူဖြစ်စေ သူတစ်ပါးကို မကြည်ညိုလျှင် ကုသိုလ် မရရှိသာရှိမည်။

ကိုယ့်ကိုယ်ကို မကြည်ညိုလျှင် တရားထူး မရသည့်အပြင် အပါယ်သို့ ကျတတ်သည်။ အကြောင်းကား သူတစ်ပါးကို လိမ်ညာ၍ ရသော်လည်း၊ မိမိကိုယ်မိမိ လိမ်ညာ၍ မရသောကြောင့်ပင် ဖြစ်၏။

(ရွှေပြည်သာမြို့၊ မန္တလေးကျောင်းတိုက် ဆရာတော်)

နုပ်။ ။ စွန်းလွန်းဆရာတော်ကြီးရဲ့ အမေးအဖြေတွေ စုံသွားပြီဆိုတော့ အရေးအကြီးဆုံး သစ္စာလေးပါးတရားတော်ကို ဆက်ကြရအောင်။

သန်း။ ။မှန်ပါ။ အမိန့်ရှိပါဘုရား။

နုပ်။ ။ မင်းတို့ ငါတို့ဟာ သစ္စာလေးပါးကို မသိသေးသ၍၊ သောတာပန်

မတည်သေးသ၍၊ ပဋ္ဌာနန္တရိယကံငါးပါးကိုလည်း ကျူးလွန်နိုင်သေးတယ်။ နိယတမိစ္ဆာဒိဋ္ဌိလည်း ဖြစ်နိုင်သေးတယ်။ ဘာသာပြောင်းနိုင်သေးတာကို ပြောတာ၊ ဒီတော့ အပါယ်လေးပါး တံခါးက အမြဲဟင်းလင်းပွင့်နေတာပေါ့။

မင်းတို့ ငါတို့ သာမန်ပုဂ္ဂိုလ်တွေ မပြောနဲ့၊ ပုဂ္ဂလဝိသေသဖြစ်တဲ့ အရှင်မောဂ္ဂလာန်လို အဂ္ဂသာဝကမထေရ်ကြီးတောင် ပုထုဇဉ်ဘဝတစ်ခုတုန်းက မယားစကားနားယောင်ပြီး မိဘနှစ်ပါးကို ရိုက်နှက်သတ်ဖြတ်ခဲ့ဘူးတယ်။ အဲဒီကံတွေကြောင့် အခုလို ရဟန္တာဖြစ်တဲ့ ဘဝမှာတောင် ခိုးသားဓားပြငါးရာရဲ့ ရိုက်နှက်သတ်ဖြတ်မှုကို ခံရတာပေါ့။

မိဘကို ဘာ့ကြောင့် သတ်မိသလဲလို့ မေးခွန်းထုတ်တဲ့အခါ အပေါ်ယံ အဖြေကတော့ မယားစကားကြောင့်ပေါ့။ နက်နက်နဲနဲ ဖြေရင်တော့ သစ္စာလေးပါးကို မသိသေးလို့၊ သောတာပန်မတည်သေးလို့ပါပဲ၊ အကယ်၍ အဲဒီဘဝတုန်းက မထေရ်မြတ်ကြီးဟာ သောတာပန်တည်ပြီးသားဆိုရင် မယားက ဘယ်လောက်ပြောပြော မိဘကို ပြန်မသတ်ပါဘူး။

ဒါ့ကြောင့် ရတနသုတ်မှာ–

သဟာဝဿ ဒဿနသမ္ပဒါယ၊
တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါ ပိ ယဒတ္ထိ ကိဉ္စိ။
စတူဟာပါယေဟိ စ ဝိပ္ပမုတ္တော၊
ဆစ္စာဘိ ဌာနာနိ အဘဗ္ဗကာတုံ။

ဣာဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
လို့ ဟောတော်မူခဲ့တာပေါ့။

သန်း။ ။အဲဒီ ပါဠိရဲ့အဓိပ္ပါယ်ကို ပြောပြပါဦး ဘုရား။

နုပ်။ ။ အဓိပ္ပါယ်က–

"သောတာပတ္တိမဂ်ကို ရတာနဲ့တစ်ပြိုင်နက် ရုပ်နာမ် အပေါ် ငါလို့ အယူမှားတဲ့ သက္ကာယဒိဋ္ဌိ၊ ရတနာသုံးပါး နဲ့ရုပ်နာမ် အပေါ် ယုံမှားနေတဲ့ ဝိစိကိစ္ဆာ၊ အကျင့်မှားတွေကို လက်ခံကျင့်သုံး တဲ့ သီလဗ္ဗတပရာမာသ ဆိုတဲ့ တရား ဆိုးသုံးမျိုးကို အမြစ်ကနေ ပယ်စွန့်လိုက်တယ်။ သံသရာ တစ်လျှောက်လုံး အပါယ်လေးပါးက လွတ်သွားတယ်။ ပဉ္စာနန္တရိယကံငါးပါးနဲ့ နိယတမိစ္ဆာဒိဋ္ဌိ စုစုပေါင်း ၆ ပါးသော ဌာနသို့လည်း ဘယ်တော့မှ မရောက်တော့ ဘူး။ ဤမှန်သောစကားကြောင့် သက်ရှိသတ္တဝါအားလုံး ကျန်းမာ ချမ်းသာကြပါစေတဲ့"။

သန်း။ ။အခုလို အဓိပ္ပါယ်သိရတော့ ရတနသုတ်ပရိတ်တော်ကြီးကို ပိုပြီး ကြည်ညိုလာတယ်ဘုရား။ ဒီဂါထာရဲ့ ညွှန်ပြချက်အရဆိုရင် သော တာပန် မတည်သေးသ၍ ဘဝတစ်ခုခုမှာ ပဉ္စာနန္တရိယကံ ငါးပါး ကိုလည်း ကျူးလွန်နိုင်သေးတယ်။ အယူမှားတဲ့ ဘာသာ ခြားဘဝ၊ မိစ္ဆာဒိဋ္ဌိဘဝကိုလည်း ရောက်နိုင်သေးတာ ပေါ့ဘုရား။

နုပ်။ ။ အေး ဟုတ်တာပေါ့။

သန်း။ ။သောတာပန်ပယ်တဲ့ ကိလေသာသုံးပါးထဲက ဝိစိကိစ္ဆာကိလေသာ ရဲ့ ယုံမှားပုံတွေကို အကျယ်သိချင်ပါတယ်ဘုရား။

နုပ်။ ။ ယုံမှားခြင်း ဝိစိကိစ္ဆာက ရှစ်မျိုး ရှိတယ်။

ဘုရားအပေါ် ယုံမှားခြင်း

တရားအပေါ် ယုံမှားခြင်း

သံဃာအပေါ် ယုံမှားခြင်း

ကိုယ်ကျင့်သီလအပေါ် ယုံမှားခြင်း

ရှေ့အစွန်းခေါ် အတိတ်ဘဝ ရုပ်နာမ်အပေါ် ယုံမှားခြင်း

နောက်အစွန်းခေါ် အနာဂါတ်ဘဝ ရုပ်နာမ်အပေါ် ယုံမှားခြင်း

ရှေ့အစွန်း နောက်အစွန်းခေါ် ပစ္စုပ္ပန်ဘဝ ရုပ်နာမ်အပေါ် ယုံမှားခြင်း၊

ပဋိစ္စသမုပ္ပါဒ် အကြောင်းကြောင့် အကျိုးဖြစ်ခြင်းအပေါ် ယုံမှားခြင်း၊ တို့ပါပဲ။

သန်း။ ။အတိတ်ဘဝ ရုပ်နာမ်အပေါ် ဘယ်လို ယုံမှားတာလဲဘုရား။

နုပ်။ ။ အတိတ်မှာ တကယ်ဖြစ်ခဲ့တာက ရုပ်နာမ်ပဲ။ အဲဒီ ရုပ်နာမ်ကို ငါများလား။ ငါဆိုရင် ဘယ်လို အမျိုးအနွယ်မှာ ဖြစ်ခဲ့တာလဲစသည်ဖြင့် ယုံမှားသံသယဝင်တာမျိုးပါ။ သစ္စာလေးပါးကို မသိခဲ့တဲ့အတွက် ဘာသာပြောင်းသွားတဲ့ တကယ့်ဖြစ်ရပ်တစ်ခုကို ပြောပြဦးမယ်။ တို့ ရွှေပြည်သာမြို့နယ်၊ (၉) ရပ်ကွက်မှာ ဘာသာခြားအမျိုးသမီးလေးတစ်ယောက် ရှိတယ်။

သူမရဲ့မိဘဘိုးဘွား အစဉ်အဆက်ဟာ ဘာသာခြားဖြစ်ပါရက်နဲ့ ဒီမိန်းကလေးကျတော့ ရုပ်အဆင်းရော၊ စိတ်ဓာတ်ပါ သူမိသားစုနဲ့ ဆန့်ကျင်ဘက် ဖြစ်နေတယ်။ သူမရဲ့အသားအရောင်ဟာ မြန်မာမိန်းကလေးတစ်ယောက်လို ဝါဝင်းပြီး နေတယ်။ ပြီးတော့ စေတီပုထိုးတွေတွေ့ရင် ရှိခိုးဦးချချင် စိတ်တွေ တအားဖြစ် လာတတ်တယ်။

ဗုဒ္ဓဘာသာတရားပွဲတွေတွေ့ရင် သိပ်နာကြားချင်တယ်။ ဆွမ်းခံကြွလာတဲ့ သံဃာတော်တွေတွေ့ရင်ဆွမ်းလောင်းချင်တယ်။ သူတို့ဘာသာက ခွင့်မပြုတော့ သူ့မှာ စိတ်ဆင်းရဲရတာပေါ့။ အကယ်၍ ဗုဒ္ဓဘာသာထဲ ဇွတ်ဝင်လိုက်မယ်ဆိုရင်လည်း သူ့မိသားစုတွေက ဆွေခန်းမျိုးခန်းဖြတ်ကြမှာ ဒီတော့ ထွက်ပေါက်က တစ်ခုပဲရှိတယ်။ အဲဒါက သူဟာ ဗုဒ္ဓဘာသာမြန်မာအမျိုးသားတစ်ယောက်နဲ့ အိမ်ထောင်ကျမှပဲ ဖြစ်တော့မှာ။

ဒါနဲ့သူက သစ္စာအဓိဋ္ဌာန်တစ်ခုပြုတယ်။

"တပည့်တော်မသည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို အသက်နှင့်လဲသည်အထိ ကြည်ညိုပါသည်။ ဤ စကားသည် မှန်ကန်သောသစ္စာစကား ဖြစ်ပါသည်။ ဤမှန်ကန်သောသစ္စာ၏ အာနုဘော်ကြောင့်လည်းကောင်း၊ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၏ တန်ခိုးအာနုဘော်ကြောင့် လည်းကောင်း တပည့်တော်မကို ဗုဒ္ဓဘာသာအမျိုးသားမှတစ်ပါး မည်သည့် အမျိုးသားမှ လက်ထပ်ယူ၍ မရပါစေသတည်း"တဲ့။

သန်း။ ။သစ္စာပြုတဲ့အတိုင်းရောဖြစ်ကဲ့လားဘုရား။

နုပ်။ ။ ဖြစ်တာပေါ့။ အခုလည်း ဒီမိန်းကလေး အရွယ်ရောက်တာနဲ့ သူတို့ဘာသာက အမျိုးသားတစ်ယောက်နဲ့ပေးစားတယ်။ အံ့ဩစရာကောင်းတာက လက်ထပ်ပွဲဟာ ကြံဖန်ပြီး ပျက်သွားတာပဲ။ အဲဒီလို လေးငါးခါ ပျက်ပြီး နောက်မှ ဗုဒ္ဓဘာသာ အမျိုးသားတစ်ယောက်နဲ့ရပြီး ဗုဒ္ဓဘာသာဝင် ဖြစ်သွားတယ်။ ပစ္စည်းဉစ္စာလည်းပေါ၊ ရုပ်ရည်လည်း ချောမောလှပတဲ့ ဒီမိန်းကလေးကို သူတို့ဘာသာက အမျိုးသားတွေ ဘာကြောင့် လက်ထပ်ယူလို့

မရတာလဲလို့ မေးစရာရှိတယ်။

အဖြေကတော့ မိန်းကလေးပြုထားတဲ့ သစ္စာတန်ခိုးရယ်၊ ဗုဒ္ဓဘာသာဖြစ်ရမယ့် သူမရဲ့ဘုန်းကံရယ်၊ ဒီနှစ်ခုကြောင့် ဘာသာခြား အမျိုးသားတွေက လက်ထပ်ယူလို့ မရတာပဲ။ ဒီဖြစ်ရပ်နဲ့ ခပ်ဆင်ဆင် ဖြစ်ရပ်တစ်ခု မဟော်သဓာဇာတ်တော် (မဟာဥမင်–ဇာတ်)မှာ တွေ့ရတယ်။

ဒိသာပါမောက္ခဆရာကြီးတစ်ဦးဟာ မိဖုရားကြီးဖြစ်လောက်အောင် ဘုန်းကံကြီးမားတဲ့ သူ့သမီးကို သာမန်တပည့်တစ်ယောက်နဲ့ ပေးစားပြီး ထည့်လွှတ်လိုက်တယ်။ မိန်းကလေးရဲ့ ဘုန်းကံကြောင့် အဲဒီအမျိုးသားဟာ အနားကို မကပ်ရဲဘူး။ မိန်းကလေးက ကုတင်ပေါ်မှာ အိပ်ရင် သူက အောက်ဆင်းအိပ်တယ်။

သူနေတဲ့ အရပ်ကို ပြန်လာတဲ့ လမ်းခရီးတစ်လျှောက်မှာလည်း မိန်းကလေးကို ဘယ်လို ပစ်ထားခဲ့ရမလဲဆိုတာကိုပဲ ကြံစည်နေတယ်။ တောကြီးတစ်ခုထဲမှာ ခဏအမောဖြေနားကြရင်း ဗိုက်ဆာလာတာနဲ့ အမျိုးသားဟာ ရေသဖန်းပင်ပေါ်တက်ပြီး အသီးတွေ ခူးစားတယ်။ မိန်းကလေးကလည်း ဆာရှာတော့ သူ့အတွက် သဖန်းသီးတွေ ချပေးဖို့တောင်းပေမယ့် အမျိုးသားက ပစ်ချမပေးဘူး။

ဝအောင်စားပြီး ဒီအတိုင်းပဲ ပြန်ဆင်းလာတယ်။ မိန်းကလေးဟာ မခံချင်စိတ်ရော၊ ဆာတဲ့စိတ်ရော ပေါင်းပြီး ရေသဖန်းပင်ပေါ် ရောက်အောင်တက်ပြီး အသီးတွေခူးစားတယ်။ အဲဒီအချိန်မှာ အကြံသမားယောကျ်ားက သစ်ပင်ခြေရင်းမှာ ဆူးခက်တွေဝိုင်း ပတ်ချပြီး ထွက်ပြေးသွားတယ်။ မိန်းကလေးဟာ ဆူးခက်

တွေ့ စုံးမှာ ကြောက်ရတဲ့အတွက် သစ်ပင်ပေါ် မှ မဆင်းရဲပဲ နေနေရတယ်။

အဲဒီအချိန်မှာဘဲ တိုင်းခန်းလှည့်လည်တဲ့ဘုရင်နဲ့ တွေ့ပြီး မိဖုရားခေါင်ကြီး တင်မြှောက်ခံရတယ်။ သဖန်းပင်ပေါ်ကရတဲ့ အတွက် ဥဒုမ္ဗရဒေဝီလို့ တွင်တယ်။ မဟောသဓာကို စောင့်ရှောက် ပြုစုခဲ့တဲ့ မွေးစားအမေပဲပေါ့။

သန်း။ ။ရွှေပြည်သာက မိန်းကလေးဟာ မိဘဘိုးဘွား အစဉ်အဆက် က ဘာသာခြားဖြစ်ရက်နဲ့ သူ့ကျမှ ဘာဖြစ်လို့ ဗုဒ္ဓဘာသာကို စိတ်ဝင် စားနေရတာလဲဘုရား။

နုပ်။ ။ အေး ငါကလည်း ဒီအချက်ကို အမိကထားပြီး ပြောချင်တာပဲ။ သူဟာ အရင်ဘဝက ဗုဒ္ဓဘာသာဝင်တစ်ယောက်ပဲ။ ဒါန၊ သီလ၊ သမထ ကုသိုလ်လောက်ပဲ လုပ်ခဲ့ပြီး ဝိပဿနာတရားကို နာကြား ရှုပွားခြင်း မလုပ်ခဲ့ဘူး။ ဒါ့ကြောင့် သစ္စာလေးပါးကို မသိခဲ့ရဘူး ပေါ့။ သစ္စာလေးပါးကို မသိခဲ့ရတဲ့အတွက်ကြောင့် ဒီဘဝကျတော့ ဘာသာပြောင်းသွားခဲ့ရတာပေါ့။

သန်း။ ။ တပည့်တော်တို့ လူငယ်တွေလည်း ဖြစ်ရာဘဝမှာ ဘာသာ မပြောင်း ချင်ပါဘူးဘုရား။ ဒါ့ကြောင့် သစ္စာလေးပါးကိုတရားကို နာကြား ကျင့်သုံးပါရစေဘုရား။

နုပ်။ ။ သစ္စာက လေးပါးရှိတယ်၊

ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊
နိရောဓသစ္စာ၊ မဂ္ဂသစ္စာ တို့ပဲ။

တစ်ပါးစီရဲ့ အဓိပ္ပါယ်က

ဒုက္ခသစ္စာဆိုတာ = ဆင်းရဲရာအမှန်တဲ့၊

သမုဒယသစ္စာဆိုတာ= ဆင်းရဲရာဘဝခန္ဓာကိုရကြောင်းအမှန်တဲ့၊

နိရောဓသစ္စာဆိုတာ = ဆင်းရဲချုပ်ရာအမှန်တဲ့၊

မဂ္ဂသစ္စာဆိုတာ = ဆင်းရဲချုပ်ရာသို့ရောက်ကြောင်းအမှန်တဲ့၊

ဒါက သစ္စာလေးပါးရဲ့ အဓိပ္ပါယ်၊ အခုတစ်ခါ သစ္စာလေးပါးရဲ့ အရကောက်ကို ပြောပြမယ်။

ဒုက္ခသစ္စာအရ= လောကီစိတ် ၈၁၊ လောဘကြဉ်တဲ့ စေတသိက် ၅၂၊ ရုပ် ၂၈ ပါးကို ရတယ်။ ဒါက ပရိယတ်အလို ကောက်ပြတာပေါ့။ ကျင့်စဉ်ပဋိပတ်အနေနဲ့ ကောက်ရင်တော့ ဒုက္ခသစ္စာအရ- ခန္ဓာငါးပါးကို ကောက်ရတယ်။

သမုဒယသစ္စာအရ= တဏှာလို့လည်းခေါ်တဲ့ လောဘကို ကောက်ရတယ်။ ဒါက ပဓာနနည်းအားဖြင့်ပေါ့၊ အပဓာနနည်းအားဖြင့် ဆိုရင်တော့ ကိလေသာဆယ်ပါးလုံးကို ကောက်ရတယ်။ ဒါ့ကြောင့် ပယ်သတ်ရမယ်ဆိုတာ လောဘတစ်မျိုးမဟုတ်ပဲ ကိလေသာဆယ်ပါးလုံး ပယ်သတ်ရမယ်လို့ မှတ်ပေါ့။

နိရောဓသစ္စာအရ= ကိလေသာနဲ့ ခန္ဓာချုပ်ငြိမ်းရာ နိဗ္ဗာန်ကို ကောက်ရတယ်။

မဂ္ဂသစ္စာအရ–

သမ္မာဒိဋ္ဌိ= မှန်စွာသိခြင်း (ပညာစေတသိက်)

သမ္မာသင်္ကပ္ပ= မှန်စွာကြံစည်ခြင်း(ဝိတက်စေတသိက်)

သမ္မာဝါစာ= မှန်စွာပြောဆိုခြင်း(သမ္မာဝါစာစေတသိက်)

သမ္မာကမ္မန္တ= မှန်စွာပြုလုပ်ခြင်း (သမ္မာကမ္မန္တစေတသိက်)

သမ္မာအာဇီဝ = မှန်စွာအသက်မွေးခြင်း(သမ္မာအာဇီဝစေတသိက်)
သမ္မာဝါယာမ = မှန်စွာအားထုတ်ခြင်း(ဝီရိယစေတသိက်)
သမ္မာသတိ = မှန်စွာအမှတ်ရခြင်း(သတိစေတသိက်)
သမ္မာသမာဓိ = မှန်စွာတည်ကြည်ခြင်း(ဧကဂ္ဂတာစေတသိက်)

တို့ကို ကောက်ရမယ်။ အခုဆက်ပြောရမှာက သစ္စာလေးပါးရဲ့ ကိစ္စလုပ်ဆောင်ချက်တွေပဲ။

ဒုက္ခသစ္စာက = ပရိညာတဗ္ဗကိစ္စ ရှိတယ်၊ သိအောင်လုပ်ရမယ်။

သမုဒယသစ္စာက = ပဟာတဗ္ဗကိစ္စ ရှိတယ်၊ ပယ်သတ်ရမယ်။

နိရောဓသစ္စာက = သစ္ဆိကာတဗ္ဗကိစ္စ ရှိတယ်၊ မျက်မှောက်ပြုရမယ်။

မဂ္ဂသစ္စာက = ဘာဝေတဗ္ဗကိစ္စ ရှိတယ်၊ ပွားများရမယ်။

ဒီလေးချက်ထဲမှာ ဒုက္ခသစ္စာအရ ခန္ဓာငါးပါးကို ကောက်ရကြောင်း ပြောခဲ့ပြီ၊ ခန္ဓာငါးပါးထဲမှာ ဝေဒနာ ပါတယ်၊ ဒါ့ကြောင့် ခံစားခြင်းသဘောတရား ဝေဒနာဟာ ပယ်သတ်ရမယ်၊ ကုန်အောင်လုပ်ရမယ့်တရား မဟုတ်ဘူး၊ ဒုက္ခသစ္စာဖြစ်တဲ့အတွက် မမြဲတဲ့တရားပဲ၊ ဆင်းရဲတဲ့တရားပဲ၊ အစိုးမရတဲ့တရားပဲလို့ သိရုံသိရမယ့်တရားသာ ဖြစ်တယ်။

ဒါပေမယ့် ယောဂီအတော်များများဟာ ဒီဝေဒနာကို ကုန်အောင်ရှုပွားနေကြတာဟာ အမှားပဲ၊ တကယ်တော့ ဝေဒနာဟာ ကုန်အောင်ပယ်သတ်လို့ရတဲ့တရား မဟုတ်ဘူး၊ ဒီဝေဒနာကို အကြောင်းပြုပြီး ဖြစ်ပေါ်လာမယ့် လောဘ၊ ဒေါသကိုသာ ပယ်သတ်ရမှာ ဖြစ်တယ်။

သန်း။ ။ဒီအချက်ဟာ ယောဂီတွေအတွက် တော်တော်ကြီး အရေးကြီးပါတယ်ဘုရား၊ တပည့်တော် ထိုင်ဖူးတဲ့ရိပ်သာတစ်ခုမှာလည်း တရားပြဆရာက ဝေဒနာမကျွံနိမ်ခြင်း တရားမဖြုတ်ရ၊ ဝေဒနာကုန်အောင်လိုက် ဆိုပြီး၊ မလှုပ်ဘဲ မပြင်ဘဲအတင်းထိုင်ခိုင်းတယ်ဘုရား၊ တစ်ချို့ ခံနိုင်ရည်မရှိတဲ့ အမျိုးသမီးယောဂီ အချို့ကျတော့လဲကျပြီး ငိုတာတွေ၊ ရယ်တာတွေ ဖြစ်ကုန်တယ်ဘုရား။

နုပ်။ ။ အေး အဲဒါ စိတ်ပညာအလို ထွက်ပေါက်ရှာသွားတာပဲ၊ အဲဒီလိုကြာကြာဖြစ်ပါများရင် စိတ္တဇဝေဒနာဖြစ်တတ်တယ်၊ တရားပြဆရာ အချို့ဟာ ဘာစာမှလည်း မတတ်ကြဘူး၊ မတတ်ရင်လည်း ဦးဂိုအင်ကာတို့လို ပိဋကတ်တွေကို ဖတ်ရှုလေ့လာခြင်း မပြုကြ ဘူး၊ ဝေဒနာဟာ မမြဲလို့ သိရမယ့် ဒုက္ခသစ္စာထဲပါသလား၊ ပယ် သတ်ရမယ့် သမုဒယသစ္စာထဲပါသလား ဆိုတာတောင် မသိပဲ တရားပြဆရာလုပ်တော့ ယောဂီတွေမှာ နစ်နာတာပေါ့။

ဒီလို စာပေလည်း မတတ်၊ ပဋိပတ်ပညာလည်း မပြည့်စုံတဲ့ တရားပြဆရာတွေကြောင့် တရားထိုင်ရင်း ရူးတယ်ဆိုတဲ့ ဝေါဟာရကြီး ပေါ်လာတာပေါ့၊ တကယ်တော့ စိတ္တဇဝေဒနာ ဖြစ်တယ်ဆိုတာ လောဘ၊ ဒေါသ စတဲ့ ကိလေသာအပူမီးတွေ အဆမတန်အလောင်ခံရလို့ပါ၊ ဝိပဿနာပညာ၊ မဂ်ပညာဆိုတာကလည်း ဒီကိလေသာအပူမီးတွေကို ပယ်သတ်ပေးတာပါ။

ဒါ့ကြောင့် ဝိပဿနာတရားကို နာကြားရှုပွားခြင်းဖြင့် စိတ္တဇဝေဒနာ မဖြစ်တဲ့အပြင် ဖြစ်နေတဲ့ စိတ္တဇဝေဒနာကိုတောင် ပျောက် ကင်းစေနိုင်ပါတယ်၊ ဗုဒ္ဓလက်ထပ်က မပဋ္ဌာဆိုတာ လင်ဖြစ်သူက မြွေကိုက်လို့သေတယ်၊ သားတစ်ယောက်က ရေနစ်လို့

သေတယ်၊ သားတစ်ယောက်က စွန်ချီလို့ သေတယ်။

ရပ်ရွာပြန်ရောက်တဲ့အခါကျတော့ မိဘမောင်ဘွားတွေက တိုက်ပြိုကျပြီး သေနေတယ်၊ ဒေါသကီလေသာလို့ခေါ်တဲ့ သောက မီး လောင်လိုက်တာ သည်းခြေပျက်ပြီး သွက်သွက်ခါအောင် ရူး သွားတယ်၊ ခန္ဓာမှာ အဝတ်အစားတောင် မကပ်တော့ဘူး၊ တစ် ရက်တော့ ဘုရားရှင်ရဲ့ တရားပွဲကြီးတစ်ပွဲကိုတွေ့တော့ နောက်နား က အသာဝင်ပြီး နာလိုက်တာ သစ္စာတရားအဆုံးမှာ မပဋာဟာ စိတ္တဇဝေဒနာ ပျောက်ပြီး သောတာပန်တောင် တည်သွားတယ်၊ ဒါကြောင့် ဝိပဿနာတရားကြောင့် စိတ္တဇဝေဒနာ မဖြစ်တဲ့အပြင် ဖြစ်နေတဲ့ စိတ္တဇဝေဒနာကိုတောင် ပျောက်ကင်းစေနိုင်တယ်လို့ မှတ်ပေါ့။

သန်း။ ။ဒါပေမယ့် တစ်ချို့သော ယောဂီတွေဟာ ရိပ်သာက ထွက်လာမှ စိတ္တဇဝေဒနာဖြစ်သွားတာကို တပည့်တော်ကိုယ်တိုင် တွေ့ဖူးတယ် ဘုရား၊ အဲဒီ ပြဿနာကိုရော ဘယ်လို ဖြေရှင်းမလဲ ဘုရား။

နုပ်။ ။ ဖြေရှင်းပေးရမှာပေါ့၊ ငါ့ရဲ့ အမတစ်ယောက်တောင် ရိပ်သာဝင် ပြီးမှ စိတ္တဇဝေဒနာ ဖြစ်သွားဘူးတယ်၊ အဲဒါက အချက်လေးချက် ရှိတယ်။

## စိတ္တဇဝေဒနာဖြစ်ခြင်းအကြောင်း လေးချက်

ပထမအချက်က ယောဂီကို မနိုင်ဝန်ထမ်းခိုင်းတာပဲ၊ ဝိပဿနာဟာ ဉာဏ်ပညာအလုပ်ဖြစ်တဲ့အတွက် အခြေခံ ပညတ်၊ ပရမတ် သဘောတရားတွေကို ဟောကြား၊ သင်ကြားပေးခြင်း မရှိဘဲ ရောက်လာတာနဲ့ ဂူထဲထည့်ပြီး မရပ်မနား ထိုင်ခိုင်းတော့တာပဲ၊ ဒါ့ကြောင့် ယောဂီမှာ ဘာအသိပညာမှ တိုးမလာဘဲ၊ စိတ်ပင်ပန်း

ကိုယ်ပင်ပန်းတဲ့ဒဏ်ကြောင့် စိတ္တဇဝေဒနာ ဖြစ်သွားတာပဲ။

ဒုတိယအချက်က သေရည်သေရက်သောက်ခဲ့တဲ့ သူတွေ ဟာ အပေါ့ဆုံး အကျိုးအားဖြင့် ဖြစ်ရာဘဝမှာ စိတ္တဇဝေဒနာ သည် ဖြစ်ရကြောင်း အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဗုဒ္ဓဟောကြားထားတာ ရှိတယ်၊ ဒီယောဂီဟာ သေရည်သောက်ခဲ့တဲ့ အကုသိုလ် ရှိတယ်၊ ဒါ့ကြောင့် ဒီဘဝအသက်သုံးဆယ်မှာ စိတ္တဇဝေဒနာ ဖြစ်မယ်။

အသက်သုံးဆယ်ပြည့်တာနဲ့–

စာတွေတအားကျက်လည်း စိတ္တဇဝေဒနာ ဖြစ်မှာပဲ၊

သူ့ပစ္စည်းတွေ အခိုးခံရလည်း စိတ္တဇဝေဒနာ ဖြစ်မှာပဲ၊

ရည်းစားနဲ့ကွဲလည်း စိတ္တဇဝေဒနာ ဖြစ်မှာပဲ၊

စာမေးပွဲကျလည်း စိတ္တဇဝေဒနာ ဖြစ်မှာပဲ၊

အိမ်ကနှင်ချခံရလည်း စိတ္တဇဝေဒနာ ဖြစ်မှာပဲ၊

တရားအားထုတ်လည်း စိတ္တဇဝေဒနာ ဖြစ်မှာပဲ၊

ဒီအချိန်မှာ တရားအားထုတ်လိုက်တော့ တရားအားထုတ်လို့ စိတ္တဇ ဖြစ်တယ်လို့ ပြောစရာ ဖြစ်သွားတာပေါ့၊ အမှန်ကတော့ သုရာမေရယကံ အကျိုးပေးချိန်တန်လို့ စိတ္တဇဝေဒနာ ဖြစ်ရတာ ပါ၊ မြိတ်မြို့မှာ စိတ္တဇဝေဒနာသည် တစ်ယောက်အကြောင်းကို ကြားဖူးတယ်၊ တစ်နေ့တော့ အိမ်တစ်အိမ်ဟာ သူခိုးအခိုးခံရတယ်၊ ရှိသမျှ ပစ္စည်းတွေ အတော်ပါသွားတယ်။

ဒီမိသားစုထဲက မိန်းကလေးတစ်ဦးဟာ ပါသွားတဲ့ သူ့ ပစ္စည်းတွေအကြောင်းကို ပြောရင်း နေ့စဉ် ငိုနေတယ်၊ ရက်ကြာ လာတဲ့ အခါ စိတ္တဇဝေဒနာသည် ဖြစ်သွားလိုက်တာ ခုထိ ကုလို့မရ တော့ဘူး၊ မိသားစုအားလုံးပစ္စည်းတွေ အခိုးခံရတာပဲ၊ ပစ္စည်းတွေ

အခိုးခံရတဲ့ အကြောင်းကြောင့် စိတ္တဇဝေဒနာ ဖြစ်မယ်ဆိုရင် တစ်မိသားစုလုံး ဖြစ်ရမယ်။

အခု ဒီမိန်းကလေးတစ်ယောက်တည်း ဖြစ်တယ်ဆိုတော့ စိတ္တဇဝေဒနာ ဖြစ်ရတာဟာ ပစ္စည်းအခိုးခံရတာ အဓိက မဟုတ်ကြောင်း ထင်ရှားတယ်၊ အဓိကကတော့ သေရည်သောက်ခဲ့တဲ့ ကံကြောင့်ပဲ။

အခုလည်း တရားအားထုတ်တိုင်း စိတ္တဇဝေဒနာ ဖြစ်ရမယ် ဆိုရင် ယောဂီတိုင်း စိတ္တဇဝေဒနာ ဖြစ်ရမယ်၊ အခု ယောဂီတိုင်း မဖြစ်ပဲ တစ်သောင်းမှာ တစ်ယောက်လောက် စိတ္တဇဝေဒနာ ဖြစ် တယ်ဆိုတော့ တရားအားထုတ်လို့ မဟုတ်ဘဲ သေရည် သောက်ခဲ့လို့ ဆိုတာ ထင်ရှားပါတယ်။

စိတ္တဇဝေဒနာဖြစ်ခြင်းအကြောင်း တတိယအချက်က မရစဖူး အရထူးလာတဲ့ သမာဓိကို အကျိုးမရှိတဲ့ နေရာ အသုံးချမိတဲ့အ တွက်ကြောင့်ပဲ၊ တစ်ချို့ တရားစခန်းတွေက သမာဓိကို တော် တော် လုပ်ခိုင်းတယ်၊ တကယ်တော့ ဒီသမာဓိဟာ ရုပ်နာမ် အဖြစ် အပျက်ကို တည်ငြိမ်စွာ ကြည့်တတ်ဖို့ပဲ၊ ဒါပေမယ့် ယောဂီဟာ ကြည့်နည်းကို မသိရှာဘူး။

ဒီတော့ သမာဓိကို မဟုတ်တဲ့ နေရာမှာ သုံးမိတယ်၊ ဘယ်လို သုံးမိသလဲဆိုတော့ ကြောက်စရာမကောင်း ဆိုးဝါး ပုံတွေကို မိမိ သမာဓိနဲ့ ပုံဖော်ပစ်လိုက်တယ်၊ ဥပမာ ခုချိန်မှာ ငါ့နောက်က ထန်းပင်အမြင့်လောက်ရှိတဲ့ မကောင်းဆိုးဝါး ကြီးတစ်ကောင် ပေါ် လာပြီး ငါ့ကို မ,ယူသွားရင် ဘယ်လိုလုပ်မလဲ ဆိုပြီး တွေးလိုက်တယ်။

တွေးတယ်ဆိုတာ မိမိရထားတဲ့သမာဓိနဲ့ မကောင်း ဆိုးဝါးကို ပုံဖော်လိုက်တာပဲ၊ သမာဓိက အားကောင်းနေတော့ ပုံဖော် လိုက်တာနဲ့ ပေါ်လာတာပဲ၊ ပေါ်လာတာနဲ့ ကြောက်ပြီး ထပြေး လိုက်တာ အဲဒီက စပြီး စိတ္တဇဝေဒနာ ဖြစ်သွားတာပဲ၊ ဒါ့ကြောင့် သမာဓိ ကို မဟုတ်တဲ့ နေရာမသုံးပဲ၊ ရုပ်နာမ်ရဲ့မမြဲမှုကို ကြည့်တဲ့ နေရာမှာသာ သုံးရမယ့်အကြောင်း ဆရာက သင်ပြပေး ရတယ်။

စိတ္တဇဝေဒနာ ဖြစ်ခြင်းအကြောင်း စတုတ္ထအချက်က တော့ ဘိုးတော်တွေ၊ ဝိဇ္ဇာတွေက ဖြစ်စေ၊ မာရ်နတ်နဲ့အသင်း အပင်းများက ဖြစ်စေ ကြောက်စရာ လူသေကောင်တွေ၊ အရိုး စုတွေကို ကြံ ဖန်ပုံဖော်ပြတတ်ကြတယ်၊ အဲဒီလို အနှောက်အယှက် တွေ မဖြစ် အောင်ကတော့ မေတ္တာဘာဝနာကို နိုင်အောင်ပွားပြီး ကာကွယ်ရတယ်။

သန်း။ ။တပည့်တော် မိတ်ဆွေတွေကိုလည်း ဒီအကြောင်းတွေ တစ်ဆင့် ရှင်းပြပေးဦးမယ်ဘုရား။

နုပ်။ ။ အေး. . . ကောင်းတာပေါ့၊ ဒုက္ခသစ္စာအကျယ်ကို နောက်လမှ ဆက် ရအောင်။

■

## အခန်း ၃၇

### အရိယာပုဂ္ဂိုလ်တို့ နှလုံးမသွင်းသော မပြုလုပ်သော အရာများ

၁။ သင်္ခါရဟူသမျှ၌ သုခဟူ၍ နှလုံးမသွင်း

၂။ သင်္ခါရဟူသမျှ၌ အတ္တဟူ၍ နှလုံးမသွင်း

၃။ အမိသတ်သောကံကို မလွန်ကျူး

၄။ အဖသတ်သောကံကို မလွန်ကျူး

၅။ ရဟန္တာသတ်သောကံကို မလွန်ကျူး

၆။ ဘုရားရှင်သွေးစိမ်းတည်အောင်လုပ်သောကံကို မလွန်ကျူး

၇။ သံဃာသင်းခွဲသောကံကို မလွန်ကျူး

၈။ ဗုဒ္ဓသာသနာမှတစ်ပါး တစ်ခြားသော အညတိတ္ထိ ယသာသနာ၌ ဆရာမရှာခြင်း။ (အင်္ဂုတ္တိုရ်/ အံ– ၁၊ ပါ– ၂၈၊ ဋ္ဌ– ၃၅၂)

၉။ မာတုစေတီကို မဖျက်ဆီး

၁၀။တိတ္ထိသာသနာ၌ အလှူခံပုဂ္ဂိုလ်ကို မရှာ

၁၁။လောကီမင်္ဂလာဖြင့် သံသရာမှလွတ်မြောက်နိုင်ဟု မယုံကြည် (နေတ္တိ၊ ပါ– ၇၇၊ ဋ္ဌ– ၁၅၃)

၁၂။ မျက်နှာလိုက်၍ မပေးကမ်း (ဇာ၊ ပါ–ပ–၃၈၊ ဋ္ဌ–ဒိ–၂၃)
၁၃။ အသက်စွန့်ရစေကာမူ အဂတိလေးပါးသို့ မလိုက် (ဝိ–၁၊ ဋ္ဌ–ပ–၇)
(ဝိ– ၄၊ ပါ– ၄၈၁)
၁၄။ ငြင်းခုန်ခိုက်ရန်မပြု (ပံ– ၃၊ ပါ– ၃၃၊ ဋ္ဌ– ၂၅)
၁၅။ ငါးပါးသီလ မလွန်ကျူး၊ မဖောက်ဖျက် (ပံ– ၁၊ ပါ– ၉၂၊ ဋ္ဌ–ပ– ၃၁၄)
၁၆။ ဆရာမပြောင်း (ဒီ– ၁၊ ဋ္ဌ– ၂၀၉)
၁၇။ မည်သည့်အခါမှ သရဏဂုံမညစ်နွမ်း (ခုဒ္ဒ–ဋ္ဌ–၇)
၁၈။ အနာရောဂါဝေဒနာခံစားရသော်လည်း သောက မဖြစ် (သဠာ–ပါ–
၄၀၉၊ ဋ္ဌ– ၁၁၇)
၁၉။ ဗြဟ္မာ့ပြည်သို့ရောက်သော် အောက်ပြည်သို့ မ ဆင်း၊ မဖြစ် (အံ–
၄၊ ပါ– ၄၄၁၊ ဋ္ဌ– ၃၃၁)
၂၀။ ဟုတ်မှန်သောမိမိဂုဏ်ကိုပင် ထင်ပေါ်ကျော်ကြား အောင်
ပစ္စည်းရအောင် ရည်ရွယ်ချက်ဖြင့် သူတစ်ပါးအား မပြော (သုတ္တ–
ပါ–၄၀၁၊ ဋ္ဌ–ဒု–၂၇၇)

သန်း။ ။ ပြီးခဲ့တဲ့အပါတ်က ဆရာတော်ပြောတဲ့ထဲမှာ– တရားကျင့်ချိန် အနှောက်အယှက်ကင်းအောင် မေတ္တာဘာဝနာပွားများသင့်ကြောင်း ပါပါတယ် ဘုရား၊ တပည့်တော်တို့ လူငယ်တွေက လက်တွေ့သာဓကလေးတွေနဲ့ သိရမှ ပိုပြီး စိတ်ဝင်စားတယ်ဘုရား၊ ဒါ့ကြောင့် မေတ္တာပွားပုံ အကျယ်နဲ့ မေတ္တာပွားတဲ့အတွက် အန္တ–ရာယ်ကင်းပြီး တရားရပုံရယ်၊ မေတ္တာမပွားတဲ့အတွက် အနှောက်အယှက် တွေ့ရပြီး တရားမရပုံရယ် လက်တွေ့သာဓကလေးတွေ ထုတ်ပြပါဦးဘုရား။

နုပ်။ ။ အဲဒါဆိုလည်း တစ်ခါတည်း ပြည့်စုံသွားအောင် တို့ဆီမှာ တရား

အားထုတ်တဲ့ယောဂီတွေရဲ့ ပရိကမ်ပြုပုံစာရွက်ကို ဖတ်ကြည့်ပေတော့။

## တရားမထိုင်မီ ပရိကမ်ပြုပုံ

## ဘုရားရှိခိုးခြင်း

လူ, နတ်, ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော၊ အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာ သိမြင်တော်မူသော ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကို ရှိခိုးပါ၏ ။

## သရဏဂုံဆောက်တည်ခြင်း

အရဟံအစ ဘဂဝါအဆုံး ဂုဏ်တော်ကိုးပါးတို့နှင့် ပြည့်စုံတော်မူသော ဘုရားရှင်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏ ။

သွာက္ခာတတာ အစဖြာသော ဂုဏ်တော်ခြောက်ပါးတို့နှင့် ပြည့်စုံတော်မူသော တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏ ။

သုပ္ပဋိပန္နတာအစဖြာသော ဂုဏ်တော်ကိုးပါးတို့နှင့် ပြည့်စုံတော်မူသော သံဃာတော်အရှင်မြတ်တို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏ ။

## ကမ္မဋ္ဌာန်းတောင်း

မြတ်စွာဘုရား တပည့်တော်တို့၏ စရိုက်နှင့်သင့်လျော်သော ကမ္မဋ္ဌာန်းတရားကို ပေးသနားတော်မူပါဘုရား။

### ခန္ဓာလှူ

တပည့်တော်တို့၏ ခန္ဓာငါးပါးရုပ်နာမ်နှစ်ပါးကို တရား

အားထုတ်ချိန်အတွင်း၌ ဂဂိုဝါဠဩသဲစုမက ပွင့်တော်မူကြကုန်ပြီးသော ဘုရားရှင်အားလုံးတို့အား လှူဒါန်းပါ၏။

## တောင်းပန်ကန်တော့

တပည့်တော်တို့သည် ဘဝအဆက်ဆက်မှစ၍ ယခုဘဝတိုင်အောင် မပြစ်မှားထိုက်သော အရိယာအစရှိသော ပုဂ္ဂိုလ်တို့အား ပြစ်မှားမိသည်ရှိသော် ထိုအပြစ်တို့မှ ပြေပျောက်စေရန် တောင်းပန်ကန်တော့ပါ၏။

## အကြွေးချေခွင့်လွှတ်

တပည့်တော်တို့အပေါ်၌ ပြစ်မှားခဲ့သောပုဂ္ဂိုလ်များကိုလည်း ထိုအပြစ်တို့မှ ပြေပျောက်စေရန် ခွင့်လွှတ်ပါ၏။

## အနုလုံမေတ္တာပို့အစုန်

၁။ တပည့်တော်တို့၏ ရုပ်နာမ်နှစ်ဖြာသည် ဘေးရန်ကြောင့်ကျ၊ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ကောင်းကျိုးလိုရာ ဆန္ဒပြည့်ဝကြပါစေ။

၂။ ဤကျောင်းပေါ်၌ ရှိကြကုန်သော လူ, နတ်, ဗြဟ္မာ သတ္တဝါအားလုံး ဘေးရန်ကြောင့်ကျ၊ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ကောင်းကျိုးလိုရာ ဆန္ဒပြည့်ဝကြပါစေ။

၃။ ဤကျောင်းဝိုင်း(အိမ်ဝိုင်း)အတွင်း၌ ရှိကြကုန်သော

၄။ ဤရပ်ကွက်(ကျေးရွာ)အတွင်း၌ ရှိကြကုန်သော

၅။ ရွှေပြည်သာမြို့နယ်အတွင်း၌ ရှိကြကုန်သော

၆။ ရန်ကုန်တိုင်းအတွင်း၌ ရှိကြကုန်သော

၇။ မြန်မာတစ်ပြည်လုံး၌ ရှိကြကုန်သော

၈။ တစ်ကမ္ဘာလုံး၌ ရှိကြကုန်သော

၉။ စကြာဝဠာတိုက်တစ်သောင်း၌ ရှိကြကုန်သော

၁၀။ စကြာဝဠာအနန္တ၌ ရှိကြကုန်သော

## တရားထိုင်ပြီး မေတ္တာပို့ အမျှဝေပုံ
## ပဋ္ဌိလုံ အဆန့်မေတ္တာပို့ပုံ

၁။ စကြာဝဠာအနန္တ၌ ရှိကြကုန်သော လူ, နတ်, ဗြဟ္မာ သတ္တဝါအားလုံး ဘေးရန်ကြောင့်ကျ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ကောင်းကျိုးလိုရာ ဆန္ဒပြည့်ဝကြပါစေ။

၂။ စကြာဝဠာတိုက်တစ်သောင်း၌ ရှိကြကုန်သော လူ, နတ်, ဗြဟ္မာသတ္တဝါအားလုံး .

ကျန် (၁၀) ထိ အတူတူပင်။

ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။
ဤပဋိပတ်အကျင့်မြတ်ဖြင့် ဘုရားရှင်ကို ပူဇော်ပါ၏။
ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။
ဤပဋိပတ်အကျင့်မြတ်ဖြင့် တရားတော်ကို ပူဇော်ပါ၏။
ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။
ဤပဋိပတ်အကျင့်မြတ်ဖြင့် သံဃာတော်အရှင်မြတ်တို့ကို ပူဇော်ပါ၏။

### အမျှဝေ

ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု။
ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။
ဣမံ ပုညဘာဂံ သဗ္ဗသတ္တာနံ ဘာဇေမ။

ယနေ့တိုင်အောင် ပြုလုပ်ရသော အားထုတ်ရသော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှု အဖို့ဘာဂ ရသမျှကို သုံးဆယ့်တစ်ဘုံ ကျင်လည်ကြကုန်သော သုခိတ, ဒုက္ခိတ သတ္တဝါအပေါင်းတို့အား အမျှ၊ အမျှ ပေးဝေပါကုန်၏၊ အမျှရကြ၍ ကျန်းမာကြသည် ချမ်းသာကြသည် ဖြစ်ကြပါစေကုန်သတည်း။

အားလုံးကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့.....။

သာဓု သာဓု သာဓု။

သန်း။ ။မေတ္တာအကျိုးလေး မပြောခင်မှာ အားထုတ်ကာစ ယောဂီများအတွက် ထိုင်နေစဉ် ရှုမှတ်ပုံလေး အသေးစိတ် ရှင်းပြပါဘုရား။

နုပ်။ ။ ထိုင်တဲ့အခါမှာတော့ မိမိချမ်းသာသလို ထိုင်နိုင်ပါတယ်၊ ပုံသေသတ်မှတ်ချက် မရှိပါဘူး၊ ကျန်းမာရေးမကောင်းသူများအနေနဲ့ ကုလားထိုင်အမြင့်မှာ ခြေတွဲလွဲချပြီး ထိုင်နိုင်သလို အိပ်ယာမှာလှဲပြီးလည်း ရှုမှတ်နိုင်ပါတယ်၊ ကျန်းမာရေး အထောက်အကူဖြစ်စေရန်အတွက် ခါးကို ဖြောင့်ဖြောင့်ထားပါ၊ ခေါင်းကို မမော့လွန်း၊ မငုံ့လွန်း ပုံမှန်ထားပါ၊ လက်နှစ်ဖက်ကိုတော့ ထပ်ထားနိုင်သလို ချမ်းသာမယ်ဆိုရင် ဒူးပေါ်ကိုလည်း တင်ထားနိုင်ပါတယ်။

အသက်ကို ရှူနေကျအတိုင်း ပုံမှန်ရှူပါ၊ ယောဂီအသစ်ဆိုရင် နှာခေါင်းဝကနေ လေဝင်သွားတာကို သတိကပ်ပြီး ဝင်တယ်လို့ သိပါ၊ နှာခေါင်းဝကနေ လေထွက်တာကို သတိကပ်ပြီး ထွက်တယ်လို့ သိပါ၊ ဝါရင့်လာပြီဆိုရင်တော့ ထွက်တာဝင်တာကို မမှတ်တော့ပဲ ထိတာကို ပြောင်းမှတ်ရမယ်။

သန်း။ ။ဘယ်လို ထိတာကို မှတ်ရမှာလဲဘုရား။

နှုပ်။ ။ ဝင်သက်၊ ထွက်သက်နှစ်ခုလုံးဟာ နှာသီးဝကို ထိပြီးတော့ဝင်တယ်၊ နှာသီးဝကို ထိပြီးတော့ထွက်တယ်၊ ယောဂီက နှာသီးဝတွေ၊ လေတွေ ဘာမျှ အာရုံမပြုတော့ပဲ၊ ထိတာလေးတစ်ခုကိုပဲ သိနေရမယ်၊ ထိတယ်၊ ထိတယ်ဆိုပြီးတော့ နှုတ်ကရော၊ စိတ်ကရော လိုက်ဆိုနေစရာ မလိုဘူး၊ သိရုံသက်သက်ပဲ။

ထိတာကို သိနေရာကနေ စိတ်က တခြားအာရုံထွက်သွားလိမ့်မယ်၊ အဲဒီလို ထွက်သွားတဲ့အခါ စိတ်က ငါထားတဲ့နေရာမှာ မနေဘူးဆိုပြီး ဒေါမနဿအကုသိုလ် ဖြစ်တတ်တယ်၊ မဖြစ်ရဘူး၊ သြော် စိတ်ဟာ အာရုံအမျိုးမျိုးကို အမြဲပြောင်းပြီး သိတတ်တာပါလားဆိုပြီး စိတ်ရဲ့သဘာဝလေးကို နားလည်ပေးရတယ်။

စိတ်က သားသမီးအကြောင်းတွေးရင် ရှုစိတ်က သားသမီး အကြောင်းတွေးနေတယ်လို့ သိရမယ်၊ စိတ်က စီးပွားရေးအကြောင်းတွေးရင် စီးပွားရေးအကြောင်းတွေးနေတယ်လို့ သိရမယ်၊ စိတ်က ရာဂအကြောင်းကိုတွေးရင် ရာဂအကြောင်းတွေတွေးနေတယ်လို့ သိရမယ်။

စိတ်က ဒေါသအကြောင်းတွေးရင် ဒေါသအကြောင်းကို တွေးနေတယ်လို့ သိရမယ်၊ ဒါကိုကြည့်ပြီး ဗုဒ္ဓက မဟာသတိပဋ္ဌာန်ပါဠိတော်မှာ–

သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ၊

ရာဂစိတ်ဖြစ်ရင် ရာဂစိတ်ဖြစ်မှန်းသိပါ။

ဝီတရာဂံ ဝါ စိတ္တံ ဝီတရာဂံ စိတ္တန္တိ ပဇာနာတိ၊

ရာဂကင်းသောစိတ်ဖြစ်ရင် ရာဂကင်းသောစိတ်ဖြစ်မှန်းသိပါ။

သဒေါသံ ဝါ စိတ္တံ သဒေါသံစိတ္တန္တိ ပဇာနာတိ၊

ဒေါသစိတ်ဖြစ်ရင် ဒေါသစိတ်ဖြစ်မှန်းသိပါ။

ဝီတဒေါသံ ဝါ စိတ္တံ ဝီတဒေါသံ စိတ္တန္တိ ပဇာနာတိ၊

ဒေါသကင်းသောစိတ်ဖြစ်ရင် ဒေါသကင်းသောစိတ်ဖြစ်မှန်းသိပါလို့ ဟောခဲ့တာပေါ့။

အဲဒီလို သိပေးလိုက်တာနဲ့ ဖြစ်နေတဲ့ လောဘစိတ်၊ ဒေါသစိတ်တွေ မရှိတော့ဘူး၊ သိပေးနေတဲ့ ဝိပဿနာကုသိုလ်စိတ်ပဲ ရှိတော့တယ်၊ အဲဒီလို သိသိပေးနေရင် စိတ်ဟာ အာရုံမများတော့ပဲ ပြန်ငြိမ်သွားတယ်၊ အဲဒီလို ငြိမ်သွားရင် မူရင်း ထိတာလေးပြန်သိပေါ့၊ ထိုင်တာကြာလာတဲ့အခါ ရုပ်တွေ ဖောက်ပြန်ပြီး နာကျင်ကိုက်ခဲတဲ့ ရောဂါတွေ ပေါ်လာလိမ့်မယ်။

သန်း။ ။နာကျင်ကိုက်ခဲတာက ဝေဒနာမဟုတ်ဘူးလား ဘုရား။

နုပ်။ ။ မဟုတ်ဘူး–

နာတာ၊ ကျင်တာ၊ ကိုက်တာ၊ ခဲတာ၊ အောင့်တာ၊ တင်း တာမှန်သမျှ ရုပ်ဖောက်ပြန်ခြင်းသဘောရှိလို့ ရောဂါလို့ ခေါ်တယ်။

နာတာကို ခံစားတဲ့ သဘောလေးကမှ ဝေဒနာ

ကိုက်တာကို ခံစားတဲ့ သဘောလေးကမှ ဝေဒနာ

အောင့်တာကို ခံစားတဲ့ သဘောလေးကမှ ဝေဒနာ

တင်းတာကို ခံစားတဲ့ သဘောလေးကမှ ဝေဒနာ–

အဲဒီ ခံစားတဲ့ဝေဒနာလေးရဲ့ မမြဲမှုကိုသာ အနိစ္စလို့ရှုရတာ၊ နာကျင်၊ ကိုက်ခဲတဲ့ရောဂါတွေကို မမြဲခြင်း အနိစ္စလို့ မရှုပွားမရဘူး။

ရုပ်ခန္ဓာရှိနေသမျှ ရောဂါရှိနေမယ်၊

စိတ်တရားရှိနေသမျှ ဝေဒနာရှိနေမယ်၊

ဝေဒနာရဲ့မမြဲမှုကို ထိုးထွင်းပြီး ကျယ်ကျယ်ပြန့်ပြန့် သိရတယ်။

တစ်စက္ကန့်အတွင်းမှာ ခံစားတဲ့ဝေဒနာအလုံးပေါင်း ကု–ဋေတစ်သိန်းဖြစ်ပြီးတော့ ပျက်သွားတယ်၊ ဒါကို ဉာဏ်နဲ့သိပြီး ဝေဒနာရဲ့မမြဲမှုကို ရှုပွားပေးရတယ်၊ နောက်တစ်ချက်က ဝေဒနာစေတသိက်ဟာ စိတ်ကို မှီပြီးဖြစ်ရတယ်၊ စိတ်ဟာ ရုပ်ကိုမှီပြီး ဖြစ်ရတယ်၊ ပင်မ အမှီခံဖြစ်တဲ့ရုပ်ဟာ မမြဲတဲ့အတွက် သူ့ကို မှီဖြစ်တဲ့ စိတ်ဟာလည်း မမြဲဘူး။

စိတ်က မမြဲမှတော့ စိတ်ကို မှီဖြစ်တဲ့ဝေဒနာဟာလည်း ဘယ်မှာ မြဲတော့မလဲဆိုတဲ့ ဉာဏ်နဲ့လည်း သိသိပေးရတယ်၊ နောက်တစ်ချက် ဝေဒနာဟာ–

စိတ်ရဲ့ချမ်းသာမှုကိုခံစားတဲ့ သောမနဿဝေဒနာ

ရုပ်ရဲ့ချမ်းသာမှုကိုခံစားတဲ့ သုခဝေဒနာ

စိတ်ရဲ့ဆင်းရဲမှုကိုခံစားတဲ့ ဒေါမနဿဝေဒနာ

ရုပ်ရဲ့ဆင်းရဲမှုကိုခံစားတဲ့ ဒုက္ခဝေဒနာ

ချမ်းသာ၊ ဆင်းရဲမထင်ရှားတဲ့ ဥပေက္ခာဝေဒနာ– ဆိုပြီး ငါးမျိုးရှိတယ်။

သန်း။ ။လူငယ်တွေ ပိုရှင်းသွားအောင် ပုံစံလေးနဲ့ ရှင်းပြပါဦးဘုရား။

နုပ်။ ။ စာမေးပွဲအောင်တယ်၊ ထီပေါက်တယ်လို့ သိလိုက်တာနဲ့ ဝမ်းသာသွားတာဟာ "သောမနဿဝေဒနာ"ကို ခံစားလိုက်တာပဲ။

ကြိုက်တဲ့အဆင်းလေးမြင်လိုက်ရတဲ့အခါ

ကြိုက်တဲ့အသံလေးကြားလိုက်ရတဲ့အခါ

ကြိုက်တဲ့အနံ့လေးနမ်းရှုလိုက်ရတဲ့အခါ
ကြိုက်တဲ့အရသာလေးစားလိုက်ရတဲ့အခါ
ကြိုက်တဲ့အတွေ့အထိလေးထိတွေ့လိုက်ရတဲ့အခါ
ဝမ်းသာသွားတာဟာ "သုခဝေဒနာ"ကို ခံစားလိုက်တာပဲ။

စာမေးပွဲကျတယ်၊ အဝေးမှာရှိတဲ့ မိဘဆွေမျိုးတစ်ယောက် သေတယ်လို့ သတင်းကြားလိုက်တာနဲ့ ဝမ်းနည်းသွားတာဟာ "ဒေါမနဿဝေဒနာ"ကို ခံစားလိုက်တာပဲ။

မကြိုက်တဲ့အဆင်းလေးမြင်လိုက်ရတဲ့အခါ
မကြိုက်တဲ့အသံလေးကြားလိုက်ရတဲ့အခါ
မကြိုက်တဲ့အနံ့လေးနမ်းရှုလိုက်ရတဲ့အခါ
မကြိုက်တဲ့အရသာလေးစားလိုက်ရတဲ့အခါ
မကြိုက်တဲ့အတွေ့အထိလေးထိတွေ့လိုက်ရတဲ့အခါ
စိတ်မကောင်းဖြစ်သွားတာဟာ "ဒုက္ခဝေဒနာ"ကို ခံစားလိုက်တာပဲ။

လမ်းသွားတဲ့အခါ ခြေဖဝါးနဲ့မြေကြီး ထိပြီး ထိသိစိတ်တွေ ဆက်တိုက်ဖြစ်နေတယ်၊ ထိသိစိတ်နဲ့အတူ ထိတာကို ခံစားတဲ့ဝေဒနာတွေလည်း ဖြစ်နေတာပဲ၊ ဒါပေမယ့် ဒီလို ခြေဖဝါးနဲ့ မြေကြီး ထိနေရတာကို နှစ်သက်တယ်လို့လည်း မပြောနိုင်ဘူး၊ မနှစ်သက်ဘူးလို့လည်း မပြောနိုင်ဘူး၊ ဒါ့ကြောင့် ဒီလိုအချိန်မျိုးမှာ "ဥပေက္ခာ ဝေဒနာ"ကို ခံစားလိုက်တာပဲ။

တစ်ခါတစ်ရံ ကြုံဖူးလိမ့်မယ်၊ ထမင်းတော့ စားနေတယ်၊ စိတ်က ထမင်းပွဲမှာ မရှိဘူး၊ ဟိုအကြောင်း ဒီအကြောင်းတွေ လျှောက်တွေး နေတယ်၊ ဒီအချိန်မျိုးမှာလည်း "ဥပေက္ခာဝေဒနာ"

ဖြစ်သွားတာပဲ။

သောမနဿဝေဒနာနဲ့ သုခဝေဒနာဖြစ်ချိန်မှာ ဖြစ်မှန်းမသိလိုက်ရင် "ရာဂါနုသယ" ကိန်းတယ်၊ နားလည်အောင် ပြောရရင် လောဘကိလေသာ ဖြစ်တယ်၊ ဖြစ်မှန်းသိလိုက်တာနဲ့ လောဘဖြစ်ခွင့် မရဘူး။

ဒေါမနဿဝေဒနာနဲ့ ဒုက္ခဝေဒနာဖြစ်တဲ့အခါမှာ ဖြစ်မှန်းသိ မပေးရင် "ပဋိဃာနုသယ" ကိန်းတယ်၊ နားလည်အောင် ပြောရရင် ဒေါသကိလေသာ ဖြစ်တယ်၊ ဖြစ်မှန်းသိလိုက်တာနဲ့ ဒေါသဖြစ်ခွင့် မရတော့ဘူး။

ဥပေက္ခာဝေဒနာ ဖြစ်တဲ့အခါမှာ ဖြစ်မှန်းမသိရင် "အဝိဇ္ဇာနုသယ" ကိန်းတယ်၊ ရှင်းအောင်ပြောရင် မောဟကိလေသာ ဖြစ် တယ်၊ ဥပေက္ခာဝေဒနာဖြစ်မှန်း သိလိုက်တာနဲ့ မောဟဖြစ်ခွင့် မရတော့ဘူး၊ ရုပ်ရှိနေသမျှ စိတ်ရှိနေမယ် (အသညသတ်မှတစ်ပါး) စိတ်ရှိနေသမျှ ဝေဒနာရှိနေမှာပဲ။

ဒါပေမယ့် ဝေဒနာငါးမျိုးဟာ အလှည့်နဲ့ ဖြစ်နေကြ တယ်၊ တစ်မျိုးတည်း အကြာကြီးဖြစ်လို့ မရဘူး၊ အဲဒီလို အလှည့်နဲ့ ဖြစ်နေ ရတဲ့အတွက်လည်း ဝေဒနာကို အနိစ္စ မမြဲတဲ့တရားပဲလို့ ရှုပွားပေး ရတယ်၊ ထိုင်နေသခိုက် ဝေဒနာငါးမျိုးဟာ အလှည့်နဲ့ ပေါ်နေမှာပဲ၊ ဘယ်ဝေဒနာ ပေါ်ပေါ်၊ ပေါ်ရင် ပေါ်မှန်းသိပေးနေတာဟာ ဝိပဿနာရှုတာပဲ။

ခံနိုင်ရည်မရှိတော့ဘူးဆိုရင် ပြောင်းချင်တယ်၊ ပြောင်းချင်တယ်လို့ သတိကပ်ပြီး ပြောင်းထိုင်ပါ၊ အဲဒါ ထိုင်တဲ့အချိန်မှာ တရားရှုနည်းပဲ။

သန်း။ ။အခုလိုဆိုတော့ ရှုပွားရတာ မခက်တော့ပါဘူး ဘုရား၊ ဒါပေမယ့် ဝင်လေ၊ ထွက်လေ နှာသီးဝ ထိသွားတာလေး အာရုံပြုပြီး ထိတယ်လို့ သိရုံနဲ့ မဂ်ဖိုလ်ကိစ္စ ပြီးနိုင်ပါ့မလားဘုရား၊ ဘာဖြစ်လို့လဲ ဆိုတော့ ရှုပွားတဲ့ ယောဂီဆိုတာက ခန္ဓာတို့ ရုပ်နာမ်တို့ဆိုတဲ့ နာမည်လေး ပါမလာရင် သိပ်မလေးစားချင်ဘူး ဘုရား။

နုပ်။ ။ အင်း ․အဲဒါကြောင့် တရားမရကြတာပဲ၊ အဲဒီနည်းဟာ ဝေဘူ ဆရာတော်ကြီးတို့၊ စွန်းလွန်းဆရာတော်ကြီးတို့ နည်းပဲ၊ ဆရာတော်ကြီးများ ကိုယ်တိုင် ဒီထိတာလေးကို သိရင်း ရဟန်းကိစ္စ ပြီးသွားကြတာ၊ ဝေဘူဆရာတော်ကြီးကတော့ အထူးမှာတယ်၊ ထိတာသိတဲ့ အလုပ်ကို (၂၄) နာရီ တစပ်တည်းရအောင် ရှုပွားကြည့်၊ တရားထူး ရရမယ်တဲ့။

ထိတာတစ်ခုပဲ စွဲစွဲမြဲမြဲ သိ၊ တခြား ထွေလီကာလီတွေ လျှောက်လုပ်မနေနဲ့တဲ့၊ ဘာ့ကြောင့်လဲဆိုတော့ ဒီထိတာကို သိတဲ့ထဲမှာ ဗောဓိပက္ခိယတရား (၃၇) ပါးလုံး အကုန်ပါဝင်နိုင်တဲ့ အတွက်ပဲ၊ မင်းကို တစ်ခုပဲ ပြောပြမယ်၊ ဝင်လေက နှာသီးဝကို ထိပြီး ဝင်သွားတဲ့အခါ ထိတာကို သိလိုက်တာနဲ့ ခန္ဓာငါးပါး မမြဲမှုကို သိမှုဟာ တစ်ခါတည်း ပါသွားတယ်။

ဝင်လေထဲမှာ ပထဝီ၊ တေဇော၊ ဝါယောဆိုတဲ့ ဓာတ်သုံးပါး ခေါင်းဆောင်လာတယ်၊ သူတို့ သုံးပါးပေါင်းကို ဖောဋ္ဌဗ္ဗာရုံ– အတွေ့အထိလို့ ခေါ်တယ်၊ အဲဒီ ဖောဋ္ဌဗ္ဗာရုံက နှာသီးဝဆိုတဲ့ ကိုယ်အကြည်ရုပ်ကို လာတိုက်တယ်၊ ကိုယ်အကြည်ရုပ်နဲ့ အတွေ့အထိရုပ်ဟာ ရူပက္ခန္ဓာပဲ၊ သူတို့ရဲ့ မမြဲမှုကို ရှုပွားပေးရင် "ကာယာနုပဿနာသတိပဋ္ဌာန်" ဖြစ်တယ်။

သူတို့နှစ်ပါးထိလိုက်တဲ့အတွက် ထိသိစိတ်ပေါ်လာတယ်၊ ထိသိစိတ်ဟာ ဝိညာဏက္ခန္ဓာပဲ၊ ဒီဝိညာဏက္ခန္ဓာရဲ့ မမြဲမှုကို ရှုပေးရင် "စိတ္တာနုပဿနာသတိပဋ္ဌာန်" ဖြစ်တယ်။

ထိသိစိတ်နဲ့အတူဖြစ်တဲ့ ခံစားခြင်း သဘောတရား ဝေဒနာက္ခန္ဓာရဲ့ မမြဲမှုကို ရှုပွားတော့ "ဝေဒနာနုပဿနာသတိပဋ္ဌာန်" ဖြစ်တယ်။

ထိတာကို မှတ်သားတာက သညာက္ခန္ဓာ၊ ဆက်ထိဖြစ်အောင် တိုက်တွန်းတာက သင်္ခါရက္ခန္ဓာ၊ သူတို့နှစ်ပါးပေါင်း တစ်ပါးပါးရဲ့ မမြဲမှုကို ရှုပွားရင် "ဓမ္မာနုပဿနာသတိပဋ္ဌာန်" ဖြစ်တယ်။

ဒါ့ကြောင့် ထိတာကို သိပေးနေတာဟာ ခန္ဓာငါးပါးရဲ့ မမြဲမှုကို သိပေးနေခြင်းပဲ၊ ဒါပေမယ့် ယောဂီက ဒီခန္ဓာတွေကို ရေတွက်နေစရာ မလိုဘူး၊ ထိတာတစ်ခုကို သိပေးနေရုံပဲ၊ ဒါ–ကြောင့် ဝေဘူဆရာတော်ကြီးက ထိတာကိုသာ (၂၄) နာရီ တစပ်တည်းရအောင် သိပေး၊ ထွေလီကာလီ လျှောက်လုပ်စရာ မလိုဘူးလို့ ပြောခဲ့တာပေါ့။

သန်း။ ။ဝေဘူဆရာတော်ကြီး တရားစာအုပ်တွေတော့ တော်တော်ဖတ်ဖူးတယ်ဘုရား၊ အခုလို ဆစ်ပိုင်းပြီး မသိခဲ့ရပါဘူး ဘုရား၊ အခုလို သိခွင့်ရတဲ့အတွက် ဆရာတော်ကို ကျေးဇူးတင်ပါ တယ်ဘုရား။

နုပ်။ ။ အေး–နောက်အပါတ်မှ ဝိပဿနာရှုပွားရာမှာလည်း မေတ္တာဘာဝနာ အရေးကြီးပုံကို သွားကြရအောင်။

■

အချို့က ရုပ်နာမ်၊ ပထဝီဓာတ်၊ အာပေါဓာတ်၊ ဖဿ၊ ဝေဒနာ၊ သုခ၊ ဒုက္ခ၊ သောမနဿစသည်ဖြင့် ပါဠိသံပါပါ ပြောဆို နှုတ်လုံးသွင်းပါမှ ပရမတ်ရုပ်နာမ်ကို သိနိုင်သည်ဟု မှတ်လျက် ရှိကြ၏။ မှားလေကုန်စွ။ အကြောင်းမူကား–တကယ်ဖြစ်ပျက်သော ရုပ်နာမ်ကို အမှန်အတိုင်း နှုတ်လုံး သွင်းမိခြင်း၊ သိခြင်းသည်သာလျှင် လိုရင်းဖြစ်၏။ အမည်ပညတ်ကို သိခြင်းသည်ကား လိုရင်းမဟုတ်ချေ။ ထင်ရှား စေဦးအံ့။ ပါဠိအမည်သည် ပါဠိဘာသာကို ကောင်းစွာ နားလည်သူအား ကျေးဇူးများ စေနိုင်၏။ နားမလည်သော သူအား ကျေးဇူးမများစေနိုင်။ မြန်မာစကားကိုသာ နားလည်သောသူအား မြန်မာ အမည်သည်သာလျှင် ကျေးဇူးများစေနိုင်၏။ စဉ်းစား ကြည့်ပါလေ၊ နာကျင်နေဆဲခဏ၌ ၎င်း နာကျင်မှုကို စူးစိုက်၍ နာတယ် နာတယ်ဟု မှတ်လျှင် နာလျက် မခံသာသော ဝေဒနာကို ထိဆဲ မှတ်ပုံ၌ ပြခဲ့သည့်အတိုင်း သဘာဝလက္ခဏာ စသည်တို့ အလိုအားဖြင့် မှန်စွာ သိနိုင်သည်ပင် မဟုတ်ပါလော။ ထိုသို့ မှန်စွာသိပြီး သောသူအား ဒုက္ခဝေဒနာ ဟူသော ပါဠိအမည်ကို မသိသော်လည်း အဘယ်အပြစ် ရှိနိုင်ပါမည်နည်း။ ဖြစ်ပြီးသော အသိဉာဏ်သည် ပျက်စီးသွား ဦးမည် လော၊ မပျက်နိုင်သည်သာတည်း။ ထို့ပြင် မှန်ကန်စွာ သိပြီး သောသူအား ပါဠိအမည်ကို သိရသည့်အတွက် ဉာဏ်အထူး တိုးတက်သွားဦးမည်လော၊ မတိုးတက်နိုင်သည်သာတည်း။ ဝိပဿနာဉာဏ် အထူးထက်သန်သော အခါ၌ကား ဘယ်အမည် ကိုမျှ နှုတ်လုံးမသွင်းနိုင် တော့ဘဲ အလွန် လျင်မြန်စွာ ဖြစ်ပျက်လျက် ထင်သော ရုပ်နာမ်တို့ကို သိရုံမျှ သိရုံမျှသာလျှင် အစဉ်လိုက်၍ သိရလေ၏။ ဤသို့ သိခြင်းဖြင့်

ဝိပဿနာဉာဏ်သည် တိုးတက်၍ သာ သွား ၏။ မဆုတ်ယုတ်ချေ။ ထို့ဖြစ်၍ ပါဠိသံပါပါ ပြောဆို နှုတ်လုံးသွင်းပါမှ ပရမတ်ရုပ်နာမ်ကို သိနိုင်သည်ဟု ထင်မှတ်ခြင်း ကို အမှားစစ်စစ်ဟု မှတ်ရာ၏။ (မဟာစည်ဆရာတော်၏ ဝိပဿနာရှုနည်းကျမ်း၊ ပထမတွဲ ၃၇၉– ၃၉၀)

အခန်း ၃၈

## အခွင့်ကောင်းလွတ်မသွားစေဖို့ အားထုတ်ပြုပြင်ပေးကြ

မိမိတို့ခန္ဓာ သန္တာန်မှာ နှာခေါင်းဆိုတဲ့အင်္ဂါအစိတ်အပိုင်းမှ အပြင် ဘက်သို့ တိုးထွက်သွားတဲ့ ဝါယောအမှုအရာလေး ကုန်တာကို ဆယ့်ငါး မိနစ်, မိနစ် နှစ်ဆယ်လောက် အမြင်သန်အောင် ကြိုးစားအားထုတ်ကြပါ။ သာသနာ တော်နဲ့တွေ့လို့ သာသနာရိပ်ကို ခိုလုံကြတဲ့ အားလုံးသောပုဂ္ဂိုလ်တို့ "လောကမှာ အသိဉာဏ်ပညာတစ်ခု အရေးအကြီးဆုံးပဲ" လို့ အသိ လေးကျ ရောက်ကြပါ။ အသိဉာဏ်ပညာ အားကောင်းတဲ့ပုဂ္ဂိုလ်နဲ့ အသိဉာဏ်ပညာ အားသေးတဲ့ပုဂ္ဂိုလ်နှစ်ယောက်တို့တွင် အသိဉာဏ်ပညာအား ကောင်းတဲ့ ပုဂ္ဂိုလ်ဟာ ဒါန၊ သီလ၊ ဘာဝနာကိစ္စတွေကို မှန်ကန်စွာပြုလုပ် နိုင်တယ်။ ဒါကြောင့် အသိဉာဏ်ပညာဟာ အရေးကြီးဆုံးပဲလို့ ယုံကြည်ကြပါ။

ကာမာဝစရကုသိုလ်များဟာ ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထ ကုသိုလ်၊ ဝိပဿနာကုသိုလ်လို့ လေးမျိုးရှိသည်တွင် ဝိပဿနာကုသိုလ်က

အမြင့်ဆုံးဖြစ်တယ်။ နိဗ္ဗာန်ကို အာရုံပြုတတ်တဲ့ သောတာပတ္တိမဂ်ဉာဏ်၊ သကဒါဂါမိမဂ်ဉာဏ်၊ အနာဂါမိမဂ်ဉာဏ်၊ အရဟတ္တမဂ်ဉာဏ်တို့ရဲ့ ရှေ့နား မှာ နီးနီးကပ်ကပ် ဖြစ်နိုင်သောကြောင့် ဝိပဿနာကုသိုလ်ဟာ အဆင့် အတန်း အမြင့်ဆုံးလို့ ယုံကြည်ကြပါ။ အဲဒီလို ယုံကြည်ပြီးတော့ မိမိတို့ ခန္ဓာသန္တာန်မှာ နှာခေါင်းဆိုတဲ့ အင်္ဂါအစိတ်အပိုင်း အပြင်ဘက်သို့ တိုးထွက် သွားတဲ့ ဝါယောပရမတ်၊ အတွင်းသို့ တိုးဝင်လာတဲ့ ဝါယောပရမတ်ရုပ် ဓာတ်၏ ကုန်သွားတဲ့ အချက်ကို အမြင်သန်အောင် ပွားများ အားထုတ်ကြ ပေလိမ့်မယ်။

ကုန်တာကို တစ်ခါသိသည်နှင့်တစ်ပြိုင်နက် သိတဲ့ပုဂ္ဂိုလ်တို့ သန္တာန် မှာ အထက်တန်း အလွန်ကျတဲ့ ဝိပဿနာကုသိုလ်ကြီးကို ရပြီဆိုတာ ယုံ ကြည်ကြပါ။ အထက်တန်းကျတဲ့ ဝိပဿနာကုသိုလ်ကြီး ရရှိတဲ့ပုဂ္ဂိုလ်တို့ ခန္ဓာသန္တာန်မှာ ဝိပဿနာကုသိုလ်၏ မှီရာဖြစ်တဲ့ ဟဒယဝတ္ထုကို မှီပြီးတော့ ဖြစ်ပေါ်လာတဲ့ ဝိပဿနာကုသိုလ် နာမ်ခန္ဓာလေးပါးသည် လောဘ၊ ဒေါသ၊ မောဟ အစရှိသော နီဝရဏအကုသိုလ်တွေမှ ဝေးဝေးကြီး ဖြစ်နေသော ကြောင့် အလွန့်အလွန် ပေါ့တဲ့အဖြစ်သို့ ရောက်လာပြီ။

ဝိပဿနာကုသိုလ် နာမ်ခန္ဓာလေးပါး ဟဒယဝတ္ထုကို မှီပြီးတော့ ဖြစ်လိုက်သည်နှင့်တစ်ပြိုင်နက် ဝိပဿနာကုသိုလ် အရှိန်သတ္တိကြောင့် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ သြဇာဟုဆိုအပ်သော ဓာတ်ရှစ်ပါး အဌကလာပ်ရုပ်ကြီးတွေ ဖြစ်ပေါ်လာလိမ့်မယ်။ အကြောင်း ဖြစ်တဲ့ ဝိပဿနာကုသိုလ်စိတ် အလွန်ပေါ့နေသလို အဲဒီစိတ်ကြောင့် ဖြစ် ပေါ်လာတဲ့ ဓာတ်ရှစ်ပါးရုပ်အစုကလည်း အလွန့်အလွန်ပေါ့တယ်။

အဲဒီအချိန်မှာ ဝိပဿနာတရားအားထုတ်ကြတဲ့ ပုဂ္ဂိုလ်တို့မှာ စိတ် ကလေးကလည်း အလွန် ကြည်လင်ပေါ့ ပါတယ်၊ ခန္ဓာကိုယ်အတ္တဘော

ကလည်း အလွန်ပေါ့ ပါတယ်၊ အဲဒီလို ရုပ်ခေတ် နာမ်ခေတ်တွေ အလွန်ပေါ့တဲ့အဖြစ်သို့ ရောက်တဲ့အခါ မိမိတို့ရရှိတဲ့ ဝါယောအမူအရာလေး ကုန်သွားတာကို သိတဲ့ နာမ်ခန္ဓာလေးပါးသည် သာမည နာမ်ခန္ဓာလေးပါး မဟုတ်၊ အလွန်အားကောင်းတဲ့ နာမ်ခန္ဓာလေးပါးကို ရရှိပြီဆိုတာ ယုံကြည် ကြပါ။

အဲဒီလို ယုံကြည်ပြီးတော့ ဆက်ကာဆက်ကာ ပွားများအားထုတ်ခဲ့သည်ရှိသော် (ပွားများအားထုတ်တဲ့) ဝိပဿနာကုသိုလ် နာမ်ခန္ဓာလေးပါးသည် အကုသိုလ် နီဝရဏတွေကို ဖေါ်ပေးတတ်တဲ့ ကာမရာဂါနုသယအစရှိသော အနုသယကိလေသာကြီးတွေကို ပယ်ရှင်းထားလိမ့်မယ်။

–၂–

ထိုကဲ့သို့ ကိလေသာကြီးတွေကို ပယ်ရှင်းထားလိုက်သည်ရှိသော် ခန္ဓာကိုယ် အတ္တဘောကြီးသည် ကောဋ္ဌာသအနေနဲ့ ကြည့်လိုက်သည်ရှိသော် မတင့်တယ် မဖွယ်ရာတာ အမှန်ဖြစ်ပါတယ်၊ ဒါပေမယ့် အနုသယကိလေသာတွေ ဝေးကွာနေသောကြောင့် ပါဠိလို အရိယ, မြန်မာလို အလွန်စင်ကြယ်တဲ့အဖြစ်သို့ ရောက်နေပြီ။ အဲဒီလို နာမ်ခန္ဓာလေးပါး ပရမတ်တရားတွေက အနုသယကိလေသာတွေကို ထပ်ကာထပ်ကာ ပယ်လိုက်သောကြောင့် ခန္ဓာကိုယ် အတ္တဘောကြီးဟာ အလွန်ပဲ ရှင်းနေတယ်။

အတိတ်က မိမိတို့အားထုတ်ခဲ့တဲ့ ပါရမီကုသိုလ်ကလည်း အားပြည့်မယ်၊ ဝိပဿနာဉာဏ်အရှိန်ကြောင့် အနုသယကိလေသာတွေကလည်း အလွန်ပဲ ကင်းစင်၍ နေဆဲခဏမှာ အနမတဂ္ဂသံသရာတခွင်မှာ တရံတခါမှ မဖြစ်ဖူးတဲ့ နိဗ္ဗာန်ဆိုတဲ့ အသင်္ခတ တရားကြီးကို အာရုံပြုပြီးတော့ သောတာပတ္တိမဂ်ဉာဏ်သည် အလွန်သန့်ရှင်းနေတဲ့ ဟဒယဝတ္ထုပေါ်မှာ ဥပါဒ်အနေနဲ့ ဖြစ်ပေါ်လာတယ်။ နိဗ္ဗာန်ကို အာရုံပြုပြီး ဖြစ်ပေါ်လာတဲ့ သောတာပတ္တိမဂ်ဉာဏ်သည် သတ္တဝါတို့ ခန္ဓာသန္တာန်မှာ အနုသယအနေနဲ့ ကိန်း

အောင်း၍နေတဲ့ ဒိဋ္ဌာနုသယအစရှိတဲ့ ကိလေသာတွေကို ပယ်သတ်နိုင်တဲ့ အားရှိသောကြောင့် ဒိဋ္ဌာနုသယအစရှိတဲ့ ကိလေသာတွေကို ပယ်သတ် လိုက်တယ်။

ဒီနေရာမှာ သောတာပတ္တိမဂ်ဉာဏ်ရဲ့ ရှေ့နားက အနိစ္စ၊ ဒုက္ခ၊ အနတ္တ လို့ သိတဲ့ ဝိပဿနာဉာဏ်ကလဲ အနုသယကိလေသာကို ပယ်သတ် တယ်။ နိဗ္ဗာန်ကို အာရုံပြုပြီး ဖြစ်ပေါ်လာတဲ့ သောတာပတ္တိမဂ်ဉာဏ်ကလဲ အနုသယကိလေသာကို ပယ်တယ်ဆိုတော့ အတူတူပဲလားလို့ မေးစရာ လိုတယ်။

အဖြေကား ဝါယောအမှုအရာ ကုန်တာကို "ကုန်သွားပြီ"လို့ သိတဲ့ ဝိပဿနာဉာဏ်က အနုသယကိလေသာတွေကို ပယ်ဆိုပေမယ့် အမြစ် ပြတ် မပယ်နိုင် (သင်္ခတတရားဖြစ်တဲ့ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာကြီး သုံးပါးကို အာရုံပြုပြီးတော့ ဖြစ်ပေါ်လာတဲ့) ဝိပဿနာဉာဏ်က အားပျော့ တယ်။ အနုသယကိလေသာကြီးတွေက သူ့ထက်အလွန်ပဲ အားကောင်းနေ သောကြောင့် အမြစ်ပြတ် မပယ်နိုင် (နိဗ္ဗာန်ကို အာရုံပြုပြီးတော့ ဖြစ်ပေါ် လာတဲ့) သောတာပတ္တိမဂ်ဉာဏ်ဟု ဆိုအပ်သော နာမ်လေးပါးက အား ထက်တဲ့ အရှိန်သတ္တိရှိသောကြောင့် အနုသယကိလေသာတွေကို မိမိကိန်း ရာ ယောဂီခန္ဓာသန္တာန်မှာ နောက်တဖန် ဘယ်တော့မှ မပေါ်နိုင်အောင် ပယ်သတ်ပစ်လိုက်တယ်။ ယောဂီတို့ ခန္ဓာသန္တာန် ဟဒယဝတ္ထုပေါ်မှာ သောတာပတ္တိမဂ်ဉာဏ်သည် ဥပါဒ်, ဌီ, ဘင် အနေနဲ့ ဖြစ်လိုက်လို့ရှိရင် ပုထုဇဉ်နယ်က အရိယာနယ်သို့ ကူးသွားပြီ၊ အရိယာ ဖြစ်သွားပြီ။

အဲဒီလို အရိယာ ဖြစ်သွားတဲ့အချက်ကို မိမိဘာသာ သိမှာလား။ သူတစ်ပါး ပြောပေးမှ သိမှာလားလို့ သိချင်ကြပေလိမ့်မယ်။ သောတာပတ္တိ မဂ်ဉာဏ် ဖြစ်ပေါ်၍လာခဲ့သည်ရှိသော် သူတစ်ပါးက ပြောပေးစရာမလို

မိမိတို့ သဘာဝအားဖြင့်ပင် ကောင်း သိနိုင်တယ်ဆိုတာ ယုံကြည်ကြပါ။

ပုံဝတ္ထုသာဓက,က မိမိရဲ့ ပင့်ဖိတ်ချက်အရ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကြွလာတော်မူခါနီးမှာ ပန်းသည်သုမန အိမ်သို့ ခုဇ္ဇုတ္တရာအမည်ရတဲ့ ကျွန်မ ပန်းဝယ်လာတဲ့အခါ ပန်းသည်သုမနက "ကျွန်မ– ဒီနေ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ပင့်ထားတယ်၊ တရားနာပြီးမှ ပန်းယူပြီးပြန်ပါ" လို့ ဖိတ်ကြားလိုက်သည်နှင့် တပြိုင်နက် ခုဇ္ဇုတ္တရာကျွန်မသည် တရားနာချင်တဲ့ စိတ်ဇော ပြင်းထန်စွာ ဖြစ်ပေါ်လာတယ်။

ဒါနဲ့ ဘုရားရှင်ကြွလာသည့်တိုင်အောင် စောင့်ဆိုင်းပြီးတော့ တရားနာလိုက်တဲ့အခါ အနိစ္စ, ဒုက္ခ, အနတ္တ တည်းဟူသော လက္ခဏာရေးသုံးပါးကို ဖောက်ထွင်း၍သိနိုင်တဲ့ ဝိပဿနာဉာဏ်သည် (ဟဒယဝတ္ထုပေါ်မှာ ဥပါဒ်, ဌီ, ဘင် အနေနဲ့) ကြိမ်ဖန်များစွာ ဖြစ်ပြီးသည့်နောက်နားမှ နိဗ္ဗာန် ကိုအာရုံပြုပြီးတော့ သောတာပတ္တိမဂ်ဉာဏ် ဖြစ်ပေါ်၍ လာတယ်။ အရိ– ယာဖြစ်သွားတယ်။

အရိယာဖြစ်သွားတယ်ဆိုရင်ပဲ ရှေးအခါ ဥတေနမင်းက သာမာ– ဝတီ မိဖုရားအတွက် တစ်နေ့အသပြာရှစ်ကျပ်ပေးပြီး ပန်းဝယ်လွှတ်တော့ ရှစ်ကျပ်သော အသပြာထဲက လေးကျပ်ဘိုးသာပန်းဝယ်ပြီး ကျန်တဲ့ လေးကျပ်ကို သူက သုံးတယ်။ အဲဒီနေ့ကျတော့ လေးကျပ်ဘိုးသုံးချင်တဲ့စိတ်မဖြစ်ဘဲနဲ့ ရှစ်ကျပ်ဘိုး ပန်းဝယ်ချင်တဲ့စိတ်တွေ ဖြစ်ပြီးတော့ ပန်းများဝယ်သွားကယ်လို့ ကျမ်းဂန်မှာ အဆိုရှိတယ်။

–၃–

ခုဇ္ဇုတ္တရာကျွန်မကြီးသည် အရင်တုန်းက ရက်များစွာ လများစွာ နှစ်များစွာ နေ့တိုင်းနေ့တိုင်း လေးကျပ်သောအသပြာကို ထည့်ထားတယ်။ သောတာပတ္တိမဂ်ဉာဏ် ရရှိလာတဲ့ အခါကျတော့ လေးကျပ်ကိုထည့်ထား

ချင်တဲ့စိတ် မရှိ၊ ဘာကြောင့်တုန်းဆိုတော့ (နိဗ္ဗာန်ကို အာရုံပြုပြီး ဖြစ်ပေါ်လာတဲ့) သောတာပတ္တိမဂ်ဉာဏ် အရှိန်သတ္တိကြောင့် လေးကျပ်သော အသပြာကို ထည့်ချင်တဲ့စိတ် မပေါ်ဘူး။ ဒါကို တစ်ပါးသောသူ ပြောပေးစရာမလို၊ သူ့ဘာသာသူ သိတယ်။

> သောတာပန်ဖြစ်တဲ့ ခဏ၊ သကဒါဂါမ်ဖြစ်တဲ့ ခဏ၊ အနာဂါမ်ဖြစ်တဲ့ ခဏ ကိုယ့်ဘာသာ မသိနိုင်ဘူးဆိုတဲ့ ဝါဒကြီး ဖြစ်ပေါ်ခဲ့ဘူးတယ်၊ ထိုဝါဒမှာကား မှန်တာအသာထား ခုဗ္ဗတ္တရာ ကျွန်မကြီး၏ ပုထုဇဉ်နယ်က အရိယာနယ်သို့ ကူးတဲ့အခါမှာ စိတ်ဖြစ်ပုံ သဘာဝယုတ္တိကို ဉာဏ်နဲ့ ထောက်ဆကြည့်လိုက် လို့ရှိရင် ကိုယ့်ဘာသာသိတယ်ဆိုတာ ထင်ရှားပါတယ်။

ယောဂီပုဂ္ဂိုလ်သန္တာန်မှာ နိဗ္ဗာန်ကို အာရုံပြုပြီးတော့ ဖြစ်ပေါ်လာတဲ့ သောတာပတ္တိမဂ်ဉာဏ်သည် ဥပါဒ်, ဌီ, ဘင် အနေနဲ့ တစ်ကြိမ်ဖြစ်ပြီးတဲ့နောက် ထပ်ကာထပ်ကာ မဖြစ်၊ တစ်ကြိမ်ဖြစ်လိုက်တဲ့ သောတာပတ္တိမဂ်ဉာဏ်က ပယ်သင့်ပယ်ထိုက်တဲ့ ကိလေသာတွေကို ပယ်သတ်ထားလိုက်သောကြောင့် သောတာပန်သန္တာန်မှာ ဖြစ်ပေါ်လာတဲ့ ဘုရား၊ တရား၊ သံဃာကို ယုံကြည်တဲ့ သဒ္ဓါဇောဟာ အလွန်ပဲ အားကောင်းတယ်။ အရိယာ မဖြစ်မီ ပုထုဇဉ်ဘဝတုန်းကလဲ ရတနာသုံးပါးကို ယုံကြည်တဲ့ သဒ္ဓါဇောတွေ ဖြစ်ခဲ့တယ်။

ပုထုဇဉ်တွေရဲ့ သဒ္ဓါဇောနဲ့ အရိယာတွေရဲ့ သဒ္ဓါဇောက တူသလားလို့ စဉ်းစားလိုက်သည်ရှိသော် သောတာပန်ခန္ဓာသန္တာန်မှာ ဖြစ်ပေါ်လာတဲ့ သဒ္ဓါဇောသည် ဒါနကိစ္စပေါ်မှာ စိတ်တင်လိုက်တဲ့အခါ နောက်မဆုတ်ဘဲနဲ့ ဒါနကိစ္စပြီးဘို့ရာသာလျှင် ဆက်ကာဆက်ကာ အားထုတ်တယ်။ သီလကိစ္စ ဘာဝနာကိစ္စပေါ်မှာ စိတ်တင်လိုက်တဲ့အခါ နောက်မဆုတ်ဘဲနဲ့ သီလကိစ္စ

ဘာဝနာကိစ္စပြီးအောင် အားထုတ်တဲ့စိတ်တွေ ဆက်ကာဆက်ကာ ဖြစ်ပေါ်လာတယ်။ အဲဒီလို ဆက်ကာဆက်ကာ ဖြစ်ပေါ်လာတာဟာ ဒီနေ့ ဒီလ ဒီဘဝမှာ မဟုတ်၊ နောက်နောင် နေ့တွေ လတွေ ဘဝတွေမှာလဲ နောက်မဆုတ်ချင်တဲ့စိတ်တွေ ဆက်ကာဆက်ကာ ဖြစ်နေတယ်၊ အမြဲတမ်း ဖြစ်နေတယ်။

ဝါယောပရမတ်ကလေးကုန်တာကို "ကုန်သွားပြီ၊ ကုန်သွားပြီ"လို့ သိတဲ့ ဝိပဿနာကုသိုလ်တွေဟာ အနုသယကိလေသာတွေကို ပယ်တယ်။ ဒီဝိပဿနာအရှိန်သတ္တိကြောင့် ဒီနေ့ ကိလေသာစိတ်တွေ မပေါ်။ ကိလေသာစိတ်တွေ မပေါ်ရုံသာ မဟုတ်။ ဒါနကုသိုလ် သီလကုသိုလ် ဘာဝနာကုသိုလ်တွေကို ဆက်ကာဆက်ကာ အားထုတ်ချင်တဲ့စိတ်တွေ နောက်မဆုတ်ချင်တဲ့စိတ်တွေ ဖြစ်ပေါ်၍လာတယ်။ အဲဒီလို ဆက်ကာဆက်ကာ အားထုတ်ချင်တဲ့စိတ်တွေ နောက်မဆုတ်ချင်တဲ့စိတ်တွေဟာ ဒီနေ့ ဖြစ်နေပေမယ့် နက်ဖြန်ကျတော့ နောက်ဆုတ်သွားနိုင်တယ်။ ဒီလ ဒီဘဝ နောက်မဆုတ်ချင်ပေမယ့် ရှေ့လ ရှေ့ဘဝကျတော့ နောက်ဆုတ်သွားနိုင်တယ်၊ ကလျာဏပုထုဇဉ်တွေ ကိလေသာပယ်တာက တဒင်္ဂဝိက္ခမ္ဘနသာ ဖြစ်တယ်၊ အဲဒီလို ကွာခြားပါတယ်။

အနိစ္စ, ဒုက္ခ, အနတ္တလို့ သိတဲ့ ဝိပဿနာဉာဏ်ဇော ဆက်ကာဆက်ကာ ဖြစ်ပေါ်နေတဲ့ ကလျာဏပုထုဇဉ် အလှူခံပုဂ္ဂိုလ်၊ နိဗ္ဗာန်ကို အာရုံပြုပြီးတော့ ဖြစ်ပေါ်၍လာတဲ့ သောတာပတ္တိမဂ်ဉာဏ် တစ်ကြိမ်ဖြစ်ဖူးတဲ့ အရိယာဖြစ်တဲ့ အလှူခံပုဂ္ဂိုလ် ဒီပုဂ္ဂိုလ်နှစ်ယောက်တို့တွင် ပညာဉာဏ် အားကောင်းကွဲ အလှူရှင်ပုဂ္ဂိုလ်က ကလျာဏပုထုဇဉ်ကို "ဝိပဿနာဉာဏ် အားကောင်းဟဲ့ ပုဂ္ဂိုလ်ပါပဲ"လို့ ယုံကြည်ပြီးတော့ လှူဒါန်းလိုက်တယ်။ လှူဒါန်းတဲ့အတွက် ကုသိုလ်ရတယ်။

အရိယာဖြစ်တဲ့ပုဂ္ဂိုလ်ကို "အရိယာပါပဲ"လို့ ယုံကြည်ပြီးတော့ လှူဒါန်းလိုက်တယ်၊ လှူဒါန်းတဲ့အတွက် ကုသိုလ်ရတယ်။ ကလျာဏပုထုဇဉ် ခန္ဓာသန္တာန်မှာရှိတဲ့ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်ကို အာရုံပြုပြီး လှူဒါန်းတဲ့ ဒါနကုသိုလ်နဲ့ အရိယာတို့ ခန္ဓာသန္တာန်မှာရှိတဲ့ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် အာရုံပြုပြီးတော့ လှူဒါန်းတဲ့ ဒါနကုသိုလ်ဟာ ဒါနကုသိုလ်ချင်းပင်တူငြားသော်လည်း အကျိုးပေးတဲ့နေရာမှာတော့ မတူ (ဘယ်ကုသိုလ်ကသာ မတုန်းလို့ ဆိုလို့ရှိရင်) အရိယာခန္ဓာသန္တာန်မှာရှိတဲ့ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်ကို အာရုံပြုပြီး လှူဒါန်းတဲ့ကုသိုလ်က သာတယ်။

– ၄ –

ဘာကြောင့်တုန်းလို့ဆိုတော့ အရိယာတို့ရဲ့ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တွေဟာ နီဝရဏ အမည်ရတဲ့ ကိလေသာတွေမှ အလွန်ဝေးကွာနေသောကြောင့် စင်ကြယ်သန့်ရှင်းနေတယ်။ အဲဒီလို (ကိလေသာတွေဝေးကွာနေသောကြောင့်) စင်ကြယ်သန့်ရှင်းနေသော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်ပေါ်မှာ စိတ်အာရုံရောက်ပြီးတော့ လှူဒါန်းတဲ့ပုဂ္ဂိုလ်က အထက်တန်း အလွန်ကျတယ်။ ပုထုဇဉ်တို့ ခန္ဓာသန္တာန်မှာရှိတဲ့ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် အကုသိုလ်နီဝရဏတွေနဲ့ ဝေးတော့ဝေးတယ်၊ အလွန်ကြီးမဝေး အဝိဇ္ဇာစတဲ့ နီဝရဏ အကုသိုလ် အရှိန်ဟပ်နေတယ်။ အဲဒီလို နီဝရဏအကုသိုလ် အရှိန်ဟပ်ခံနေရတဲ့ ပုထုဇဉ်တို့ရဲ့ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်ကို စိတ်အာရုံညွတ်ပြီးတော့ လှူဒါန်းတဲ့ ကုသိုလ်တွေဟာ အထက်တန်းက မရ၊ အောက်တန်းက သွားတယ်ဆိုတာ ယုံကြည်ကြပါ။ ဒါဖြင့်ရင် ဒါနရှင်ပုဂ္ဂိုလ်က ပုထုဇဉ်ပုဂ္ဂိုလ်တို့ရဲ့ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တွေဟာ အဝိဇ္ဇာစတဲ့ နီဝရဏ အကုသိုလ်အရှိန် ဟပ်နေသော်လည်း "အကုသိုလ်နီဝရဏတရားတွေနဲ့ ဝေးကွာနေတာပါပဲ" လို့ စိတ်အာရုံ

ပြုပြီးတော့ လျှာဒါန်းခဲ့သည်ရှိသော် ထိုကုသိုလ်မျိုးသည် အရိယာကို လှူဒါန်းတဲ့ ကုသိုလ်နဲ့ ဘယ်လိုများ ထူးမတုန်းလို့ မေးချင်ကြ ပေလိမ့်မယ်။

အဖြေကား–ကလျာဏပုထုဇဉ်တို့ ခန္ဓာသန္တာန်မှာရှိတဲ့ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တွေဟာ အဝိဇ္ဇာစသော နီဝရဏတရားတွေနဲ့ နီးကပ်နေသော်လည်း ဒါနရှင်ပုဂ္ဂိုလ်က နီဝရဏတွေနဲ့ ဝေးကွာနေတယ်၊ ဝေးကွာနေတယ်လို့ ယုံကြည်တယ်။ အဲဒီလို ယုံကြည်တဲ့ သဒ္ဓါဇောအရှိန်တွေကြောင့် ထိုကုသိုလ်မျိုးသည် သောတာပန်အရှင်ကောင်းကို လှူဒါန်းတဲ့ကုသိုလ်နဲ့ တထေ၀= တူသွားတယ်ဆိုတာ ယုံကြည်ကြပါ။ အားလုံးသော ပုဂ္ဂိုလ်တွေဟာ အလှူရှင်လည်း ဖြစ်ခဲ့ဘူးတယ်၊ အလှူခံလည်း ဖြစ်ခဲ့ဘူးတယ်။

အလှူရှင်ဖြစ်တဲ့အခါ အသာထား အလှူခံဖြစ်တဲ့အခါကျတော့ ကိုယ်ကျိုးလဲ ကြည့်၊ ဒါနရှင်တို့ရဲ့ အကျိုးကိုလဲ ကြည့်သောအားဖြင့် အာ–ဟာရဘောဇဉ်တွေ စားသုံးတဲ့အခါ မွှေမွှေလျှောလျှော ပေါ့ပေါ့တန်တန် မစားကြပဲနဲ့ အသိလေးကျရောက်ပြီးတော့ စားကြပါ။ မိမိတို့ စားသုံးတဲ့ အာဟာရဘောဇဉ်တွေဟာ ရုပ်ဓာတ်တွေ ဖြစ်ပါတယ်။ အဲဒီအာဟာရ ဘောဇဉ်ကို "ရုပ်ဓာတ်ပဲ၊ ရုပ်ပရမတ်ပဲ"လို့ အသိဉာဏ်လေးကျရောက်ပြီးတော့ စားသုံးကြပါ။ မိမိတို့ စားသုံးတဲ့ အာဟာရဘောဇဉ်တည်းဟူသော ရုပ်ပရမတ်မှာ အနိစ္စလက္ခဏာ ရှိတယ်၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ တွေလည်း ရှိတယ်။

အဲဒီ လက္ခဏာသုံးပါးထဲက "အနိစ္စ"လို့ သိမှုအားကောင်းတဲ့ ပုဂ္ဂိုလ်က "အနိစ္စပါပဲ၊ အနိစ္စပါပဲ"လို့ ဆင်ခြင်ပွားများပြီးတော့ စားသုံးပါ။ "ဒုက္ခ" လို့ ပွားများချင်တဲ့ပုဂ္ဂိုလ်၊ "အနတ္တ"လို့ ပွားများချင်တဲ့ပုဂ္ဂိုလ်တွေက "ဒုက္ခပါပဲ၊ ဒုက္ခပါပဲ" "အနတ္တပါပဲ၊ အနတ္တပါပဲ"လို့ ဆင်ခြင်ပွားများပြီး

တော့ စားသုံးကြပါ။ ဖြစ်ပျက်သဘာဝကို လက်ခံသဘောကျတဲ့ ပုဂ္ဂိုလ်တွေက "အာဟာရ ဘောဇဉ်ဟာ ဖြစ်ပျက်ပဲ ဖြစ်ပျက်ပဲ"လို့ ပွားများပြီး စားသုံးကြပါ။

အဲဒီလို ပွားများပြီးတော့ စားသုံးဆဲခဏမှာ အကုသိုလ်နီဝရဏ တွေ ကင်းပြီးတော့ ဘာဝနာဉာဏ်ဇော ရှင်းရှင်းလေး ဖြစ်နေတယ်။ ဘာဝနာဉာဏ်ဇော ရှင်းရှင်းလေးဖြစ်နေတဲ့ အခိုက်အတန့်မှာ လှူဒါန်းလို့ ရှိရင် ဒါနရှင်များမှာ အလွန်ပဲ အကျိုးများတယ်။ ဒါ့ကြောင့် အလှူခံအဖြစ် သို့ ရောက်တဲ့အခါ ကိုယ်ကျိုးလဲ ကြည့်၊ ဒါနရှင်တို့ရဲ့ အကျိုးကိုလဲ မျှော်ကိုး ပြီးတော့ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် မစားကြပဲနဲ့ ယခု ပြောခဲ့သည့် အတိုင်း တရားနှလုံးသွင်းပြီးတော့ စားသုံးကြပါ။

(ကျောက်ပန်းတောင်းမြို့၊ စိတ္တပါလ ဂူကျောင်းဆရာတော် ဘဒ္ဒန္တသုဇာတ)
၁၃၃၉–ခု၊ ဒုတိယဝါဆိုလဆုပ်(၇)ရက်နေ့၊ ညနေတွင် ဟောကြားသော
တရားတော်မှ ကောက်နုတ်ချက်။

အခန်း ၃၉

## ဝိပဿနာအလုပ်၌ မေတ္တာလိုအပ်ပုံ

ဝီရိယကို ဘယ်တော့မှလျှော့မချနဲ့ ဝီရိယကို အလျှော့ပေးလိုက်ရင် ပျင်းရိမှု ကောသဇ္ဇဝင်လာမှာ အမှန်ပဲ၊ ကောသဇ္ဇဆိုတာ ပြုလုပ်ရမည့် အလုပ်ကိစ္စပေါ်မှာ စိတ်မဝင်စားမှုကို ခေါ်တယ်၊ ကောသဇ္ဇဝင်လာရင် သံသရာထွက်မြောက်ကြောင်းတရားတွေကို အားမထုတ်ချင်ဘူး၊ မိမိတို့ ခန္ဓာသန္တာန်မှာရှိတဲ့ ပညာက အလွန်အားနည်းတဲ့ ပညာဖြစ်တယ်။

ပညာအားနည်းရင် မဂ်ဖိုလ်ရဖို့ ဝေးသေးတယ်၊ ဒီတော့ အားနည်းတဲ့ ပညာကို အားဖြည့်ပေးရမယ်၊ ပညာအားပြည့်အောင် အားဖြည့်မှုကို မလုပ်ချင်တဲ့ ကောသဇ္ဇဝင်မလာအောင် ဒီအာရုံနဲ့ အားဖြည့်၊ ဟိုအာရုံနဲ့ အားဖြည့် လုပ်ပေးရတယ်၊ အဲဒီလို ဝီရိယထားပြီး အားဖြည့်မှ ပညာအားပြည့်လာမယ်၊ ပညာအားပြည့်မှ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရမယ်။

ဒီလို မဟုတ်ပဲ၊ ကာမဂုဏ်အာရုံတွေ အပေါ်မှာသာ အချိန်ရှိတိုင်း အားဖြည့်နေရင် ပညာတိုးပွားမှာ မဟုတ်ဘူး။ ပညာမတိုးရင် နိဗ္ဗာန်ရမှာ

မဟုတ်ဘူး။ ဒါကြောင့် ကိုရင်တို့ ဦးပဉ္စင်းတို့ မပျင်းကြနဲ့ အများကြီး ကြိုးစားကြ၊ အဟောအပြောနဲ့ အရေးအသားလွယ်သလောက် တကယ်လက်တွေ့ ကိုယ်တိုင် ကျင့်သုံးဖို့ကျတော့ နောက်ဆုတ် နေတတ်ကြတယ်။ ဘုရား က တကယ်ကျင့်သုံးဖို့ ဟောခဲ့တာ၊ ပေါ့ပေါ့မထင်ကြနဲ့။

သီတင်းသုံးဖော် (အတူနေ) ကို ချမ်းသာစေလိုတဲ့ စိတ်နဲ့၊ မထိုင်နိုင်သူကို ထိုင်နိုင်အောင် ကူညီကြပါ၊ မစားနိုင်, မအိပ်နိုင်သူကို စားနိုင်, အိပ်နိုင်အောင် ကူညီကြပါ၊ ဝတ်စရာမရှိသူကို ဝတ်စရာရှိအောင် ပေးကြပါ၊ သောက်စရာရေမရှိသူကို သောက်စရာရေပေးကြပါ၊ အဲဒီစေတနာ သတ္တိကြောင့် ဖြစ်လေရာဘုံဘဝမှာ ကောင်းမှုကို ညွှန်ကြားပေးတဲ့ ကလျာဏမိတ်ကောင်းနဲ့ချည်း တွေ့ရမယ်၊ အကုသိုလ်ဆိုတာက မကောင်းကျိုးကို ပေးတတ်တယ်၊ အရိယာပုဂ္ဂိုလ်များပင် အဆဲခံရမှု စသည်တို့နဲ့ တွေ့ကြုံကြရတယ်၊ ဒါဟာ အကုသိုလ် အကျိုးပဲ။

ထို့ကြောင့် သံသရာရှည်သမျှ ကာလပတ်လုံး စောင့်တဲ့ ကာယကံ၊ စောင့်တဲ့ ဝစီကံ၊ စောင့်တဲ့ မနောကံ အကုသိုလ်မဖြစ်အောင် ထိန်းကျောင်းကြရမယ်၊ ပဋ္ဌာန ပြုကြရမယ်၊ နိဗ္ဗာန်အကြောင်း ဟောမယ်၊ ပြောမယ်၊ ဟောပုဒ်ထုတ်မယ် ကြံရင် နိဗ္ဗာန်တစ်ခုတည်းကို ထုတ်မထားပါနဲ့၊ နိဗ္ဗာန်, မဂ်လေးတန်၊ မဂ်နဲ့ပယ်တဲ့ ကိလေသာ ဒီသုံးခုကို ဉာဏ်နဲ့ထုတ်ထားပြီး ဟောပြရမယ်။

ဘုရားဟောတော်မူတဲ့ တရားတစ်ပိုဒ်၊ တစ်ပိုဒ်ဟာ သာသနာတစ်ခု တစ်ခုပဲ၊ ဘုရားပညတ်တော်မူတဲ့ ဝိနည်းကျင့်ဝတ် သီလသိက္ခာတစ်ခု တစ်ခုဟာလည်း သာသနာတစ်ခု တစ်ခုပါပဲ၊ ဝိနည်းသိက္ခာတစ်ခု မိမိသန္တာန်မှာ ပျက်စီးနေခြင်းဟာ သာသနာတစ်ခု ပျောက်ကွယ်ခြင်းပဲ၊ မိမိကြောင့် သာသနာတစ်ခုမှ မပျောက်ကွယ်ရအောင် ထိန်းသိမ်းမယ်ဆိုတဲ့ ရည်ရွယ်

ချက်နဲ့ ကြိုးစားအားထုတ်ကြပါ။

သာသနာ့ဘောင်မှာ နေပြီးတော့ အစားအသောက်အတွက်၊ အဝတ်သက်န်းအတွက်၊ နေဖို့ထိုင်ဖို့အတွက် တောင်ကြံ မြောက်ကြံ၊ တောင်တက် မြောက်တက် မလုပ်ကြနဲ့၊ ဘယ်အရပ်ရောက်ရောက် ဘုရားစကား သာနားထောင်ကြ၊ အလိုလို ပြည့်စုံလာလိမ့်မယ်၊ မိမိပြုလုပ်သော အမှုကို ဟုတ်မှန်သည့်အတိုင်း ပြောကြပါ၊ မဟုတ်မမှန် ပြောကြားရင် ဘုရားရှင်ရဲ့ အာဏာဒေသနာတော်ကို လွန်ဆန်ရာရောက်ပါတယ်။

ဘုရားရှင်အာဏာဒေသနာတော်ကို လွန်ဆန်ရင် ရဟန်း, ရှင်, လူ, နတ် စသည်ဖြစ်တဲ့အခါ မိမိစကားကို ဘယ်သူမှ နားထောင်မှာမဟုတ်တော့ဘူး၊ ပုထုဇဉ်သဘာဝ အဂတိလိုက်စားချင်တဲ့ ကိလေသာသဘောတွေကတော့ ပေါ်မှာဘဲ၊ ပေါ်လာတဲ့ အဂတိလိုက်စားချင်တဲ့ ကိလေသာကို ငြိမ်းသွားအောင် သတ်နိုင်ဖို့ အရေးကြီးတယ်၊ ငါ မရှိ, မဖြစ်ဘူးဆိုတဲ့ စကားဘယ်တော့မှ မပြောကြနဲ့၊ အများကြီး ရှက်စရာကောင်းတယ်၊ အနှောက်အယှက်များများ တွေ့လေ ငါ့အတွက် ပါရမီအသားတက်လေပဲလို့ အောက်မေ့ရမယ်၊ စားမည့်သူရှိရင် စားစရာရှိတယ်၊ စားမည့်သူ မရှိရင် စားစရာမရှိဘူး၊ မကြောက်ကြနဲ့၊ အသက်နဲ့ စည်းစိမ်ဥစ္စာ စွန့်ဖို့ကြုံလာလျှင် စည်းစိမ်ဥစ္စာကိုသာ စွန့်ပါ၊ အသက်ကို မစွန့်ပါနဲ့၊ အသက်နဲ့သီလ စွန့်ဖို့ ကြုံလာလျှင် အသက်ကို စွန့်ပါ၊ သီလကို မစွန့်ပါနဲ့၊ သီလကို အပျက် မခံပါနဲ့။

(ကျောက်ပန်းတောင်းမြို့၊ စိတ္တပါလ ဂူကျောင်းဆရာတော်ဘုရားကြီး
ဘဒ္ဒန္တသုဇာတ မဟာထေရ်)

(မှတ်ချက်)။ ။ဆရာတော်ဘုရားကြီးသည် ၁၂၆၈–ခုနှစ်၊ ဝါဆိုလပြည့်ကျော် နှစ်ရက်၊ သောကြာနေ့ ဖွားမြင်၍၊ ၁၃၅၄–ခုနှစ်၊ ဝါခေါင်လဆန်း(၅)ရက်နေ့၊ (၁၂)နာရီ အချိန်တွင် တစ်ဘဝခန္ဓာ

ငြိမ်းတော်မူသည်။

နုပ်။ ။ ဒီအပါတ်တော့ မေတ္တာဘာဝနာ အရေးကြီးပုံအကြောင်း ပြောကြရအောင်။

သန်း။ ။ အမိန့်ရှိပါဘုရား။

နုပ်။ ။ ယောဂီအားလုံး ပွားများသင့်တဲ့အတွက် မေတ္တာဘာဝနာကို သဗ္ဗတ္ထကကမ္မဋ္ဌာန်းလို့လည်း သုံးနှုန်းတယ်၊ ငါတို့က အဆင့် အမြင့်ဆုံး ဝိပဿနာဘာဝနာကို ပွားများနေတာပဲ၊ မေတ္တာကမ္မဋ္ဌာန်း လောက်တော့ ပွားများစရာမလိုပါဘူးဆိုပြီး ပစ်ထားတဲ့အတွက် အနှောက်အယှက်မျိုးစုံတွေ့ပြီး တရားဆက်အားမထုတ် နိုင်ပဲ ဝါတွင်းကြီးမှာ တရားအားထုတ်ရာတောကနေ ဘုရားရှင် ကျောင်းတော်ကို သုတ်ချေတင်ပြီး ပြန်သွားကြရတဲ့ ရဟန်းတော် ငါးရာ အကြောင်း ပြောပြမယ်။

သန်း။ ။ အမိန့်ရှိပါဘုရား။

နုပ်။ ။ တစ်ခါတော့ ရဟန်းငါးရာဟာ ဘုရားရှင်ဆီက ကမ္မဋ္ဌာန်းတောင်းပြီး ဘုရားရှင်ညွှန်ပြရာတောအုပ်ကြီးထဲ တရားအားထုတ်ရအောင် ကြွသွားကြတယ်၊ တောအုပ်ထဲရောက်တော့ နေစရာကျောင်းရယ်တော့ ဘယ်သတ်သတ်မှတ်မှတ် ရှိမလဲ၊ သစ်ပင်တစ်ပင်အောက် မှာ တစ်ပါးနှုန်းနဲ့ ဖြစ်သလိုနေပြီး ဝိပဿနာတရားကို ပွားများအားထုတ်ကြရတာပေါ့။

အရင်သစ်ပင်ပေါ်မှာရှိနှင့်ကြတဲ့ မမြင်အပ်တဲ့ပုဂ္ဂိုလ်တွေဟာ သီလရှိတဲ့ရဟန်းတွေ သစ်ပင်အောက်ရောက်လာတော့ အပေါ်မှာ နေလို့မရတဲ့အတွက် အောက်ဆင်းပြီး သင့်တော်သလို နေကြရတယ်၊ အစပိုင်းတော့ နာနာဘာဝပုဂ္ဂိုလ်တွေဟာ

အနှောက်အယှက် မပေးကြသေးဘူး။

သန်း။ ။ ဘယ်လို အချိန်ကျမှ နှောက်ယှက်သလဲဘုရား။

နုပ်။ ။ ရဟန်းတွေ ဝါဆိုဝါကပ်ကြတော့မှ နှောက်ယှက်ကြတယ်။

သန်း။ ။ ဘယ်လိုကြောင့်လဲဘုရား။

နုပ်။ ။ သူတို့ အရင်ထင်ထားတာက ရဟန်းတွေဟာ ခဏလာအားထုတ်တာ၊ ငါးရက်တစ်ပါတ်ရှိရင် ပြန်ကြမှာလို့ ထင်ထားတာ၊ အခု မပြန်တော့ပဲ၊ တစ်ဝါတွင်းလုံး အားထုတ်ကြမှာကို သိသွားတဲ့အခါမှာတော့ သူတို့ မကြိုက်တော့ဘူး၊ ဘာကြောင့်လဲဆိုရင် ရဟန်းတွေရှိနေသမျှ သူတို့ဟာ သစ်ပင်ပေါ် နေလို့ မရတော့ပဲ မြေပြင်မှာ နေကြရတော့မှာ မဟုတ်လား။

ဒါ့ကြောင့် ရဟန်းတွေ ဆက်နေလို့မရအောင် ကြောက်စရာ အဆင်းတွေကို ပြကြတယ်၊ မကောင်းတဲ့အနံ့တွေကို ပေးကြတယ်၊ ကြောက်မက်ဖွယ်ရာ အသံဆိုးကြီးတွေကို ဟစ်အော်ကြတယ်၊ ရဟန်းတွေဟာ တရားဆက်အားမထုတ်နိုင်တော့ပဲ ရောဂါတွေပါ ရလာကြတဲ့အတွက် ဘုရားရှင်ရှိရာကို ဝါတွင်းကြီးမှာပဲ ပြန်လာ ကြတယ်။

အကြောင်းစုံကို လျှောက်ထားတဲ့အခါ ဘုရားရှင်က သင်တို့ တရားရမယ့်နေရာဟာ ဒီတောအုပ်ပဲ ရှိတယ်၊ ပြန်သွားကြ၊ နှောက်ထပ် မနှောက်ယှက်အောင် ငါဘုရားလက်နက်ကောင်း ပေးလိုက် မယ်ဆိုပြီး မင်းတို့ ကြားဘူးတဲ့ မေတ္တာသုတ်ဒေသနာကို ဟောပေး လိုက်တာပဲ၊ ရဟန်းတွေလည်း ဘုရားရှင်သင် ပေးလိုက်တဲ့အတိုင်း မေတ္တာပွားပြီး အရင်တောအုပ်ထဲ ပြန်ကြွကြတယ်။

မေတ္တာဘာဝနာကို နေ့စဉ်ပွားများပြီးမှ ဝိပဿနာတရားကို

ဆက်လက် အားထုတ်ကြတယ်၊ ဒီအခါကျတော့ မေတ္တာအစွမ်းကြောင့် နာနာဘာဝတွေဟာ ရဟန်းတွေအပေါ် ချစ်ခင်လာကြပြီး မနှောက်ယှက်တော့တဲ့အပြင် အကူအညီတွေပါ ပေးလာတဲ့အတွက် ရဟန်းတွေဟာ ဝါအကျွတ်မှာ ရဟန္တာဖြစ်သွားကြတယ်။

ရဟန်းငါးရာ မေတ္တာပွားပြီးပြန်လာတဲ့နေ့ဟာ ဝါခေါင်လပြည့် နေ့ပဲ၊ ဒါ့ကြောင့် ဝါခေါင်လပြည့်ကို မေတ္တာအခါတော်နေ့လို့ သတ်မှတ်ကြတာပေါ့၊ "မိတ္တေ ဘဝါ မေတ္တာ"ဆိုတဲ့ ဝိဂြိုဟ်အတိုင်း မေတ္တာရဲ့ အဓိပ္ပါယ်ကိုက မိတ်ဆွေဖွဲ့ခြင်းတဲ့၊ ဒါကြောင့်–

မေတ္တာစာတ်ရှိတဲ့ သူမှာ တစ်ကမ္ဘာလုံး
ဘယ်နေရာကို သွားသွား၊ တစိမ်းဆိုတာ
မရှိဘူး၊ မိတ်ဆွေချည်းပဲ–တဲ့။

မြတ်စွာဘုရား ချမှတ်တော်မူခဲ့တဲ့ ဒါန၊ သီလ၊ ဘာဝနာ အားလုံးတို့ဟာ ကိလေသာကို ပယ်သတ်ဖို့ချည်းပဲ၊ ဒါကြောင့် ဝိပဿနာတရားကို နာကြားရှုပွားသလို၊ ဒါနလည်း ပြုရမယ်၊ သီလလည်းဆောက်တည်ရမယ်၊ သမထဘာဝနာတစ်ခုခုကိုလည်း ပွားများရမယ်။

ဒါနက– လောဘဦးဆောင်တဲ့ကိလေသာကို ပယ်သတ်တယ်၊

သီလက– ဒေါသဦးဆောင်တဲ့ကိလေသာကို ပယ်သတ်တယ်၊

သမထက– မောဟဦးဆောင်တဲ့ ကိလေသာကို ပယ်သတ်တယ်။

မေတ္တာကမ္မဋ္ဌာန်းဆိုရင်– မောဟတင်မကဘူး၊ ဒေါသကိလေသာကိုပါ မြန်မြန်ကုန်အောင် ပယ်သတ်ပေးတယ်။

## ကုသိုလ်နှစ်မျိုး

ဒါန၊ သီလ၊ သမထ၊ ဝိပဿနာကုသိုလ် လေးမျိုးကို လောကီကုသိုလ်လို့ ခေါ်တယ်၊ မဂ်စိတ်ကိုတော့ လောကုတ္တရာကုသိုလ် လို့ ခေါ်တယ်၊ လောကီကုသိုလ်တွေ ပြုလုပ်ပါများလို့ ရင့်ကျက် လာရင် လောကုတ္တရာကုသိုလ် ပေါ်လာတာပဲ၊ ဥပမာပေးရရင်–

လယ်ကွက်အသစ်ဖော်ဖို့အတွက် မြေပြင်ပေါ်က ခြုံနွယ်ပိတ်ပေါင်းတွေကို အရင်ဆုံး ခုတ်ဖြတ်ပြီး ပုံထားရတယ်၊ ခြုံနွယ်ပိတ်ပေါင်းတွေကို ရှင်းလင်းတာက ဒါန၊ သီလ၊ သမထကုသိုလ်ပြုတာနဲ့တူတယ်၊ မြေကြီးအောက်ထဲက သစ်မြစ်တွေကို တူးထုတ်တာကျတော့ ဝိပဿနာကုသိုလ်နဲ့ တူတယ်လို့ ပြောရမှာပေါ့။

ပုံထားတဲ့ခြုံပုတ်တွေ၊ သစ်မြစ်တွေကို မီးရှို့တာကျတော့ မဂ်ကုသိုလ်နဲ့တူတယ်လို့ မှတ်ပေါ့၊ ဒါကြောင့် ခြုံပုတ်တွေ၊ သစ်မြစ်တွေကို မီးရှို့ဖို့အတွက် ခုတ်ဖြတ်ဖို့ တူးဖော်ဖို့လိုသလို၊ ကိလေသာခြုံပုတ်တွေ၊ သစ်မြစ်တွေကို မဂ်မီးနဲ့ တိုက်ဖို့အတွက် ဒါန၊ သီလ၊ သမထ၊ ဝိပဿနာဆိုတဲ့ လောကီကုသိုလ် ဓါးတွေ၊ တူရွင်းတွေနဲ့ ကိလေသာခြုံပုတ်တွေ၊ သစ်မြစ်တွေကို ကြိုတင်ခုတ်ဖြတ်၊ တူးဖော်ထားဖို့လိုတာပေါ့။

စရိယာပိဋကမှာ မေတ္တာရဲ့ဩဇာနုဘော်လေးချက်ကို အခုလို ပြထားတယ်....။

ဟိတာကာရ ပဝတ္တိလက္ခဏာ မေတ္တာ

ဟိတူပသံဟာရ ရသာ

အာဃာတ ဝိနယ ရသာ ဝါ

သောမ္မဘာဝပစ္စုပဋ္ဌာနာ

သတ္တာနံ မနာပဘာဝဒဿနပဒဋ္ဌာနာ တဲ့။

အဓိပ္ပါယ်က–မေတ္တာဟာ သတ္တဝါတို့၏ အကျိုးစီးပွားကို ကျင့်ဆောင်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာ ရှိတယ်၊ သတ္တဝါတို့ရဲ့ အကျိုးစီးပွားကို ကပ်၍ ဆောင်ခြင်းကိစ္စ ရှိတယ်၊ တစ်နည်းအားဖြင့် အာဃာတကို ပယ်ဖျောက်ခြင်းကိစ္စ ရှိတယ်၊ အေးမြငြိမ်းချမ်းသော စိတ်သဘောလျှင် ဉာဏ်အား ရှေးရှုထင်လာတတ်သော အခြင်းအရာရှိတယ်။

သတ္တဝါတို့၏ နှစ်သက်ဖွယ်ကောင်းသော ဂုဏ်ကိုသာ ရှုမြင်တတ်သော ယောနိသောမနသိကာရလျှင် နီးစွာသော အကြောင်း ရှိတယ်။

**မေတ္တာရှိလာပြီဆိုရင် သူတစ်ပါးရဲ့ကောင်းကွက်ကိုသာ ကြည့်တယ်၊ မကောင်းကွက်ကို မကြည့်တော့ဘူး။**

အင်္ဂုတ္တိုရ်ပါဠိတော်မှာ.....

ယောနိသောမနသိကာရ ရှိသူဟာ ကုသိုလ်ချည်းဖြစ်ပြီး၊

အယောနိသောမနသိကာရ ရှိသူကတော့ အကုသိုလ်ချည်းပဲ ဖြစ်နေတယ် လို့ ဗုဒ္ဓက ဟောထားတယ်။

မေတ္တာနဲ့ပတ်သက်တဲ့ ဒဿနလေးတွေကို မင်းမှတ်သား ကျင့်ကြံရအောင် ပြောပြဦးမယ်။

သန်း။ ။အမိန့်ရှိပါဘုရား။

နုပ်။ ။ ကောင်းကွက်ကိုသာ ကြည့်မည်ဆိုလျှင် မပေါင်းနိုင်စရာပုဂ္ဂိုလ် မရှိ၊ မကောင်းကွက်ကိုသာ ကြည့်မည်ဆိုလျှင် ပေါင်းနိုင်စရာပုဂ္ဂိုလ် မရှိ။

မေတ္တာဓာတ်ဖြင့် ကောင်းကွက်ကို ကြည့်လျှင် ကုသိုလ်လည်း ရသည်၊

စိတ်လည်း ချမ်းသာသည်၊ ဒေါသစာတ်ဖြင့် မကောင်းကွက်ကို ကြည့်လျှင် အကုသိုလ်လည်း ဖြစ်သည်၊ စိတ်လည်း ဆင်း ရဲသည်။

ကောင်းကွက်ကိုကြည့်ရင် ကုသိုလ်ချည်းဖြစ်ပုံနဲ့၊ မကောင်းကွက်ကိုကြည့်ရင် အကုသိုလ်ချည်းဖြစ်ပုံကိုလည်း မင်း လက်တွေ့ အသုံးချတတ်အောင် ပုံစံလေး နှစ်ခုနဲ့ပြမယ်၊ လူနှစ်ယောက်ဟာ ဖျော်ရည်ထည့်ထားတဲ့ ဖန်ခွက်တစ်ခွက်ကို တွေ့ရတာခြင်းတူပါလျက် တစ်ယောက်က ကုသိုလ်ဖြစ်ပြီး၊ တစ်ယောက်က အကုသိုလ်ဖြစ်ရပုံပေါ့။

အိမ်ထောင်ဦးစီးတစ်ယောက် ညနေ အလုပ်ကပြန်လာတဲ့ အခါ သူ့အတွက် ဖျော်ရည်တစ်ခွက် အသင့်ပြင်ထားတာကို တွေ့လိုက်ရတယ်၊ သူဟာ ကောင်းကွက်ကိုကြည့်တတ်တဲ့ မေတ္တာသ မားဖြစ်တော့ "သြော်–ငါ့ရဲ့သားမယားတွေဟာ ကျေးဇူးသိတတ်လိုက်ကြတာ၊ ငါမရှိတုန်း ဖျော်ရည်သောက်တာတောင်မှ ငါ့အတွက် အမှတ်တရ ချန်ထားဖော်ရတယ်၊ သားမယားမိသားစုအားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာကြပါစေ"ဆိုပြီး မေတ္တာပွားပြီးမှသောက်တော့ ကုသိုလ်လည်းရ၊ စိတ်လည်း ချမ်းသာ၊ အာဟာရလည်း ဖြစ်တာပေါ့။

ဟော–နောက်အိမ်ထောင်ဦးစီးတစ်ယောက်လည်း အဲဒီလိုပဲ ဖျော်ရည်တစ်ခွက်ကို တွေ့တယ်၊ သူကတော့ မကောင်းကွက်ကို ရှာကြည့်တတ်တဲ့ ဒေါသသမားဆိုတော့ "ကြည့်စမ်း၊ အတော်ကျေးဇူးကန်းတဲ့ သားမယားတွေ၊ သူတို့ကို လုပ်ကိုင်ကျွေးမွေးနေတဲ့ ငါမရှိတုန်းမှာ ဖျော်ရည်သောက်ရသတဲ့လား၊ ဒင်းတို့ မြန်မြန်သေကြပါစေ"ဆိုပြီး ကြိမ်ဆဲပြီးမှသောက်တော့ အကုသိုလ်လည်း

ဖြစ်၊ စိတ်လည်း ဆင်းရဲ၊ အာဟာရအဆီဩဇာလည်း မဖြစ်တော့ဘူးပေါ့။

သန်း။ ။ကုသိုလ်၊ အကုသိုလ်ဖြစ်ဖို့အတွက် အာရုံက အဓိကမကျပဲ နှလုံးသွင်းက အဓိကကျတယ်ဆိုတဲ့ အချက်ကို ပြတ်ပြတ်သားသား သိခွင့်ရလိုက်တဲ့အတွက် ကျေးဇူးကြီးလှပါတယ်ဘုရား။

နုပ်။ ။ ဒါနဲ့ပတ်သက်ပြီး ဒီဒဿနလေးတစ်ခုကိုလည်း မှတ်ထားသင့်သေးတယ်......။

မသူတော်သည် မိမိ၏ မြင်းမိုရ် တောင်လောက် ရှိသော အပြစ်ကို မမြင်သော်လည်း သူတစ်ပါး၏ ဇီးစေ့ လောက် ရှိသော အပြစ်ကိုကား ဆီလိုအပေါက်ရှာပြီး မြင်တတ် ၏။

သူတော်ကောင်းသည် သူတစ်ပါး၏မြင်းမိုရ်တောင် လောက်ရှိသော အပြစ်ကို မမြင်တတ်ဘဲ၊ မိမိ၏ ဇီးစေ့ လောက်ရှိသော အပြစ်ကိုကား မြင်အောင်ကြည့်ပြီး ပြုပြင်တတ်၏”။

ဒီဒဿနအတိုင်း ကျင့်သုံးသွားတဲ့ ဆရာတော်ကြီးတစ်ပါး အကြောင်းကို ပြောပြဦးမယ်၊ ဒုတိယကမ္ဘာစစ်အတွင်းလောက် တုန်းကပေါ့၊ ရွှေဘိုခရိုင်၊ ဒီပဲရင်းမြို့နယ်၊ ကျွန်းရင်းရွာကျောင်း ဆရာတော်ဦးဝါယမ ဆိုတာရှိခဲ့ဘူးတယ်၊ ဆရာတော်ဟာ ဘုန်း ကံကြီးမားတဲ့အတွက် ပစ္စည်းလေးပါး လာဘ်လာဘ အင်မတန် ပေါများတယ်။

တစ်ရက်တော့ ဆရာတော်ကျောင်းကို ဓားပြလာတိုက်တယ်၊ သူတို့လိုချင်တဲ့ ပစ္စည်းဥစ္စာတွေ ထုတ်ပိုးပြီးတဲ့အခါ ဓားပြတွေက

ဆရာတော်ကို လက်ပြန်ကြိုးတုပ်ပြီး ကျောင်းနောက် လျှိုကြီး တစ်ခုထဲ ဆွဲခေါ်လာကြတယ်၊ ဆရာတော်ရဲ့ ရွာခံအချို့ပါနေ တော့ လက်စဖျောက်တဲ့အနေနဲ့ ဆရာတော်ကို သတ်ရအောင် ခေါ်လာကြတာပဲ။

ဆရာတော်က အသက်ဘေးကလွတ်အောင် တောင်းပန်မ နေပါဘူး၊ အသက်ခံရခါနီး တစ်ခုပဲ တောင်းဆိုတယ်၊ သရဏဂုံ ဆောက်တည်ပြီးမှ သူ့ခေါင်းကိုဖြတ်ပါတဲ့၊ ဓားပြတွေက ခွင့်ပေး လို့ သူ့ကို မြှုပ်သတ်မဲ့ကျင်းထိပ်မှာ ထိုင်ပြီး....

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဓမ္မံ သရဏံ ဂစ္ဆာမိ။

သံဃံ သရဏံ ဂစ္ဆာမိ။

မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

သံဃာတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

လို့ သရဏဂုံရွတ်ဆို ဆောက်တည်လိုက်တာနဲ့ မိုးမှောင်ကြီး ချက်ခြင်းကျလာပြီး လျှပ်စီးတွေလက်၊ မိုးကြိုးတွေပစ်ချလာလို့ ဓားပြတွေဟာ ကိုယ့်အပြစ်နဲ့ကိုယ် ကြောက်လန့်ပြီး ပြေးလိုက်ကြ တာ သူတို့ကိုင်တဲ့လက်နက်တွေတောင် ကျောင်းဝိုင်းထဲမှာ ဒီ အတိုင်း ကျန်ခဲ့တယ်၊ ဆရာတော်ရဲ့လက်မှာ ချည်ထားတဲ့ကြိုးတွေ ဟာလည်း အလိုလို ပြေကျသွားတယ်။

ဆရာတော်ဟာ သူတော်ကောင်းဆိုတော့ စောစောကပြော ခဲ့တဲ့ ဒဿနအတိုင်း ဓားပြတွေရဲ့မြင်းမိုရ်တောင်လောက်ရှိတဲ့ အပြစ်ကိုတော့ မမြင်ဘူး၊ သူ့ရဲ့ဇီးစေ့လောက်ရှိတဲ့ အပြစ်ကိုတော့

မြင်အောင်ကြည့်ပြီး ပြုပြင်တယ်။

သန်း။ ။ခါးပြအတိုက်ခံရသူမှာ အပြစ်ရှိတယ်လို့ဆိုတာ ဟုတ်နိုင်ပါ့မလား ဆရာတော်။

နုပ်။ ။ သူတော်ကောင်းတွေအတွက်တော့ ဟုတ်နိုင်တယ်ကွ၊ ဆရာတော် မြင်တာက ပစ္စည်းဥစ္စာတွေ စုဆောင်းလက်ခံမိလို့သာ ဓားပြက လာတိုက်တာ၊ သူတို့လိုချင်သော ပစ္စည်းဥစ္စာတွေ မရှိဘူးဆိုရင် ငါ့ဆီကို ဓားပြလာတိုက်စရာအကြောင်း မရှိ၊ ဒါ့ကြောင့် ပစ္စည်း ဥစ္စာတွေ လက်ခံသာယာမိသော ငါ့ရဲ့အပြစ်သာ ဖြစ်တယ်လို့ သံဝေ ဂရပြီး ကျောင်းတိုက်ကြီးတစ်ခုလုံးကို တပည့်ဖြစ်သူထံ အပ် ပြီး တစ်ခါတည်း တောထွက်သွားတယ်။

အဲဒီလို ကိုယ့်အပြစ်ကိုယ်ရှာပြီး သံဝေဂဉာဏ်အရ ယူနိုင်တာ ဟာလည်း မေတ္တာဓာတ်ကြောင့်ပဲပေါ့၊ တိပိဋကဓရ၊ တိပိဋက ကောဝိဒဘွဲ့ တံဆိပ်တော်ရ ဆရာတော် (၁၁) ပါး ရှိတယ်၊ အစဉ် အတိုင်းဆိုရင်.

၁။ ဦးဝိစိတ္တသာရာဘိဝံသ (မြင်းခြံ) မင်းကွန်းဆရာတော်
၂။ ဦးနေမိန္ဒ (ပခုက္ကူ)
၃။ ဦးကောသလ္လ (ပြည်)
၄။ ဦးသုမင်္ဂလ (ရွှေဘို)
၅။ ဦးသီရိန္ဒာဘိဝံသ (ယော)
၆။ ဦးဝါယမိန္ဒာဘိဝံသ (ရေစကြို)
၇။ ဦးသီလက္ခန္ဓာဘိဝံသ (မော်ကျွန်း)
၈။ ဦးဝံသပါလာလင်္ကာရ (မြင်းမူ)
၉။ ဦးဣန္ဒပါလ (ရခိုင်)

၁၀။ဦးဂန္ဓမာလာလင်္ကာရ (မြင်းခြံ)
၁၁။ဦးသုန္ဒရ (မကွေးတိုင်း)

တို့ပဲ၊ ဒီလို အောင်ဖို့အတွက် တစ်လက်မနီးပါးထူတဲ့ ပိဋကတ်ကျမ်းစာအုပ်နှစ်ဆယ်ကို အလွတ်ပြန်ရတယ်၊ ဒီပါဠိတော်ကို အကျယ်ချဲ့တဲ့ အဋ္ဌကထာ၊ ဋီကာ၊ အနု၊ မဓု၊ ယောဇနာ၊ ဂဏ္ဌိ၊ နိဿယစတဲ့ စာအုပ်ပေါင်း တစ်ထောင်နီးပါးထဲက အဓိပ္ပါယ်တွေကို အကုန်ရအောင်ကြည့်ပြီး ရေးဖြေရသေးတယ်၊ ဒီလို ရေးဖြေတဲ့အခါ အမှတ်တစ်ရာပေးရာမှာ မင်းတို့ ကိုးတန်း၊ ဆယ်တန်းတွေ ဖြေသလို လေးဆယ်လောက်ရရုံနဲ့ မအောင်ဘူး၊ အနည်းဆုံး ခြောက်ဆယ်လောက်ရမှ အအောင်သတ်မှတ်တယ်။

အဲဒီ (၁၁) ပါးထဲမှာ မင်းကွန်းဆရာတော်ကြီးဟာ .

၁။ အင်္ဂလန်က ဂင်းနစ်ကမ္ဘာ့စံချိန် စာအုပ်ကြီးထဲမှာ ဉာဏ်ပညာအကြီးမားဆုံး လူသားအဖြစ် မှတ်တမ်းတင်ခံရတယ်။
၂။ ရန်ကုန်နဲ့မန္တလေးမှာ ကြီးကျယ်တဲ့ သာသနာ့တက္ကသိုလ်ကြီးတွေ တည်ထောင်နိုင်ခဲ့တယ်။
၃။ ရန်ကုန်နဲ့ မင်းကွန်းမှာ တိပိဋကစာသင်တိုက်ကြီး နှစ်တိုက်ကိုလည်း တည်ထောင်နိုင်ခဲ့တယ်။

ဒီလို အောင်မြင်တာဟာ ဆရာတော်ကြီးပွားများနေတဲ့ ကြီး မားတဲ့ မေတ္တာဓာတ်တွေကြောင့်ပါပဲ၊ အတ္တဝါဒကြီးစိုးတဲ့ အိန္ဒိယ နိုင်ငံကြီးမှာ အနတ္တဝါဒထွန်းကားအောင် ဗုဒ္ဓရှင်တော်မြတ် သာသနာပြုနိုင်ခဲ့တာလည်း တခြားတန်ခိုးတော် မဟုတ်ပါဘူး၊ မေတ္တာတန်ခိုးတော်ပါပဲ။

ဒါ့ကြောင့် လယ်တီပဏ္ဍိတဦးမောင်ကြီးက–

လောကတစ်ခွင်၊ မဆန့်ကျင်ဘဲ၊
ချစ်ခင်မြတ်လေး၊ ကျွမ်းဝင်ဆေးကား၊
ကြည်အေးမေတ္တာ၊ လက်တွေ့သာတည်း၊
ကိုယ်မှာအမြဲ၊ ဆောင်သုံးစွဲက၊
ဘေးရန်လွဲကာ၊ စိတ်ချမ်းသာလျှက်
စိန္တာမဏိ၊ တန်ခိုးရှိသို့၊
သိဒ္ဓိသီးသီး၊ ဘုန်းတန်ကြီးသည်၊
ရှိန်းပြီး မေတ္တာမန္တာန်တည်း။ ။

လို့ စပ်ဆိုခဲ့တာပေါ့။

သန်း။ ။ မေတ္တာပို့တဲ့အခါ မေတ္တာသုတ်ပရိတ်အတိုင်း ပါဠိတွေ ရွတ်ပို့ရမှာလား၊ သို့မဟုတ် မြန်မာလို ပို့ရမှာလားဘုရား။

နုပ်။ ။ မြန်မာတွေဆိုတော့ မြန်မာလို ပို့တာအကောင်းဆုံးပဲ။

သန်း။ ။ ပို့တဲ့အခါ ပွားတဲ့အခါမှာရော ပါးစပ်က ဆိုပို့တာနဲ့ စိတ်ထဲက ပို့တာ ဘယ်ဟာက ပိုကောင်းသလဲဘုရား။

နုပ်။ ။ စိတ်ထဲက ပို့တာက ပိုကောင်းတာပေါ့၊ ဘာ့ကြောင့်လဲဆိုတော့ ဘာဝနာပွားတယ်ဆိုတာကိုက စိတ်ရဲ့အလုပ်ဖြစ်နေလို့ပဲ၊ နှုတ်က ဆိုတာဆိုရင် တစ်ခါတစ်ရံ စိတ်က လွတ်နေတဲ့အခါတွေ ရှိတယ်၊ စိတ်ကနေပွားတာဆိုရင်တော့ လွတ်စရာအကြောင်း မရှိတော့ဘူးပေါ့။

မင်းကွန်းဆရာတော်ကြီးက မေတ္တာသုတ်ကို ကြည့်ပြီး မြန်မာ လိုမေတ္တာပွားနည်းလေး သင်ပေးထားတာရှိတယ်၊ မင်း ရသလား။

သန်း။ ။ ရပါတယ်ဘုရား။

နုပ်။ ။ ရရင်ဆိုစမ်းပါ။

သန်း။ ။ လိုးစုံများစွာသတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဥပါဒ်ရန်ဘေးကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

ကြောက်တတ် မကြောက်တတ်၊ နှစ်ရပ်များစွာသတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ဥပါဒ်ရန်ဘေးကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

မြင်အပ် မမြင်အပ်၊ နှစ်ရပ်များစွာသတ္တဝါ၊ ချမ်းသာ ကိုယ်စိတ်မြဲပါစေ၊ ဥပါဒ်ရန်ဘေးကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

ဝေးနေ နီးနေ၊ နှစ်ရပ်များစွာသတ္တဝါ၊ ချမ်းသာ ကိုယ်စိတ်မြဲပါစေ၊ ဥပါဒ်ရန်ဘေးကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

ဘဝဇာတ်ဆုံး၊ မဆုံးများစွာ၊ သတ္တဝါ–

ရှည်တိုအလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ–

ကြီးငယ်အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ–

ဆူကြုံအလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ–

လူအချင်းချင်း၊ လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ။

အထင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

ဆင်းရဲလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

ဒီမေတ္တာပို့ထဲမှာ ကြောက်တတ်တဲ့သတ္တဝါနဲ့ မကြောက်တတ်တဲ့သတ္တဝါကို ခွဲပြပါဦးဘုရား။

နုပ်။ ။ ကြောက်တတ်တဲ့သတ္တဝါအရ–ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ် ပုဂ္ဂိုလ်တို့ကို ယူရတယ်၊ မကြောက်တတ်တဲ့ သတ္တဝါအရတော့ အနာဂါမ်နဲ့ ရဟန္တာပုဂ္ဂိုလ်ကို ယူရတယ်။

သန်း။ ။မြင်အပ် မမြင်အပ်အရကောဘုရား။

နုပ်။ ။ မြင်အပ်အရကို လူနဲ့တိရစ္ဆာန်ကိုယူပြီး၊ မမြင်အပ်အရကတော့

နတ်၊ ဗြဟ္မာ၊ ငရဲ၊ ပြိတ္တာ၊ အသူရကာယ်တို့ကို ယူပေါ့ကွာ။

သန်း။ ။ ဘဝဇာတ်ဆုံးအရနဲ့ ဘဝဇာတ်မဆုံးအရကောဘုရား။

နုပ်။ ။ ဘဝဇာတ်ဆုံးအရ–သမ္မာသမ္ဗုဒ္ဓဘုရားရှင်၊ ပစ္စေကဗုဒ္ဓါ ခေါ် ဘုရားငယ်၊ ရဟန္တာအရှင်မြတ်တို့ကို ယူရမှာပေါ့၊ ဘဝဇာတ် မဆုံးအရတော့ ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ပုဂ္ဂိုလ်တို့ကို ယူပေါ့ကွာ။

သန်း။ ။ မေတ္တာကမ္မဋ္ဌာန်းက တစ်ဆင့် ဝိပဿနာကူးပြောင်း ရှုပွားပြီး မဂ် ဖိုလ် ရနိုင်သလားဘုရား။

နုပ်။ ။ ရနိုင်တာပေါ့ကွ၊ သမထကမ္မဋ္ဌာန်းလေးဆယ်လုံး ဝိပဿနာတက် လို့ ရတာချည်းပဲ၊ သမထကမ္မဋ္ဌာန်းလေးဆယ် ပွားတာဟာ ဝိပဿ နာ တက်ပြီး မဂ်ဖိုလ်ရဖို့ချည်းပဲ၊ အကြားအမြင်လေးရယုံ၊ အလင်း ရောင်လေးရယုံ၊ သူတစ်ပါးစိတ်အကြံလေး သိရရုံနဲ့ တင်းတိမ်ပြီး ဝိပဿနာထိ မတက်ဘူးဆိုရင်တော့ မြတ်စွာဘုရား ရဲ့မူရင်း ရည် ရွယ်ချက်ကနေ သွေဖီရာရောက်တာ ပေါ့။

ဘုရားသာသနာ ဗုဒ္ဓုပ္ပါဒ၊ နဝမခဏကြီးနဲ့ကြုံနေပါ လျက် မဂ်ဖိုလ်ကို အရမယူပဲ၊ သမထအကြားအမြင်လောက်လေးပဲ ယူ နိုင်တယ်ဆိုရင် စိန်ကောင်း၊ ကျောက်ကောင်းများစွာရှိတဲ့ ဝေဘာရတောင်ပေါ် ရောက်ခဲ့ပါလျက် ကျောက်စရစ်ခဲကို ကောက်ပြီး ဆင်းခဲ့သူနဲ့တူနေတာပေါ့။

အခု မေတ္တာကမ္မဋ္ဌာန်းကနေ တစ်ဆင့် ဝိပဿနာကူးပြီး ရဟန္တာဖြစ်တော်မူသွားတဲ့ သီရိလင်္ကာနိုင်ငံက "ဝိသာခ"လို့ အမည် ရတဲ့ မထေရ်ကြီးတစ်ပါးအကြောင်းကို ပြောပြမယ်။

သန်း။ ။ ပြောပြပါဘုရား။

နုပ်။ ။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံပြီးတဲ့နောက် မဇ္ဈိမဒေသ၊ ပါဋလိပုတ် ပြည်မှာ ဝိသာခလို့ ခေါ်တဲ့ သူကြွယ်တစ်ယောက် ရှိခဲ့ဖူးတယ်၊ သူဟာ သီရိလင်္ကာမှာ သာသနာထွန်းတောက် နေတာကို ကြားသိရတော့ ချမ်းသာသမျှ ပစ္စည်းဥစ္စာတွေကို သားမယားများအား အပြီးလွှဲအပ်ကာ သီရိလင်္ကာသွားပြီး ရဟန်းပြုဖို့ စီစဉ်တယ်။

လမ်းမှာ လိုရ မယ်ရသုံးဖို့ ငွေလေးတစ်ကျပ်ပဲ ယူခဲ့တယ်၊ နှစ်ပေါင်းများစွာ ရှာဖွေစုဆောင်းခဲ့တဲ့ ရွှေငွေဥစ္စာတွေကို အကုန်စွန့်နိုင်တယ်ဆိုတာ အနာခံလိုက်တာပါပဲ၊ အနာခံခြင်းနဲ့ပတ်သက်ပြီး ဒီဒဿနလေးနှစ်ခုကို မှတ်သားရမယ်။

ဘဝအဆက်ဆက်ကအသာချည်း စံခဲ့ကြသော ကြောင့် ယခု ဘဝတွင် ပုထုဇဉ်ဘဝဖြင့် အိုနာသေ၏၊ အနှိပ်အစက်ကို ခံနေရခြင်း၊(အနာခံနေရခြင်း)ဖြစ်၏၊ ယခုဘဝတွင် အရာရာ၌ အနာခံလိုက်ပါက နောင်ဘဝတွင် အသာစံရမည်ဖြစ်၏။

အသာစံခြင်းဟူသည် ရဟန္တာဖြစ်ပြီး အိုနာသေဆင်း ရဲမှ လွတ်သွားခြင်းကို ဆိုလို၏၊ အရာရာ၌ အနာခံခြင်း ဟူသည် သမုဒယသစ္စာခေါ် တဏှာကို ပယ်သတ်ခြင်း ပင်ဖြစ်၏၊ ဘုရား, ပစ္စေကဗုဒ္ဓ, ရဟန္တာများသည် ဘဝ အဆက်ဆက်က အနာခံခဲ့သူများပင် ဖြစ်၏။

တိတ္ထိဆရာကြီးခြောက်ဦးသည် အသာစံခြင်း ဝါဒကို ကျင့်သုံးဖို့ ညွှန်ပြ၏၊ ဗုဒ္ဓဘုရားရှင်သည် အနာခံခြင်း ဝါဒကို ကျင့်သုံးဖို့ ညွှန်ပြ၏၊ ထို့ကြောင့် အရာရာ၌ အသာ စံသူသည် တိတ္ထိဆရာကြီးများ၏ တပည့်ဖြစ်၏၊ အရာရာ ၌ အနာခံသူသည် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ တပည့် ဖြစ်၏။

ဝိသာခ ရဟန်းဖြစ်ပုံ၊ မေတ္တာကမ္မဋ္ဌာန်းကနေ ဝိပဿနာထိ တက်ပြီး မဂ်ဖိုလ်ရပုံအကျယ်ကိုတော့ နောက်အပါတ်မှ ဆက်ကြရအောင်။

(မှတ်ချက်)။ ။ "ဗုဒ္ဓုပ္ပါဒနဝမခဏ"ဟူသည် ရပ်ပြစ်ရှစ်ပါးမှလွတ်ပြီး ဘုရားရှင်သာသနာနှင့် တွေ့ကြုံရသော ကိုးခုမြောက်ခဏဟု ဆိုလိုသည်၊ ရပ်ပြစ်ရှစ်ပါးဟူသည်....

| | |
|---|---|
| ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ | ၃ |
| အသညသတ်ဗြဟ္မာနှင့်အရူပဗြဟ္မာ | ၁ |
| ရတနာသုံးပါးမထွန်းကားသော ပစ္စန္တရာဇ်အရပ် | ၁ |
| အယူမှားမိစ္ဆာဒိဋ္ဌိဖြစ်နေသောဘဝ | ၁ |
| ဉာဏ်ပညာပါမလာသောဒွိဟိတ်ပုဂ္ဂိုလ် | ၁ |
| ဉာဏ်ရှိသော်လည်း ဘုရားမပွင့်သောကာလလူဖြစ်ခြင်း | ၁ |

ပေါင်း(၈) ပါးဖြစ်သည်။

အခန်း ၄၀

## လူတိုင်းသိသင့်သော ပုဂ္ဂိုလ်လေးမျိုး

စတုက္ကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်၌ ပုဂ္ဂိုလ်လေးမျိုးကို ဟောတော်မူ၏၊ တစ်ခုသောမြစ်ကြီး၌ မြုပ်မျောနစ်မွန်း၍နေသော ပုဂ္ဂိုလ်တစ်မျိုး၊ မြုပ်မှု, မျောမှု, နစ်မှု, မွန်းမှု မရှိမူ၍ ရေပေါ်၌ ပေါလောဆန်ကူး၍နေသော ပုဂ္ဂိုလ်တစ်မျိုး၊ ထိုမြစ်ရေအပြင်မှာပင် ရင်လောက်, ခါးလောက်တိမ်ရာသို့ ရောက်သဖြင့် ထောက်ရာ တည်ရာကိုရ၍နေသော ပုဂ္ဂိုလ်တစ်မျိုး၊ ကမ်းပေါ်သို့ရောက်ပြီးသောပုဂ္ဂိုလ်တစ်မျိုး၊ ဤကား ပုဂ္ဂိုလ်လေးမျိုးတည်း။

ဝဋ်ဆိုးကြီးသုံးပါး၊ ဘေးဆိုးကြီးနှစ်ပါး ရှိနေကြကုန်သော ပုထုဇဉ် သတ္တဝါတို့သည် ပထမပုဂ္ဂိုလ်မျိုးနှင့်တူ၏။ တူပုံကား ခြေလက်တို့ကို ချည် တုပ်၍ လည်ပင်း၌ သဲထုပ်ကို ဖွဲ့တွဲ၍ ကြီးစွာသောမြစ်ရေအပြင်၌ ချမျော အပ်ကုန်သော ထိုသူတို့သည် စိုစွတ်စွာသော နပဲသားသစ်တုံးတွေကို ရေမှာချမျောလိုက်သကဲ့သို့ တစုံတခုသော ပယောဂကိုမျှပြုပြင်နိုင်သော အစွမ်းမရှိကြကုန်မူ၍ မြစ်ရေကြီးထဲ၌ မြုပ်မှု, မျောမှု, နစ်မွန်းမှုသာ ရှိကြ

ကုန်တော့သကဲ့သို့ ထို့အတူ ပုထုဇဉ်ဖြစ်ကြကုန်သော လူ, နတ်, ဗြဟ္မာ သတ္တဝါတို့သည်လည်း စုတေသည်၏အခြားမဲ့၌ မိမိတို့ အလိုရှိရာသို့ ရောက်ရအောင် တစ်စုံတစ်ခုပယောဂကိုမျှ မပြုနိုင်ကြကုန်မူ၍ ကမ္မသကာ ကံချရာဟု သံသရာရေကြောင်း၌ လွှတ်၍ ထားရကုန်သဖြင့် အောက် အဝီစိတိုင်အောင် ကောင်းကင်ဟင်းလင်းပြင်ကြီးကဲ့သို့ ဖြစ်၍ ကျချင်ရာ ကျ၊ ရောက်ချင်ရာရောက် အောက်အဝီစိကျအောင် မြုပ်ချင်တိုင်း မြုပ် ကြလေကုန်၏။

နစ်ချင်တိုင်း နစ်ကြလေကုန်၏၊ တစ်ခါ မြုပ်မိ နစ်မိပြန်လျှင်လည်း ဘဝတစ်ရာနှင့်လည်း မလွတ်နိုင်ကြကုန်၊ ဘဝတစ်ထောင်နှင့်လည်း မလွတ် နိုင်ကြကုန်၊ အပါယ်ဘုံတစ်ကျောမှာ မျောချင်တိုင်း မျောကြလေကုန်၏။ တစ်ဘဝ၊ တစ်ဘဝဆိုလျှင်လည်း မီးငရဲ, မားငရဲ, လုံငရဲစသည်တို့၌ အနှစ် တစ်သိန်းစသည်ကြာညောင်းလေရာ အသက်တစ်ရှူမျှ ချောမောစွာ ရှူခွင့် မရဘဲ ပင့်သက်ရှူ၊ ပင့်သက်ရှိုက်၊ အလှိုက်ကြီး၊ အလှဲကြီး၊ အမွန်းကြီး၊ အမောကြီးနှင့်သာ နေကြရကုန်၏။ သုဂတိဘုံမှအပါယ်သို့ တစ်ခါကျ၍ သွားခဲ့လျှင် ဘဝတစ်ရာနှင့်လည်း မပြန်ရ၊ ဘဝတစ်ထောင်နှင့်လည်း မပြန် ရ ဟူသော အနက်ကိုမူကား ကာဏကစ္ဆပမသုတ္တာန်ဒေသနာတော်ကြီးနှင့် တကွ ထင်လင်းစွာပြ၍ ငါတို့စီရင်သော ကမ္မဋ္ဌာနဒီပနီစာအုပ်ငယ်တွင် ပါရှိလေ၏။

သောတာပန်၊ သကဒါဂါမ်ပုဂ္ဂိုလ်တို့သည် ဒုတိယပုဂ္ဂိုလ်မျိုးနှင့်တူ ကြကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် လှော်သူ, ခပ်သူ, ပဲ့ကိုင်ဦးစီးအစုံအလင်နှင့် မြစ်ပြင်မှာဆန်ကြသော လှေတွေကဲ့သို့ အလိုရှိရာ မြူးတူး၍ကူးနိုင်၊ ဆန် နိုင်ကြကုန်၏။ ထို့အတူ သောတာပန်၊ သကဒါဂါမ်ပုဂ္ဂိုလ်တို့သည် မိမိတို့ ဖြစ်ရာ ဘုံဘဝတို့မှစုတေကြသောအခါ ဈာန်ရ, ဈာန်မရအားလျော်စွာ

အလိုရှိရာဘဝသို့ ရောက်နိုင်ကြကုန်၏။

မြုပ်မှု၊ မျောမှု၊ နစ်မှု၊ မွန်းမှု မရှိကြကုန်ပြီ၊ အမှတ်တမဲ့ပင် သေသော်လည်း မြင့်မြတ်ရာဘုံဘဝသို့ ရောက်မှုတစ်လမ်းသာ ရှိကြကုန်၏။ ထို့ကြောင့် ထိုဘုံစဉ်စံအရိယာတို့သည်လည်း သံသရာဝဋ်၌ နစ်မွန်းမျောပါးသူမျိုး မဟုတ်ကြကုန်ပြီ၊ တစ်ဘဝထက် တစ်ဘဝ အကနိဋ္ဌာဘုံသို့ ဆိုက်အောင် ကူးယက်ဆန်တက်ကြသူတို့သာတည်း။

အနာဂါမ်ပုဂ္ဂိုလ်တို့သည် တတိယပုဂ္ဂိုလ်မျိုးနှင့်တူ၏။ ရဟန္တာပုဂ္ဂိုလ် သည် စတုတ္ထပုဂ္ဂိုလ်မျိုးနှင့်တူ၏။ သိသာပြီ။ ဤသို့လျှင် လူ့ချမ်းသာ၊ နတ် ချမ်းသာ၊ ဗြဟ္မာချမ်းသာတို့သည် ဝဋ်ဆိုးကြီးသုံးပါး၊ ဘေးဆိုးကြီးနှစ်ပါး ရှိသော သူတို့အတွက်နှင့်သာ ကြောက်မက်ဖွယ်ကြီးတွေ ဖြစ်ကုန်၏။ ကင်းရှင်းပြီးသော ဘုံစဉ်စံ အရိယာလူနတ်ဗြဟ္မာတို့အတွက်နှင့် မူကား ပျော်မွေ့ ဖွယ်ကြီးတွေသာ ဖြစ်ကုန်၏။

## ဗိုလ်ချုပ်ကြီးနှင့်သူရဲကြီး

ထိုပုဂ္ဂိုလ်တို့၌ လောဘ၊ ဒေါသ၊ မောဟ၊ ဇာတိ၊ ဇရာ၊ မရဏ ရှိကြသေးသည်မဟုတ်လောဟူမူ ရှိကြသေးသည်မှန်သော်လည်း ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာဟူသော အမှောက်အမှား သံသရာဗိုလ်ချုပ်ကြီးနှစ်ပါး၊ ဒုစရိုက် ဆယ်ပါးတည်းဟူသော အမိုက်အမဲသူရဲကြီးတစ်ကျိတ် အကုန်ပျက်ပြိုချုပ် ဆုံးပြီး ဖြစ်ကုန်ကြသဖြင့် ထိုသူတို့သန္တာန်၌ ကျန်ရှိကြကုန်သော လောဘ၊ ဒေါသ၊ မာန အစရှိကုန်သော အကုသိုလ်တရားတို့သည် ဗိုလ်ချုပ်ကြီး၊ သူရဲကြီးတို့ ကျဆုံးပြီးဖြစ်၍ တစ်နေ့တခြားလျော့ပါးခြင်းသို့ ရောက်ကြကုန်သော သူပုန်ဓားပြတပ်သားတို့နှင့် တူကြကုန်၏။

ထိုသူတို့သန္တာန်၌ ရှိကြကုန်သော အလောဘ၊ အဒေါသ၊ အမောဟ၊ သဒ္ဓါ၊ သီလ အစရှိကုန်သော ကုသိုလ်တရားတို့သည် သစ္စာလေးပါး

ကိုမြင်ပြီးသော ဣန္ဒြေကြီးငါးပါးအုပ်ချုပ်လျက် ကြွင်းသော ဗောဓိပက္ခိယတရား (၃၂) ပါး၊ သုစရိုက်ဆယ်ပါးတည်းဟူသော ဗိုလ်ရဲစစ်ကဲသူရဲသူခတ်တို့ ကြီးကြပ်လျက် ရှိကြကုန်သည်ဖြစ်၍ စစ်မင်းကြီးငါးပါး အုပ်ချုပ်လျက်များစွာသော ဗိုလ်ရဲစစ်ကဲသူရဲသူခတ် လက်နက်ကြိယာတို့နှင့်ပြည့်စုံသော အစိုးရတပ်တော်ကြီးနှင့် တူကြကုန်၏။

ဇာတိတရားသည်လည်း နတ်အဖြစ်၊ ဗြဟ္မာအဖြစ်သည်သာ များစွာကျန်ရှိသည်ဖြစ်၍ အလွန်ချမ်းသာသော ဥပပတ်ပဋိသန္ဓေမျိုးသာဖြစ်၏။ ဇရာတရားသည်လည်း လူတို့၌ကဲ့သို့ မထင်ရှားသော အပါကဋဇရာသာကျန်ရှိ၏။ မရဏာသည်လည်း အလွန်ကြာညောင်း စည်းစိမ်ဟောင်းမှ စည်းစိမ်သစ်တစ်ပါးသို့ ပြောင်းရွှေ့တင်ပို့သကဲ့သို့သော မရဏာသာကျန်၏။

သေရတော့မည်ရှိလျှင် တစ်မျိုးဝမ်းမြောက်ရသော သေခြင်းသာကျန်ရှိ၏ ဟူလိုသည်။ ဤကား သံသရာဘေးကြီး၊ သံသရာဘေးကြီးဟူ၍ဆိုကြရာ၌ ပုထုဇဉ်မွဲ ငရဲသူသတ္တဝါ သံသရာဝဋ္ဋကောင်မျိုးတို့မှာ ရှိနေကြကုန်သော ဒိဋ္ဌိ၊ ဝိစိကိစ္ဆာဟူသော ကိလေသာဝဋ္ဋဆိုးကြီး၊ ဒုစရိုက်ဆယ်ပါးဟူသော ကမ္မဝဋ္ဋဆိုးကြီး၊ အပါယ်ဘဝဟူသော ဝိပါကဝဋ္ဋဆိုးကြီး၊ ဝိနိပါတဘေး၊ နာနာသတ္တာရဥလ္လောကနဘေး တည်းဟူသော ဘေးဆိုးကြီးနှစ်ပါးဤတရားတို့သည်သာ ကြီးမားစွာသော သံသရာဘေးကြီးအစစ်ဖြစ်ကြောင်းကိုရင်း၊

လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာတို့သည်လည်း ထိုသူတို့မှာသာ ကြီးစွာသော ကြောက်ဖွယ်၊ လန့်ဖွယ် အန္တရာယ်ဖြင့် မီး တဟုန်းဟုန်း တောက်လောင်၍နေသော ထောင်ကြီး နှောင်အိမ်ကြီးကဲ့သို့ဖြစ်ကြောင်းကိုရင်း၊ လောကုတ္တရာဘုံသူ၊ နတ်လူဗြဟ္မာဘုံစဉ်စံ အရိယာတို့မှာ မွေ့လျော်ဖွယ်၊ ပျော်ပါးဖွယ် ခံစား၊ စံစားဖွယ်ကြီးတွေဖြစ်ကြောင်း

ကိုရင်း ဘယ်သူမှ မငြင်းသာအောင် ထင်လင်းစွာပြလိုက်သော အချက်တည်း။

(လယ်တီဆရာတော်၏ သောမဿပေက္ခာဒီပနီ ၅၁မှ၅၄)

နုပ်။ ။ ကဲ ဝိသာခမထေရ်အကြောင်း ဆက်ကြဦးစို့၊ ဝိသာခသူကြွယ်ဟာ ပါလာတဲ့ ငွေတစ်ကျပ်ကို ပုဆိုးအစွန်မှာ ထုတ်ပြီး ပါဋလိပုတ် နေအိမ်ကနေထွက်လာခဲ့တယ်၊ သီရိလင်္ကာ ကိုသွားဖို့ သင်္ဘောကြုံ မရတာနဲ့ ပင်လယ်ဆိပ်ကမ်း မှာတစ်လလောက် ကြာသွားတယ်၊ အလကားနေတတ်တဲ့သူ မဟုတ်တော့ ပင်လယ်ကမ်းစပ်မှာ သင်္ဘောစောင့်ရင်း ငွေတစ်ကျပ် ကို အရင်းပြုပြီး ရောင်းဝယ် လိုက်တာ အသပြာတစ်ထောင်စုမိ သွားတယ်။

မိမိကိုယ်ရော သူတစ်ပါးကိုရော ကြီးပွားတိုးတက်မည့်သူ ဟုတ်/မဟုတ်ကို ဒီဒဿနလေးနဲ့သာ တိုက်ကြည့်လိုက်၊ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားသွားတာပဲ၊ အဲဒီဒဿနက–

ကြီးပွားတိုးတက်မည့်သူများသည် အလကားနေရခြင်းကို ပျင်းသည်၊ အလုပ်နှင့်နေရခြင်းကို ပျော်သည်။

ဆုတ်ယုတ်ပျက်စီးမည့်သူများသည် အလကားနေရခြင်းကို ပျော်သည်၊ အလုပ်နှင့်နေရခြင်းကို ပျင်းသည်တဲ့။

သန်း။ ။ သိပ်မှန်တာပဲဘုရား။

နုပ်။ ။ မှန်တယ်ဆိုရင် မင်းကိုယ်တိုင် အလုပ်နဲ့ပျော်အောင် ကြိုးစားပေါ့။

သန်း။ ။ ကြိုးစားပါ့မယ်ဘုရား။

နုပ်။ ။ သင်္ဘောကြုံရတာနဲ့ သီရိလင်္ကာကို ရောက်သွားတာပေါ့။ သီရိလင်္ကာမှာ နာမည်ကျော် မဟာဝိဟာရကျောင်းတိုက်ကြီးဆိုတာ ရှိတယ်၊ အဲဒီကျောင်းတိုက်ကြီးမှာပဲ ရဟန်းခံဖို့ ပြင်ဆင်တယ်၊

ရဟန်းခံဖို့ သိမ်ထဲ အသွားမှာ ဝိသာခခါးကြားထဲမှာ သိမ်းထားတဲ့ ငွေတစ်ထောင်ဟာ ရုတ်တရက်မြေကြီးပေါ် ပြုတ်ကျသွားတယ်။

ဒီအခါ ရဟန်းတော်များက ရဟန်းနဲ့ငွေကြေးဟာ မအပ်စပ် ကြောင်း အခုကတည်းက သင့်လျော်အောင်စီမံဖို့ ပြောတဲ့အခါ ဝိသာခဟာ ရဟန်းခံလာသမျှ ပရိသတ်တွေ လက်ချည်း မပြန်စေ ရဘူးဆိုတဲ့ ရည်ရွယ်ချက်နဲ့ အသပြာတစ်ထောင်လုံး ကြဲဖြန့်လှူ ဒါန်း ပစ်လိုက်တယ်၊ ဒီနေရာမှာလည်း သူတော်ကောင်း ဟုတ်/ မဟုတ် တိုင်းတာတဲ့ ပေတံ(ဒဿန)လေးတစ်ခု ရှိတယ်။

သန်း။ ။ အမိန့်ရှိပါဘုရား။

နုပ်။ ။ အဲဒါက–

"ရယူခြင်းနှင့်ပေးဆပ်ခြင်းတို့တွင် ပေးဆပ်ခြင်း၌ ပျော်မွေ့သူ သည်သာ တကယ့်သူတော်ကောင်း ဖြစ်သည်"တဲ့။

သန်း။ ။ ဟာ ..ဒီဒဿနလေးလည်း ကောင်းတာပဲဘုရား။

နုပ်။ ။ အေး ..ကောင်းတယ်ဆိုရင် လက်တွေ့ကျင့်ပေါ့ကွာ၊ လူချမ်းသာ၊ လူဆင်းရဲ ကွဲပြားသွားခြင်းရဲ့ အဓိကအကြောင်းဟာ ဒီဒဿနပဲ– "ရယူခြင်းမှာချည်း ပျော်မွေ့ခဲ့သူတွေဟာ လူဆင်းရဲတွေ ဖြစ်လာ ပြီး၊ ပေးဆပ်ခြင်းမှာချည်း ပျော်မွေ့ခဲ့သူတွေကတော့ လူချမ်းသာ တွေ ဖြစ်လာကြတာပေါ့"

ဒါနရှိခဲ့သူတွေဟာ ဘာစီးပွားရေးလုပ်လုပ် ဖြစ်ထွန်း အောင် မြင်ပြီး၊ ဒါနမရှိခဲ့သူတွေကတော့ ဘာစီးပွားရေးလုပ်လုပ် ပျက်စီး ဆုံးရှုံးနေတာချည်းပဲ၊ ရန်ကုန်မြို့က ဒကာတစ်ယောက် အကြောင်းကို ကြားဖူးတယ်၊ သူဟာ အရင်းအနှီးတတ်နိုင်တဲ့ အတွက် ကားဝပ်ရှော့တစ်ခု ထောင်တယ်၊ မအောင်မြင်ဘူး၊

ရှုံးတယ်။

ဒါ့ကြောင့် သူငယ်ချင်းတစ်ယောက်ကို ဝပ်ရှော့ရုံတစ်ခုလုံး ရောင်းပစ်ပြီး တွင်ခုံတစ်ခုထောင်ပြန်တယ်၊ သူ့ဝပ်ရှော့ရုံကို ဝယ်တဲ့ သူငယ်ချင်းကတော့ လုပ်ငန်းအောင်မြင်ပြီး ချမ်းသာသွားတယ်၊ အဲဒီလူဟာ တွင်ခုံလုပ်ငန်းမှာလည်း ရှုံးပြန်တာပဲ၊ ဒါနဲ့တခြား သူငယ်ချင်းတစ်ယောက်ကို ပြန်ရောင်းပြီး ကားဘော်ဒီရုံ လုပ်ငန်းကို ပြောင်းလုပ်ပြန်တယ်။

သူ့ဆီက တွင်ခုံလုပ်ငန်းကို ဝယ်လိုက်တဲ့သူငယ်ချင်းက အဆင်ပြေသွားပြန်တယ်၊ သူကတော့ ကားဘော်ဒီရုံလုပ်ငန်းလည်း ရှုံးပြန်လို့ တခြားအလုပ်ကို ပြောင်းသွားပြန်တယ်လို့ သိရတယ်၊ ဒါနရှိတဲ့သူကျပြန်တော့လည်း သုံးလေးထောင်ရင်းရတဲ့ ကွမ်းယာ ရောင်းလည်း ချမ်းသာတာပဲ။

သန်း။ ။ အဲဒါရော လက်တွေ့ရှိသလားဘုရား။

နုပ်။ ။ ရှိတာပေါ့၊ အများကြီးပဲ၊ မြိတ်မြို့က ဦးစိုးကြီးဆိုတာ ကွမ်းယာ ရောင်းရင်း ချမ်းသာလာတာ၊ သုံးထပ်တိုက်တောင် ဆောက်ပြီး နေနိုင်တယ်၊ ဒါ့အပြင် အပို တိုက်နှစ်လုံးကိုတောင် ဝယ်ထားနိုင်သေးတယ်၊ ဒီသာဓကတွေ ထောက်ပြီး ကြီးပွားချမ်းသာဖို့မှာ အရင်းအနှီးရှိတာ,မရှိတာထက် ဒါနကုသိုလ်ရှိခဲ့တာ,မရှိခဲ့တာ ဟာ အဓိကကျကြောင်း ထင်ရှားတယ်။

"ဒါနဥ္စ ယုဒ္ဓဥ္စ သမာနမာဟု" ဆိုတဲ့ ဒေသနာအတိုင်း ဒါနပြု တာနဲ့ စစ်တိုက်တာဟာ အတူတူပဲ၊ ဒီအချက်နဲ့ ပတ်သက်ပြီး ငါ .ပါရမီထိုက်သောဒါနနဲ့ ပါရမီမထိုက်သောဒါန စာအုပ်မှာ ရေးသားခဲ့တဲ့ ဒေသနာတစ်ခုကို ပြန်ပြောပြမယ်။

သန်း။ ။အမိန့်ရှိပါဘုရား။

## တိုက်ပွဲနှစ်မျိုး

တိုက်ပွဲသည် ဗဟိဒ္ဓတိုက်ပွဲ၊ အဇ္ဈတ္တတိုက်ပွဲ ဟုနှစ်မျိုးရှိ၏။ ဗဟိဒ္ဓတိုက်ပွဲသည် လူအင်အား, လက်နက်အင်အား, တိုက်ရည် ခိုက်ရည်ကောင်းလျှင် အလွယ်တကူ အောင်မြင်နိုင်၏။ အဘယ့်ကြောင့် အလွယ်တကူ အောင်မြင်နိုင်၏ဟု ဆိုရသနည်း။ တိုက်ခိုက်ရမည့် ရန်သူကို အလွယ်တကူ မြင်နေရသောကြောင့်ပင်တည်း။

အဇ္ဈတ္တတိုက်ပွဲတွင်ကား အောင်မြင်မှုရရန် အင်မတန် ခဲယဉ်း၏။ အဘယ့်ကြောင့်နည်း ရန်သူဖြစ်သော လောဘနှင့်မစ္ဆရိယသည် ပကတိမျက်စေ့ဖြင့် မမြင်ရသည့်အပြင် ဘဝအဆက်ဆက်ကတည်းက မိမိသန္တာန်တွင် ကိန်းအောင်းလာသည်ဖြစ်၍ အမြစ်စွဲနေကာ ထုထည်ကြီးမားလှသောကြောင့်ပင်တည်း။

ထို့ပြင် လောဘနှင့်မစ္ဆရိယကို တိုက်ခိုက်မည့် အလောဘနှင့်သဒ္ဓါသည် ဘဝပေါင်းအသင်္ချေကြာမှ တစ်ခါတစ်ရံသာ ဖြစ်ရ၍ အားနည်းလွန်းလှ၏။ ထို့ကြောင့် ပုထုဇဉ်လူသား၏ ဘဝသံသရာတစ်လျှောက် အဇ္ဈတ္တတိုက်ပွဲတွင် လောဘနှင့်မစ္ဆရိယကသာ အမြဲတန်း အနိုင်ရခဲ့၏။ ငါ့အတွက် သိမ်းပိုက်ရန်သာ ဘဝတိုင်းရှာဖွေခဲ့၏။ သူတစ်ပါးအတွက် ပေးစွန့်ရန်ဟူ၍ တစ်ဘဝမှ မရှိခဲ့။

လောကကို မိမိအတွက်သာလျှင် ဘဝတိုင်း အသုံးချခဲ့၏။ မိမိကို လောကအတွက် တစ်ဘဝမှ အသုံးမချခဲ့။ ထို့ကြောင့် ဂင်္ဂါဝါဠု သဲစုမက ဘုရားတွေ အဆူဆူပွင့်ခဲ့ပြီးဖြစ်သော်လည်း အဇ္ဈတ္တတိုက်ပွဲ အမြဲအရှုံးသမားလူသားသည် ယခုဘဝတိုင်အောင် မည်သည့် မဂ်ဖိုလ်မှမရဘဲ အန္ဓ–ပုထုဇဉ်အဖြစ်နှင့်ရှိနေရခြင်း ဖြစ်၏တဲ့။

သန်း။ ။ ဒီဒဿနအတိုင်းဆိုရင် တပည့်တော်တို့ ပုထုဇဉ်တွေဟာ အဇ္ဈတ္တ တိုက်ပွဲ အရှုံးသမားတွေချည်းပါပဲဘုရား၊ အဇ္ဈတ္တတိုက်ပွဲမှာ အနိုင် ရအောင် ဘယ်လိုကြိုးစားရမလဲဘုရား။

နုပ်။ ။ စိတ်ခိုင်းတိုင်းလိုက်လုပ်နေရတဲ့ စိတ်ရဲ့ကျွန်ဘဝကနေ၊ စိတ်ကို မိမိလိုရာခိုင်းနိုင်တဲ့ စိတ်ရဲ့သခင်ဘဝရောက်အောင် ကြိုးစားရ မယ်၊ ဒဿနလေးတစ်ခု ရှိတယ်။

"လောကီ၊ လောကုတ္တရာကြီးပွားတိုးတက် အောင်မြင် နေသော ပုဂ္ဂိုလ်မှန်သမျှသည် စိတ်၏သခင်။

လောကီ၊ လောကုတ္တရာနှစ်ဖြာလုံး ဆုတ်ယုတ်ပျက်စီး နေသော ပုဂ္ဂိုလ်မှန်သမျှသည် စိတ်၏ကျွန်"။

ရှင်းရှင်းလေးပဲ၊ အခု ကမ္ဘာမှာ လူဦးရေသန်းပေါင်း ခြောက်ထောင်ကျော် ရှိနေပေမယ့် အမျိုးအစားခွဲကြည့်ရင် "စိတ် ကို ကျွန်ခံတဲ့လူ" နဲ့ "စိတ်ကို သခင်လုပ်တဲ့လူ" ဒီနှစ်မျိုးပဲရှိတယ်။ ကျွန်ဆိုတာ သခင်ခိုင်းတိုင်း အကုန်လိုက်လုပ်ရသလို စိတ်ကို ကျွန် ခံရတဲ့လူစားဟာလည်း စိတ်ခိုင်းတိုင်း အကုန်လိုက်လုပ်ရတယ်။

"ပါပသ္မိံ ရမတိ မနော"ဆိုတဲ့ ဒေသနာအတိုင်း စိတ်ဟာ မကောင်းတဲ့အကုသိုလ်မှာ ပျော်ပိုက်တဲ့သဘောရှိတဲ့အတွက် စိတ် ခိုင်းတာကို လိုက်လုပ်ရတဲ့လူသားဟာ မကောင်းတာကိုပဲ လုပ် မှာပါ၊ ဒါ့ကြောင့် စိတ်ကို ကျွန်ခံရတဲ့လူသားဟာ မိန်းမအပျော် အပါးလိုက်စားမယ်၊ သေရည်သေရက် သောက်မယ်၊ လောင်း ကစား လုပ်မယ်။

ဒီတော့ ယခုပစ္စက္ခမှာလည်း မွဲမယ်၊ ငတ်မယ်၊ ထောင် တန်းကျမယ်၊ အောက်တန်းကျမယ်၊ သံသရာကျတော့လည်း အကု

သိုလ်ချည်းလုပ်ခဲ့တဲ့အတွက်ကြောင့် အပါယ်ကျပြီး ဆင်းရဲရမယ်၊ စိတ်ကို ကျွန်ခံရတဲ့လူသားဟာ ပစ္စက္ခသံသရာ နှစ်ဖြာလုံး ဆင်းရဲဒုက္ခရောက်မယ်၊ လောကီ လောကုတ္တရာ နှစ်ဖြာလုံးမှာလည်း အောက်ကျမယ်။

သခင်ဟာ ကျွန်ကိုလိုရာခိုင်းနိုင်သလို တစ်ချို့လူသားဟာ စိတ်ကို မိမိလိုရာခိုင်းနိုင်တယ်၊ အပျော်အပါး၊ လောင်းကစား၊ သေရည်သေရက် ဒါတွေကို စိတ်က လိုက်စားချင်ပေမယ့် မလိုက်စားဘူး၊ အဲဒါ စိတ်ကို အမိန့်ပေး စေခိုင်းနိုင်တာပဲ၊ စိတ်က ဒါန မပြုချင်လည်း ပေပြုတယ်၊ သီလမဆောက်တည်ချင်လည်း ပေဆောက်တည်တယ်၊ ဘာဝနာမပွားချင်လည်း ပေပွားတယ်၊ တရားမနာချင်လည်း ပေနာတယ်။

ဒါ့ကြောင့် စိတ်ရဲ့သခင်လူသားဟာ ပစ္စက္ခမှာလည်း လူ့ချမ်းသာကို ခံစားရသလို သံသရာကျတော့လည်း နတ်ချမ်းသာကို ခံစားရတယ်၊ လောကီရေးမှာလည်း အထက်တန်းကျသလို လောကုတ္တရာရေးမှာလည်း မြင့်မြတ်တဲ့ အရိယာဘာဝကို ရောက်ရတယ်၊ မှတ်လိုက်ပေါ့၊ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့, ပစ္စေကဗုဒ္ဓါဘုရားငယ်တို့, ရဟန္တာအရှင်မြတ်ကြီးတို့ဟာ စိတ်ကို မိမိလိုရာစေခိုင်းသွားနိုင်တဲ့ စိတ်ရဲ့သခင်တွေပါပဲ။

စိတ်ကို ကျွန်ခံရတဲ့သူဌေးတစ်ယောက်နဲ့ စိတ်ကို သခင်လုပ်ခဲ့တဲ့သူဌေးတစ်ယောက် အကြောင်းကို ပြောပြဦးမယ်။

သန်း။ ။မှန်ပါ၊ အမိန့်ရှိပါဘုရား။

နုပ်။ ။ တစ်ဦးကတော့ ကြာပါပြီ၊ လူ့လောကမှာလည်း မရှိတော့ပါဘူး၊ သော်တာဆွေရဲ့ကျွန်တော့ဘဝဇာတ်ကြောင်း စာအုပ်ထဲမှာ ဖတ်

ရတာ၊ မိုးကုတ်သူဌေးထွန်းမောင်တဲ့၊ ဒါနကုသိုလ်ရှိခဲ့တော့ ထွန်းမောင် သူ့မိခင်ဝမ်းမှာ သန္ဓေတည်ကတည်းက သူတို့အိမ်ဟာ စီးပွားရေး တစ်ဟုန်ထိုးတက်လာတယ်။

ထွန်းမောင် အရွယ်လည်းရောက်လာရော သူ့ရဲ့ပြုခဲ့တဲ့ ဒါနကုသိုလ်ဟာ သတိမပြုပဲ မနေနိုင်လောက်အောင် သိသာထင်ရှားလာတယ်၊ ထွန်းမောင် အပြင်မှာ ငွေတစ်သိန်းကုန်အောင်သုံးလိုက်ရင် အိမ်မှာ ငွေနှစ်သိန်းကြံ့ဖန်ဝင်လာတယ်၊ တစ်ခါ ထွန်းမောင် အပြင်မှာ ငွေနှစ်သိန်းကုန်အောင်သုံးခဲ့ရင် အိမ်မှာ ငွေလေးသိန်းဝင်နေတယ်။

အဲဒီလို သိသိသာသာကြီး ငွေဝင်မှန်းသိနေတော့ သူ့မိဘများဟာ ထွန်းမောင် ပျက်စီးမှာကိုထည့်မတွက်မိတော့ပဲ ငွေတွေ တအားလိမ့်သုံးခိုင်းတော့တာပေါ့၊ ထွန်းမောင် ငွေသုံးကြမ်းပုံကို သော်တာဆွေက ဘယ်လို ရေးခဲ့သလဲဆိုတော့ အရင်စကားပုံက ငွေကို ရေလိုသုံးသူလို့သာ ရှိခဲ့တယ်၊ မိုးကုတ်သူဌေး ထွန်းမောင်ကတော့ ငွေကို လေလိုသုံးခဲ့သူပါတဲ့။

အဲဒီအချိန်တုန်းက ရန်ကုန်မှာ ရှော်ဖီလို့ခေါ်တဲ့ ကုလားသူဌေး တစ်ယောက် ရှိတယ်၊ တစ်ရက်တော့ ထွန်းမောင်ဟာ အဲဒီသူဌေးဆီက မာစီးဒီးကားတစ်စင်း လာဝယ်တယ်၊ အဲဒီတုန်းက ဆယ်သိန်းဆိုတာ အခုခေတ်ဆိုတော့ သိန်းငါးထောင် ခြောက်ထောင် လောက်ရှိမှာပေါ့။

ကားငွေချေပြီးတဲ့အခါ ရန်ကုန်သူဌေးရှော်ဖီက ပြောတယ်၊ သူ့ကားဟာ အသစ်စက်စက် ဖြစ်တယ်၊ (၁)နှစ်အတွင်းပျက်ရင် ပြင်မနေနဲ့၊ နောက်အသစ်နဲ့လဲပေးဖို့ တာဝန်ယူတယ်တဲ့၊ ဒီအခါ

ထွန်းမောင်က ဘာပြန်ပြောသလဲဆိုတော့ ထွန်းမောင်လိုကောင်က ကားပျက်ရင် ပြင်စီးမယ့် လဲစီးမယ့် သူဌေးမျိုး မဟုတ်ဘူး။

သော့တစ်ချက်လှဲ့လိုက်လို့ စက်မနိုးဘူးဆိုတဲ့ကားကို မီးပုံရှို့ပြီး နောက်ထပ် အသစ်တစ်စီးဝယ်စီးမယ်တဲ့၊ မိုးကုတ်သူဌေး ထွန်းမောင်နဲ့ပတ်သက်ပြီး သော်တာဆွေက ရှေးကစကားပုံတစ်ခုကို ပြောင်းပစ်ရမယ်တဲ့။

သန်း။ ။ ဘယ်စကားပုံလဲဘုရား။

နုပ်။ ။ တခြားသူတွေအတွက် ငွေကို ရေလိုသုံးတယ်ဆိုတဲ့ စကားပုံဟာ ထွန်းမောင်အတွက်ဆိုရင် ငွေကို လေလိုသုံးတယ်လို့ ပြောင်းရမယ်တဲ့၊ ဒါပေမယ့် ထွန်းမောင်ဟာ စိတ်ရဲ့ကျွန်ပဲ၊ စိတ်ခိုင်းတာကိုပဲ လိုက်လုပ်ရတယ်၊ စိတ်က မကောင်းတာပဲခိုင်းတော့ မကောင်းတာတွေလိုက်လုပ်ရင်း နောက်ဆုံး ထောင်ထဲမှာပဲ ဒုက္ခရောက်ပြီး သေဆုံးခဲ့ရတယ်၊ ဒါ့ကြောင့် စိတ်ကို ကျွန်ခံရတဲ့လူသားဟာ ပစ္စက္ခရော သံသရာရော လောကီရေးရော လောကုတ္တရာရော အားလုံးမှာ ဆုံးရှုံးနစ်နာရတယ်လို့ ပြောခဲ့တာပေ့ါ။

စိတ်ရဲ့သခင်လို့ ပြောရမယ့် သူဌေးတစ်ယောက်ကတော့ ပဲခူး တိုင်း၊ လက်ပံတန်းမြို့နယ်၊ ခမုံဆိပ်ရွာကပဲ၊ လူကိုတော့ မမြင်ခဲ့ရဘူး၊ သူ့ရဲ့ကောင်းမှုတွေကိုပဲ မြင်ခဲ့ရတယ်။

သန်း။ ။ သူ့ရဲ့ကောင်းမှုက ဘာတွေလဲဘုရား။

နုပ်။ ။ ခမုံဆိပ်ရွာမှာ မြန်မာပြည်မှာအကြီးကျယ်ဆုံးလို့ ဆိုရမယ့် အထက်တန်းကျောင်းကြီးတစ်ကျောင်း ရှိတယ်၊ သိန်းပေါင်းလေးထောင်ကျော် ကုန်ကျတယ်၊ ခမုံဆိပ်တိုက်နယ် ဆေးရုံကလည်း သိန်းတစ်ထောင်ကျော် ကုန်ကျတယ်၊ အဲဒီကျောင်းရော ဆေးရုံရောကို

ခမုံဆိပ်ရွာသားသူဌေးတစ်ယောက်က တစ်ဦးတည်း လှူဒါန်းခဲ့တာပဲ။

သန်း။ ။ အံ့သြချီးကျူးစရာပဲဘုရား၊ တပည့်တော်တို့ ဗုဒ္ဓဘာသာအများစုဟာ ဘာသာရေးမှာ ဒါနပြုတတ်ကြပေမယ့်၊ အခုလို လူမှုရေးကိစ္စတွေမှာ သိပ်ဒါနမပြုတတ်ကြသေးဘူးဘုရား။

နုပ်။ ။ အေး–ဟုတ်တယ်၊ ဘာသာရေးမှာ ခေါင်းဆောင်ဖြစ်တဲ့တို့လိုရဟန်းတွေကလည်း တပည့်ဒကာ၊ဒကာမတွေ လူမှုရေးအလှူ တွေလှူတတ်လာအောင် ဦးဆောင်လှူပြဖို့လိုတယ်၊ ပြီးခဲ့တဲ့ ရှစ် နှစ်ကိုးနှစ်လောက်တုန်းက သီတဂူဆရာတော်ကြီး အင်းစိန်ကအကျဉ်းထောင်မှာ အကျဉ်းသားပေါင်း တစ်သောင်းကျော်ကိုသိန်းငါးဆယ်ကျော်ဖိုး ထမင်းကျွေးမွေးခဲ့တယ်။

ဒါ့ကြောင့် ငါလည်း မြိတ်၊ ကော့သောင်းနဲ့ မော်လမြိုင်အကျဉ်းထောင်တွေမှာ အစာကျွေးပြီး၊ တရားပေးခဲ့တယ်။ (၄.၂.၂၀၀၇)နေ့မှာလည်း မွန်ပြည်နယ်ထဲက မုပ္ပလင်အကျဉ်းထောင်မှာ အစာကျွေးပြီး တရားပေးဖို့ စီစဉ်ထားတယ်၊ ဒါ့အပြင်သီတဂူဆရာတော်ကြီးဟာ ပန်းတနော်မြို့ မြတောင်ကျောင်းတိုက်အတွင်းမှာ တည်ထောင်ထားတဲ့ အခမဲ့မျက်စေ့ခွဲစိတ်ကုသမှုအဆောင်မှာလည်း မျက်စေ့ခွဲစိတ်ကုသပစ္စည်းတွေ သိန်းတစ်ရာကျော်ဖိုးလောက် လှူဒါန်းထားတယ်။

ဘိုကလေးမြို့နယ် နဲ့ မနီးမဝေးမှာ အမာမြို့နယ်ဆိုတာ ရှိတယ်၊ အဲဒီ အမာမြို့နယ်ထဲက ကဒုံကနီဆိုတဲ့ရွာကြီးက တိုက်နယ်ဆေးရုံမှာလည်း ခွဲစိတ်ပစ္စည်း သိန်းငါးဆယ်ဖိုးလောက် လှူထားတယ်လို့ သိရတယ်၊ ထို့အတူ ဆရာတော်ဦးဆေကိန္ဒကလည်း

မှော်ဘီမြို့နယ် အတွင်းက သူ့ရဲ့ ဓမ္မဒူတဇေတဝန်တောရ ဆေ-ကိန္ဒာရာမကျောင်းတိုက်ကြီးအတွင်းမှာ မျက်စေ့ဝေဒနာရှင် ရာပေါင်းများစွာကို သိန်း(၁၅၀)ကျော် အကုန်အကျခံပြီး အခမဲ့ခွဲစိတ်ကုသပေးခဲ့တယ်။

ဒါ့အပြင် ဆရာတော်ဦးဆေကိန္ဒဟာ မြိတ်မြို့တရားပွဲကရတဲ့ နဝကမ္မ (၂၅) သိန်းကိုလည်း မြိတ်မြို့နယ်အတွင်းက မူလတန်းကျောင်းတွေမှာ ရေလောင်းအိမ်သာတွေ ဆောက်လှူခဲ့တယ်၊ ၁၁. ၁.၂၀၀၇ နေ့က ကျင်းပတဲ့ ပဲခူးစိန်မျှားမိသားစုတရားပွဲကရတဲ့ အလှူငွေသိန်း (၄၀) ကိုလည်း ပဲခူးမြို့နယ် အတွင်းက မူလတန်းကျောင်းတွေမှာ အိမ်သာတွေ ဆောက်ဖို့ပြန်လှူခဲ့တယ်လို့ သိရတယ်။

လှိုင်မြို့နယ်က မီးဘေးဒုက္ခသည်တွေကို သိန်းတစ်ရာလှူခဲ့သလို၊ အမရပူရမြို့နယ်က ရေဘေးဒုက္ခသည်တွေကိုလည်း သိန်းသုံးဆယ်ကျော်ဖိုးလောက် ဆန်နဲ့ထမင်းထုပ်တွေကို ဒကာတွေနဲ့စုပေါင်းပြီး လှူဒါန်းတာကို တွေ့ရတယ်။

သန်း။ ။ဝမ်းသာစရာပဲဘုရား၊ ဆရာတော်ရော အဲဒီလိုဆေးရုံတွေ ဒုက္ခသည်တွေကို လှူဖူးသလားဘုရား။

နုပ်။ ။ လှူဖူးပါတယ်၊ ဒါပေမယ့်ဆရာတော်တို့လောက် ဘုန်းကံမကြီးမားတော့၊ ဆရာတော်တို့လို အများကြီးတော့ မလှူနိုင်ဘူးပေါ့၊ ကိုယ်နိုင်သလောက်ကတော့ သိတတ်တဲ့အချိန်ကနေစပြီး လှူနေတာကြာပါပြီ၊ (၂၀.၁.၂၀၀၇)ကစပြီး မြိတ်မြို့နယ်အတွင်းက မျက်စေ့ဝေဒနာရှင်တွေကို အခမဲ့ခွဲစိတ်ကုသပေးလိမ့်မယ်။

အလှူရှင်ကတော့ တရားပွဲအလှူရှင် ပဲခူးစိန်မျှားဦးမျိုးမြင့်

ရယ်၊ မြိတ်စိန်မျှားဦးနေဝင်းရယ်၊ ဦးဆောကိန္ဒရယ်၊ ငါရယ်ပေါ့။ မြိတ်ဆေးရုံသစ်ကြီးမှာ ခွဲစိတ်ကြမှာဆိုတော့ (၂၄) နာရီ မီးရဖို့ လိုနေတယ်။ (၂၄) နာရီ မီးလိုင်းသွယ်ဖို့အတွက် လျှပ်စစ်မီးကြိုး ဖိုး သိန်းသုံးဆယ်ကို ငါလှူဒါန်းပေးခဲ့တယ်။

မန္တလေးတိုင်း၊ တောင်သာမြို့နယ်က အုန်းပင်တောရွာမှာ ရေ အခက်အခဲ ဖြစ်နေလို့ ဆည်တစ်လုံးဆောက်လုပ်ဖို့ (၃၅) သိန်း လှူပေးခဲ့တယ်၊ (၅.၁.၂၀၀၇)နေ့ကတော့ ရန်ကုန်တိုင်း လှည်းကူးမြို့နယ်၊ မရမ်းချောင်းရွာက အနာကြီးရောဂါသည်တွေ ကို ဒကာ, ဒကာမတွေနဲ့စုပေါင်းပြီး ဆန်အိပ်– ၇၀၊ ခြင်ထောင်– ၂၅၀၊ ခြုံစောင်–၃၅၀ နဲ့ ဖိနပ် အဝတ်အထည်မျိုးစုံကို ကာလ တန်ဖိုးသိန်းသုံးဆယ်ကျော်ဖိုးလောက် လှူခဲ့တယ်။

ဒုက္ခရောက်နေတဲ့မိသားစုတွေကို အိမ်နဲ့ခြံလှူတာ ငါးလုံးရှိပြီ၊ လာမယ့် ၂၆၅.၂၀၀၇ နေ့မှာလည်း မန္တလေးတိုင်း၊ မတ္တရာမြို့ နယ် အတွင်းမှာရှိတဲ့ နံ့သာမြိုင်အနာကြီးရောဂါသည်ရွာမှာလည်း အစာကျွေးပြီး တရားပေးဖို့စီစဉ်ထားတယ်၊ ဒီလှည်းကူးနဲ့ မတ္တရာ မှာရှိတဲ့ အနာကြီးရောဂါသည် ရွာတွေမှာ အစားအသောက်က စပြီး လူမှုရေးအသုံးအဆောင်ပစ္စည်းတွေ အများကြီးလိုနေတယ်။

ဗုဒ္ဓဘာသာဝင်တွေနဲ့စာရင် တခြားဘာသာဝင်တွေက လူမှု ရေး အလှူတွေပိုလှူတတ်တယ်၊ ဒါ့ကြောင့် လှည်းကူး မရမ်း ချောင်းရွာက အိမ်ခြေ(၃၅၀)မှာ တစ်ရာကျော်လောက်က ဘာသာ ခြားတွေ ဖြစ်သွားကြပြီး ဘာသာခြားသာသနာပြုတွေက အဲဒီ ရွာမှာ ဘုရားကျောင်းသုံးကျောင်းတောင် ဆောက်ပြီးပြီ။

ဘုရားရှိခိုးကျောင်း တစ်ခါတက်ရင် ဆန်တစ်ပြည်ပေးတယ်၊

ဒီတော့လည်း ဆင်းရဲတော်မွတ်တဲ့ဒဏ် မခံနိုင်တော့တဲ့ အနာကြီးရောဂါသည်တွေဟာ ဘာသာခြားထဲကို ဝင်ကြရတော့တာပေါ့၊ အလုပ်လည်း မလုပ်နိုင်၊ တောင်းစားဖို့ကျတော့လည်း ဒီလောက်နက်တဲ့တောကြီးထဲကနေ မြို့ပေါ်ရောက်အောင် ဘယ်လိုမှ မသွားနိုင်တော့ ဘာသာပြောင်းပြီး ဝမ်းရေးပြဿနာကို ဖြေရှင်းရတော့တာပေါ့။

မတ္တရာက နံ့သာမြိုင်အနာကြီးရောဂါသည် စခန်းမှာလည်း ဘာသာခြားသာသနာပြုတွေ ဝင်ပြီး ထောက်ပံ့ကြလို့ ဗုဒ္ဓဘာသာအနာကြီးရောဂါသည်တွေ ဘာသာခြားဖြစ်ကုန်ကြတာ တော်တော်များပြီ၊ ဘယ်သူ့ကိုမှ အပြစ်မြင်စရာ မရှိဘူး၊ ဘာသာခြားတွေကလည်း သူတို့ဘာသာရဲ့ နည်းလမ်းအတိုင်း လူမှုရေးတွေ မှာဝင်ကူညီထောက်ပံ့ရင်း သာသနာပြုကြတာပဲ။

ရောဂါသည်တွေကလည်း ငတ်ပြတ်တဲ့ဒဏ် မခံနိုင်တော့၊ လူမှုရေးဒါနအားနည်းတဲ့ ဗုဒ္ဓဘာသာကနေ လူမှုရေးဒါနအားများတဲ့ ဘာသာခြားကို ပြောင်းကြရတာပဲ၊ တို့ဗုဒ္ဓဘာသာတွေကလည်း အခုအချိန်ကစပြီး အခုလို တကယ်လိုအပ်တဲ့ နေရာတွေမှာ လူမှုရေးဒါနတွေ ဦးစားပေးပြီး လုပ်ကြဖို့အချိန်တန်နေပြီ။

ဒီအချက်နဲ့ပတ်သက်ပြီး ဒဿနလေးတစ်ခု ပေါ်လာတယ်။

သန်း။ ။ ဘယ်လို ဒဿနလဲဘုရား။

နုပ်။ ။ **ဘာသာခြားတွေကလည်း ဗုဒ္ဓဘာသာကို ပြောင်းလာတာ ရှိပါတယ်၊ ဗုဒ္ဓဘာသာတွေကလည်း ဘာသာခြားကို ပြောင်းတာရှိပါတယ်၊ ဘာသာခြားတွေ ဗုဒ္ဓဘာသာကို ပြောင်းလာတာကျတော့ သူတို့ဘာသာထက် ဗုဒ္ဓဘာသာက မြတ်လို့ပါ၊ ဗုဒ္ဓ**

**ဘာသာအချို့ ဘာသာခြားကို ပြောင်းတာကျတော့ တခြား ဘာသာက ဗုဒ္ဓဘာသာထက် မြတ်လို့ မဟုတ်ပါဘူး၊ ငတ်လို့ပါ။**

သန်း။ ။ဒီဒဿနလေးကို ကြားလိုက်ရတာ တပည့်တော်ရင်ထဲ မကောင်း လိုက်တာဘုရား၊ နောင်တပည့်တော် လျှူရင် အဲဒီလို တကယ်လို အပ်တဲ့နေရာတွေကို လှူပေးပါတော့မယ်ဘုရား။

နုပ်။ ။ သာဓုပါကွာ၊ ငါကလည်း စာဖတ်သူတွေ အဲဒီအသိမျိုးရပြီး၊ အဲဒီ အကျင့်မျိုး ကျင့်စေချင်လို့ အခုလို ရေးနေရတာပေါ့၊ ရှေ့မှာ ဃီတဂူဆရာတော်ကြီးနဲ့ဦးဆေကိန္ဒတို့ရဲ့ လူမှုရေးဒါနတွေ ပြော ခဲ့တယ်၊ အခု အရှင်ဆန္ဒာဓိကရဲ့ အုံ့ဩဘွယ်ရာသာသနာရေး ဒါနတွေကိုလည်း ပြောပြဦးမယ်။

အရှင်ဆန္ဒာဓိကဟာ စာရေးကောင်းပြီး စာအုပ်မထုတ်ဝေ နိုင်တဲ့ စာရေးဆရာရဟန်းတော်များအတွက် စာအုပ်ထုတ်ဝေနိုင် ရေး ငွေပဒေသာပင်တွေကို သိန်းပေါင်းများစွာ လှူဒါန်းပေးခဲ့ တယ်၊ ဒါ့အပြင် သထုံမှာ သူ့အတွက်လှူထားတဲ့ သိန်းပေါင်း ထောင်ချီတန်တဲ့ ကျောင်းတိုက်ကြီးကိုလည်း သာမဏေကျော် စာသင်တိုက်ကြီး ဖွင့်လှစ်ဖို့ ဆရာတော်ကြီးတစ်ပါးကို အပြီးအပိုင် လွှဲအပ်လှူဒါန်းခဲ့တယ်။

ဒါ့အပြင် ကျမ်းစာအုပ်များက ဖြစ်ပေါ်လာတဲ့ဉာဏ်ပူဇော်ခ ဝတ္ထုငွေ သိန်းငါးရာလောက်ကိုလည်း စာသင်သားများ ပစ္စည်း လေးပါးပဒေသာပင်အတွက် ဘဏ်မှာအပ်ပေးလိုက်သေးသတဲ့၊ ဘယ်လောက်လေးစားကြည်ညိုစရာ ကောင်းလိုက်သလဲလို့၊ ဒါ့ ကြောင့် ဒီဆရာတော်သုံးပါးဟာ ထေရဝါဒနည်းကျ ဘုန်းတန်းခိုး ကြီးမားတဲ့ ဆရာတော်တွေ ဖြစ်နေတာပေါ့။

ဘုန်းကံနဲ့ပတ်သက်ပြီး ဒဿနလေးတစ်ခု ရှိသေးတယ်ကွ။

သန်း။ ။ အမိန့်ရှိပါဘုရား။

နုပ်။ ။ "ရဟန္တာတိုင်းလည်း ဘုန်းမကြီး၊ ဘုန်းကြီးတိုင်းလည်း ရဟန္တာ မဟုတ်၊ ရဟန္တာဖြစ်သော်လည်း ဒါနမရှိခဲ့လျှင် ဘုန်းမကြီး၊ ပုထုဇဉ် ပင်ဖြစ်သော်လည်း ဒါနရှိခဲ့လျှင် ဘုန်းကြီးသည်"တဲ့။

သန်း။ ။ အံ့ဩစရာပဲ ဘုရား၊ တပည့်တော်တို့ကတော့ ရဟန္တာဖြစ်ရင် ဘုန်း ကြီးပြီပဲ ထင်တာဘုရား။

နုပ်။ ။ မဟုတ်ဘူးကွ၊ ဥပမာ–ဗုဒ္ဓလက်ထက်က လောသကတိဿမထေရ် ဆိုရင် ရဟန္တာပဲ၊ ဒါပေမယ့် ဆွမ်းတစ်နပ်မှ ဝအောင် ဘုဉ်းပေး မသွားရဘဲ ပရိနိဗ္ဗာန်ဝင်စံခဲ့ရတယ်။

သန်း။ ။ ဘယ်လိုကြောင့် အဲဒီလို ဖြစ်ရတာလဲဘုရား။

နုပ်။ ။ သူဟာ ဘဝတစ်ခုက ကျောင်းထိုင်ဘုန်းကြီးတစ်ပါး ဖြစ်ခဲ့တယ်၊ ရဟန္တာတစ်ပါး အာဂန္တုဧည့်သည်အဖြစ် သူ့ကျောင်းမှာ ခဏလာ တည်းတာကို ဣဿာ, မစ္ဆရိယစိတ်တွေ ဝင်ပြီး ဆွမ်းဒကာက ရဟန္တာအရှင်မြတ်အတွက် သူနဲ့ထည့်ပေးလိုက်တဲ့ဆွမ်းတွေကို လမ်းမှာတင် သွန်ပစ်ခဲ့တယ်၊ သူ့အယူအဆက ဒီလို ဆွမ်းကောင်း ဟင်းကောင်းတွေကို စားရရင် ဒီကျောင်းက မပြန်ပဲ နေလိမ့်မယ်။

သူ့ကျောင်းဒကာကလည်း သူ့ထက်ပိုပြီး ရဟန္တာကို ကြည်ညိုသွားလိမ့်မယ် ဆိုတာပဲ၊ အဲဒီအကုသိုလ်ကြောင့် သေတဲ့ အခါ ငရဲ ကျပြီး နှစ်ပေါင်းသိန်းနဲ့ချီပြီး ခံရတယ်၊ ငရဲကလွတ် တော့ ခွေးဘဝ ငါးရာ ဖြစ်တယ်၊ (၅၀၀)ဘဝဟာ အစာငတ်ပြီး သေရ တယ်၊ ဘဝတစ်ခုမှာတော့ အမှုးသမားတစ်ယောက်ရဲ့ အန်ဖတ်တွေ ကို စားရလို့ တစ်ကြိမ်ပဲ ဝမ်းဝဖူးသတဲ့။

ခွေးဘဝကသေတော့ ဘီလူးဘဝငါးရာ ဖြစ်တယ်၊ (၅၉၉) ဘဝက ဝေ်သေရတယ်၊ ဘဝတစ်ခုမှာတော့ မီးနေသည်ရဲ့ ကိုယ်ဝန် အညစ်အကြေးတွေ စားရလို့ တစ်ကြိမ်ပဲ ဝမ်းဝဘူးသတဲ့၊ အဲဒီဘဝကသေတော့ မိတ္တဝိန္ဒကလို့အမည်ရတဲ့ အမျိုးသားတစ်ယောက်သွားဖြစ်တယ်၊ သူပဋိသန္ဓေနေချိန်ကနေ အရွယ်ရောက်ချိန်ထိ မိသားစုအားလုံးဟာ ဘာမှ ရှာဖွေစားသောက်လို့ မရတော့ဘူး။

ဒါကြောင့် အိမ်ကနှင်ချလိုက်တယ်၊ သူအိမ်က ထွက်သွားမှဘဲ ကျန်တဲ့မိသားစုတွေဟာ လုပ်ကိုင်စားသောက်လို့ အဆင်ပြေသွားတယ်၊ သူကတော့ ဗာရာဏသီပြည်က ဒိသာပါမောက္ခဆရာကြီးထံ ရောက်သွားတယ်၊ ဆရာကြီးက သနားလို့ ကျွေးမွေးစောင့်ရှောက်ထားတယ်၊ သူရောက်လာတာနဲ့ ဆရာကြီးတောင် လာဘ်လာဘတွေ ရှားပါးသွားသတဲ့။

သန်း။ ။ ဘာလို့ အဲဒီလို ဖြစ်ရတာလဲဘုရား။

နုပ်။ ။ သူ့ရဲ့ ဣဿာ, မစ္ဆရိယမီးတွေက နီးစပ်ရာလူတွေကိုပါ လောင်မြိုက် တဲ့သဘောပေါ့၊ နောက်ဆရာကြီးဆီက ထွက်ပြေးရင်း ရွာတစ်ရွာက အမျိုးသမီးတစ်ယောက်နဲ့ အိမ်ထောင်ကျတယ်၊ အဲဒီရွာဟာ သူရောက်လာတာနဲ့ မီး(၇)ကြိမ် လောင်တယ်၊ ရေ(၇)ကြိမ် မြောတယ်၊ မင်းဒဏ်(၇)ကြိမ် သင့်တယ်။

သူ့ကြောင့် ဒီလိုဖြစ်တာပဲလို့ သိသွားတဲ့ ရွာသူရွာသားတွေက သူတို့မိသားစုကို ရိုက်ပုတ်ထုတ်ကြလို့ ရွာက လက်လွတ်ထွက်ပြေး ကြရတယ်၊ ဒီအချိန် သူတို့မှာ သားလေးနှစ်ယောက်တောင် ရနေပြီ၊ တောအုပ်တစ်အုပ်ထဲလည်း ရောက်ရော ဘီလူး

တွေဖမ်းစားလို့ ဇနီးနဲ့ကလေးနှစ်ယောက် သေကျန်ခဲ့တယ်၊ မိတ္တဝိန္ဒက ကတော့ သင်္ဘောတစ်စီးနဲ့ပင်လယ်ထဲ ပါသွားတယ်။

ရေလယ်ရောက်တော့တောင် သူပါလာလို့ သင်္ဘောကြီး က ဆက်ထွက်မရဖြစ်သွားသေးတယ်၊ သူ့ကို ဝါးစီးကြီးနဲ့ ပင်လယ်ထဲ ပစ်ချလိုက်မှ သင်္ဘောဟာ ထွက်လို့ရတယ်၊ အဲဒီဘဝ ကသေတော့ အခု ဘုရားရှင်ရဲ့သာသနာ သာဝတ္ထိပြည်အနီးက ရွာကြီးတစ်ရွာမှာ ပဋိသန္ဓေသွားနေတယ်၊ သူပဋိသန္ဓေနေတာနဲ့ အိမ်ခြေတစ်ထောင်လုံး ရှာလို့ဖွေလို့ မရပဲ ဒုက္ခရောက်ကုန်လို့ အိမ်ခြေါးရာစီ ခွဲနေကြတယ်။

ဒီအခါ သူမပါတဲ့အိမ်ခြေငါးရာက အဆင်ပြေသွားပြီး သူပါတဲ့ အိမ်ခြေငါးရာက ဝေ်မြဲ ဝေ်နေတယ်၊ ဒါကြောင့် (၂၅၀)စီ ထပ်ခွဲတဲ့အခါ သူပါတဲ့ဘက်က ဝေ်မြဲ ဝေ်တာပဲ၊ ဒါနဲ့ အဆင့်ဆင့် ခွဲ လာလိုက်တာ သူတို့မိသားစုပဲ ကျန်တယ်၊ ဒီအခါ သူ့ဖခင် ကတောင် ဝေ်တဲ့ဒဏ်ကိုမခံနိုင်လို့ ကိုယ်ဝန် အရင့်အမာကြီးနဲ့ ဇနီးကို ပစ်သွားလို့ သူ့မိခင်ဟာ သူ့ကိုဆင်းရဲပင်ပန်းစွာ မွေးဖွားခဲ့ရတယ်။

နာမည်ကိုတော့ လောသကတိဿလို့ မှည့်တယ်၊ ဒီက လေးလေးခေါ်ပြီး သွားတောင်းရင် ပေးမယ့်လူမရှိလို့ သူ့မိခင်ဟာ သူ့ကို သင့်တော်တဲ့နေရာမှာ ခဏထားပြီး သွားတောင်းစားရတယ်၊ သူ (၇)နှစ်သားအရွယ်ရောက်တော့ သူ့လက်ထဲ တောင်းစားစရာ အိုးခြမ်းပဲ့လေး ထည့်ပေးပြီး ထွက်ပြေးသွားရှာတယ်။

သူဟာ ဝေ်တလှည့် ပြတ်တလှည့်တောင်းစားရင်း အရှင်သာရိပုတ္တရာနဲ့တွေ့ပြီး ရှင်သာမဏေဝတ်ခွင့် ရတယ်၊ နောက်

ရဟန်းတက်ပြီး မကြာမီမှာပဲ ရဟန္တာဖြစ်တယ်၊ ဒါပေမယ့် ရဟန္တာဖြစ်တဲ့အထိ ဆွမ်းတစ်နပ်မှ ဝအောင် မဘုဉ်းပေးရရှာဘူး၊ ဘာ့ကြောင့်လဲဆိုတော့ သူဆွမ်းခံထွက်တဲ့အခါ သူ့ကို ဆွမ်းလောင်း မယ့်အချိန်ရောက်ပြီဆိုရင် လောင်းလှူမယ့်ဒကာမရဲ့ ဆွမ်းဇလုံ ထဲက ဆွမ်းတွေဟာ ပျောက်သွားတယ်၊ ဒါ ဣဿာ, မစ္ဆရိယရဲ့ ဆိုးကျိုးတွေပေါ့။

ဒါ့ကြောင့်လည်း အသက်ငယ်ငယ်လေးနဲ့ ပရိနိဗ္ဗာန်စံမယ့်အချိန်ကို ရောက်ခဲ့တယ်၊ ပရိနိဗ္ဗာန်စံမယ့်နေကျတော့ အရှင်သာ–ရိပုတ္တရာက သူ့တပည့်ကို ဆွမ်းလေးတစ်နပ်တော့ ဝအောင် ဘုဉ်းပေးသွားစေချင်တဲ့စေတနာနဲ့ ဆွမ်းခံအတူကြွဖို့ ခေါ်သွားတယ်။

သူ့ပါတာနဲ့ ဒီလောက်လူကြည်ညိုများပြီး ထင်ရှားတဲ့ အရှင်သာရိပုတ္တရာကိုတောင် လှူမယ့်သူမရှိတော့ဘူးတဲ့၊ ဒါ့ကြောင့် သူ့ကို ကျောင်းပြန်လွှတ်ပြီး တစ်ပါးတည်းကြွမှ လောင်းမယ့် လှူမယ့်သူတွေ ရှိလာတယ်၊ ဆွမ်းကောင်းဟင်းကောင်းတွေရတာနဲ့ တပည့်ဖြစ်သူဆီ ကျွေးရအောင် ကြွမယ်လုပ်တော့ ဒကာ, ဒကာမတွေက အိမ်မှာပဲ ဘုဉ်းပေးပါ၊ ကျောင်းက လောသကတိဿအတွက် သပိတ်နဲ့ပို့ခိုင်းလိုက်ပါ့မယ်လို့ လျှောက်ထားတဲ့အတွက် မထေရ်မြတ်ကြီးလည်း အိမ်မှာပဲ ဘုဉ်းပေးလိုက်တယ်။

လောသကတိဿမထေရ်အတွက် ဒကာတွေနဲ့ ပို့ခိုင်းလိုက်တယ်၊ လမ်းခုလတ်လည်းရောက်ရော လောသကတိဿမထေရ်ရဲ့အကုသိုလ်ကံကြောင့် ဒကာတွေဟာ လမ်းမှာတင် ဆွမ်းတွေဟင်းတွေကို ပို့ဖို့မေ့ပြီး စားပစ်လိုက်ကြတယ်၊ မထေရ်မြတ်ကြီး ဟာ ကျောင်းရောက်တာနဲ့ သူ့တပည့်ကို ကြည့်လိုက်တော့ ယခု အချိန်ထိ

အောင် ဆွမ်းစားကျောင်းထဲမှာ ဘာမှ မစားရသေးပဲ စောင့်နေ တာကို တွေ့လိုက်ရတယ်။

နေကိုမော့ကြည့်လိုက်တော့ မွန်းလွဲသွားပြီ၊ ဒါ့ကြောင့် သပိတ် ပိုက်ပြီး နန်းတော်ထဲကြွတဲ့အခါ ကောသလမင်းကြီးက နေလွဲနေပြီ ဖြစ်လို့ စတုမဓုတွေ လောင်းလှူလိုက်တယ်၊ အဲဒီ စတုမဓုကိုပဲ ဘုဉ်းပေးပြီး လောသကတိဿမထေရ် ပရိနိဗ္ဗာန် ဝင်စံခဲ့ရတယ်။

ဒါ့ကြောင့် မှတ်ပေါ့ကွာ၊ လူဆိုရင် စီးပွားတက်တာ ရဟန်း ဆိုရင် ပစ္စည်းလေးပါး ပေါတာကို ဘုန်းကြီးတယ်လို့ ခေါ်ကြတယ်၊ တကယ်တော့ ဘုန်းဆိုတာ ပုညသဒ္ဒါက လာတာ၊ ပထမတော့ ပုန်းလို့ ခေါ်တယ်၊ ပုန်းကြီးတယ်ပေါ့၊ နောက်ကြာလာတော့ 'ပုန်း ကြီးတယ် ဆိုတာကနေ 'ဘုန်းကြီးတယ်'လို့ ဖြစ်လာတယ်။

ပုညဆိုတာ ကုသိုလ်ကိုဟောတဲ့အတွက် ဘုန်းကြီးတယ်ဆို တာ ကုသိုလ်ကြီးတယ်လို့ ပြောတာ၊ ဘုန်းကံနည်းတယ်ဆိုတာ ကုသိုလ်ကံ နည်းတယ်လို့ ပြောတာ၊ ဒါ့ကြောင့် ဘုန်းကြီးချင်ရင် ကုသိုလ်ကြီး အောင် များအောင် ကြိုးစားပေါ့။

ဝိသာခမထေရ် ရဟန်းဖြစ်ပြီး မေတ္တာဘာဝနာကနေ ဝိပဿ နာ ကူးပြီး ရဟန္တာဖြစ်အောင် ကျင့်ပုံကို ဒီအပါတ်မှာ ပြောမယ် လို့ မှန်းထားပေမယ့် အရေးကြီးတာလေးတွေ ပြောနေရလို့ အချိန် မရတော့ဘူး၊ နောက်အပါတ်မှ ဆက်ကြတာပေါ့။

**မေးမည့်မေးလျှင် ကြက်များ, ဘဲများကိုသာ မေးပါ၊ ဣဿာ, မစ္ဆရိယတို မမေးပါနှင့်၊ အကုသိုလ်ဖြစ်တာချင်း အပါယ်ကျတာချင်း တူသော်လည်း ကြက်များ, ဘဲများမွေး ခြင်းက ကြက်ဥ, ဘဲဥစားပြီးမှ အပါယ်ကျရ၏၊ ဣဿာ,**

မစ္ဆရိယကို မွေးခြင်းကား ဘာမျှမစားရဘဲ အပါယ်ကျရသော ကြောင့်တည်း။

■

အခန်း ၄၁

## မေတ္တာမှ ဝိပဿနာသို့ကူး၍ ရဟန္တာဖြစ်ပုံ

အနိစ္စဆိုသည်ကား  ဓမ္မခတ်မျိုးတစ်ခုပေတည်း၊ မရဏခတ်ကို ဆိုသည်။ ဖြစ်ဖြစ်သမျှ သခ်ၤတခတ်တို့ကို အတွင်းစား၍နေသော ခတ်ဘီလူးမျိုး ဆိုရ၏၊ အတွင်းလောင်၍နေသော လောင်မီးမျိုးလည်း ဆိုရ၏။ ဖွားမြင်သောနေ့၌ အမိတိုက်၍ ဝမ်းတွင်းသို့ရောက်သော နို့ရည်ဆီမှစ၍ သေသည့်နေ့တိုင်အောင် နေ့စဉ်နေ့တိုင်း မျိုမျိုသမျှသော အာဟာရခတ် ဆီတို့ကို အတွင်းစား၍ လောင်၍ပစ်၏။

နေ့စဉ်နေ့တိုင်း မျိုမျိုသမျှအာဟာရတို့ကြောင့် ကိုယ်နှင့်အပြည့်အပြည့် ဖြစ်ပွားကြသော ကမ္မဇရုပ်ခဲ၊ စိတ္တဇရုပ်ခဲ၊ ဥတုဇရုပ်ခဲ၊ အာဟာရဇရုပ်ခဲတို့ကိုလည်း အတွင်းစား၍ လောင်၍ ပစ်၏။ ထိုခတ်ဘီလူး အတွင်းစား၍ပစ်သည့်အတွက်ကြောင့် နေ့ဆက်ရက်ဆက် မျိုသွင်းသော်လည်း ကိုယ်တွင်းမှာ တစ်မှုံးတစ်မတ်မျှ အဖတ်တင်ရသည် မရှိ။ မီးပုံကြီးထဲသို့ ဆီကို

လောင်းသကဲ့သို့ ရှိ၏။ အာဟာရအတွက် ဩဇာတက်၍ မျက်စိမှာ တိုးပွားသော ရုပ်ခဲတို့ကို မျက်စိရှိ ဓာတ်ဘီလူးအတွင်စား၏ စသည်ဖြင့် တစ်ကိုယ်လုံး သိလေ။

ဥပမာကား အလွန်အကျင့်အာစာရ ဆိုးရွားသော မယားကို အိမ်သူပြုလုပ်၍ အပြင်ပ၌ မိမိစွမ်းရည်ရှိသမျှ ကြိုးကြိုးပမ်းပမ်း လုပ်ကိုင်ရှာဖွေ၍ အိမ်သို့ အတွင်ဖို့၏။ အိမ်သို့ရောက်လာသမျှကို အိမ်သူမိန်းမက အခမ့်အတွင်ဖြုန်း၏။ တစ်ရာကိုလည်း နေ့ချင်းညချင်း ကုန်အောင်ဖြုန်း၏။ တစ်ထောင်တစ်သောင်းကိုလည်း နေ့ချင်းညချင်း ကုန်အောင်ဖြုန်း၏။

ထိုယောကျ်ားသည် အသက်နှင့်အမျှ အလုပ်ခွင်ကထွက်၍ ငြိမ်းချမ်းစွာနေနိုင်ဖို့ အခွင့်မရှိပြီ။ ထို့ကြောင့် ထိုမိန်းမသည် ထိုယောကျ်ားကို မသေမချင်း နှိပ်စက်ညှင်းပန်းသောသူ စင်စစ်တည်း။ ဤအတူ ခန္ဓာကိုယ်နှင့်အပြည့်ရှိနေသော အနိစ္စဓာတ်ဘီလူးသည် ဤလူများအပေါင်းကို နေ့ရှိသမျှ နှိပ်စက်ညှင်းပန်းပုံကိုသိလေ။

(လယ်တီဆရာတော်၏ – ဥတ္တမပုရိသဒီပနီ စာ–၆၆) ၁၉၇၇–ထုတ်။

သန်း။ ။ဒီအပါတ်တော့ ဝိသာခမထေရ် မေတ္တာဘာဝနာက တစ်ဆင့် ဝိပဿနာကူးပြီး ရဟန္တာဖြစ်ပုံ အကျယ်ကို ဟောပါဘုရား၊ တပည့်တော် သိချင်လှပြီ။

နှုပ်။ ။ ဒါဆိုရင်လည်း သေချာနားထောင်ပေတော့၊ ဝိသာခဟာ ရဟန်းဖြစ်ပြီးတဲ့နောက် မဟာဝိဟာရကျောင်းတိုက်က မထေရ်ကြီးများထံမှာ ဒွေမာတိကာနဲ့တကွ ပရိယတ္တိစာပေများကို ငါးဝါတိုင်တိုင်သင်ယူတယ်၊ ဒွေမာတိကာဆိုတာ ရဟန်းယောကျ်ားနဲ့ ရဟန်းမိန်းမတွေ စောင့်ထိန်းရတဲ့သိက္ခာပုဒ်တွေကို ပြောတာ။

ဒီနေရာမှာ အသက်ကြီးမှရဟန်းဝတ်ကြသူ အများစုဟာ

ရဟန်းကျင့်ဝတ်တွေကို ကြိုတင်လေ့လာမှုမရှိပဲ ခုရဟန်းဝတ် ခုတောထွက်သွားတတ်တယ်။

သန်း॥ ॥ အဲဒါ မမှန်ဘူးလားဘုရား။

နုပ်॥ ॥ မမှန်ဘူးကွ၊ အခုဝိသာခမထေရ်ကို ကြည့်ပါလား၊ သူ့မှာ အသက်ကြီးမှ ရဟန်းဝတ်ခဲ့တာပဲ၊ ဒါပေမယ့် ချက်ခြင်းတောထွက် တရားအားထုတ်တာကို မလုပ်သေးပဲ၊ ငါးဝါတိတိ ဆရာ နားမှာနေပြီး သိသင့်သိထိုက်တဲ့ ပရိယတ္တိကို သင်ယူတယ်ဆိုတာ ရဟန်းမဝတ်ခင်ကတည်းက ကြိုတင်လေ့လာမှု ရှိထားလို့ပဲ။

ရဟန်းဖြစ်ပြီဆိုရင် ငါးဝါတိတိ ဆရာနားမှာ နိဿရည်းယူပြီး နေရတယ်၊ နိဿရည်းဆိုတာ ဆရာကိုအမှီပြုပြီး နေတယ်လို့ ဆိုရတာပေါ့၊ အဲသလို ငါးဝါတိတိ ဆရာနားမှာမနေပဲ တစ်ယောက်တည်း နေမယ်ဆိုရင် နေ့စဉ်ဒုက္ကဋ်အာပတ်တွေ သင့်နေတာကြောင့် တရားထူး၊ တရားမြတ်ကို ရဖို့မလွယ်တော့ ဘူး။

သန်း॥ ॥ အသေမဦးမီ ဉာဏ်ဦးပါဆိုတဲ့ အဆိုးအမအတိုင်း ဝိပဿနာတရားအားထုတ်ခွင့်မရပဲ ဆရာဆီမှာ ငါးဝါနေရင်း သေသွားရင် ကိုယ့်အတွက် မနစ်နာဘူးလား ဘုရား။

နုပ်॥ ॥ နစ်နာအောင်နေမှ နစ်နာတာပါ၊ နစ်နာအောင် မနေရင် မနစ်နာပါဘူး။

သန်း॥ ॥ ဘယ်လိုနေရင် နစ်နာတယ်၊ ဘယ်လိုနေရင် မနစ်နာဘူးဆိုတာလဲ ရှင်းပြဦးမှပေါ့ဘုရား။

နုပ်॥ ॥ တရားဆိုတာ တောထဲ၊ တောင်ထဲမှာ ကျောင်းကန်၊ ဘုရား၊ ရိပ်သာမှာ ရှိတာမဟုတ်ပဲ၊ ခန္ဓာကိုယ်မှာ ရှိတာဖြစ်တဲ့အတွက် ဆရာ

ဆီမှာ ငါးဝါနေရင်း ဝိပဿနာတရားကို ရှုပွားတယ်ဆိုရင် မနှစ်နာဘူး၊ တောထဲရောက်မှ တောင်ပေါ်ရောက်မှ၊ ရိပ်သာရောက်မှ တရားရှုမှတ်မယ်ဆိုပြီး အလကားနေရင် နစ်နာတာပေါ့။

သန်း။ ။ မှန်ပါသဘောပေါက်ပါပြီဘုရား။

နုပ်။ ။ ဝိသာခမထေရ်ဟာ ငါးဝါပြည့်တာနဲ့ မထေရ်ကြီးများထံ သင့် လျော်တဲ့ကမ္မဋ္ဌာန်းတောင်းပြီး တောတောင်ထဲမှာပဲ နေတော့တယ်၊ နေရာအပေါ်မှာ စွဲလမ်းမှုမဖြစ်ဖို့အတွက် တစ်နေရာမှာ လေးလပဲနေတယ်၊ မေတ္တာကမ္မဋ္ဌာန်းကိုပဲ အဓိကထားပြီး ပွားများတယ်၊ စာထဲမှာတော့ မေတ္တာကနေ ဝိပဿနာကူးပြီး ရှုပွားရာကနေ လေးမဂ်လေးဖိုလ်ရပြီး ရဟန္တာဖြစ်သွားတယ်ဆိုပြီး အကျဉ်းသာ ပါတာ။

အကျယ်မပါဘူး၊ ဒီမှာတော့ ဉာဏ်နုနယ်တဲ့ မင်းတို့လို လူငယ်တွေ နားလည်အောင် အကျယ်ချဲ့ပြမယ်၊ မေတ္တာဘာဝနာပွားရင် မေတ္တာဈာန်ကို ရတယ်၊ မေတ္တာဈာန်ဆိုတာ အထူးအဆန်းတော့ မဟုတ်ပါဘူး၊ မေတ္တာစိတ်မှာ ယှဉ်တဲ့ စေတသိက်ငါးလုံးကို ပြောတာပါပဲ။

ပွားများနေတဲ့မေတ္တာစိတ်ကို ဖြစ်စေ၊ မေတ္တာစိတ်မှာ ယှဉ်တဲ့ စေတသိက်တွေကို ဖြစ်စေ အနိစ္စ, ဒုက္ခ, အနတ္တ အနေနဲ့ရှုပွား တာကိုပဲ မေတ္တာကမ္မဋ္ဌာန်းကနေ ဝိပဿနာကို ကူးတယ်လို့ ပြော တာပါပဲ၊ သမထကမ္မဋ္ဌာန်းလေးဆယ်ထဲမှာ မေတ္တာကမ္မဋ္ဌာန်းဟာ ဈာန်တရားကို အလွယ်ကူဆုံးရစေနိုင်တဲ့ ကမ္မဋ္ဌာန်းပဲ။

ဗုဒ္ဓလက်ထက်က မနဥ္စာနီအမည်ရှိတဲ့ ပုဏ္ဏားကြီးဟာ သေခါ နီးအခါ အရှင်သာရိပုတ္တရာကို ပင့်ပြီး တရားနာတယ်၊

အရှင်သာရိပုတ္တရာက ဝိပဿနာကို မဟောပဲ မေတ္တာဘာဝနာ အကြောင်းကိုပဲ ဟောပေးလိုက်တော့ ပုဏ္ဏားကြီးဟာ မေတ္တာကမ္မဋ္ဌာန်းကို ပွားများရင်း မေတ္တာဈာန်နဲ့သေခဲ့လို့ ဗြဟ္မာ့ပြည်ရောက်သွားတယ်။

ကျောင်းပြန်လာတဲ့ အရှင်သာရိပုတ္တရာကို မြင်တဲ့အခါ ဗုဒ္ဓက မဂ်ဖိုလ်ရဖို့ ပါရမီပြည့်ပြီးသား ပုဏ္ဏားကြီးကို ဝိပဿနာတရား ဟောမပေးပဲ၊ မေတ္တာတရားကို ဟောရပါ့မလားဆိုပြီး အပြစ်တင်တော်မူတယ်၊ ဒါ့ကြောင့် အရှင်သာရိပုတ္တရာဟာ ဗြဟ္မာ့ပြည်ထိ လိုက်ပြီး ဝိပဿနာတရားကို ဟောပေးမှ မဂ်ဖိုလ်ကိုရသွားတယ်။

ဒီမှာ ပြောချင်တာက ပုဏ္ဏားကြီးဟာ သေခါနီးခဏပွားရုံနဲ့ မေတ္တာပဥ္စမဈာန်ကို အလွယ်လေးရသွားတယ်ဆိုတာပဲ၊ မင်းတို့ အရင်သိထားတာက ဈာန်ဆိုတာနဲ့ကောင်းကင်မှာ ပျံနိုင်တယ် ဆိုတာပဲ မဟုတ်လား၊ တကယ်တော့ ကောင်းကင်မှာ ပျံနိုင်တာ ဟာ ဈာန်မဟုတ်ဘူး၊ ဈာန်ကနေတစ်ဆင့် မြင့်သွားတဲ့ အဘိညာဉ် တန်ခိုးပဲ။

ဈာန်ရဲ့အဓိပ္ပါယ်က ရှို့မြှိုက်ခြင်းတဲ့၊ ဘာတွေကို ရှို့မြှိုက် သလဲ ဆိုတော့ ကိလေသာတွေကို ရှို့မြှိုက်တယ်၊ ဒါ့ကြောင့် မေတ္တာပွား နေတဲ့အခါမှာ ကိလေသာတွေက ကင်းစင်နေတဲ့ အတွက် အေးချမ်းငြိမ်သက် တည်ကြည်နေတာပေါ့၊ မေတ္တာစိတ်မှာ ဈာန်တရားတွေ ယှဉ်ပုံ၊ မေတ္တာစိတ်နဲ့ ဈာန်တရားတွေကို ဝိပဿနာရှုပွားပုံ အကျယ်ကို ပြောပြမယ်။

ဝိသုဒ္ဓိမဂ်မှာ မေတ္တာပွားပုံနဲ့ပတ်သက်ပြီး ရှေ့နောက်အစဉ် ကို ပြထားတာရှိတယ်၊ ဒါကို မန်လည်ဆရာတော်ဘုရားကြီးက–

"မိမိကိုယ်က၊ အဦးစ၍
ပိယမဇ္ဈ၊ ဝေရီကျအောင်
တစ်စတစ်စ၊ သုံးဝပုဂ္ဂိုလ်
ကိုယ်နှင့်အတူ၊ အမျှမူ၍"

လို့ စပ်ဆိုထားတယ်၊ အဓိပ္ပါယ်က မေတ္တာပွားတဲ့အခါ ပထမ မိမိကိုယ်စပြီး ပွားရတယ်၊ ဒုတိယ မိမိအချစ်ဆုံး(သို့မဟုတ်) မိမိအပေါ် ကျေးဇူးအများဆုံးပုဂ္ဂိုလ်အပေါ် ပွားရတယ်၊ တတိယ မချစ်မမုန်း အလယ်အလတ်ပုဂ္ဂိုလ်အပေါ် ပွားရတယ်၊ စတုတ္ထ ရန်သူအပေါ် ပွားရတယ်။

မိမိစိတ်ချမ်းသာ ကိုယ်ကျန်းမာချင်သလို၊ သူတစ်ပါးလည်း စိတ်ချမ်းသာ ကိုယ်ကျန်းမာချင်ကြမှာပဲဆိုတဲ့ ကိုယ်ချင်းစာစိတ်လေးပေါ်လာစေချင်လို့ မိမိကိုယ်ကနေစပြီး မေတ္တာပွားရတာပါ၊ ပွားများထူထောင်ကာစမှာ မေတ္တာအားတက်လွယ်အောင် မိမိအချစ်ဆုံးပုဂ္ဂိုလ်ကို ဒုတိယနေရာက ထားပြီး ပွားများတာပါ။

မိမိအချစ်ဆုံးပုဂ္ဂိုလ်အပေါ် မေတ္တာပွားလို့ အားကောင်းလာပြီဖြစ်တဲ့အတွက် တတိယအဆင့် မချစ်မမုန်း အလယ်အလတ်ပုဂ္ဂိုလ်အပေါ် ပွားများတာပါ၊ အလယ်အလတ်ပုဂ္ဂိုလ်အပေါ် မေတ္တာထားနိုင်ပြီဆိုရင် ယောဂီရဲ့မေတ္တာဟာ အမြင့်ဆုံးကို ရောက်သွားပြီ၊ ဒါ့ကြောင့် စတုတ္ထအဆင့်ကျတော့ ရန်သူအပေါ်ပါ မေတ္တာပွားရတာပါ။ (ဝိသုဒ္ဓိမဂ်)

ဒီနေရာမှာ မေတ္တာကို မိုးရေနဲ့ဥပမာပေးရင် ပိုသိလွယ်မယ်၊ မိုးရွာတဲ့အခါ မိုးရေတွေဟာ ချိုင့်တွေ၊ ကျင်းတွေ၊ ကမူတွေကို ဖုံးလွှမ်းပြီး အရှိန်ပြင်းပြင်းနဲ့ စီးဆင်းနေတယ်၊ အဲဒီလို စီးဆင်းနိုင်

ဖို့အတွက် ပထမအဆင့် မြေပြင်ကြီးတစ်ခုလုံး ရေဝသွားဖို့လိုတယ်၊ ထို့အတူ မိမိကိုယ်ကိုစပြီး မေတ္တာပွားတယ်ဆိုတာ မြေပြင်ကြီးကို ရေဝသွားအောင် လုပ်တယ်လို့မှတ်ပေါ့။

မြေပြင်တစ်ခုလုံး စိုရွှဲသွားပြီးတဲ့အခါ နိမ့်တဲ့ ကျင်းတွေ၊ ချိုင့်တွေထဲကို မိုးရေတွေစီးဝင်သွားတာနဲ့ မိမိအချစ်ဆုံးပုဂ္ဂိုလ်အပေါ် ဒုတိယအဆင့်မေတ္တာပွားတာနဲ့တူတယ်၊ မိုးရေဟာ အားမကောင်းသေးတော့ လမ်းမမျက်နှာပြင်ကြီးကိုလည်း မဖုံးလွှမ်းနိုင်သေးဘူး၊ ကမူတွေကိုလည်း မကျော်နိုင်သေးဘူး။

ထို့အတူ မေတ္တာဓာတ်အားမကောင်းသေးရင် မိမိအပေါ်၊ မိမိချစ်တဲ့သူအပေါ် ကောင်းကျိုးလိုလားတဲ့မေတ္တာစိတ် ထားနိုင်ပေမယ့်၊ မချစ်မမုန်းအလယ်အလတ် ပုဂ္ဂိုလ်တွေအပေါ် ရန်သူတွေအပေါ်မှာ မေတ္တာဓာတ် မထားနိုင်သေးဘူး၊ မိုးရေအားကောင်းလာပြီဆိုရင် ချိုင့်တွေ ကျင်းတွေထဲ ပြည့်ရုံတင်မကတော့ဘူး၊ မြေပြင်တစ်ခုလုံးကို ဖုံးလွှမ်းလာနိုင်တယ်။

ထို့အတူ မေတ္တာဓာတ်အားကောင်းလာပြီဆိုရင် မိမိချစ်တဲ့သူအပေါ်တင်မကတော့ဘူး၊ မချစ်မမုန်း အလယ်အလတ် ပုဂ္ဂိုလ်တွေအပေါ်မှာလည်း မေတ္တာထားနိုင်လာတယ်၊ ဥပမာ ငါ့ကျောင်းမှာ ဝေဒနာသည်လူငယ်လေးနှစ်ယောက် ရှိတယ်၊ တစ်ယောက်က ရွှေပြည်သာကပဲ၊ နာမည်ကဇော်မင်းထိုက်တဲ့၊ ရှစ်တန်းကျောင်းသားလေးပါ၊ သူ့အဖေက ဗုဒ္ဓဘာသာ အမေက ခရစ်ယာန် ဖြစ်တယ်။

သူ့ကို ရှင်ပြုပေးမယ်ဆိုတော့ ဘာသာခြားဖြစ်တဲ့ မိခင်က လက်မခံဘူး၊ သူ့မိခင်ဟာ ဗုဒ္ဓဘာသာပတ်ဝန်းကျင်မှာ နေတာဖြစ်

တဲ့အတွက် ဗုဒ္ဓဘာသာထဲကိုလည်း ဝင်ချင်တယ်၊ သားလေးကို ရှင်လည်းပြုပေးချင်တယ်။

သန်း။ ။ ဒါနဲ့များရှင်ပြုဖို့ကျတော့ ဘာဖြစ်လို့ ခွင့်မပြုရတာလဲဘုရား။

နုပ်။ ။ ခွင့်မပြုဆို သူ့သားလေးက သွေးကင်ဆာရောဂါ ဖြစ်နေတော့ တစ်လတစ်ကြိမ် ဆေးရုံတက်ပြီး သွေးသွင်းကုသနေရတယ်၊ တစ်ခါ ဆေးရုံတက်ရင် လေးသောင်းကျော် ငါးသောင်းလောက် ကုန်ကျတယ်၊ အဲဒီငွေကို ဘာသာခြားအဖွဲ့အစည်းက လစဉ်ထောက်ပံ့ပေးနေတယ်၊ သူ့ခင်ပွန်းကလည်း ရောဂါဖြစ်နေတော့ ငွေမရှာနိုင်တော့ဘူး။

သူ ကုန်စိမ်းလေးရောင်းတာကလည်း မိသားစုခြောက်ယောက် ထမင်းနပ်မှန်ဖို့ အနိုင်နိုင်ဆိုတော့ သူ့သားရဲ့ရောဂါကို သူတို့ ဆေးကုမပေးနိုင်ဘူး။

ဗုဒ္ဓဘာသာထဲ ဝင်လိုက်မယ်ဆိုရင် ဘာသာခြားအဖွဲ့အစည်းက ဆေးဖိုးငွေထောက်ပံ့မှာ မဟုတ်တော့ဘူး၊ ဗုဒ္ဓဘာသာအများစုကလည်း လူမှုရေးမှာ လှူတန်းရမယ်ဆိုတာ သိပ်မသိကြဘူး၊ ဒါ့ကြောင့် ဒကာမကြီးမှာ ဗုဒ္ဓဘာသာထဲလည်း ဝင်ချင်၊ ဘာသာခြားအဖွဲ့အစည်းက ထောက်ပံ့ငွေကို မရရင် သားလေးအသက်ဆုံးမှာလည်း ကြောက်နဲ့ စိတ်ဆင်းရဲနေရှာတာပေါ့။

အဲဒီအခက်အခဲကို ငါဖြေရှင်းပေးလိုက်တယ်၊ သူ့သားလေးကို ရှင်လည်းပြုပေးလိုက်တယ်၊ လစဉ်ဆေးဖိုး စရိတ်ကိုလည်း လှူပေးလိုက်တယ်၊ ကလေးကိုလည်း ကျောင်းမှာ အပြီးခေါ်ထားပြီး စားရေး၊ သောက်ရေး၊ ပညာရေး၊ ကျန်းမာရေးက အစ အားလုံး တာဝန်ယူပေးလိုက်လို့ အခုဆိုရင် အဲဒီ ဒကာမကြီး

ဗုဒ္ဓဘာသာ ဝင် ဖြစ်သွားပါပြီ။

သူတို့မိသားစုကို ငါဟာ အခုမှတွေ့ဖူးတာဖြစ်တဲ့အတွက် သူတို့ဟာ ငါ့အဖို့ မချစ်မမုန်းအလယ်အလတ် ပုဂ္ဂိုလ်တွေပဲပေါ့၊ နောက်တစ်ယောက်က ကိုအောင်သန်းတဲ့ သူကတော့ မော်လမြိုင်မြို့က၊ (၁၃-၁-၂၀၀၇) ကနေ (၁၄-၁-၂၀၀၇)ထိ မော်လမြိုင်မြို့ သာသနာ့ဗိမာန်ကြီးမှာ တရားပွဲနှစ်ညဟောရတယ်။

တရားပွဲပထမညမှာပဲ အသက် ၃၃ နှစ်လောက်ရှိမယ့် လူငယ်တစ်ယောက်ကို အခြားလူနှစ်ယောက်က မချီလာပြီး ငါ့ရှေ့မှာ လာချပေးတယ်၊ ဦးချပြီးလို့ အကြောင်းစုံမေးကြည့်တော့ သူ ဟာ အရင် ၂ ဟိန္ဒူဘာသာဝင်ဖြစ်တဲ့အကြောင်း အခုအခါမှာတော့ တို့ရေးတဲ့ စာအုပ်တွေနဲ့တခြားဗုဒ္ဓဘာသာဆိုင်ရာ စာအုပ်တွေ ဖတ်အပြီးမှာ ဗုဒ္ဓဘာသာစစ်စစ် ဖြစ်လာတဲ့အကြောင်း။

ခုအခါမှာ မိဘနှစ်ပါးလည်း ဆုံးသွားပြီဖြစ်တဲ့အတွက် တစ်ယောက်တည်းနေရတဲ့အကြောင်း၊ ဝိပဿနာတရားတွေ နာကြားရှုပွားလာတော့ လူ့ဘဝမှာ မနေချင်တော့ပဲ သာသနာ့ဘောင်ကို ဝင်ရောက်ချင်ကြောင်း၊ လွန်ခဲ့တဲ့(၂)နှစ်ခွဲလောက်ကစပြီး ကျူရှင်သင်ပေးတဲ့အခါမှာ အမြဲတန်းထိုင်ပြီး သင်ပေးတဲ့အတွက် အောက်ပိုင်းသေသွားပြီး လမ်းမလျှောက်နိုင်တော့တဲ့အကြောင်း။

တခြားကျောင်းများကို လျှောက်ကြည့်တဲ့အခါ လက်မခံတဲ့အတွက် ဆရာတော်ကို လျှောက်ထားကြည့်ခြင်း ဖြစ်ကြောင်း ပြောပြတယ်၊ လေ့လာမေးမြန်းကြည့်တဲ့အခါ သူ့မှာ သာသနာပြုချင်တဲ့ စိတ်ဓာတ်အပြည့်ရှိနေတာကို တွေ့ရတယ်၊ သူ့ရောဂါဟာလည်း အကြောပြင်ဆရာကောင်းကောင်းနဲ့ တွေ့ရင်ပျောက်ကင်းနိုင်တာ

ကို တွေ့ရတဲ့အတွက် ငါလက်ခံပြီး ရန်ကုန်ကို ခေါ်လာခဲ့တယ်။

အခု အကြောပြင်ဆရာကောင်းကောင်းနဲ့ တွေ့လို့ နောက်နှစ်လလောက်ဆိုရင် လမ်းသွားနိုင်တော့မယ်၊ သွေးကင်ဆာကလေးဟာလည်း ဘုရားရှင်ပေးတော်မူခဲ့တဲ့ နွားကျောင်ယ်ရေကို နေ့စဉ်သောက်ပေးတဲ့အတွက် အခုဆိုရင် သွေးကင်ဆာရောဂါပျောက်ပြီး သွေးမသွင်းရတာ (၁၁) လလောက် ရှိသွားပြီ။

(မှတ်ချက်)။ ။ စိတ်ချမ်းသာမှု၊ စိတ်ဆင်းရဲမှု၊ ကုသိုလ်ဖြစ်မှု၊ အကုသိုလ်ဖြစ်မှုသည် ပြင်ပဗဟိဒ္ဓအာရုံများထက် မိမိ၏ အဇ္ဈတ္တ နှလုံးသွင်းနှင့်သာ အဓိကသက်ဆိုင်သည်။

၂၀၀၆ ခုနှစ်က မော်လမြိုင်မှ တရားပွဲအလှူရှင် ဦးစိုးလှိုင်သည် သူ့ကားဖြင့် မနက်အစောကြီး လာပင့်သည်၊ သထုံသို့ နေ့ဆွမ်းမှီမောင်းရမည်ဖြစ်သောကြောင့် နံနက်ငါးနာရီခွဲအစောကြီးအရုဏ်ဆွမ်းစားချိန်တွင် ရောက်လာသည်။

ထိုအချိန်က စာရေးသူ၏ဆွမ်းဝိုင်းတွင် ဟင်းဆို၍ ကျောင်းသားချက်ကပ်သော ခရမ်းချဉ်သီးငါးပိချက်တစ်ခွက်သာ ပါသည်၊ ထိုတစ်ခွက်တည်းသော ဟင်းနှင့်ဆွမ်းစားနေသော စာရေးသူကို ဦးစိုးလှိုင်က အတော်ကြီး ကရုဏာသက်သွားသည်ဟု ပြောပြ သည်၊ နာမည်ကြီးဆရာတော်တစ်ပါး ဖြစ်နေပြီး ဟင်းခွက်လေး တစ်ခွက်တည်းနှင့် ဖြစ်သလို ဘုဉ်းပေးနေရသည်ကို မကြည့်ရက်ပါဟုဆိုကာ မော်လမြိုင်ရောက်သည်နှင့် ဟင်းခွက်ပေါင်းများစွာချက်ပြီး ဆွမ်းကပ်တော့သည်။

သို့သော် စာရေးသူအတွက်ကား ဟင်းတစ်ခွက်နှင့် ဟင်းခွက်အများကြီးသည် ဘာမျှ မထူးခြား၊ ထိုဒကာကြီးသာ ဟင်းတစ်ခွက်

တည်းနှင့် ထမင်းစားရမည့်ဆိုလျှင် အကုသိုလ်လည်း ဖြစ်မည်၊ စိတ်လည်း ဆင်းရဲမည်၊ ထိုသို့ ဖြစ်ရသည်မှာ ဟင်းခွက်အများကြီး နှင့် စားရမှ လူ့အဆင့်အတန်းမှီသည်ဟု ခံယူနှလုံးသွင်းထားသော ကြောင့်ပင် ဖြစ်၏။

စာရေးသူအဖို့ကား ထိုကဲ့သို့ ဟင်းတစ်ခွက်တည်းနှင့် စားရ သည့်အတွက် ကုသိုလ်လည်း ဖြစ်သည်၊ စိတ်လည်း ချမ်းသာ သည်၊ ထိုသို့ဖြစ်ရသည်မှာ ဝတ်မသေရုံစားရလျှင် အစားအစာ သည် လုံ လောက်ပြီဟု ခံယူထားသောကြောင့် ဖြစ်၏၊ ထို့အပြင် ရသာရုံကို အမိက မထားဘဲ၊ ဆွမ်းစားရင်း မေတ္တာဘာဝနာနှင့် ဝိပဿနာကို အလှည့်ကျပွားများနေသောကြောင့်လည်း ကောင်းသောဟင်း စားရသည် ဖြစ်စေ။မကောင်းသောဟင်း စားရသည်ဖြစ်စေ၊ ဟင်း တစ်ခွက်တည်း စားရသည်ဖြစ်စေ၊ ဟင်းခွက်အများကြီး စားရ သည်ဖြစ်စေ ကုသိုလ်ဖြစ်ပြီး စိတ်ချမ်းသာခြင်း ဖြစ်၏၊ ထို့ကြောင့် စိတ်ချမ်းသာ မှု၊ စိတ်ဆင်းရဲမှု၊ ကုသိုလ်ဖြစ်မှု၊ အကုသိုလ်ဖြစ်မှုသည် ပြင်ပ ဗဟိဒ္ဓအာရုံများထက် မိမိ၏ အဇ္ဈတ္တနှလုံးသွင်းနှင့်သာ အဓိ က သက်ဆိုင်သည်ဟု ဆိုခဲ့ခြင်းဖြစ်၏။

ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်က သိမ်ဝင်ပြီးစ ရဟန်းသစ်များ ကို ရဟန်းဘဝတစ်လျှောက်နေသမျှ ကာလပတ်လုံး စိတ်ချမ်းသာ ပြီး၊ ကုသိုလ်ဖြစ်နေစေရန် စားရေး၊ ဝတ်ရေး၊ နေရေး၊ ကျန်းမာ ရေး စသည်ဖြင့် အရေးလေးပါးနှင့်ပတ်သက်ပြီး ယခုလို နှလုံး သွင်းတတ်ရန် ဆုံးမထား၏။

ဝတ်မသေရုံစားရရင် အစားအစာဟာ လုံလောက်ပြီ။
အရှက်လုံရုံဝတ်ရရင် အဝတ်အစားဟာ လုံလောက်ပြီ။

မိုးလုံရုံနေရရင် အဆောက်အဦးဟာ လုံလောက်ပြီ။
နွားကျင်ငယ်ရေကိုရရင် ဆေးပစ္စည်းဟာ လုံလောက်ပြီ။

ယင်း လေးမျိုးထဲမှ နွားကျင်ငယ်ဆေးအကြောင်းကို တင်ပြလို၍ ဆိုခဲ့ပြီးစကားအချိုကို ရေးနေရခြင်းဖြစ်၏၊ ဘုရားရှင်သည် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဘုရားဖြစ်ရန် ပါရမီ ဆယ်ပါးကို ဖြည့်ဆည်းစဉ်အခါက ဆေးဆရာဘဝ အကြိမ်ပေါင်း ထောင်နှင့်ချီပြီး ဖြစ်ခဲ့၏၊ နွားကျင်ငယ်ရေသည် ရောဂါမျိုးစုံကို ပျောက်ကင်းကြောင်း ကိုယ်တွေ့သိခဲ့၏၊ ထို့ကြောင့် ဘုရားဖြစ် တော်မူသောအခါ ဆေးပစ္စည်းရရန် ခဲယဉ်းသောရဟန်းတော်များအား နွားကျင်ငယ်ရေကို သောက်ရန် နည်းပေးတော်မူခြင်း ဖြစ်၏။

နွားကျင်ငယ်ဆေး၏ စွမ်းရည်ကို ပထမဆုံး သေချာသိခဲ့သော သူမှာ အမရပူရမြို့ နန်းတော်ရာစံပြကွက်သစ်ရပ်ကွက်မှ တရုတ်ကြီးတစ်ယောက် ဖြစ်သည်၊ သူသည် အသည်းအဆီ ဖုံးသောရောဂါ ဖြစ်သဖြင့် မြန်မာပြည်တွင်မက စင်္ကာပူနှင့် ထိုင်းနိုင်ငံထိ သွားကုခဲ့သော်လည်း ရောဂါကား ပျောက်ကင်းခြင်း မရှိခဲ့။

ထိုအခါကျမှသူသည် မှန်ကန်သော အတွေးအမြင်တစ်ခုကို တွေးမိသွား၏၊ ထိုအတွေးအမြင်ကား ယခုခေတ်ဆရာဝန်များသည် ဆေးပညာကို ယခုဘဝတစ်ခုသာ ဆည်းပူးထားခြင်းဖြစ်သည်၊ ဘုရားရှင်ကား ပါရမီဖြည့်စဉ်ကာလ ဆေးဆရာအဖြစ်ဘဝ ပေါင်းများစွာ ဆေးပညာကို ဆည်းပူးခဲ့၏။

ထို့ကြောင့် ဘုရားရှင်ညွှန်ပြသော ဆေးသည် ယခုခေတ်

ဆေးပညာရှင်များ ဖော်စပ်သော ဆေးထက် ပိုမိုကောင်းမွန်ရမည် ဟူသော အတွေးအမြင်ပင်တည်း၊ ထိုအတွေးအမြင်ကြောင့် နွားကျင်ငယ်ရေကို ပုံမှန်သောက်ခဲ့ရာ အသဲအဆီဖုံးသော ရောဂါ ရှင်းရှင်းပျောက်ကင်းသွားခဲ့၏၊ နွားကျင်ငယ်ရေသည် (၉၀) ပါးသော ရောဂါအကုန်ပျောက်ကင်းရာ ရပ်ကွက်ထဲမှ ရေးဖျဉ်းရောဂါစွဲကပ်နေသူ တစ်ဦးလည်း ပျောက်ကင်းခဲ့၏။

စာရေးသူကျောင်းမှ ကျောင်းသားလေး၏ သွေးကင်ဆာရောဂါသည်လည်း ပျောက်ကင်းခဲ့၏၊ စာရေးသူ၏ [illegible]သောင်းမြို့မှရသော ငှက်ဖျားသည်လည်း နွားကျင်ငယ်ရေနှင့်ကျမှ အမြစ်ပြတ်သွားခဲ့၏၊ မြိတ်မြို့မှ စိန်များဆေးပေါ့လိပ်ဖြန့်ချိရေး ကိုယ်စား လှယ်ဦးနေဝင်း၏ သွေးပေါင်ကျရောဂါ၊ အခွန်ဦးစီးဌာနမှ ဗိုလ် ကြီးမျိုးသန့်၏ဇနီး မသော်တာ၏ လေးဖက်နာရောဂါများသည် လည်း နွားကျင်ငယ်ရေနှင့်မှ ပျောက်ကင်းကြ၏။

## နွားကျင်ငယ်ဆေးဖော်စပ်နည်း

နွားထီးဖြစ်စေ၊ နွားမဖြစ်စေ နံနက်ခင်း ပထမဆုံးပေါက် သောသေးကို ယူပါ၊ ကောက်ရိုးအနည်းငယ်ထည့်ပြီး မီးနှင့်ကြိုပါ၊ ဆယ်မိနစ်ခန့် ဆူအောင်တည်လျှင် လုံလောက်ပါပြီ၊ ထို့နောက် ဖန်ခါးသီး၊ ဇီးဖြူသီး၊ သျှစ်သျှားသီး သုံးမျိုးလုံးဖြစ်စေ၊ တစ်မျိုးတည်းဖြစ်စေ ရရာကို ရေစင်အောင်ဆေးပြီး အသီးမှာ ပါသည့်ရေခောက်ခန်းခြောက်အောင် နေပြပါ၊ ပြီးလျှင် စဉ့်အိုးထဲ သို့ အားလုံးကိုထည့်ပြီး လုံအောင်ပိတ်ထားပါ၊ သုံးလခန့်ရှိလျှင် သုံးဆောင်နိုင်သော ဘုရားဆေးဖြစ်ပါပြီ။

အခုပြောခဲ့တဲ့ ရွှေပြည်သာက မောင်ဇော်မင်းထိုက်နဲ့ မော်

လမြိုင်က ကိုအောင်သန်းတို့ဟာ ငါနဲ့ခုမှတွေ့ဖူးတာပါ၊ ဒါ့ကြောင့် သူတို့ဟာ ငါ့အတွက် မချစ်မမုန်း အလယ်အလတ်ပုဂ္ဂိုလ်တွေပေါ့၊ သူတို့အပေါ် နေရေး၊ စားရေး၊ ပညာရေးတင်မက သေရေးအထိ ပါ တာဝန်ယူနိုင်တယ်ဆိုတာ မေတ္တာအားကောင်းလာတဲ့သဘော ကြောင့်ပေါ့။

မိုးရေဟာ ဒီထက်အားကောင်းလာတဲ့အခါ လမ်းမပေါ်မှာ ရှိတဲ့ ကမူတွေပေါ်ပါ ဖုံးလွှမ်းပြီး စီးဆင်းသွားတယ်၊ မေတ္တာစေတ ဟာလည်း အားအကောင်းဆုံးဆိုတဲ့ အဆင့်ကို ရောက်ပြီဆိုရင် ကိုယ့်ရန်သူအပေါ်မှာတောင် စိတ်မဆိုးပဲ မေတ္တာထားနိုင်လာ တယ်၊ ရန်ကုန်က ဒကာကြီးတစ်ယောက်ဟာ ငါ့အပေါ်မှာ အထင် မှားပြီး လူထွက်အောင် ထောင်ကျအောင်လုပ်ခဲ့တယ်။

သူကမှားပြီး ငါကမှန်နေတဲ့အတွက် သူဖြစ်စေချင်တဲ့အတိုင်း တစ်ခုမှ မဖြစ်ခဲ့ဘူး၊ တစ်ခါတော့ သူများဆီကငွေချေးပြီး ပြန်မဆပ် နိုင်လို့ ထောင်ကျမယ့်ဘေးနဲ့ အဲဒီဒကာကြီးရင်ဆိုင် ရတယ်၊ ဒီအချိန်မှာ ငါက ဝင်ဆပ်ပေးလိုက်လို့ ထောင် ကျမယ့်ဘေး က လွတ်သွားတယ်။

တို့ငယ်ငယ် စာသင်သားဘဝတုန်းကပေါ့၊ ကိုယ်တော်ငါးပါး ဟာ ကျောင်းတိုက်က နှင်ထုတ်ထိုက်တဲ့အပြစ်တစ်ခုကို ကျူးလွန် ကြတယ်၊ ဒါကို သူတို့နှင့်ခင်တဲ့ ကိုယ်တော်တစ်ပါးက တိုက်အုပ် ဆရာတော်ထံ စာနဲ့ရေးပြီး တိုင်လိုက်တယ်၊ အဲဒါကို ဒီကိုယ်တော် ငါးပါးက ငါတိုင်တယ်လို့ အထင်မှားပြီး သူတို့နှင်ထုတ်ခံရတဲ့ နေ့မှာ ငါ့ကို သတ်ဖို့ကြံစည်ကြတယ်။

ငါကတော့ သတ်ရင်လည်း မေတ္တာပွားပြီး အသေခံလိုက်မယ်

လို့ ဆုံးဖြတ်ထားတာကြောင့် စိတ်မဆိုးပဲ အဲဒီကိုယ်တော်ငါးပါးကို ရော၊ တိုက်အုပ်ဆရာတော်ကိုရော မေတ္တာပဲပို့ပေးနေတယ်၊ အံ့ဩစရာပဲ သူတို့နှင်ထုတ်မခံရတော့ဘူး၊ သတိပေးပဲခံရလို့ အမှုဟာ အေးချမ်းသွားတယ်။

နောင်တစ်ချိန်မှာ သတ်ဖို့ကြံစည်ခဲ့တဲ့ ကိုယ်တော်ငါးပါးထဲက ခေါင်းဆောင်ကိုယ်တော်ဟာ မန္တလေး၊ မစိုးရိမ်တိုက်သစ်ကို ရောက်လာတယ်၊ အရင်တုန်းကတော့ သူတို့ကအိမ်ရှင် ငါက ဧည့်သည်ပေါ့၊ အခုတစ်ခါကျတော့ ငါကအိမ်ရှင် သူတို့က ဧည့်သည် ပြန်ဖြစ်သွားတယ်။

တစ်ရက်တော့ အဲဒီကိုယ်တော်ဟာ အထက်လှန်အောက် လျှောရောဂါဖြစ်ပြီး ကမ်းနားလမ်းက ကူးစက်ရောဂါကုဆေးရုံ ရောက်သွားတယ်၊ ဒီဆေးရုံပေါ်ရောက်ရင် ဆုံးတာပဲ များတယ်၊ ဘာ့ကြောင့်လဲဆိုတော့ ကုလို့ မနိုင်လောက်တဲ့အဆင့်ကျမှ ဒီဆေးရုံကို ရောက်လာတတ်ကြလို့ပဲ။

ဒီကိုယ်တော်ဟာ မန္တလေးမှာ သိကျွမ်းခင်မင်တဲ့ လူရော၊ ရဟန်းရော မရှိရှာဘူး၊ ပြုစုမဲ့သူ စောင့်ရှောက်မယ့်သူ မရှိပဲ ဆေးရုံပေါ်မှာ ပက်လက်ကလေးနဲ့ သေမယ့်အချိန်ကို စိတ်အားငယ်စွာနဲ့ စောင့်နေရတယ်၊ ငါဟာ ဒီသတင်းကို ကြားတာနဲ့ကျောင်းတိုက် မှာ ခွင့်တောင်းပြီး (၇) ရက်လောက်ကြာအောင် သွားပြီး ပြုစုပေး ခဲ့တယ်။

သူပြန်ကောင်းသွားပါတယ်၊ အဲဒီလို ကိုယ့်ရဲ့ရန်သူအပေါ်မှာ တောင် စောင့်ရှောက်ပြုစုနိုင်တာဟာ မေတ္တာအားအကောင်းဆုံး အဆင့်ကို ရောက်နေတဲ့အတွက်ပဲ။

(မှတ်ချက်)။ ။ ထိုအကြောင်းအရာအကျယ်ကို စာရေးသူရေးသားသော ဘဝနှင့်ရင်းရသော (အတွေးအမြင်များ အမှတ်– ၁)တွင် ဖတ်ရှုနိုင်ပါသည်။

## မေတ္တာပွားများစဉ် ဝိပဿနာရှုကွက်များ

မေတ္တာပွားများသခိုက်မှာ အရှုခံခြောက်မျိုး ရှိတယ်၊ အဲဒါတွေက ရှုပွားနေတဲ့ မေတ္တာစိတ်တစ်ခု၊ မေတ္တာစိတ်မှာ ယှဉ်နေတဲ့ ဈာန်အင်္ဂါငါးပါးက ငါးခုပေါ့၊ မိမိအပေါ် ကျေးဇူးများတဲ့ ဆရာတစ်ယောက်ထံ မေတ္တာပို့မယ်ဆိုရင် အဲဒီဆရာရဲ့ပုံကို စိတ်မှာပေါ် လာအောင် တင်ပေးရတယ်၊ အဲဒီစေတသိက်ကို "ဝိတက်"လို့ ခေါ်တယ်။

အဲဒီဆရာကို မကျန်းမာတဲ့ပုံကနေ ကျန်းမာတဲ့ပုံလေးဖြစ်လာအောင် မှဲ့နေရာကနေ ပြုံးနေတဲ့ပုံလေးဖြစ်လာအောင် သုံးသပ်ဆင်ခြင်ပေးတာကိုကျတော့ "ဝိစာရစေတသိက်"လို့ ခေါ်တယ်၊ အဲဒီလို မေတ္တာပို့နေတဲ့အခါ ဘာနဲ့မှမတူတဲ့ နှစ်သက်မှုကို ခံစားရတယ်၊ အဲဒါကို "ပီတိစေတသိက်"လို့ ခေါ်တယ်။

အဲဒီလို မေတ္တာပို့နေတဲ့အခါ ဘာနဲ့မှ မတူတဲ့ချမ်းသာကိုလည်း ခံစားရတယ်၊ အဲဒါကို "သုခ"လို့ ခေါ်တယ်၊ ဝေဒနာစေတသိက်ပါပဲ၊ ဒီလို မေတ္တာပို့နေတဲ့အခါ စိတ်ဟာ ဘယ်မှပျံ့လွင့်ပြေးသွားခြင်း မရှိတော့ပဲ မေတ္တာပို့လွှတ်ရာ ပုဂ္ဂိုလ်အပေါ် မှာပဲ တည်နေတယ်၊ အဲဒါကို "ဧကဂ္ဂတာစေတသိက်"လို့ ခေါ်တယ်၊ သမာဓိဆိုတာလည်း သူပါပဲ။

မေတ္တာပွားနေတဲ့စိတ်လေးကို နောက်စိတ်က မေတ္တာစိတ်ကလေးပဲလို့ သိပေးလိုက်တာနဲ့ မေတ္တာစိတ်ကလေးဟာ မရှိတော့ ပဲ၊

သိပေးတဲ့ဝိပဿနာစိတ်ပဲ ကျန်တယ်၊ စိတ်ဟာ နှစ်ခုပြိုင်မဖြစ်ကောင်းတာကြောင့် မေတ္တာစိတ်ပဲလို့ သိတဲ့ဝိပဿနာစိတ်ပေါ်တာနဲ့ ပွားများနေတဲ့မေတ္တာစိတ်ဟာ မရှိတော့ပါဘူး၊ အဲဒါ အနိစ္စလက္ခဏာကို ပြတာပါပဲ။

သဟဇာတပစ္စည်းသဘောအရ ရုပ်နဲ့နာမ်ဟာ အတူဖြစ်၊ အတူပျက်တာဖြစ်တဲ့အတွက် မေတ္တာစိတ်ဆိုတဲ့ နာမ်တရားရဲ့အပျက်ကိုသိလိုက်ရင် မေတ္တာစိတ်မှီဖြစ်ရာ ရုပ်တရားရဲ့အပျက်ကိုလည်း တစ်ခါတည်းသိပြီးသား ဖြစ်ပါတယ်၊ ထို့အတူပဲ ဈာန်အင်္ဂါငါးပါးထဲက မေတ္တာခံရာပုဂ္ဂိုလ်ရဲ့ပုံကို တင်ပေးတဲ့ ဝိတက်ရဲ့မမြဲမှုကိုလည်း ရှုပွားပေးနိုင်တယ်။

ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတို့ရဲ့ မမြဲမှုကို ပြခဲ့တဲ့နည်းအတိုင်း ရှုပွားလို့ရပါတယ်၊ ဒီလို ရှုပွားတဲ့အခါမှာ မဂ္ဂင်ရှစ်ပါးကိုက်ပုံကို ပြောပြမယ်၊ မေတ္တာစိတ်ကို နာမ်တရားလို့ ခွဲခြမ်းပြီးသိတာ၊ မမြဲတဲ့တရားလို့ ထိုးထွင်းပြီးသိတာဟာ ပညာပဲ၊ ဒီပညာကို "သမ္မာဒိဋ္ဌိမဂ္ဂင်"လို့ ခေါ်တယ်၊ အသိမှန်ရင် အတွေးမှန်တာပဲ၊ မေတ္တာစိတ်ကို နာမ်တရားပဲ မမြဲတဲ့တရားပဲလို့ ပညာက ခွဲခြမ်းစိတ်ဖြာပြတဲ့အတိုင်း မှန်ကန်စွာ တွေးတောယူနိုင်စွမ်း ရှိတာဟာ ဝိတက်ပဲ။

သူ့ကို "သမ္မာသင်္ကပ္ပမဂ္ဂင်"လို့ ခေါ်တယ်၊ မေတ္တာစိတ်ကလေးကို မမြဲတဲ့တရားလို့ အားထုတ်ရှုပွားတာဟာ ဝီရိယစေတသိက်ပဲ၊ ဒါကို "သမ္မာဝါယာမမဂ္ဂင်"လို့ ခေါ်တယ်၊ မေတ္တာစိတ်ကလေးကို မမြဲတဲ့တရားပဲလို့ ရှုပွားဖို့ အမှတ်ရတာဟာ "သမ္မာသတိမဂ္ဂင်"ပဲ၊ ဝိပဿနာရှုဉာဏ်ဟာ မေတ္တာစိတ်ပေါ်မှာပဲ စူးစိုက်တည်မြဲနေတာ

ကတော့ "သမ္မာသမာဓိမဂ္ဂင်" ပေါ့။

ဝိပဿနာရှုပွားတိုင်း ဒီမဂ္ဂင်ငါးပါးဟာ အမြဲပါလို့ လောကီမဂ္ဂင်ငါးပါးလို့လည်း သုံးတယ်၊ အခုချိန်မှာတော့ ဝိသာခ မထေရ်ဟာ မဂ်ဖိုလ်ကျတော့မှာဆိုတော့ လောကုတ္တရာမဂ္ဂင်လို့ ခေါ်တဲ့ ဝိရတီမဂ္ဂင်သုံးပါးလည်း တစ်ပြိုင်နက် ယှဉ်လာတယ်၊ ဒီလို ရှုပွားနေတဲ့အချိန်မှာက ဝစီဒုစရိုက်လေးပါးက ရှောင်ကြဉ်ပြီးသား ဖြစ်နေတာက "သမ္မာဝါစာမဂ္ဂင်"ပေါ့။

ဒီလို ရှုပွားနေတဲ့အချိန်မှာ ကာယဒုစရိုက်သုံးပါးက ရှောင်ကြဉ်ပြီးသား ဖြစ်နေတာကတော့ "သမ္မာကမ္မန္တမဂ္ဂင်"ပေါ့၊ ဒီလို ရှုပွားနေတဲ့အချိန်မှာ ဝစီဒုစရိုက်လေးပါး၊ ကာယဒုစရိုက်သုံးပါးနဲ့ စီးပွားမရှာပဲ အသက်မွေးဝမ်းကျောင်း စင်ကြယ်နေတာကတော့ "သမ္မာအာဇီဝမဂ္ဂင်" ပေါ့။

နောက်အပါတ်မှ သစ္စာလေးပါးကိုက်ပြီး မဂ်ဖိုလ်ရပုံထိ ဆက် သွားကြတာပေါ့။

မြင်တိုင်းမြင်တိုင်း မြင်တယ်မြင်တယ်ဟု မပြတ်ရှုမှတ်သော်လည်း ဉာဏ်နုစဉ်၌ ကိလေသာဇောများသည် မကြာမကြာ ဝင်၍ ဝင်၍ ဖြစ်တတ် ၏။ ထိုသို့ ဖြစ်သည့်အတွက် စိတ်မပျက်အပ်၊ မှတ်မှုကို မလျှော့အပ်။ ထို ကိလေသာစိတ်ကို မှတ်၍ ပယ်သာပယ်အပ်၏။ ဥပမာ အဝတ်လျှော် ဖွတ်သောသူသည် တစ်ကြိမ်နှစ်ကြိမ် နယ်ရုံမျှ ထုရိုက်ပွတ်တိုက်ရုံမျှဖြင့် မဖြူစင်သော်လည်း လက်မလျှော့မူ၍ အကြိမ်ကြိမ် ထုရိုက်ပွတ်တိုက်ခြင်း၊ နယ်ခြင်းဖြင့် အဝတ်ကို ဖြူစင်စေအပ်သကဲ့သို့ပင်တည်း။

အထူးကား အဝတ်ဖွတ်ရာ၌ သည်တစ်ကြိမ်မှာ မည်မျှစင်ကြယ် သွားပြီ၊ မည်မျှလိုသေးသည်ဟု သိနိုင်၏။ ဝိပဿနာ အရာ၌ကား ယနေ့ ကိလေသာမည်မျှကုန်သွားပြီ၊ မည်မျှကျန် သေးသည်ဟု မသိနိုင်ချေ။ အစဉ်အတိုင်းမှတ်၍ မဂ်ဖိုလ်သို့ ရောက်ပြီးသော အခါကျမှသာလျှင် မည်မျှကုန် သွားပြီဟု သိနိုင်လေသည်။ ဤမသိနိုင်ပုံ၊ သိနိုင်ပုံကို ပဲခွပ်ရိုးဥပမာနှင့် တူသည်ဟု ခန္ဓဝဂ္ဂသံယုတ်၌ ဟောတော်မူ၏။

တူပုံကား ပဲခွပ်ရိုးတွင် လက်ကိုင်ရာအရပ်၌ နေ့စဉ်နေ့တိုင်း ပွန်း၍ ကုန်ကုန်သွားသော်လည်း လက်သမားသည် ယနေ့ မည်မျှ လက်ရာထင်သွား ပြီဟု မသိနိုင်သကဲ့သို့ မှတ်တိုင်းမှတ် တိုင်း ကိလေသာတို့ ကုန်ငြိမ်းကြသော်လည်း ဝိပဿနာယောဂီ သည် မည်မျှကုန်သွားပြီဟု မသိနိုင်ချေ။ ရက်လ နှစ်ပေါင်းများ စွာကြာ၍ ပဲခွပ်ရိုး၌ လက်ရာကောင်းကောင်း ထင်သော အခါ ကျမှ ပဲခွပ်ရိုး မည်မျှကုန်သွားပြီဟု သိနိုင်သကဲ့သို့.....။

ဝိပဿနာယောဂီသည်လည်း မဂ်ဖိုလ်သို့ရောက်ပြီးသော

အခါကျ မှသာလျှင် ကိလေသာမည်မျှကုန်သွားပြီဟု သိနိုင်လေသည်။ သို့သော်လည်း ဝိပဿနာဉာဏ်ရင့်သန်သော အခါ၌ကား ကိလေသာဇောသည် တစ်ခါတစ်ရံမျှသာလျှင် ဖြစ်တော့၏။ ဖြစ်သော်လည်း မှတ်မိ သည်နှင့် တစ်ပြိုင်နက် ကင်းပျောက်၏။ တစ်ဖန်ထပ်၍ မဖြစ်လာ တော့ပြီ။

(မဟာစည်ဆရာတော်၏ 'ဝိပဿနာရှုနည်းကျမ်း' ပထမတွဲ ၃၁၃–၃၁၄)

## အခန်း ၄၂

## မေတ္တာစိတ်ကို ဝိပဿနာရှုရာ၌ သစ္စာလေးပါးကိုက်ညီပုံ

သွားတိုင်း သွားတိုင်း၊ သွားချင်တယ် သွားချင်တယ်ဟု မှတ်သော ယောဂီပုဂ္ဂိုလ်အားမူကား သွားချင်သောစိတ်သည်လည်း တသီးတခြား ဖြစ်လျက် ထင်ရှား၏။ သွားသောရုပ်သည်လည်း တွန်းကန်ရွေ့ရှားသော အမူအရာအားဖြင့် ထင်ရှား၏။ ထို့ကြောင့် ထိုယောဂီသည် သွားချင်သော စိတ်ကိုလည်း ရုပ်နှင့်မရောဘဲ အသီးအခြား သိ၏။ ရွေ့ရှားသောရုပ်ကိုလည်း စိတ်နှင့်မရောဘဲ အသီးအခြား သိ၏။

သွားချင်မှုကြောင့် တွန်းကန်လှုပ်ရှားမှု အဆင့်ဆင့် ဖြစ်ပေါ်သည်ကိုလည်း သိ၏။ သွားချင်မှု အဆင့်ဆင့်နှင့် ရွေ့ရှားမှု အဆင့်ဆင့်တို့သာ ရှိကြသည်ဟူ၍လည်း သိ၏။ သွားချင်မှုများသည် ရွေ့ရှားမှုများသို့ မရောက်ကြ၊ ရွေ့ရှားမှုများသည်လည်း တစ်ရွေ့မှ တစ်ရွေ့သို့ မရောက် ကြမူ၍ အပိုင်းအပိုင်း အဆစ်အဆစ် ပြတ်လျက်ပြတ်လျက် ကုန်ဆုံးသွားကြသည်ကိုလည်း သိ၏။

အဋ္ဌကထာတို့၌ ပြသည့်အတိုင်း ခြေတစ်လှမ်း တစ်လှမ်းတွင် ခြောက်ပိုင်းဖြစ်စေ၊ ထို့ထက်အလွန်ဖြစ်စေ ပြတ်လျက်ပြတ်လျက် ချုပ်ပျက်သွားကြသည်ကိုလည်း သိ၏။ ထို့ကြောင့် ထိုသို့သောယောဂီသည် ငါသွားသည် သူသွားသည်ဟူသော စကားမှာ ခေါ်ဝေါ်ပြောဆိုရုံမျှသာတည်း။ သွားတတ်သော ငါကောင် သူကောင်ကား မရှိပြီ၊ သွားချင်သောစိတ်နှင့် ရွေ့ရှားမှု ပြဋ္ဌာန်းသော ရုပ်အပေါင်းအစုမျှသာ ရှိသည်။

မျက်စိတစ်မှိတ်ခန့်မျှပင် ခိုင်မြဲသောဝတ္ထုကား မရှိပြီ၊ မမြဲသော သဘောမျှသာ ရှိသည်။ ခဏမစဲဖြစ်ပျက်နေသောကြောင့် ဆင်းရဲအစုမျှသာတည်း။ မကောင်းသော သဘောချည်းသာတည်း ဟူ၍ ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် ဆုံးဖြတ်နိုင်လေ၏။ ဤသို့ ဆုံးဖြတ်နိုင်သော အသိဉာဏ်သည် သမ္ပဇဉ်လေးမျိုးတို့တွင် "အသမ္မောဟသမ္ပဇဉ်"မည်၏။ သွားချင်တယ် သွား တယ်စသည်ဖြင့် မှတ်သိခြင်းသည်ကား "ဂေါစရသမ္ပဇဉ်"မည်၏။

ထိုနှစ်ပါးတို့တွင် ဂေါစရသမ္ပဇဉ်က အကြောင်းပေတည်း။ သို့ဖြစ်၍ ဂေါစရသမ္ပဇဉ်ကိုသာလျှင် အဖန်ဖန် အထပ်ထပ် ဖြစ်ပွားစေ အပ်၏။ ၎င်း သမ္ပဇဉ် ထက်သန်ပြည့်စုံသော အခါ၌ အသမ္မောဟသမ္ပဇဉ်သည် အလိုလိုပင် ဖြစ်ပေါ်လျက် ပြီးစီးပြည့်စုံပါလတ့်။ ဤဆိုခဲ့သည့်အတိုင်း သွားချင်သောစိတ်နှင့် သွားသောစိတ်တို့ကို ဖြစ်တိုင်း ဖြစ်တိုင်း မလစ်လပ်ရအောင် ယောဂီပုဂ္ဂိုလ်၏ အသိဉာဏ်သည် သတ္တဝါဟု ထင်မြင်သော အယူကိုလည်း ပယ်စွန့်နိုင်၏။ ငါကောင်ဟု ထင်မှတ်စွဲလမ်းမှုကိုလည်း ခွာနုတ်နိုင်၏။ ပဋိဝိပဿနာ၏ အာရုံဖြစ်သည့်ပြင် နောက်နောက် ဝိပဿနာဉာဏ်ကိုလည်း ထက်သန်စွာ ဖြစ်စေနိုင်သောကြောင့် ကမ္မဋ္ဌာန်းလည်း မည်၏။ အမှတ်ရမှု ဝိပဿနာသိနှင့် ယှဉ်လျက် ဖြစ်ပွားစေအပ်သော အသိဉာဏ်အစစ် ဖြစ်၍ သတိပဋ္ဌာန်ဘာဝနာလည်း မည်၏။ ထို့ကြောင့်

ဤသို့သော မှတ်သိမှုကို ရည်၍ "ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ" သွားလျှင် သွားသည်ဟုသိ၏ ဟူသော စကားကို မြတ်စွာဘုရား ဟောတော်မူသည်ဟူ၍ ယုံမှားမရှိ မြဲ မြံစွာ မှတ်အပ်၏။

(မဟာစည်ဆရာတော်၏ 'ဝိပဿနာရှုနည်းကျမ်း' ပထမတွဲ ၃၆၄-၃၆၅)

နုပ်။ ။ မေတ္တာစိတ်ကို မမြဲဘူးလို့သိတာဟာ ဒုက္ခသစ္စာကို သိတာပဲ၊ ကြာကြာထိုင်လို့ နာကျင်ကိုက်ခဲလာတာကို ဒုက္ခသစ္စာလို့ ပြောတာ မဟုတ်ဘူး၊ မမြဲခြင်းနဲ့အမြဲတန်း အနှိပ်စက်ခံနေရလို့ ဒုက္ခသစ္စာလို့ ပြောတာ၊ နာမ် တရားကို ဆင်းရဲလို့သိရင် နာမ်ရဲ့မှီရာ ရုပ်တရားကိုလည်း သဟဇာတ ပစ္စည်းသဘောအရ မမြဲဘူးလို့ သိပြီးသား ဖြစ်တာပဲ။

မမြဲဘူးလို့သိလိုက်တာနဲ့ မေတ္တာစိတ်ဆိုတဲ့ နာမ်တရားရယ်၊ သူမှီပြီးဖြစ်နေတဲ့ ရုပ်တရားရယ်ကို လိုချင်စိတ်မရှိတော့ဘူး၊ အဲဒါ သမုဒယသစ္စာခေါ် တဏှာကို ပယ်သတ်လိုက်တာပဲ၊ ဒီအခါမှာ နောက်ထပ် ခန္ဓာအသစ်တွေ သိမ်းပြီး၊ တဏှာဦးဆောင်တဲ့ ကိလေသာတွေငြိမ်း သွားတာဟာ နိရောဓသစ္စာကို မျက်မှောက် ပြုလိုက်တာပဲ။

အဲဒီနိရောဓသစ္စာကို မျက်မှောက်ပြုနိုင်တဲ့ဉာဏ်ဟာ မဂ္ဂသစ္စာပဲပေါ့၊ မဂ်စိတ်၊ ဖိုလ်စိတ်ကျပုံ အကျယ်ကိုတော့ နိရောဓသစ္စာ အခန်းကျမှ ပြောကြတာပေါ့၊ ဝိသာခမထေရ်ဟာ ရဟန္တာ ဖြစ်ပြီးတဲ့ နောက်မှာလည်း ကျောင်းတစ်ကျောင်း သို့မဟုတ် တောတစ်တောမှာ လေးလပဲနေတယ်၊ တစ်ခါတော့ သူတော်ကောင်းတွေ အမြဲမွေ့လျော်တဲ့ စိတ္တလတောင်မှာ သီတင်းသုံး နေထိုင်တယ်။

လေးလပြည့်လို့ ပြန်မယ့်ရက်လည်းရောက်ရော စကြံ့ကျောင်း လှေခါးနားက ငိုသံလိုလို ကြားတာနဲ့ မေးကြည့်လိုက်တော့ ကျောင်းခေါင်းရင်း သပြေပင်က ရုက္ခစိုးနတ် မဏိလိယဆိုတာ ဖြစ်နေသတဲ့၊ ဘာ့ကြောင့် ငိုတာလဲလို့မေးလိုက်တော့ အရှင်ဘုရား ကြွသွားမှာစိုးရိမ်လို့ ငိုတာပါတဲ့။

ငါနေတော့ရော သင်တို့အတွက် ဘာအကျိုးထူးလို့လဲလို့ မေး ကြည့်တော့ အကျိုးတအားထူးပါတယ်တဲ့ အရှင်ဘုရားက အမြဲ မေတ္တာဓာတ်နဲ့နေတဲ့အတွက် ဒီတောင်မှာရှိတဲ့ နတ်တွေဟာ တစ်ဦးနဲ့တစ်ဦး ချစ်ခင်ညီညွတ်မှုရကြပါတယ်၊ အရှင်ဘုရား ကြွသွားတာနဲ့ နတ်တွေအားလုံး ခိုက်ရန်ဒေါသ ဖြစ်ကြတော့မှာပါ။

ဒါ့ကြောင့် ငိုကြွေးရတာပါလို့ လျှောက်ထားတော့ မထေရ်မြတ်လည်း ငါဒီမှာရှိတဲ့အတွက် သင်တို့တစ်တွေမှာ ကောင်းကျိုးများတယ်ဆိုရင် နောက်ထပ် လေးလထပ်နေပေး မယ်ဆိုပြီး ထပ်နေပေးရှာတယ်၊ နောက်လေးလပြည့်လို့ ပြောင်းတော့မယ် လုပ်တာနဲ့ သပြေပင်စောင့်နတ်ဟာ လာငိုပြန် တာပဲ၊ ဒါနဲ့ပဲ မထေရ်မြတ်ဟာ စိတ္တလတောင်မှာ ခန္ဓာဝန်ချတဲ့ အထိ သီတင်းသုံးတော်မူသွားရှာတယ်။

သန်း။ ။ဆရာတော်က သီရိလင်္ကာကမထေရ်ကြီး အကြောင်းပြောတော့ တပည့်တော်လည်း မြန်မာပြည်က ဝေဘူဆရာတော်ကြီး အကြောင်းကို သတိရမိတယ်ဘုရား။

နုပ်။ ။ သတိရရင် ပြောစမ်းပါဦး။

သန်း။ ။ဝေဘူဆရာတော်ကြီးရဲ့မေတ္တာဓာတ်ကလည်း အံ့ဩစရာကောင်းလှပါတယ်ဘုရား၊ တစ်ခါတော့ တရုပ်တပ်နဲ့ဂျပန်တပ်တွေ တောင်

ပေါ်နဲ့တောင်အောက် ပစ်ခတ်တိုက်ခိုက်ကြတာ မိုးမွှန်လို့ပဲတဲ့ဘုရား၊ ဒါပေမယ့် ဆရာတော်ကြီးရဲ့မေတ္တာဓာတ်ကြောင့် နှစ်ဖက်တပ်ရဲ့အကြားမှာရှိတဲ့ ဝေဘူရိပ်သာထဲက ရဟန်းတွေ၊ ယောဂီ တွေ တစ်ယောက်မှ ထိခိုက်အနာတရ မဖြစ်ဘူးတဲ့ဘုရား။

အထူးခြားဆုံးကတော့ ဒီလောက်ပစ်ခတ်နေတာတောင် နှစ် ဖက်တပ်သားတွေ တစ်ယောက်မှ မကျဆုံးတာပဲဘုရား၊ ဒီဖြစ်ရပ် ကို ထောက်ကြည့်ရင် မေတ္တာဓာတ်ပွားများသူရှိတဲ့ နေရာတစ်ဝိုက်က လူတွေ သက်ရှိသတ္တဝါတွေ အားလုံး အန္တရာယ် ကင်း ဘေးရှင်းကြတာ အမှန်ပါပဲဘုရား။

တစ်ခါကလည်း ကျောင်းဒကာတစ်ယောက်ရဲ့ သမီးပျို လေး တစ်ဦးကို ဂျပန်တပ်က ဖမ်းသွားလို့ မိဘတွေဟာ ပူဆွေး သောက ရောက်ပြီး ဆရာတော်ကို လျှောက်ထားကြတဲ့အခါ ဆရာတော်က ဒေါသမဖြစ်ဖို့၊ မေတ္တာပွားကြဖို့ မိန့်တော်မူသတဲ့ ဘုရား၊ ညကျတော့ မိန်းကလေးဟာ ကြံဖန်ပြီး ဂျပန်တပ်က ထွက်ပြေး လာနိုင်ခဲ့ပါတယ်ဘုရား။

ဝေဘူကျောင်းအနီးမှာနေတဲ့ ဒကာကြီးတစ်ယောက် ဆိုရင် ဝေဘူဆရာတော်ကို တခြားလောကီဘုန်းကြီးတွေလို ထင်ပြီး မကြည်ညိုဘူးတဲ့ဘုရား၊ တစ်ရက်တော့ သူ့နွားနှစ်ကောင် ဟာ ဘယ်လိုမှ ထိန်းလို့မရအောင် တစ်ကောင်နဲ့တစ်ကောင် ခွေ့ရင်း ဝေဘူရိပ်သာဝင်းထဲရောက်သွားသတဲ့ဘုရား၊ ရိပ်သာ ဝင်းထဲ ရောက်တာနဲ့ နွားတွေဟာ တစ်ကောင့် တစ်ကောင် မခွေ့ တော့ပဲ ရလာတဲ့ဒဏ်ရာက သွေးတွေကို အပြန်အလှန် လျက်ပေး နေကြသတဲ့ ဘုရား။

ဒီဖြစ်ရပ်ကို မြင်မှ အဲဒီဒကာကြီးဟာ ဝေဘူဆရာတော်ကို အနီးကပ်ကြည်ညိုတတ်တဲ့သူ ဖြစ်သွားသတဲ့ဘုရား၊ ဆရာတော်ရဲ့ မေတ္တာဟာ အသိဉာဏ်ပညာမရှိတဲ့ တိရစ္ဆာန်တွေကိုတောင် ယဉ်ကျေးသိမ်မွေ့သွားစေနိုင်တာဟာ တကယ့်ကို အံ့သြစရာပါဘုရား။

နုပ်။ ။ အဲဒီမေတ္တာစာတ်ကြောင့်ပဲ၊ သူတစ်ပါးတွေ အကုသိုလ်ဖြစ်စရာ အာရုံဟာ ဆရာတော်ကြီးအတွက် ကုသိုလ်ဖြစ်သွားပုံလေးကိုရော မင်းဖတ်မိသေးလား။

သန်း။ ။အဲဒီအကြောင်းကိုတော့ မဖတ်မိသေးဘူးဘုရား၊ အမိန့်ရှိပါဘုရား။

နုပ်။ ။ တစ်ခါတော့ ဆရာတော်ကြီးကို လာဖူးကြတဲ့ကျေးရွာတစ်ရွာက မိသားစုတစ်စု ပြန်သွားတော့ သူတို့လှည်းဖြုတ်တဲ့နေရာမှာ နွားချေးတွေ ကျန်နေခဲ့တယ်၊ ဒါကို တွေ့သွားတဲ့ကျောင်းက ကပ္ပိယက အပြစ်ပြောတော့ ဆရာတော်ကြီးက "အမလေး၊ ကိုယ့်ကို ကုသိုလ်ပေးသွားတဲ့ဟာကိုများ စိတ်ဆိုးနေရသေးတယ်၊ သူတို့ကြုံးရင် သူတို့ကုသိုလ်ရမှာ၊ ကိုယ်ကြုံးတော့ ကိုယ်ကုသိုလ်ရတာပေါ့၊ ဒကာကြီး မကြုံးရင်နေပါ အပြစ်တော့မပြောပါနဲ့ ဘုန်းကြီးကြုံးပါ့မယ်"

လို့ ပြောပြီး ကြုံးဖို့ပြင်မှ ကပ္ပိယလည်း တပည့်တော်လုပ်ပါ့မယ်ဘုရားလို့ ပြောပြီး ကမန်းကတန်း ကြုံးလိုက်ရသတဲ့၊ တွေ့တယ် မဟုတ်လား၊ နွားချေးပုံကြီးကို မြင်တာချင်းတူပေမယ့်လို့ မေတ္တာစာတ်ရှိတဲ့ ဆရာတော်ကြီးမှာ ကုသိုလ်လည်းဖြစ်၊ စိတ်လည်း ချမ်းသာရပေမယ့်၊ ဒေါသစာတ်ရှိတဲ့ ကပ္ပိယကြီးမှာတော့ အကုသိုလ်လည်းဖြစ်၊ စိတ်လည်း ဆင်းရဲရတာပေါ့။

ပြီးတော့ သူတစ်ပါးမလုပ်ချင်တဲ့ ဝေယျာဝစ္စကို လပေါင်းများ

စွာ လုပ်သွားတာကိုရော မင်းသတိထားမိသလား။

သန်း။ ။ သတိမထားမိဘူးဘုရား၊ အမိန့်ရှိပါဦး။

နုပ်။ ။ တစ်ခါတော့ တပည့်တွေဟာ ဆရာတော်ကို ဝတ်ဖြည့်ရင်း ပုခုံးကို နှိပ်ပေးမယ်လည်း လုပ်လိုက်ရော၊ မကိုင်ရဲအောင်ဖြစ်သွားကြတယ်။

သန်း။ ။ ဘာကို တွေ့သွားလို့လဲဘုရား။

နုပ်။ ။ ဆရာတော်ကြီးရဲ့ပုခုံးဟာ အပေါ်ယံ အရေးပြားတွေ စုတ်ပြီး ရဲနေ တယ်၊ ဘယ်လို ဖြစ်တာလဲဘုရားလို့ မေးကြည့်လိုက်တော့ ကျောက်ထမ်းထားလို့ပါတဲ့၊ ဝေဘူတောင်ပေါ် တက်ပြီး တရားနာလာကြတဲ့လူတွေ တောင်တက်ရအဆင်ပြေအောင် ညတိုင်း ဆရာတော်ကြီးက ကျောက်တွေထမ်းပြီး လမ်းပြင်နေတာကို ဘယ်သူမှ မသိဘူး။

မြန်မာပြည်က တန်ခိုးအကြီးဆုံး ဘုန်းအကြီးဆုံး ဆရာ– တော် တွေထဲမှာ ဝေဘူဆရာတော်ပါတယ်၊ ဒါ့ကြောင့် မင်းဒဿန တစ်ခု မှတ်လိုက်ဦးပေါ့။

သန်း။ ။ အမိန့်ရှိပါဘုရား။

နုပ်။ ။ "သူတစ်ပါးမလုပ်ချင်တဲ့ ဝေယျာဝစ္စကိုလုပ်ရင် သူတစ်ပါးမရတဲ့ ကောင်းကျိုးကို ရတယ်"ဆိုတဲ့ ဒဿနပဲ။

နောက်ဒဿနတစ်ခုက–

"သူတော်ကောင်းကို ကြည်ညိုတတ်မှ မိမိကိုယ်တိုင် သူတော် ကောင်း ဖြစ်နိုင်တယ်"တဲ့။ ဒါ့ကြောင့် ဒုက္ခသစ္စာအကျယ် ကို မဆက်မီ လေးစားကြည်ညိုဖွယ်ရာကောင်းတဲ့ သူတော်ကောင်း ကြီးတွေရဲ့ ကျင့်စဉ်တွေကို ပြောပြဦးမယ်။

သန်း။ ။ အမိန့်ရှိပါဘုရား။

နုပ်။ ။ သံဝေဂဉာဏ်တစ်ခုလောက် ကောင်းကောင်းရှိရင်ပဲ သူတော်ကောင်း ဖြစ်နိုင်ပါတယ်၊ ငါ့အား သေရခြင်းသဘောသည် အမြဲရှိ၏၊ ငါ့အား အသက်ရှင်၍နေရခြင်းသဘောသည် အမြဲမရှိဆိုတဲ့ မရဏာနုဿတိဘာဝနာ အသိလေးလောက် ရှိရင်ပဲ၊ သူတော်ကောင်းတစ်ယောက် ဖြစ်ဖို့ တော်တော်လုံလောက်နေပြီ၊ မရဏာနုဿတိဘာဝနာရှိတဲ့သူမှာ ကောင်းကျိုး(၄)မျိုး ရတယ်။

ကောင်းကျိုးလေးမျိုးက–

၁။ သေခြင်းတရားကို ရဲဝံ့စွာရင်ဆိုင်ရဲတယ်၊

၂။ ကုသိုလ်ကို အချိန်မဆွဲပဲ လုပ်ဖြစ်တယ်၊

၃။ အကုသိုလ်ကို ဘယ်တော့မှ မလုပ်ဖြစ်တော့ဘူး၊

၄။ သေရင်လည်း နတ်ပြည်လောက်တော့ အသာလေးရောက်တယ်။

ရန်ကုန်မြို့ထဲမှာ အမေရိကန်က ပြန်လာတဲ့ ဆရာဝန် လင်မယားနှစ်ယောက် ရှိတယ်၊ ငွေတွေစုလာနိုင်ပြီဆိုတော့ မြန်မာပြည်မှာ အေးအေးဆေးဆေး နေမယ်ဆိုပြီး ပြန်လာကြတာပေါ့၊ အသက်ကတော့ (၆၀) ဝန်းကျင်လောက်ပါ၊ ရန်ကုန်မြို့ထဲက သိန်းငါးထောင်လောက်တန်တဲ့ ခြံနဲ့တိုက်ကို ဝယ်လိုက်တယ်၊ သူတို့က သေခြင်းတရားဆိုတာ အသက် (၇၀) ကျော် (၈၀) လောက်မှ လာတယ်လို့ ယူဆထားတော့ ဘာကုသိုလ်မှ မလုပ်ကြဘူး။

ဒီအချိန်မှာပဲ ဒကာကြီးက လေဖြတ်ပြီး အိပ်ယာထဲလဲလိုက်တာ ဆေးကုလို့ကို မဆုံးဘူး၊ သိန်းပေါင်းရာနဲ့ချီပြီး ကုန်မှ ဆုံးသွားတယ်၊ အဲဒီသောကတွေရော၊ တခြား စိုးရိမ်မှုတွေရော ပေါင်းပြီး

ဒကာမကြီးကလည်း နှလုံးရောဂါဖြစ်လိုက်တာ နိုင်ငံခြားထိ သွားကုရလို့ သိန်းပေါင်းသုံးထောင်ကျော် ကုန်တယ်၊ အခုဆိုရင် တိုက်နဲ့ခြံကိုပါ ပြန်ရောင်းပြီး ဆေးကုနေရရှာတယ်။

ဆရာဝန်တွေကတော့ မရတော့ဘူးတဲ့၊ သူ့ခမျာတော့ အသက်ရှင်မယ်၊ ရောဂါပျောက်မယ်ထင်လို့ ငွေနဲ့စက်ပြီး ကုနေရှာတုန်းပဲ၊ ဒီစာရေးနေချိန်မှာတော့ ဆုံးလောက်ပါပြီ၊ သူတို့နဲ့ပတ်သက်ပြီး ဒီဒဿနလေးကိုလည်း မှတ်လိုက်ဦးပေါ့။

လူမိုက်သည် လူ့ဘဝခန္ဓာကို ကာမဂုဏ် ခံစားဖို့အတွက် အသုံးချ၍ အပါယ်သို့ သွားသည်။

လူလိမ္မာသည် လူ့ဘဝခန္ဓာကို ကုသိုလ်ရဖို့အတွက် အသုံးချ၍ နိဗ္ဗာန်သို့ သွားသည်။

ဒီဒဿနအပေါ်ပိုင်းအရ ဒီဆရာဝန်လင်မယားဟာ လူ့ဘဝကို ကာမဂုဏ်ခံစားဖို့အတွက်ပဲ အသုံးချသွားကြတာပဲ ကုသိုလ်ရဖို့အတွက် အသုံးချမသွားနိုင်ကြဘူး၊ တကယ်တော့ (၃၁) ဘုံ မှာ–

လူ့ဘုံတစ်ခုပဲ ဒါန၊ သီလ၊ ဘာဝနာကုသိုလ် တရားတွေကို တင်းပြည့်ကျပ်ပြည့် ဆည်းပူးလို့ ရတယ်၊ အပါယ်လေးဘုံကျတော့ ဆင်းရဲဒုက္ခတွေ များလွန်းအားကြီးလို့ ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကုသိုလ်တရားတွေကို ဆည်းပူးလို့ မရဘူး၊ နတ် ပြည်၊ ဗြဟ္မာ့ပြည်ကျတော့လည်း ချမ်းသာတွေ များလွန်းလို့ ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကုသိုလ်တရားတွေကို တင်းပြည့် ကျပ်ပြည့် ဆည်းပူးလို့ မရပြန်ဘူး၊ ဥပမာ– နတ်ပြည် ဆိုရင် အလှူခံမရှိလို့ ဒါနပါရမီဖြည့်ဆည်းလို့ မရတာမျိုးပေါ့၊

ဒါ့ကြောင့် ဘုရားအလောင်းတော်များ နတ်ပြည် ရောက်ရင် သက်တမ်းပြည့် မနေဘူး၊ မြန်မြန် စုတေပြီး လူ့ဘဝကို ပြန်သွား ပါရမီဖြည့်တယ်၊ နတ်ပြည် ဆိုတာ လူ့ဘဝက ရှာဖွေစုဆောင်းခဲ့တဲ့ ကုသိုလ်တ ရားတွေကို သုံးစွဲတဲ့ဘုံပဲ၊ ကုသိုလ်အသစ်တိုးစရာ အကြောင်း သိပ်မရှိဘူး။

ဒီအချက်ကို သေချာသိထားတဲ့ သူတော်ကောင်းကြီးတွေဟာ လူ့ဘဝနေရသခိုက် ကုသိုလ်ကိုပဲ အဓိကထားပြီး ပြုလုပ်တယ်၊ အာရုံငါးပါးခံစားတာကိုတော့ ခရီးသွားဟန်လွှဲ သာမညလောက်ပဲ သဘောထားတယ်၊ သူတော်ကောင်းမာတ် နည်းသူတွေကတော့ အာရုံငါးပါးခံစားရဖို့ကို အဓိကထားပြီး ကုသိုလ်အလုပ်ကျတော့ သာမန်ပဲ သဘောထားတယ်။

လယ်တီဆရာတော်ဘုရားကြီးဆိုရင် မြန်မာပြည် တစ်ပြည် လုံး သာမက ကမ္ဘာကပါ သိတယ်၊ အင်္ဂလန်က မစ္စတာရိုင်းစ်ဒေး ဗစ်ဟာ ပိဋကတ်သုံးပုံကို အင်္ဂလိပ်ဘာသာပြန်ပြီး ကမ္ဘာကို ဖြန့်တယ်၊ သူ့ရည်ရွယ်ချက်က ဗုဒ္ဓဘာသာ ကမ္ဘာကို ပြန့်ဖို့အတွက် မဟုတ် ဘူး၊ သူ လေးစားကြည်ညိုကိုးကွယ်တဲ့ သမ္မာကျမ်းစာက ပိဋကတ် တော်တွေထက် ပိုပြီး ကောင်းတယ်၊ အနှစ်သာရ ရှိတယ်ဆိုတာကို တစ်ကမ္ဘာလုံးက လူတွေ ယှဉ်ဖတ်ပြီး သိစေချင် လို့တဲ့။

နောက်တော့ ပိဋကတ်တော်တွေကို အင်္ဂလိပ်ဘာသာပြန်ရင်း ပဲ သူကိုယ်တိုင် ဗုဒ္ဓဘာသာ ဖြစ်သွားတယ်၊ သူတို့ ပါဠိတော်တွေ ကို အင်္ဂလိပ်ဘာသာပြန်တဲ့အခါ ဝိနည်းနဲ့သုတ္တန်ကဆိုလိုတဲ့ အဓိ–

ပွါယ်တွေ သူ့တို့သေချာနားလည် ခံစားလို့ရတယ်၊ အဘိဓမ္မာကျ တော့ သူတို့ဘာသာ သာ ပြန်နေရတယ် တစ်လုံးမှ နားလည် ခံစားလို့ မရတော့ဘူး။

အဲဒီမှာတင် လယ်တီဆရာတော်ကြီးထံ လှမ်းအကူအညီ တောင်းလို့ ဆရာတော်ကြီးက အဘိဓမ္မာပိဋကတ်ထဲက ခက်ဆစ် အဓိပ္ပါယ်တွေကို ပါဠိဘာသာနဲ့ရေးပြီး ပို့ပေးရတယ်၊ အဲဒီကျမှ သူတို့ဟာ အဘိဓမ္မာကို အောင်မြင်အောင် အင်္ဂလိပ်ဘာသာပြန် နိုင်သွားတယ်၊ အဲဒီလို ထင်ရှားကျော်ကြားတဲ့ လယ်တီဆရာတော် ကြီးဟာ မုံရွာမြို့က လယ်တီစာသင်တိုက်မှာ သီတင်းသုံးနေထိုင် ကြတဲ့ သံဃာတော်အပါးတစ်ရာခန့် သောက်ဖို့၊ သုံးဖို့၊ ကုဋီသုံးဖို့ ရေတွေကို ညအခါမှာ တစ်ပါးတည်းနဲ့ခပ်ဖြည့်တော်မူတယ်။

မုံရွာမြို့ပေါ်က ကျောင်းတိုက်ပေါင်းနှစ်ဆယ်ကျော်အတွက် သောက်ရေတစ်အိုးစီ တစ်ရက်အိုးနှစ်ဆယ်ကို နေ့စဉ်ထမ်းပိုးပြီး လှူတော်မူတယ်၊ တစ်ရက် တစ်နှစ်သာ လှူတာမဟုတ်ဘူး၊ နှစ် ပေါင်း(၂၀) မပျက်မကွက် လှူတော်မူတာပါ၊ အလှူခံတဲ့ကျောင်း က ဆရာတော်များက အားနာလို့ ဆက်မလှူဖို့လျှောက်တဲ့အခါ ဆရာတော်ကြီး ပြန်ပြောတာက–

"အရှင်ဘုရားတို့ တပည့်တော်ဟာ သံသရာ အဆက် ဆက်က ဒီခန္ဓာကြီးကို သားကျွန်၊ မယားကျွန်ဘဝနဲ့ အသုံးချခဲ့တာ များပါပြီ၊ ဒီတစ်ဘဝတော့ သံဃာ့ကျွန် ခံပါရစေ၊ တပည့်တော်က ဒီခန္ဓာကြီးကို အငှားနွားလို သဘောထားပါတယ်၊ တစ်ချို့ ဆင်းရဲ တဲ့ လယ်သမားတွေဟာ သူတစ်ပါးဆီက ခိုင်းနွားကို အခပေးပြီး ငှားရပါတယ်၊ ပိုက်ဆံ ပေးငှားရတဲ့နွားကို တန်အောင်မခိုင်းရင်

ကိုယ်ရှုံးပါတယ်–

ထို့အတူ ဒီခန္ဓာကြီးကိုလည်း မဟာကုသိုလ်စိတ်လို့ ခေါ်တဲ့ အခကြေးငွေပေးပြီး သေမင်းဆီက ခဏငှားထားတာပါ၊ ကုသိုလ်တွေ တန်အောင်မလုပ်ရသေးပဲ သေမင်းဆီ ပြန်အပ်ရရင် ကိုယ်ရှုံးပါတယ်၊ ဒါန, သီလ, ဘာဝနာဆိုတဲ့ ကုသိုလ်တရားတွေ အများကြီးလုပ်ပြီးမှ သေမင်းဆီ ပြန်အပ်ရရင်တော့ ကိုယ့်အတွက် တန်ပါတယ်"တဲ့။

သန်း။ ။ ကောင်းလိုက်တဲ့ စကားလေးဘုရား၊ တပည့်တော်တို့လည်း ဒီခန္ဓာကြီးကို တန်အောင် ကုသိုလ်အလုပ်တွေ ခိုင်းဖို့ ကတိပေးပါတယ်ဘုရား။

နုပ်။ ။ သာဓုခေါ်ပါတယ်ကွာ၊ တစ်ခါတော့ လယ်တီတိုက်ထဲက ရဟန်းတစ်ပါးဟာ ကာလဝမ်းရောဂါဖြစ်ပြီး အိပ်ယာထဲ လဲနေတယ်၊ ကာလဝမ်းရောဂါဟာ မြန်မြန် ကူးစပ်တတ်တာရယ်၊ အိပ်ယာထဲမှာ မနိုင်မနင်းသွားထားတဲ့ မစင်တွေရယ်၊ ဒီနှစ်ချက်ကို အကြောင်းပြုပြီး ရဟန်းတော်လေးကို ပြုစုမယ့်လူ မရှိဘူးဖြစ်နေတယ်။

ဒီအကြောင်းကို လယ်တီဆရာတော်လည်း သိရော ချက်ခြင်း သွားပြီးပြုစုတယ်၊ တခြားအချက်တွေကို ပြည့်စုံအောင် ပြုစုနိုင် ပေမယ့် အနံ့တအားဆိုးနေတဲ့ ကာလဝမ်းတွေ ပေကျံနေတဲ့ ဂိလာနကိုယ်တော်ရဲ့ သင်္ကန်းတွေ ဖွတ်လျှော်ခါနီးကျတော့ ပါးစပ်က ပျို့ပျို့တက်လာသတဲ့၊ ဒါနဲ့ အာဇာနည်ယောကျာ်းဖြစ်တဲ့ ဆရာတော်ဟာ သင်္ကန်းမှာ ပေကျံနေတဲ့ မစင်တွေကို လက်နဲ့ကြုံးယူပြီး မိမိတစ်ကိုယ်လုံးကို သုတ်လိမ်းပစ်

လိုက်တယ်။

အဲဒီလို လုပ်လိုက်မှပဲ ရှိရှာတဲ့စိတ်ပျောက်သွားတယ်လို့ ဆိုတယ်၊ ဒီကုသိုလ်တွေဟာ ဆရာတော်ကြီးကို ဒီဘဝမှာတင် ကောင်းကျိုးပေးတယ်၊ တစ်ခါတော့ ဟင်္သာတနယ်မှာ မကြုံစဖူး မိုးခေါင်လို့ လယ်ယာတွေ ပျက်စီးတော့မလို ဖြစ်သွားတယ်၊ ဒီအခါမှာ ဘာသာခြားဖြစ်တဲ့ အင်္ဂလိပ်ဘုရင်ခံကိုယ်တိုင်က မိုးရွာချင်ရင် လယ်တီဆရာတော်ကြီးကို ပင့်ပါလို့ ပြောသတဲ့။

ဒါကြောင့် မြို့သူမြို့သားတွေဟာ လယ်တီဆရာတော်ကို သင်္ဘောနဲ့ပင့်ကြတယ်၊ လယ်တီဆရာတော်ဟာ နှစ်ပေါင်း နှစ်ဆယ် ရေလှူခဲ့တဲ့ကုသိုလ်တွေကို တစ်လမ်းလုံး ဆင်ခြင်လာတယ်။ ဒီကုသိုလ်အဖို့ကိုလည်း မိုးနတ်သား၊ လေနတ်သားနှင့် တကွ မြင်အပ်မမြင်အပ် သတ္တဝါအားလုံးကို အမျှပေးဝေတယ်။ ငါးရံ့မင်းပရိတ်ကိုလည်း ရွတ်တယ်။

ဆရာတော် စီးလာတဲ့သင်္ဘောကြီး ဟင်္သာတဆိပ်ကမ်းကပ်ပြီး ဟင်္သာတမြေကို ခြေချလိုက်တာနဲ့ မိုးကြီးရွာချလိုက်တာ အားလုံး တအံ့တသြ ဖြစ်ကြရတယ်၊ စစ်ကိုင်းက ဝါးချက်မင်းကျောင်းဆရာတော်ကြီးဆိုတာ ပေါ်ခဲ့ဖူးတယ်၊ ဒီဆရာတော်ကြီးလည်း လူ့ဘဝခန္ဓာကို ကုသိုလ်ရဖို့အတွက် တစ်သက်လုံး အသုံးချသွားတာပဲ။

ဆရာတော်ကြီးဟာ ရောဝတီမြစ်ထဲ ရေချိုးဆင်းတဲ့အခါ ဆောင်းလရာသီဆိုရင် မြစ်ထဲက ထင်းတွေ သစ်မြစ်တွေကို လိုက်ဆယ်ပြီး တနင့်တပိုးကြီး ထမ်းယူလာတယ်၊ ကျောင်းကသံဃာတွေ မီးလှုံလို့ ရအောင်တဲ့၊ နွေအခါဆိုရင်တော့ မြစ်စပ်က သဲတွေ

ကြုံးပြီး ကေသီကြီးနဲ့ထုတ်ပြီး ထမ်းလာတာပဲ၊ သံဃာတော်တွေ ကျောင်းဝိုင်းထဲမှာ စကြံလျှောက်လို့ အဆင်ပြေအောင် သဲခင်းပေးဖို့တဲ့။

ရသမျှလာဘ်လာဘမှန်သမျှကို ကျောင်းက ကြမ်းပြင်မှာ ဒီတိုင်း ပုံထားလိုက်တာပဲ၊ ဘယ်သူ လာသုံးသုံး ဘာမှမပြောဘူး တဲ့။

သန်း။ ။ဒီလိုပုံပြီး ယူချင်တဲ့လူယူဆိုပြီး လှူတာ ရည်ရွယ်ချက်တစ်ခုခုတော့ ရှိမယ် ထင်တယ် ဆရာတော်။

နုပ်။ ။ ရှိတာပေါ့ကွ၊ သံဃိကဒါနဖြစ်အောင်လို့တဲ့ ဘယ်သူဘယ်ဝါရယ်လို့ ခေါ်ပေးရင် ပုဂ္ဂလိကဒါနလို့ ဆရာတော်ကြီးက အမိန့်ရှိတယ်။

အလောဘစေတ်= ပေးကမ်းစွန့်ကြဲခြင်းဟာ သူ တော်ကောင်းလို့ သိစေတဲ့ အလံတံခွန်ဖြစ်သလို၊ လောဘစေတ်= ရယူပိုင်ဆိုင်ဖို့ချည်း ကြိုးစားနေတာကျတော့ မသူတော်လို့သိစေတဲ့ အလံတံခွန်ပဲပေါ့။

တစ်ခါတော့ ဆရာတော်ကြီးကျောင်းက ကိုယ်တော်လေးတစ်ပါးဟာ ဝမ်းရောဂါဖြစ်ပြီး အိပ်ယာထဲ လဲတယ်၊ တခြားကိုယ်တော်တွေ မပြုစုရဲတာကို သိသွားတဲ့ ဆရာတော်ကြီးဟာ ဘယ်သူ့ကိုမှ အပြစ်ပြောမနေပဲ ကိုယ်တိုင်သွားပြီး ပြုစုတယ်၊ ဒါ့ကြောင့် တရုတ်ပညာရှိကြီးကွန်ဖြူးရှပ်က ပြောခဲ့တာနေမှာပေါ့–

နောက်ဖေးလမ်းကြားကြီးကလည်း မှောင်လိုက်တာ ကွာလို့ ငြီးငြူအပြစ်တင်နေမယ့်အစား ဖယောင်းတိုင် တစ်တိုင် ထွန်းပေးလိုက်တာက ပိုကောင်းပါတယ်–တဲ့။

အခုဆရာတော်ကြီးကလည်း ဖယောင်းတိုင်တစ်တိုင် ထွန်းပေးလိုက်တာပါပဲ၊ နောက်တော့ ကိုယ်တော်လေးဟာ ပြုစုနေတဲ့

ကြားက ပျံလွန်တော်မူသွားရှာတယ်၊ ဒီအခါ ဆရာတော်က တခြား ကိုယ်တော်တွေ၊ ဒကာ, ဒကာမတွေ အလုပ်ပျက်မှာစိုးလို့ အလောင်းကောင်ကို ပုခုံးပေါ် ထမ်းပြီး ဆရာတော်တစ်ပါးတည်းနဲ့ သင်္ဂြိုဟ်လိုက်တယ်။

တကယ့်သူတော်ကောင်းမှန်သမျှဟာ သူတစ်ပါး အတွက် အလုပ် အရှုပ်ခံ၊ အချိန်ကုန်ခံပြီး ပြုစုယုယကြပေမယ့် မိမိအတွက်ကျတော့ သူတစ်ပါးတွေ အလုပ်ရှုပ်မှာ အချိန်ကုန်မှာကို သိပ်စိုးရိမ်ကြတယ်။

အခု ဝါးချက်ဆရာတော်ကြီးကို ကြည့်၊ သူတစ်ပါးအလောင်းကိုတောင် ထမ်းပိုးသင်္ဂြိုဟ်ပေးခဲ့တဲ့ ဆရာတော်ကြီးဟာ သူ့အလှည့်ကျတော့ ဘယ်သူ့ကိုမှ အလုပ်ရှုပ်မခံဘူး၊ ဆရာတော်ကြီးအိုပြီး ပျံလွန်တော်မူရမယ့်အချိန်ရောက်တော့ ဘယ်သူမှ လာမပြုစုရမီ ကျောင်းက ပျောက်သွားတယ်၊ ဟာ ဒကာ, ဒကာမတွေ တပည့်တွေဆိုတာ လိုက်ရှာလိုက်ကြတာ ဒေါင်းတောက်နေတာပဲ။

သုံးလေးရက်ထိရှာလို့ မတွေ့ဘူး ဖြစ်နေကြတယ်၊ အားလုံးရှာဖို့ လက်လျှော့လိုက်တဲ့အချိန်ကျမှ နွားကျောင်းသားတစ်ယောက်က ဆရာတော်ကြီးကို သချိုင်းတစ်ခုထဲမှာ တွေ့ခဲ့ရတယ်ဆိုလို့ အပြေးအလွှား လိုက်သွားကြတော့ ခြုံပုတ်တွေ ပိတ်ဖုံးနေတဲ့ မြေပုံတစ်ခုဘေးမှာ ဆရာတော်ကြီးလဲနေတာကို တွေ့ရတယ်။

တပည့်တွေဟာ စိတ်မကောင်းကြီးစွာနဲ့ ဆရာတော်ကြီးကို ကျောင်းပေါ် ပြန်သယ်ယူကြတယ်၊ သချိုင်းထဲကို တစ်ပါးတည်း ဘာဖြစ်လို့ ထွက်သွားသလဲလို့ မေးတဲ့အခါ ပျံတော်မူရင် စျာပနကိစ္စတွေနဲ့ တပည့်တွေ တရားအလုပ် စာပေအလုပ် စီးပွားရေး

အလုပ်တွေ ပျက်မှာစိုးလို့ ကိုယ့်မသာ ကိုယ်ချတာပါတဲ့။

သန်း။ ။အံ့သြကြည်ညိုစရာပါပဲ ဆရာတော်။

နုပ်။ ။ ကြည်ညိုတယ်ဆိုရင် သူတော်ကောင်းကြီးတွေလို ဖြစ်အောင်ကျင့်ဖို့လိုတယ်နော်။

သန်း။ ။ကျင့်ပါမယ်ဘုရား၊ ဒီလောက်လေ့လာထားတယ်ဆိုတော့ ဆရာတော်လည်း သူတော်ကောင်းကြီးတွေကို တော်တော်ကြည်ညိုနေတယ်ဆိုတာ သိသာပါတယ်၊ ဆရာတော်ရဲ့သူတော်ကောင်းဆန် တဲ့ ကိုယ်တွေ့ဖြစ်ရပ်လေးတွေကို သိချင်ပါသေးတယ်ဘုရား။

နုပ်။ ။ ငါဟာ ငယ်စဉ်ကတည်းက အသာစံခြင်းနဲ့အနာခံခြင်း နှစ်မျိုးမှာ အနာခံတဲ့ဖက်ကချည်း နေခဲ့တယ်၊ ငါရှစ်နှစ်သားအရွယ်လောက် တုန်းကပေါ့၊ ငါတို့ရပ်ကွက် ဘုရားပွဲမှာ ဇာတ်ပါတယ်၊ တစ်နှစ်မှ တစ်ခါကြည့်ရတာဆိုတော့ ရပ်ကွက်ထဲရှိ လူကုန်နီးပါး ပွဲကြည့် ကြတာပဲ၊ ငါက ဇာတ်တို့၊ အငြိမ့်တို့ ကြည့်ရတာကို သိပ်ဝါသနာ ပါတာ။

အဲဒီနှစ်က ငါတို့အမေဟာ ဘုရားပွဲရက်အတွင်း နေထိုင်မကောင်း ဖြစ်တယ်၊ ညရောက်တော့ သားသမီးတွေ အားလုံး ပွဲကြည့်သွားကြဖို့ ပြင်နေကြချိန်မှာ အမေဟာ သားသမီးတွေကို ပွဲလည်း ကြည့်စေချင်တယ်၊ သူနေမကောင်း ဖြစ်နေတာဆိုတော့ သူ့နားမှာလည်း တစ်ယောက်လောက် နေခဲ့စေချင်တယ်။

ဒါပေမယ့် နေခဲ့လို့အပြောခံရသူဟာ ပွဲမကြည့်ရတော့လို့ သူ့ ကိုယ်သူ ကံအဆိုးဆုံးလူလို့ တွက်ပြီး စိတ်ဆင်းရဲမှာ သေချာတယ်၊ ဒါ့ကြောင့် ဘယ်သူနေခဲ့လို့ ထုတ်မပြောပဲ၊ အမေ့နားမှာ တစ်ယောက်လောက်နေခဲ့ရင်တော့ ကောင်းမယ်လို့ပဲ ပြောတယ်၊ အ

မေ့ကို သနားလို့ နေချင်သူရှိရင်လည်း နေနိုင်တယ်၊ နေချင်သူ မရှိရင်လည်း အားလုံးသွားနိုင်တယ်လို့ ဆိုလိုတာပါပဲ။

ညီအစ်ကိုမောင်နှမငါးယောက်မှာ ငါတစ်ယောက်ပဲ နေခဲ့တယ်၊ အမေ့ရဲ့ချီးကျူးစကားလေးကို ငါခုထိ မှတ်မိတယ်၊ ငါ့သား ကမှ တကယ့်သူတော်ကောင်းလေးတဲ့၊ တကယ်တော့ ငါလည်းပဲ ပွဲသိပ်ကြည့်ချင်တာပေါ့၊ ဒါပေမယ့် ပွဲကြည့်ချင်တဲ့လောဘစိတ်ကို အမေ့ကို သနားတဲ့ကရုဏာစိတ်က နိုင်သွားလို့ အမေ့နားမှာ နှစ်ရက်လုံး ပွဲမကြည့်ပဲ စောင့်ရှောက်ပြုစုခဲ့တာပါ။

တောင်သာမြို့ ကျောင်းသစ်ကျောင်းစာသင်တိုက်ကို ရောက်တော့လည်း ကိုရင်ဆိုတော့ ဟင်းခွက်တွေ, ကနုတ်တွေကို အလှည့်နဲ့ဆေးရတယ်၊ သံဃာ(၇၀)ကျော် ဘုဉ်းပေးထားတဲ့ ဟင်းခွက်တွေဟာ ဘယ်နည်းမလဲ၊ အဲဒါကို ကိုရင်ငါးပါးစီ တွဲပြီး အလှည့်နဲ့ ဆေးကြောရတယ်၊ ကျန်တဲ့ လေးပါးက တွက်ကပ်တယ်၊ တစ်ယောက် ခွက်ငါးဆယ်စီ ဆေးရမယ်ဆိုရင် သူတို့က ဆယ်ခွက်စီလောက် ဝတ်ကျေတန်းကျေ ဆေးပြီး ကျန်တဲ့ခွက်တွေ ငါ့နားမှာ ထားပစ်ခဲ့ကြတယ်။

တစ်ချို့က အနာခံပြီး အေးအေးနေတဲ့သူကို အ,တယ်လို့ ထင်တတ်ကြတယ်၊ တစ်ချို့သူတော်ကောင်းတွေဟာ ကိုယ့်အပေါ် ကလိမ်ကကျစ်လုပ်မှန်း သိတာတောင် မပြောရက်လို့ ပြောမထွက်ကြဘူး၊ အဲဒါကိုပဲ တစ်ချို့လူလည်တွေက အ,တယ်လို့ ထင်ကြ တာ၊ ငါကတော့ ပိုဆေးတော့ ပိုကုသိုလ်ရတယ်လို့ သဘောထား ပြီး အကုန်ဆေးပစ်လိုက်တာပဲ။

အညာဒေသဆိုတော့ တောင်သာမှာ ရေရှားတယ်၊ ဒါ့ကြောင့်

ကုဋ္ဌိမှာ ရေမသုံးနိုင်ဘူး၊ ဝါးခြမ်းလေးတွေကို ချောအောင်သပ်ထားတဲ့ ကနုတံကိုပဲ သုံးတယ်၊ ကနုတံအဟောင်းတွေကို ရေနဲ့စိမ်ထားပြီး နူးလောက်တဲ့အခါ ပွတ်သပ်ဆေးကြောကြရတယ်၊ ဒီအခါမှာ လည်း လူလည်ကျတဲ့ကိုယ်တော်တွေက မဆေးချင်သလို၊ ဆေး ချင်သလို လုပ်နေတဲ့အချိန်မှာ ငါကတော့ စိတ်ပါလက်ပါ ဆေး ပစ်လိုက်တာပဲ။

၂၀၀၆– ခုနှစ် တစ်လပိုင်းလောက်တုန်းက မော်လမြိုင်ကျွန်းမြို့ကို သုံးထပ်သင်္ဘောကြီးနဲ့ တရားဟောကြွရတယ်၊ ပထမတန်းအိပ်ခန်းမှာ အိမ်သာပါပေမယ့်၊ ဒုတိယခန်းမှာတော့ အိမ်သာမပါဘူး၊ ဒါ့ကြောင့် အပေါ့အပါး သွားရအောင် အိမ်သာသွားလိုက်တာနဲ့ အနိဋ္ဌာရုံတစ်ခုကို တွေ့ရတယ်။

ရေပြတ်သွားတဲ့အတွက် အိမ်သာရှစ်ခန်းလုံးမှာ မစင်တွေနဲ့ ပြည့်နေတယ်၊ ဦးတဲ့သူက ဖြစ်သလိုသွားပြီး ရေမရှိတော့ ဒီတိုင်းထားပစ်ခဲ့ကြတာပေါ့၊ နောက်လူတွေ အကုန်ဒုက္ခရောက်ကုန် တယ်၊ အိမ်သာရှစ်ခန်းကို လာဖွင့်ကြည့်လိုက် 'ဟင်'ဆိုပြီး ပြန် ထွက်သွားလိုက်နဲ့ လူရော ရဟန်းရော အတော်များတယ်။

ဒီသင်္ဘောကြီးပေါ်မှာ လူသုံးရာကျော် ရဟန်းသံဃာသုံးဆယ်ကျော်လောက် ပါတယ်၊ ဒါပေမယ့် ဘယ်သူမှ အိမ်သာကို ဆေးကြောသန့်စင်ဖို့ စိတ်မကူးမိကြဘူး၊ အဲဒါဘာ့ကြောင့်လဲဆိုရင် မာနကိလေသာကြောင့်ပဲ၊ ငါကတော့ ချက်ခြင်းပဲ ကြိုးတပ်ထား တဲ့ ရေပုံးနဲ့မြစ်ထဲက ရေတွေကို ခပ်ပြီး အိမ်သာထဲက အညစ်အကြေးတွေကို ဆေးကြောပေးလိုက်တယ်။

ပြီးခါနီးလောက်မှာ ငါးဝါလောက်သာ ရှိဦးမယ့် ရဟန်းတစ်

ပါးလည်း ဝိုင်းကူပြီး လုပ်ပေးတာကို တွေ့ရတယ်၊ ငါက သူဌေးပဲ, ငါက အရာရှိပဲ, ငါက နိုင်ငံကျော်ဆရာတော်ပဲ၊ ဒီလို အလုပ်မျိုး လုပ်စရာမလိုဘူးလို့ တွေးတာဟာ မာနကိလေသာ ကြောင့်ပဲ၊ မာန ကိလေသာဟာ အင်မတန် ထုထည်ကြီးမားတယ်၊ အင်မတန် နယ် ကျယ်တယ်။

ဒါ့ကြောင့် ဒီမာနကိလေသာကို မဂ်လေးပါးက လေးစိတ်,စိတ် ပြီး တစ်စိတ်စီခွဲသတ်မှ ကုန်တယ်၊ အနာဂါမ်ထိ မာနကိလေသာ လေးပုံပုံ တစ်ပုံကျန်သေးတယ်၊ ပြခဲ့တဲ့ ဆရာတော်ကြီးတွေ သူ များမလုပ်ချင်တဲ့ ဝေယျာဝစ္စတွေ လုပ်တယ်ဆိုတာ မာနကိလေ– သာကို သတ်နေကြတာပါ။

မာနရဲ့ပင်ကိုယ်က ထောင်လွှားတက်ကြွခြင်း သ ဘော ရှိပေမယ့် သူ့ကိုလက်ခံထားသူမှန်သမျှကို ဘဝ တိုင်း ယုတ်နိမ့်တဲ့အမျိုးဝမ်းထဲ ပို့ပေးတတ်တယ်၊ ဂါရဝ, နိဝါ တရဲ့ ပင်ကိုယ်က အောက်ကျနောက်ကျ သဘောရှိပေ မယ့် သူ့ကိုလက်ခံထားသူမှန်သမျှကို ဘဝတိုင်း မြင့်မြတ် တဲ့ အမျိုးဝမ်းထဲ ပို့ပေးတတ်တယ်။

တစ်ချို့က ကိုယ့်ထက်အသက်သိက္ခာ၊ ဂုဏ်ဝါကြီးတဲ့ပုဂ္ဂိုလ် တွေကို အရိုအသေပေးရရင် ရှိခိုးရရင် ကိုယ့်မှာ ကုန်သွားတယ်လို့ ထင်နေတတ်ကြတယ်၊ အမှန်က ရှိခိုးသူက ဖြစ်ရာဘဝမှာ အ သက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာခြင်း, ခွန်အားဗလကြီး မားခြင်းဆိုတဲ့ အကျိုးလေးမျိုးကို ရသွားတာ၊ အရှိခိုးခံရသူ အရို အသေအပြုခံရသူက ဘာမှ ရမသွားပါဘူး။

ရှိခိုးခံထိုက်သော၊ အရိုအသေအပြုခံထိုက်သော သီလ, သမာ

မိ, ပညာမရှိရင် အပြစ်ဖြစ်ပြီး အပါယ်တောင် ကျလိုက်ရသေးတယ်၊ ဒါ့ကြောင့် ရှိခိုးတိုင်း ကိုယ်ကရတာဖြစ်တဲ့အတွက် ရှိခိုးရမှာကို ဝန်လေးစရာ မလိုဘူး၊ ဥပရိပဏ္ဏာသပါဠိတော် စူဠကမ္မဝိဘင်သုတ်မှာ သုဘလုလင်က ဗုဒ္ဓကို မေးလျှောက်တယ်။

လူချင်းတူပါလျက် တစ်ချို့က အမျိုးယုတ်ပြီး တစ်ချို့က အမျိုးမြတ်တာ ဘာကြောင့်ပါလဲတဲ့၊ ဗုဒ္ဓဖြေဆိုတော်မူတာက မာနကြီး သူဖြစ်ရာဘဝမှာ အမျိုးယုတ်ပြီး၊ မာနကင်းပြီး ဂါရဝ, နိဝါတရှိသူ ဖြစ်ရာဘဝမှာ အမျိုးမြတ်ပါသတဲ့၊ ဗုဒ္ဓလက်ထက်တော်က သုပ္ပိယ လို့ အမည်ရှိတဲ့ အမျိုးသားတစ်ဦးဟာ ရဟန္တာဖြစ်ရမယ့် ပစ္ဆိမဘဝ မှာတောင် သချိုင်းထဲက သုဘရာဇာမျိုးမှာ သွားဖြစ်ရရှာတယ်။

သန်း။ ။ မာနဟာ တော်တော်ကြောက်စရာ ကောင်းပါလားဆရာတော်။

နုပ်။ ။ အေး ဒါကြောင့် မာနကိလေသာကုန်ချင်ရင် သူတစ်ပါးမလုပ်ချင်တဲ့ ဝေယျာဝစ္စကို ရွေးလုပ်ပေါ့၊ အဲဒီလို လုပ်ခဲ့တဲ့အတွက် ဒီဘဝမှာတင် ကြီးပွားချမ်းသာသွားတဲ့ မိသားစုတစ်စုကို မြင်ဖူးတယ်၊ သူတို့က လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက်မှာ နေထိုင်ကြတယ်၊ ကိုတင်စိုး+မမြင့်ကြည်လို့ ခေါ်တယ်၊ အဲဒီအချိန် (၁၉၇၉)တုန်းက ငါ ကြံခင်း ပရိယတ္တိစာသင်တိုက်မှာ စာချနေချိန်ပေါ့။

တို့ကျောင်းတိုက်ကို လိုသမျှ ပစ္စည်းလေးပါး ပင်တိုင်လှူနေတဲ့ အိမ်ကို တစ်ကျောင်းလုံးက လွယ်လွယ်ကူကူ သဘော်သားအိမ်လို့ပဲ ခေါ်ကြတယ်၊ ဒီအချိန် ကိုတင်စိုးက နိုင်ငံခြားသဘော်သား ဖြစ်နေတာကိုး၊ မမြင့်ကြည်က ငါ့ကို ပြောပြတယ်၊ သူတို့အခုလို တိုက်နဲ့ကားနဲ့နေရတာဟာ သူတစ်ပါး မလုပ်ချင်တဲ့

ဝေယျာဝစ္စကို လုပ်ခဲ့တဲ့ ကောင်းကျိုးပါပဲတဲ့။

အရင်တုန်းက မမြင့်ကြည်တို့ဟာ တောနယ်တစ်နယ်ကပဲ၊ ရွာဦးကျောင်းက သံဃာတွေသုံးတဲ့ ကုဋီတွေ, ဥပုသ်သည်တွေ သုံးတဲ့ အိမ်သာတွေကို သူတို့မိသားစုဟာ အပါတ်စဉ် ဆေးကြော သန့်စင်ကြတယ်၊ နောက်သူတို့ မိသားစု ရန်ကုန်တက်ကြတော့မယ်ဆိုတော့ ရွာဦးကျောင်းဆရာတော်ကြီးက ပြောလိုက်သတဲ့။

မြင့်ကြည် နင်တို့မိသားစုတွေဟာ သူတစ်ပါးမလုပ်ချင်တဲ့ ဝေယျာဝစ္စကို လုပ်တဲ့အတွက် ရန်ကုန်ရောက်တဲ့အခါ သူတစ်ပါးမနေနိုင်တဲ့ တိုက်နဲ့နေရမယ်၊ သူတစ်ပါးမစီးနိုင်တဲ့ကားကို စီးရမယ်တဲ့၊ ဒီအချိန်တုန်းက မမြင့်ကြည်က အပျို အိမ်ထောင်မကျသေးဘူး။

ရန်ကုန်ရောက်တော့ ဒီလိုပဲ ရှန်းကန်လှုပ်ရှားရင်း ကိုတင်စိုးနဲ့အကြောင်းပါကြတယ်၊ ကိုတင်စိုးဟာ မမြင့်ကြည်နဲ့ရပြီးမှ ဘာပိုက်ဆံမှမကုန်ပဲ သဘော်သား ဖြစ်ခဲ့ရတာပဲ၊ ဒါ့ကြောင့် ရွာကဆရာတော်ကြီးပြောတာ မှန်ကြောင်း မမြင့်ကြည်က ငါ့ကို လျှောက်တယ်။

သန်း။ ။တပည့်တော်လည်း သူတစ်ပါးမလုပ်ချင်တဲ့ ဝေယျာဝစ္စကို လုပ်ပါတော့မယ်ဘုရား။

နုပ်။ ။ သာဓုပါကွာ၊ ကဲ- နောက်အပါတ်မှ ဒုက္ခသစ္စာအကျယ်ကို ဆက်ကြတာပေါ့။

## သမာဓိသုံးမျိုး

စိတ္တဝိသုဒ္ဓိမည်သော ဤသမာဓိသည် ဥပစာရသမာဓိ၊ အပ္ပနာ သမာဓိ၊ ခဏိကသမာဓိအားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် သမထ ဘာဝနာကို အားထုတ်သောပုဂ္ဂိုလ်တို့အား ရှုမှုတို့၏ အကြား အကြား၌ ဝင်၍ ဖြစ်တတ်သည့် ကြံစည်မှု နီဝရဏတို့မှကင်းစင်သော အခါ၌ ပဋိဘာဂနိမိတ်ကို ဖြစ်စေ၊ အထူးသန့်ရှင်းစွာဖြစ်သော ဘုရားဂုဏ် စသည်ကို ဖြစ်စေ အာရုံပြုလျက် တစပ်တည်းဖြစ်ပေါ်သော သမာဓိသည် **ဥပစာရ သမာဓိ** မည်၏။ အပ္ပနာစျာန်၏ အနီး၌ဖြစ်သော သမာဓိဟု ဆိုလိုသည်။

စတုက္ကနည်းအရ လေးပါး၊ ပဉ္စကနည်းအရ ငါးပါးပြားသော ရူပ စျာန်နှင့်အရူပစျာန် လေးပါးတည်းဟူသော သမာပတ်ရှစ်ပါး၊ ကိုးပါးသည် **အပ္ပနာသမာဓိ** မည်၏။ ကသိုဏ်းစသော အာရုံထဲ၌ ဝင်ရောက်နေသကဲ့ သို့ မတုန်မလှုပ် တည်ကြည်သော သမာဓိဟု ဆိုလိုသည်။

ဝိပဿနာဘာဝနာကို အားထုတ်သောပုဂ္ဂိုလ်တို့အား သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတို့ ထက်သန်ညီမျှသော အခါ၌ ရှုမှတ်မှုချည်းသာ တစပ်တည်း ဆက်စပ်လျက် စင်ကြယ်စွာဖြစ်၏။ ထိုထိုအာရုံကို ကြံစည်မှု နီဝရဏတို့သည် အကြားအကြား၌ ဝင်၍ မဖြစ်ကုန်ပြီ။ ထိုသို့သော ကာလ ၌ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ရုပ်နာမ်အာရုံ၌ တည်ကြည်စူးစိုက်သော သမာဓိ သည် ထက်သန်ထင်ရှားစွာ ဖြစ်၏။ ဤသမာဓိသည် **ခဏိကသမာဓိ** မည်၏။ ရှုမှတ်သောစိတ် အခိုက်အတန့်မျှ တည်ကြည်စူးစိုက်သော သမာဓိ ဟု ဆိုလိုသည်။

## သမထယာနိက၏ စိတ္တဝိသုဒ္ဓိ

ဤသမာဓိသုံးမျိုးတို့တွင် ဥပစာရသမာဓိ၌ ဖြစ်စေ၊ အပ္ပနာသမာဓိ ၌ ဖြစ်စေ တည်၍ ဝိပဿနာရှုသောသူသည် သမထယာနိကပုဂ္ဂိုလ် မည် ၏။ သမထ

လျှင် သွားကြောင်းရှိသောပုဂ္ဂိုလ်၊ သမထယာဉ်ဖြင့် မဂ်ဖိုလ် နိဗ္ဗာန်သို့ သွားသောပုဂ္ဂိုလ်ဟု ဆိုလိုသည်။ သို့ဖြစ်၍ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ နှစ်ပါးသည် သမထယာနိကပုဂ္ဂိုလ်၏ မှီရာဖြစ်သော "စိတ္တဝိသုဒ္ဓိ" ပေတည်း။

## ဝိပဿနာယာနိက၏ စိတ္တဝိသုဒ္ဓိ

ဥပစာရ၊ အပ္ပနာသမာဓိနှစ်ပါးကို မမှီမူ၍ သက်သက် ဝိပဿနာ ရှုသောသူသည် သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်မည်၏။ သမထ မဖက်ဘဲ သက်သက် ဝိပဿနာသာလျှင် သွားကြောင်းရှိသောပုဂ္ဂိုလ်၊ ဝိပဿနာယာဉ် သက်သက်ဖြင့်သာလျှင် မဂ်ဖိုလ်နိဗ္ဗာန်သို့ သွားသောပုဂ္ဂိုလ်ဟု ဆိုလိုသည်။ သို့ဖြစ်၍ ခဏိကသမာဓိသည်သာလျှင် သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်၏ မှီရာဖြစ်သော "စိတ္တဝိသုဒ္ဓိ"ပေတည်း။

(မဟာစည်ဆရာတော်၏ 'ဝိပဿနာရှုနည်းကျမ်း' ပထမတွဲ ၇၅–၇၆–၇၇)

(မှတ်ချက်)။။ မဟာစည်၊ ကသစ်ဝိုင်၊ လယ်တီ၊ ပ,သုံးလုံး၊ သစ္စဒီပက၊ ပခုက္ကူဝိပဿနာတို့သည် ဝိပဿနာယာနိကနည်းများ ဖြစ်၏။ သောမနဿုပေက္ခာဒီပနီကို ဖတ်လျှင် လယ်တီဆရာ–တော်၏ ဝိပဿနာယာနိကနည်းကို သိနိုင်သည်။

အခန်း ၄၃

## ဒုက္ခသစ္စာအကျယ်

ဒွါရခြောက်ပါး၌ ထင်တိုင်း ဖြစ်တိုင်းသော ရုပ်နာမ်တို့ကို မရှုမှတ်လျှင် ရုပ်နာမ်ဟူ၍လည်း မသိ၊ အကြောင်းနှင့် အကျိုးမျှ ဟူ၍လည်း မသိ၊ အနိစ္စ, ဒုက္ခ, အနတ္တဟူ၍လည်း မသိ၊ ဤသို့ မသိခြင်းကြောင့် မသိအပ်သော ထိုအာရုံ၌လည်းကောင်း၊ အလားတူ အာရုံဝတ္ထု တို့၌လည်းကောင်း နှစ်သက်သာယာမှု၊ လိုချင်တောင့်တ မှု ဖြစ်၏။ ထင်တိုင်း ဖြစ်တိုင်းသော ရုပ်နာမ်ကို ရှုမှတ်လျှင်ကား ရုပ်နာမ်ဟူ၍လည်း သိ၏။ အကြောင်းနှင့် အကျိုးမျှ ဟူ၍လည်း သိ၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူ၍လည်း သိ၏။ ဤသို့ သိခြင်းကြောင့် သိအပ်သော ထိုအာရုံ၌လည်း ကောင်း၊ အလားတူ အာရုံဝတ္ထုတို့၌လည်းကောင်း နှစ်သက်သာ ယာမှု၊ လိုချင် တောင့်တမှု ကင်း၏။

ဤသို့ နှစ်သက်လိုချင်မှုမှ ထွက်သွားစေ၊ ကင်းစေနိုင်

သောကြောင့် ဝိပဿနာကုသိုလ်သည် "နေက္ခမ္မ"မည်၏။ နေက္ခမ္မ မည်သော ဤဝိပဿနာဖြင့် အရိယာတို့သည် ထွက်မြောက်ကြကုန်၏။ ဝိပဿနာကို အဆင့်ဆင့် ပွားစေလျက် မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြု၍ ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကြသည်ဟု ဆိုလို၏။ ဤသို့ ထွက်မြောက်ကြောင်း ဖြစ်သောကြောင့် ဝိပဿနာကုသိုလ်သည် အရိယာတို့၏ "နိယျာန" မည်၏။ အရိယာတို့၏ ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကြောင်းတရားဟု ဆိုလို၏။

နှစ်သက်ခင်မင် လိုချင်တောင့်တမှု ကာမစ္ဆန္ဒသည်ကား ထိုဝိပဿနာကို တားမြစ်ပိတ်ဆို့ တတ်သောကြောင့် "နိယျာနာဝရဏ" မည်၏။ တားမြစ်ပိတ်ဆို့ပုံ ကားယခုဘဝ၌ ချမ်းသာရန် အတွက် ကိုယ့်ကိစ္စ သူ့ကိစ္စ လင့်ကိစ္စ မယားကိစ္စ သားသမီးကိစ္စ ဆွေမျိုး မိတ်ဆွေကိစ္စ တပည့်ဒယကာကိစ္စ ဆရာသမားကိစ္စ စသည်ဖြင့် မရေတွက်နိုင်အောင် များစွာသော ပြုဖွယ် ကိစ္စတို့သည် ပုဂ္ဂိုလ်တိုင်းမှာ ရှိကြကုန်၏။ ဤကိစ္စ အလုံးစုံကို ချမ်းသာချင်သော ကာမစ္ဆန္ဒက ဖွင့်လှစ်၏။ ဤကိစ္စတို့နှင့် စပ်၍ အမျိုးမျိုး အထွေထွေ ကြံစည် အားထုတ်ရ၏။ မရသေးသည်ကို ရှာရ၏။ ရပြီးသည်ကို သာယာသိမ်းပိုက်လျက် စောင့်ရှောက်ရ၏။ ထို့ကြောင့် အားလပ် သောအချိန်ကိုပင် မရနိုင်ကြချေ။ ဝိပဿနာ အားထုတ် ရန် စိတ်ကူးပင် မထည့်နိုင်ကြချေ။

စိတ်ကူးမိသော်လည်း တကယ်တမ်း အားမထုတ် နိုင်ကြချေ။ အယုတ်ဆုံးအားဖြင့် စိတ်ကို စောင့်ထိန်းခြင်း မရှိဘဲ စိတ်ကူးချင်တိုင်း လွတ်လပ်စွာ စိတ်ကူးနေရသည်ကိုလည်း သာယာနေ တတ်ကြ၏။ အလိုရှိတိုင်း ပြောဆိုနိုင်၊ သွားလာနေထိုင်နိုင်သည်

တို့ကိုလည်း သာယာနေတတ်ကြ၏။ ဤသာယာမှု များကြောင့် တရားအားထုတ်မည် ကြံလျှင် လက်ရှိ ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာ ကလေးများ ပျက်သွားမည်ကို စိုးရိမ်ကြ ပေ၏။ ထို့ကြောင့် အား မထုတ်နိုင်ဘဲ ရှိကြ၏။ အားမထုတ်နိုင်ခြင်းကြောင့် မိမိတို့သန္တာန်၌ ဝိပဿနာ မဖြစ်၊ ထို့ကြောင့် ဝိပဿနာဟူသည်မှာ ဘယ်လိုတရား ပဲဟု ကိုယ်ပိုင်ဉာဏ်ဖြင့် မသိနိုင်ကြကုန်။ ဝိပဿနာဟူသော နိယျာနတရားကို မရသော သူတိုင်းပင် ဝဋ္ဋဆင်းရဲမှ မထွက် မြောက်နိုင်ကြကုန်။

ဤသို့ မထွက်မြောက်နိုင်ရာ၌ အကြောင်းရင်းကို ရှာလျှင် ချမ်းသာကောင်းစားရန် သာယာတောင့်တမှု ကာမစ္ဆန္ဒကြောင့် ပင်ဟု ထင်ရှားတွေ့ရ၏။ သို့ဖြစ်၍ ကာမစ္ဆန္ဒသည်ပင် ဝိပဿနာ ဖြစ်ခွင့် မရအောင် တားမြစ် ပိတ်ဆို့နေသည်။ ဆင်းရဲမှ မထွက် အောင် ဆီးတား ပိတ်ဆို့နေသည်ဟု သိအပ်၏။ နောင်ဘဝသံ သရာ၌ ချမ်းသာ ကောင်းစားလိုသော ကာမစ္ဆန္ဒကြောင့် ဝိပဿနာ ကို အားမထုတ် နိုင်သည်လည်း ရှိသေး၏။ ဤသည်ကား ဝိပဿနာ နိယျာနကို အလျဉ်းမဖြစ်နိုင်အောင် တားမြစ် ပိတ်ဆို့ပုံတည်း။

အားထုတ်ဆဲကာလ၌လည်း ရှုမှတ်မှုတို့၏ အကြား၌ ဖြစ်ပေါ်လျက် ဤကာမစ္ဆန္ဒသည် ဝိပဿနာ ကို တားမြစ်တတ် သေး၏။ တားမြစ်ပုံကား ကာမအာရုံ တို့ကို ကြံစည်တောင့်တ လျက် အားမထုတ်မီကကဲ့သို့ ကြမ်းတမ်းစွာလည်း ဖြစ်ပေါ်တတ် ၏။ အားထုတ်မှု နှင့်စပ်၍ နူးညံ့စွာလည်း ဖြစ်ပေါ်တတ်၏။ အဘယ်သို့ နည်းဟူမူ–

ရှုမှတ်၍ ကောင်းသည်ကို သာယာတတ်၏။

အာရုံအထူး ထင်လာသည်ကို သာယာတတ်၏။
သာယာ၍ အဖန်ဖန် စဉ်းစားဆင်ခြင်နေတတ်၏။
မှတ်၍ကောင်းသည်ကို ပြောချင်တတ်၏။
ရင်းနှီးသူကို အားထုတ်စေချင်တတ်၏။
မှတ်၍ ကောင်းမည်ကို မျှော်တတ်၏။
ဉာဏ်အထူးများကို မျှော်တတ်၏။
မဂ်ဖိုလ်နိဗ္ဗာန်ကို မျှော်တတ်၏။

ဤအရာ၌ မဂ်ဖိုလ်နိဗ္ဗာန်ကို တောင့်တသည်မှာ တဏှာ မဟုတ် ကုသိုလ်ဆန္ဒသာတည်း။ တဏှာသည်ကား လောကုတ္တ-ရာကို အာရုံမပြုနိုင်ဟု ဆိုကြသေး၏။ ဤသို့ ဆိုရာ၌ ပုထုဇဉ် တို့၏ ကုသိုလ်ဆန္ဒသည်လည်း မဂ်ဖိုလ်နိဗ္ဗာန်အစစ်ကို အာရုံပြုနိုင် သလော၊ အာရုံမပြုနိုင် သလောဟု ဆင်ခြင်အပ်၏။ ပုထုဇဉ်တို့၏ စိတ်တို့တွင် သောတာပတ္တိမဂ်၏ ရှေးအခြားမဲ့၌ ဖြစ်သော ဂေါတြ ဘူစိတ်တစ်ခုသာလျှင် နိဗ္ဗာန်အစစ်ကို အာရုံပြုနိုင်သည်။ ကြွင်း သောစိတ် အလုံးစုံပင် အာရုံမပြုနိုင်။ မဂ်ဖိုလ်အစစ်ကိုကား ပုထုဇဉ်တို့၏ စိတ်သည် ဘယ်အခါမျှ အာရုံမပြုနိုင်ဟု ဤသို့ ကျမ်း ဂန်တို့၌ ဆိုခြင်းကြောင့် ဂေါတြဘူမဟုတ်သော ဆန္ဒသည်လည်း မဂ်ဖိုလ်နိဗ္ဗာန်အစစ်ကို အာရုံမပြုနိုင်သည်သာတည်း။

သို့ဖြစ်၍ ပုထုဇဉ်တို့ မျှော်လင့်တောင့်တအပ်သော မဂ်ဖိုလ်နိဗ္ဗာန်သည် ပရမတ်အစစ် မဟုတ်သေး။ တစ်ဆင့်ကြား အနုမာနစသည်ဖြင့် ယူအပ်သော အမည် ပညတ်မျှ၊ အာကာရ ပညတ်မျှ၊ သဏ္ဌာနပညာမျှသာဟူ၍ သိအပ်၏။ ထိုပညတ်မျှ ဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကိုကား ကုသိုလ်ဆန္ဒက အာရုံပြုနိုင်

သကဲ့သို့ တဏှာကလည်း အာရုံပြုနိုင်၊ တောင့်တနိုင်သည် သာတည်း။

(မဟာစည်ဆရာတော်၏ ဝိပဿနာရှုနည်းကျမ်း ပထမတွဲ၊ ၁၁၁–၁၁၂–၁၁၃)

နုပ်။ ။ ဒီအပါတ် သစ္စာလေးပါးအနက် ၁၆–ချက်ကို ပြမယ်၊ ပြီးရင် ဒုက္ခသစ္စာရဲ့ အကျယ်ကို ဆက်သွားကြတာပေါ့။

သန်း။ ။ မှန်ပါ့၊ အမိန့်ရှိပါဘုရား။

နုပ်။ ။ ပြည်မြို့၊ ကန်တွင်းတိုက် အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် ဩဝါဒစရိယဆရာတော်ကြီး ရေးသားတဲ့ သစ္စာအနက် ၁၆–ချက်ကို အရင် အကျဉ်းချုပ်သိထားရမယ်။ ဒုက္ခသစ္စာရဲ့ အနက်လေးချက်ရဲ့ ခေါင်းစည်းက "ပိ၊ သင်၊ သံ၊ ဝိ၊ စရှိဒုက္ခဋ္ဌာန်" တဲ့၊ ဒုက္ခသစ္စာမှာ–

၁။ ပီဠနဋ္ဌ = အမြဲတစေ နှိပ်စက်ခြင်း။
၂။ သင်္ခတဋ္ဌ = အမြဲတစေ ပြုပြင်နေခြင်း။
၃။ သန္တာပဋ္ဌ = အမြဲတစေ ပူလောင်ခြင်း။
၄။ ဝိပရိဏာမဋ္ဌ = အမြဲတစေ ဖောက်ပြန်နေခြင်း။

ဆိုပြီး အနက်လေးချက် ရှိတယ်၊ "အာ၊ နိ၊ သ၊ ပ၊ သမုဒယဋ္ဌာန်" ဆိုတဲ့ ခေါင်းစီးအတိုင်း သမုဒယသစ္စာမှာ–

၁။ အာယူဟနဋ္ဌ = အမြဲတစေ လိုလားအားထုတ်ခြင်း။
၂။ နိဒါနဋ္ဌ = အမြဲတစေ ဖြစ်ကြောင်းမှန်ခြင်း။
၃။ သံယောဂဋ္ဌ = အမြဲတစေ နှစ်မွန်းစေခြင်း။
၄။ ပလိဗောဓဋ္ဌ = ဖွဲ့စည်း ရစ်ပတ်စေခြင်း။

ဆိုပြီး လေးနက်ရှိတယ်၊ "နိ၊ ဝိ၊ အ၊ အ၊ နိရောဓဋ္ဌံ" ဆိုတဲ့ ခေါင်းစဉ်အတိုင်း နိရောဓသစ္စာမှာ–

၁။ နိဿရဏတ္ထ = လွတ်ငြိမ်းရာဖြစ်ခြင်း။
၂။ ဝိဝေကတ္ထ = ဆိတ်ငြိမ်ရာဖြစ်ခြင်း။
၃။ အသင်္ခတတ္ထ = မပြုမပြင် မစီရင်ရာဖြစ်ခြင်း။
၄။ အမတတ္ထ = မသေရာဖြစ်ခြင်း။

ဆိုပြီး လေးနက်ရှိတယ်၊ "နိ၊ ဟေ၊ ဒ၊ အ၊ မဂ္ဂဋ္ဌာန်" ဆိုတဲ့ ခေါင်းစဉ်အတိုင်း မဂ္ဂသစ္စာမှာ–

၁။ နိယျာနတ္ထ = ပို့ဆောင်ကယ်တင်ခြင်း။
၂။ ဟေတုတ္ထ = ခိုလှုံသက်ဝင်ရာဖြစ်ခြင်း။
၃။ ဒဿနတ္ထ = နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း။
၄။ အဓိပတေယျတ္ထ = အကြီးအမှူးဖြစ်ခြင်း။

ဆိုပြီး လေးနက်ရှိတယ်၊ ကန်တွင်းဆရာတော်ကြီးက ဒုက္ခသစ္စာအနက်လေးချက်ကို–

ပီဠနတ္ထော– စကြဝဠာ၊ ပထဗျာနန္တ၊ ဩကာသဇာတ်၊ လောကဓာတ်၌၊ လူနတ်ဗြဟ္မာ၊ သတ္တဝါဗိုလ်လူ၊ ဟိန္ဒူဂူတို့၊ ပူပန်ညှင်းသတ်၊ နှိပ်စက်တတ်သော "ပီဠနတ္ထအနက်" လည်းကောင်း။

သင်္ခတတ္ထော၊ ဇာတိ, ဇရာ၊ ဗျာဓိ,မရဏ၊ ဒုက္ခညွတ်ကွင်း၊ ဝဋ်လှောင်တွင်းသို့၊ သွတ်သွင်းဆွဲငင်၊ အမြဲယှဉ်၍၊ ပြုပြင်စီရင်တတ်သော "သင်္ခတတ္ထအနက်" လည်းကောင်း။

သန္တာပတ္ထော၊ လူ့ဘုံ နတ်ဘုံ၊ ဗြဟ္မာဘုံဝယ်၊ တွေ့ကြုံဆိုက်ကွဲ၊ ဖြစ်ပျက်မြဲဖြင့်၊ ဆင်းရဲဥဿုံ၊ ဖုံဖုံဆူလျှံ၊ သူရကန်ထက်၊ ပူပန်စေ တတ်သော "သန္တာပတ္ထအနက်" လည်းကောင်း။

ဝိပရိဏာမတ္ထော၊ ဥပါဒ်ဖြစ်မှီ၊ ဌီဝယ်တည်ခိုက်၊ ဘင်၌ပျက်ပြုန်း၊ သုံးအင်ခဏငယ်၊ ချုပ်ကွယ်ကင်းပျောက်၊ ဖောက်ပြန်တတ်သော "ဝိပရိ–

ဏာမတ္တအနက်" လည်းကောင်း။

လို့ အကျယ်ချဲ့ပြတယ်၊ သမုဒယသစ္စာအနက် လေးချက်ကိုလည်း–

အာယူဟနတ္ထော၊ ရေမြှုပ်ရေပွက်၊ ခဏတက်သည့်၊ တစ်သက်တစ်လျှာ၊ တစ်ဘဝတာဟု၊ ခန္ဓာဥပါဒ်၊ ဖြစ်ပေါ်လတ်သည်၊ လူနတ်ရိပ်ငြိမ်၊ စည်းစိမ်ဘုံနန်း၊ အခန်းခန်းကို၊ ချမ်းသာတင်စား၊ အမြင်မှား၍၊ လိုလားအားထုတ်တတ်သော "အာယူဟနတ္ထအနက်" လည်းကောင်း။

နိဒါနတ္ထော၊ သံသရာစက်၊ ဝဲဂယက်၌၊ ဆက်ကာဆက်ကာ၊ မွန့်ရှည်စွာဖြင့်၊ ခန္ဓာချုပ်ပြောင်း၊ ဒုက္ခပေါင်းတို့၊ ဖြစ်ကြောင်းမှန်သည့် "နိဒါနတ္ထအနက်" လည်းကောင်း။

သံယောဂတ္ထော–တေဘုမ္မက၊ ဝဋ္ဋဒုက္ခ၌၊ လျှောကျသက်ဝင်၊ ဖက်ယှဉ်နှစ်မွန်းစေတတ်သော သံယောဂတ္ထအနက်လည်းကောင်း။

ပလိဗောဓတ္ထော၊ ကံကိလေသ၊ ဝိပါကညွတ်၊ သုံးပါးဝဋ္ဋမှ၊ မလွတ်ရအောင်၊ ချုပ်နှောင်ပိတ်ထီး၊ ဖွဲ့စည်းရစ်ပတ်တတ်သော "ပလိဗောဓတ္ထအနက်"လည်းကောင်း။

လို့ အကျယ်ချဲ့ပြတယ်၊ နိရောဓသစ္စာအနက် လေးချက်ကိုလည်း–

နိဿရဏတ္ထော၊ ရာဂဒေါသ၊ မောဟထူပြီး၊ ဆယ့်တစ်မီးဖြင့်၊ ငြီးငြီးပြောင်ရှိန်၊ ဝဋ္ဋနှောင်အိမ်မှ၊ ချုပ်ငြိမ်းအေးရာ၊ လွတ်ငြိမ်းရာဖြစ်သော "နိဿရဏတ္ထအနက်" လည်းကောင်း။

ဝိဝေကတ္ထော၊ ဆင်းရဲခပ်သိမ်း၊ ချုပ်ငြိမ်းရာဖြစ်သော ဝိဝေကတ္ထအနက်လည်းကောင်း။

အသင်္ခတတ္ထော၊ ကံအာဟာရ၊ စိတ္တဥတု၊ ကြောင်းလေးခုကို၊ မပြုမပြင်၊ မစီရင်အပ်သော "အသင်္ခတတ္ထအနက်" လည်းကောင်း။

အမတတ္ထော၊ အမတနာမ် အမတရုပ်၊ မချုပ်မပျောက်၊ မဖောက်

မပြန်၊ မြဲမှန်တည်နေ၊ မသေရာဖြစ်သော "အမတတ္ထအနက်"လည်း ကောင်း။

လို့ ချဲ့ပြတယ်။ မဂ္ဂသစ္စာအနက်လေးချက်ကိုလည်း–

နိယျာနတ္ထော၊ သံသရာမှာ၊ မှန်စွာလွတ်အောင်၊ နိဗ္ဗာန်ဘောင်သို့ ပို့ဆောင်ကယ်တင်တတ်သော "နိယျာနတ္ထအနက်" လည်းကောင်း။

ဟေတုတ္ထော၊ မဂ်အင်္ဂါ၊ စက်ယာဥ်သာဖြင့်၊ အမတာရိပ်မြုံ၊ နိဗ္ဗာန်ဘုံသို့၊ ခိုလှုံသက်ဝင်ကြောင်းဖြစ်သော "ဟေတုတ္ထအနက်" လည်းကောင်း။

ဒဿနတ္ထော၊ သန္တိသုခ၊ နိဝါနဓာတ်၊ နိဗ္ဗာန်မြတ်ကို၊ တပ်အပ်ထင်ထင်၊ မျက်မှောက်မြင်တတ်သော "ဒဿနတ္ထအနက်" လည်းကောင်း။

အဓိပတေယျတ္ထော၊ မိမိနှင့်လျှင်၊ စပ်ယှဥ်ဖြစ်ပွား၊ မင်းတရားတို့၏၊ ရှေ့သွားဦးစီး၊ အကြီးအကဲဖြစ်သော "အဓိပတေယျတ္ထအနက်" လည်းကောင်း။

လို့ အကျယ်ချဲ့ပြတယ်။

အဲဒီ သစ္စာလေးပါးထဲမှာ ဒုက္ခသစ္စာကို သိအောင်လုပ်ဖို့ရာဟာ အရေးအကြီးဆုံးပဲ၊ ခန္ဓာငါးပါးကို "ဆင်းရဲ" လို့ သိသွားရင် မလိုချင်တော့ဘူး၊ မလိုချင်ဘူးဆိုတာ သမုဒယသစ္စာတဏှာကို ပယ်သတ်လိုက်တာပဲ၊ ဓမ္မစကြာမှာ ဒုက္ခ(၈)မျိုးကို ပြထားတယ်။ အဲဒီရှစ်မျိုးက–

## ဆင်းရဲရှစ်မျိုး

ဇာတိ = ဘဝသစ်၌ ဖြစ်ရခြင်းဆင်းရဲ၊ သို့မဟုတ် ပဋိသန္ဓေ နေရခြင်း ဆင်းရဲ။

ဇရာ = အိုရခြင်းဆင်းရဲ။

မရဏ = သေရခြင်းဆင်းရဲ။

အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော= မချစ်မနှစ်သက်သူနှင့် ပေါင်းသင်း

ရခြင်းဆင်းရဲ။

ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော = ချစ်ခင်နှစ်သက်သူနှင့် ခွဲခွာကွေကွင်း ရခြင်းဆင်းရဲ။

ယံ ပိစ္ဆံ နလဘတိ၊ တမ္ပိ ဒုက္ခံ = လိုချင်တာမရသော ဆင်းရဲ။

သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ= အစွဲအလန်း ဥပါဒါန်နှင့် တကွဖြစ်သော ခန္ဓာငါးပါး ဖြစ်ရခြင်းဆင်းရဲ။

တို့ပဲ။ ဒီရှစ်မျိုးထဲမှာ ပဋိသန္ဓေနေရ ခြင်းဆင်းရဲကိုပဲ လေးမျိုး ထပ်ခွဲထားသေးတယ်။

၁။ အသူတစ်ရာနက်တဲ့ ချောက်ကြီးတစ်ခုထဲ ကျရောက်သကဲ့သို့ မိခင်ဝမ်းမှာ ပဋိသန္ဓေနေရခြင်း ဆင်းရဲ။

၂။ မိခင်ဝမ်းမှာ ဆယ်လကြာ ကိန်းအောင်းရခြင်း ဆင်းရဲ။

၃။ မိခင်ဝမ်းထဲက ပိုးများ၏ ဖျက်ဆီးမှုကြောင့်လည်းကောင်း၊ မိခင်၏ အနေအထိုင် မတတ်မှုကြောင့်လည်းကောင်း၊ သန္ဓေပျက် ဆေးများ ဒဏ်ကြောင့်လည်းကောင်း၊ သန္ဓေပျက်စီးရခြင်း ဆင်းရဲ။

၄။ ဆင်းရဲပင်ပန်းစွာ မိခင်ဝမ်းမှ မွေးဖွားရခြင်း ဆင်းရဲ။

တို့ပဲ၊ ဒီနေရာမှာ မင်းတို့ငါတို့တတွေ မိခင်ဝမ်းထဲမှာ ဘယ်လောက် ဆင်းဆင်းရဲရဲ နေရတယ်ဆိုတာကို ပေါ်လွင်အောင် ပြောဦးမယ်၊ မင်းတို့ ငါတို့ ဒီလို ခန္ဓာကိုယ် အတ္တဘောကြီး ဖြစ်လာအောင် ကလလရေကြည်လို့ ခေါ်တဲ့ ကလာပ်သုံးစည်း ရုပ်ပေါင်း ၃၀–ကနေ တဖြည်းဖြည်းခြင်း စဖြစ်ရတာ။

သန်း။ ။ ရှေ့မှာ ဆရာတော် အမိန့်ရှိခဲ့တုန်းက ရုပ်ခါတ် ၂၈–ပါး မဟုတ်လား ဘုရား။ အခု ဘယ်ရုပ်တွေ တိုးလို့ ၃၀–ပါး ဖြစ်သွားတာလဲ

ဘုရား။

နုပ်။ ။ ဘယ်ရုပ်မှ ထပ်မတိုးဘူးကွ၊ ရုပ်တွေမှာ တူရာတူရာ ဖွဲ့ထားတဲ့ အလေ့အထ ရှိတယ်၊ အဲဒါကို ကလာပ်စည်းလို့ ခေါ်တယ်၊ မိခင်ဝမ်းမှာ ပဋိသန္ဓေ တည်တည်ချင်း ရုပ်ကလာပ်သုံးစည်း ချက်ချင်း ဖြစ်တယ်၊ မိခင်ဟာ ရာသီပန်းပွင့်ပြီးစ သားအိမ် စင်ကြယ်ဆဲအခါ ဖြစ်ရမယ်၊ မိခင်လောင်းနဲ့ ဖခင်လောင်းတို့ ပျော်ပါးချိန်လည်း ဖြစ်ရမယ်။ မိခင်ဝမ်းမှာ သန္ဓေတည်မယ့် သန္ဓေလောင်းဟာ ဟိုဘက်ဘဝမှ စုတေဆဲလည်း ဖြစ်ရမယ်။

ဒီသုံးချက်ညီတာနဲ့ ပဋိသန္ဓေစိတ်နဲ့ စေတသိက်ရယ်၊ ရုပ်ကလာပ်သုံးစည်းရယ်ဟာ ဇာတိဆိုတဲ့ နာမည်နဲ့ မိခင်ဝမ်းမှာ စဖြစ်ရတာပဲ၊ ရုပ်ကလာပ်သုံးစည်း ဖြစ်လို့ ကလလရေကြည်လို့ပဲ အလွယ်ခေါ်ကြတယ်။

သန်း။ ။ ကလာပ်သုံးစည်း ရုပ်ပေါင်း ၃၀–ဆိုတာကို သေချာသိချင်သေးတယ်ဘုရား။

နုပ်။ ။ ကလာပ်သုံးစည်းက ကာယဒသကကလာပ်၊ ဘာဝဒသကက လာပ်၊ ဝတ္ထုဒသကကလာပ်တို့ပဲ၊ ကိုယ်အကြည်ရုပ် ဦးဆောင်တဲ့ ရုပ်ဆယ်ခု အပေါင်းကို "ကာယဒသကကလာပ်" လို့ ခေါ်တယ်၊ ဘာဝရုပ်အကြည်ဦးဆောင်တဲ့ ရုပ်ဆယ်ခုအပေါင်းကို "ဘာဝဒသကကလာပ်" လို့ခေါ်တယ်၊ ဟဒယဝတ္ထုရုပ် ဦးဆောင်တဲ့ ရုပ် ၁၀–ခုအပေါင်းကို "ဝတ္ထုဒသကကလာပ်" လို့ ခေါ်တယ်။

ယောကျ်ားလို့ သိကြောင်း ရုပ်ကို "ပုရိသဘာဝရုပ်" လို့ ခေါ်ပြီး၊ မိန်းမလို့ သိကြောင်းရုပ်ကိုတော့ "ဣတ္ထိဘာဝရုပ်" လို့ ခေါ်တယ်၊ ပရမတ်သဘောအရ ယောကျ်ားအင်္ဂါကို ပုရိသဘာဝ

ရုပ်လို့ ခေါ်တာ မဟုတ်သလို၊ မိန်းမအင်္ဂါကိုလည်း ဣတ္ထိဘာဝရုပ်လို့ ခေါ်တာ မဟုတ်ဘူး။

ယောကျ်ားလို့ သိကြောင်း ပြောပုံဆိုပုံ၊ သွားပုံလာပုံ၊ နေပုံထိုင်ပုံ အမူအရာသဘောတရားကို ပုရိသဘာဝရုပ်လို့ ခေါ်ပြီး၊ မိန်းမလို့ သိကြောင်း ပြောပုံဆိုပုံ၊ သွားပုံလာပုံ၊ နေပုံထိုင်ပုံ အမူအရာ သဘောတရားကို ဣတ္ထိဘာဝရုပ်လို့ ခေါ်တာပဲ၊ ဒီဘာဝရုပ်တွေဟာ စိုစိုဖတ်ဖတ်ရှိတဲ့နေရာ တစ်ကိုယ်လုံးမှာ ပြန့်နှံ့ပြီး တည်နေတယ်။

အစိုကာယ ရှိသမျှ တစ်ကိုယ်လုံး ပြန့်နှံ့တည်နေတဲ့ရုပ် ၆-မျိုးရှိကြောင်း ဒီလင်္ကာလေးက ပြနေတယ်။

ဘောပသာဒ၊ ဇီဝိတ

သုက္က သွေး သည်းချေ၊

အစိုကာယ၊ ရှိသမျှ၊

မုချပြန့်နှံ့နေတဲ့။ အဓိပ္ပါယ်က-

ဘာဝရုပ်ရယ်၊ ကိုယ်အကြည်ရုပ်ရယ်၊ ဇီဝိတရုပ်ရယ်၊ သုက်ရယ်၊ သွေးရယ်၊ သည်းချေရယ် ဒီခြောက်မျိုးဟာ အစိုဓာတ်ရှိတဲ့ တစ်ကိုယ်လုံးမှာ ပြန့်နှံ့ တည်နေတယ်တဲ့၊ လွန်ခဲ့တဲ့ နှစ်၂၀-ကျော်ကျော်လောက်တုန်းက ပထမကြီးတန်း သင်္ဂြိုဟ် မေးခွန်းမှာ အခုလို မေးထားတယ်။

“အမျိုးသမီးတစ်ယောက်ကို သုံးပိုင်း ပိုင်းလိုက်ရင် ဣတ္ထိဘာဝရုပ်ဟာ ဘယ်အပိုင်းမှာ ပါမလဲ”တဲ့၊ စာသင်သား အများစုဟာ သတိမထားမိကြတော့ အလယ်ပိုင်းမှာ ပါတယ်ချည်း ဖြေကြတော့ အကုန်မှားကုန်တာပေါ့၊ ဣတ္ထိဘာဝရုပ်ဆိုတာ အစိုကာယ

တစ်ခုလုံးမှာ ပြန့်နှံ့တည်နေတဲ့ အမှုအယာသဘော တရားရုပ် ဆိုတာကို မတွေးမိတော့ဘဲ မိန်းမအင်္ဂါချည်း ထင်မိလို့ မှားကြတာပါ။

## ကာယဒသကကလာပ်

ကာယဒသကကလာပ်မှာ ပါတဲ့ ရုပ်ဆယ်ပါးက –

| | | |
|---|---|---|
| ကာယပသာဒရုပ် | = | ဖောဋ္ဌဗ္ဗာရုံထင်ရာ ဌာနဖြစ်သော ရုပ်။ |
| ဇီဝိတရုပ် | = | ကျန်ရုပ်များ မပျက်စီးအောင် စောင့် ရှောက်သော ရုပ်(ရုပ်သက်ဟု လည်း ခေါ်ကြသည်။) |
| ပထဝီရုပ် | = | မာသဘော၊ ပျော့သဘော။ |
| အာပေါရုပ် | = | ယိုစည်းသဘော၊ ဖွဲ့စည်းသဘော။ |
| တေဇောရုပ် | = | ပူသဘော၊ အေးသဘော၊ ရင့်ကျက် သဘော။ |
| ဝါယောရုပ် | = | ထောက်ကန်သဘော၊ လှုပ်ရှား သဘော။ |
| ဝဏ္ဏရုပ် | = | မြင်ရသောအဆင်း။ |
| ဂန္ဓရုပ် | = | နံသောအနံ့။ |
| ရသရုပ် | = | အစားအစာ ရသာရုံ။ |
| သြဇာရုပ် | = | အဆီအနှစ်၊ အစေး၊ ရုပ်ဟောင်း ချုပ်သောနေရာတွင် ရုပ်သစ်အစား ထိုးပေးသော သဘောတရား ရုပ် တို့ပဲ။ |

## ဘာဝဒသကကလာပ်

ဘာဝဒသကကလာပ်မှာပါတဲ့ ရုပ်ဆယ်ပါးက ဘာဝရုပ်၊ ဇီဝိ တရုပ်၊ ကျန်တဲ့ အဝိနိဗ္ဘောဂရုပ် ၈–ပါး အတူတူပဲ၊ ဝတ္ထုဒသက ကလာပ်ရုပ်မှာပါတဲ့ ရုပ် ၁၀–ပါးက ဟဒယဝတ္ထုရုပ်၊ ဇီဝိတရုပ်၊ ကျန်ရုပ်ခွတ် ၈–ပါး အတူတူပဲ၊ အဲဒီလို ပါပြီးသား ရုပ်တွေ ပြန်ပြန်ပါလာလို့ ကလာပ်သုံးစည်းဟာ ရုပ်ပေါင်း ၃၀–ဖြစ်နေ တာ၊ တကယ်တော့ ရုပ်ခွတ်ဟာ ၂၈–ပါးက ပိုမလာဘူး။

သန္ဓေတည်စအချိန်မှာ ကလာပ်သုံးစည်း ရုပ်ပေါင်း ၃၀– ဟာ ဘယ်ပမာဏလောက် ရှိတယ်ဆိုတာကို ဋီကာကျော်ကျမ်းက အခုလို ဖွင့်ထားတယ်၊ မွေးခါစ သိုးငယ်ရဲ့ကိုယ်က အမွေး တစ်ပင်ကို နုတ်ယူရမယ်၊ သိုးမွေးဟာ အသေးဆုံး ဖြစ်စေချင်လို့ မွေးခါစ သိုးမွေးကို ယူရတာ၊ အဲဒီသိုးမွေးနဲ့ အင်မတန် ကြည် လင်နေတဲ့ ဆီထဲကို ထိုးစိုက်လိုက်ရမယ်၊ ပြီးတော့ အပေါ် ဆွဲတင် လိုက်ရမယ်။

သန်း။ ။ သိပါပြီ ဘုရား၊ သန္ဓေတည်ခါစ ကလလရေကြည်ဟာ အဲဒီသိုး မွေးမှာ ကပ်ပါလာတဲ့ ဆီစက်ပမာဏလောက်ပဲ ရှိတယ်လို့ ပြော ချင်တာ မဟုတ်လားဘုရား။

နုပ်။ ။ အဲသလောက်ကို မရှိသေးဘူးကွ၊ အဲဒီသိုးမွေးကို သုံးကြိမ် လောက် လှုပ်ခါရမ်းပစ်ပြီးမှ ကျန်နေတဲ့ ဆီစက်ပမာဏလောက်ပဲ ရှိတယ် တဲ့။

သန်း။ ။ ဒါဆိုရင် ဖြုတ်တစ်ကောင်ထက်တောင် ပိုသေးဦးမယ် ထင်တယ် ဘုရား။

နုပ်။ ။ သေးတာပေါ့၊ ရှိတယ်လို့ ပြောရရုံပါပဲကွာ၊ ဒီနေရာမှာ ရုပ်ခွတ်

ရော၊ နာမ်ခေတ်ပါ သဘောတရားမျှသာ ရှိတယ်ဆိုတာ အတော်ကြီးထင်ရှားတယ်၊ ဖြုတ်ရဲ့ ပမာဏထက်တောင် သေးငယ်နေတဲ့ ဒီကလလရေကြည်ထဲမှာ ကလာပ်ကသုံးစည်း၊ ရုပ်က သုံးဆယ်တောင် ပါနေတယ်၊ တူရာ ပေါင်းလိုက်ရင်တော့ ကာယပသာဒ၊ ဘာဝ၊ ဟဒယဝတ္ထု ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဆိုပြီး ရုပ်ခေတ် ၁၂ -ပါး ရှိနေတယ်။

ဒီနေရာမှာ သေချာ ညှာစိုက်ဖို့ လိုတယ်၊ အရင်တုန်းက ကာယပသာဒ ကိုယ်အကြည်ရုပ်ဆိုရင် ခေါင်း၊ လက်၊ ကိုယ်၊ ခြေ၊ အသား၊ အသွေး၊ အရိုး၊ ဆံပင် စတာတွေကို ပြောတာလို့ ထင်ုနမိတတ်တယ်၊ အဲဒါ "ဃန" လို့ ခေါ်တယ်၊ ဃနဆိုတာ အတုံး၊ အလုံး၊ အခဲ၊ အမှုန်၊ အမွှားဆိုတဲ့ ပညတ်ပေါ်မှာ တင်နေတယ်လို့ ပြောတာ။

အနတ္တမြင်မှ နိဗ္ဗာန်ဝင်တာ၊ အဲဒီ အနတ္တကို မမြင်အောင် ဃနကဖုံးထားတယ်။ များသောအားဖြင့် နာမ်တရားထက် ရုပ်တရားအပေါ်မှာ ဃနပိုခံနေတတ်တယ်။ ဘာကြောင့်လဲဆိုတော့— နာမ်တရားမှာက အတုံး အလုံး အခဲဆိုတဲ့ ဃနခံစရာ ပုံသဏ္ဍာန်ပညတ် နကိုယ်ကတည်းက မရှိလို့ပဲ။

အခုပဲ ကြည့်လေ၊ မိခင်ဝမ်းမှာ သန္ဓေတည်တည်ခြင်း၊ ပဋိသန္ဓေစိတ်နဲ့ စေတသိက်ဆိုတဲ့ နာမ်တရားလည်း ကလလရေကြည်ဆိုတဲ့ ရုပ်တရားနဲ့အတူ တစ်ပြိုင်နက် လာဖြစ်တာပဲ။ ဒီနာမ်တရားဟာ ကလလရေကြည်ရုပ်လေးရဲ့ ဘယ်နေရာမှာ ရှိနေတယ်လို့ ပြောလို့မှမရပဲ၊ ရှိတော့ ရှိတယ်။

ဒါပေမယ့် အကောင်အထည်ပြစရာ ပုံသဏ္ဍာန်ပညတ်

မရှိတော့ နာမ်တရားဆိုတာ အာရုံကို သိတတ်တဲ့သဘောတရား လေးပဲ၊ အတိုး အလုံး အခဲ ဘာမှမရှိဘူး ဆိုတာကို ယောဂီရဲ့ ဉာဏ်ထဲမှာ ချက်ခြင်းလက်ခံနိုင်တယ်။ ရုပ်တရားကျတော့ အတုံး အလုံး အခဲလို့ အထင်မှားစရာ ပညတ်ခံနေတော့ အနတ္တဟာ တော်တော်နဲ့မပေါက်ပဲ ဖြစ်နေတတ်တယ်။

ဒါ့ကြောင့် ရုပ်တရားမှာပဲ အနတ္တပေါက်အောင်နည်းမျိုး စုံနဲ့ ပြောပေးရတာ၊ အခု ကလလရေကြည်ရုပ်လေးကိုပဲကြည့် ဖြုတ်ထက်တောင် သေးငယ်သေးတယ်ဆိုတော့ ရှိတယ်လို့ ပြော ရရုံလေးပါပဲ၊ အဲဒီရှိတယ်လို့ ပြောရရုံရုပ်ကလေးထဲမှာကိုပဲ ရုပ် အမျိုးအစား(၁၂)မျိုးတောင် ပါနေတယ်။

ပထမ ကာယပသာဒ ကိုယ်အကြည်ရုပ် ပါတယ်တဲ့၊ ဘယ် ဟာကို ကိုယ်အကြည်ရုပ်လို့ ကိုင်ပြစရာ အလုံးအခဲ ကလလ ရေကြည်ထဲမှာ မပါဘူးလေ၊ ဒါ့ကြောင့် ကိုယ်အကြည် ရုပ်ဆိုတာ အရင်ကထင်ခဲ့သလို ခေါင်း၊ ကိုယ်၊ ခြေ၊ လက်၊ အသွေး အသားစတာတွေ မဟုတ်ဘဲ သဘောတရားမျှပဲရှိတယ် ဆိုတာ အင်မတန် ထင်ရှားသွားတယ်။

ဒုတိယ ဘာဝရုပ်ပါတယ်တဲ့၊ ယောကျ်ားဆိုရင် ပုမ္ဘာဝရုပ် မိန်းမဆိုရင် ဣတ္ထိဘာဝရုပ်ပေါ့၊ အရင်တုန်းကထင်ခဲ့သလို ယောကျ်ားအင်္ဂါဟာ ပုမ္ဘာဝရုပ်၊ မိန်းမအင်္ဂါဟာ ဣတ္ထိဘာဝ ရုပ်ဆိုရင် ဒီကလလရေကြည်ထဲမှာ ဘာအင်္ဂါမှ မပါဘဲ အဲဒီ အယူအဆတိုင်းဆိုရင် ကလလရေကြည်ထဲမှာ ဘာဝရုပ်မပါ သလို ဖြစ်နေမှာပေါ့။

ယောကျ်ား လို့ သိစေတဲ့ အမူအယာ သဘောတရား

လေးကို ပုမ္ဘာဝရုပ်လို့ ခေါ်ပြီး၊ မိန်းမလို့ သိစေတဲ့ အမူအယာ သဘောတရားလေးကို ဣတ္ထိဘာဝရုပ်လို့ ခေါ်တယ်ဆိုတာ ကလလ ရေကြည် ကို ကြည့်မှ ပိုထင်ရှားသွားတယ်၊ ဘာ့ကြောင့်လဲ ဆိုတော့ ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ် လို့ ခွဲခြားယူပြစရာ အလုံးအခဲ၊ အမှုန်အမွှား တစ်ခုမှ မတွေ့ရတဲ့ အတွက်ကြောင့်ပဲ။

တတိယ ကလလရေကြည်ထဲမှာ ဟဒယဝတ္ထုရုပ် ပါတယ်တဲ့၊ အရင်က ဟဒယဝတ္ထုရုပ်လို့ ပြောလိုက်ရင် နှလုံးအိမ် ကိုပြောတာ၊ သို့မဟုတ် နှလုံးအိမ်အတွင်းမှာ ရှိတဲ့ လက်တစ်ဆုပ် စာရှိတဲ့ သွေးကို ပြောတာနဲ့ ပညတ်ပေါ် တင်နေတတ်တယ်၊ အခု ကလလ ရေကြည်ကိုလည်း ကြည့်လိုက်ရော ဟဒယဝတ္ထုလို့ ယူပြစရာ နှလုံးအိမ်လည်း မရှိဘူး၊ နှလုံးသွေးလည်း မရှိဘူး။

ဟဒယဝတ္ထုဆိုတာ ပုံသဏ္ဍာန်ပညတ် အတုံး၊ အလုံး၊ အခဲ၊ အရည်၊ အဖတ်၊ အမှုန်၊ အမွှား တစ်ခုမှ မရှိဘဲ စိတ်ကို မှီဖြစ်ရတဲ့ သဘောတရား ရုပ်ကလေးပဲ ဆိုတာ ကလလ ရေကြည်ကို ကြည့်မှ အလွန်ထင်ရှားသွားတယ်၊ ကျန်တဲ့ ဇီဝိတရုပ်၊ ပထဝီ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာရုပ်တို့ဟာလည်း သဘောတရားမျှပဲ ရှိတယ်၊ ကိုင်ပြစရာ ပုံသဏ္ဍာန် ပညတ်အမှုန်အမွှား တစ်ခုမှ မရှိကြောင်း ထင်ရှား ပါတယ်။

သိုးမွှေးထိပ်ဖျားမှာ ကပ်ပါလာတဲ့ ဆီအကြည်ပမာဏ ကလလရေကြည်ဟာ (၇)ရက်ကြာတယ်၊ (၇) ရက်ပြည့်တဲ့ အခါ ကျတော့ အမြှုပ်အဖြစ် (၇) ရက်ကြာ တည်ပြန်တယ်၊ (၇)ရက် ပြည့်တဲ့ အခါကျတော့ အသားတစ် ပျော့ပျော့လေး အဖြစ် (၇) ရက်တည်ပြန်တယ်၊ (၇)ရက်ပြည့်တဲ့အခါ အစိုင်အခဲ အသားမာ

မာလေးအဖြစ် (၇) ရက်တည်ပြန်တယ်။

(၇)ရက်ပြည့်တဲ့အခါ ခက်မငါးဖြာနဲ့ ပြည့်စုံတဲ့ သန္ဓေသားအဖြစ်ကို ရောက်တယ်၊ ခက်မငါးဖြာဆိုတာ ခေါင်း ရယ်၊ လက်နှစ်ဖက်ရယ်၊ ခြေနှစ်ဖက်ရယ်ကို ပြောတာ၊ အဲဒီ ခက်မငါးဖြာပြည့်စုံစ သန္ဓေသားလေးကို ငါမြင်ဖူးတယ်။

သန်း။ ။ ဆရာတော်က ဘယ်လို မြင်ဖူးတာလဲ ဘုရား။

နုပ်။ ။ တို့ရပ်ကွက်ထဲက အမျိုးသမီးတစ်ယောက် လမ်းမှာ ကလေးပျက်ကျသွားတာကို မြင်ရတာ၊ ကာယကံရှင် အမျိုးသမီးကတော့ ရှက်လို့ ထင်ပါတယ်၊ နောက်ကို ပြန်လှည့်မကြည့်တော့ဘူး၊ လမ်းသွားလမ်းလာတွေ ဝိုင်းကြည့်တာ မြင်ရလို့ ငါလည်း သွားကြည့်ရင်း တွေ့ရတာ။

အသားတစ်ကနေ ဖုလေးငါးခု ထွက်နေတာ သေသေချာချာကို မြင်ရတာ၊ အဲဒီလို မိခင် အနေအထိုင် မတတ်မှုကြောင့်လည်း သန္ဓေသားဟာ ပျက်စီးရတယ်၊ တစ်ချို့ မိခင်တွေ ကျတော့ ဘီလူးဘဝက လာသလား အောက်မေ့ရ တယ်၊ သန္ဓေသားအ ပေါ် မေတ္တာ, ကရုဏာ တစ်စက်မှ မပေါ် ဘူး။

အတော်လေးတော့ ကြာသွားပါပြီ၊ တစ်ခါတော့ သင်္ကန်းကျွန်းမြို့ရဲ့ အစွန်နားက ရေတွင်းပျက် တစ်ခုထဲကို အမျိုးသမီးတစ်ယောက်က ကလေးတစ်ယောက်ကို ပစ်ချသွားတယ်၊ အမှန်ကတော့ ရေတွင်းထဲ ပစ်ချပြီး သတ်လိုက်တာပါ၊ ကလေးက ချက်ချင်း မသေဘဲ တအားအော်ငိုနေသံကြားရလို့ သနားတတ်သူတချို့ကသွားကယ်ကြတယ်။

ကလေးက ကံမကောင်းရှာပါဘူး၊ အပေါ် ရောက်ပြီးတာနဲ့

သေသွားရှာတယ်၊ အပေါ်ယံ ကြည့်ရင်တော့ ကလေးကို သတ်တာ မိခင်ပေါ့၊ တရားသဘောနဲ့ ကြည့်တဲ့အခါ တရားခံအစစ်က မိခင် မဟုတ်ဘူး၊ ဇာတိ၊ ပဋိသန္ဓေကို လိုချင်ခဲ့တဲ့ တဏှာပဲ၊ သန္ဓေသား ဖြစ်လာလို့သာ မိခင်က သတ်လို့ရတာ၊ သန္ဓေသားသာ ဖြစ်မလာရင် မိခင်က ဘယ်လိုလုပ် သတ်လို့ ရမှာလဲ။

ရွှေပြည်သာမှာ စားဝတ်နေရေးနဲ့ ပညာရေးပါမကျန် ငါ ထောက်ပံ့ထားတဲ့ မိန်းကလေးတစ်ယောက်ရှိတယ်၊ ခုမှ(၂၀၀၇) ရှစ်နှစ်သမီးပဲ ရှိသေးတယ်၊ သူဟာ ပြည်နယ်တစ်ခု မှာ မွေးဖွား ခဲ့တာ၊ သူ့ကို မိဘနှစ်ပါးလုံးက မလိုချင်ကြဘူး။

သူ့နာမည်ကို "ချောစု" လို့ခေါ်တယ်၊ ချောစု သန္ဓေတည် တာနဲ့ သူ့မိခင်က သန္ဓေပျက်ဆေးတွေ စားတယ်၊ ချောစုရဲ့ ကုသိုလ် အားက ကောင်းလေတော့ မသေဘူး၊ တဖြည်းဖြည်း သန္ဓေရင့် လာလိုက်တာ ကိုယ်ဝန်တောင် ထွက်လာတယ်၊ ကိုယ်ဝန်တော်တော် ရင့်လာမှ သူ့မိခင်ဟာ လက်သယ်ခေါ်ပြီး နင်းချေသတ်တယ်။

ဒါလည်း ချောစုက မသေဘူး၊ သူ့အမေသာ သွေးလွန်ပြီး သတိလစ်သွားလို့ ဆေးရုံကို အရေးပေါ် လူနာအဖြစ် တင်လိုက်ရ တယ်၊ ဆေးရုံရောက်တော့ ခွဲစိတ်မယ့် ဆရာဝန်က တစ်သက်ပဲ ရမယ်၊ ကလေးအသက်ယူမလား၊ လူကြီးအသက် ယူမလားဆို တော့ အားလုံးက လူကြီးအသက် ယူမယ်တဲ့။

ဒီတော့ ဆရာဝန်က ချောစုကို အသေ၊ မိခင်ကို အရှင် ထားပြီး ခွဲစိတ်တယ်၊ ဒါပေမယ့် တကယ်သေသွားတာက ချောစု ရဲ့ အမေပါ၊ လောကမှာ တုပလို့ မရတဲ့အရာ လေးမျိုးရှိတယ်–

အသံကောင်းတာရယ်၊

ဉာဏ်ကောင်းတာရယ်၊

ကံကောင်းတာရယ်၊

ဆံပင်ကောင်းတာရယ်

တို့ပဲ၊ အခုလည်း ချောစုရဲ့ လူ့ဘဝမှာ နေခွင့်ရမယ့် ကုသိုလ်ကို လူတစ်စုက လာတုပကြတယ်၊ နောက်ဆုံးတော့ သူတို့ပဲ ရှုံးသွားကြတယ်၊ ပုထုဇဉ်တွေဟာ သူတစ်ပါး အပြစ်ကိုသာ မြင်တတ်ကြတာ၊ ကိုယ့်အပြစ်ကိုယ်ကျတော့ မြင်တတ် ကြတာ မဟုတ်ဘူး၊ ဒါ့ကြောင့် ချောစုလေးကြောင့် မိခင်ဖြစ်သူ သေရတာ ဆိုပြီး ချောစုကို ဆေးရုံပေါ် မှာ ဒီအတိုင်း ပစ်ထားခဲ့ကြတယ်။

သန္ဓေပျက်ဆေးတွေဒဏ်၊ နင်းချတဲ့ ဒဏ်တွေကြောင့် ချောစုရဲ့ ခြေထောက်နှစ်ချောင်းလုံး ပျက်စီးသွားလို့ ဒုက္ခိတဘဝ ကို ရောက်သွားရှာတယ်၊ သူ့ရဲ့ ကြီးတော်တစ်ယောက်က စီးပွား ဉစ္စာဆင်းရဲပေမယ့် သူတော်ကောင်းစိတ်ကတော့ ချမ်းသာတယ်။

ဒါ့ကြောင့် အပြစ်ကင်းတဲ့ ချောစုလေးကို မွေးစားမယ်ဆို ပြီး ရွှေပြည်သာရောက်အောင် ခေါ် လာတယ်၊ သူ့ကြီးတော်ဟာ ကိုယ်ပိုင်အိမ်တောင် ရှိတာမဟုတ်ဘူး၊ သူတစ်ပါး ခြံထဲမှာ တဲထိုး ပြီး နေရတာ၊ အခုဆိုရင် "သူရဇ္ဇမဂ္ဂဇင်း" လစဉ် ထုတ်ဆောင်းပါး နှစ်ပုဒ်ပါတယ်၊ တစ်လကို စာမူခ တစ်သောင်း ရတယ်၊ ဒီလစဉ်ရတဲ့ ငွေတစ်သောင်းကို ချောစုလေးကို ထောက်ပံ့ပေးနေတာ၊ သူရဇ္ဇ မဂ္ဂဇင်းမှာ စာမူ စပါကတည်းက ဆိုတော့ ငါးနှစ်ကျော် တောင်ရှိ သွားပြီ၊ နောက်အပါတ်မှ ဇာတိလို့ ခေါ် တဲ့ ပဋိသန္ဓေ နေခြင်း ဒုက္ခကို ဆက်ပြောတော့မယ်။

အာရုံကို အစပြု၍ ဆင်ခြင်သော မနောဒွါရာဝဇ္ဇန်း စိတ်နှင့်တကွ ဈေးဘဝင်စိတ်တို့သည် "မနောဒွါရာဝဇ္ဇန်း" မည်ကုန်၏။ ဟဒယ ဝတ္ထုခေါ် နှလုံးရုပ်သည်လည်း ထို အာဝဇ္ဇန်း၊ ဘဝင်တို့၏ မှီရာဖြစ်သောကြောင့် ဌာနျူပစာအားဖြင့် "မနောဒွါရ" မည်၏။ ပသာဒရုပ်ငါးပါး၊ အာပေါဓာတ်၊ ဣတ္ထိဘာဝရုပ်–မိန်းမဖြစ်ကြောင်း မျိုးစေ့ရုပ်၊ ပုမ္ဘာဝ–ယောကျ်ား ဖြစ်ကြောင်း မျိုးစေ့ရုပ်၊ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရ–အဆီအစေး ဩဇာ ရုပ်ဟူသော ဤသမ္မသနုပဂ သုခုမရုပ် ၆–ပါး၊ လောကီစိတ်၊ လောကုတ္တရာစေတသိက်–ဤရုပ်၊ စိတ်၊ စေတ သိက်တို့သည် ဝိပဿနာရှုအပ်သော "ဓမ္မာရုံ" မည်ကုန်၏။

(မဟာစည်ဆရာတော်၏ ဝိပဿနာရှုနည်းကျမ်း ပ၊ နှာ–၃၅၄)

ဖြစ်ခိုက်ရုပ်နာမ်တို့ကို ရှုမှတ်ရုံမျှဖြင့် ဝိပဿနာကုသိုလ် ဖြစ်လေသလော၊ မဖြစ်လေသလော စသည်ဖြင့် ယုံမှား တွေးတောခြင်းသည် "ဝိစိကိစ္ဆာ" မည်၏။ ဤဝိစိကိစ္ဆာသည် အလွန်ဆိုးရွားသော တရားပေတည်း။ မိမိမှာ ဖြစ်ပေါ်လာလျှင် ဝိစိကိစ္ဆာဟုပင် မသိနိုင်ဘဲ ရှိတတ်၏။ နှစ်ဘက်စလုံး၌ မျှမျှတတ စုံစမ်းဆင်ခြင်သော အသိဉာဏ်ဟူ၍သာ ထင်မှတ် တတ်ကြ၏။ ယုံမှားမှုက ဉာဏ်ယောင်ဆောင်၍ လှည်းစားခြင်း ပင်တည်း။

ဝိစိကိစ္ဆာသည် ဘုရား၊ တရား၊ သံဃာ သိက္ခာ သုံးပါး အတိတ်ခန္ဓာ၊ အနာဂတ်ခန္ဓာ၊ ပစ္စုပ္ပန်ခန္ဓာ၊ ပဋိစ္စသမုပ္ပါဒ် ဤဌာန ရှစ်ပါးတို့၌ ယုံမှားလျက်ဖြစ်၏။ ယခုကာလ၌ကား ဟောပြောသောဆရာ၊ အားထုတ်နည်း၊ ထိုနည်းဖြင့် အားထုတ်

၍ တရားထူးရသည်ဟု ဆိုသောပုဂ္ဂိုလ်၊ မိမိ၏ အားထုတ်မှု ဟူသော ဌာနလေးပါးတို့၌လည်း ယုံမှားလျက် ဖြစ်တတ်သေး၏။

(ယင်းကျမ်း၊ စာ၁၂၂-၁၂၃)

အခန်း ၄၄

## ဒုက္ခသစ္စာအကျယ်

အာရုံခြောက်ပါးနှင့် တွေ့တိုင်း ယောနိသောမနသိ ကာရကိုသာ ဖြစ်စေအပ်၏။ ကုသိုလ်ဖြစ်အောင် သင့်လျော် ဖြောင့်မှန်စွာ နှလုံးသွင်းရမည်ဟု ဆိုလို၏။ ပုံကားအပြစ် မရှိဘဲ ကဲ့ရဲ့ခံရ လျှင် ဤသို့ နှလုံးသွင်းအပ်၏။ "သူမသိရှာလို့ ကဲ့ရဲ့လေသည်၊ ထင်တိုင်းပြောဆိုတတ်ခြင်းမှာ မစောင့်စည်းသူတို့၏ ဓမ္မတာပင်တည်း၊ အကယ်၍သာ အမှန်တိုင်း သိသွားပါက ကဲ့ရဲ့မှားမိ တဲ့အတွက် သူမှာ အများကြီး စိတ်မကောင်း ဖြစ်ရှာလိမ့်မည်၊ ငါ အခု ကဲ့ရဲ့ခံရသည်မှာလည်း အပြစ်မရှိသူကို ကဲ့ရဲ့ဖူးလို့ ဖြစ်ပေလိမ့်မည်၊ ဝဋ်ကြွေးရှိသည့်အတွက် ခံရသည်မှာ စိတ်နာ ဘွယ် မရှိပေ" ဤသို့ စသည်ဖြင့် သင့်တော်အောင် နှလုံးသွင်းအပ်၏။

တစ်နည်းကား."ကဲ့ရဲ့ခြင်းသည် လူတိုင်းနှင့် သက်ဆိုင်သော လောကဓံတရားပေတည်း၊ မြတ်စွာဘုရား သော်မှ တွေ့ကြုံရသေး၏၊ ငါ့မှာ အဘယ့်ကြောင့် မတွေ့ကြုံဘဲ ရှိအံ့ နည်း၊ ဤလောကဓံနှင့် တွေ့ရ၍ စိတ်ဖောက်ပြန်ခြင်း မှာလည်း လူအများ နှင့် ဆိုင်၏၊

သည်းခံခြင်းသည်ကား မြင့်မြတ်သော သူတော်ကောင်းတို့နှင့်သာ ဆိုင်၏၊ ငါသည် မြင့်မြတ်သော သူတော်ကောင်းတို့၏ လမ်းကိုသာ လိုက်မည်၊ မြတ်စွာဘုရားက ဆုံးမတော်မူသည်မှာ လူဆိုးများက မိမိကိုယ်ကို လွှဖြင့် တိုက်ဖြတ်သော်လည်း ထိုလူဆိုး တို့ကို စိတ် မဆိုးရဘူးတဲ့၊ စိတ်ဆိုးခဲ့လျှင် ဘုရား၏ အဆုံးအမကို နာခံသူ မဟုတ်ဘူးတဲ့၊ ဤကဲ့ရဲ့မှုသည် လွှဖြင့် တိုက်ဖြတ်ခြင်းထက် များစွာပင် ခံသာပါသေး၏၊ အဘယ့်ကြောင့် ဘုရား၏ အဆုံးအမကို မခံနိုင်ဘဲ ရှိအံ့နည်း" ဤသို့ စသည်ဖြင့်လည်း သင့်တော်အောင် နှလုံးသွင်းအပ်၏။

တစ်နည်းကား "ကဲ့ရဲ့သူဆိုသည်မှာ ဒေါသပြဓာန်းသော စိတ်တုပ္ပါဒ်နှင့် စိတ္တဇရုပ်သာတည်း၊ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးမျှသာတည်း၊ ကဲ့ရဲ့တတ်သော ပုဂ္ဂိုလ်ဟူ၍ အသီးအခြား မရှိချေ၊ ထိုရုပ်နာမ်တို့မှာလည်း ကဲ့ရဲ့ဆဲမှာပင်လျှင် ချုပ်ပျောက် ကြလေပြီ၊ ယခု စိတ်ဆိုး စရာ မရှိတော့ပြီ၊ ကဲ့ရဲ့သော ရုပ်နာမ်များ မရှိသည့် နောက်မှ စိတ်ဆိုး နေလျှင် ထိုရုပ်တို့၏ အကျိုးဆက်ဖြစ်သော ရုပ်နာမ် သစ်များ အပေါ် မှာသာ ကျရောက်၏၊ သို့ဖြစ်၍ ယခုမှ စိတ်ဆိုး နေလျှင် မိဘများကို မုန်းသည့်အတွက် သူတို့ သေဆုံးသွားပြီးမှ သူတို့၏ သား မြေးများကို ရန်တုန့်မူသည်နှင့်သာ တူချေတော့မည်။

ကဲ့ရဲ့ခံရသော သင်သည်လည်း ခန္ဓာငါးမျှသာတည်း ထိုခန္ဓာရုပ်နာမ်တို့သည် ယခုပင် ချုပ်ပျောက်ကြလေပြီ၊ ၎င်း ရုပ်နာမ်တို့၏ အကျိုးဆက်ဖြစ်သော လက်ရှိရုပ်နာမ်များက စိတ် ဆိုးနေလျှင် မိဘလက်ထက်က မတတ်နိုင်၍ သား၊ မြေး၊ မြစ်တို့၏ လက်ထက် ကျမှ ရန်တုန့်မူသည်နှင့်သာ တူချေတော့သည်" စသည်ဖြင့်လည်း သင့်တော် အောင် နှလုံးသွင်းအပ်၏။

(မဟာစည်ဆရာတော်၏ ဝိပဿနာရှုနည်းကျမ်း၊ ပ၊ ၃၁-၃၂)

နုပ်။ ။ ဇာတိလို့ခေါ်တဲ့ ပဋိသန္ဓေနေခြင်းဒုက္ခကို ဆက်ကြဦးစို့။

သန်း။ ။အမိန့်ရှိပါဘုရား။

နုပ်။ ။ သန္ဓေသားဟာ မိခင်ရဲ့ အစာဟောင်းအိမ်ပေါ် ဖင်ခုထိုင်ပြီး မိခင်ရဲ့ အစာသစ်အိမ်ကိုတော့ ခေါင်းပေါ် ရွက်ထားရတယ်၊ မှောင်မိုက်လွန်းလှတဲ့၊ ကျဉ်းကြပ်လွန်းလှတဲ့၊ နံဟောင်လွန်းလှတဲ့ အဲဒီနေရာမှာ ဆယ်လတိတိ မလှုပ်မယှက် နေရတဲ့ ဆင်းရဲကို လက်တွေ့ သိချင်ရင် လူတစ်ထိုင်စာ ဝင်လို့ရတဲ့ သေတ္တာကြီးထဲ မှာ ဆယ်လမပြောနဲ့ ဆယ်ရက်လောက် မလှုပ်မယှက် နေကြည့် လိုက်ပါလား ဘယ်နှယ့်လဲ၊ နေနိုင်ပါ့မလား။

သန်း။ ။ဆယ်ရက်မပြောနဲ့၊ ဆယ်နာရီလောက် နေရရင်ပဲ စိတ်ညစ်ပြီး သေမယ်ထင်ပါတယ်ဘုရား။

နုပ်။ ။ အေး၊ ဒါပေမယ့် မင်းတို့ ငါတို့ဟာ အဲဒီ ပဋိသန္ဓေ နေရတဲ့ ဆင်းရဲ ကြီးကို ဆယ်လတောင် အလူးအလဲ ခံခဲ့ရပြီးပြီ၊ ဒါပေမယ့် အဝိဇ္ဇာ ကဖုံးလိုက်တော့ ဆင်းရဲလို့ မသိကြဘူး၊ ဒါ့ကြောင့်လည်း လူချမ်း သာကို ထပ်ပြန်တလဲလဲ တောင်းနေကြတာပေါ့။

မိခင်ရဲ့ ကျဉ်းမြောင်းတဲ့ ဝမ်းဗိုက်ထဲမှာ ရက်ပေါင်းသုံး ရာပြည့်လို့ မွေးဖွားလာပါပြီတဲ့၊ ချမ်းသာတယ် မထင်နဲ့၊ ဆင်းရဲ ပင်ပန်းစွာပဲ မွေးရတာ၊ ဝမ်းတွင်း ကမ္မဇလေရဲ့ တိုက်ခတ်မှုကြောင့် ထိုင်လျက်ရှိနေတဲ့ သန္ဓေသားလေးဟာ မိခင်ရဲ့ ယောနိဘက်ကို ဇောက်ထိုးဖြစ်ပြီးတော့ ခေါင်းစိုက်သွားရတယ်။

မိခင်ရဲ့ ကျဉ်းမြောင်းတဲ့ ယောနိပေါက်ကနေ ဆင်းရဲစွာ ထိုးထွက်ရပုံကို ဗုဒ္ဓက ဆင်ပြောင်ကြီးတစ်ကောင်ကို အပေါက်တစ် ခုကနေ မရမက ဆွဲထုတ်တာနဲ့ ဥပမာပေးတယ်၊ ဆင်ကြီး

တစ်ကောင်ကို ကျဉ်းမြှောင်းတဲ့ အုပ်တိုက် အပေါက်ကနေ သံကြိုး သံကောက်တွေနဲ့ ဆွဲချိတ်ပြီး မရမက ဆွဲထုတ်တဲ့အခါ ဆင်ကြီးမှာ အရေပြားနဲ့ အုတ်နံရံ ပွတ်တိုက်တာကြောင့် မခံမရပ်နိုင်အောင် နာကျင်ရသလို သန္ဓေသားမှာလည်း အဲဒီလို နာကျင်ပါတယ်။

အုတ်တိုက်အပြင် ရောက်တာနဲ့ ဆင်ကြီးရဲ့ အရေပြား တွေဟာ အုတ်နံရံနဲ့ ပွတ်တိုက် အစားခံရလို့ ပွန်းပဲ့နီရဲနေသလို သန္ဓေသားမှာလည်း အဲဒီလိုပဲ ခံစားရပါတယ်၊ ဒါ့ကြောင့်လည်း မွေးဖွားကာစ ကလေးများဟာ မချိမဆန့် နာကျင်တဲ့ ဝေဒနာကို ခံစားရလို့ တက်မတတ် ချက်မတတ် ငိုကြွေးတာဖြစ်ပါတယ်။

မွေးမွေးပြီးချင်း ရယ်တဲ့ကလေးဆိုတာ မရှိသလောက် ရှားပါတယ်၊ မွေးပြီးလို့ ဇာတိဒုက္ခပြီးတာနဲ့ အနားယူရမယ်များ မထင်နဲ့၊ အိုခြင်းဆိုတဲ့ ဇရာက ချက်ချင်းနှိပ်စက်တော့တာပဲ၊ အသက် ၇၀၊ ၈၀ အရွယ်ရောက်မှ အိုတာ မထင်နဲ့နော်၊ မိခင်ဝမ်းက ကျွတ်တာနဲ့ အိုခြင်းတရားက ဆက်တိုက် နှိပ်စက်တော့တာပဲ။

ဘယ်အချိန်ကျမှ အိုခြင်းတရားက သူ့နှိပ်စက်မှုကို ရပ်သလဲဆိုတော့ အိပ်ယာထဲလဲပြီး ကိုယ်မစင် ကိုယ်မစွန့်နိုင်တဲ့ အချိန်ကျမှ ရပ်တယ်၊ ဇရာက လူသားကို ဗျာဓိလက်ထဲရောက် အောင်ထည့်ပြီးမှ ပင်စင်ယူတာပါ၊ ကဗျာလေး တစ်ပုဒ် ရဖူးကယ်....။

ရုပ်ဝါနုနယ်၊ ရှုစဖွယ်နှင့်
တင့်တယ်ရှန်းစို၊ နင်လှလိုလည်း
အအိုစာရင်း၊ သူကသွင်း၏

ဘေးရန်ကင်းကွာ၊ လွန်ချမ်းသာ၍
မနာရလို၊ တောင်းဆုဆိုလည်း
နင့်ကိုမညှာ၊ ဘေးရောဂါနှင့်
ခါခါမငဲ့၊ မိတ်ဆွေဖွဲ့၏။

တဲ့၊ လူသားက နုနယ်ပျိုမြစ် လှပတင့်တယ်ချင်ပေမယ့် ဇရာတရားက နေ့စဉ် အအိုစာရင်း သွင်းပေးနေတာပဲတဲ့၊ လူသားကဘေးရန် ရောဂါတွေ ကင်းပြီး နေချင်ပေမယ့်၊ ဇာတိက နာခြင်းတရားနဲ့ မိတ်ဆွေဖွဲ့ပေးလိုက်တာပါပဲ၊ အိုခြင်း နာခြင်း သေခြင်း ဒုက္ခတွေနဲ့ ပတ်သက်ပြီး ငါ့မယ်တော်ကြီး ဒေါ်သိန်းရင် ခံစားရပုံတွေကို ပြောပြမယ်။

မယ်တော်ကြီးကို အိုခြင်းတရားက နှိပ်စက်လိုက်တာ မွေးစကနေ အသက် ၇၅–နှစ်ကျော်တဲ့အထိပေါ့၊ တစ်စက္ကန့်မှ မနားပါဘူး၊ မယ်တော်ကြီး ချုံးချုံးကျသွားလိုက်တာများ အရိုးပေါ် အရေတင်ပဲ ကျန်တယ်၊ မယ်တော်ကြီးမှာ ရှိသမျှ အရိုးတွေဟာ အတိုင်းသား မြင်နေရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အရိုးတွေကို မမြင်ရအောင် ဖုံးဖိကာကွယ်ပေမယ့် အသားတွေကို ဇရာမီးက ဘာမျှ မကျန်အောင် အကုန်လောင်ကျွမ်းပစ်လိုက်တဲ့ အတွက်ပဲ။

ဒီအချိန်က မြန်မာလိုဆိုရင် ၁၃၆၇ ခု၊ နယုန်လလောက်ပေါ့၊ အဲဒီအချိန်က ငါ တောင်သာမြို့နယ်နဲ့ ရမည်းသင်းမြို့နယ်တွေမှာ လှည့်ပြီး တရားဟောနေတဲ့ အချိန်ပေါ့၊ မယ်တော်ကြီး အခြေနေ တော်တော်ဆိုးတယ်လို့ သိရတာနဲ့ ရမည်းသင်းက တရားပွဲတစ်ရက်နားပြီး မယ်တော်ကြီးဆီကို အရောက်သွားခဲ့

တယ်။

မယ်တော်ကြီး ငါ့ကို မြင်လိုက်ရတော့ မျက်နှာ အတော် ရွှင်လန်းသွားတယ်၊ သူ့နားမှာ ရက်အတော်တော်ကြာကြာ နေပေးဖို့ သနားစဖွယ်တောင်းဆိုရှာတယ်၊ ငါ နေပေးလို့ မရဘူး၊ ငါ့တရားကို တစ်ခါမှ မနာဖူးသေးတဲ့ ရှာတွေကလည်း မဏ္ဍပ်တွေ ပြင်ပြီး ငါ့ကို စောင့်မျှော်နေကြတယ်၊ အခုတောင် တရားပွဲတစ်ည ဖျက်လိုက်ရတာကို သူတို့ အတော် စိတ်မကောင်း ဖြစ်နေကြတာ။

*"တကယ်တော့ ငါ့ ခန္ဓာကို မယ်တော်ကြီး မပိုင်တော့ဘူး၊ သာသနာကပဲ ပိုင်သွားပြီ"*။

မယ်တော်ကြီးကိုတော့ သဘောပေါက်အောင် ရှင်းပြလိုက်ပါတယ်၊ မယ်တော်ကြီး မွေးထုတ်လိုက်တဲ့သားက ညစဉ် ဗုဒ္ဓရဲ့တရားတွေ ဟောပေးတိုင်း မယ်တော်ကြီးမှာလည်း နေ့စဉ် ကုသိုလ်တွေရနေပါတယ်လို့ ပြောပြလိုက်တော့ မယ်တော်ကြီး ဝမ်းသာသွားတယ်။

မယ်တော်ကြီး ကိုယ်တိုင်ကလည်း တရားဟော ဝါသနာပါတယ်လေ၊ သူ့ကိုယ်စား ငါက တရားဟောပေးနေတဲ့ သဘောကို တွေးမိပြီး မယ်တော်ကြီးဝမ်းသာသွားတာ၊ ဒီတော့မှ ငါ့ကို သူ့နားမှာ နေပေးဖို့ ဆက်မပြောတော့ဘူး၊ တရားဟောကြွမှာကို ကြည်ကြည်ဖြူဖြူ ခွင့်ပေးလိုက်တယ်။

ငါကလည်း မယ်တော်ကြီးနားမှာ တစ်နေ့နဲ့ တစ်ည နေရတဲ့အချိန်ကလေးကို အဖိုးတန်အောင် အသုံးချလိုက်ပါတယ်၊ ဘာ့ကြောင့်လဲ ဆိုတော့ မယ်တော်ကြီးဟာ အလွန်ဆုံးနေရ ရက်ပိုင်းလောက်သာဆိုတာ သိနေလို့ပဲ၊ ဒီနေရာမှာ မယ်တော်ကြီး

က ငါ့ကို စိတ်ဝင်စားစရာ မေးခွန်းတစ်ခု မေးတယ်။

ဒီမေးခွန်းနဲ့ အဖြေဟာ ဝိပဿနာတရား အားထုတ်သူ တိုင်း သိသင့်လို့ ပြန်ပြောပြမယ်။

သန်း။ ။ အမိန့်ရှိပါ ဘုရား။

နုပ်။ ။ မယ်တော်ကြီး မေးတာက "သား၊ မယ်တော်ကြီးက ရောဂါဝေ–ဒနာ ခံစားနေရတာကိုလည်း မကြောက်ဘူး၊ သေရမှာကိုလည်း မကြောက်ဘူး၊ ဒါပေမယ့် သေရ မယ့် ဝေဒနာဟာ အင်မတန် ပြင်းထန်တယ်လို့ မယ်တော်ကြီး ကြားဖူးတယ်၊ အဲဒီ သေရမယ့် ဝေဒနာကို မခံစားနိုင်တဲ့အတွက် တရား လက်လွှတ်ပြီး သေရမှာကိုပဲ မယ်တော်ကြီး ကြောက်တယ်၊ ဒါကြောင့် နှစ် ပေါင်းများစွာ တရားတွေ နာကြား အားထုတ်ထားသော်လည်း ဝေဒနာပြင်း ထန်မှုကြောင့် တရား ကို နိုင်အောင် မရှုမှတ်နိုင်ပဲ သေခဲ့ရင် မယ်တော်ကြီး အပါယ်ကျ မကျကို သိချင်ပါတယ်" တဲ့။

သန်း။ ။ အတော် စိတ်ဝင်းစားစရာ ကောင်းတဲ့ မေးခွန်းပဲဘုရား၊ ဆရာ တော် ဘယ်လို ပြန်ဖြေလိုက်သလဲဘုရား။

နုပ်။ ။ "အပါယ်မကျနိုင်ဘူး" လို့ ပထမအကျဉ်း ဖြေလိုက်တယ်၊ ပြီး တော့ မယ်တော်ကြီး မေးတဲ့မေးခွန်းမျိုး နှစ်ပေါင်း ၂၅၀၀ ကျော်ကလည်း ကပိလဝတ်ပြည်က မဟာနာမ်မင်းကြီး ဗုဒ္ဓကို မေးလျှောက် ခဲ့ဖူးပါတယ်လို့ ပြောပြလိုက်တော့ မယ်တော်ကြီး အတော် စိတ် ဝင်စားသွားတယ်၊ "အမိန့်ရှိပါဘုရား" တဲ့။

တစ်ခါတော့ မဟာနာမ်မင်းကြီးဟာ ကပိလဝတ်ပြည်၊ နိဂြောဓာရုံကျောင်းတိုက်ကို ရောက်လာပြီး ဘုရားရှင်ကို မေးခွန်း တစ်ခု လျှောက်ထားတယ်၊ သူ့မေးခွန်းက "မြတ်စွာဘုရား၊

တပည့်တော်ဟာ မြတ်စွာဘုရားနဲ့ သံဃာတော်များကို ဖူးချင်လွန်းလို့၊ တရားတော်ကို နာချင်လွန်းလို့သာ နိဂြောဓာရုံကျောင်းကို လာနေရတာပါဘုရား။

ကပိလဝတ်ပြည်က မြင်းရထားများဟာ အင်မတန်မှ အမောင်းကြမ်းကြပါတယ်၊ တစ်ကြိမ်မဟုတ် တစ်ကြိမ်တော့ တပည့်တော်ဟာ မြင်းရထားတိုက်ပြီး သေနိုင်ပါတယ်၊ ဒီလို ဥပစ္ဆေဒကကံနဲ့ ရုတ်တရက် သေခဲ့ရင် တရားကို ရှုမှတ်ဖို့ အချိန်မရလိုက်တဲ့အတွက် တပည့်တော်ဟာ အပါယ်လေးပါးကို ကျနိုင်ပါသလား ဘုရား" တဲ့။

ဒီတော့ ဘုရားရှင်က "မကျနိုင်ဘူး" တဲ့၊ ဘုရားရှင်ပေးတဲ့ ဥပမာက ထောပတ်အိုး၊ သို့မဟုတ် ဆီအိုးတစ်လုံးကို ရေတွင်းထဲမှာ ခွဲချလိုက်ရင် အိုးကွဲတွေသာ ရေအောက်ထဲမှာ ကျန်ခဲ့မှာပါ၊ ထောပတ်တွေ ဆီတွေကတော့ ရေပေါ်ကို တက်လာသလို ရတနာသုံးပါးကို အချိန်ကြာမြင့်စွာ ကြည်ညိုလေးစား အားထုတ်လာတဲ့သူဟာ ရုတ်တရက် တရားလက်လွှတ်သေလည်း အပါယ်မကျပါဘူး။

သူ့ခန္ဓာဟောင်းကြီးကသာ လူ့ဘဝမှာ ကျန်ခဲ့ပြီး နောက်ခန္ဓာအသစ်ကတော့ သုဂတိဘုံကို ရောက်ရမှာပါတဲ့၊ အဲဒီလို ဖြေပြလိုက်တော့ မယ်တော်ကြီး အတော် အားတက်သွားတယ်၊ အိပ်ယာထဲ ပက်လက်က လက်အုပ်ကလေးချီပြီး "အခုလို သေချာသိရတာ ဝမ်းသာလိုက်တာဘုရား"တဲ့။

သန်း။ ။အပါယ်ကျ–မကျ မေးလျှောက်တယ် ဆိုတော့ မဟာနာမ်မင်းကြီးက ပုထုဇဉ်လားဘုရား။

နုပ်။ ။ မဟုတ်ဘူး၊ သကဒါဂါမ်တောင် ဖြစ်နေပြီ။

သန်း။ ။သောတာပန်ဆိုရင်တောင် သံသရာတစ်လျှောက် အပါယ်တံခါး ပိတ်ပြီပဲ ဘုရား၊ သူ့ကိုယ်သူ သကဒါဂါမ်ဖြစ်တာ မသိဘူးလား ဘုရား။

နုပ်။ ။ မသိလို့ မေးတာပဲ ဖြစ်မှာပေါ့၊ တစ်ကြိမ်သာဖြစ်ပြီး ပျက်သွားတဲ့ မဂ်စိတ်ကို အရိယာဖြစ်သူတိုင်း သိဖို့တော့ မလွယ်ဘူး၊ တို့အယူ အဆကတော့ ဘယ်ပုဂ္ဂိုလ်က ဘယ်မဂ်စိတ် ဖြစ်ပြီးပြီလို့ အတိ အကျ သိနိုင်တာကတော့ ဘုရားရှင်တစ်ဆူပဲ ရှိမယ်၊ ကျန်တဲ့ သာဝက တွေမှာတော့ သိသူထက် မသိသူက ပိုများတယ် ထင်တယ်။

တစ်ချို့ သိတယ်ဆိုတဲ့ အရိယာတွေဟာလည်း မဂ်က သတ်လိုက်တဲ့အတွက် ဆိုင်ရာကိလေသာတွေ မပေါ်တော့မှ ငါ ဘယ်မဂ်ကို ရပြီဆိုတာ သိကြတာပါ၊ တစ်လုံးတည်းသော မဂ်စိတ် ကလေးဖြစ်သွားတာကို သေချာသိဖို့ကတော့ အတော် ခဲယဉ်း လိမ့်မယ်။

ခုဇ္ဇုတ္တရာဆိုရင် သောတာပန်တည်တာ သိတယ်၊ သိတယ် ဆိုတာ ဘုရင်က သာမာဝတီမိဖုရားအတွက် ပန်းဝယ်ဖို့ ရှစ်ကျပ် ပေးတာကို သူက လေးကျပ် ဖြတ်ခိုးတယ်၊ ဘုရားရှင်ရဲ့ တရားကို နာရလို့ သောတာပန်လည်း တည်သွားရော မခိုး တော့ဘူး၊ အဲဒီလို ခိုးချင်စိတ် မပေါ်တော့တာကို ထောက်ဆပြီး သူသောတာပန် ဖြစ်တယ်ဆိုတာကို တိတိကျကျ သိနိုင်တာ။

အနာကြီးရောဂါသည် သုပ္ပဗုဒ္ဓလည်း သူသောတာပန် တည်တာကို သိတယ်၊ ဘယ်လိုပုံစံနဲ့ သိသလဲဆိုတော့ သိကြားမင်းက သုပ္ပဗုဒ္ဓ တရားရ/မရ သိချင်တာနဲ့ ဘုရား တရား သံဃာကို ဘုရား

တရား သံဃာ မဟုတ်ဘူးလို့ ပြောရင် သင့်ရဲ့ ရောဂါကိုလည်း ပျောက်အောင် ဆေးကုပေးမယ်၊ ရွှေငွေတွေကိုလည်း တစ်သက်လုံး သုံးမကုန်အောင် ပေးမယ်လို့ ပြောပြီး ဖျားယောင်းကြည့်တယ်။

ဒီအခါ သုပ္ပဗုဒ္ဓက "မပြောနိုင်ဘူး၊ ငါ့နားက အခုထွက်သွား" ဆိုပြီး ငေါက်ထုတ်ပစ်ခဲ့တယ်၊ ဒါကို ထောက်ဆပြီး သုပ္ပဗုဒ္ဓဟာ သောတာပတ္တိမဂ်ကို ရပြီးပြီဆိုတာ သိနိုင်တယ်၊ သောတာပန်တည်ရင် ရတနာသုံးပါးကို အသက်နဲ့လဲပြီး ကြည်ညိုသလို ငါးပါးသီလကိုလည်း အသက်နဲ့လဲပြီး စောင့်ထိန်း တယ်။

(သံယုတ်ပါဠိတော်၊ ပထမဂိဉ္ဇကာဝသထသုတ်။)

ဒါ့ကြောင့် ငါက အလုပ်သုံးမျိုးကို သေချာ ခွဲပြထားတာ ပေါ့။

သန်း။ ။အလုပ်သုံးမျိုးက ဘာတွေလဲ ဘုရား။

## ယောဂီတိုင်းသိသင့်သော အလုပ်သုံးမျိုး

နုပ်။ ။ယောဂီအလုပ်, တရားအလုပ်, ဘုရားအလုပ်တဲ့၊ ယောဂီအလုပ်ဆိုတာ အချိန်ပြည့် တရားနာရမယ်၊ တရားရှုမှတ်ရမယ်၊ အဲဒါ ယောဂီတွေ လုပ်ရမယ့် အလုပ်ပဲ၊ တရားအလုပ်ဆိုတာ အချိန်ကျလို့ ဆိုင်ရာမဂ်က ဆိုင်ရာကိလေသာကို သတ်လိုက်တာပဲ၊ ဘုရားအလုပ်ဆိုတာက ဘယ်ပုဂ္ဂိုလ်က ဘယ်မဂ်ရပြီလို့ တိကျစွာ ဆုံးဖြတ်ပေးတာပဲ၊ ဆရာရော တပည့်ပါ ကိုယ့်အလုပ်ကိုယ် လုပ်ဖို့ပဲ လိုတယ်။

ယောဂီကိုင်း တရားအလုပ်ကို ဝင်မလုပ်ရသလို ဆရာက

လည်း ဘုရားအလုပ်ကို ဝင်မလုပ်ရဘူး၊ ယောဂီက ယောဂီအလုပ် မလုပ်ဘဲ တရားအလုပ် ဝင်လုပ်ရင် တရားမတက်တော့ဘူး၊ ဟို ဟာဒီဟာ မြင်ချင်တာ၊ ဝင်းဝင်းလက်လက်တွေ တွေ့ချင်တာ၊ ခန္ဓာကိုယ်ကြီးက ကောင်းကင် မြောက်တက်သွားချင်တာ၊ သိမ့်ခနဲ့ ငြိမ့်ခနဲ ဖြစ်သွားချင်တဲ့ စိတ်တွေကို လက်ခံကျင့်သုံးမယ် ဆိုရင် ယောဂီဟာ ကိုယ့်အလုပ်ကိုယ် မလုပ်ဘဲ တရားအလုပ်ကို ဝင်လုပ်တာပဲ။

လောကုတ္တရာဥစ္စာ ရှာဖွေတယ်ဆိုတာ လောကီ ဥစ္စာ ရှာဖွေတာနဲ့ မတူဘူး၊ များများကြီး ရချင်ရင် နည်းနည်း လေးရတတ်တယ်၊ မြန်မြန် ရချင်ရင် ဖြည်းဖြည်းမှ ရတတ်တယ်၊ သဒ္ဓါရယ် ပညာရယ် သမာဓိ ရယ် ဝီရိယရယ်ကို ညီမျှအောင် ထားပြီး ပုံမှန်လေး ရှုပွား နေရင် နည်းနည်း လေးလိုချင်ပေမယ့် အများကြီး ရတတ် တယ်၊ ဖြည်းဖြည်း လိုချင်ပေမယ့် အမြန်ရတတ်တယ်။

ယောဂီက တရားအလုပ်ကို ဝင်လုပ်တာနဲ့ ပတ်သက်ပြီး ဩဝါဒတရားလေးတစ်ပုဒ် ဖတ်ဖူးတယ်။

## အရေးကြီးတာ အရင်ရှုပါ

ငါ အချိန်တွေ အကြာကြီး ထိုင်နိုင်ပြီဆိုပြီး
ချန်ပီယံ မဖြစ်ချင်ပါနဲ့။
စံချိန်ရှင်ကြီး မဖြစ်ချင်ပါနဲ့။
"လောဘတဏှာ"က ပူးသတ်သွားလိမ့်မယ်။
ငါ သူများထက် ရှုမှတ်အား ကောင်းလာလို့
ဆရာလုပ်တဲ့သူက ငါ့ကို အသိအမှတ် ပြုလိုက်ပြီ

ချီးမွမ်းခန်း ဖွင့်လိုက်ပြီဆိုလည်း စိတ်ကြီး မဝင်လိုက်ပါနဲ့
"မာန"က ပူးသတ်သွားလိမ့်မယ်။

ငါဟာ တရားတွေကို အဆင့်မြင့်မြင့် ရှုမှတ်နေနိုင်ပါလား ဆိုပြီး အောက်ခြေမလွတ်လိုက်ပါနဲ့
"ဒိဋ္ဌိ" ကပူးသတ်သွားလိမ့်မယ်။

တဏှာ၊ မာန၊ ဒိဋ္ဌိဟာ သံသရာလည်စေတတ်တဲ့ တရားပါ။

နောက်ထပ်လည်း သံသရာ လည်စေဦးမယ့် တရားပါ။ အဲဒီစိတ်တွေ ဝင်လာပြီဆိုရင် ရှုနေကျ မူလကမ္မဋ္ဌာန်းထက် အဲဒီ ဖြစ်ပေါ်နေတဲ့စိတ်တွေကို အရင် ရှုမှတ်ပစ်ဖို့ လိုပါတယ်။

အရေးအကြီးဆုံးတရားကို အရင်ရှုမှတ်နိုင်ဖို့ လိုပါတယ်တဲ့။

သန်း။ ။ယောဂီတိုင်း အထူးသတိပြုသင့်တဲ့ အချက်ပါပဲ ဘုရား၊ ဆရာက ဘုရားအလုပ် လုပ်တယ်ဆိုတာက ဘယ်လိုမျိုးလဲဘုရား။

နုပ်။ ။ များသောအားဖြင့် အဲဒါမျိုးကတော့ စာမတတ်၊ ပေမတတ် တောထွက် တရားပြရဟန်းကြီး အချို့မှာ ဖြစ်တတ်ကြတာပါ၊ တောထွက်ကြီးအချို့ဟာ စာပေလည်း မသင်ဘူး၊ နည်းမှန်လမ်းမှန် တရားပြဆရာတော်ကြီးတွေဆီမှာလည်း တပည့်ခံပြီး ပဋိပတ္တိကို နာကြားအားထုတ်ခြင်း မပြုဘူး၊ သက်န်းဝတ်ပြီးတာနဲ့ တောထွက်တယ်ဆိုပြီး တစ်ပါးတည်း ကိုယ်ထင်ရာ ရမ်းသမ်းအားထုတ်တော့ မဂ်ဖိုလ်မရဘဲ ဟိုမြင်ဒီမြင် ရမ်းမြင်တာပေါ့။

အဲဒါတွေကို မဂ်ဖိုလ်ရပြီလို့ ရဟန္တာဖြစ်ပြီလို့ အရှက်မရှိ ကြေညာပြီး တရားပြကြတော့တာပဲ၊ ဘိုကလေးမြို့နားက ရွာတစ်

ရွာမှာဆိုရင် အဲဒီလို ကိုယ်တော်ကြီးတစ်ပါး တရားစခန်း လာဖွင့်သတဲ့၊ ရွာသူရွာသားတွေကလည်း ဝိပဿနာနဲ့ ပတ်သက်ပြီး ဗဟုသုတ ဘာမှမရှိကြတော့ သူခိုင်းတဲ့အတိုင်း သုံးလေးနာရီလောက် ထိုင်ပြီး ပြင်းပြင်းထန်ထန် ရှူရှိုက်လုပ်လိုက်ကြတာ ကောင်လေး တစ်ယောက် အသက်ရှူရပ်ပြီး သေသွားတယ်။

ကောင်လေးတစ်ယောက်ကတော့ သတိလစ်သွားလို့ ဆေးရုံ တင်လိုက်ရတယ်၊ သံယုတ်ပါဠိတော်၊ အာနာပါနသံယုတ်မှာ ဘုရားရှင် ဟောထားတာက "ထွက်လေဝင်လေ ရှူမှတ်တဲ့ အခါ တဖြည်းဖြည်းချင်း ထွက်လေဝင်လေဟာ သိမ်မွေ့သွားရမယ်"လို့ သာပါတာ၊ "ကြမ်းတမ်းရမယ်"လို့ မပါဘူး။

ဒါ့ကြောင့် ဝိပဿနာမှာ အညာမခံချင်ရင် သံယုတ်ပါဠိ–တော်မြန်မာပြန်ကို မဖြစ်မနေ ဖတ်ကြပေါ့ကွာ၊ ရုပ်သာရှိပြီး နာမ်မရှိတဲ့ အသညသတ်ဗြဟ္မာ၊ နာမ်သာရှိပြီး ရုပ်မရှိတဲ့ အရူပဗြဟ္မာတွေဟာ အဲဒီလို ဆရာမရှိဘဲ တရားကို ရမ်းအားထုတ်ခဲ့တဲ့ ပုဂ္ဂိုလ်ကနေ ဖြစ်လာကြတာပေါ့။

ဗြဟ္မာဖြစ်ပေမယ့်လို့ အဲဒီဘုံသားတွေဟာ တရားမနာရလို့ သောတာပန်မတည်နိုင်ဘူး၊ သောတာပန်မှ မတည်နိုင်ရင် အထက်မဂ်တွေလည်း မရနိုင်တော့ဘူး၊ ဒါ့ကြောင့် မရောက်သင့်တဲ့ ရုပ်ပြစ်ရှစ်ပါးထဲမှာ အဲဒီ ဗြဟ္မာဘုံနှစ်မျိုး ပါနေတာ၊ တစ်ချို့က တရားပြဆရာသာ လုပ်နေတာ နာမည်ကြီးချင်တဲ့၊ ပစ္စည်းလေးပါး ပေါမျှားချင်တဲ့၊ ဒကာ ဒကာမပေါမျှားချင်တဲ့ လောဘကိုတောင် မထိန်းနိုင်ဘူး။

ငါ့ရိပ်သာ လူများရင် ပြီးရောဆိုပြီး နံပါတ်တွေ တပ်ပေး

တတ်တယ်၊ ဘယ်ယောဂီက သောတာပန်၊ ဘယ်ယောဂီက သကဒါဂါမ် စသည်ဖြင့်ပေါ့၊ အသိဉာဏ် နည်းပါးကြတဲ့ ဒကာ ဒကာမများဟာ အဲဒီလို နံပါတ်တပ်ပေးရင် အဟုတ်ကြီး ထင်နေ တတ်တယ်၊ တရားတစ်ပွဲပြီးတိုင်း သောတာပန်တွေ ဘယ်လောက် တည်ပြီဆိုပြီး နံပါတ် တပ်ပေးတဲ့အတွက် ပဲခူးတိုင်းထဲက တောထွက်ရဟန်းကြီးတစ်ပါးဟာ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့က ဝိနိစ္ဆယအချခံလိုက်ရတယ် မဟုတ်လား။

တရားဟောခွင့်၊ တရားပြခွင့်၊ တိတ်ခွေ ဖြန့်ချိခွင့်တွေပါ အပိတ်ခံလိုက်ရတာဟာ ဘုရားအလုပ်ကို ဆရာကဝင်လုပ်လို့ပဲ၊ အခု အဲဒီပဲခူးတိုင်းထဲမှာပဲ အဲဒီလို တောထွက်ရဟန်းကြီးတစ်ပါး ထပ်တွေ့နေရတယ်၊ တစ်ချို့တောထွက်တွေက တကယ့်ကို ကြည် ညိုစရာကောင်းပါတယ်။

> တောထွက်ရယ်၊ ငယ်ဖြူရယ် မဟုတ်ပါဘူး၊ လာဘ, သက္ကာရ, သိလောက ကြီးပွားရေးနောက်ကို လိုက်ရင် မသူတော်ဖြစ်ပြီး၊ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး ကြီးပွားရေးနောက်ကို လိုက်ရင် သူတော်ကောင်းလို့ သတ်မှတ်နိုင်တာပေါ့။

ကျောင်းက ကိုယ်တော်တွေကိုလည်း ဒီဒဿနလေးနဲ့ အမြဲဆုံးမတယ်။

ပစ္စည်းလေးပါး ရရေးနောက်သို့ လိုက်လျှင်
ပစ္စည်းလေးပါးလည်း မရ၊ တရားလည်း မရ။
တရားရရေးနောက်သို့ လိုက်လျှင်
ပစ္စည်းလေးပါးလည်းရ၊ တရားလည်း ရသည်တဲ့။

သန်း။ ။ ဒီဒဿနလေးကိုလည်း ရဟန်းတော်တိုင်း သိသင့်ပါတယ် ဘုရား။

နုပ်။ ။ ပစ္စည်းလေးပါး လာဘ်လာဘဟာ အရိပ်နဲ့တူတယ်၊ အရိပ်နောက်ကို လိုက်ကြည့် မောသေတာပဲ ရှိမယ်၊ ဘယ်တော့မှ မမီဘူး၊ မလိုက်ဘဲနဲ့ ကိုယ့်လမ်းကို သွားရင် အဲဒီအရိပ်က ကိုယ့်နောက်ကို တောက်လျှောက် လိုက်လာတော့တာပဲ၊ ထို့အတူ ပစ္စည်းလေးပါး ရရေးနောက်ကို လိုက်လို့ တကယ်ပြည့်စုံသွားတယ်ဆိုတာ မရှိဘူး။

စာပေအလုပ် တရားအလုပ်ကို ဇောက်ချပြီးသာ လုပ်၊ ပစ္စည်းလေးပါးက မလိုချင်လောက်အောင်ကို ပေါမျှားတာ။

ယောကျ်ားတစ်ယောက်ဟာ ပင်လယ်ကြီးကိုတောင် အောင်မြင်စွာ ကျော်ဖြတ်ကူးခတ်လာပြီး မြစ်ထဲချောင်း ထဲကျမှ ရေနစ်သေရတယ်ဆိုရင် အဲဒီယောကျ်ား ကို ကဲ့ရဲ့ရှုံ့ချထိုက်တယ်၊ ထို့အတူ ရဟန်းတစ်ပါးဟာ ကာမဂုဏ်အာရုံထဲမှာ အကြီးကျယ်ဆုံးဆိုတဲ့ မေထုန်အမှု ကိုတောင် စွန့်လွှတ်လာပြီးကာမှ ဒကာ ဒကာမတွေ ထွေးထုတ်လိုက်တဲ့ တံတွေးနဲ့တူတဲ့ ပစ္စည်းလေးပါးကျမှ မက်မောတွယ်တာနေမယ်ဆိုရင် ဒီရဟန်းမျိုးကို ကဲ့ရဲ့ ရှုံ့ချထိုက်တယ်။

ကဲ မဟာနာမ်ရဲ့ မေးခွန်းကနေ အပြင်ထွက်သွားလိုက် တော်တော်တောင် ခရီးလွန်နေပြီ၊ မယ်တော်ကြီးကို တရားဟော တဲ့အခန်း ဆက်သွားကြဦးစို့၊ မယ်တော်ကြီးရဲ့ မေးခွန်းကို ဖြေပြီး တဲ့အခါ အရှင်အာနန္ဒာက အနာထပိဏ်သူဌေးကြီးကို ဟောခဲ့တဲ့ သောတာပန်ဂုဏ်အင်္ဂါ လေးချက်နဲ့ နကုလပိတုသုတ်ကို သေချာ ဟောပေးခဲ့တယ်။

သန်း။ ။တပည့်တော်တို့ကိုလည်း ပြန်ဟောပြပါဦးဘုရား။

နုပ်။ ။ "မယ်တော်ကြီး၊ သောတာပန်တည်တဲ့ ပုဂ္ဂိုလ်တွေမှာ ဂုဏ်အင်္ဂါ လေးချက်ရှိတယ်၊ အဲဒါတွေက-

ဘုရားရတနာကို အသက်နဲ့လဲပြီး ကြည်ညိုတယ်၊
တရားရတနာကို အသက်နဲ့လဲပြီး ကြည်ညိုတယ်၊
သံဃာရတနာကို အသက်နဲ့လဲပြီး ကြည်ညိုတယ်၊
ငါးပါးသီလကို အသက်နဲ့လဲပြီး စောင့်ထိန်းတယ်၊

အခု အဲဒီအင်္ဂါလေးချက် မယ်တော်ကြီးမှာ ပြည့်စုံနေတယ်၊ သောတာပန်ပုဂ္ဂိုလ် အပါယ်မကျတာဟာ အဲဒီအင်္ဂါလေးချက်ကြောင့်ပဲ၊ အခု မယ်တော်ကြီးဟာ တကယ်သောတာပန် မဖြစ်သေးဘူးထား၊ သောတာပန်ပုဂ္ဂိုလ်တွေမှာ ရှိတဲ့ ဂုဏ်အင်္ဂါလေးချက် ရှိနေတဲ့အတွက် မယ်တော်ကြီးဟာလည်း မကောင်းတဲ့ နေရာ ဘယ်တော့မှ မသွားဘူး"

"အဲဒီအင်္ဂါလေးချက်နဲ့ ပြည့်စုံတဲ့ သောတာပန်က စာမေးပွဲ လည်းအောင်၊ ဘွဲ့လည်း ယူပြီးတဲ့ပုဂ္ဂိုလ်နဲ့တူတယ်၊ ဒီအင်္ဂါလေးချက်နဲ့ ပြည့်စုံတဲ့ ကလျာဏပုထုဇဉ်ကတော့ စာမေးပွဲအောင်ပြီးသော်လည်း ဘွဲ့လက်မှတ် မရသေးသူနဲ့ တူပါတယ်" လို့ ပြောပြလိုက်တော့ မယ်တော်ကြီးမျက်နှာဟာ ဝင်းလက်သွားတယ်။

အနာထပိဏ်သူဌေးကြီးဟာ အဲဒီတရားကို နာရလို့ သေမယ့်ရောဂါကြီး ပျောက်သွားပြီး နောက်ထပ် နှစ်အနည်းငယ် နေသွားရတယ်၊ ငါ့ မယ်တော်ကြီးလည်း ဒီတရားကြောင့်ထင် တယ်၊ သုံးရက်လောက် နေရတော့မယ့် မယ်တော်ကြီးဟာ သုံးလကျော်လောက် နေသွားရတယ်။

သန်း။ ။နကုလပိတုသုတ်ကို ဟောပါဦးဘုရား။

နုပ်။ ။ နကုလပိတုသုတ်ဆိုတာ သံယုတ်ပါဠိတော်က လာတာပါ၊ အသက်အရွယ်ကြီးရင့်တဲ့ အဖိုးအဖွားတွေအတွက် အဓိကထားပြီး ဟောခဲ့တဲ့ တရားပေါ့၊ တစ်ခါတော့ ဘုရားရှင် ကိုယ်တော်မြတ် ကြီး ဒေသစာရီ လှည့်လည် တရားဟောကြွရင်း သုသုမာရဂိရမြို့ကို ရောက် သွားတယ်။

အဲဒီမြို့မှာ နကုလပိတာနဲ့ နကုလမာတာလို့ အမည်ရတဲ့ အဖိုးအဖွားဇနီးမောင်နှံ နှစ်ယောက် ရှိတယ်၊ သူတို့မွေးတဲ့ သားရဲ့ နာမည်က နကုလလို့ ခေါ်တယ်၊ ဒါ့ကြောင့် နကုလပိတာဆိုတာ "နကုလရဲ့ အဖေ" လို့ အဓိပ္ပါယ်ရတယ်၊ နကုလမာတာဆိုတာ "နကုလရဲ့ အမေ"လို့ အဓိပ္ပါယ်ရတယ်။

သုသုမာရဂိရမြို့ဆိုတာ မြန်မာလို "မိချောင်းအော်သံတွေ ကြားရတဲ့မြို့"တဲ့၊ ဒီမြို့ထဲကို မြတ်စွာဘုရား ဝင်ရောက်သွားတာနဲ့ ဒီအဖိုးနဲ့ အဖွားဟာ ဘုရားရှင်နောက်က တစ်ကောက်ကောက် လိုက်ပြီး လိုအပ်သမျှ ပြုစုလုပ်ကိုင်ဒါန်းတယ်၊ ဘုရားရှင်ကိုလည်း "သားသား" နဲ့ ခေါ်နေလိုက်တာ နှုတ်ကကို မချတော့ဘူး။

ဒီတော့ ရဟန်းအချို့ ဝေဖန်ကြတာပေါ့၊ "ဒီအဖိုးနဲ့ အဖွားဟာ ပိုကိုပိုလွန်းတယ်၊ မြတ်စွာဘုရားရဲ့ မိဘများဟာ သုဒ္ဓေါဒန မင်းကြီးနဲ့ မယ်တော်မာယာဆိုတာ လူတိုင်းသိနေတာပဲ၊ ဒါနဲ့တောင် ဘုရားရှင်ကို သားသားနဲ့ လိုက်ခေါ်နေတယ်" ဘာညာ ဆိုပြီး ပြောကြတာပေါ့။

ဒီအခါ ဘုရားရှင်က "ချစ်သားတို့၊ အဲဒီလို မပြောကြနဲ့၊

ဒီအဖိုးနဲ့အဖွားဟာ ငါဘုရားရှင်ရဲ့ အမေအမေအဖြစ် ဘဝပေါင်း တစ်ထောင်တိတိ တော်စပ်ခဲ့ဖူးတယ်၊ ဒါ့ကြောင့် အခုဘဝထိ ငါဘုရားရှင်ကို သားအရင်းလို့ပဲ စွဲမှတ်ပြီး သားသားနဲ့ ပြောနေကြ ဆိုနေကြတာပါ၊ ဟန်လုပ်ပြောနေတာ မဟုတ်ပါဘူး။

သန်း။ ။သတ္တဝါတွေရဲ့ ဘဝသံသရာက ရှည်လျားလှပါလားဘုရား။

နုပ်။ ။ အေး ဒါ့ကြောင့် ဝါးချက်မင်းကျောင်း ဆရာတော်ကြီးက…

သံသရာသက် ရှည်ရန်ကို မလိုအပ်၊
သံသရာသက် တိုတာကိုသာ လိုအပ်၏။
ရှည်လျားသော တဏှာကို ဖြတ်၍
တိုသောပါရမီကို ဆက်ရမည်။
အသက် မပြတ်ရှင်လျက်နေသော
အဝိဇ္ဇာတဏှာကို သေအောင်သတ်၍
အသခ်တနိဗ္ဗာန်သို့ ကပ်အပ်သည်။
နိဗ္ဗာန်လိုက၊ သင်္ခါရ၊ နေ့ညမမေ့ရာ။
နိဗ္ဗာန်လိုက၊ ကိုယ်ကော၊ နေထသင့်လျော်ရာ။
စိတ်ညစ်ပယ်ချိုး၊ စိတ်မဆိုး၊ ရောက်ရိုးနိဗ္ဗာန်သာ။
နိဗ္ဗာန်လိုလစ်၊ မုန်းအချစ်၊ ဆုံးပစ်ပယ်ချပါ။
နိဗ္ဗာန်ကိုမက်၊ ကိုယ့်အသက်၊ ငဲ့ကွက်မပြုရာ။
နိဗ္ဗာန်လိုလျှင်း၊ သူ့အတင်း၊ ပြောခြင်းဖယ်ရှားပါ။
နိဗ္ဗာန်လိုက၊ သည်းခံကြ၊ တွင်းပအရာရာ။

လို့ ဆုံးမခဲ့တာပေါ့၊ မင်းတို့ ငါတို့ရဲ့ ဘဝသံသရာဟာ ဘယ်လောက်ထိ ရှည်လျားသလဲဆိုရင် အခု တို့ထိုင်နေတဲ့ မြေကြီးဟာ တို့တတွေ ဘဝအဆက်ဆက် သေတုန်းက မြှုပ်ခဲ့တဲ့ အသား

တွေ အရိုးတွေက ဖြစ်လာခဲ့တာပဲ လို့ ဟောကြားထားတဲ့ သုတ္တန်တိုလေး တစ်ခုကို နောက်အပါတ်မှ ဆက်ပြောကြတာပေါ့။

ဝိပဿနာအားမထုတ်ဘဲ နေ့ရွှေ့ညရွှေ့ နေတာသည် တဏှာက ဆင်ခြေပေးနေတာပဲ၊ ရက်ရာဇာ ပြဿဒါး မရွေးနဲ့၊ သူတော်ကောင်းအလုပ် လုပ်တဲ့အချိန်သည် "မင်္ဂလာရှိသော နေ့ရက်"ဆိုတာ မှတ်၊ အလကားနေ သရွေ့၊ အအားနေသရွှေ့ "အမှားနေခြင်း" လို့မှတ်၊ အသက်တမ်း ခပ်တိုတိုလေးမှာ ခပ်ခိုခို လုပ်နေရင် အသေကစောသွားလို့ ကိုယ်ကျိုးနည်းလိမ့်မယ်၊ ခန္ဓာက သုဿာန်ကို အမြဲပြေးနေတာ၊ အသေကဦး၍ ဉာဏ်က နောက်ကျရင် ခက်လိမ့်မယ်၊ အသက်ကြီးလေလေ ကံမွဲ ဉာဏ်မွဲ လေမှတ်၊ ကံမွဲတာက အရေးမကြီး ဉာဏ်မွဲလျှင် နိဗ္ဗာန် မရောက်နိုင်၊ အိုရာမှာ နာရာမရောက်ခင် ဝိပဿနာ လုပ်ပါ။

(မိုးကုတ်ဆရာတော်ကြီး)

အခန်း ၄၅

## ဒုက္ခသစ္စာအကျယ်

ဖြစ်တိုင်း ဖြစ်တိုင်းကို ရှုမှတ်၍ ရုပ်နာမ်မျှ ဖြစ်မှု၊ ပျက်မှုမျှသာ ထင်သော အခါ၌ သဒ္ဓါလွန်ကဲသောသူသည် ယုံကြည်ချက် ကျ လျက် အဖန်ဖန် စဉ်းစားဆင်ခြင်၍ နေတတ်၏။ စဉ်းစားပုံကား ရုပ်နာမ်နှစ်ပါးသာ ရှိသည်၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အကောင် အထည် မရှိဟု ဆိုသည်မှာ ဟုတ်ပါပေသည်။ မျက်စိတစ်မှိတ်ခန့်မျှ တည်တံ့ နိုင်မြဲ သောတရား မရှိ၊ ဖြစ်ပေါ်ပြီးလျှင် ချက်ချင်း ပျက်စီးတတ် သော တရားမျှသာ ရှိသည် ဟုဆိုသည်မှာ မှန်ပါပေ သည်၊ မမြဲတာ၊ ဆင်းရဲတာ၊ မကောင်းတာ၊ ငါကောင် မရှိတာ၊ ငါ့ကောင်မဟုတ်တာ မှန်ပါပေသည်။

တရားအားလုံးကို သိသော ဘုရားဆိုသည်မှာ မှန်ပါပေ သည်။ ဘုရားဟောသည့်အတိုင်းပင် မှန်ပါပေသည်။ ဆရာပြော သည့်အတိုင်း မှန်ပါပေသည်။ ဤသို့ စသည်ဖြင့် ယုံကြည်၍ ကြည်ညို၍ မဆုံးနိုင်ဘဲ အဖန်ဖန် စဉ်းစားဆင်ခြင်၍သာ နေတတ်၏။ ထိုအခါမှာ စဉ်းစား ဆင်ခြင်မှုတို့၏ အဖြစ်အပျက်

ကိုလည်း ကောင်းစွာ မသိနိုင်ပြီ။ တခြားရုပ်နာမ်တို့ကိုလည်း ဖြစ်တိုင်းပျက် တိုင်း စေ့စပ်အောင် မမှတ်နိုင်ပြီ။ မှတ်ချက်တိုင်း၌ သဒ္ဓါလွန်နေသောကြောင့် မှတ်မိသမျှကိုလည်း ထင်ရှား ပီသစွာ မသိနိုင်ပြီ။ ဤသည်ကား သဒ္ဓါလွန်၍ မှတ်သိမှု ပျက်ပုံတည်း။

ပညာလွန်ကဲသောသူသည်လည်း ခဏခဏ စဉ်းစား ဆင်ခြင်မိတတ်၏။ မှတ်မှုတို့၏ အကြားအကြား၌ ရုပ်လေလော နာမ်လေလော ဖဿလေလော ဝေဒနာလေလောစသည်ဖြင့် လည်းကောင်း၊ ကောင်းစွာ ထင်လေသလော မထင်လေသလော လက္ခဏာ ထင်လေသလော ရသထင်လေသလောစသည်ဖြင့် လည်းကောင်း ဖြစ်မှု ထင်လေသလော ပျက်မှုထင်လေသလော အနိစ္စလက္ခဏာထင်လေသလော စသည်ဖြင့်လည်းကောင်း စဉ်းစား ဆင်ခြင်မိတတ်၏။ ထိုအခါ၌ ဆင်ခြင်သော စိတ်များ၏ အဖြစ် အပျက်ကိုလည်း ကောင်းစွာ မသိနိုင်ပြီ။ တခြားရုပ်နာမ် တို့ကို လည်း ဖြစ်တိုင်းပျက်တိုင်း စေ့စပ်အောင် မမှတ်နိုင်ပြီ။ မှတ်ချက်တိုင်း၌ စူးစမ်းလိုသော ပညာလွန်နေသောကြောင့် မှတ်မိ သမျှကိုလည်း ထင်ရှား ပီသစွာ မသိနိုင်ပြီ။ ဤသည်ကား ပညာလွန် ၍ မှတ်သိမှု ပျက်ပုံတည်း။

ညီမျှစေခြင်း သဘောတရားရှိသော ဥပေက္ခာ ၏ အစွမ်း ကြောင့် သဒ္ဓါပညာတို့ ညီမျှသောအခါ၌ကား ယုံကြည်မှုသည် လည်း မလွန်၊ စဉ်းစားမှုသည်လည်း မလွန်၊ ဖြစ်တိုင်း ဖြစ်တိုင်းကို မှတ်သိရုံ မှတ်သိလျက် ရှိ၏။

ယုံကြည်သဘောကျလျက် အဖန်ဖန်စဉ်းစား၍ လည်း မနေပြီ။ မှတ်သိပြီးကို ပြန်လည်၍လည်း အဖန်ဖန် မစဉ်းစားပြီ။

ထို့ကြောင့် ဖြစ်တိုင်းသော ရုပ်နာမ်တို့ကို အစဉ်အတိုင်း ကောင်းစွာ မှတ်မိသိနိုင်လေသည်။

ဝီရိယလွန်ကဲသော အခါ၌ ကြောင့်ကြစိုက်မှု များလျက် ရှိ၏။ မှတ်ရန်အာရုံကို ရှာကြံမျှော်လင့်လျက် ရှိ၏။ မှတ်မိလေသလော မမှတ်မိဘဲ လွတ်သွားလေသလော ခဏခဏ ပြန်၍ ဆင်ခြင်တတ်၏။ ဘယ်နေရာက လစ်လပ်နေသေးသည် ဟူ၍လည်း ခဏခဏ ဆင်ခြင်မိတတ်၏။ သည်တစ်ခါ သာ၍ ကောင်းအောင် မှတ်မည်ဟူ၍လည်း ခဏခဏကြံစည်မိတတ်၏။

ဤသို့ ကြောင့်ကြစိုက်မှု များသောကြောင့် စိတ်သည် ကောင်းစွာ မတည်ငြိမ်နိုင်၊ ပျံ့လွင့်လျက်သာ ရှိ၏။ ပျံ့လွင့်သောကြောင့် စိတ်ဖြစ်တိုင်းသော ရုပ်နာမ်တို့ကို စေ့စပ်အောင် မမှတ်မိနိုင်ပြီ၊ မှတ်ချက်တိုင်း၌ ကြောင့်ကြမှု လွန်၍ တည်ကြည်မှု အားနည်းခြင်းကြောင့် မှတ်မိသမျှကိုလည်း ထင်ရှားပီသစွာ မသိနိုင်ပြီ။ ဤသည်ကား ဝီရိယလွန်၍ မှတ်သိမှု ပျက်ပုံတည်း။

သမာဓိလွန်ကဲသောအခါ၌လည်း တစ်မျိုးတည်းသော အာရုံကိုသာ ကြာမြင့်စွာ မှတ်လျက် နေရတတ်၏။ တစ်ခြားတစ်ပါးသော အာရုံများ မထင်လာခြင်းကြောင့် ထိုအာရုံသစ် အထူးများကို မှတ်ရန် ကြောင့်ကြစိုက်မှုမှ ကင်းလျက်ရှိ၏။ ဤသို့ ကြောင့်ကြမစိုက်ရဘဲ မှတ်နေ ကျကို သက်သက်သာသာနှင့် မှတ်နေရသောကြောင့် အားထုတ်မှု လျော့လျက်ရှိ၏။ နှုတ်တက်ကျေပွန်နေ သောစာ၊ ဘုရားရှိခိုး၊ ပရိတ်တို့ကို ရွတ်ဆိုရာ၌ အားထုတ်မှု လျော့နေသကဲ့သို့ပင်တည်း။ ထို့ကြောင့် အာရုံနှင့် မှတ်မှုသည် တစ်စတစ်စနှင့် မှေးမှိန်သွားတတ် ၏။ မှတ်မှုသည်

အားလျော့၍ ထိုင်းမှိုင်းမှု ထိနမိဒ္ဓအဖြစ်သို့ ပြောင်းလဲသွားတတ်၏။ ဖြစ်တိုင်းသော ရုပ်နာမ်တို့ကို စေ့စပ်အောင် မမှတ်နိုင်ပြီ။ အားထုတ်မှုလျော့၍ မှတ်မှုတို့၏ အကြား၌ ထိုင်းမှိုင်းမှုများ ပါဝင်လျက်ရှိခြင်းကြောင့် မှတ်မိသမျှကိုလည်း ထင်ရှားပီသစွာ မသိနိုင်ပြီ။ ဤသည်ကား သမာဓိလွန်၍ မှတ်သိမှု ပျက်ပုံတည်း။

ညီမျှစေခြင်း သဘောရှိသော ဥပေက္ခာ၏ အစွမ်းကြောင့် ဝီရိယ သမာဓိတို့ ညီမျှသောအခါ၌ကား ကြောင့်ကြစိုက်မှုလည်း မလွန်၊ စူးစိုက်တည်ကြည်မှုလည်း မလွန် အထူးကြောင့်ကြ မစိုက်ရဘဲ ဖြစ်တိုင်းသော ရုပ်နာမ်များလည်း ထင်ပေါ်လျက်ရှိ၏။ ထင်သော အာရုံတွေ များသည့်အတွက်လည်း စိတ်မပြန့်လွင့်၊ ထင်တိုင်းသော ရုပ်နာမ်တို့ကို အလိုလိုပင် မှတ်မိလျက် မှတ်သိ လျက်ရှိ၏။ သိတိုင်းသောအာရုံ၌ စူးစိုက် တည်ကြည်မှုလည်း ထင်ရှား၏။ ထိုသို့သော ကာလ၌ ယောဂီပုဂ္ဂိုလ်သည် မမှတ်မိဘဲ လွတ်သွားသော အာရုံ မရှိတော့ပြီ။ အလုံးစုံကိုပင် သိသည်ဟူ၍ မှတ်ထင်ရ၏။ ဆိုခဲ့သောနည်းဖြင့် သဒ္ဓါနှင့် ပညာ၊ ဝီရိယနှင့် သမာဓိ စသော တရားတို့၏ ညီမျှစွာ ဖြစ်ခြင်းသဘော၊ ၎င်းတို့ကို ညီမျှစေခြင်း သဘောသည် "ဥပေက္ခာသမ္ဗောဇ္ဈင်" မည်၏။

(မဟာစည်–ဝိပဿနာရှုနည်းကျမ်း ပ၊ နှာ–၄၃၇၊၄၃၈၊၄၃၉)

သန်း။ ။ ဘဝသံသရာ ရှည်လျားပုံပြတဲ့ သုတ္တန်လေးတစ်ခုဆိုတာ ဆက်ပါဦးဘုရား။

နုပ်။ ။ ဗုဒ္ဓလက်ထက်က ဥပသာလက အမည်ရှိတဲ့ ပုဏ္ဏားကြီးတစ်ဦး ရှိတယ်။ သူအသက်ကြီးလို့ သေခါနီးအရွယ် ရောက်တဲ့အခါ

သားဖြစ်သူကို ထူးထူးခြားခြား ကြိုတင်မှာထားသတဲ့။

သန်း။ ။ ဘာတွေ မှာတာလဲဘုရား။

နုပ်။ ။ သူသေရင် ဘယ်သူမှ မမြှုပ်ဖူးသေးတဲ့ မြေနေရာအသစ်မှာ မြှုပ်နှံဖို့ပဲ၊ ဒီအခါ သူ့သားက ဘယ်နေရာဟာ လူသေမြှုပ်ဖူးတယ်၊ ဘယ်နေရာဟာ လူသေ မမြှုပ်ဖူးဘူးဆိုတာ သေချာ မသိနိုင်ပါဘူး။ ဒါ့ကြောင့် အဖေ့ကို မြေမြှုပ်ပေးစေချင်တဲ့ နေရာကို အဖေကိုယ်တိုင် မသေခင်ကတည်းက ရွေးချယ်ပြသွားခဲ့ပါလို့ ပြန်ပြောတာနဲ့ သားအဖနှစ်ယောက် လူသေမမြှုပ်ဖူးတဲ့နေရာ ရှာရအောင် ထွက်လာကြတယ်။

သန်း။ ။ဆရာတော်ရယ်၊ သေမှတော့ ဘာသိတော့တာ မှတ်လို့၊ ဒီပုဏ္ဏားကြီးနှယ် အပိုအလုပ်တွေ လျှောက်လုပ်နေတယ်။

နုပ်။ ။အဲဒါကြောင့် ပုထုဇဉ်ဆိုတာ အရူးနဲ့တူတယ်လို့ ပြောတာပေါ့၊ ဒါမျိုးတွေ တို့လူမျိုးထဲမှာလည်း ရှိတယ်၊ ရွှေပြည်သာက တို့ဆွမ်းခံအိမ်က အဖွားတစ်ယောက်ပါပဲ၊ အသက်ကတော့ ရှည်တယ်၊ အခုဆိုရင် ၉၀–အရွယ်လောက်ရှိမယ်၊ သူကလည်း မသေခင်ကတည်းက သူ့သားသမီး သူ့မြေးတွေကို ကြိုပြောတယ်။

သူသေရင် ရွှေပြည်သာက ကျူုချောင်သင်္ချိုင်းမှာ မြေမမြှုပ်ပါနဲ့၊ ရေဝေးသင်္ချိုင်းမှာပဲ မီးသင်္ဂြိုဟ်ပါတဲ့၊ ဘာဖြစ်လို့လဲ အဖွားလို့ မေးကြည့်တော့ ရွှေပြည်သာ ကျူုချောင်သင်္ချိုင်းက မိုးတွင်းရေဝင်တော့ ညစ်ပတ်တယ်၊ မတော် ငါ့အလောင်းကို ငါးရှဉ့်တွေ ဝိုင်းထိုးရင် ဘယ့်နှယ်လုပ်မလဲတဲ့။

သန်း။ ။ဟား ဟား ဟား ဖြစ်မှ ဖြစ်ရလေဘုရား၊ သေခါမှ ငါးရှဉ့်ထိုးမှာ ကြောက်တာ ခုမှ ကြားဖူးတယ်ဘုရား။

နုပ်။ ။အဲဒီထက် ဆိုးတာတစ်ခုက အသုဘရုပ်အလောင်းကြီးကို ပိုက်ဆံ အကုန်ခံပြီး ဓာတ်ပုံရိုက်ကြတာပဲ၊ ပြီးတော့ ဒီဓာတ်ပုံတွေ ဘယ်သူမှလည်း ကြည့်ကြတာ မဟုတ်ဘူး၊ ဘယ်နေရာမှလည်း ချိတ်တာ မဟုတ်ဘူး၊ နောက်ဆုံး အိမ်မထားရဲတော့ ဘယ်ထားတယ်မှတ်တုန်း။

သန်း။ ။ဘယ်ရောက်လာလို့လဲ ဘုရား။

နုပ်။ ။တို့ဘုန်းကြီးကျောင်း ရောက်လာတာပေါ့၊ တစ်ခါကဆို ကြည့်မြင်တိုင်က အသိဒကာကြီးတစ်ယောက် ဓာတ်ပုံအယ်ဘန်ကြီးနှစ်ခု ကိုင်ပြီး ကျောင်းပေါ်တက်လာတယ်၊ ပြီးတော့ ဓာတ်ပုံတွေကို တစ်ပုံချင်း လှန်ပြတယ်၊ တစ်ခုက သူ့ဇနီးသေတုန်းက ရိုက်ခဲ့တဲ့ ဓာတ်ပုံတွေ၊ နောက်တစ်ခုက သူ့မြေးမလေးသေတုန်းက ရိုက်ခဲ့တဲ့ ဓာတ်ပုံတွေ။

ငါလည်း ဘုမသိဘမသိ သူပြတဲ့ဓာတ်ပုံတွေ လိုက်ကြည့်ရင်း မေးရတာပေါ့၊ "ဒကာကြီး ဒီဓာတ်ပုံတွေ ဘုန်းကြီးက ဘာလုပ်ရမှာလဲ" ဆိုတော့ "အဲဒါ အရှင်ဘုရားကျောင်းကို လာလှူတာ၊ ဒီပုံတွေ အိမ်မှာထားရင် စီးပွားရေးထိခိုက်တယ်လို့ ပြောကြလို့ဘုရား"တဲ့၊ ကြည့်ပါဦး၊ မကောင်းကျောင်းပို့ ဆိုတဲ့စကားဟာ ဘယ်လောက် မှန်လိုက်သလဲလို့။

သူတို့အိမ်မှာ ထားရင် ဆင်းရဲမှာ စိုးလို့တဲ့၊ ကျောင်းက သံဃာတွေတော့ ဝော်ပြီးဆင်းရဲလို့ သေသေ ကိစ္စမရှိဘူးဆိုတဲ့ သဘောမျိုး သက်ရောက်မနေဘူးလား။

သန်း။ ။ရောက်တာပေါ့ဘုရား။

နုပ်။ ။ မင်းကို စိတ်ရှင်အောင် ရယ်စရာအနေနဲ့ ပြောတာပါကွာ၊ ငါ အလှူခံလိုက်ပါတယ်၊ ဒါ့ကြောင့်နေမှာ ဓမ္မကထိကဆရာတော်

တစ်ပါး ရင်ဖွင့်ပြောသွားတဲ့ ဒဿနလေးတစ်ခုကို ငါ ပြန် အမှတ်ရလာတယ်။

သန်း။ ။အမိန့်ရှိပါဘုရား။

နုပ်။ ။လွန်ခဲ့တဲ့ ၁၆–နှစ်ကျော်ကျော်လောက်တုန်းကပေါ့၊ ရွှေပြည်သာမြို့၊ အထက ဝင်းကြီးထဲမှာ ကျင်းပတဲ့ တရားပွဲတစ်ပွဲမှာပဲ၊ ဓမ္မကထိက ဆရာတော် ပြောကြားတာက လူပုဂ္ဂိုလ်အများစုဟာ မကောင်းတာပဲ ကျောင်းပို့ကြတယ်၊ ကောင်းတာကျတော့ ကျောင်းကို သိပ်မပို့ချင်ကြဘူးတဲ့။

သန်း။ ။ ဒီဆရာတော်က ဘယ်အချက်ကို ကြည့်ပြီး ပြောတာလဲဘုရား။

နုပ်။ ။ အသုဘနဲ့ ပတ်သက်တာတွေ ကြည့်ပြီး ပြောတာပဲကွ၊ သူကပြောတယ်၊ "လူတစ်ယောက် သေသွားပြီဆိုရင် အဲဒီလူသေတင်ခဲ့တဲ့ ကုတင်နဲ့ သေသူဝတ်တဲ့ အဝတ်အစားတွေကို နေကထိုင်တို့ လိုက်ကာတို့ ချုပ်ပြီး ကျောင်းကို လာလှူကြတယ်၊ လျှောက်ပုံလေးကတော့ ကောင်းပါတယ်။

သေသူကုသိုလ်ရအောင်လို့ပါတဲ့၊ အမှန်တော့ မဟုတ်ပါဘူး၊ အဲဒီကုတင်ကို ဆက်မသုံးရဲလို့၊ အဲဒီအဝတ်အစားကိုလည်း ဆက်မဝတ်ရဲလို့ ကျောင်းလာလှူတာပါ" တဲ့။

သန်း။ ။ အဲ–ဟုတ်သားပဲ၊ တပည့်တော်တောင် အခုမှ တွေးမိတယ်ဘုရား။

နုပ်။ ။ ဒီဆရာတော်ကတော့ တွေးမိတာ ကြာပြီနေမှာ၊ နောက်ဆက်ပြောတယ်၊ "သေသူကုသိုလ်ရအောင် သေသူသုံးစွဲခဲ့တဲ့ ပစ္စည်းမှန်သမျှကို ကျောင်းလာလှူတာပါဆိုရင်၊ သေသူဟာ လက်စွပ်ဝတ်ရင်း ဆွဲကြိုးဝတ်ရင်းလည်း သေတာပဲ၊ အဲဒီ လက်စွပ်တွေ ဆွဲကြိုးတွေကျတော့ သေသူကုသိုလ်ရအောင် ဆိုပြီး ဘယ်သူမှ ကျောင်းကို

လာမလှုပြုပါဘူးတဲ့၊ မကောင်းတာ ကျောင်းပို့သလို ကောင်းတာ တွေလည်း မျှပို့ပေးဖို့ သတိပေးလိုက်ပါတယ်”တဲ့။

သန်း။ ။ ဟုတ်လည်း ဟုတ်တာပဲ ဘုရား၊ မကောင်းတာသာ ကျောင်းကို အမြဲပို့နေကြတာ၊ ကောင်းတာလည်း တစ်ခါတလေ ကျောင်းပို့ သင့်တယ်လို့ ပြောတာ တရားနည်းလမ်း ကျပါတယ်ဘုရား၊ ဆရာ–တော်ရဲ့ ဥပသာလကပုဏ္ဏားကြီးအကြောင်း ဆက်ပါဦး ဘုရား။

နုပ်။ ။ သူတို့ သားအဖဟာ လူသေမမြှုပ်ဖူးတဲ့ နေရာ ရှာရင်းရှာရင်းနဲ့ ဂိဇ္ဈကုဋ်တောင်ပေါ် အထိ ရောက်သွားတယ်၊ တောင်ပေါ်က ပြန့်ပြူးတဲ့ နေရာလေးတစ်ခုကို ပုဏ္ဏားကြီးက သဘောကျသွားတယ်၊ ဒီတောင်ပေါ်လို နေရာမျိုးမှာတော့ လူသေ မမြှုပ်ဖူး လောက်ဘူးလို့ သူက ယူဆတယ်၊ ဒါ့ကြောင့်လည်း အဲဒီတောင် စောင်းလေးမှာ သူသေရင်မြှုပ်ဖို့ သေချာမှတ်တိုင်လုပ်ပြီး ပြန် ဆင်းလာကြတယ်။

ဒီအချိန်မှာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ပုဏ္ဏားကြီး သောတာပန်တည်ဖို့ ဥပနိဿယတွေ ပြည့်စုံနေပြီဆိုတာကို မြင်လို့ တောင်အောက်ကနေ အသင့် စောင့်နေတော်မူတယ်၊ ပုဏ္ဏားကြီး ကို တွေ့တဲ့အခါ အကျိုးအကြောင်း မေးကြည့်ပြီးတာနဲ့ လူသေ မမြှုပ်ဖူးဘူးလို့ ယူဆပြီး ပုဏ္ဏားကြီး မှတ်သားထားတဲ့ တောင်ထိပ် ကနေရာကို လိုက်ပြခိုင်းတယ်။

ပုဏ္ဏားကြီးကလည်း သူ့စိတ်ကူးကို ဘုရားရှင်ကိုယ်တိုင် စိတ်ဝင်စားမှု ရှိနေတယ်ဆိုတာ သိရတော့ အားတက်ပြီး သူရွေး ချယ်ထားတဲ့ နေရာကို သေချာလိုက်ပြတယ်၊ ပုဏ္ဏားကြီးပြတဲ့ နေရာကိုကြည့်ပြီး ဗုဒ္ဓက ဒီဂါထာကို ဟောပြတော်မူတယ်။

ဥပသာလကနမာနိ၊
သဟဿာနိ စတုဒ္ဒသ။
အသ္မိံ ပဒေသေ ဒဍ္ဎာနိ၊
နတ္ထိလောကေ အနာမတံ။

"ပုဏ္ဏားကြီး၊ ဘယ်လူသေမှ မမြှုပ်ဖူးဘူးလို့ ယူဆထား တဲ့ သင်ညွှန်ပြထားတဲ့ နေရာဟာ ဥပသာလကလို့ အမည်မှည့် ထားတဲ့ ဘဝအဆက်ဆက်က သင့်ရဲ့ အလောင်းကောင်ပေါင်း ၁၄၀၀၀– တဲ့တိကို မီးသင်္ဂြိုဟ်ပြီးပြီ၊ ပုဏ္ဏားကြီး၊ ကမ္ဘာလောကမှာ ရှိတဲ့ မြေအပြင်လုံးမှာ လူသေကောင်ပုပ် မမြှုပ်ဖူးသော နေရာ ဟူ၍ တစ်နေရာမှ မရှိချေ" ။

အဲဒီဂါထာ အဆုံးမှာ ဥပသာလကပုဏ္ဏားကြီး သောတာ ပန် တည်သွားတယ်၊ ပြောပြချင်တာက မင်းတို့ငါတို့ အခုထိုင်နေ တဲ့ မြေကြီးဟာ မင်းတို့ ငါတို့ ဘဝအဆက်ဆက် သေတုန်းက မြှုပ်နှံခဲ့တဲ့ အလောင်းကောင်တွေကြောင့် ဖြစ်တယ်ဆိုတာပဲ၊ ဒါ့ကြောင့် တရားသဘောနဲ့ကြည့်ရင် ဘယ်နေရာက မြေကြီးမှ သန့်တယ်ဆိုတာ မရှိဘူး၊ သတ္တဝါတွေရဲ့ အရိုးတွေ အသား တွေကနေ ဖြစ်လာတဲ့ မြေကြီးတွေချည်းပဲ။

သန်း။ ။သတ္တဝါတစ်ဦးရဲ့ ဘဝသံသရာဟာ ဘယ်လောက်ထိ ရှည်လျား တယ်ဆိုတာကို သံဝေဂရပါပြီ ဘုရား။

နုပ်။ ။အေး–ဒါ့ကြောင့် ဝါးချက်မင်းကျောင်း ဆရာတော်ကြီးက "သံသရာ သက် ရှည်ရန်ကို မလိုလားအပ်၊ သံသရာသက် တိုရန်သာ လိုလား အပ်သည်"လို့ ဩဝါဒပေးတော်မူခဲ့တာပေါ့၊ အခုလည်း နကုလ ပိတာနဲ့ နကုလမာတာတို့ရဲ့ ဘဝသံသရာဟာ ဘယ်လောက်

ရှည်လျားခဲ့သလဲဆိုရင် ဘုရားရှင်ရဲ့ မိဘနေရာမှာတောင် ဘဝ ပေါင်း တစ်ထောင်စီ ဖြစ်ခဲ့ရတာဆိုတော့ သာမန် သားသမီး တွေရဲ့ မိဘ အဖြစ်ကတော့ ဘယ်မှာ ရေတွက်လို့ ရတော့မှာလဲ။

တစ်ရက်တော့ နကုလပိတာ အဖိုးဟာ ဘုရားရှင်ရှိရာကို ရောက်လာပြီး အသက်ကြီးလာပြီ ဖြစ်တဲ့အတွက် နေလို့ထိုင်လို့ မကောင်းတာကြောင့် ဟိုနေရာကနာ၊ သည်နေရာက ကိုက်နဲ့ သေဖို့နီးလာပြီ ဖြစ်တဲ့အကြောင်းကို ခန္ဓာကြီးက အချက်ပြနေ ကြောင်း နောင်ဆိုရင် ဘုရားရှင်နဲ့ သံဃာတော်များကို ဖူးမြင်နိုင်ဖို့ ရာ မလွယ်ကူတော့ကြောင်း။

ထို့ကြောင့် အသက်အရွယ်ကြီးရင့်သော အဖိုးအဖွားတို့ နှင့် သင့်လျော်မည့် တရားတစ်ပုဒ်ကို ဟောကြားပေးစေလို ကြောင်း လျှောက်ထားတယ်၊ ဒီအခါ ဘုရားရှင်က "ကိုယ်မှာပင် နာသော်လည်း စိတ်မနာပါစေနဲ့" ဆိုတဲ့ တစ်ကြောင်းတည်းသော တရား အကျဉ်းကလေးကို ဟောပေးလိုက်တယ်။

သူက သားလို ချစ်နေတဲ့ ဘုရားရှင်က သူ့အတွက် သီးသန့် တရားတစ်ပုဒ် ဟောပေးလိုက်တယ်ဆိုတော့ နကုလပိတာအဖိုးဟာ အလွန်ဝမ်းသာအားရဖြစ်ပြီး ဘုရားရှင်ဆီက ပြန်လာခဲ့တယ်၊ သူဟာ ဝမ်းသာပီတိတွေ များလွန်းနေတော့ တရားကို အကျယ်ထပ် ဟောဖို့ မေးလျှောက်ဖို့ရာ သတိမရတော့ဘူး။

အပြန်မှာ အရှင်သာရိပုတ္တရာကို ဝင်ဖူးမြော်တော့ အရှင် သာရိပုတ္တရာက မေးတော်မူတယ်၊ "ဒကာကြီးမျက်နှာ သိပ်ပြီး ကြည်လင်နေတယ်၊ ဗုဒ္ဓရှင်တော်ထံက ထူးခြားလေးနက်တဲ့ တရား တစ်ပုဒ်ကို နာလာခဲ့တယ် ထင်တယ်"လို့ မေးလိုက်တော့ အဖိုးက

ဝမ်းသာအားရနဲ့ ဘုရားရှင်ကဟောလိုက်တဲ့ တရား အကျဉ်းလေး ကို ပြန်ဟောပြတယ်။

"ဒကာကြီး အဲဒီတရားရဲ့ အကျယ်ကိုရော သိလား" လို့ မေးတော့ "မသိပါဘုရား၊ အရှင်ဘုရားပဲ ပြန်ဟောပြပါ" လို့ တောင်းပန်တော့ အရှင်သာရိပုတ္တရာက ပြန်ဟောပြရတယ်၊ အကျဉ်းချုပ်ကတော့ ခန္ဓာငါးပါးကို ငါ့ခန္ဓာ၊ ငါ၊ ငါအတ္တလို့ တဏှာ မာန ဒိဋ္ဌိတွေနဲ့ အယူမှားနေတဲ့သူဟာ ခန္ဓာငါးပါး ပြိုကွဲပျက်စီးချိန် ရောက်တဲ့အခါ ကိုယ်လည်း နာတယ်၊ စိတ်လည်း နာတယ်။

ဒီခန္ဓာငါးပါးဟာ အကြောင်းတရားကြောင့် ဖြစ်လာတဲ့ အကျိုးတရားမျှသာ ဖြစ်တယ်၊ ငါ့ ခန္ဓာလည်း မဟုတ်၊ ငါလည်း မဟုတ်၊ ငါ့ အတ္တလည်း မဟုတ်လို့ သေချာ သိထားတဲ့သူကျ တော့ ဒီခန္ဓာကြီး ပြိုကွဲပျက်စီးချိန် ရောက်တဲ့အခါ ကိုယ်လည်း မနာ၊ စိတ်လည်း မနာတော့ဘူး။

တို့ဇာတိ အမရပူရမြို့၊ နန်းတော်ရာ စံပြကွက်သစ် ရပ် ကွက်ထဲက သာကေနှစ်ခု ထုတ်ပြမယ်၊ ပထမလူတစ်ယောက် က ဦးမြင့်စိန်တဲ့၊ ဒီလူကြီး သေခါနီးကျတော့ အသံနက်ကြီးနဲ့ ကုန်း အော်နေတယ်၊ သေရမယ့် ဝေဒနာက ပြင်းထန်တော့ ခံနိုင်ရည် မရှိလို့ အော်နေတာပေါ့။

သူ့အော်သံ မခံနိုင်တော့လို့ တစ်ချို့ဆို သူ့နားက ထသွား ကြတယ်၊ ဒီလို အော်ရင်းနဲ့ပဲ သေသွားရှာတယ်၊ နောက်တစ်ဦးက တော့ အမေ့ရဲ့ အဖေ၊ တို့ရဲ့ အဖိုး ဦးတရုတ်ပဲ၊ အဖိုး ဆုံးခါနီး တော့ အမေရော ငါရော အဖိုးအနားမှာ အနီးကပ်ရှိ နေကြတယ်၊ အဖိုးဟာ သေရမယ့်ဝေဒနာကို အပြင်းထန်ဆုံး ခံရပေမယ့် တည်

တည် ငြိမ်ငြိမ်ပဲ ရှိနေတယ်။

တို့အမေဟာ အတော်စိတ်ခိုင်တာ၊ သားသမီးငါးယောက် ဆုံးဖူးပေမယ့် မငိုဖူးဘူး၊ အခုတစ်ခါ ဖခင်လည်းဖြစ် တရားပြ ဆရာ လည်းဖြစ်တဲ့ အဖိုးဆုံးတော့မယ်ဆိုတော့ မျက်ရည်ကျပြီး ရှိုက်သံ နည်းနည်း ထွက်သွားတယ်၊ အာရုံခြောက်ပါးကို ဓမ္မအဖြစ် အသုံး ချနိုင်တဲ့ အဖိုးဟာ အမေ့ရဲ့ ငိုသံကို ကြားသွားတယ်။

"သမီး ငိုနေသလား"လို့ မေးလိုက်တော့ အမေက "သမီး ငိုမိပါတယ်"တဲ့၊ "ဘာဖြစ်လို့ ငိုနေရတာလဲ သမီးရဲ့ မှိုပွင့်ဟာ မြေကြီးထဲက ထွက်လာကတည်းက ခေါင်းပေါ်မှာ မြေမှုန့်တွေ ပါလာသလို လူဆိုတာလည်း မိခင်ဝမ်းက ကျွတ်ကတည်းက သေခြင်းတရားဟာ ပါလာပြီးသား မဟုတ်လား" တဲ့။

ဒီတော့ အမေက"သမီး သိပါတယ်အဖေ၊ မျက်ရည်ကျရ ခြင်းရဲ့ အဓိကအကြောင်းက အဖေ့ဆီက အဆုံးအမတရားတွေကို နောင်အခါ မရတော့ဘူးလို့ တွေးမိလို့ပါ" တဲ့၊ အဖိုးက ပြန်ပြော တယ်၊ "သမီးရယ် အဖေသင်ပြတဲ့ တရားအတိုင်း နေရင် အဖေရှိ သလိုပါပဲ၊ တကယ်တော့ အဖေဆိုတာလည်း ခေါ်လို့ ရအောင် နာမည်တပ်ထားတဲ့ ပညတ်တစ်ခုပါ။

သမုတိသစ္စာအရ အဖေဆိုတာ ရှိပေမယ့် ပရမတ္ထသစ္စာ အရ ခန္ဓာငါးပါးပဲ ရှိတာပါ၊ ရှိတဲ့ ခန္ဓာငါးပါးကလည်း ဖြစ်ပြီး ပျက်တာဆိုမှတော့ ဘာများ စွဲလန်းစရာ ကျန်တော့လို့လဲ သမီး၊ အဖေဆိုတဲ့ ပညတ်ပေါ် တင်နေလို့ သောကပရိဒေဝ ဖြစ်ရတာပါ၊ ခန္ဓာငါးပါး ဖြစ်ပြီးတော့ ပျက်တာပဲလို့ သိလိုက်ရင် သောက ပရိဒေဝ မဖြစ်နိုင်တော့ဘူး။

နောင်တစ်ချိန် သမီးလည်း ဒီလို မရဏာဒုက္ခနဲ့ ကြုံရဦး မှာပဲ ငါဆိုတဲ့ ပညတ်အမှားပေါ် တင်နေရင် သောက ပရိဒေဝ ဖြစ်ဦးမှာ ပဲ၊ ငါဆိုတာ မရှိတဲ့ ပညတ်တရားပဲ၊ တကယ်ရှိတာက ခန္ဓာငါးပါး သာဖြစ်တယ်၊ ငါမရှိတဲ့အတွက် ငါသေခြင်းမဟုတ်၊ ခန္ဓာငါးပါး ဖြစ်ပြီး ပျက်ခြင်းသာ ဖြစ်တယ်လို့ နှလုံးသွင်းလိုက်ရင် ဘယ်လို နည်းနဲ့ သေရသေရ သောကပရိဒေဝ မဖြစ်နိုင်တော့ဘူး။

သန်း။ ။ ကောင်းလိုက်တာဘုရား၊ ဒီတစ်ကွက်နဲ့တင် သေခြင်းတရားကို ရင်ဆိုင်ရဲသွားပါပြီ ဘုရား။

နုပ်။ ။ အဲဒီလို သေခါနီး ၁၀–မိနစ်လောက်အလိုမှာတောင် သမီးဖြစ်သူကို တရား ပြသွားနိုင်သေးတယ်၊ ပြီးမှ အေးချမ်းငြိမ်သက်စွာ ဆုံးပါး သွားတယ်၊ ဒီနှစ်ဦးမှာ သေရမယ့်ဝေဒနာကို ခံစားရတာချင်း တူပါလျက်နဲ့ တစ်ယောက်က အော်ဟစ်သေရတယ်၊ ကျန်တစ်– ယောက်က အေးချမ်းငြိမ်သက်စွာ သေရတယ်။

ဘာ့ကြောင့် ဒီလို ကွာခြားသွားရတာလဲဆိုရင် ရှေ့မှာ ပြောခဲ့သလို ခန္ဓာငါးပါးကို ငါလို့ အယူမှားတဲ့သူဟာ ကိုယ်လည်းနာ စိတ်လည်း နာတဲ့အတွက် ခုလို အော်ဟစ်ပြီး သေရတာပဲ၊ ဒီခန္ဓာ ငါးပါးဟာ ငါ မဟုတ်ဘူး။

ဖောက်ပြန်တတ်တဲ့ သဘောတရား၊
ခံစားတတ်တဲ့ သဘောတရား၊
မှတ်သားတတ်တဲ့ သဘောတရား၊
တိုက်တွန်းစေ့ဆော်တတ်တဲ့ သဘောတရား၊
သိတတ်တဲ့ သဘောတရား၊
ငါးခုပဲ၊ ငါမရှိတဲ့အတွက် ငါသေတာ မဟုတ်ဘူး၊ ခန္ဓာငါး

ပါး ဖြစ်ပြီးတော့ ပျက်တာလို့ အသိမှန်တဲ့သူဟာ ကိုယ်သာ နာပြီး စိတ် မနာတဲ့အတွက် အေးချမ်းငြိမ်သက်စွာ သေရတာပဲ၊ ဒီနှစ်ဦးရဲ့ တရားအသိ ကွာပုံကို လောကဥပမာတစ်ခုနဲ့ ပြောပြမယ်။

လူတစ်ယောက်ဟာ ကြက်မနှစ်ကောင်ရဲ့ ဥတွေကို အကုန် စားပစ်ပြီး ဘဲဥငါးလုံးစီ ဝပ်ကျင်းထဲမှာ ထည့်ထားလိုက် တယ်၊ ဉာဏ်မရှိတဲ့ ကြက်မကတော့ ဘဲဥငါးလုံးကို သူ့ဥတွေပဲ ထင်နေတယ်၊ ဉာဏ်ရှိတဲ့ ကြက်မကတော့ သူ့ဥတွေ မဟုတ်ဘူးဆိုတာ သိထား တဲ့အတွက် ဝတ္တရားရှိလို့သာ ဝပ်ပေးလိုက်ရတယ်၊ စွဲလမ်းမှု မရှိဘူး။

ဒီအချက်ကို ထောက်ပြီး စွဲလမ်းမှုတဏှာဟာ အယူမှား (ဒိဋ္ဌိ)ရှိမှသာ ဖြစ်နိုင်တာ၊ ဒိဋ္ဌိမရှိရင် မဖြစ်နိုင်ဘူးဆိုတာ ထင်ရှား တယ်၊ စွဲလမ်းတပ်မက်မှု တဏှာ လျော့ပါးသွားဖို့အတွက် အယူမှား ဒိဋ္ဌိကိလေသာကို အရင်ပယ်သတ်ရမယ်ဆိုတဲ့ ဒဿနကို ထုတ်ယူ နိုင်တာပေါ့။

သန်း။ ။ ဒိဋ္ဌိကိလေသာ မရှိရင် တဏှာလျော့ပါးသွားပုံကို သဘာဝယုတ္တိနဲ့ ပြနိုင်ရင် ပိုကောင်းမယ်ဘုရား။

နုပ်။ ။ ပြနိုင်ပါတယ်၊ ဥပမာ–သောတာပတ္တိမဂ်ကို ရလို့ ဒိဋ္ဌိ, ဝိစိကိစ္ဆာ ကိလေသာသေတာနဲ့ လူ့ဘဝနတ်ဘဝဆိုတဲ့ ကာမဂုဏ်တောထဲ မှာ ခုနှစ်ဘဝပဲ ပဋိသန္ဓေနေတော့တယ်၊ ရှစ်ဘဝမြောက်ထိ ပဋိသန္ဓေ မနေတော့ဘူး၊ အဲဒါ ဘာ့ကြောင့်လဲ ဆိုရင် ကမ္ဘာပေါင်း များစွာ လူ့ဘဝနတ်ဘဝမှာ ကျင်လည်ချင်တဲ့ ဘဝတဏှာ လျော့ပါး ကုန်ခန်းသွားလို့ပဲ။

ဒီအချက်ကို ရတနသုတ်ပရိတ်တော်မှာ အခုလို ဟော ထားတယ်။

ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရပညေန သုဒေသိတာနိ။
ကိဉ္စာပိ တေ ဟောန္တိ ဘုသံပမတ္တာ၊
န တေ ဘဝံ အဋ္ဌမမာဒိယန္တိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

လိုရင်း အချုပ်ပြောရရင် သစ္စာလေးပါးကို ပဋိဝေဓဉာဏ်နဲ့ သိပြီးဖြစ်တဲ့ သောတာပန်ပုဂ္ဂိုလ်ဟာ ခုနစ်ဘဝမြောက်မှာ လူ့ဘဝကာမဂုဏ်နဲ့ ပျော်ပါးပြီး တရားကို မေ့လျော့နေတယ်၊ အဲသလို မေ့လျော့နေတဲ့ သောတာပန်ဟာ ရုတ်တရက် လုပ်ကြံသတ်ဖြတ်ခံရလို့ သေရင်တောင် ရှစ်ဘဝမြောက် ပဋိသန္ဓေမယူတော့ဘူး၊ ဒီသစ္စာစကားမှန်ရင် သတ္တဝါအားလုံး ကျန်းမာ ချမ်းသာပါစေ–တဲ့။

သန်း။ ။ ရှစ်ဘဝမြောက် ပဋိသန္ဓေ မယူတော့ရင် ဘာဖြစ်သွားလဲ ဘုရား။

နုပ်။ ။ အသတ်ခံရဆဲ မသေမီ အချိန်ကလေးအတွင်းမှာ အနာဂါမ်တည်ပြီး ဗြဟ္မာ့ဘုံ ရောက်ချင်ရောက်မယ်၊ သို့မဟုတ် ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် စံချင်စံမယ်၊ တစ်ခုခုပေါ့၊ ဒီလို အံ့ဖွယ်ဖြစ်ရတာဟာ ရရှိတဲ့ သောတာပတ္တိမဂ်ရဲ့ သတ္တိကြောင့်ပဲပေါ့။

ကြက်မနှစ်ကောင်အကြောင်းကို ပြန်ဆက်ရအောင်၊ ဥဒေ့ဂှက ဘဲကလေးငါးကောင် ပေါက်လာတဲ့အခါ ကြက်နက်မက သူ့သားသမီးတွေပဲ ထင်နေတော့ မခွဲနိုင်၊ မခွာရက် တအားချစ်တာပေါ့၊ ဉာဏ်ရှိတဲ့ ကြက်ဖြူမကတော့ ဝတ္တရားအရ ရှာဖွေတော့ ကျွေးပါတယ်၊ ဒါပေမယ့် ကိုယ့်သားသမီးဟုတ်ဘူးဆိုတာ သိတဲ့

အတွက် စွဲလမ်းတပ်မက်မှု မဖြစ်ဘူး။

တစ်ခါတော့ ကြီးမားတဲ့ ရေကန်ကြီးတစ်ကန်လည်း တွေ့ရော ဘဲကလေးတွေဟာ ရေသတ္တဝါဖြစ်တဲ့အတွက် အတင်း ဆင်းပြေး ပြီး ရေထဲမှာ ပျော်ပါးဆော့ကစားကြတာပေါ့၊ ဒီအခါ မှာ သူ့သားသမီး ကြက်တွေပဲလို့ အယူမှားနေတဲ့ ကြက်နက်မ ဟာ ကံဘောင်ပေါ် ပတ်ပြေးပြီး "ကတော်...ကတော်" အော်ကာ ပတ်ဝန်းကျင်ကို အကူညီတောင်းနေတယ်။

ကြက်နက်မကြီးက ဘယ်လောက်ပဲ အော်အော်ဘဲ ကလေးတွေကတော့ ရေကူးမပျက်ပါဘူး၊ ကြက်လည်း မဟုတ် ဘူး၊ ငါ့သားသမီးလည်း မဟုတ်ဘူးဆိုတာ သေသေချာချာ သိထားတဲ့ ကြက်ဖြူမကတော့ ဘယ်လိုမှ မနေဘူး၊ ဘဲကလေး တွေ ရေကန်ထဲ ဆင်းသွားတာနဲ့ သူကလည်း တခြား နေရာကို ထွက်သွားလိုက်တယ်၊ အမှန်ကို သိထားတဲ့အတွက် ခံနိုင်ရည် ရှိတာပေါ့။

အတော်လေးကြာတော့ ကြက်နက်မကြီးဟာ ဘဲကလေး တွေ ရေနစ်သေပါပြီဆိုတဲ့ သောကကြောင့် ကန်ဘောင်ပေါ် ပတ် ပြေးရင်း ရင်ကွဲနာကျပြီး သေရှာတယ်၊ ကြက်ဖြူမကတော့ ဘာမှ မဖြစ်ဘူး၊ ဒီ ဥပမာန ဥပမေယျနဲ့ ဟတ်ကြည့်လိုက်ရင် ဘဲငါး ကောင်ကို မိမိရင်သွေး ကြက်ငါးကောင်လို့ အမြင်မှားတဲ့ ကြက်နက် မဟာ သဘောတရားခန္ဓာငါးပါးကို "ငါလို့" အယူမှားတဲ့ လူကြီးနဲ့ တူတယ်။

ဘဲတွေ ရေကန်ထဲ ဆင်းသွားတဲ့အခါ ကြက်နက်မဟာ ဒေါမနဿ ဥပါယာသမီး လောင်ပြီး ရင်ကွဲနာကျ သေရသလို သဘောတရား ခန္ဓာငါးပါးကို "ငါလို့" အယူမှားတဲ့ လူကြီးဟာ

လည်း ခန္ဓာငါးပါး ပျက်စီးချိန်နဲ့ ကြုံတဲ့အခါ အော်ဟစ်ပြီး သေရတယ်။

ဘဲငါးကောင်ကို ငါ့သားသမီး မဟုတ်ဘူးလို့ သိတဲ့ ကြက်ဖြူမဟာ ဘဲတွေ ရေထဲဆင်းသွားတာမြင်ပေမယ့်၊ ဘာမှ မဖြစ်သလို တို့အဖိုးဟာလည်း "ခန္ဓာငါးပါးသာ ရှိလို့ ခန္ဓာငါးပါး သေတာ(ပျက်စီးတာ)ဖြစ်တယ်၊ ငါမရှိတဲ့အတွက် "ငါ"သေတာ (ပျက်စီးတာ) မဟုတ်"လို့ သေချာသိတဲ့အတွက် သေခြင်းတရားကို အေးချမ်းစွာ ရင်ဆိုင်သွားနိုင်တာပေါ့။

ကဲ နောက်အပတ်ကျမှ မယ်တော်ကြီး တရားနဲ့ အေးချမ်းစွာ သေနိုင်သွားပုံနဲ့ ဒုက္ခသစ္စာအကြောင်းကို ပြန်ဆက်ကြ တာပေါ့။

■

အခန်း ၄၆

## ခန္ဓာကိုသိပုံ

မြင်ဆဲ၌ "မြင်တယ်"ဟု မှတ်သောသူသည် မျက်စိကြည်လင်မှု၊ မြင်ရသော အဆင်းရုပ်တို့ကို ပဓာနပြု၍ သိသောအခါ၌ ရူပက္ခန္ဓာကိုသိ၏။ မြင်၍ ကောင်းခြင်း မကောင်းခြင်း မဆိုး မကောင်း ညီမျှခြင်းတို့ကို ပဓာနပြု၍ သိသောအခါ၌ ဝေဒနာက္ခန္ဓာကို သိ၏။ မြင်ရသော အဆင်း၌ မှတ်သားခြင်းသဘောကို သိသောအခါ၌ သညာက္ခန္ဓာကို သိ၏။

စိတ်ထဲ၌ အဆင်းနှင့်တွေ့မှု ဖဿ၊ မြင်အောင် စေ့ဆော်တိုက်တွန်းမှု စေတနာ၊ သာယာနှစ်သက်မှု လောဘ၊ ကြည်ညိုမှု သဒ္ဓါစသော သဘောတို့ကို သိသောအခါ၌ ဝိညာဏက္ခန္ဓာ ကိုသိ၏။ ဤသို့ ရုပ်သဘောမျှ ဝေဒနာသဘောမျှစသည်ကို သိခြင်းသည် "ဉာတံ ရူပံ၊ ဉာတံ ဝေဒနံ၊ ဉာတံ သညာ၊ ဉာတံ သင်္ခါရာ၊ ဉာတံ ဝိညာဏံ"နှင့် အညီပင်တည်း။ ကြားဆဲ စသည်၌လည်း နည်းတူပင်တည်း။

ကြွေးဆဲ၌ "ကြွေးချင်တယ်၊ ကြွေးချင်တယ်" ဟု မှတ်သော

သူသည် ကွေးသောအမူအယာအားဖြင့် လှုပ်ရှားသော ရူပက္ခန္ဓာကိုလည်း သိ၏။ ကွေးချင်သော စိတ် ဝိညာဏက္ခန္ဓာကိုလည်း သိ၏။ စိတ်ထဲ၌ ကွေးမှုနှင့် တွေ့ရသကဲ့သို့သော ဖဿ၊ ကွေးစေဟု အမိန့်ပေးသကဲ့ သို့သော စေတနာစသော သင်္ခါရက္ခန္ဓာတို့ကိုလည်း သိ၏။ ဝေဒနာ, သညာတို့ကား အများအားဖြင့် မထင်ရှားဘဲ ရှိတတ်ကုန်၏။ ထင်ရှားသော အခါ၌ ကွေးချင်မှု၏ကောင်းခြင်း မကောင်းခြင်းသဘော ဝေဒနာကိုလည်း သိ၏။

ကွေးမည်ဟု မှတ်သားမှု သညာက္ခန္ဓာကိုလည်း သိ၏။ ဆန့်ဆဲသွားဆဲ စသည်တို့၌လည်း နည်းတူ ပင်တည်း။

ဤသို့သိ၍ နာမရူပပရိစ္ဆေဒဉာဏ် တစ်ဖက်ကမ်းသို့ရောက်လတ်သော် ဖောက်ပြန်တတ်သော ရုပ်ကား ဤမျှသာတည်း။ ခံစားတတ်သော ဝေဒနာကား ဤမျှသာတည်း။ မှတ်သားတတ်သော သညာကား ဤမျှသာတည်း။ အမူအယာ ကြိယာကိုပြုတတ် ပြီးစေတတ်သော သင်္ခါရကား ဤမျှသာတည်းဟု ပိုင်းခြားလျက် သိ၏။ ဤသို့သိခြင်းသည် သရုပ်ခွဲရာ၌ သိခြင်းကဲ့သို့ ဂဏန်းသင်္ချာဖြင့် ရေတွက်၍သိခြင်းကား မဟုတ်ပေ။ ရှုမှတ်သောဉာဏ်ထဲ၌ ငါးမျိုးကွဲပြားလျက် ထင်ရှားသော ထိုအရာအလုံးစုံကိုပေါ်တိုင်းပေါ်တိုင်း မှတ်သိခဲ့ပြီးသောကြောင့် အလုံးစုံကိုပင် မှတ်သိပြီ၊ တွေ့မြင်ပြီ၊ ကိုယ်ထဲ၌ မမှတ်သိရ။ မတွေ့မြင်ရသော ရုပ်စသည်တို့ မရှိကြပြီဟု သဘောကျသည့်အား လျော်စွာ ဆုံးဖြတ်လျက် သိခြင်းမျှသာတည်း။ ဤသို့ ဆုံးဖြတ် လျက် သိခြင်းသည်လည်း ဉာတ ရူပံ၊ ဉာတ ဝေဒနံစသည်နှင့် အညီပင်တည်း။

ထို့ကြောင့် အဋ္ဌကထာ၌ "ဉာတ ရူပဉ္စ ဉာဒံ ရူပံ၊ တွေက်

ရုပ်၊ န ဣတော ပရံ ရုပ်၊ အတ္တိတိ သဘာဝတော ရုပံ ဇာနာတိ၊ ဝေဒနာဒီသုပိ ဧသေဝ နယော၊ ဣတိ ရုပံဟူရာ၌ ဤကားရုပ်တည်း၊ ရုပ်သည် ဤမျှသာတည်း၊ ဤထက် အလွန်ရုပ် မရှိပြီဟု သဘာဝ လက္ခဏာအားဖြင့် ရုပ်ကိုသိ၏။ ဝေဒနာ စသည်တို့၌ လည်း နည်းတူပင်တည်း”ဟု ဖွင့်ပြ၏။

## ရုပ်၏သမုဒယကို သိပုံ

မြင်ဆဲစသည် ကွေးဆဲစသည်၌ မြင်တယ်၊ ကွေးတယ်စ သည်ဖြင့် မျက်စေ့ကြည့်မှုမှ မြင်ရသော အဆင်း ရွေ့လျားမှု စသောရုပ်တို့ကို ဖြတ်ခနဲဖြတ်ကနဲ ပေါ်လာ၏။ ရိပ်ခနဲရိပ်ခနဲ ကွယ်ပျောက်ကုန်ဆုံး သွားကြသည်ဟု သိ၏။ ဤသို့ သိခြင်း သမုဒယနိဗ္ဗတ္တိလက္ခ နာဟုခေါ်သောဖြစ်မှု၊ ဝယဝိပရိနာမလက္ခဏာဟု ခေါ်သော ပျက်မှုတို့ကို မျက်မှောက်သိသော ဥဒယဗ္ဗယဉာဏ်မည်၏။

ဗာလပုထုဇဉ်အပေါင်းသည် ရုပ်နာမ်တို့ကို ချမ်းသာသည် ကောင်းသည် တင့်တယ်သည် ဟူ၍သာ ထင်၏။ ဆင်းရဲ မကောင်း မတင့်တယ်ဟူ၍ကား မသိနိုင်၊ မထင်နိုင်။ ဖြစ်ထိုက်သော ရုပ်နာမ် တို့၏ အလျဉ်း မဖြစ်ပေါ်လာဘဲ ချုပ်ခြင်း၊ ကင်းခြင်းကိုလည်း ချမ်းသာသည် ကောင်းသည် ဟူ၍ မသိနိုင်။ မထင်နိုင်။ ဤ မသိမှု သည် “အဝိဇ္ဇာ” မည်၏။

ရှေးဘဝ၌ ကံကိုပြုစဉ်က ဤမသိမှု မကင်းသေး၍ ရုပ်နာမ်တို့၌ သာယာတောင့်တာမှုသည်လည်း ဖြစ်ခဲ့၏။ ထို့ကြောင့် သာယာနှစ်သက်သော ရုပ်နာမ်တို့အား ကောင်းစားစေရန် အမှု တစ်စုံတစ်ရာကို ပြုခဲ့၏။ ဤပြုမှုသည် ကုသိုလ်, အကုသိုလ်ကံ ပင်တည်း။ ယခုဘဝ၏ အကြောင်းကိုသာ ဆိုလိုလျှင် ကုသိုလ်ကံ

ကိုသာ ယူအပ်၏။ ဝိပဿနာရှုသောသူသည် ရှေးအဖို့ ကပင် "ဒိဋ္ဌစ ဥဇုကာ" ဟူသည်နှင့်အညီ ကံကြောင့် ကောင်းကျိုး မကောင်းကျိုး ဖြစ်ရသည်ဟု သုတဖြင့် ယုံကြည် သိမြင်ပြီး ဖြစ်၏။

ဝိပဿနာရှုသောအခါ၌ ရုပ်နာမ်တို့၏ အကြောင်းများစွာနှင့် ဖြစ်မှု ပျက်မှုတို့ကို မျက်မှောက်သိမြင် ရပြန်၏။ ထို့ကြောင့် ဒိဋ္ဌ,သုတ ရောစပ်လျက် ဤဆိုလတ့ံ သောနည်းဖြင့်လည်း သဘောကျနိုင်သိနိုင် လေ၏။ ရှေး ဘဝက မသိမှု မကင်းသေး၍ ဤရုပ် ဖြစ်သည်။ မသိမှု ကင်းလျှင်ကား မဖြစ်နိုင်ဟူ၍လည်းကောင်း၊ ပြုခဲ့သော အမှုကံရှိ၍ ဤရုပ်ဖြစ်သည်၊ မရှိလျှင်ကား မဖြစ်နိုင် ဟူ၍လည်းကောင်း၊ ယခုဘဝ၌ စားသောက်အပ်သော အစာ အာဟာရရှိ၍ ဤရုပ်ဖြစ်သည်။ မရှိလျှင်ကား မဖြစ်နိုင် ဟူ၍လည်း ကောင်း ဆင်ခြင်လျက်သိ၏။

ဤသိခြင်းသည် "အဝိဇ္ဇာ သမုဒယော၊ ရူပသမုဒယော၊ အဝိဇ္ဇာနိရောဓော၊ ရူပနိရောဓော" ဟူသော ပဋိသမ္ဘိဒါမဂ်နှင့် အညီ သမုဒယဖြစ်ကြောင်းတရား၊ ဝယနိရောဓ–ချုပ်ပျက်ကြောင်း၊ မဖြစ်နိုင်ကြောင်း၊ ကင်းငြိမ်းကြောင်းတရားတို့ကို အနုမာန အားဖြင့် မှန်းဆ၍ သိသော ဥဒယဗ္ဗယဉာဏ်ပေတည်း။ ကွေးချင်မှု စိတ်ရှိ၍ ကွေးမှု၊ လှုပ်ရှားမှု ဖြစ်သည်။ မရှိလျှင်ကား မဖြစ်နိုင်။ ဤသို့ စသည်ဖြင့် သိခြင်းကိုလည်းကောင်း။

အေးမှု၊ ပူမှု ဥတုရှိ၍ အေးရုပ် ပူရုပ်ဖြစ်သည်။ မရှိလျှင်ကား မဖြစ်နိုင်ဟု သိခြင်းကိုလည်းကောင်း၊ ယခု ဘဝ အကြောင်းကို သိမှုအဖြစ်ဖြင့် သဘောတူသောကြောင့် "အဟာ–ရသမုဒယာ၊ ရူပသမုဒယာ၊ အာဟာ ရနိရောဓာ၊ ရူပနိရော–

မော” ဟူသော ပါဠိဖြင့်ပင် ပြသည်ဟု မဟာဋီကာ၌ ဆို၏။ ဆိုခဲ့သောနည်းဖြင့် ရုပ်၏ဖြစ်မှု ပျက်မှု၊ ဖြစ်ကြောင်း၊ ပျက်ကြောင်းတို့ကို သိခြင်းသည် “ဣတိ ရူပသမုဒယော၊ ဣတိ ရူပဿ အတ္ထင်္ဂမော” ဟူသော ပါဠိနှင့် အညီပင်တည်း။

(မဟာစည်ဝိပဿနာရှုနည်းကျမ်း၊(ပ)တွဲ၊ ၄၂၀–၄၂၃)

သန်း။ မယ်တော်ကြီး တရားနဲ့ဆုံးပုံအကြောင်းကို ဆက်ပါဦးဘုရား။

နုပ်။ ။ မယ်တော်ကြီးကို တရားဟောပြီးတာနဲ့ ရမည်းသင်းက တရားပွဲတွေဆက်ဟောရအောင် ကြွရတယ်၊ အရိုးနဲ့အရေသာရှိတော့တဲ့ မယ်တော်ကြီးအနေနဲ့ အလွန်ဆုံးနေရလည်း သုံးလေးရက်ပဲလို့ ထင်ခဲ့တာ၊ တရားတန်ခိုးပဲ ထင်ပါရဲ့၊ မယ်တော်ကြီးဟာ နောက်ထပ် သုံးလကျော်ထိ နေသွားရသေးတယ်၊ ၁၃၆၀ ခုနှစ် တော်သလင်း လပြည့်ကျော် ၉ ရက်နေ့ကျမှ မယ်တော်ကြီး ဆုံးတယ်။

သန်း။ အဲဒီအချိန် ဆရာတော် မယ်တော်ကြီးအနားမှာ ရှိသလားဘုရား။

နုပ်။ ။ ဘယ်ရှိမလဲ၊ အဲဒီအချိန်မှာ မြိတ်မြို့နယ် ကျောက်ဖြူတောင်ရွာ သစ်ညီနောင် ဓမ္မရိပ်သာမှာ တရားစခန်း ဖွင့်နေတဲ့အချိန်ပေါ့။ ည ၈ နာရီတရားပွဲ ပလ္လင်ပေါ်တက်ခါနီး အချိန်ကျမှ ဦးခေမာစာရက ဒရောသောပါး ဝင်လာပြီး မယ်တော်ကြီး ညနေ ၆ နာရီ ကျော်ကျော်လောက်က ဆုံးသွားကြောင်း မန္တလေးက ဖုံးဆက်တယ်လို့ လာလျှောက်တယ်။

သန်း။ ဆရာတော် ဘယ်လိုမှ မဖြစ်ဘူးလားဘုရား။

နုပ်။ ။ ဖြစ်တာပေါ့၊ ရင်ထဲမှာ “ဒိတ်”ခနဲ ဖြစ်သွားတယ်၊ အဲဒါ သောကမီးခေါ် ဒေါသမီးလောင်လို့ နှလုံးခုန် မြန်သွားတာပေါ့၊ ကိလေသာပေါ်ပေါ်ချင်း ပယ်သတ်နိုင်မှ ဝိပဿနာတရား လိုက်စားရကျိုး

နပ်တယ်၊ သောက ဖြစ်တာကို "ဖြစ်နေပြီ"လို့ နောက်စိတ် (ဝိပဿနာစိတ်)က သိပေးလိုက်တာနဲ့ သောကဟာ မရှိတော့ဘူး။ အဲဒါ ဒေါသဆိုတဲ့ နာမ်တရားရဲ့ အနိစ္စကို မြင်လိုက်တာပဲပေါ့။

သမုဒယသစ္စာအရ–လောဘကို ကောက်တယ်ဆိုတာ ပဓာနနည်း အားဖြင့် ပြောတာ၊ အပဓာနနည်းအားဖြင့်ဆိုရင် ကိလေသာ ဆယ်ပါးလုံး ကောက်ရတယ်၊ ဆိုလိုတာက ကိလေ သာ ဆယ်ပါး လုံးကို ပယ်သတ်ရမယ်ပေါ့၊ ဘယ်လို ပယ်သတ်ရ မလဲလို့ ...းလိုက်ရင် အလုပ်ပါအောင် ဖြေနိုင်တဲ့ယောဂီ ရှားတယ်။

သန်း။ ဘယ်လို ပယ်သတ်ရမလဲဘုရား။

နုပ်။ ။ ကိလေသာပယ်သတ်နည်း အလွယ်ဆုံး နှစ်နည်းရှိတယ်၊ ပထမ တစ်နည်းက ကိလေသာဆယ်ပါး မပေါ်အောင် နေရမယ်၊ အဲဒါ ဟာ ကိလေသာတွေကို အဖြစ်မခံခြင်းအားဖြင့် ပယ်သတ်လိုက် တာပဲ၊ ဒုတိယတစ်နည်းက ကိလေသာဆယ်ပါး တစ်ပါးပါး ဖြစ်ရင် လည်း နောက်စိတ်က ဖြစ်မှန်း သိခြင်းအားဖြင့် ပယ်သတ် ရမယ်။

အမေဆုံးပြီလို့ ကြားလိုက်တာနဲ့ ဒိတ်ခနဲ ဖြစ်သွားတဲ့အခါ မှာ "သောကဖြစ်နေပြီ" လို့ သိလိုက်တာဟာ ကိလေသာဖြစ်တာ ကို ဖြစ်မှန်းသိပြီး ပယ်သတ်လိုက်တာပဲပေါ့။ ဒီလို ပယ်သတ်နိုင်တဲ့ အတွက် အဲဒီသောကဟာ နောက်တစ်ကြိမ် ပေါ်မလာတော့ပါ ဘူး။

သန်း။ မယ်တော်ကြီး အသုဘကို ဆရာတော် ကြွနိုင်သေးလားဘုရား။

နုပ်။ ။ ဝါတွင်းကြီးလည်း ဖြစ်၊ တရားစခန်းကလည်း ရှိနေတာဆိုတော့ မကြွနိုင်ခဲ့ပါဘူး၊ တော်သလင်းလက မယ်တော်ကြီး ဆုံးခဲ့တာ၊ အခု တပေါင်းလတောင် ရောက်နေပြီဆိုတော့ ခြောက်လလောက်

ရှိသွားပြီ၊ ငါ အခုထိ မပြန်နိုင်သေးဘူး၊ တရားပွဲတွေကလည်း တစ်ရက်မှ မနားရအောင် ဟောနေရတာကိုး၊ ဆွေစဉ် မျိုးစဉ် သံယောဇဉ်တွေ အားကြီးနေရင် သာသနာပြုလုပ်ငန်းကို အောင်မြင်အောင် ဘယ်လုပ်နိုင်မလဲ။

ရောက်ရာဒေသက ဒကာ ဒကာမတွေကို ကိုယ့်မိဘလို ချည်း သဘောထားနိုင်မှ သာသနာပြုလုပ်ငန်းဟာ အောင်မြင်တယ်၊ မယ်တော်ကြီးဆုံးခါနီးကျတော့ ပန်းရနံ့တွေ မွှေးပျံ့သင်းကြိုင်လာတယ်တဲ့၊ ငါ့ရဲ့နှမ သန်းသန်းဝင်းက "အမေ ပန်းရနံ့တွေ ရသလား" ဆိုတော့ "အေး အမေလည်း ရတယ်" လို့ ပြန်ပြောသတဲ့။

ဒီအချိန် အနားမှာ အစ်မကြီး မခင်ပြည့်လည်း ရှိတယ်၊ အစ်မကြီးလည်း ပန်းရနံ့ကို ရတာပဲ၊ မယ်တော်ကြီးအနေနဲ့ အရိုးပေါ် အရေတင် အခြေနေကနေ အခုလို စိုစိုပြေပြေ ပြန်ဖြစ်လာတော့ ညီအမနှစ်ယောက်လုံးက သေမယ်လို့ကို မထင်တော့ဘူး၊ အမှန်တော့ မယ်တော်ကြီးက ပင်ကိုယ်တရား ဓာတ်ခံရယ်၊ ငါဟောပေးတဲ့ တရားရယ် ဒီနှစ်ခုကို အကြောင်းပြုပြီး ပီတိ, ပဿဒ္ဓိ အစွမ်းကြောင့် နောက်ထပ်သုံးလကျော် နေရတာပါ။

အမှန်က မယ်တော်ကြီးဟာ ကုသိုလ်ကံလည်းကုန်၊ သက်တမ်းလည်းကုန်လို့ မီးစာကုန် ဆီခန်းဘဝကို ရောက်လို့ သေရတာပါ၊ ဒါပေမယ့် သေမယ်လို့မထင်ကြဘူး၊ ငါ့နှမလေးက "အမေ့ကို လာခေါ်တဲ့ နတ်ပြည်က နတ်ရထားတွေလား မသိဘူး" လို့ နောက်ပြော ပြောလိုက်တော့ မယ်တော်ကြီးက ပြုံးပြီး ခေါင်းညိတ်ပြတယ်။

ပြီးမှ "အမေ့ကို အိပ်ယာပေါ် လှဲပေးကြ" လို့ပြောပြီး ခေါင်းချပြီးတာနဲ့ မျက်လုံးလေး မှိတ်လိုက်တော့တာပဲ၊ အဲဒါ မယ်တော်ကြီး ယခုဘဝရုပ်နာမ် ချုပ်သွားတာပဲ။ တည်ကြည်ငြိမ် သက်လှန်းတော့ သေတယ်လို့ မထင်ကြဘူး၊ အိပ်သွားတယ်လို့ ထင်ကြတာ၊ အတော်လေးကြာမှ မသက်သာလို့ နှာခေါင်းနား ကပ်ကြည့်တော့ လေတိုးတာ မတွေ့ရတော့ဘူး၊ အဲဒီကျမှ ဆုံး တယ်လို့ သိရတော့တာ။

သန်း။ ဆရာတော်ရဲ့ မယ်တော် ပီသပါပေတယ်ဘုရား။

နုပ်။ ။ ကဲ မယ်တော်ကြီးအကြောင်း ပြောပြီးတော့ ဒုက္ခသစ္စာအကျယ် ဆက်ကြဦးစို့၊ ဒုက္ခသစ္စာရဲ့ အနက် လေးချက်ထဲမှာ ပထမအချက် က "ပီဠနတ္ထော" တဲ့၊ အဓိပ္ပါယ်က ညှင်းဆဲနှိပ်စက်တတ်တယ် တဲ့၊ ညှင်းဆဲနှိပ်စက်ပုံကို နည်းနည်း ပြောဦးမယ်။

မင်းတို့ ငါတို့ ရထားတဲ့ နာမ်တရားနဲ့ ရုပ်တရားဟာ သူ့ကို ခင်မင်တဲ့ မင်းတို့ ငါတို့ကို နေ့စဉ်နှိပ်စက်တယ်၊ နာမ်နဲ့ရုပ် က အမ္ဗာပူး သားနှစ်ယောက်နဲ့တူပြီး နာမ်ရုပ်ကို ခင်မင်စွဲလမ်း တဲ့သူကတော့ အမ္ဗာပူးသားနှစ်ယောက်ကို မွေးတဲ့ မိခင်နဲ့တူတယ်၊ နာမ်တရားကတော့ ခြေကျိုးလက်ကျိုး ဝမ်းတွင်းရူကလေးနဲ့တူပြီး ရုပ်တရားက မျက်စိကန်းပြီး သူငယ်နာ ဝမ်းပျက်ရောဂါပါတဲ့ ကလေးနဲ့ တူတယ်။

သန်း။ ။နာမ်တရားကို ခြေကျိုးလက်ကျိုး ဝမ်းတွင်းရူးလို့ ဘာဖြစ်လို့ ပြောရတာလဲ ဘုရား။

နုပ်။ ။ဒီလိုလေကွာ၊ နာမ်တရားဟာ သူ့ဟာသူ သွားချင်တဲ့နေရာကို တကယ်ရောက်အောင် မသွားနိုင်ဘူး၊ ရုပ်တရားကသွားပေးမှ

တကယ်ရောက်တယ်၊ ဒါ့ကြောင့် နာမ်တရားကို ခြေကျိုးလက်ကျိုး လို့ ပြောတာ။

သန်း။ ။ ဝမ်းတွင်းရူးလို့ ပြောတာရောဘုရား။

နုပ်။ ။ ဝမ်းတွင်းရူးလို့ ပြောရတာက နာမ်တရားဟာ မိခင်ဝမ်းက ကျွတ်ကတည်းက ဖောက်ဖောက်ပြန်ပြန် မှားမှားယွင်းယွင်း ယူဆတတ်တဲ့ ဝိပ္ပလ္လာသတရား ၁၂-ပါး တစ်ခါတည်း ပါလာတတ်လို့ပဲ။

## ဝိပ္ပလ္လာသတရား ၁၂ ပါး

ဝိပ္ပလ္လာသတရား ၁၂ ပါးဆိုတာက-

* ခန္ဓာငါးပါး မမြဲတာကို မြဲတယ်လို့ အမှတ်မှားခြင်း သညာဝိပလ္လာသ၊
* ခန္ဓာငါးပါး မမြဲတာကို မြဲတယ်လို့ အသိမှားခြင်း စိတ္တဝိပလ္လာသ၊

ခန္ဓာငါးပါး မမြဲတာကို မြဲတယ်လို့ အယူမှားခြင်း ဒိဋ္ဌိဝိပလ္လာသ၊

ခန္ဓာငါးပါး ဆင်းရဲတာကို ချမ်းသာလို့ အမှတ်မှားခြင်း သညာဝိပလ္လာသ၊

ခန္ဓာငါးပါး ဆင်းရဲတာကို ချမ်းသာလို့ အသိမှားခြင်း စိတ္တဝိပလ္လာသ၊

ခန္ဓာငါးပါး ဆင်းရဲတာကို ချမ်းသာလို့ အယူမှားခြင်း ဒိဋ္ဌိဝိပလ္လာသ၊

* ခန္ဓာငါးပါး အစိုးမရတာကို အစိုးရတယ်လို့ အမှတ်မှားခြင်း သညာဝိပလ္လာသ၊
* ခန္ဓာငါးပါး အစိုးမရတာကို အစိုးရတယ်လို့ အသိမှားခြင်း

စိတ္တဝိပလ္လာသ၊
ခန္ဓာငါးပါး အစိုးမရတာကို အစိုးရတယ်လို့ အယူမှားခြင်း
ဒိဋ္ဌိဝိပလ္လာသ၊
ခန္ဓာငါးပါး မတင့်တယ်တာကို တင့်တယ်တယ်လို့
အမှတ်မှားခြင်း သညာဝိပလ္လာသ၊
ခန္ဓာငါးပါး မတင့်တယ်တာကို တင့်တယ်တယ်လို့
အသိမှားခြင်း စိတ္တဝိပလ္လာသ၊
ခန္ဓာငါးပါး မတင့်တယ်တာကို တင်တယ်တယ်လို့
အယူမှားခြင်း ဒိဋ္ဌိဝိပလ္လာသ။

တို့ပဲ၊ ဒီ ၁၂-ပါးထဲမှာ သောတာပန်ဖြစ်ရင် သင်္ကေတ (*) ပြထားတဲ့ အယူမှားရှစ်ခုကိုပဲ ပယ်နိုင်တယ်၊ ကြွင်း ဝိပလ္လာသ(၄) မျိုးကတော့ ကျန်သေးတယ်၊ ဒါ့ကြောင့် သောတာပန် သကဒါဂါမ် များဟာ အိမ်ထောင်သားမွေး ရှိနေကြ သေးတာပေါ့။

ခြေကျိုးလက်ကျိုး ဝမ်းတွင်းရူးကလေးက မိခင်ကို ဘယ် လို နှိပ်စက်သလဲဆိုတော့ ပွဲကြည့်ချင်တယ်လို့ပြောတော့ အမေက ချီပိုးပြီး လိုက်ပို့ရတယ်၊ ခြေကျိုးလက်ကျိုးဆိုတော့ သူ ကိုယ်တိုင် မသွားနိုင်ဘူးလေ၊ ပွဲခင်းထဲရောက်မှ ဗွီဒီယိုကြည့်ချင် တယ် ဖြစ်ပြန် ရော၊ ဝမ်းတွင်းရူးဆိုတော့ ဘာလုပ်လုပ် အတည်တကျ ဘယ်ရှိနိုင် ပါ့မလဲ။

ဒီတော့ အမေဖြစ်သူက ဗွီဒီယိုရုံထဲ ချီပိုးပို့ရပြန်တယ်၊ ဗွီဒီယိုရုံထဲရောက်မှ ရဟတ်စီးချင်တယ် ဖြစ်ပြန်ရော၊ ဒီတော့ အမေဖြစ်သူမှာ ဘယ်လိုလုပ် အအားရတယ် ရှိတော့မလဲ၊ ဒီကြား ထဲ အမွှားပူးဆိုတော့ မျက်စိကန်း ဝမ်းတွင်းပျက်သားကိုလည်း

တစ်ခါတည်း ခေါ်လာခဲ့ရတာတော့ ပိုဒုက္ခရောက်တာပေါ့။

ဝမ်းတွင်းပျက်ဆိုတဲ့အတိုင်း ဝမ်းတွေက ခဏခဏ သွားနေတော့ ဒီအမေမှာ တစ်နေကုန် မစင်ချည်းပဲ ကျုံးနေရ တယ်၊ တခြားဘာလုပ်ငန်းမှ မလုပ်နိုင်တော့ဘူး၊ ဒီဥပမာန ဥပမေယျ ဟတ်ကြည့်လိုက်ရင် နာမ်တရားက သူလုပ်ချင်တာတွေကို ဒီခန္ဓာကြီးမနားရအောင် မသေမချင်း ဒရစပ်ခိုင်းတယ်။

ဒီဘဝသေတာနဲ့ စုတိစိတ်ကျတာနဲ့ နောက်ဘဝကို ယူခိုင်းတယ်၊ နောက်ဘဝလူဖြစ်လို့ မွေးလာတာနဲ့ လိုချင်တာတွေ ဆက်တိုက် ခိုင်းတော့တာပဲ၊ ကလေးဘဝကျတော့ ကစားစရာနဲ့ စားစရာကို လိုချင်တယ်၊ သူ့ကို တပ်မက်မိတဲ့ ခန္ဓာကြီးက ဒီနာမ်တရားလိုချင်တာကို မရ ရအောင် ရှာပေးတာပဲ။

ဘယ်လောက်ထိ အပင်းပန်းခံရှာသလဲဆိုတော့ အပါယ်ကျခံပြီးတောင် ရှာပေးတယ်၊ ကလေးဘဝက လူငယ်အရွယ်ရောက်တော့ ဆန့်ကျင်ဘက်လိင်ကို ရှာခိုင်းပြန်တယ်၊ ဆန့်ကျင့်ဘက်လိင်ကို ရပြန်တော့ သားတွေ သမီးတွေလိုချင်ပြန်တယ်၊ သားတွေ သမီးတွေရပြန်တော့ မြေးမြစ်တွေလိုချင်ပြန်တယ်။

ဒါတွင်မက တိုက်တွေ ခြံတွေ ကားတွေ ရတနာတွေ လိုချင်ပြန်တယ်၊ လိုချင်တာတွေ အကုန်ရပြန်တော့ အသစ်အသစ်တွေ လိုချင်ပြန်တယ်၊ ကားဆိုရင် ဒီမော်ဒယ်အောက်သွားပြီဆိုပြီး နောက် မော်ဒယ်အသစ် လိုချင်တာမျိုးပေါ့၊ ဒါ့ကြောင့် လူသာဘဝ ဆုံးသွားမယ်၊ နာမ်တရားရဲ့ လိုချင်မှုနဲ့ နှိပ်စက်ပုံတွေကတော့ မဆုံးပါဘူး။

မဃဒေဝမှာ .....

ဥစ္စာစုကို၊ မဆိုထားလှတ်၊ ကိုယ်ဝတ်ခြုံလွှမ်း၊ပုဆိုးနွမ်းက၊
သင်္ကန်းမျှ၌၊ လောဘဤဟိတ်၊ငဲ့သည့် စိတ်ကြောင့်၊
ဘုတ်ပြိတ်သန်းပြ၊ ဖြစ်ကုန်ကြ၏။

ပြင်ပဥစ္စာ၊ မဟုတ်စွာသေး၊ ကာယအဆင်း၊
ကိုယ်အတွင်းဝယ်၊ မွေးညှင်းဆံစု၊ ရုပ်ဝတ္ထု၌၊ တစ်ခုခုတပ်၊
စွဲကပ်စွန်းငြိ၊ ဇောဝီထိဖြင့်၊ စုတိပုဂ္ဂိုလ်၊ ထိုထိုပိုးလောက်၊
စားသောက်ပြန်ကာ၊ ဖြစ်တတ်စွာဟု၊ ကျမ်းလာမှချ၊
ဤသို့ပြ၏။

အခိပ္ပါယ်က မြတ်စွာဘုရားလက်ထက်က တိဿအမည်ရှိတဲ့ ရဟန်းတစ်ပါးဟာ အစကောင်းတဲ့ သင်္ကန်းတစ်စုံကို စွဲလမ်းတဲ့စိတ်နဲ့ သေခဲ့လို့ သင်္ကန်းခေါက်ထဲမှာ သန်းပြိတ္တာ ဖြစ်ခဲ့ရသတဲ့၊ ရဟန်းကောင်း ဖြစ်ပါလျက်နဲ့ ဝိပဿနာတရားနဲ့ဝေးတော့ နာမ်တရားက နှိပ်စက်ချလိုက်တာ သင်္ကန်းစွဲနဲ့ သေတော့ ပြိတ္တာဖြစ်ရတာပေါ့။

ရဟန်းတွေက သင်္ကန်းကို ခွဲဝေယူဖို့ လုပ်တဲ့အခါ သင်္ကန်းခေါက်ထဲက "ငါ့ သင်္ကန်းကို မယူကြနဲ့"ဆိုတဲ့ အသံကြီးထွက်လာသတဲ့၊ ဒါကလည်း မြတ်စွာဘုရား ဒိဗ္ဗသောတဉာဏ်နဲ့ ကြားတော်မူလို့ သိရတာပါ၊ ဒါနဲ့ မြတ်စွာဘုရားက သင်္ကန်း ဝေစုခွဲမှုကို ၇-ရက် ရပ်ဆိုင်းထားဖို့ မိန့်တော်မူတယ်၊ ရဟန်းကောင်းဆိုတော့ ၇-ရက်ပြည့်တာနဲ့ ပြိတ္တာဘဝကလွတ်ပြီး နတ်ပြည်ရောက်သွားပါတယ်။

သန်း။ ဘာဖြစ်လို့ သင်္ကန်းဝေစုခွဲမှုကို နောက်ဆုတ်ခိုင်းရတာလဲဘုရား။

နုပ်။ ။ တိဿရဟန်းကြောင့်ပဲပေါ့၊ သူက သင်္ကန်းကို သိပ်စွဲလမ်းတပ်မက်

နေတော့ သူ့ရှေ့မှာ ရဟန်းတော်တွေက သက်န်းကို ဝေစုခွဲလိုက်ရင် ရဟန်းကောင်းတွေကို သန်းပြိတ္တာက စိတ်ဆိုးပြီး ပြစ်မှားမိရင် ဒီထက်ဆိုးတဲ့ ငရဲအထိ ကျသွားနိုင်တယ်၊ ငရဲကျသွားရင် လွတ်လမ်းမရှိတော့ဘူး၊ ဒါ့ကြောင့် ငရဲကျမှာစိုးလို့ သက်န်းဝေစု ခွဲမှုကို နောက်ဆုတ်ခိုင်းလိုက်ရတာ။

ရဟန်းကောင်းဖြစ်လျက် တိဿရဟန်း အပါယ်ကျရတာဟာ နာမ်တရားရဲ့ နှိပ်စက်မှုကြောင့်ပဲပေါ့၊ နောက်တစ်ပိုဒ်အမိပ္ပါယ်က ပြင်ပဥစ္စာမပြောနဲ့ အဇ္ဈတ္တက ဆံပင် မွေးညှင်း အသား အရိုးစတာတွေကို စွဲလမ်းသေရင် ဒီခန္ဓာကို ပြန်စားရတဲ့ ပိုးလောက်ပြိတ္တာတွေ ဖြစ်သွားနိုင်တယ်တဲ့။

သန်း။ အခုခေတ်မှာရော အရိုးအသားစတာတွေကို စွဲလမ်းပြီး ပြိတ္တာဖြစ်ရတာတွေ ကြားဖူးသလားဘုရား။

နုပ်။ ။ ကြားဖူးတာပေါ့၊ ပထမတစ်ခုက ရန်ကုန်ကပဲ၊ ဆေးကျောင်းသားတစ်ယောက်ဟာ လူ့ခန္ဓာဗေဒနဲ့ ပတ်သက်ပြီး သေချာလေ့လာချင်လို့ ကြံတောသုသာန်ထဲက လူအရိုးတစ်ချောင်း ကောက်ယူလာခဲ့တယ်၊ ဒီအချိန်က ကြံတောသုသာန်ကြီး မဖျက်ခင်ပေါ့၊ ညကျတော့ ယူလာတဲ့အရိုးကို ကျမ်းစာအုပ်နဲ့ တိုက်ကြည့်ပြီး ညဥ့်နက်တဲ့အထိ လေ့လာတယ်။

ညဥ့်အတော်နက်တော့ ဆေးကျောင်းသားဟာ အိပ်ငိုက်ပြီး ကိုင်ထားတဲ့အရိုး လက်ထဲက လွတ်ကျသွားတယ်၊ ဒီတော့မှ လန့်နိုးလာပြီး ကျသွားတဲ့အရိုးကို ခြေမနဲ့ညှပ်ပြီး ပြန်ကောက်ယူလိုက်တယ်၊ အရိုးကို လက်နဲ့မကောက်ပဲ ခြေမနဲ့ ကောက်တဲ့ အတွက် ညကျတော့ ပြဿနာတက်ပါလေရော။

သန်း။ ။ ဘယ်လို ပြဿနာတက်တာလဲ ဘုရား။

နုပ်။ ။ ဒီအရိုးပိုင်ရှင်လူက သူ့အရိုးကို စွဲပြီး ပြိတ္တာဖြစ်နေတယ်လေ၊ ဒါ့ကြောင့် သူတန်ဖိုးထားတဲ့ အရိုးကို ဆေးကျောင်းသားက ခြေထောက်နဲ့ကောက်လိုက်တာကို သူမကျေနပ်ဘူး၊ ဒါ့ကြောင့် ဆေးကျောင်းသား အိပ်ပျော်သွားတဲ့အခါ သူကအိပ်မက် လာပေးတယ်၊ နောက်တစ်ခါ ငါ့အရိုးလွတ်ကျရင် လက်နဲ့ပဲ ကောက်ပါ၊ ခြေထောက်နဲ့ မကောက်ပါနဲ့တဲ့။

ဆေးကျောင်းသားက ခေတ်လူငယ်ဆိုတော့ ဒါတွေကို ဘယ်ယုံမလဲ၊ စိတ်စွဲလို့ မက်တာပါလို့ ယူဆပြီး အလေးနက် မထားဘူး၊ ဒါ့ကြောင့် နောက်ညလွတ်ကျလို့ ပြန်ကောက်တဲ့အခါ ခြေထောက်နဲ့ပဲ ကောက်တယ်၊ ဒုတိယညကျတော့ အိပ်မက်ထဲမှာ သူ့တန်ဖိုးထားတဲ့အရိုးကို ပြောထားတဲ့ကြားက ခြေထောက်နဲ့ ကောက်ရမလားဆိုပြီး ဆေးကျောင်းသားကို လည်ပင်းညှစ်သတ်သတဲ့၊ ဒီတော့မှ ဆေးကျောင်းသားလည်း ကြောက်လန့်သွားတာပေါ့။

နောက်တစ်ရက်ကျတော့ ယူလာတဲ့အရိုးကို သုသာန်ထဲ ပြန်ထားလိုက်ရသတဲ့၊ ဒီတော့မှ အိပ်မက်ပေးတာလည်း ရပ်သွားတာပေါ့၊ နောက်တစ်ခုက ကော့သောင်းမြို့နယ်က၊ ပင်လယ်ထဲမှာ ဖြစ်တာ၊ ၂၀၀၃-ခုနှစ်က ငါ ကော့သောင်းမြို့နယ်ထဲကို တရားဟောကြွရတယ်၊ ပင့်တုန်းက (၇)ညလောက်ဆိုပြီး ပင့်တာ၊ နောက်တော့ ရပ်ကွက်တိုင်းနီးပါး ပင့်ကြလို့ ညပေါင်း (၇၂)ညဖြစ်သွားဘာယ်။

သန်း။ ကော့သောင်းနယ်မှာ ဆရာတော်ရဲ့ အသိအကျွမ်းတွေရှိလို့လား

ဘုရား။

နုပ်။ ။ အရင်ကတော့ မရှိပါဘူး၊ ၁၉၉၆ ခုနှစ်လောက်တုန်းက သုံးဆယ်မြို့ နယ်ဘက်က မောင်ရဲမြင့်လို့ ခေါ်တဲ့ ငါနဲ့ သက်တူရွယ် တူ လူငယ် တစ်ယောက် ကျောင်းရောက်လာပြီး ဗုဒ္ဓဘာသာနဲ့ ပတ်သက်တဲ့ မေးခွန်းတွေ နှစ်လခွဲလောက်ကြာအောင် မေးတယ်။

ငါလည်း စိတ်ပါလက်ပါ အားရပါးရ ပြန်ဖြေခဲ့ရတာပေါ့၊ အမေးအဖြေတွေအဆုံးမှာ မောင်ရဲမြင့်ဟာ ဘာသာခြား(ခရစ်–ယာန်) ကနေ ဗုဒ္ဓဘာသာကို ပြောင်းလိုက်တယ်၊ နောက် ရဟန်းပြုပြီး ငါ့ကျောင်းမှာ ငါးဝါလောက် သီတင်းသုံးသွားတယ်၊ နောက်တော့ သူ့ဦးလေးများရှိရာ ကော့သောင်းကို ပြောင်းသွားပြီး ၇ မိုင်က တောင်ကြီးတစ်တောင်အပေါ်မှာ တပါးတည်း သီတင်းသုံးပြီး တို့ပေးလိုက်တဲ့ နည်းအတိုင်း တရားအားထုတ်တယ်။

(မှတ်ချက်)။ ။ မောင်ရဲမြင့်နှင့် ကျွန်ုပ်၏ ဘာသာရေးအကြောင်း ဆွေးနွေး မေးမြန်းချက် အပြည့်အစုံကို "အရှုံးမရှိသောဒ–ဿန" စာအုပ်တွင် ဖတ်နိုင်သည်။ ယင်းစာအုပ်သည် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပြီးဖြစ်၍ ကမ္ဘာတစ်ဝန်းသို့ ဖြန့်ချိတော့မည် ဖြစ်သည်။

မောင်ရဲမြင့်ဟာ ရန်ကုန်မှာဟောတဲ့ တရားခွေတွေကို ကော့သောင်း ရောက်အောင် ယူသွားတယ်၊ ဒီခွေတွေကို နာကြားရတဲ့ ကော့သောင်းက ဒကာ,ဒကာမတွေရဲ့ တောင်းဆိုမှု ကြောင့် မောင်ရဲမြင့်ခေါ် ဦးဝိသုဒ္ဓရယ် သူဌေးကျွန်းဟိုတယ် မိသားစု တွေရယ် စုပေါင်းပြီး ငါ့ကို ပင့်ကြတာပဲ။ ပထမဆုံး စဟောရတာက ၇ မိုင်မှာပဲ။

သန်း။ ။(၇)မိုင်ဆိုတာ ဘာကို ပြောတာလဲဘုရား၊ ရွာလား ရပ်ကွက်လား။

နုပ်။ ။ အမှန်ကတော့ ရွာပါပဲ၊ အခုချိန်မှာတော့ ရပ်ကွက်ဖြစ်သွားပြီ၊ ကော့သောင်းမြို့ရဲ့ အလေ့အထက မြို့ကနေ တစ်မိုင်ဝေးတဲ့ နေရာ ကို လွယ်လွယ်ကူကူ "တစ်မိုင်ရွာ"လို့ပဲ ခေါ်လိုက်တယ်၊ အဲဒီ လိုပဲ နှစ်မိုင်ဝေးရင် နှစ်မိုင်ရွာစသဖြင့် ခေါ်တာပေါ့၊ တပ်မတော် အစိုး မတက်ခင်အချိန်တုန်းက ကော့သောင်းမြို့ရယ်လို့ ထင်ထင် ရှားရှား မရှိဘူး။

အရင်တုန်းကထင်ရှားတာက မလိဝမ်းဆိုတဲ့ ရွာကြီးပဲ၊ အဲဒီရွာကြီးကနေပဲ ထိုင်းနိုင်ငံဘက်ကို အသွားအလာအများဆုံးပဲ၊ တပ်မတော်အစိုးရတက်လာမှ နယ်စပ်မြို့ဖြစ်တဲ့ ကော့သောင်းဟာ တအားစည်ကားလာတာ၊ ကော့သောင်းက စည်ကားလာတော့ မလိဝမ်းကပြန်ခြောက်သွားတယ်။

အရင်ကတော့ ကော့သောင်းနယ်မှာ ဗုဒ္ဓဘာသာမြန်မာ တွေ သိပ်မရှိဘူး၊ မွန်လူမျိုးနဲ့ ထားဝယ်လူမျိုး အနည်းငယ်ပဲ ရှိတယ်၊ ဘယ်သူတွေ များသလဲဆိုတော့ မလေးအဆက်အနွယ် ပသျှူးတွေက တအားများတယ်၊ အစ္စလာမ်ဘာသာဝင်တွေပေါ့၊ သူတို့ဟာ ပင်လယ်ထဲမှာ ဓားပြတိုက်အသက်မွေးကြတယ်၊ ရက်စက် လည်း ရက်စက်ကြတယ်။

စက်လှေတွေ တွေ့ရင် ပစ္စည်းယူတယ်၊ လူတွေပင်လယ် ထဲပေါင်းချပြီး အကုန်သတ်ပစ်တယ်၊ စက်လှေကိုလည်း လက်စ ပျောက်မီးရှို့ပြီး ပင်လယ်ထဲ မြှုပ်ပစ်လိုက်တယ်၊ တပ်မတော်အစိုးရ တက်လာမှ ပင်လယ်ဓားပြတွေကို နိုင်အောင် နှိမ်နင်းပြီး ရပ်ကွက် သစ်တွေ တည်ပေးတယ်။

စစ်တပ်က အနားယူတဲ့သူတွေကို မြေကွက်ပေး၊ ဆောက်

လုပ်ရေးပစ္စည်းပေးပြီး ဆွဲဆောင်သိမ်းသွင်းရာကနေ အဏ္ဏဝါရပ်ကွက်၊ သဲတန်းရပ်ကွက်၊ ရွှေပြည်သာရပ်ကွက်၊ အေးရိပ်ငြိမ်ရပ်ကွက်၊ ရွှေပြည်စိုးရပ်ကွက်၊ ထားဝယ်စုရပ်ကွက်ဆိုတာတွေ ပေါ်လာပြီး ကော့သောင်းမြို့ကြီးဟာ ဗုဒ္ဓဘာသာဝင်တွေ ကျောင်းကန်ဘုရားတွေနဲ့ စည်ကားလာတာပဲ။

အခု ငါကျောင်းတိုက်(ဝေနေယျသုခ)တည်ထားတဲ့ ဂမိုင်ရပ်ကွက်ဆိုရင် တပ်ကပင်စင်ယူသွားတဲ့ ဂေါ်ရခါး မိသားစုတွေ အများဆုံးပေါ့၊ တို့ကျောင်းတိုက် ပေါ်လာတော့ ဂေါ်ရခါးတွေလည်း ဗုဒ္ဓဘာသာတွေ ဖြစ်ကုန်ကြပါပြီ။

သန်း။ ၇–မိုင်မှာ တရားစဟောတဲ့ အကြောင်းကို ဆက်ပါဦး ဘုရား။

နုပ်။ ။ ဦးဝိသုဒ္ဓကိုယ်တိုင်က ၇–မိုင် တောင်ပေါ်မှာနေတယ်၊ နောက်၇–မိုင်က ထားဝယ်စုရပ်ကွက်ထဲမှာ ဆွမ်းခံကြွတယ်ဆိုတော့ တရားပွဲလုပ်မယ်ဆိုတာနဲ့ ထားဝယ်စုရပ်ကွက်က စလုပ်တယ်၊ အဲဒီတုန်းက တီဘီရောဂါ ပျောက်တာလည်း သိပ်မကြာသေးတော့ တရားပွဲ ဦးစီးကျင်းပတဲ့ ဦးဝိသုဒ္ဓက တစ်ရပ်ကွက်မှာ ငါးည ဟောစေတယ်၊ ပြီးတော့ သုံးရက်အနားယူခိုင်းတယ်။

သန်း။ တီဘီရောဂါက ဘယ်တုန်းကစဖြစ်တာလဲ ဘုရား၊ ပြီးတော့ ဆရာတော်က ဆေးလိပ်မသောက် ကွမ်းမစားနဲ့ တီဘီရောဂါ ဘယ်လိုလုပ် ဖြစ်လာရတာတုန်းဘုရား။

နုပ်။ ။ ၂၀၀၁ ခုနှစ်က မြိတ်မှာ တရားဟောရင်း ဖြစ်တာကွ၊ ကျန်တဲ့သူတွေလည်း တီဘီရောဂါကာကွယ်ရေး ဗဟုသုတရအောင် နည်းနည်းပြောဦးမယ်၊ ငါ့ရဲ့ ပထမဆုံး လုံးချင်းစာအုပ်ဖြစ်တဲ့ "မျက်ရည်မကျခင်သိစေချင်" စာအုပ်ကို ဖတ်ပြီး မြိတ်က ဒကာ

ဒကာမတွေ တရားပွဲပင့်တာက စပြီး မြိတ်ကို ရောက်ဖြစ်တာပဲ။

တကယ်တော့ မြိတ်တို့ ကော့သောင်းတို့မှာ အသိအကျွမ်း လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ် တစ်ဦးတစ်ယောက်မှ မရှိဘူး၊ မြိတ်တုန်းကလည်း ပင့်တုန်းကတော့ (၈)ညလောက်ဆိုပြီး တကယ်လည်းဟောရရော (၈၈)ညဖြစ်သွားတယ်၊ အရုဏ်ဆွမ်းလည်းဟော၊ နေ့ဆွမ်းလည်း ဟော၊ ညလည်း ဟောဆိုတော့ အဆုတ်နာသွားတယ်။

စကားပြောတယ် တရားဟောတယ်ဆိုတာ အဆုတ်ကို ခိုင်းနေတာပဲ၊ ဒီကြားထဲ မြိတ်ကဟင်းတွေက အချိုဘက်ကို တအားကဲထားတော့ ဆွမ်းကလည်း စားမဝင်ဘူး၊ အစားက မဝင်တဲ့အပြင် ညစဉ် အိပ်ရေးပါပျက်တော့ အားနည်းလာတယ်၊ ဒီလို အားနည်းနေတဲ့ အချိန်မှာ ပရိသတ်ထဲက တီဘီရောဂါ ရှိသူ တစ်ယောက်ဆီက ချောင်းဆိုးရင်း လေထဲပါလာတဲ့ တီဘီပိုးက ဝင်ပြီး ဒုက္ခပေးသွားဟန် တူပါတယ်။

ဆေးပေါ်နေပြီဆိုတော့ တီဘီရောဂါဟာ ကြောက်စရာ တော့ မဟုတ်ပါဘူး၊ ဆေးမှန်မှန် စားရင် ပျောက်ပါတယ်၊ ငါးတောင် ကိုးလလောက်ဆေးစားတော့ ပျောက်သွားတယ်၊ "မဂ်တားဖိုလ်တား အန္တရာယ်များ" ဆိုတဲ့စာအုပ်ဟာ တီဘီရောဂါကို သေမတတ်ခံစားနေရတဲ့ အချိန်အတွင်းမှာ ရေးခဲ့တာပဲ၊ အရင်က ဝိပဿနာစာအုပ်ကို အသက် (၇၀)လောက်ရှိမှ ရေးမယ်လို့ ရည်ရွယ်ထားတာ။

သေခြင်းတရားက မမျှော်လင့်ဘဲ ရောက်လာတော့ ကိုယ့်လောက်မှ မသိသေးတဲ့သူတွေ သိပါစေ၊ ကျင့်ပါစေဆိုတဲ့ စေတ

နာနဲ့ ဒီစာအုပ်(မင်္ဂလာဖိုလ်တား အန္တရာယ်များ)ကို ရေးဖြစ်သွားတာ။ ဗုဒ္ဓဟောကြားတဲ့ အဘိဓမ္မာတရားဟာ အကျဉ်းရယ်၊ မကျဉ်းမကျယ်ရယ်၊ အကျယ်ဆုံးရယ်လို့ သုံးမျိုးရှိသလို ငါ ရေးတဲ့ ဝိပဿနာစာအုပ်လည်း သုံးမျိုးရှိမယ်။

သန်း။ ။အဘိဓမ္မာရဲ့ အကျဉ်းရယ်၊ မကျဉ်းမကျယ်ရယ်၊ အကျယ်ဆုံးရယ် ဆိုတာကို ရှင်းပြပါဦးဘုရား။

နုပ်။ ။ အေး–မင်းတို့လည်း အခြေခံ ဘာသာရေးစာပေတွေ မသင်ခဲ့ရတော့ စကားစလိုက်ရင် အကျယ်ချဲ့ပြီး ပြောရတော့တာပဲ၊ ဒီလိုကွ မြတ်စွာဘုရား တာဝတိံသာနတ်ပြည်မှာ ဝါတွင်းသုံးလလုံး ဟော ကြားတဲ့ အဘိဓမ္မာတရားတော်ဟာ အကျယ်ဆုံးပဲကွ၊ အဲဒီလိုဟောရင်း ဗုဒ္ဓရှင်တော်မြတ် ဆွမ်းခံကြွချိန်မှာ နိမ္မိတရုပ်ပွားကို ဆက်ဟောစေပြီး မြောက်ကျွန်းကို ဆွမ်းခံကြွတယ်။

အဲဒီလို လူ့ပြည်ဆင်းသခိုက်မှာ အရှင်သာရိပုတ္တရာကို ပြန်ဟောတဲ့ အဘိဓမ္မာကတော့ အကျဉ်းဆုံးပေါ့၊ အရှင်သာရိပုတ္တ–ရာကတစ်ဆင့် တပည့်ရဟန်း ငါးရာကို ပြန်ဟောတဲ့ အဘိဓမ္မာကျတော့ မကျဉ်းမကျယ် အလယ်အလတ်စား အဘိဓမ္မာပေါ့၊ အခုသံဃာတော်များ ရွတ်ဆိုပူဇော်နေကြတဲ့ အဘိဓမ္မာဟာ မကျဉ်းမကျယ် အလယ်အလတ် အဘိဓမ္မာပေါ့။

သန်း။ ဆရာတော်ရေးတဲ့ ဝိပဿနာစာအုပ်ရဲ့ အကျဉ်းရယ် မကျဉ်းမကျယ်ရယ် အကျယ်ဆုံးရယ်ဆိုတာကို အမိန့်ရှိပါဦးဘုရား။

နုပ်။ ။ တီဘီရောဂါ ခံစားနေရတုန်း ရေးတဲ့ မင်္ဂလာဖိုလ်တား အန္တရာယ်များစာအုပ်က အကျဉ်းဆုံး စာအုပ်ပေါ့၊ စီစစ်ရေး တင်ထားပြီး ဖြစ်တဲ့ ဆယ်ချိုးဆိုက်ကြီး စာမျက်နှာ ရှစ်ရာနီးပါးရှိတဲ့ "သညာသိ

နှင့် ပညာသိ(သုဒ္ဓဝိပဿနာကျင့်စဉ်)စာအုပ်ကြီးကတော့ မကျဉ်း မကျယ် အလယ်အလတ်စားပေါ့၊ အခု မင်းနဲ့ဆွေးနွေးရင်း လစဉ် ရေးနေတဲ့ "လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ" စာအုပ်ကတော့ အကျယ်ဆုံးပေါ့။

ဉာဏ်တအားကောင်းရင်၊ ဗဟုသုတလည်း ရှိထားရင် မဂ်တားဖိုလ်တား အန္တရာယ်များ အကျဉ်းစာအုပ်နဲ့တင် လုံလောက် ပါတယ်၊ ဉာဏ်သိပ်မကောင်းဘူး ဆိုရင်တော့ သညာသိနှင့် ပညာသိ(သုဒ္ဓဝိပဿနာကျင့်စဉ်)စာအုပ်ကြီးကိုပါ ဆက်ဖတ်ပေါ့၊ ဉာဏ်အထိုင်းဆုံး၊ ဝိပဿနာဗဟုသုတအနည်းဆုံး လူတွေကတော့ လူငယ်များအတွက် ဂမ္ဘီရဝိပဿနာစာအုပ်ကို ဖြေးဖြေးချင်း အချိန်ယူပြီး ဖတ်သွားသင့်တယ်။

တရားရ မရဆိုတာကို ကိလေသာ နည်းမနည်း ကိုယ်ကျင့် သီလ ရှိမရှိဆိုတဲ့ ပေတံနဲ့ပဲ တိုင်းတာရတယ်၊ ကော့သောင်း မြို့က အရာရှိကြီး တစ်ယောက်ဆိုရင် မဂ်တားဖိုလ် တားအန္တရာယ်များ စာအုပ်လေးကို ဖတ်ပြီးတာနဲ့ သိန်းပေါင်းများစွာ ရနိုင်တဲ့ သူ့ ရာထူးကြီးကို စွန့်လွှတ်ပြီး ရန်ကုန်မှာ က/က မောင်းနေတယ်၊ ဒါဟာ တရားတွေ့သွားလို့ဆိုတာ ဘယ်လိုမှ မငြင်းနိုင်ဘူး။

ကော့သောင်းနယ် ပင်လယ်ထဲက အသားစွဲပြီး သရဲဖြစ် ရသူ့ အကြောင်းကိုတော့ နောက်အပါတ်မှ ဆက်ကြစို့။ ။

■

အခန်း ၄၇

## ဒုက္ခသစ္စာအကျယ်

သန်း။ ။ ကောသောင်းနယ် ပင်လယ်ထဲက အသား(ခန္ဓာ)စွဲပြီး ဖြိတ္တာ ဖြစ်သူ အကြောင်းကို ဆက်ပါဦးဘုရား။

နုပ်။ ။ ဇာတ်လမ်းအစက ဒီလိုကွ၊ (၇)မိုင် ထားဝယ်စုရပ်ကွက်မှာ မိရိုးဖလာဗုဒ္ဓဘာသာနဲ့ တကယ့်ဗုဒ္ဓဘာသာဆိုတဲ့ တရားတစ်ပုဒ်ကို ငါ ဟောပေးခဲ့တယ်၊ ဒီတရားရဲ့ အဓိက အနှစ်ချုပ်လောက်ကတော့ သရဏဂုံသုံးပါး စွဲမြဲတဲ့သူဟာ ပစ္စက္ခဘဝမှာလည်း အန္တရာယ်ဆိုး ဘေးဆိုးအမျိုးမျိုးက ကင်းဝေးတယ်၊ သံသရာမှာလည်း အပါယ်လေးပါးက လွတ်တယ်ဆိုတဲ့ ကောင်းကျိုးနှစ်ခုကို လက်တွေ့ သာဓကတွေနဲ့ ဟောထားတာပဲ။

၂၀၀၃ ခုနှစ်က ဟောခဲ့တဲ့ တရားတစ်ပုဒ်ဟာ ၂၀၀၆ ခုနှစ်မှာ ထားဝယ်စုကလူငယ်တစ်ယောက်ရဲ့ အသက်ကို ကယ်ဆယ် နိုင်ခဲ့တာပဲ၊ ထားဝယ်စုရပ်ကွက်ထဲမှာ ဦးကျော်သန်းလို့ ခေါ်တဲ့ ဒကာတစ်ယောက်ရှိတယ်၊ ရပ်ကွက်ထဲကတော့ ဆီတုံးလို့ ခေါ်ကြတယ်၊ ငါကတော့ သူ့အလုပ်နဲ့လည်း ကိုက်ညီအောင်

တွတ်ပီလို့ပဲ ခေါ်တယ်။

သန်း။ ။ အဲဒီ ဦးကျော်သန်းက မုဆိုးမို့လို့လားဘုရား။

နုပ်။ ။ ဟုတ်တယ်၊ (၇)မိုင် တောတောင်တွေထဲက တောဝက်တွေ လိုက်သတ်ပြီး အသက်မွေးဝမ်းကျောင်း ပြုနေတာ၊ နောက်တော့ ငါ့ တရားတွေနာပြီး မုဆိုးဘဝက ကျွတ်သွားတယ်၊ အခု စိုက်ပျိုးရေးနဲ့ပဲ အသက်မွေးနေတော့တာ၊ အဆင်ပြေလို့ မကြာ မကြာ ကျောင်းလာပြီး လှူလေ့ရှိတယ်၊ ငါဟောတဲ့ တရား ကြောင့် သူ့မုဆိုးဘဝက လွတ်ရတာဆိုပြီး ကျေးဇူးတင်နေတာ။

ဒီနှစ်ဝါတွင်းမှာ သူ့သားတစ်ယောက် ပင်လယ်ထဲ စက်လှေ အလုပ်သမားအဖြစ် လိုက်သွားတယ်၊ တစ်ရက်တော့ သူတို့လှေနားကို ပုပ်ပွနေတဲ့ အမျိုးသား အလောင်းကောင်တစ်ခု မျောလာတယ်၊ ဒီအခါ အဲဒီလူငယ်လေးက စားဖိုမှူးကြီးကို လှမ်း အော်ပြောတယ်။

"စားဖိုမှူးကြီး ဒီနေ့ တခြားအသားတွေ မချက်နဲ့ အဲဒီ အလောင်းကြီးကို ခုတ်ထစ်ချက်လိုက်ပါ" တဲ့၊ နှုတ်ကြောင့်သေ၊ လက်ကြောင့်ကြေဆိုတဲ့ စကားဟာ အင်မတန်မှန်တယ်၊ ဘာမှ မဟုတ်တဲ့ ကပျက်ကချော်ပြောလိုက်တဲ့စကားဟာ လူငယ်လေး အသက်ကို လုပ်ကြံသတ်ဖြတ်ဖို့ အထိ ဖြစ်သွားတယ်။

ဒါ့ကြောင့် စကားနဲ့ ပတ်သက်ပြီး လူချစ်လူခင် များ ချင်ရင် သူတစ်ပါးက လေးစားစေချင်ရင် ဩဇာအာဏာ ညောင်း ချင်ရင် ဘာသာရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးစတာ တွေမှာ အောင်မြင်ချင်ရင်–

မှန်ကန်မှုလည်း ရှိ၊

နားထောင်ရသူလည်း အကျိုးရှိ၊
ကြားနာရသူတိုင်း နှစ်သက်

တဲ့ အင်္ဂါသုံးချက် ပြည့်စုံတဲ့ စကားကိုသာ ရွေးချယ်ပြီး ပြောသင့်တယ်၊ သေတဲ့သူဟာ သူ့ခန္ဓာ အပုပ်ကောင်ကြီးကို စွဲလန်းပြီးသေတာဆိုတော့ ပြိတ္တာဘဝနဲ့ သူ့အလောင်းကောင်ကို စီးပြီး ပါလာတယ်၊ သူတန်ဖိုးထား မြတ်နိုးနေတဲ့ ခန္ဓာ ကောင်ကြီးကို ခုတ်ထစ်ချက်ပြုတ်လို့ ပြောရမလားဆိုပြီး လူငယ်လေးကို အသေသတ်ဖို့ ချောင်းနေတယ်။

တစ်နေ့တော့ ကောင်လေးတစ်ယောက်တည်း အိပ်ပျော်နေတဲ့အချိန် အိပ်မက်ထဲမှာ အဲဒီအသေကောင်ကြီးက ထလာပြီး သဘော်ာပေါ်ကို ရောက်လာတယ်၊ ကောင်လေးတစ်ယောက်ထဲသာ မကောင်းဆိုးဝါးကြီးကို တွေ့နေရတယ်၊ ကျန်တဲ့ အလုပ်သမားတွေက တစ်ယောက်မှ မမြင်ကြဘူး။

ကောင်လေးမှာ ကြောက်လွန်းလို့ ထွက်ပြေးပေမယ့် ပြေးလို့ မရဘူး၊ အသံကုန် အော်ဟစ်ပေမယ့် အသံက ထွက် မလာဘူး၊ မကောင်းဆိုးဝါးကြီးဟာ ကောင်လေးဆီကို တစ်လှမ်းချင်း လျှောက်လာရင်း ခပ်လှမ်းလှမ်း ရောက်တာနဲ့ ကောင်လေးကိုယ်ပေါ် ခုန်အုပ်ပြီး အပေါ်ကနေ ကောင်လေးရဲ့ လည်ပင်းကို ညှစ်သတ်တယ်။

ကောင်လေး တအားရုန်းကန် အော်ဟစ်ပေမယ့် အချည်းနှီးပဲ၊ ညှစ်နေတဲ့လက်က တဖြေးဖြေးချင်း တင်းလာတာကြောင့် အသက်ရှူလမ်းကြောင်း ပိတ်သွားတယ်၊ အသက်ရှူလို့ မရတော့ ဘူး၊ မျက်လုံးတွေ ပြာပြီး ဇောချွေးတွေ ပျံလာတယ်။

အဲဒီလို သေခါနီးအချိန်ရောက်မှ ၂၀၀၃ ခုနှစ်က နာကြားထားတဲ့ သရဏဂုံကို သတိရပြီး ဆက်မရှုန်းတော့ဘဲ သရဏဂုံသုံးပါးကို ရွတ်ဆိုလိုက်တယ်၊ သရဏဂုံဆုံးတာနဲ့ မကောင်းဆိုးဝါးကြီးဟာ အသံနက်ကြီးနဲ့ အော်ပြီး ပင်လယ်ထဲကို ဝုန်းကနဲ ခုန်ချသွားတယ်။

အဲဒီကျမှ သူ့ရဲ့ အော်သံလည်း အပြင်ထွက်သွားပြီး ပင်လယ်ထဲကို လူတစ်ယောက် ခုန်ချတဲ့ အသံမျိုးပါ ကြားရလို့ ..လုပ်သမားတွေဟာ ကောင်လေးဆီကို အကုန်ပြေးလာကြတယ် ဒီအချိန်မှာ ကောင်လေးမှာ ဇောချွေးတွေ ပျံ့ပြီး သတိလစ်နေတာ ကိုပဲ တွေ့ရတယ်။

သူ ရနောင်းဆေးရုံမှာ ၂–ရက်လောက် တက်လိုက်ရသေး တယ်၊ သူ့အမေဆီကို ဆေးရုံက ဖုန်းဆက်ပြီး ဒီအကြောင်းကို ပြောပြတာ၊ ငါဟောတဲ့ "မိရိုးဖလာဗုဒ္ဓဘာသာနှင့် တကယ့် ဗုဒ္ဓဘာ သာ" တရားကို နားထားမိလို့သာ သရဏဂုံရွတ်မိပြီး သေဘေးက လွတ်ခဲ့ရတာ၊ ဆရာတော်ကို ဒီအကြောင်း လျှောက် ထားပေးပါလို့ ပြောလို့ ဒကာတွတ်ပီက ငါ့ကို လာပြောတာ။

ဒီနေရာမှာ အဓိကပြောချင်တဲ့ အချက်က မင်းတို့ ငါတို့ ရထားတဲ့ ဒုက္ခသစ္စာ နာမ်တရားက နှိပ်စက်ပုံပဲ၊ ကိုးပေါက်သော ဒွါရကနေ အပုပ်ရည်တွေ နေ့စဉ်ယိုထွက်နေတဲ့ ဒီခန္ဓာကိုယ်၊ ၉၆– ပါးသော ရောဂါတွေ ပေါက်ဖွားရာ ဒီခန္ဓာကိုယ်၊ မျက်နှာသစ် ပေးရ၊ သွားတိုက်ပေးရ၊ ခေါင်းလျှော်ပေးရ၊ ရေချိုးပေးရနဲ့ အမြဲ တမ်း သန့်စင်ပေးနေရတဲ့ ဒီခန္ဓာကိုယ်ကြီးကို စွဲလန်းခိုင်းတာ လည်း ဒီနာမ်တရားပဲ၊ အခုပဲ ကြည့်လေ၊ ပုပ်ပွနေတဲ့ အသေ ကောင်ကြီးကို

စွဲလန်းလို့ ပင်လယ်ထဲမှာ သရဲဖြစ်ရတယ် မဟုတ်လား၊ အဲဒီလိုပဲ ရုပ်တရားကလည်း နေ့စဉ် နှိပ်စက်နေတာပဲ၊ ပထဝီ, အာပေါ, တေဇော, ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါးဟာ အဆိပ်ပြင်းထန်တဲ့ မြွေကြီးလေးကောင်နဲ့ တူတယ်၊ ဓာတ်ကြီး လေးပါး အစုဝေး ခန္ဓာကိုယ်ကို ပြုစုလုပ်ကျွေးနေတဲ့ ပုထုဇဉ်ကတော့ မြွေကြီးလေး ကောင်ကို ပြုစုလုပ်ကျွေးနေတဲ့ သူနဲ့ တူတာပေါ့။

သူတို့ကို ဘယ်လိုပင် ပြုစုလုပ်ကျွေးနေပါစေ မြွေကြီး လေးကောင်က စိတ်မထင်ရင် မထင်သလို ပြုစုလုပ်ကျွေး သူကို ပြန်လည် ကိုက်သတ်တတ်တာပဲ၊ ထို့အတူ ရုပ်ဓာတ်လေး ပါးဟာ လည်း သူ့ကို တစ်သက်လုံး ပြုစုစောင့်ရှောက်နေတဲ့ ပုထုဇဉ် လူသား ကို ပြန်ကိုက်သတ်တာပဲ။

ဥပမာ – ဦးနှောက်သွေးကြောပြတ်လို့ သေတယ်ဆိုတာ **ပထဝီမြွေ** ကိုက်တာပဲ၊ ဝမ်းရှောလို့သေတာ ရေဖျဉ်းဖြစ်လို့ သေတယ်ဆိုတာက **အာပေါမြွေ** ကိုက်လို့ သေတာ၊ အပူရှပ်လို့ သေတာ ဝမ်းချုပ်၊ ဝမ်းကိုက်လို့ သေတယ်ဆိုတာ **တေဇောမြွေ** ကိုက်တာပဲ၊ လေသင်မုန်းဖြတ်လို့ သေတာ လေချုပ်လို့ သေတာ သွေးတိုးလို့သေတယ်ဆိုတာ **ဝါယောမြွေ** ကိုက်တာပဲ။

လိုရင်း ချုပ်ပြောတော့ မျက်စိကန်း၊ ဝမ်းတွင်းပျက်သားနဲ့ တူတဲ့ ရုပ်တရားက နှိပ်စက်တာပဲ၊ အမေရိကန်မှာ စီးပွားရှာပြီး ပြန်လာတဲ့ ဆရာဝန်လင်မယားနှစ်ယောက် ရန်ကုန်မြို့ထဲမှာ သိန်းငါးထောင်ကျော်တန်တဲ့ ခြံနဲ့တိုက်ကြီးကို ဝယ်ပြီး ဇိမ်နဲ့ နေကြ တယ်၊ သူတို့နှစ်ယောက်လုံးဟာ အသက်ငါးဆယ်လောက် ဆိုတော့ သေဖို့ အဝေးကြီးလိုသေးတယ်လို့ ထင်နေကြတယ်။

တကယ်တော့ သူတို့ကို သတ်မယ့် ရုပ်တရားဟာ သူတို့သန္တာန်မှာ ပဋိသန္ဓေနေစဉ်ကတည်းက ပါလာပြီးသားပါ၊ ဒါ့ကြောင့် တိုက်ဝယ်ပြီး ရက်ပိုင်းအကြာမှာပဲ လင်ဖြစ်သူဟာ ဦးနှောက်သွေးကြောပြတ်ပြီး ရုတ်တရက်သေသွားတယ်၊ ဆေးပညာနဲ့ ကြည့်ရင် ဦးနှောက်သွေးကြောပြတ် သေတာပေါ့။

ဝိပဿနာပညာနဲ့ ကြည့်တော့ ဒုက္ခသစ္စာထဲပါတဲ့ ရုပ်တရားက နှိပ်စက်လို့ သေတာပဲ၊ လင်ဖြစ်သူရဲ့ အဖြစ်ကို ကြည့်ပြီး မယားဖြစ်သူဟာ အတော် ထိတ်လန့် တုန်လှုပ်သွား တယ်၊ ဘယ်လောက်အထိ ထိတ်လန့်တုန်လှုပ်သွားသလဲဆိုရင် နှလုံးရောဂါဖြစ်တဲ့အထိပဲ။

ရွှံ့ညွန်ဆိုတာ ရေကြောင့်ဖြစ်တာ၊
ရေကြောင့်ဖြစ်တဲ့ ရွှံ့ညွန် အပေခံရရင်
ရေနဲ့ပဲ ပြန်ဆေးရတယ်။
ထို့အတူ လောဘ ဒေါသ စတဲ့ကိလေသာတွေဟာ စိတ်ကြောင့် ဖြစ်တာပါ၊ စိတ်ကြောင့်ဖြစ်တဲ့ ကိလေသာအညစ်အကြေးတွေကို စိတ်(ဝိပဿနာ)နဲ့ပဲ ပြန်ဆေးကြောရတယ်။ ။

ဆိုတဲ့ ဓမ္မဒဿနလေးတစ်ခု ရှိတယ်၊ ဒီဒဿနလေးကို မှီပြီး ထပ်ဆင့်ပေါ်လာတဲ့ အတွေးက ခံစားနေရတဲ့ ရောဂါအများစုဟာ လောဘ, ဒေါသစတဲ့ကိလေသာကြောင့် ဖြစ်တာများတယ်၊ ဒါ့ကြောင့် အကြောင်းတရားဖြစ်တဲ့ ကိလေသာတွေကို ဘာဝနာပွားပြီး ပယ်သတ်နိုင်မယ်ဆိုရင် ဒီရောဂါတွေ သက်သာလည်းသွားနိုင်တယ်၊ ပျောက်ကင်းလည်း သွားနိုင်တယ်။

ကင်ဆာ, သွေးတိုး, နှလုံးရောဂါစတဲ့ ရောဂါတွေဟာ အမြစ်ပြတ်ပျောက်တဲ့ ဆေးမှ မရှိတာပဲ၊ ဒါပေမယ့် တရားဘာဝ–နာကြောင့် ပျောက်သွားသူ အတော်များများရှိတာတော့ အမှန်ပဲ၊ တစ်လောက ရန်ကုန်မြို့ထဲက အမျိုးသမီးတစ်ဦး သားသမီးတွေ မိတ်ဆွေတွေ စုခေါ်ပြီး မှော်ဘီမြို့နယ်၊ ရေပြာရွာအလွန် ဥယျာဉ်ကြီးထဲမှာ ဆောက်လုပ်ဆဲ သုဒ္ဓဝိပဿနာကျောင်းကြီးအတွက် ဝတ္ထုငွေ လှူကြတယ်။

ခေါင်းဆောင် အမျိုးသမီးတစ်ဦးက လျှောက်တယ်၊ သူဟာ နှလုံးရောဂါ သွေးတိုးရောဂါဖြစ်ပြီး အိပ်ယာထဲ လဲနေပြီတဲ့၊ အဲဒီအချိန်မှာ တို့ဟောတဲ့ ဝိပဿနာဗီစီဒီခွေတွေ နာရလို့ စိတ်တွေ အေးချမ်းပြီး ခံစားနေရတဲ့ ရောဂါတွေဟာ ဘာဆေးမှ မစားရဘဲ ပျောက်ကင်းသွားလို့ ကျေးဇူးတင်လွန်းလို့ ကျောင်းအတွက် နဝကမ္မ လာလှူတာဖြစ်ကြောင်း လျှောက်ထားတယ်။

ကော့သောင်းက အမျိုးသမီးတစ်ဦးဆိုရင် သွေးတိုး ရောဂါဖြစ်နေတာကြာပြီ၊ ဆေးထိုး ဆေးစားနေတာပဲ၊ မပျောက်ဘူး၊ ဘယ်ပျောက်မလဲ သူတို့ဆေးတွေက အကျိုးသတ်ပဲ ဖြစ်နေတာကိုး....။

သန်း။ အကျိုးသတ်ဆိုတာ ဘာကို ပြောတာလဲဘုရား။

နုပ်။ ။ ဥပမာကွာ။ လူတစ်ယောက်ဟာ တီဗွီတွေ ဗီဒီယိုကားတွေ တအား ကြည့်လွန်းလို့ မျက်စေ့မှုန်တဲ့ ရောဂါဖြစ်လာတယ်၊ ဗီဒီယိုတအား ကြည့်တာက အကြောင်းတရား၊ မျက်စေ့မှုန်တာက အကျိုးတရား၊ ဒီအခါမှာ မျက်စေ့အားကောင်းတဲ့ ဆေးတွေကိုသာ စားပြီး ဗွီဒီယို တအားကြည့်တာကို မလျှော့ဘူးဆိုရင် ဒါအကျိုးကို သတ်တာပဲ၊

မျက်စေ့မှုန်တဲ့ ရောဂါ ဘယ်လိုမှ မပျောက်နိုင်ဘူး။

အဲ့သလို မဟုတ်ဘဲနဲ့ တီဗွီ ဗွီဒီယိုကြည့်တာကို လျှော့ချလိုက်မယ် သို့မဟုတ် ဖြတ်ချလိုက်မယ်ဆိုရင် ဒါ အကြောင်း သတ်ပဲ မျက်စေ့မှုန်တဲ့ ရောဂါပျောက်ရမယ်၊ ဒါ့ကြောင့် ကော့သောင်းက အမျိုးသမီးဟာ သွေးတိုးရောဂါ ပျောက်ဆေးတွေ ဘယ်လောက်စားစား ဘယ်လောက်ထိုးထိုး ရောဂါ မပျောက် တာပေါ့။

ငါနဲ့လည်း တွေ့ရော သောကအကြောင်းတွေ လုံးဝ မတွေးနဲ့၊ မေတ္တာဘာဝနာကို စိတ်ထဲက သတိရတိုင်းပွားနေလို့ သင်ပြပေးလိုက်တာ နှစ်လအတွင်း သွေးတိုးရောဂါ ပျောက်သွားတယ်၊ သူက ဉာဏ်တအားနုံသေးလို့ သမထဘာဝနာလောက်ပဲ သင်ပေးလိုက်တာ။

နောက်တစ်ဦးက ရောဝတီတိုင်း၊ လပွတ္တာမြို့နယ်၊ အလယ်ရေကျော်ရွာက ဒေါ်တင်ကြည်ပဲ၊ ရင်ဘတ်ထဲက အောင့်သလိုလို ဆုတ်ဆွဲသလိုလို ခံစားနေရတယ်ဆိုတာနဲ့ ရန်ကုန်လာပြီး ပါရဂူတွေနဲ့ စမ်းသပ်ကြည့်လိုက်တော့ အဆုတ်ကင်ဆာ ဖြစ်နေတယ်၊ ခွတ်ကင်ရင် သုံးလ၊ မကင်ရင် တစ်လလို့ ပြောတော့ ဒေါ်တင်ကြည်ကလည်း သတ္တိခဲပဲ၊ တစ်လပဲနေမယ်ဆိုပြီး ခွတ်မကင်ဘဲ ပြန်လာခဲ့တယ်။

ဒေါ်တင်ကြည်ရဲ့သမက် ကိုငွေရက ရွှေပြည်သာက ဆရာကြီး ဦးထွန်းကြည်နဲ့ သိတယ်၊ သူ့အမေအကြောင်းကို ပြောပြတော့ ဦးထွန်းကြည်က ငါဟောတဲ့ အလုပ်ပေးဝိပဿနာ ဗွီခွေတွဲကို ပေးလိုက်တယ်၊ ဒေါ်တင်ကြည်ကလည်း တစ်လပဲနေ ရမယ်ဆိုတာ သိထားတော့ တရားကို အပြန်ပြန်အလှန်လှန်

သေချာနာတယ်။

၁၁–လကြာတဲ့အထိ ဒေါ်တင်ကြည် မသေတော့မှ သေချာစစ်ကြည့်တော့ ကင်ဆာရောဂါ ပျောက်နေတာကို တွေ့ရတယ်၊ အခုပြောနေတဲ့ ဆရာဝန် အမျိုးသမီးခမျာ အဲဒီလို ဘာသာရေးအသိဉာဏ် မရှိရှာတော့ စိတ်ကြောင့်ဖြစ်တဲ့ နှလုံးရောဂါကို စိတ်(ဝိပဿနာ)နဲ့ မကုဘဲ ဘန်ကောက်အထိ သွားပြီး ဆေးမျိုးစုံနဲ့ ကုတယ်။

နိုင်ငံခြားက စုဆောင်းပါလာတဲ့ငွေ သိန်းလေးထောင်နီးပါးသာ ကုန်သွားတယ်၊ နှလုံးရောဂါ မပျောက်ပါဘူး၊ ဆေးကုဖို့ မလောက်လို့ တိုက်နဲ့ခြံကိုတောင် ရောင်းလိုက်ရတယ်၊ အခုချိန်ဆိုရင်တော့ ဆုံးသွားလောက်ပါပြီ၊ ဒီအမျိုးသမီးကြီး သေရတာကို အပေါ်ယံကြည့်မယ်ဆိုရင်တော့ နှလုံးရောဂါကြောင့် သေရတာပေါ့၊ ဝိပဿနာဉာဏ်နဲ့ ကြည့်မယ်ဆိုရင်တော့ ဒုက္ခသစ္စာထဲမှာပါ တဲ့ ရုပ်တရားက နှိပ်စက်လို့ သေရတာပေါ့။

တနင်္သာရီတိုင်းထဲက သက်တော် ၆၀–လောက်ရှိတဲ့ ဆရာတော်ကြီးတစ်ပါးဟာ ရန်ကုန်မှာ မြေကွက်တစ်ကွက်ဝယ်ပြီး သိန်းပေါင်းများစွာတန်တဲ့ နှစ်ထပ်ကျောင်းတစ်ကျောင်း ဆောက်တယ်၊ နယ်မှာလည်း သူ့ကျောင်းရှိပြီးသားပါ၊ ရန်ကုန်မှာ ဇိမ်ကျကျ နေချင်လို့ကို ကျောင်းလာဆောက်တာပါ။

ဆရာတော်ကြီးအနေနဲ့ သေခြင်းတရားဆိုတာ အသက် ၈၀–၉၀ အရွယ်ရောက်မှ ရောက်လာမယ်လို့ ထင်ထားဟန် တူပါတယ်၊ ဒါ့ကြောင့် ဝိပဿနာတရားကို နာကြားအားထုတ်ခြင်း မရှိပါဘူး၊ ကျောင်းကြီးလည်း ဆောက်ပြီးရော အသည်း ကင်ဆာဖြစ်ပြီး

ပျံ့လွန်တော်မူရှာတယ်။

ဒီဖြစ်ရပ်မှာလည်း ဆေးပညာအရကြည့်ရင်တော့ အသည်းကင်ဆာနဲ့ သေတာပေါ့၊ ဝိပဿနာပညာနဲ့ ကြည့်ရင် တော့ ဒုက္ခသစ္စာထဲမှာပါတဲ့ ရုပ်တရားက နှိပ်စက်လို့သေတာပါ၊ ဦးနှောက် သွေးကြောရှိလို့ ဦးနှောက်သွေးကြော ပြတ်သေတာပါ၊ နှလုံးရှိလို့ နှလုံးရောဂါ ဖြစ်သေတာပါ၊ အသည်းရှိလို့ အသဲကင်ဆာဖြစ်ပြီး သေတာပါ။

ဦးနှောက်သွေးကြော မရှိရင် ဦးနှောက်သွေးကြော ပြတ်စရာ မလိုပါဘူး၊ နှလုံးမရှိရင် နှလုံးရောဂါ ဖြစ်စရာမလိုပါဘူး၊ အသည်းမရှိရင် အသည်းကင်ဆာ ဖြစ်စရာမလိုပါဘူး၊ ဒီလို တွေးကြည့်လိုက်တော့ ဦးနှောက်သွေးကြော၊ နှလုံး၊ အသည်း စတဲ့ရုပ်တရားတွေကြောင့်သာ သေရတယ်ဆိုတာ ပေါ်လွင် လာတယ်။

လူတစ်ယောက် တကယ့်သူတော်ကောင်းဖြစ်ဖို့အတွက် မရဏာနုဿတိဘာဝနာ တစ်ခုရှိရုံနဲ့တင် လုံလောက်တယ်၊ မရဏာနုဿတိဆိုတာ သေခြင်းကို မကြာမကြာ အမှတ်ရဆင်ခြင်ပေးတာကို ပြောတာ။

ငါ့အား သေရခြင်းသဘောတရားသည် အမြဲရှိ၏၊
ငါ့အား အသက်ရှင်၍ နေရခြင်းသဘောသည်
အမြဲမရှိ။ ။

ဒီသဘောလေးကို သတိရတိုင်း ဆင်ခြင်ပေးနေရုံပဲ၊ အဲဒီလို ဆင်ခြင်တဲ့အတွက် အထင်ရှားဆုံးရမယ့် ကောင်းကျိုးလေးမျိုးက–

သေခြင်းတရားကို ရဲဝန့်စွာရင်ဆိုင်ရဲတယ်၊

ကုသိုလ်ကို အချိန်မစွဲဘဲ ချက်ချင်း ပြုဖြစ်တယ်၊

အကုသိုလ်ကို မပြုဖြစ်တော့ဘူး။ ။

မရဏာနုဿတိ ဘာဝနာကုသိုလ်ဟာ ဒါန, သီလ ကုသိုလ် ထက် သာတဲ့အတွက်ကြောင့် နတ်ပြည်ကို အသာလေး ရောက်နိုင် တယ်၊ အခုပြောတဲ့ လက်တွေ့ ဖြစ်ရပ်ကလေးကို ကြည့်ပြီး –

ဦးနှောက်သွေးကြော ရှိသူတိုင်း

အမြဲ ဦးနှောက်သွေးကြောပြတ်ပြီးတော့ သေနိုင်တယ်၊

နှလုံးရှိသူတိုင်း အမြဲ နှလုံးရောဂါဖြစ်ပြီး သေနိုင်တယ်၊

အသည်းရှိသူတိုင်း

အမြဲအသည်းကင်ဆာဖြစ်ပြီး သေနိုင်တယ်၊

သွေးရှိသူတိုင်း သွေးတိုးရောဂါ ဖြစ်သေနိုင်တယ်၊

လေခေါက်ရှိသူတိုင်း လေဖြတ်ပြီး သေနိုင်တယ်၊

ဒီလို ဆင်ခြင်ရုံနဲ့ပဲ အကုသိုလ် ဒုစရိုက်တွေကို ပြုဖို့ ပြောဖို့ ဝေးရော စိတ်တောင် ကူးမှာမဟုတ်တော့ဘူး၊ လောဘတွေ ဒေါသ တွေ မာနတွေ တက်စရာ ထွက်စရာမလိုတော့ဘူး၊ ရင်ဘတ်နဲ့ကျော လို ကပ်နေတဲ့ သေခြင်းတရားကို အဝေးကြီးလို့ ထင်နေကြတဲ့ အတွက် လောဘတွေတက် ဒေါသတွေထွက် မာနတွေ ဘဝင်ဖြစ်နေ ကြတာပေါ့။

သန်း။ ဘဝင်ဆိုတာ ဘာကို ပြောတာလဲဘုရား။

နုပ်။ ။ ၃၁ ဘုံမှာ အမြင့်ဆုံးဘုံက နေဝသညာနာသညာယတန အရူပ ဗြဟ္မာ့ဘုံပဲ၊ ဒါကြောင့် ဘဝင်ဆိုတာ အမြင့်ဆုံးလို့ ပြောတာပါပဲ၊ ဒုက္ခသစ္စာရဲ့ ဒုတိယအနက်က သန်တဋ္ဌော–တဏှာယောကျ်ား လက်သမား၏ ဆိုးဝါးယုတ်မာ ပြုပြင်ရာကို ရံခါမသေ့ အမြဲခံနေရ

သောသဘောတဲ့။

ပီဋ္ဌနတ္တော–ခန္ဓာငါးပါးက နှိပ်စက်တာ၊ အခု သန်တ–ဌေ့ာကျတော့ ခန္ဓာငါးပါးက နှိပ်စက်တာကို ခံရတာတဲ့၊ ဒီတော့ ခန္ဓာ ငါးပါးက သူကိုယ်တိုင်က နှိပ်စက်ခြင်းကို ပြုသလို တစ်ခါ သူကိုယ်တိုင်လည်း အနှိပ်စက်ကို ခံရပြန်တယ်လို့ မှတ် ပေါ့။

ဒါနဲ့ပတ်သက်ပြီး မူလပဏ္ဏာသပါဠိတော် သာရောပမ သုတ်ကို လေ့လာကြည့်ရအောင်။ ဒါကို လေ့လာကြည့်လိုက်ရင် ခန္ဓာငါးပါး(ရုပ်နာမ်တရား)ကိုယ်တိုင် တဏှာရဲ့နှိပ်စက်မှု ခံရပုံ ထင်ရှားလာလိမ့်မယ်၊ တစ်ခါတော့ ပရိဗိုဇ်တစ်ယောက် ဘုရားရှင်ထံ ရောက်လာပြီး သူတို့ခေါင်းဆောင်ဆရာကြီးတွေနဲ့ သူတို့ရဲ့ ကျင့်စဉ်တွေဟာ မှန်ကန်မှု ရှိ၊ မရှိ မေးလျှောက်တယ်။

ဘုရားရှင်က သူတို့ ဆရာကြီးတွေနဲ့ ကျင့်စဉ်တွေကို မှန်တယ်၊ မှားတယ်ဆိုတာကို အချိန်ကုန်ခံပြီး ပြောမနေပါဘူး၊ ပရိဗိုဇ် ဉာဏ်အလင်းရအောင် ဥပမာတစ်ခုဆောင်ပြီး သစ္စာ တရားကို ဟောပေးလိုက်တယ်၊ ဗုဒ္ဓပေးတဲ့ဥပမာက လူတစ်ယောက် လှည်းဝင်ရိုးလုပ်ရအောင် တောကို သစ်သွား ခုတ်တယ်၊ သို့သော် သူဟာ အညွှန့်ဆုံးဖြစ်တဲ့ အကိုင်းလောက်ကိုပဲ ခုတ်ပြီး ယူလာခဲ့တယ်။

အကိုင်းကို လှည်းဝင်ရိုးလုပ်မှတော့ ဘယ်ခိုင်တော့မှာလဲ၊ ခဏနဲ့ ကျိုးတော့တာပေါ့၊ ထို့အတူ လူလာဖြစ်သခိုက်မှာ ဒါန ကုသိုလ်လောက် လုပ်ပြီးသေရတယ်ဆိုတာ အကိုင်းကို ခုတ်ယူ ပြီး ပြန်လာတဲ့သူနဲ့တူတယ်၊ သစ်ကိုင်းဟာ ဝင်ရိုးလုပ်တဲ့အခါ ခဏနဲ့ ကျိုးရသလို ဒါနကုသိုလ်နဲ့ လူချမ်းသာ နတ်ချမ်းသာကို ရလည်း

သေခြင်းဒုက္ခကို ခဏခဏခံရတာဟာ အကိုင်းကို လှည်းဝင်ရိုး လုပ်တဲ့အတွက် ခဏခဏ ကျိုးနေရတာနဲ့ တူတာ ပေါ့။

မဃဒေဝ လင်္ကာတစ်ပိုဒ်ရှိတယ်။

သူ့ဌါပြည့်စုံ၊ စည်းစိမ်ပုံကို၊ မြင်တုံဘိလည်း၊ မျက်စိစူးဝင်၊ မရှုချင်အောင်၊ ဝမ်းတွင်းလိုက်ဆူ၊ မပြုံးစုနှင့်၊ ပြုံးစူတတ်က၊ နတ်မဟာရာဇ်၊ ဒေဝါဖြစ်လျက်၊ စင်စစ်လျှင်စော၊ လတ်တလောဖြင့်၊ မနောပဒေါသိ၊ မည်ရှိစိတ်ဆိုး၊ နတ်အမျိုးတို့၊ နှမ်းညှိုးခန္ဓာ၊ သေလွယ်စာ၏–

တဲ့၊ အဓိပ္ပါယ်က နတ်ပြည်မှာ ကိုယ့်ရဲ့ မနာလိုစိတ်က ကိုယ့်ကို ပြန်သတ်ပြီး သေရတဲ့နတ်တစ်မျိုး ရှိသတဲ့၊ ပါဠိလို မနောပဒေါသိကလို့ ခေါ်တယ်၊ မြန်မာလိုတော့ ကိုယ့်စိတ်က ကိုယ့်ကို ပြန်ပြီး သတ်ဖြတ်ဖျက်ဆီး ခံရတဲ့နတ်လို့ ဆိုလိုတာပေါ့။

ကိုယ့်ထက် စီးပွား ဥစ္စာ ရာထူး အာဏာ သာတဲ့ပုဂ္ဂိုလ်ကို တွေ့လို့ ဝမ်းသာလိုက်ရင် "မုဒိတာ" ဆိုတဲ့ ကုသိုလ်ဖြစ်တယ်၊ မနာလိုလိုက်ရင် "ဣဿာ" ဆိုတဲ့ အကုသိုလ် ဖြစ်တယ်၊ နေရင်းထိုင်ရင်း အရည်မရ အဖတ်မရတာချင်း အတူတူ ကုသိုလ်ဖြစ်တာ ကောင်းသလား အကုသိုလ်ဖြစ်တာကောင်း သလား။

သန်း။ ။ ကုသိုလ်ဖြစ်တာ ကောင်းတာပေါ့ဘုရား။

နုပ်။ ။ ဒါပေမယ့် လူအများစုဟာ အကုသိုလ်ပဲ အဖြစ်ခံတတ်ကြတယ်၊ မြန်မာလူမျိုးတွေဟာ ကိုယ့်အောက်နိမ့်တဲ့သူအပေါ် အများအားဖြင့် ကရုဏာထားတတ်ကြပေမယ့် ကိုယ့်ထက်သာတဲ့သူအပေါ် မှာ ဝမ်းသာမှု မုဒိတာ မထားတတ်ကြတာများတယ်၊ ဒါ့ကြောင့်လည်း တိုးတက်သင့်သလောက် မတိုးတက်တာ။

ဘယ်တိုးတက်မလဲ၊ တစ်စုံတစ်ယောက် ကိုယ်ထက်သာသွားပြီဆိုရင် ဘယ်လိုဖျက်ဆီးရမလဲ ဆိုတာပဲ ညာဏ်နီညာဏ်နက် အမျိုးမျိုး ထုတ်နေတတ်တယ်၊ ကျန်တဲ့သူတွေရော ငါ့လို ကြီးပွားအောင် ဘယ်လိုလုပ်ပေးရမလဲလို့ စဉ်းစားတဲ့သူက အတော်နည်းပါတယ်။

မကောင်းတဲ့အကျင့်ဆိုတာ လူ့ဘဝကတည်းက အပြီးဖျောက်ခဲ့ရတယ်၊ ဒီအကျင့် နတ်ပြည်အထိ ပါသွားရင် ဒုက္ခရောက်ရော၊ ခုပြောနေတဲ့ မနောပဒေါသိကနတ်ဆိုတာ လူ့ဘဝကတည်းက ဣဿာ,မစ္ဆရိယအားကြီးခဲ့သူပေါ့၊ သေခါနီးမှာ တော့ ပြုခဲ့ဖူးတဲ့ ဒါနကုသိုလ်လေး အာရုံပြုမိတော့ နတ်ပြည်တော့ ရောက်လာတာပဲ။

ဒါပေမယ့် မနာလိုတဲ့အကျင့်က နတ်ပြည်အထိ ပါလာရော။

လူ့ပြည်မှာ ငွေစုရင် စုနိုင်သလောက် ချမ်းသာသလို နတ်ပြည်ကျတော့ လူ့ပြည်က ကုသိုလ်စုနိုင်ခဲ့ရင် စုနိုင်သလောက် အသက်ပိုရှည်၊ အဆင်းပိုလှ၊ အခြံရံ ပိုများတတ်တယ်၊ လူတစ်ယောက်နဲ့ တစ်ယောက် ချမ်းသာဆင်းရဲ မတူသလို နတ်တစ်ပါးနဲ့ တစ်ပါးလည်း ချမ်းသာဆင်းရဲ မတူဘူး။

ဒါ့ကြောင့် လူ့ဘဝကတည်းက မနာလိုတာအကျင့်ပါ လာခဲ့တဲ့ နတ်သားဟာ နတ်ပြည်ရောက်တော့လည်း သူ့ထက်သာတဲ့ နတ်သားတွေကို ကြည့်ရင်း မနာလိုစိတ်တွေ ဖြစ်ပွားနေတယ်၊ အဲဒီ မနာလိုတဲ့ ဣဿာစေတသိက်ဟာ ဒေါသစိတ်နဲ့

ယှဉ်တယ်၊ ဒေါသကိလေသာဟာ ပူလောင်သလို ဣဿာစိတ်ဟာ လည်း ပူလောင်တယ်။

ဘယ်လောက်အထိ ပူလောင်သလဲဆိုရင် မနာလိုစိတ် ပေါ်ဆဲ ခဏအတွင်းမှာပဲ ဒေါသနဲ့ ဣဿာမီးလောင်ပြီး ချက်ချင်း သေသွားတယ်၊ နတ်တွေသေရင် ရုပ်အလောင်း မကျန်ဘူး၊ ချက်ချင်း "ဖြတ်"ဆို သေသွားတာပဲ၊ ပြီးတော့ ငရဲကို ကျသွား တာပေါ့။

အဲဒါ သစ်ကိုင်းကို လှည်းဝင်ရိုးလုပ်တဲ့အတွက် ခဏခဏ ကျိုးရသလို ဒါနကုသိုလ်လောက်ပဲ ရှိခဲ့တဲ့အတွက် ခဏခဏ သေရတဲ့သဘောကို မြင်အောင် ပြတာပဲ၊ သံလှံချွန်ရယ် ငွေလှံချွန် ရယ် ရွှေလှံချွန်ရယ်ဆိုပြီး လှံတံသုံးချောင်းရှိတယ်။

ဘယ်လှံချွန်နဲ့ပဲ ထိုးထိုး နာကျင်တဲ့ဝေဒနာ ခံစားရပြီး သေတာချည်းပဲ၊ ထို့အတူ–

> လူ့ဘဝရတယ်ဆိုတာ သံလှံချွန်နဲ့ အထိုးခံရပြီး သေရ တာ၊ နတ်ဘဝကို ရတယ်ဆိုတာ ငွေလှံချွန်နဲ့ အထိုးခံပြီး သေရ တာ၊ ဗြဟ္မာဘဝကို ရတယ်ဆိုတာ ရွှေလှံချွန်နဲ့ အထိုးခံပြီး သေရတာ။ ။

ဒါ့ကြောင့် ဘယ်ဘဝဘယ်ခန္ဓာမှ မရတဲ့ နိဗ္ဗာန်သာလျှင် ချမ်းသာအစစ်လို့ မှတ်ပေါ့၊ ကဲ–နောက်အပါတ်ကျမှ လှည်းဝင်ရိုး လုပ်ဖို့အတွက် အပွေးကို ယူမိသူအကြောင်း ဆက်ကြသေး တာပေါ့။

■

## မဇ္ဈိမပဋိပဒါသို့ ရောက်အောင်ဆောင်ခြင်း

ကြောင့်ကြစိုက်လွန်းသောအခါ၌ ကြောင့်ကြစိုက်လျက် စဉ်းစား ကြံစည်သော စိတ်များကိုလည်း မမှတ်နိုင်ဘဲ ရှိတတ်၏။ မှတ်မိသော အာရုံများသည်လည်း ကောင်းစွာမထင်ဘဲ ရှိတတ်၏။ ထို့ကြောင့် မှတ်၍မကောင်းဘဲ ရှိတတ်၏။ ထိုအခါ လျှော့ပေးရာ၏။ အလိုရှိတိုင်း ပြီးစေနိုင်သော ငါကောင်ဟူ၍ မရှိ။ ဘယ်လိုပင်အားထုတ်သော်လည်း မှတ်၍ ကောင်းသော ဝိပဿ-နာဉာဏ် ဖြစ်ချင်မှဖြစ်မည်။ သူ ဖြစ်ချင်သမျှပဲ ဖြစ်ပါစေတော့ မှတ်မှု မပြတ်ရုံ ခပ်မှန်မှန်ပဲ ရှုပါတော့မည်ဟု စိတ်ကို လျှော့၍ မှတ်ရာ၏။

ဤသို့ လျှော့ရုံမျှဖြင့် ကြောင့်ကြစိုက် ပျံ့လွင့်သော ဥဒ္ဓစ္စကို ပယ်ခြင်းကိစ္စပြီး၏။ မပျံ့လွင့်တော့ပြီ။ အချို့မှာ လျှော့လိုက်သည်နှင့် တစ်ပြိုင်နက် စိတ်တည်ကြည်၍ အလွန်ပင် အမှတ်ကောင်းသွား၏။ ထို့ကြောင့် အားထုတ်လွန်းသည်ကို နှိပ်ခြင်း လျှော့ခြင်းဖြင့်လည်း စိတ်မပျံ့လွင့် တည်ကြည်သည် ဟူ၍ ဟောတော်မူသည်။

အကျဉ်းချုပ်မှတ်ရန်ကား—

အားထုတ်မှု လျှော့လွန်းလျှင် အားပေးရမည်။ တင်းလွန်းလျှင် လျှော့ပေးရမည်။ မလျှော့မတင်း မှတ်ခြင်းညီမျှအလယ်ကျမှ စိတ်က တည်ကြည်သည်။

မှတ်၍ ကောင်းသည်ကို အားရဝမ်းသာလျက် ဖြစ်သောစိတ်သည်လည်း ညွတ်လွန်းသောစိတ်မည်၏။ ဖြစ်ပေါ် မည့် ဝိပဿနာဉာဏ်ထူး မဂ်ဖိုလ်တရားထူးတို့ကို ခဏခဏ မျှော်လင့်

တောင့်တသော စိတ်သည်လည်း ညွတ်လွန်းသောစိတ်မည်၏။ ဤ ညွတ်လွန်းသောစိတ်သည် နှစ်သက်တောင့်တမှုနှင့် တွဲ၍ ဖြစ်၏။ ဝိပဿနာသမာဓိကို ပျက်စေတတ်သောကြောင့် ဘေးရန်ပင်တည်း။ သို့ဖြစ်၍ ထိုညွတ်လွန်းသောစိတ်ကို ဖြစ်ခိုက်၌ မိအောင် မှတ်အပ်၏။ မှတ်၍ ကောင်းစွာ သိမြင်ပါလျှင် ညွတ်လွန်းသောရာဂကို ပယ်ခြင်းကိစ္စပြီး၏။ ထိုစိတ်မျိုး နောက်ထပ် မဖြစ်ဘဲ ကင်းသွားလတ္တံ့။ ညွတ်လွန်းသောရာဂ မဖြစ်ပေါ်လာဘဲ မှတ်ရုံသာမှတ်၍ နေသောအခါ၌ စိတ်သည် မပျံ့လွင့် တည်ကြည်သွားလေ၏။

ရက်လကြာမြင့်စွာ အားထုတ်ပါသော်လည်း မှတ်၍ မကောင်းသောသူအား မဖြစ်နိုင်တော့ဘူး ထင်ပါရဲ့ဟု လက်လျှော့ချင်သော စိတ်ဖြစ်တတ်၏။ ထိုစိတ်သည် ဝိပဿနာအလုပ်နှင့် ဖြစ်ပေါ်မည့် ဉာဏ်ထူး တရားထူးတို့မှ အလွန်ဖဲခွာထွက်ပြေးသောစိတ်မည်၏။ စိတ်ကူးမျှဖြင့် ကမ္မဋ္ဌာန်းကျောင်းက ထွက်၍ ထွက်၍လည်း ပြေးတတ်၏။ ထိုစိတ်သည် စိတ်ပျက်မှု ဗျာပါဒနှင့် ပူးတွဲလျက်ဖြစ်၏။

ဤစိတ်မျိုး ဖြစ်ပေါ်နေလျှင် စူးစိုက်တည်ကြည်မှုမှာ အလျဉ်းပင် မရှိတော့ပြီ။ ဘယ်မှာ မှတ်၍ ကောင်းနိုင်တော့အံ့နည်း။ ထို့ကြောင့် ဤစိတ်ပျက် ဖဲခွာမှုသည် ဝိပဿနာသမာဓိ၏ အလွန်ကြီးမားသော ဘေးရန်ကြီးပင်တည်း။ သို့ဖြစ်၍ မမှတ်ချင်တဲ့စိတ် ကမ္မဋ္ဌာန်းထွက်ချင်တဲ့စိတ်နှင့် စိတ်ပျက်မှုတို့ကိုလည်း မှတ်၍ မှတ်၍ ပယ်အပ်၏။ တစ်ကြိမ်နှစ်ကြိမ် မှတ်၍ မငြိမ်သေးသော်လည်း မလျှော့နဲ့။ ဖြစ်ပေါ်တိုင်းသာ မှတ်၍မှတ်၍

တစ်ဖန် မှတ်နေကျကိုသာ ပြန်၍ မှတ်ပါလေ။ နောက်ဆုံး၌ စိတ်ပျက်မှု အလျဉ်းမရှိတော့ဘဲ အေးချမ်းငြိမ်သက်စွာ မှတ်နိုင်ပါလတ့်။ ။

(မဟာစည်ဝိပဿနာရှုနည်းကျမ်း၊ ၁၇၁-၁၇၂-၁၇၃)

အခန်း ၄၇

## ကိလေသာပယ်သတ်နည်း နှစ်မျိုး

နာနေပြီလား
ဝေဒနာက္ခန္ဓာပေါ် နေပြီပေါ့။
ဘာ့ကြောင့် နာရတာလဲ
ရူပက္ခန္ဓာ ဖောက်ပြန်လို့ပေါ့။
နာတယ်လို့ သိနေပြီလား
ဝိညာဏက္ခန္ဓာ ယှဉ်တွဲပါနေတဲ့သဘောပါ။
နာတယ်လို့ မှတ်နေရပြီလား
သညာက္ခန္ဓာ အလုပ်လုပ်နေရပြီပေါ့။
ဆက်တိုက် နာလာပြီလား
သင်္ခါရက္ခန္ဓာ လှုံ့ဆော်နေလို့ပေါ့။
အလုပ်သမားတစ်ယောက်ကို ဘေးကကြည့်တဲ့အခါ
နာတယ်ဆိုတဲ့ ဒုက္ခဝေဒနာတစ်ခု ဖြစ်လာရင်
ခန္ဓာငါးပါးစလုံး အတူယှဉ်တွဲ ပါနေတယ်ဆိုတာ သတိပြုပါ။
တစ်ပြိုင်တည်းပေါ် တစ်ပြိုင်တည်း ပျောက်နေတဲ့

သဘာဝကို မြင်အောင်ကြည့်ပါ။
ဒါဆိုရင်
နာတာအပေါ် မူတည်ပြီး
"ငါ" ကွာသွားပါလိမ့်မယ်။
အနာထဲက အသာကို ယူတတ်ပါစေ။ ။

သန်း။ ။ စူဠသာရောပမသုတ်က အပွေးကို ယူမိပုံအကြောင်း ဆက်ပါဦး ဘုရား။

နုပ်။ ။ ဘုရားရှင်ရဲ့ အလိုတော် ပိုကျအောင် ငါနားလည်သလို ဆက်မပြောဘဲ ဘုရားရှင်ဟောတဲ့အတိုင်း ဆက်ပြောချင်တယ်၊ ဒါမှ မင်းတို့ လူငယ်တွေ ဘုရားရှင်နဲ့ ကိုယ်တိုင် တွေ့ရသလို ဖြစ်မှာ၊ ရေှ့–ဟောဒီမှာ ဦးမောင်မောင်လေး ဘာသာပြန်တဲ့ ပိဋကတ်အနှစ်ချုပ်၊ မဇ္ဈိမနိကာယ်ထဲက စူဠသာရောပမသုတ် မြန်မာပြန်ကို မင်းကိုယ်တိုင် ဆက်ဖတ်ပေတော့။

## စူဠသာရောပမသုတ်
## အနှစ်နှင့်တူသော တရားလေးပါးကို ဟောခြင်း
## ဝန်ခံတိုင်း သိ၊မသိပြဿနာ

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးနေတော်မူစဉ် ပိင်္ဂလကောစ္ဆမည်သော ပုဏ္ဏားသည် ဗုဒ္ဓထံ ရောက်လာပြီး "အရှင်ဂေါတမ ထင်ရှားကျော်စောသော ဂိုဏ်းဆရာကြီးများ ဖြစ်ကြသည့် ပုရာဏကဿပ၊ မက္ခလိဂေါသာလ အစရှိသော ပုဂ္ဂိုလ်တို့သည် မိမိတို့ ဝန်ခံသည့်အတိုင်း တရားထူးကို သိကြပါကုန်သလော" ဟု မေးလျှောက်၏။

ထိုအခါ ဗုဒ္ဓမြတ်စွာက "ပုဏ္ဏား သင့်မေးခွန်းကို ဖြေဆိုခြင်းဖြင့် အကျိုးရှိမည်မဟုတ်။ သင့်အား ငါ တရားဟောအံ့၊ နာလော့" ဟု မိန့်ကြား

တော်မူပြီး အနှစ်ကို ရှာဖွေခြင်း ဥပမာဖြင့် တရားကို ဟောကြားတော်မူသည်။

## အခက်အရွက်ကိုသာ ယူသူ

"ပုဏ္ဏား ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်တို့သည် မွေးခြင်း၊ သေခြင်းအစ ရှိသော ဆင်းရဲအပေါင်းမှ လွတ်မြောက်ရန် ရည် ရွယ်၍ ရဟန်းပြုခဲ့ပြီး လာဘ်သပ္ပကာအကျော်အစောကို ဖြစ်စေ၏။ ထိုလာဘ်သပ္ပကာ အကျော်အစောဖြင့် နှစ်သက်ကျေနပ်ပြီး မိမိကိုယ်ကို မြှောက်ပင့်၍ သူတစ်ပါးကို နှိမ့်ချ၏။ ထို့ထက် သာလွန်သော တရားတို့ကို ဖြစ်စေရန် လိုလား အားထုတ်ခြင်း မပြု။

ဥပမာကား အနှစ်ကို လို၍ ရှာဖွေသူသည် အနှစ်ရှိသော အပင်ကို တွေ့သော်လည်း အနှစ်၊ အကာ၊ အခွံ၊ အပွေးတို့ကို ကျော်ပြီး အခက်အရွက်ကိုသာ အနှစ်ဟုထင်ကာ ဖြတ်ယူသွားသကဲ့သို့ ဖြစ်၏"

(မှတ်ချက်)။ ။ ဗုဒ္ဓ၏ တပည့်သားသာဝက ဖြစ်ပါလျက် မဂ်ဖိုလ် ဟူသော အနှစ်ကို အရမယူဘဲ လာဘ်များမှု၊ အပူဇော်ခံရမှု၊ ကျော်ကြားမှုများအပေါ် သာယာယစ်မူးပြီး တစ်ဘဝဆုံးသွားရသော ရဟန်း,ရှင်,လူများကို ဆိုလိုခြင်းဖြစ်၏။

## အပွေးကိုသာယူသူ

"ပုဏ္ဏား၊ ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် မွေးခြင်း သေခြင်းစသော ဆင်းရဲအပေါင်းမှ လွတ်မြောက်ရန် ရည်ရွယ်၍ ရဟန်းပြုပြီး လာဘ်သပ္ပကာ အကျော်အစောကို ဖြစ်စေ၏။ သို့သော် ထိုလာဘ်သပ္ပကာအကျော်အစောဖြင့် ကျေနပ်နှစ်သိမ့်ခြင်း မရှိဘဲ ထို့ထက် သာလွန်မွန်မြတ်သောတရားကို မျက်မှောက်ပြုရန် လိုလားအားထုတ်သဖြင့် အကျင့်

သီလနှင့်ပြည့်စုံခြင်းသို့ ရောက်၏။

ထို အကျင့်သီလဖြင့် ကျေနပ်နှစ်သက်၍ ထိုသာလွန်မွန်မြတ်သော တရားများကို ရရှိရန် အားမထုတ်။ ဥပမာ အနှစ်ကိုလို၍ ရှာဖွေသူသည် အနှစ်ရှိသော အပင်ကို တွေ့သော်လည်း အနှစ်, အကာ, အခွံတို့ကို ကျော်ပြီး အပွေးကိုသာ အနှစ်ဟုထင်ကာ ယူသွားသကဲ့သို့ ဖြစ်၏”

## အကာကိုသာယူသူ

“ပုဏ္ဏား ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် မွေးခြင်း သေခြင်းစသော ဆင်းရဲအပေါင်းမှ လွတ်မြောက်ရန် ရည်ရွယ်၍ ရဟန်းပြု ပြီး လာဘ်သပ္ပကာအကျော်အစောကိုလည်းကောင်း၊ သီလနှင့် ပြည့်စုံခြင်း ကိုလည်းကောင်း၊ သမာဓိနှင့် ပြည့်စုံခြင်းကိုလည်းကောင်း ရ၏။ သို့သော် ယင်းတို့ဖြင့် ကျေနပ်နှစ်သိမ့်ခြင်း မရှိဘဲ၊ ယင်းတို့ထက် သာလွန်မြင့်မြတ် သောတရားများကို ရရှိရန် ဆက်လက် အားထုတ်သဖြင့် ဒိဗ္ဗစက္ခုဉာဏ် အမြင်ကို ရ၏။

ထိုဉာဏ်အမြင်ဖြင့် ကျေနပ်ကာ ထို့ထက် သာလွန်သောတရားကို ရရှိရန်ကား ဆက်လက်အားမထုတ်တော့ချေ။ ဤရဟန်းကား အနှစ်ရှိသော သစ်ပင်ကို တွေ့ပါလျက် အနှစ်ကိုကျော်ပြီး အကာကိုသာ အနှစ်ဟုထင်ကာ ယူသွားသူနှင့် ဥပမာတူလေသည်”

## အနှစ်ကိုရယူသူ

“ပုဏ္ဏား၊ ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် ဆင်းရဲ အပေါင်းမှ လွတ်မြောက်ရန် ရည်ရွယ်၍ ရဟန်းပြုခဲ့ပြီး လာဘ်သပ္ပကာ အကျော်အစောကိုလည်းကောင်း၊ သီလ သမာဓိနှင့် ဒိဗ္ဗစက္ခုဉာဏ်အမြင်ကို လည်းကောင်း ရရှိ၏။

သို့သော် ယင်းတို့ဖြင့် ကျေနပ်နှစ်သက်ခြင်း မရှိဘဲ ယင်းတို့ထက် သာလွန်မြင့်မြတ်သော တရားများကို ရရှိရန် ဆက်လက်အားထုတ်၏။ ထိုသာလွန်မြင့်မြတ်သော တရားများကား ပထမစျာန်အစရှိသော စျာန်အဆင့်ဆင့်၊ နိရောဓသမာပတ်နှင့် အာသဝက္ခယဉာဏ်တို့ ဖြစ်၏။ ဤရဟန်းကား အနှစ်ရှိသော သစ်ပင်ကို တွေ့သော် အနှစ်ကိုသာ ထုတ်ယူသွားသူနှင့် တူ၏"

(မှတ်ချက်)။ ။ အာသဝက္ခယဉာဏ်ဟူသည် အရဟတ္တမဂ်ဉာဏ်နှင့် အရဟတ္တဖိုလ်ဉာဏ်တို့ကို ဆိုလိုခြင်းဖြစ်၏။ ထိုဉာဏ်နှစ်ပါးကို ရသည်နှင့် အာသဝေါတရားကုန်ပြီး ရဟန္တာအဖြစ်သို့ ရောက်၏။ ရဟန္တာဖြစ်မှ အနှစ်ကို ရ၏။ ။

"ပုဏ္ဏား ဤသို့ဆိုလျှင် ဤသာသနာသည် လာဘ်သပ္ပကာ ကျော်စော ရရှိရန်အတွက်သာလျှင် မဟုတ်၊ သီလ သမာဓိနှင့် စျာန်သမာပတ် အဆင့်ဆင့်တို့ကို ရရှိရန်အတွက်မျှလည်း မဟုတ်၊ မပျက်စီးနိုင်သော စိတ်၏ လွတ်မြောက်မှုအတွက် ဖြစ်၏။ ဤစိတ်၏ လွတ်မြောက်မှုသည် ဤသာသနာ၏ အနှစ်အသားဖြစ်၏။ နောက်ဆုံး ပန်းတိုင်ဖြစ်၏"

ဗုဒ္ဓမြတ်စွာက ဤသို့ ဟောတော်မူလေသော် ပိင်္ဂလကောစ္ဆပုဏ္ဏားသည် ထိုဟောကြားချက်ကို လွန်စွာနှစ်သက်လှသဖြင့် ဗုဒ္ဓအား ကိုးကွယ်ဆည်းကပ်သူ ဥပါသကာအဖြစ်သို့ ဆိုက်ရောက်သွားလေသည်။

သန်း။ ။ဒီဒေသနာအရဆိုရင် ဗုဒ္ဓက–

လာဘ်သပ္ပကာဆိုတဲ့ အကိုင်းအခက်၊

အကျင့်သီလဆိုတဲ့ အပွေး၊

စျာန်သမာဓိဆိုတဲ့ အခွံ၊

ဒိဗ္ဗစက္ခုဆိုတဲ့ အကာနဲ့တင် ကျေနပ်မနေဘဲ အရဟတ္တမဂ်ဆိုတဲ့

အနှစ်ထိ ရောက်အောင်သွားလို့ ဆိုလိုတာ မဟုတ်လားဘုရား။

နုပ်။ ။အေး– ဟုတ်တယ်။

(မှတ်ချက်)။ ။ မူရင်းစာအုပ်တွင် အခွံနှင့်တူသော ဈာန်သမာဓိ အဆင့်ဆင့် ရပုံ ကျန်နေသည်။ စာရှုသူမှ ဖြည့်ယူ၍ ဖတ်ပါလေ။

သန်း။ ။ သမုဒယသစ္စာအကျယ်ကို ဆက်မိန့်ပါဦးဘုရား။

နုပ်။ ။ သမုဒယသစ္စာအရ တဏှာလို့ခေါ်တဲ့ လောဘစေတသိက်ကို အရကောက်ရတယ်၊ ဒါက ပဓာနနည်းအားဖြင့်ပေါ့၊ အပဓာန နည်း အားဖြင့်ဆိုရင်တော့ ကိလေသာဆယ်ပါးလုံး ကောက်ယူရ တယ်၊ အဘိဓမ္မာဝိဘင်းပါဠိတော်မှာ သမုဒယသစ္စာအရကောက် ၅ မျိုးကို ပြထားတယ်၊ အဲဒါတွေက–

## သမုဒယသစ္စာအရကောက် ငါးမျိုး

၁။ လောဘတဏှာသည်လည်းကောင်း၊

၂။ တဏှာမှတစ်ပါး ကျန်ကိလေသာကိုးပါးသည်လည်းကောင်း၊

၃။ ကိလေသာကိုးပါးမှ ကျန်အကုသိုလ်များသည်လည်းကောင်း၊

၄။ ကုသိုလ်မူလ သုံးပါးသည်လည်းကောင်း၊

၅။ မူလသုံးပါးမှတစ်ပါး ကျန်လောကီကုသိုလ်များသည် လည်း ကောင်း သမုဒယသစ္စာချည်းပါပဲတဲ့၊ ဒီသမုဒယသစ္စာဟာ ပယ် သတ်ရမယ့် တရားဖြစ်တယ်၊ ပါဠိလိုတော့ "ပဟာတဗ္ဗကိစ္စ" ရှိတယ် ပေါ့။ လောဘဦးဆောင်တဲ့ ကိလေသာဆယ်ပါးလုံးကို ပယ်သတ် ရမယ်ဆိုတော့ ဘယ်လို ပယ်သတ်ရမလဲ မေးစရာရှိလာတယ်။

ပယ်သတ်နည်း နှစ်နည်းပေါ့၊ ရှေ့မှာ တစ်ကြိမ်ပြောခဲ့ဖူး တယ်၊ အရေးကြီးတဲ့အတွက် အခုတစ်ကြိမ် ထပ်ပြောမယ်၊

ပထမနည်းက ဒီကိလေသာတွေ စိတ်သန္တာန်မှာ အပေါ်မခံခြင်း အားဖြင့် ပယ်သတ်ရမယ်။

ဒုတိယနည်းက ကိလေသာပေါ်ရင်လည်း နောက်စိတ် က ပေါ်မှန်း သိပေးရမယ်၊ မဂ်က လေးမဂ်ရှိပေမယ့် ကိလေသာ ပယ်သတ်နည်းက နှစ်နည်းပဲ ရှိတယ်၊ သောတာပတ္တိမဂ်ကို "ဒဿနေနပဟာတဗ္ဗမဂ်"လို့ ခေါ်တယ်၊ အထက်မဂ်သုံးပါးကို "ဘာဝနာယပဟာတဗ္ဗမဂ်"လို့ ခေါ်တယ်၊ ဒါ မာတိကာ ပါဠိတော် မှာ သုံးထားတဲ့ အသုံးအနှုန်းပေါ့။

ဒဿနေနပဟာတဗ္ဗမဂ်ဆိုတာက ဆရာ့ဆီမှာ တရားနာ ရင်း၊ တရားဆွေးနွေးရင်း သမ္မာဒိဋ္ဌိပေါ်လာပြီး အမှန်ကို မြင်လိုက် (သိလိုက်)တာနဲ့ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာဆိုတဲ့ အပါယ်ဆွဲချမယ့် ကိလေသာ တွေကို ပယ်သတ်တယ်လို့ ပြောလိုရင်းပဲ၊ ဒါကို ကြည့်ပြီး ဝိပဿနာ လောကမှာ သောတာပန်တည်ဖို့ ဆရာ့ တာဝန်လို့ ပြောတာ။

ဘာဝနာယပဟာတဗ္ဗမဂ်ဆိုတာက ကိုယ့်ဘာသာ ပွား များအားထုတ်ပြီး အချိန်ကျလာတာနဲ့ ဆိုင်ရာမဂ်က ဆိုင်ရာကိလေ သာကို ပယ်သတ်လိုက်ခြင်းကို ပြောတာ၊ ပွားများတယ်ဆိုတာ ရှေ့မှာ ပြောခဲ့သလို ကိလေသာမဖြစ်အောင် နေတာရယ် ကိလေ သာဖြစ်ရင် ဖြစ်မှန်းသိအောင် လုပ်တာရယ်ကို ပြောတာပါပဲ။

ဒါကိုကြည့်ပြီး အထက်မဂ်သုံးပါးရဖို့ တပည့်တာဝန်လို့ ပြောတာ၊ ဝိပဿနာကို မကျွမ်းကျင်ခင် အဝါးမဝခင်မှာတော့ ရှေ့ပိုင်းတွေမှာ သင်ပြခဲ့သလို အာရုံနဲ့ ဒွါရ တိုက်ဆိုင်တဲ့အခါတိုင်း ဖြစ်ပေါ်ပြီး ပျက်သွားတဲ့ သဘောတရားငါးပါး(ခန္ဓာငါးပါး)ကို ဉာဏ်နဲ့သိပြီး ခန္ဓာငါးပါး အနိစ္စ သို့မဟုတ် ခန္ဓာငါးပါး ဒုက္ခ

သို့မဟုတ် ခန္ဓာငါးပါး အနတ္တလို့ ပွားများနေရမှာပါ။

ကျွမ်းကျင်သွားပြီ အဝါးဝသွားပြီဆိုရင်တော့ ခုပြောတဲ့ နည်းအတိုင်း ကိလေသာမပေါ်အောင်နေ၊ ပေါ်ရင် ပေါ်မှန်းသိတဲ့ နည်းနဲ့ ရဟန္တာဖြစ်တဲ့အထိ ဆက်ကျင့်သွားရမယ်၊ ပထမ ကိလေသာပယ်သတ်နည်းအကြောင်းကို မဟာနိဒ္ဒေသပါဠိတော်မှာ ဂါထာတစ်ဂါထာနဲ့ ဟောခဲ့သလို မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ ပါဠိတော်မှာ ဒွေဓာဝိတက္ကသုတ်ဆိုတဲ့ အမည်နဲ့ ဟောခဲ့တယ်။

သန်း။ ။မဟာစည်ဆရာတော်ကြီးရဲ့ ဆရာဖြစ်တဲ့ သထုံဇေတဝန်ဆရာတော်ကြီးက "တရားကို အမှားမပါအောင် ဟောချင်ရင် ပါဠိတော်လာအတိုင်း အတိအကျသာဟော ဘယ်တော့မှ မမှားဘူး၊ အတွန့်တွေ အညွန့်တွေ တက်လာပြီဆိုရင်တော့ မှားတတ်တယ်" လို့ ဩဝါဒပေးဖူးကြောင်း ဖတ်ရဖူးပါတယ်ဘုရား၊ ဒါ့ကြောင့် တချို့ ဟောကြားချက်များကို ပါဠိတော်လာအတိုင်း အပြည့်အစုံ ဟောကြားပေးတော်မူပါဘုရား။

နုပ်။ ။ အေး–အဲဒီဆရာတော်ကြီးရဲ့ စကား မှန်တယ်၊ ငါကလည်း ဒီကနောက် ပါဠိတော်လာအတိုင်း အနှစ်ချုပ်မြန်မာပြန်တွေကို မင်းတို့လူငယ်တွေ နားလည်အောင် ပြောပြဖို့ စိတ်ကူးထား ပါတယ်၊ မဟာနိဒ္ဒေသပါဠိတော်က ဂါထာကို စပြမယ်၊ ဂါထာ က–

အဒ္ဒသံ ကာမတေ မူလံ၊
သင်္ကပ္ပါ ကာမဇာယတိ။
န တံ သင်္ကပ္ပယိဿာမိ၊
ဧဝံ ကာမ န ဟောဟိသိ။

အဲဒါကို သိလွယ်အောင် မြန်မာပြန်လိုက်တော့–

"ဟယ် ကာမဂုဏ်၊ သင်ဖြစ်ပေါ်လာရခြင်းအကြောင်းကို ငါသိပြီ၊ သင်ကာမဂုဏ်သည် တွေးတောကြံစည်မှုသာ ဖြစ်ပေါ်လာနိုင်သည်၊ ငါသည် ဘယ်သောအခါမှ ကာမဂုဏ်ကို ကြံစည်တွေးတောခြင်းမပြုတော့အံ့၊ ထိုအခါ သင်ကာမဂုဏ်သည် ဘယ်သောအခါမှ ဖြစ်ပေါ်ခွင့် ရတော့မည်မဟုတ်"တဲ့။

ဒီနေရာမှာ လောဘနဲ့ပတ်သက်တဲ့ ကာမဂုဏ်တစ်ခုကိုသာ ဟောထားပေမယ့် ကျန်တဲ့ ကိလေသာကိုးပါးကိုလည်း နည်းမှီပြီး ဒီပုံစံအတိုင်းပဲ ပယ်သတ်ရမယ်လို့ ကိုယ့်ဘာသာ ချဲ့ထွင်သိပေါ့၊ ဒီဂါထာရဲ့ လိုရင်း ညွှန်ပြချက်ကတော့ ကိလေသာ ဖြစ်စရာအကြောင်းတွေ မတွေးဘူး၊ ကိလေသာတွေ ဖြစ်ပေါ်ခွင့် မပေးသောအားဖြင့် ပယ်သတ်ရမယ်လို့ ဆိုလိုတာပါပဲ။

မူလပဏ္ဏာသပါဠိတော်မှာလာတဲ့ "ဒွေဓာဝိတက္ကသုတ်" ကတော့ လက်တွေ့ကျင့်စဉ်တွေ ပါနေတဲ့အတွက် အနှစ်ချုပ်မြန်–မာပြန်ကို ဖတ်ပြမယ်၊ နားထောင်ပေတော့။

## ဒွေဓာဝိတက္ကသုတ်

## ကြံစည်မှုများကို နှစ်မျိုးခွဲအပ်ကြောင်းဟောကြားခြင်း

## ကြံစည်မှုနှစ်မျိုး

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတို့အား ဤဒွေဓာဝိတက္ကသုတ်ကို ဟောကြားတော်မူခဲ့၏။

"ရဟန်းတို့၊ ငါသည် သစ္စာလေးပါးကို ထိုးထွင်း၍ မသိမြင်သေးမီ ဘုရားလောင်းဖြစ်စဉ်ကပင် ကြံစည်ခြင်း ဝိတက်တို့ကို နှစ်မျိုးနှစ်စား ခွဲ၍ နေရပါမူ ကောင်းလေစွ" ဟု စဉ်းစားမိခဲ့၏။ ထို့ကြောင့် ငါသည် ကာမဂုဏ်

နှင့်ပတ်သက်သော ကြံစည်မှု ကာမဝိတက်၊ ဖျက်ဆီးစေလိုခြင်း နှင့် စပ်သော ကြံစည်မှု ဗျာပါဒဝိတက်၊ ညှင်းဆဲလိုမှုနှင့် ပတ်သက်သော ကြံစည်မှု ဝိဟိံသ ဝိတက်တို့ကို တစ်ဖို့တစ်စု ပြုထားခဲ့၏။

ထွက်မြောက်ရေးနှင့်စပ်သော ကြံစည်မှု နေက္ခမ္မဝိတက်၊ မပျက်စီး လိုခြင်းနှင့်စပ်သော ကြံစည်မှု အဗျာပါဒဝိတက်၊ မညှင်းဆဲလိုခြင်းနှင့်စပ် သော ကြံစည်မှု အဝိဟိံသဝိတက်တို့ကို တစ်ဖို့တစ်စု ပြုထားခဲ့၏။

## မကောင်းသောကြံစည်မှုများ ပျောက်သွားအောင် ဆင်ခြင်ပုံ

"ရဟန်းတို့၊ မမေ့မလျော့သည်ဖြစ်၍ ကမ္မဋ္ဌာန်းအလုပ်ကို အပူ တပြင်းအားထုတ်နေသော ငါ့အား တစ်ခါတရံ ကာမဝိတက်သည် ဖြစ်ပေါ် လာ၏။ ဤကာမဝိတက်သည် မိမိသူတစ်ပါး နှစ်ပါးလုံးကို ဆင်းရဲစေနိုင်၏။ အသိဉာဏ်ကို ပိတ်ပင်နိုင်၏။ ပင်ပန်းခြင်းသို့ ရောက်စေ နိုင်၏၊ ငြိမ်းချမ်း မှုကို မဖြစ်စေနိုင်ဟူ၍ ငါ သိမြင်ခဲ့၏။ ဤသို့ သိမြင်ခြင်းသည်ဖြစ်၍ ကာမဝိတက်၏ အပြစ်များကို ဆင်ခြင်သော ငါ့အား ကာမဝိတက်သည် ပျောက်ပျက်သွား၏။

ရဟန်းတို့ မမေ့မလျော့သည်ဖြစ်၍ ကမ္မဋ္ဌာန်းအလုပ်ကို အပူ တပြင်း အားထုတ်၍နေသော ငါ့အား တစ်ခါတစ်ရံ ဗျာပါဒဝိတက်သည် ဖြစ်ပေါ်၍ လာ၏။ ဝိဟိံသဝိတက်သည် ဖြစ်ပေါ်၍ လာ၏။ ထိုအခါ ငါ့အား ဗျာပါဒဝိတက်နှင့် ဝိဟိံသဝိတက်သည် ဖြစ်ပေါ်၍ လာ၏။

ဤ ဗျာပါဒဝိတက်နှင့် ဝိဟိံသဝိတက်သည် မိမိ, သူတစ်ပါး နှစ်ပါးလုံးကို ဆင်းရဲစေနိုင်၏။ အသိဉာဏ်ကို ပိတ်ပင်နိုင်၏။ ပင်ပန်း ခြင်းသို့ ရောက်စေနိုင်၏။ ငြိမ်းချမ်းမှုကို မဖြစ်စေနိုင်ဟူ၍ ငါ သိမြင်ခဲ့၏။ ဤသို့ သိမြင်သည်ဖြစ်၍ ဗျာပါဒဝိတက်နှင့် ဝိဟိံသဝိတက် အပြစ်များကို

ဆင်ခြင်သော ငါ့အား ဗျာပါဒဝိတက်နှင့် ဝိဟိံသဝိတက်သည် ပျောက်ပျက်သွား၏။

## ဝိတက်အား လျော်စွာစိတ်ညွတ်ပုံ

ရဟန်းတို့၊ များစွာ ကြံစည်လေ့ရှိသော ဝိတက်အား လျော်စွာ စိတ်ညွတ်ခြင်းသည် ဖြစ်တတ်၏။ (များများကြံစည်သော အရာဘက်သို့ စိတ်ပါလာတတ်သည်ဟု ဆိုလို) ကာမဝိတက်ကို များစွာကြံစည်လေ့ရှိသော ရဟန်းအား ကာမဝိတက်အလို့ငှာ စိတ်သည် ညွတ်တတ်၏။ ဗျာပါဒဝိတက်ကို များစွာကြံစည်လေ့ရှိသော ရဟန်းအား ဗျာပါဒဝိတက်အလို့ငှာ စိတ်သည် ညွတ်တတ်၏။ ဝိဟိံသဝိတက်ကို များစွာကြံစည်လေ့ရှိသော ရဟန်းအား ဝိဟိံသဝိတက်အလို့ငှာ စိတ်သည် ဖြစ်တတ်၏။

## နွားကျောင်းသားဥပမာ

ရဟန်းတို့၊ ဥပမာကား မိုးလေးလတို့၏ နောက်ဆုံး တန်ဆောင်မုန်းလ သရဒဥတု၌ စပါးခင်းများ ဖြစ်ထွန်းနေ၍ နွားစားကျက် ကျဉ်းမြောင်းနေသော အရပ်၌ နွားများကို ထိန်းကျောင်းရသော နွားကျောင်းသားသည် မိမိ၏ နွားများကို ထိုထိုအရပ်မှ တုတ်ဖြင့်ခြောက်လှန့်၍ ပိတ်ဆို့တားမြစ်ရမည် ဖြစ်၏။

အဘယ့်ကြောင့်ဆိုသော် မိမိ၏နွားများ စပါးခင်းများကို ဝင်၍စားခဲ့လျှင် မိမိသည် သတ်ဖြတ်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ပစ္စည်းလျော်ကြေးပေးရခြင်း၊ ကဲ့ရဲ့ရှုတ်ချခြင်း စသောအပြစ်များ ခံစားရမည်ကို သိမြင်သောကြောင့် ဖြစ်၏။ ရဟန်းတို့၊ ထို့အတူပင် ငါသည် အကုသိုလ်တရားတို့၏ အပြစ် ယုတ်ညံ့ပုံနှင့် ညစ်ညမ်းပုံတို့ကို သိမြင်တော်မူခဲ့၏။

## စိတ်ကို အတွင်း၌သာ တည်စေခြင်း

ရဟန်းတို့၊ မမေ့မလျော့သည်ဖြစ်၍ ကမ္မဋ္ဌာန်းအလုပ်ကို အပူတပြင်း ကြိုးစားအားထုတ်၍နေသော ငါ့အား နေက္ခမ္မဝိတက်သည် ဖြစ်ပေါ်၍လာ၏။ အဗျာပါဒဝိတက်, အဝိဟိံသဝိတက်သည် ဖြစ်ပေါ်၍ လာ၏။ ထိုအခါ ငါ့အား နေက္ခမ္မဝိတက်, အဗျာပါဒဝိတက်, အဝိဟိံသဝိတက်သည် ဖြစ်ပေါ်လာ၏။

ဤဝိတက်(တစ်ပါးပါး)တို့သည် မိမိသူတစ်ပါး နှစ်ပါးလုံးတို့အား ဆင်းရဲခြင်းကို မဖြစ်စေနိုင်၊ ပင်ပန်းခြင်းသို့ မရောက်စေနိုင်။ အသိဉာဏ်ကို တိုးပွားစေနိုင်၏ ဟူ၍ ငါသိမြင်ခဲ့၏။ ဤသို့ သိမြင်သည်ဖြစ်၍ တစ်နေ့ပတ်လုံးဖြစ်စေ၊ တစ်ညပတ်လုံးဖြစ်စေ၊ ထိုဝိတက်တို့ကို ကြံစည် စဉ်းစား၍ နေငြားသော်လည်း တစ်စုံတစ်ခုသော ဘေးရန်ကိုမျှ ငါ မတွေ့ မြင်ခဲ့ပေ။

သို့သော် အလွန်ကြာမြင့်စွာ စဉ်းစားသည်ရှိသော် ငါ၏ကိုယ်သည် ပင်ပန်းရာ၏။ ကိုယ်ပင်ပန်းလျှင် စိတ်သည် ပျံ့လွင့်ရာ၏။ စိတ်ပျံ့လွင့်သည်ရှိသော် စိတ်တည်ကြည်ခြင်းမှ ဝေးသည်ဖြစ်ရာ၏။ ထို့ကြောင့် ငါသည် စိတ်ကို အတွင်းသန္တာန်၌သာလျှင် တည်စေခဲ့၏။

## သတိပြုရုံမျှသာလို အပ်၏

ရဟန်းတို့၊ များစွာကြံစည်သော ဝိတက်အားလျော်စွာ စိတ်၏ ညွှတ်ခြင်းသည် ဖြစ်၏။ နေက္ခမ္မဝိတက်ကို များစွာကြံစည်လေ့ရှိသော ရဟန်းအား နေက္ခမ္မဝိတက် ကာမဂုဏ်မှ ထွက်မြောက်ရန် အလို့ငှာ စိတ်သည် ညွှတ်၏။ အဗျာပါဒဝိတက် အဝိဟိံသဝိတက်တို့ကို များစွာ ကြံစည်လေ့ရှိသော ရဟန်းအား အဗျာပါဒဝိတက် သူတစ်ပါးအကျိုးကို ဆောင်ရန် အလို့ငှာ၊ အဝိဟိံသဝိတက် သူတစ်ပါးကို ပြုစုရန်အလို့ငှာ စိတ်သည် ညွှတ်၏။

ရဟန်းတို့ ဥပမာကား နွေလတို့၏ နောက်ဆုံး ဖြစ်သော ကာလ၌ ကောက်ပဲ သီးနှံများကို ရွာသို့ အားလုံး သယ်ဆောင် ပြီးသောအခါ နွားကျောင်းသား သည် သစ်ပင်ရိပ်၌ ဖြစ်စေ၊ ကွင်းပြင်၌ ဖြစ်စေ နေလျက် နွားဟူသော သတိကို ပြုရုံမျှသာ ပြုဖို့လိုအပ်သကဲ့သို့ ထို့အတူ ရဟန်းသည်လည်း တရား ဟူသော သတိကို ပြုရုံမျှသာ ပြုဖို့လိုအပ်၏။

## သမင်အုပ်နှင့်မုဆိုးဥပမာ

ဤသို့လျှင် ဘုရားရှင်သည် စိတ်တည်ကြည်စေရန် သမာဓိ ထူထောင်ခဲ့ပုံကို ဟောကြားပြီး တည်ကြည်သော သမာဓိ၏ အစွမ်းအားဖြင့် ဈာန်အဆင့်ဆင့်နှင့် ဝိဇ္ဇာသုံးပါးရခဲ့ပုံများကို ဟောကြားတော်မူသည်။ ထို့နောက် ဝေနေယျသတ္တဝါတို့၏ အကျိုးစီးပွားအတွက် မိမိ၏ ဆောင် ရွက်တော်မူပုံကို မိန့်ကြားတော်မူလေသည်။

ရဟန်းတို့၊ ဥပမာကား တောအုပ်ကြီး တစ်ခုအတွင်း၌ နက်ရှိုင်း ...ာ ညွန်အိုင်ကြီးတစ်ခုကို အမှီပြု၍ များစွာသော သမင်အပေါင်းတို့ သည် နေရာ၏။ ထိုသမင်အပေါင်း၌ အကျိုးမဲ့ကို လိုလားသောသူတစ်ဦး သည် ဘေးရန်ကင်းသောလမ်းကို ပိတ်၍ ဘေးရန်မကင်းသောလမ်းကို ဖွင့်ထားပြီး တယ်သမင်ဖိုကိုလည်းကောင်း၊ တယ်သမင်မကိုလည်းကောင်း၊ လွှတ်ထား ရာ၏။ ဤသို့ဖြင့် သမင်အပေါင်းသည် ပျက်စီးခြင်းသို့ ရောက် လေရာ၏။

ရဟန်းတို့၊ ထိုသမင်အပေါင်း၏ အကျိုးကို လိုလားသော အခြား တစ်ဦးသည်ကား ဘေးရန်ကင်းသောလမ်းကို ဖွင့်ထားပြီး ဘေးရန်ရှိသော လမ်းကို ပိတ်၍ တယ်သမင်ဖိုနှင့် တယ်သမင်မကိုလည်း ဖယ်ရှားရာ၏။ သို့အားဖြင့် ထိုသမင်အပေါင်းသည် ကြီးပွားချမ်းသာခြင်းသို့ ရောက်လေရာ ၏။

ရဟန်းတို့၊ ဤဥပမာ၌ နက်ရှိုင်းသော ရွှံ့ညွန်အိုင်ဟူသည် ကာမ

ဂုဏ်ငါးပါးကို ဆိုလိုခြင်း ဖြစ်၏။ သားသမင်အပေါင်းဟူသည် သတ္တဝါအပေါင်းတို့ကို ဆိုလိုခြင်းဖြစ်၏။ အကျိုးမဲ့ကို လိုလားသူဟူသည် မာရ်နတ်ယုတ်ကို ဆိုလိုခြင်း ဖြစ်၏။ ဘေးရန်မကင်းသောလမ်းဟူသည် မိစ္ဆာဒိဋ္ဌိ၊ သမ္မာသတ်ပွစသော အင်္ဂါရှစ်ပါးရှိသည့် လွဲမှားသော မိစ္ဆာလမ်းစဉ်ကို ဆိုလိုခြင်း ဖြစ်၏။

တယ်သမင်ဖိုဟူသည် နန္ဒီရာဂကို ဆိုလိုခြင်းဖြစ်၏။ တယ်သမင်မဟူသည် အဝိဇ္ဇာကို ဆိုလိုခြင်းဖြစ်၏။ အကျိုးကို လိုလားသောသူ ဟူသည် မြတ်စွာဘုရားကို ဆိုလိုခြင်းဖြစ်၏။ ရဟန်းတို့၊ ငါသည် ဘေးရန်ကင်းသော အရိယာမဂ်လမ်းကို ဖွင့်ထားပြီး ဖြစ်၏။ ဘေးရန်များ သော မိစ္ဆာလမ်းကို ပိတ်ထားပြီး ဖြစ်၏။

တယ်သမင်ဖိုနှင့်တူသော နန္ဒီရာဂနှင့် တယ်သမင်မနှင့်တူသော အဝိဇ္ဇာတို့ကိုလည်း ဖယ်ရှားပြီး ဖြစ်၏။ ရဟန်းတို့၊ ငါသည် တပည့်တို့၏ အကျိုးစီးပွားကို လိုလားသော ဆရာတစ်ဦးအနေဖြင့် လုပ်သင့်လုပ်ထိုက်သောကိစ္စကို ပြုလုပ်ပြီးဖြစ်၏။

ရဟန်းတို့၊ သစ်ပင်ရင်းတို့သည် ရှိကုန်၏။ ဆိတ်ငြိမ်သော ကျောင်းတို့သည် ရှိကုန်၏။ သင်တို့သည် ကမ္မဋ္ဌာန်းတရားကို ရှုမှတ်ပွား များကြကုန်လော့။ မမေ့မလျော့ကြကုန်လင့်။ နောက်မှ နှလုံး မသာမယာ မဖြစ်ကြကုန်လင့်။ ဤကား ငါတို့၏ သတိပေး ဆုံးမချက်ပေတည်း။ ဘုရားရှင်က ဤသို့ မိန့်ကြားသောအခါ ရဟန်းတို့သည် မိန့်ကြားချက်ကို နှစ်သက်ဝမ်းမြောက်စွာ နာယူမှတ်သားကြကုန်၏" ။ ။

ကဲ–အဲဒါ "ဒွေဓာဝိတက္ကသုတ်" မူရင်းအနှစ်ချုပ် မြန်မာပြန်ပဲ၊ နောက်အပါတ်ကျမှ နာမည်ကြီး "မဟာသတိပဋ္ဌာနသုတ်" မြန်မာပြန် အနှစ်ချုပ်ကို နားထောင်ကြရအောင်။

သန်း။ ။မှန်ပါ၊ မူရင်းဟောကြားချက်ကို သိထားတော့ ဝိပဿနာအကျင့်နဲ့
ပတ်သက်ပြီး မှားစရာ မရှိတော့ဘူးပေါ့ဘုရား။

အခန်း ၄၉

## (၂၉)သတိပဋ္ဌာန်လေးပါး အနှစ်ချုပ် မြန်မာပြန်

ရှင်သာရိပုတ္တရာကို ပြုစု၍ ကောကာလိကရဟန်း အပါယ်ငရဲ ကျသည်။

ရဟန္တာကို ပြုစု၍ လောသကတိဿ ရဟန်း လာဘ်ရှားသည်။

လာဘ်ဖြင့် ဘုရားကို ပြိုင်၍ ဒေဝဒတ် အဝီစိဆင်းရသည်။

မာနသည် ထွန်တုံးကို မြှုထားသော မြေကွဲသို့ မညွှတ်ကိုင်းနိုင်။

ဝါး၊ ကျူ၊ ငှက်ပျော အသီးသတ်သည်။

အဿထိုရ်မြင်းမ ကိုယ်ဝန်သတ်သည်။

ရဟန်းညံ့ လာဘ်သတ်သည်။

လာဘ်ရလျှင် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ကပ္ပိရမည်။ ဆင်ဖြူတော်ကို ရထိုက်သူ ချည်မျှင်ဖြူဖြင့် ကျိန်းကျေသည်။

မင်္ဂမျိုးစေ့ ရထိုက်သူ လာဘ်ဖြင့် ကျိန်းကျေသည်။

အလမ္ပယ်ဂါထာ မန်းနိုင်မှ မြွေမကိုက်။
လာဘ်ရသူ ပဋ္ဌာန်းမန်းနိုင်မှ လာဘ်မကိုက်သည်။
လာဘ်အလေးပြုလျှင် မိစ္ဆာဇီဝဖြစ်သည်။
(ပထမရွှေကျင်ဆရာတော်ဘုရားကြီးဩဝါဒ)

နုပ်။ ။ ပြီးခဲ့တဲ့အပါတ်က အလွယ်ကူဆုံး ကိလေသာပယ်သတ်နည်း နှစ်မျိုးအနက်က ပထမနည်းအရ ကိလေသာတွေ စိတ်သန္တာန်မှာ မပေါ်အောင် နေရမယ်ဆိုတဲ့ ကျင့်စဉ်နဲ့ပတ်သက်ပြီး အထောက် အထားတွေ ပြခဲ့တယ်။ ဒီအပါတ်ကျတော့ ကိလေသာတွေပေါ်ရင် ပေါ်မှန်းသိ ဆိုတဲ့အချက်နဲ့ ပတ်သက်ပြီး အထောက်အထား ပြဖို့ အလှည့် ရောက်လာပြီ။

ဒီနေ့ခေတ် ဝိပဿနာရှုနည်း အများစုဟာ ဗုဒ္ဓကိုယ်တွေ့ ပါဠိတော်လာ ကျင့်စဉ်တွေကို ပစ်ပယ်ပြီး မိမိကိုယ်တွေ့၊ ဆရာ့ ကိုယ်တွေ့ကို ဦးစားပေးနေကြတာများတယ်၊ တကယ်တော့ မိမိနဲ့ ဆရာဆိုတာက ဘုရားမဟုတ်တဲ့အတွက် မှားနိုင်ပါသေးတယ်။

ဗုဒ္ဓကိုယ်တွေ့ကတော့ ဘယ်တော့မှ မမှားနိုင်ပါဘူး၊ ဒါ့ကြောင့် တရားပြသူတိုင်းဟာ ဗုဒ္ဓကိုယ်တွေ့ ပါဠိတော်ကြီး များကို လက်ကိုင် ထားပြီး ပြသင့်တယ်၊ ဒါ့ကြောင့် အခု မင်းတို့ လူငယ်တွေကို ပြောတဲ့အခါ မူရင်းပါဠိတော်ကြီးတွေကို လက်ကိုင် ထားပြီး ပြောနေတာပဲ။

ကဲ–အခု မူလပဏ္ဏာသပါဠိတော်မှာလာတဲ့ မဟာသတိ ပဋ္ဌာန သုတ်အနှစ်ချုပ် မြန်မာပြန်ကို ဖတ်ပြမယ်၊ အားနာစရာ မလိုဘူး၊ မင်းရဲ့ဉာဏ်ထဲ မရှင်းတဲ့အရာဆိုရင် ချက်ချင်း ကြားဖြတ် ပြီး မေးပါ၊ မင်းတို့လူငယ်တွေအနေနဲ့ နားမလည်နိုင်လောက် ဘူးထင်

တဲ့ နေရာဆိုရင် ငါကိုယ်တိုင်ကလည်း ထပ်ဆင့် အကျယ် ရှင်းပြပါမယ်။

သန်း॥ ॥ ဟောပါဘုရား၊ တပည့်တော် အာရုံစိုက်နေပါတယ်။

## မဟာသတိပဋ္ဌာနသုတ်
## သတိပဋ္ဌာန်လေးချက်ကို အကျယ်ဟောကြားခြင်း
## တစ်ကြောင်းတည်းသော လမ်းခရီး

ဗုဒ္ဓမြတ်စွာသည် ကုရုတိုင်း ကမ္မာသဓမ္မမည်သော နိဂုံး(ရွာကြီး)၌ ကျောင်းသုံးစဉ် ရဟန်းတို့အား ဤမဟာသတိပဋ္ဌာနသုတ်ကို ဟောကြားတော်မူသည်။

ရဟန်းတို့၊ သတ္တဝါတို့၏ စိတ်စင်ကြယ်ရန် စိုးရိမ်ပူပန်ရခြင်း၊ ငိုကြွေးမြည်တမ်းရခြင်းတို့ကို လွတ်မြောက်နိုင်ရန်ကိုယ်စိတ်ဆင်းရဲခြင်းများ ချုပ်ငြိမ်းရန်၊ အရိယာမဂ်ကို ရရှိရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အတွက် တစ်ကြောင်းတည်းသော ခရီးလမ်းကား ဤသတိပဋ္ဌာန်လေးပါး တို့ပင်ဖြစ်၏။

သတိပဋ္ဌာန်လေးပါးဟူသည်–

(၁) ပြင်းစွာလုံ့လစိုက်လျက် သတိသမ္ပဇဉ်နှင့်ယှဉ်ကာ လောကဝ၌ မက်မောခြင်း၊ ပြစ်မှား ခြင်းတို့ကို ပယ်ဖျောက်ပြီး ကိုယ်၌ ကိုယ်ဟု အဖန်တစ်လဲလဲ ရှု၍နေခြင်း(ရူပက္ခန္ဓာ)၊

(၂) ခံစားမှု ဝေဒနာတို့၌ ခံစားမှုဝေဒနာဟု အဖန်တစ်လဲလဲ ရှု၍နေခြင်း (ဝေဒနာက္ခန္ဓာ)၊

(၃) စိတ်၌ စိတ်ဟု အဖန်တစ်လဲလဲ ရှု၍နေခြင်း (ဝိညာဏ–က္ခန္ဓာ)၊

(၄) တရားသဘောတို့၌ တရားသဘောဟု အဖန်တစ်လဲလဲ ရှု၍ နေခြင်းတို့ ဖြစ်ပေသည်။ (သညာက္ခန္ဓာနှင့် သင်္ခါရ– က္ခန္ဓာ သို့မဟုတ် ခန္ဓာငါးပါး၏ သဘောတရားငါးခု)

(မှတ်ချက်)။ ။ ၁ မှ ၄အထိ အစဉ်အတိုင်း ကာယာနုပဿနာသတိပဋ္ဌာန် ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်ဟု သိပါ။

၁။ ကိုယ်၌ ဆင်ခြင်ခြင်း (ကာယာနုပဿနာ)၊

## ဝင်သက်ထွက်သက်ကို ရှုပုံ

ကိုယ်၌ ကိုယ်ဟု ရှုဆင်ခြင်ပုံကား ဤသာသနာ၌ ရဟန်း တစ်ပါး သည် တော၊ တောင်၊ သစ်ပင်ရင်းစသော ဆိတ် ငြိမ်ရာအရပ် တစ်ခုခုသို့ ချဉ်းကပ်၍ တင်ပျဉ်ခွေထိုင်ပြီး ကိုယ်ကို ဖြောင့်ဖြောင့် မတ်မတ် ထား၏။ သတိကိုလည်း ကမ္မဋ္ဌာန်း အာရုံသို့ ရှေ့ရှု တည်စေ၏။ ယင်းသို့တည်စေပြီးနောက် ထိုရဟန်းသည် သတိရှိ လျက်သာလျှင် ဝင်သက်လေကို ရှူသွင်း၏။ သတိရှိလျက်သာလျှင် ထွက်သက်လေကို ရှူထုတ်၏။

ရှည်ရှည် ရှူသွင်းလျှင် ရှည်ရှည် ရှူသွင်းသည်ဟု သိ၏။ ရှည်ရှည် ရှူထုတ်လျှင် ရှည်ရှည်ရှူထုတ်သည်ဟု သိ၏။ တိုတို ရှူသွင်းလျှင် တိုတိုရှူသွင်းသည်ဟု သိ၏။ တိုတို ရှူထုတ်လျှင် တိုတို ရှူထုတ်သည်ဟု သိ၏။ ဝင်သက်လေ၏ အစ၊ အလယ်၊ အဆုံး သုံးပါးလုံးကို ထင်ရှားသိလျက် ရှူသွင်းမည်ဟူ၍ လေ့ကျင့် အားထုတ်၏။ ရုန့်ရင်း ပြင်းထန်သော ဝင်သက်ကို ငြိမ်းအေး စေလျက် ရှူသွင်းမည်ဟူ၍ လေ့ကျင့်အားထုတ်၏။ ရုန့်ရင်း

ပြင်းထန်သော ထွက်သက်လေကို ငြိမ်းအေးစေလျက် ရှူထုတ်မည်ဟူ၍ လေ့ကျင့်အားထုတ်၏။

ဥပမာအားဖြင့် ကျွမ်းကျင်သော ပွတ်သမားသည် ပွတ်ကြိုးကို ရှည်ရှည်ဆွဲလျှင် ရှည်ရှည်ဆွဲသည် ဟူ၍လည်းကောင်း၊ တိုတိုဆွဲလျှင် တိုတိုဆွဲသည် ဟူ၍လည်းကောင်း သိသကဲ့သို့ဖြစ်၏။

သန်း။ ။ မေးစရာလေး တစ်ခု ပေါ်လာလို့ မေးပါရစေဘုရား။

နုပ်။ ။ မေးပါ။

သန်း။ ။ ဘုရားဟောက ရှန့်ရင်းကြမ်းတမ်းနေတဲ့ ထွက်လေ၊ ဝင်လေကို ငြိမ်းအေးသွားအောင် လုပ်ရမယ်လို့ ဟောထားပြီး၊ တစ်ချို့သော ကမ္မဋ္ဌာန်းဌာနတွေမှာကျတော့ ထွက်လေ၊ ဝင်လေကို ပြင်းပြင်းထန်ထန် ရှူရှိုက်နေလိုက်ကြတာ နှပ်တွေ၊ သွားရည်တွေ ထွက်ကျလိုကျ။

ခန္ဓာကိုကြီး ရှေ့နောက် ယိမ်းထိုးလို ယိမ်းထိုး၊ တစ်ချို့ဆိုရင် နောက်ပြန်ပစ်လဲကျပြီး ပက်လက်ကြီး ဆန့်ငင်ဆန့်ငင်ဖြစ်နေလို နေနဲ့ တွေ့နေရတယ်ဘုရား၊ ဒီလို ရှုပွားနည်းတွေ ဟာ ဘုရားဟော ဗုဒ္ဓကိုယ်တွေ့နဲ့ မကိုက်ဘူးဆိုတော့ အမှားတွေ လို့ဆိုရတော့မှာပေါ့ဘုရား။

နုပ်။ ။ ဓမ္မနဲ့ ပတ်သက်လာရင် ဘုရားမျက်နှာကြည့်ပြီး ဆုံးဖြတ်တာ ဟာသဘာဝ အကျဆုံးပါပဲ၊ ဒီလို ခန္ဓာကိုယ်ကို ညှင်းဆဲပြီး ကျင့်တဲ့ကျင့်စဉ်တွေကို ဗုဒ္ဓက ဓမ္မစကြာမှာ အတ္တကိလမထ ကျင့်စဉ်ဖြစ်လို့ ပယ်ရမယ်လို့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၅၁ ခုနှစ်ကျော်ကတည်းက ဟောထားပြီးသားပါ။

သန်း။ ။ ဝိပဿနာအရာမှာ အလိမ်အညာ မခံရဖို့အတွက် ဘုရားဟော

ပါဠိတော်တွေ၊ မြန်မာပြန်တွေကို သေချာကြည့်ဖို့ လိုအပ်လာပြီဆိုတာ တဖြည်းဖြည်းနဲ့ သဘောပေါက်လာပြီ ဘုရား၊ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ် မြန်မာပြန်ကို ဆက်ပါဦးဘုရား။

နုပ်။ ။ ဖြတ်ပြောစရာ တစ်ခု ပေါ်လာတာက ဒီအာနာပါနကမ္မဋ္ဌာန်းဟာ သမထလည်းရ၊ ဝိပဿနာလည်းရတဲ့ စွယ်စုံကမ္မဋ္ဌာန်းကြီးဖြစ်တယ်၊ သမထသက်သက် ရှုပွားလိုသူကတော့ ထွက်လေ၊ ဝင်လေတစ်ခုပဲ စွဲစွဲမြဲမြဲ ရှုမှတ်ရတယ်၊ တခြား ဘာကိုမှ မရှုရဘူး။

ဝိပဿနာအနေနဲ့ ရှုမယ့်သူကတော့ အစပိုင်းမှာ ထွက်လေ၊ ဝင်လေကို မှတ်နေရသော်လည်း ဝါရင့်လာတဲ့အခါကျတော့ ထိတဲ့သဘောလေးတစ်ခုကိုပဲ သိရတော့တယ်၊ ထွက်လေ၊ ဝင်လေဆိုတဲ့ နာမပညတ်တွေ နှာခေါင်းပုံသဏ္ဌာန်၊ နှုတ်ခမ်းဖျားပုံသဏ္ဌာန်ဆိုတဲ့ သဏ္ဌာနပညတ်တွေကို မမှတ်ရတော့ဘူး။

ထိတာလေးကို မှတ်ရင်းနဲ့ သတိအား၊ သမာဓိအား၊ ပညာအားတွေ ကောင်းလာတဲ့အခါ ပူတဲ့သဘော၊ အေးတဲ့သဘော တစ်ခုခုကို တွေ့တတ်တယ်၊ အဲဒါ တေဇောဓာတ်ကို သတိထားမိသွားတာ၊ တစ်ခါတစ်ရံ ထိမှုရဲ့ ကြမ်းတဲ့သဘော၊ နူးညံ့တဲ့သဘော တစ်ခုခုကို တွေ့ရတယ်၊ အဲဒါ ပထဝီဓာတ်ကို တွေ့တာပဲ။

တစ်ခါတစ်ရံ တွန်းကန်သဘော၊ လှုပ်ရှားသဘောလေးကို တွေ့ရတယ်၊ အဲဒါ ဝါယောဓာတ်ကို တွေ့တာပဲ၊ သေချာမှတ်ရမှာက ဝိပဿနာတရားမှာ ဟိုဟာတွေမြင်တာ၊ ဒီဟာတွေမြင်တာ၊ ဝင်းခနဲ၊ လင်းခနဲဖြစ်တာ၊ ကောင်းကင်မြောက်တက်သလို ဖြစ်သွားတာမျိုးတွေ မရှိဘူး။

သဘောတရားအမှန်ကို သိပြီး ကိလေသာတွေ တဖြည်း

ဖြည်းချင်း လျှော့ပါ။ ကုန်ခန်းသွားတာမျိုးပဲ ရှိတယ်၊ ဟိုဟာ ဒီဟာတွေ မြင်ချင်တာ၊ ထူးထူးဆန်းဆန်းတွေ ဖြစ်ချင်တာ၊ သူများထက် အကြာကြီး ပိုထိုင်နိုင်တဲ့သူဆိုပြီး အထင်ကြီးခံချင်တာကိုက လောဘတစ်မျိုးပဲ။

တို့ဖွင့်တဲ့ တရားစခန်းတွေမှာဆို ယောဂီတွေကို သေချာ သတိပေးထားတယ်၊ တစ်နာရီ ထိုင်ချိန်ဆိုပေမယ့်လို့ ကိုယ်ထိုင်နိုင်သလောက်ပဲ ထိုင်ပါ၊ ထိုင်နေရင်းလည်း အိပ်ငိုက်မနေပါနဲ့၊ အိပ်ငိုက်သွားတယ်ဆိုတာ ထိန၊ မိဒ္ဓဆိုတဲ့ ကိလေသာဖြစ်သွားတာ။

ဒါ့ကြောင့် ထိန၊ မိဒ္ဓကိလေသာ မဖြစ်အောင် စကြံ့ ထလျှောက်ပါ၊ သူများတွေ မလှုပ်မယှက် တစ်နာရီထိုင်နေချိန် မှာ ငါတစ်ယောက်တည်း စကြံ့ထလျှောက်ရင် တစ်နာရီတောင် မထိုင်နိုင်တဲ့သူဆိုပြီး အထင်သေးမှာ ကြောက်လို့ ပေပြီးထိုင် နေရင် တရားထိုင်ရင်း လူအထင်ကြီးခံချင်တဲ့ လောဘကိလေ သာက ကိုယ်သတိမထားခင်မှာပဲ ကိုယ့်ကို နှိပ်စက်သွားပြီလို့ အမြဲသတိပေးနေရတယ်။

အဲဒီလို နူးညံ့သိမ်မွေ့တဲ့ ကိလေသာလေးတွေက စပြီး စိတ်သဏ္ဍာန်မှာ ဖြစ်ပေါ်ခွင့် မရအောင် သတိထားနေတာ၊ အားထုတ်နေတာကိုက သမ္မာသတိနဲ့ သမ္မာဝါယာမမဂ္ဂင်ကို ပွားများနေတာပါပဲ။

သန်း။ ။ ကြာကြာ ထိုင်တာနဲ့ ပတ်သက်ပြီး ယောဂီကလေးမလေး တစ်ယောက် ပြောတာကို တပည့်တော် ကြားဖူးတယ်ဘုရား။

နုပ်။ ။ ဘယ်လို ကြားဖူးတာလဲ။

သန်း။ ။ အမေတဲ့၊ သမီး တရားစခန်းတွေ များများဝင်ရင်း ပညာတစ်ခု တတ်လာတယ်တဲ့၊ သူ့အမေက ဟဲ့–ဘာပညာလဲလို့ မေးလိုက်တော့ ထိုင်ရင်း အိပ်တတ်တဲ့ ပညာတဲ့။

နုပ်။ ။ အေး၊ အဲဒါ တရားထိုင်ရင်း ထိန, မိဒ္ဓကိလေသာတွေ ဖြစ်နေတယ်ဆိုတာ ဝန်ခံလိုက်တာပဲ၊ ကဲ–ကာယာနုပဿနာရှုကွက်ကို ဆက်ဖတ်ပြမယ်။

## ဣရိယာပုတ်ကို ရှုပုံ

ရဟန်းတစ်ပါးသည်ကား သွားလျှင်၊ သွားသည်ဟု သိ၏၊ ရပ်လျှင် ရပ်သည်ဟု သိ၏၊ ထိုင်လျှင် ထိုင်သည်ဟု သိ၏၊ အိပ်လျှင် အိပ်သည်ဟု သိ၏၊ (လျောင်းသည်ကို ဆိုလို)၊ တည်ရှိနေတိုင်းသော အခြင်းအရာအားဖြင့် ကိုယ်၏ တည်နေပုံ ကို သိ၏။

သန်း။ ။ ဒီဟောကြားချက်မှာလည်း မေးစရာ ဖြတ်ပေါ် လာပြန်တယ် ဘုရား။

နုပ်။ ။ မေးလေ။

သန်း။ ။ သွားရင် သွားတယ်သိ၊ ရပ်ရင် ရပ်တယ်သိဆိုပြီး ပရမတ်ပေါ် မရောက်ဘဲ ပညတ်ပေါ် တင်မနေဘူးလား ဘုရား။

နုပ်။ ။ ပရမတ်ကို သဘောတရားဆိုက်အောင် နာယူပြီးသား ယောဂီအတွက် ဘယ်လိုမှတ်မှတ် ပရမတ်ရုပ်,နာမ်ပေါ် ရောက်တာချည်းပါပဲ၊ သတိက "သွားတယ်"လို့ မှတ်ရုံ မှတ်ပေမယ့် ပညာက သွားချင်တဲ့စိတ်ကြောင့် စိတ္တဇဝါယောဓာတ်တွေ တစ်ကိုယ်လုံးကို ပြန့်နှံ့သွားတယ်၊ အဲဒီ စိတ္တဇဝါယောဓာတ်တွေကြောင့် ဒီကိုယ်ကြီးဟာ သွားတဲ့အမူအရာရုပ်တွေ ဖြစ်လာတာပဲဆိုတာ သေချာခွဲခြားသိပါတယ်။

ဥပမာအားဖြင့် ကုန်ကားပေါ်က ဖရဲသီးတွေကို ရေတွက်ရင်းနဲ့ အောက်ကို ချနေတဲ့လူတစ်ယောက်ဟာ တစ်လုံးနှစ်လုံး စသည်ဖြင့် သင်္ချာအားဖြင့် ရေတွက်တော့တယ်၊ ဖရဲသီးတစ်လုံး ဖရဲသီးနှစ်လုံး စသည်ဖြင့် ဖရဲသီးရဲ့နာမည်ကို ထည့်မဆိုတော့ဘူး။

ပါးစပ်က တစ်လုံးနှစ်လုံးလို့ ဆိုနေပေမယ့် သူ့စိတ်ထဲက တော့ ဖရဲသီးတွေဆိုတာ သေသေချာချာ သိပြီးသားပါ၊ ထို့အတူ သွားတယ်၊ ရပ်တယ်စသည်ဖြင့် ရှုမှတ်နေတာဟာ သမ္မာသတိရဲ့ အလုပ်ပေါ့၊ ပါးစပ်က တစ်လုံးနှစ်လုံးလို့ ရေတွက်နေတာနဲ့ တူတယ်။

ပညာမဂ္ဂင်(သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ)က စိတ္တဇဝါယော ဓာတ်ကြောင့် လှုပ်ရှားတဲ့သဘောတရားတွေ ဖြစ်ပြီး ပျက်နေတာကို သေချာသိနေတာက ပါးစပ်က တစ်လုံးနှစ်လုံး စသည်ဖြင့် ရေတွက်နေသော်လည်း စိတ်က ဖရဲသီးဆိုတာကို ပိုင်နိုင်စွာ သိနေတာမျိုးနဲ့ တူပါတယ်။

သန်း॥ ॥ ပရမတ်တရားတွေကို သေချာ နာယူမထားဘဲနဲ့ သွားတယ်၊ ရပ်တယ်စတဲ့ ကြိယာပုတ်တွေကို မှတ်နေရုံနဲ့ရော ပရမတ်သဘောတရားတွေကို ထိုးထွင်း သိသွားနိုင်သလားဘုရား။

နုပ်॥ ॥ သိနိုင်တဲ့ ပုဂ္ဂိုလ်လည်း ရှိတယ်၊ မသိနိုင်တဲ့ ပုဂ္ဂိုလ်လည်း ရှိတယ်။

သန်း॥ ॥ ဘယ်လိုပုဂ္ဂိုလ်တွေက သိနိုင်ပြီး၊ ဘယ်လိုပုဂ္ဂိုလ်တွေက မသိနိုင်ဘူးသဲ ဘုရား။

နုပ်॥ ॥ ဒါကျတော့ ပုဂ္ဂိုလ်လေးမျိုးနဲ့ သတိပဋ္ဌာန်လေးမျိုးကို ခွဲပြမှရမယ်။

ရာဂအားကြီးပြီး ဉာဏ်နည်းရင် ကာယာနုပဿနာသတိပဋ္ဌာန်နဲ့ သင့်လျော်တယ်၊

ရာဂအားကြီးပြီး ဉာဏ်ထက်ရင် ဝေဒနာနုပဿနာသတိပဋ္ဌာန်နဲ့ သင့်လျော်တယ်၊

ဒိဋ္ဌိအားကြီးပြီး ဉာဏ်နည်းရင် စိတ္တာနုပဿနာသတိပဋ္ဌာန်နဲ့ သင့်လျော်တယ်။

ဒိဋ္ဌိအားကြီးပြီး ဉာဏ်ထက်ရင် ဓမ္မာနုပဿနာသတိပဋ္ဌာန်နဲ့ သင့်လျော်တယ်။

အမျိုးသမီး အများစုကတော့ ရာဂအားကြီးပြီး ဉာဏ်နည်းကြလို့လား မသိဘူး၊ ကာယာနုပဿနာရှုပွားရင်း တရားတွေ့သွားတာများတယ်၊ မဟာစည်မှာ လာပြီး အားထုတ်တဲ့ အနောက်နိုင်ငံသူလေးတစ်ယောက် စာရေးဆရာတစ်ယောက်ကို ပြောပြဖူးတယ်။

ဒီလို လက်ကလေး ကွေးလိုက်တဲ့အချိန်မှာ ပြောင်းလဲ ဖြစ်ပျက်သွားတဲ့ ရုပ်နာမ်တွေကို သူမြင်နေရပါတယ်တဲ့၊ ဒါ ကြောင့် ဒီလက်ကစပြီး တစ်ကိုယ်လုံးမှာ မြဲတယ်ဆိုတဲ့အရာ တစ်ခုမှ မရှိတာကို သူသေသေချာချာ သိသွားပါပြီဆိုတဲ့ အကြောင်းကို ရှင်းပြတာပါပဲ။

ဒါဟာ ကာယာနုပဿနာကို ရှုပွားရင်း ပရမတ်သဘော တရားကို သိမြင်သွားတဲ့ အထောက်အထားပါပဲ၊ အမျိုးသား အများစုကတော့ ဒိဋ္ဌိများပြီး ဉာဏ်ထက်လို့လား မသိဘူး၊ တို့များ ပြသတဲ့ ဓမ္မာနုပဿနာနည်းနဲ့ သဘောပေါက် နားလည်သွားကြတာများတယ်။

## ပြတ်ပုံမတူသော်လည်း ပြတ်တာချင်းတူသည်

ငှက်ပျောပင်တစ်ပင်ကို ဓားတုံးတုံးနဲ့ ခုတ်လည်း ပြတ်တာပဲ၊

မားထက်ထက်နဲ့ ခုတ်လည်း ပြတ်တာပဲ၊ ပြတ်တာချင်းတော့ တူတယ်၊ ဒါပေမယ့် ပြတ်ပုံကျတော့ မတူဘူး၊ မားတုံး တုံးနဲ့ ခုတ်တဲ့အခါ အချက်အများကြီးလည်း ခုတ်ရတယ်၊ ပြတ်တဲ့နေရာမှာလည်း ဖွာလန်ကြဲနေတယ်ပေါ့။

မားထက်ထက်နဲ့ ခုတ်တဲ့အခါ တစ်ချက်တည်းလည်း ခုတ်ရတယ်၊ ပြတ်မှန်းမသိဘဲကို ပြတ်သွားတယ်၊ ရှေးခေတ်မားရေးပြကွက်တစ်ခုထဲမှာ မြင်းကို အပြင်းစိုင်းလာပြီး ထောင်ထားတဲ့ ငှက်ပျောပင်တွေကို မြင်းပေါ်ကပဲ ခုတ်သွားတယ်၊ လက်သွက်တဲ့ မားသမားဆိုရင် လက်မြှောက်တာကိုသာ တွေ့လိုက်ရတယ်၊ ငှက်ပျောပင်တွေ ခုတ်တာကို မတွေ့လိုက်ရဘူး၊ ထို့အတူ ငှက်ပျောပင်တွေ လဲသွားတာကိုလည်း မမြင်လိုက်ရဘူး။

သန်း။ ။ ငှက်ပျောပင်တွေ လဲမသွားဘူးဆိုရင် ပြတ်သွားတာကို ဘယ်လိုလုပ်ပြီး သိသလဲဘုရား။

နုပ်။ ။ မားသမားနဲ့မြင်းနဲ့ အဝေးရောက်သွားပြီဆိုတော့ ငှက်ပျောပင်တွေ ကို သွားတွန်းကြည့်လိုက်တဲ့ အခါကျမှ အလယ်ကနေ တိတိရိရိ ပြတ်ထားပြီးသားဖြစ်လို့ ဘေးကို ဝုန်းခနဲဝုန်းခနဲ ပစ်ကျသွားတာ ကို မြင်ရမှ ပြတ်ပြီးသားကို၊အောက်ပြန်မကျလောက်အောင် လက်ဆကောင်းကောင်းနဲ့ ခုတ်ဖြတ်သွားတာပါလားဆိုတာ သေချာ သိကြရတယ်။

ထို့အတူ ရာဂအားကြီးပြီး ဉာဏ်နည်းတဲ့ သူတွေက ကာယာနုပဿနာကို အမိကထားပြီး ရှုမှတ်ပွားများရတော့ ပင်ပန်းတယ်၊ နည်းနည်းကြာတယ်၊ ဒါပေမယ့် နောက်ဆုံးတော့ မဂ်ဖိုလ်ကို ရကြတာပါပဲ၊ မားတုံးတုံးနဲ့ ငှက်ပျောပင်ခုတ်သလို

မျိုးပေါ့။

ဒိဋ္ဌိအားကြီးပြီး ဉာဏ်ထက်သူတွေကျတော့ တရားတစ်ပုဒ်နာလိုက်ရုံ၊ တရားစာအုပ်တစ်အုပ် ဖတ်လိုက်ရုံနဲ့ တရားရသွားတတ်တယ်၊ တရားအလုပ် လုပ်တယ်လို့တောင် မထင်လိုက်ရ ဘူး၊ မားထက်ထက်နဲ့ ငှက်ပျောပင်ကို ခုတ်လိုက်သလိုပေါ့။

ဒီအချက်တွေကို သတိမထားမိကြတော့ ဉာဏ်သမားတွေက နည်းနည်း ပင်ပန်းစွာ ကြိုးစားရတဲ့ ကာယသမားတွေကို အတ္တကိလမထာနုယောဂတွေ အားထုတ်နေတယ်ဆိုပြီး ပြောဆိုမိတတ်တယ်၊ မပြောမိအောင် သတိထားပါ။

ကာယသမားတွေကလည်း ချမ်းသာစွာ ရသွားတဲ့ ဉာဏ်သမားတွေကို သူတို့လို အပင်ပန်းခံ မထိုင်ရကောင်းလားလို့ ဆိုပြီး "ပျင်းတွေ" လို့ ပုတ်ခတ်မိတတ်တယ်၊ မပုတ်ခတ်မိ အောင် သတိထားပါ။

သူတစ်ပါးကို အပြစ်ပြောတယ်ဆိုတာ ကိုယ်ကုသိုလ်ယူရမယ့်အချိန်တွေကို ဖွဲ့ပေးလိုက်ရတာပါ၊ သူတစ်ပါး ကို အပြစ်ပြောရင်း ကိုယ် ကုသိုလ်ယူရမယ့် အချိန်တွေ ကို အကုန်မခံသင့်ဘူး။

ဒါ့ကြောင့် ဗုဒ္ဓက ဓမ္မပဒမှာ ဟောဖူးတယ်–

**ပရဝဇ္ဇာနုပဿိဿ၊**

**နိစ္စံ ဥဇ္ဈာနသညိနော။**

**အာသဝါ တဿ ဝဍ္ဎန္တိ၊**

**အာရာသော အာသဝက္ခယာ။**

တဲ့။

အဓိပ္ပါယ်က–

"သူတစ်ပါး အပြစ်ကို အဖန်ဖန် ရှုပြီးအမြဲတမ်း ကဲ့ရဲ့ရှုတ်ချနေတဲ့သူဟာ အာသဝေါတရားတွေ တိုးပွား တယ်၊ အာသဝေါတရားကုန်ရာ နိဗ္ဗာန်ကို ရောက်ဖို့ အတွက် ဝေးသထက်ဝေးသွားတယ်" တဲ့။

ရေဝတီတိုင်းထဲက တောရွာတွေကို တရားဟော ကြွစဉ် တုန်းက တစ်ချို့ ချောင်းတွေကို ကမ်းစပ်က သစ်ပင်ကြီး တစ်ပင် ကို ခုတ်လှဲပြီး တံတားခင်းထားတယ်၊ ဘေးက လက်ကိုင် စရာ မပါဘူး၊ အဲ့သလို တံတားမျိုးကို ကူးတဲ့အခါ ဘေးဘီကို မကြည့်ရ ဘူး၊ တံတားကိုသာ စိုက်ကြည့်ပြီး ကူးမှ တစ်ဖက်ကို ရောက်တယ်။

တံတားကို မကြည့်ဘဲ ဘေးဘီကို ကြည့်ပြီး ကူးလို့က တော့ ချောင်းထဲ ပြုတ်အကျပဲ၊ ထို့အတူ သံသရာတံတားကို ကူးတဲ့ အခါမှာလည်း ကိုယ်အပြစ်ကင်းဖို့၊ ကုသိုလ်ရဖို့ကိုပဲ အဓိက ထားရတယ်၊ သူတစ်ပါး အပြစ်တွေကြည့်ဖို့၊ ပြောဖို့ အချိန် မပေး သင့်ဘူး။

ကိုယ်အပြစ်ကင်းဖို့၊ ကုသိုလ်ရဖို့ကို အဓိကထားပြီး သံသရာတံတားကို ကူးရင်း နိဗ္ဗာန်ဆိုတဲ့ တစ်ဖက်ကမ်းကို ရောက်မယ်၊ သူတစ်ပါးအပြစ်ကို ပြောပြီး သံသရာတံတားကို ကူးရင် အပါယ်လေးပါးဆိုတဲ့ ချောက်ထဲ(သို့မဟုတ်)ချောင်းထဲကို ကျကြမှာပဲ။

သန်း။ ။ တပည့်တော်တို့ သူတစ်ပါးအပြစ်ကို ရှာဖို့ အချိန်မပေးဘဲ ဒါန ကုသိုလ်၊ သီလကုသိုလ်၊ သမထဘာဝနာကုသိုလ်၊ ဝိပဿနာ ဘာဝနာကုသိုလ်၊ မဂ်ကုသိုလ်၊ ဖိုလ်ကုသိုလ်ဆိုတဲ့ ကုသိုလ်

ငါးမျိုးလုံး ရအောင် ယူပေါ့မယ်ဘုရား။

နှုပ်။ ။ တဲ–နောက်အပါတ်ကျမှ မဟာသတိပဋ္ဌာနသုတ်ကို ပြန်ဆက်မယ်။

■

## မဂ္ဂင်ရှစ်ပါးကို ခန္ဓာသိဖြစ်အောင်ပြပုံ

မဂ္ဂသစ္စာဆိုတာ မဂ္ဂင်ရှစ်ပါးကို ခေါ်သည်။ မဂ္ဂင်ရှစ်ပါးသည် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိကို ခေါ်သည်။ အဓိပ္ပါယ်ကို ပြကြစို့။

ဖြစ်သမျှ ပျက်မှာပဲဟု သိသောဉာဏ်သည် မှန်ကန်သော အသိဉာဏ်ဖြစ်သောကြောင့် သမ္မာဒိဋ္ဌိမည်၏။ ဖြစ်မှု၊ ပျက်မှု သဘောသို့ တင်ပေးတတ်သော သဘောသည် သမ္မာသင်္ကပ္ပ မည်၏။ အဲဒီလို သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပဟု ဆိုအပ်သော ပညာမဂ္ဂင်ဖြင့် အမှန်ကို သိလိုက်တော့ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးပါး၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် တစ်ပါး၊ ပေါင်း ငါးပါးမှာ ယှဉ်သော မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စလေးပါးသည် ပျောက်ကွယ်၍ သွားတော့၏။

သူခိုးသည် အမှောင်ကို အားကိုး၍ ခိုးဖို့ရာ အားထုတ်စဉ် မိုးလင်းသွားတာနှင့် မခိုးဖြစ်သလို အကုသိုလ်စေတနာ သူခိုးသည်လည်း မောဟအမှောင်ကို အားကိုးပြီး ဖြစ်ရ၏။ အမှန်သိ၍ အမှောင်လင်းသွားသောအခါ ၎င်းအကုသိုလ်စေတနာ သူခိုးသည် မဖြစ်လာတော့ချေ။

အဟိရိက၊ အနောတ္တပ္ပဟု ဆိုအပ်သော လူမိုက်အားပေး သူခိုးလက်ခံလည်း မရှိတော့ရကား ရှက်လည်း ရှက်၊ ကြောက်လည်း ကြောက်သောကြောင့် အကုသိုလ်စေတနာ မဖြစ်တော့ချေ၊ ဤသို့ မဖြစ်ခြင်းသည်ပင် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝမဂ္ဂင် ဖြစ်တော့သည်။ သီလမဂ္ဂင်ခေါ်သည်။

အဲသလို တစ်သံသရာလုံးက မသိခဲ့ဖူးသော အမှန်သိ မင်္ဂကုသိုလ်ကြီး ပေါ်လာခြင်းသည် "အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမော" ဆိုသော သမ္မပ္ပဓာန်ဖြစ်၏။ မဖြစ်ဖူးသော ကုသိုလ်ကို ဖြစ်အောင်လုပ်သည် မည်၏။ ရှေးတုန်းက ပြုခဲ့ ဖူးသော ပြုနေကျဒါနတို့ကိုလည်း အဆုတ်မရှိ တိုး၍သာ ပြု တော့၏။

ရှေးတုန်းက စောင့်ခဲ့ဖူးသော သီလတို့ကိုလည်း အဆုတ် မရှိ၊ တိုး၍သာ စောင့်တော့၏။ ဤကား "ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယာမော" ဆိုသော သမ္မပ္ပဓာန် ဖြစ်တော့၏။ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို တိုးပွားအောင် အားထုတ် သည်မည်၏။

ဤကဲ့သို့ အမှန်ကိုသိပြီး အမှားကို ပယ်လိုက်သောအခါ အဝိဇ္ဇာ၊ ဒိဋ္ဌိဟူသော မြေဓာတ်၊ ရေဓာတ်တို့ မရှိသဖြင့် အတိတ်က ပြုခဲ့သော အကုသိုလ်တရားတို့ကား မရှိတော့ဘဲ ချုပ်ပျောက်ရ တော့၏။ ဤသည်ပင် ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှာ လုံ့လပြုခြင်းဆိုသော သမ္မပ္ပဓာန် ဖြစ်တော့၏။

ဒီဘဝမှာ မပြုရသေးသော ပဉ္စာနန္တရိယကံငါးပါး၊ နိယတ မိစ္ဆာဒိဋ္ဌိတို့ကိုလည်း ဘယ်တော့မှ မပြုတော့ချေ။ ဤသည်ပင် မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်အောင် လုံ့လပြု ခြင်း သမ္မပ္ပဓာန်မည်၏။ ဤသမ္မပ္ပဓာန်လေးပါးနှင့် ပြည့်စုံခြင်း သည်ပင် သမ္မာဝါယာမမဂ္ဂင်ဖြစ်၏။

မြင်စိတ်၊ ကြားစိတ်တို့၏ ဖြစ်မှု၊ ပျက်မှုကို အမှတ်ပြု၍ ဆင်ခြင်တာသည်ပင် သမ္မာသတိဖြစ်၏။ ထိုမြင်စိတ်၊ ကြားစိတ်

တည်းဟူသော အာရုံ၌ တည်ကြည်တာသည်ပင် သမ္မာသမာဓိ မဂ္ဂင်မည်၏။ တစ်ပြိုင်နက် သူ့ကိစ္စ၊ ငါ့ကိစ္စကို ဆောင်ရွက်နေကြသော ဝင်းရှစ်ပါးအစုအဝေးကိုပင် မဂ္ဂသစ္စာခေါ်သည်။

ဤဆိုအပ်ပြီးသော စကားစုသည် ဖြစ်ခြင်းသဘော ရှိကပျက်ရမှာ ကေန်ဟု အမှန်သိသောဉာဏ်၌ သစ္စာလေးပါး ပါဝင်ပုံ သရဏဂုံသုံးပါးတည်ပုံကို ပြခြင်းပေတည်း။

(နမ္မားဆရာတော်၊ အရှင်ဉာဏ၏–တရားစစ်တမ်းဆွေးနွေးခန်း စာအုပ်မှ)

နုပ်။ ။ ကဲ မဟာသတိပဋ္ဌာနသုတ်အနှစ်ချုပ်မြန်မာပြန်ကို ဆက်ဖတ်ပြမယ်။

## သမ္ပဇဉ်ဉာဏ်ဖြင့် ဆင်ခြင်ပုံ

တဖန်ထိုရဟန်းသည် ရှေ့သို့ တိုးခြင်း၊ နောက်သို့ ဆုတ်ခြင်းတို့၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏။

တည့်တည့်ကြည့်ခြင်း၊ စောင်းငဲ့ကြည့်ခြင်းတို့၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏။

ကွေးခြင်း၊ ဆန့်ခြင်းတို့၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏။

သပိတ်သင်္ကန်းတို့ကို ကိုင်တွယ်ဝတ်ဆင်ခြင်း၊ စားခြင်း၊ သောက်ခြင်း၊ ကျင်ကြီးကျင်ငယ်စွန့်ခြင်း၊ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်း၊ နိုးခြင်း၊ စကားပြောခြင်း၊ ဆိတ်ဆိတ် နေခြင်းတို့၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏။

## စက်ဆုပ်ဖွယ်ဟု ရှုပုံ

တစ်ဖန်ထိုရဟန်းသည် အောက်ခြေဖဝါးပြင်မှစ၍ အထက်ဆံပင်ဖျားအထိ အရေပြားဖြင့် ပိုင်းခြားအပ်သော ဤကိုယ်ကို

မစင်ကြယ်သော အရာဝတ္ထုအမျိုးမျိုးဖြင့် ပြည့်နှက်နေသည်ဟူ၍ ရှုဆင်ခြင်၏၊ ဤကိုယ်၌–

ဆံပင်၊ အမွေး၊ ခြေသည်းလက်သည်း၊ သွား၊
အရေ၊ အသား၊ အကြော၊ အရိုး၊ ချဉ်ဆီ၊ အညှို့၊
နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊
အူမ၊ အူသိမ်၊ အစာသစ်၊ အစာ ဟောင်း၊
ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊
အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊
အစေး၊ ကျင်ငယ် အားဖြင့် (၃၂) ပါးသော
အစုအဝေးများသာရှိ၏ ဟူ၍ ဆင်ခြင်၏။

ဥပမာအားဖြင့် မျက်စိအမြင်ကောင်းသော ယောကျ်ားသည် ကောက်ပဲသီးနှံ အမျိုးမျိုးဖြင့် ပြည့်နှက်နေသော အိတ်ကို ဖွင့်၍ ဤကား စပါးတည်း၊ ဤကား ပဲနောက်တည်း၊ ဤကား ပဲကြီး တည်း စသည်ဖြင့် ခွဲခြားသိမြင်သကဲ့သို့ ဖြစ်၏။

## ဓာတ်သဘောအားဖြင့် ဆင်ခြင်ပုံ

တစ်ဖန်ထိုရဟန်းသည် တည်နေတိုင်း ထားရှိတိုင်းသော ကိုယ်ကို ဓာတ်သဘောအားဖြင့် ဆင်ခြင်၍ ဤကိုယ်၌–

မြေဓာတ် (မာသဘော၊ ပျော့သဘော)
ရေဓာတ် (ဖွဲ့စည်းသဘော၊ ယိုစီးသဘော)
မီးဓာတ် (ပူသဘော၊ အေးသဘော၊ ရင့်ကျက်သဘော)
လေဓာတ် (တွန်းကန်သဘော၊ လှုပ်ရှားသဘော)

ဟူသော ဓာတ်လေးပါးသာ ရှိ၏ ဟူ၍ ဆင်ခြင်၏၊ ဥပမာ အားဖြင့် ကျွမ်းကျင်သော နွားသတ်သမားသည် နွားကို သတ်ပြီး

လမ်းလေးခွ၌ အသားတို့ကို လေးစုလေးပုံပြုကာ ထိုင်နေသကဲ့သို့ ဖြစ်၏။

## သူသေကောင်ကိုးမျိုးကို ဆင်ခြင်ပုံ

တစ်ဖန်ထိုရဟန်းသည် သုသာန်၌ စွန့်ပစ်ထားသော သူသေကောင်အမျိုးမျိုးကို ရှု၍ မိမိကိုယ်ကို ဆင်ခြင်၏။

၁။ သေပြီးနှစ်ရက်သုံးရက်ကြာသဖြင့် ဖူးယောင်ပုပ်ပွနေသော သူသေကောင်၊

၂။ ကျီးငှက်တိရစ္ဆာန်တို့ ထိုးဆွကိုက်ခဲထားသော သူသေကောင်၊

၃။ အသားအသွေးတို့နှင့်တကွ အကြောဖြင့် ဖွဲ့စည်း၍ အရိုးစုဖြစ်နေသော သူသေကောင်၊

၄။ အသားကင်းပြီး အသွေးဖြင့်သာ လိမ်းကျံလျက် အကြောဖြင့် ဖွဲ့စပ်၍ အရိုးစုဖြစ်နေသော သူသေကောင်၊

၅။ အသားရော အသွေးပါကင်းပြီး အကြောဖြင့်သာ ဖွဲ့စည်းလျက် အရိုးစုဖြစ်နေသော သူသေကောင်၊

၆။ အဆက်အစပ်မရှိတော့ဘဲ ခြေရိုးတခြား၊ လက်ရိုးတခြား စသည်ဖြင့် ပြန့်ကျဲနေသော သူသေကောင်၊

၇။ ခရုသင်းကဲ့သို့ ဖြူဖွေးနေသော အရိုးစုဖြစ်နေသည့် သူသေကောင်၊

၈။ နှစ်လွန်၍ နေပူမိုးစိုနေသော သူသေကောင်၊

၉။ အမှုန့်ဖြစ်၍ ပုပ်ဆွေးနေသော အရိုးစု သူသေကောင်တို့ကို ရှု၍ ငါ၏ ကိုယ်သည်လည်း ဤသို့သဘောရှိ၏၊ ဤသို့ပင် ဖြစ် တတ်၏၊ ဤသို့သော အဖြစ်မျိုးကို မလွန်ဆန်ပေ ဟူ၍ နှိုင်းဆ ဆင်ခြင်၏။

ဤသို့အားဖြင့် ထိုရဟန်းသည် မိမိကိုယ်၌ ဖြစ်စေ၊ သူ

တစ်ပါးတို့၏ ကိုယ်၌ ဖြစ်စေ၊ ယင်းနှစ်မျိုးလုံး၌ ဖြစ်စေ၊ ကိုယ်ဟု အဖန်ဖန် ရှု၍ နေ၏၊ ကိုယ်၌ ဖြစ်ခြင်းသဘော၊ ပျက်ခြင်းသဘော၊ ဖြစ်ပျက်ခြင်းသဘောကို အဖန်ဖန် ရှု၍ နေ၏၊ အသိဉာဏ်ဖြစ်ရန် တဖန် သတိရရန်အတွက်သာလျှင် ကိုယ်သည် ရှိ၏ဟူ၍ သတိကို ထင်စွာထား၏၊ ထိုရဟန်းသည် တဏှာဒိဋ္ဌိ ဟူသော အမှီအတွယ် မရှိမူ၍ နေ၏၊ လောက၌ တစ်စုံတစ်ခု ကိုမျှလည်း စွဲလမ်းခြင်း မရှိချေ၊ ဤသို့လျှင် ထိုရဟန်းသည် ကိုယ်၌ ကိုယ်ဟု အဖန်ဖန် ရှု၍ နေ၏။

နိဂုံး။ ။ ဒီကျမှ ကာယာနုပဿနာရှုပွားနည်းပြီးတယ်၊ ပြန်ချုပ်ကြည့်လိုက်ရင် ကာယာနုပဿနာရှုပွားနည်းအရ–

၁။ ထွက်သက်ဝင်သက်ကို ရှုတယ်

၂။ ဣရိယာပုတ်ကို ရှုတယ်

၃။ ကွေးတာ၊ ဆန့်တာစသည်ကို သမ္ပဇဉ်ဉာဏ်နဲ့ ရှုတယ်

၄။ ၃၂ ကောဋ္ဌာသကို စက်ဆုပ်ဖွယ်အဖြစ် ရှုတယ်

၅။ ဓာတ်ကြီးလေးပါး သဘောအားဖြင့် ရှုတယ်

၆။ သူသေကောင် ကိုးမျိုးနဲ့ ရှုတယ်–

ဆိုပြီး ခြောက်မျိုးရှိကြောင်း မှတ်ထားခဲ့ပေါ့၊ အခု ဝေဒနာနုပဿနာရှုပွားနည်းကို သွားရအောင်။

## (၂)ဝေဒနာတို့၌ ဆင်ခြင်ခြင်း (ဝေဒနာနုပဿနာ)

ခံစားမှုဝေဒနာတို့၌ ရှုဆင်ခြင်ပုံကား– ဤသာသနာ၌ ရဟန်း တစ်ပါးသည် ချမ်းသာမှုကို ခံစားလျှင် ချမ်းသာမှုကို ခံစား၏ဟု သိ၏၊ ဆင်းရဲမှုကို ခံစားလျှင် ဆင်းရဲမှုကို ခံစား၏ဟု သိ၏၊ ဆင်း ရဲသည်လည်း မဟုတ်, ချမ်းသာသည်လည်း မဟုတ်သော ဝေဒနာကို

ခံစားလျှင်လည်း ဆင်းရဲသည်လည်း မဟုတ်, ချမ်းသာ သည်လည်း မဟုတ်သော ဝေဒနာကို ခံစား၏ဟု သိ၏။

တွယ်တာမှုနှင့်ယှဉ်သော ချမ်းသာမှုကို ခံစားလျှင်
တွယ်တာမှုနှင့်ယှဉ်သော ချမ်းသာကို ခံစား၏ဟု သိ၏၊
တွယ်တာမှုနှင့်ယှဉ်သော ဆင်းရဲကို ခံစားလျှင်
တွယ်တာမှုနှင့်ယှဉ်သော ဆင်းရဲကို ခံစား၏ဟု သိ၏၊
တွယ်တာမှုနှင့်ယှဉ်သော ဆင်းရဲ ချမ်းသာမဟုတ်သည့် ဝေဒနာကို ခံစားလျှင် တွယ်တာမှုနှင့်ယှဉ်သော ဆင်းရဲ ချမ်းသာမဟုတ်သည့် ဝေဒနာကို ခံစား၏ဟု သိ၏၊
တွယ်တာဖွယ်နှင့်မယှဉ်သော ချမ်းသာကို ခံစားလျှင်
တွယ်တာဖွယ်နှင့်မယှဉ်သော ချမ်းသာကို ခံစား၏ဟု သိ၏၊
တွယ်တာဖွယ်နှင့်မယှဉ်သော ဆင်းရဲကို ခံစားလျှင်
တွယ်တာဖွယ်နှင့်မယှဉ်သော ဆင်းရဲကို ခံစား၏ဟု သိ၏၊
တွယ်တာဖွယ်နှင့်မယှဉ်သော ဆင်းရဲ ချမ်းသာမဟုတ်သည့် ဝေဒနာကို ခံစားလျှင် တွယ်တာဖွယ်နှင့်မယှဉ်သော ဆင်းရဲ ချမ်းသာမဟုတ်သည့် ဝေဒနာကို ခံစား၏ဟု သိ၏။

ဤသို့အားဖြင့် ထိုရဟန်းသည် မိမိသန္တာန်၌ဖြစ်သော ခံစားမှုတို့၌ ဖြစ်စေ၊ သူတစ်ပါးသန္တာန်၌ဖြစ်သော ခံစားမှုတို့၌ ဖြစ်စေ၊ ယင်းနှစ်မျိုးလုံး၌ ဖြစ်စေ ခံစားမှုဟု အဖန်ဖန် ရှု၍ နေ၏။

ခံစားမှုတို့၌ဖြစ်ခြင်းသဘောကို အဖန်ဖန် ရှု၍ နေ၏၊
ခံစားမှုတို့၌ပျက်ခြင်းသဘောကို အဖန်ဖန် ရှု၍ နေ၏၊
ခံစားမှုတို့၌ဖြစ်ခြင်း၊ ပျက်ခြင်းသဘောကို အဖန်ဖန် ရှု၍ နေ၏၊ အသိဉာဏ်ဖြစ်ရန်၊ တဖန်သတိရရန်အတွက်သာလျှင်

ခံစားမှုသည် ရှိ၏ဟူ၍ သတိကို ထင်စွာထား၏။

ထိုရဟန်းသည် တဏှာဒိဋ္ဌိဟူသော အမှီအတွယ်မရှိမူ၍ နေ၏၊ လောက၌ တစ်စုံတစ်ခုကိုမျှလည်း စွဲလမ်းခြင်း မရှိချေ၊ ဤသို့လျှင် ထိုရဟန်းသည် ခံစားမှုဝေဒနာတို့၌ ခံစားမှုဟု အဖန် ဖန် ရှု၍ နေ၏။

## (၃)စိတ်၌ ဆင်ခြင်ခြင်း (စိတ္တာနုပဿနာ)

စိတ်၌ စိတ်ဟု ရှုဆင်ခြင်ပုံကား သာသနာ့ဝန်ထမ်း ရဟန်း တစ်ပါးသည် တပ်မက်မှုရှိသောစိတ်ကို တပ်မက်မှုရှိသော စိတ်ဟု သိ၏။

တပ်မက်မှုမရှိသောစိတ်ကို တပ်မက်မှုမရှိသောစိတ်ဟု သိ၏။

ပြစ်မှားမှုရှိသောစိတ်ကို ပြစ်မှားမှုရှိသောစိတ်ဟု သိ၏။

ပြစ်မှားမှုကင်းသောစိတ်ကို ပြစ်မှားမှုကင်းသောစိတ်ဟု သိ၏။

တွေဝေမှုရှိသောစိတ်ကို တွေဝေမှုရှိသောစိတ်ဟု သိ၏။

တွေဝေမှုကင်းသောစိတ်ကို တွေဝေမှုကင်းသောစိတ်ဟု သိ၏။

ကျဉ်းကျုံသောစိတ်ကို ကျဉ်းကျုံသောစိတ်ဟု သိ၏။

ပျံ့လွင့်သောစိတ်ကို ပျံ့လွင့်သောစိတ်ဟု သိ၏။

မြင့်မြတ်သောစိတ်ကို မြင့်မြတ်သောစိတ်ဟု သိ၏။

မမြင့်မြတ်သောစိတ်ကို မမြင့်မြတ်သောစိတ်ဟု သိ၏။

အလွန်ရှိသောစိတ်ကို အလွန်ရှိသောစိတ်ဟု သိ၏။

အလွန်မဲ့သောစိတ်ကို အလွန်မဲ့သောစိတ်ဟု သိ၏။

တည်တံ့ကြံ့ခိုင်မှုရှိသောစိတ်ကို တည်တံ့ကြံ့ခိုင်မှုရှိသောစိတ်

ဟု သိ၏။

တည်တံ့ကြံ့ခိုင်မှုမရှိသောစိတ်ကို တည်တံ့ကြံ့ခိုင်မှုမရှိသော စိတ်ဟု သိ၏။

လွတ်မြောက်သောစိတ်ကို လွတ်မြောက်သောစိတ်ဟု သိ၏။

မလွတ်မြောက်သောစိတ်ကို မလွတ်မြောက်သောစိတ်ဟု သိ၏။

ဤသို့ဖြင့် ထိုရဟန်းသည် မိမိစိတ်၌ ဖြစ်စေ၊ သူတစ်ပါး တို့၏ စိတ်၌ဖြစ်စေ၊ ယင်းနှစ်မျိုးလုံး၌ ဖြစ်စေ စိတ်ကို အဖန်ဖန် ရှု၍ နေ၏။

စိတ်၌ ဖြစ်ခြင်းသဘောကို အဖန်ဖန် ရှု၍ နေ၏။

စိတ်၌ ပျက်ခြင်းသဘောကို အဖန်ဖန် ရှု၍ နေ၏။

စိတ်၌ ဖြစ်ခြင်း ပျက်ခြင်းသဘောကို အဖန်ဖန် ရှု၍ နေ၏။

အသိဉာဏ်ဖြစ်ရန်၊ တဖန် သတိရရန်အတွက်သာလျှင် စိတ်သည်ရှိ၏ ဟူ၍ သတိကို ထင်စွာထား၏၊ ထိုရဟန်းသည် တဏှာ၊ ဒိဋ္ဌိဟူသော အမှီအတွယ်မရှိမူ၍ နေ၏၊ လောက၌ တစ်စုံတစ်ခုကိုမျှလည်း စွဲလမ်းခြင်းမရှိချေ၊ ဤသို့လျှင် ထိုရဟန်းသည် စိတ်၌ စိတ်ဟု အဖန်ဖန် ရှု၍ နေ၏၊

နုပ်။ ။ ရှေ့မှာ အလွယ်ကူဆုံးတရားရှုနည်းနှစ်နည်းကို ပြောခဲ့တယ်၊ ပထမနည်းက စိတ်သန္တာန်မှာ ကိလေသာတွေ ဖြစ်ပေါ် မလာအောင်နေတဲ့၊ အဲဒါက မူလပဏ္ဏာသပါဠိတော် ဒွေဓာဝိတက္ကသုတ်နဲ့ မဟာနိဒ္ဒေသပါဠိတော်က ဂါထာတစ်ဂါထာကို ကြည့်ပြီး ပြောခဲ့တာပဲ။

ဒုတိယနည်း ကိလေသာတွေပေါ် ရင် ပေါ် မှန်းသိပါတဲ့၊ အဲဒါ

က အခုပြောပြနေတဲ့ မဟာသတိပဋ္ဌာနသုတ်က စိတ္တာနုပဿနာရှုနည်းအခန်းကို ကြည့်ပြီး ပြောခဲ့တာပဲ၊ ကဲ– ဓမ္မာနုပဿနာအခန်းကို ဆက်ဖတ်မယ်။

## (၄)တရားသဘောတို့၌ ရှုဆင်ခြင်ခြင်း (ဓမ္မာနုပဿနာ) နီဝရဏငါးပါးကို ရှုပုံ

တရားသဘောတို့၌ တရားသဘောဟု ဆင်ခြင်ပုံကား ဤသာသနာ၌ ရဟန်းတစ်ပါးသည် စိတ်ကို ပိတ်ဆို့တားဆီးတတ်သော နီဝရဏ တရားတို့၌ တရားသဘောဟု အဖန်ဖန် ရှု၍ နေ၏။

မိမိသန္တာန်၌ ကာမဆန္ဒရှိလျှင် ငါ၏ အတွင်းသန္တာန်၌ ကာမဆန္ဒ ရှိ၏ဟု သိ၏၊ မိမိသန္တာန်၌ ကာမဆန္ဒမရှိလျှင် ငါ၏ အတွင်းသန္တာန်၌ ကာမဆန္ဒမရှိဟု ထင်ရှားသိ၏။

မဖြစ်သေးသော ကာမဆန္ဒဖြစ်ပေါ်ခြင်း၊ ဖြစ်ပေါ်လာသော ကာမဆန္ဒကို ပယ်ခြင်း၊ ပယ်ပြီးသော ကာမဆန္ဒ နောက်ထပ်ဖြစ်ပေါ် မလာခြင်းတို့ကိုလည်း ထင်ရှားစွာ သိမြင်၏။

မိမိသန္တာန်၌ စိတ်ဆိုးခြင်းရှိလျှင် ငါ၏ အတွင်းသန္တာန်၌ စိတ်ဆိုးခြင်းရှိ၏ဟု သိ၏။

မိမိသန္တာန်၌ စိတ်ဆိုးခြင်းမရှိလျှင် ငါ၏ အတွင်းသန္တာန်၌ စိတ်ဆိုးခြင်းမရှိဟု သိ၏။

မိမိသန္တာန်၌ ထိုင်းမှိုင်းတွေဝေခြင်းရှိလျှင် ငါ၏ သန္တာန်၌ ထိုင်းမှိုင်းတွေဝေခြင်းရှိ၏ဟု သိ၏။

မိမိသန္တာန်၌ ထိုင်းမှိုင်းတွေဝေခြင်းမရှိလျှင် ငါ၏ သန္တာန်၌ ထိုင်းမှိုင်းတွေဝေခြင်းမရှိဟု သိ၏။

မိမိသန္တာန်၌ ပျံ့လွင့်ပူပန်ခြင်းရှိလျှင် ငါ၏ သန္တာန်၌ ပျံ့လွင့်

ပူပန်ခြင်းရှိ၏ဟု သိ၏။

မိမိသန္တာန်၌ ပျံ့လွင့်ပူပန်ခြင်းမရှိလျှင် ငါ၏သန္တာန်၌ ပျံ့လွင့်ပူပန်ခြင်းမရှိဟု သိ၏။

မိမိသန္တာန်၌ တွေးတောယုံမှားခြင်းရှိလျှင် ငါ၏သန္တာန်၌ တွေးတောယုံမှားခြင်းရှိ၏ဟု သိ၏။

မိမိသန္တာန်၌ တွေးတောယုံမှားခြင်းမရှိလျှင် ငါ၏သန္တာန်၌ တွေးတောယုံမှားခြင်းမရှိဟု သိ၏။

## ခန္ဓာငါးပါးကို ရှုပုံ

တစ်ဖန်ထိုရဟန်းသည် စွဲလမ်းအပ်သော ခန္ဓာငါးပါးတို့၌ တရားသဘောဟု အဖန်ဖန် ရှု၍ နေ၏။

ဤကား ရုပ်တည်း၊ ဤကား ရုပ်၏ဖြစ်ပေါ်ခြင်းတည်း၊ ဤကား ရုပ်၏ချုပ်ပျောက်ခြင်းတည်းဟု အဖန်ဖန် ရှု၍ နေ၏။

ဤကား ခံစားမှုဝေဒနာတည်း၊ ဤကား ခံစားမှုဝေဒနာ၏ ဖြစ်ပေါ်ခြင်းတည်း၊ ဤကား ခံစားမှုဝေဒနာ၏ချုပ်ပျောက်ခြင်းတည်းဟု အဖန်ဖန် ရှု၍ နေ၏။

ဤကား မှတ်သားမှုသညာတည်း၊ ဤကား မှတ်သားမှုသညာ၏ဖြစ်ပေါ်ခြင်းတည်း၊ ဤကား မှတ်သားမှုသညာ၏ ချုပ်ပျောက်ခြင်းတည်းဟု အဖန်ဖန် ရှု၍ နေ၏။

ဤကား စေ့ဆော်အားထုတ်မှုသင်္ခါရတည်း၊ ဤကား စေ့ဆော်အားထုတ်မှုသင်္ခါရ၏ ဖြစ်ပေါ်ခြင်းတည်း၊ ဤကား စေ့ဆော်အားထုတ်မှုသင်္ခါရ၏ ချုပ်ပျောက်ခြင်းတည်းဟု အဖန်ဖန် ရှု၍ နေ၏။

ဤကား သိမှုစိတ်ဝိညာဉ်တည်း၊ ဤကား သိမှုစိတ်ဝိညာဉ်၏

ဖြစ်ပေါ်လာခြင်းတည်း၊ ဤကား သိမှုစိတ်ဝိညာဉ်၏ ချုပ်ပျောက်ခြင်းတည်းဟု အဖန်ဖန် ရှု၍ နေ၏။

ထိုရဟန်းသည် မျက်စိကိုလည်း သိ၏၊ အဆင်းရူပါရုံကို လည်း သိ၏၊ ယင်းနှစ်ပါးကို အစွဲပြု၍ တပ်မက်ခြင်း၊ စိတ်ဆိုး ခြင်းစသော သံယောဇဉ်နှောင်ကြိုးများ ဖြစ်ပေါ်လာပုံကိုလည်း သိ၏။

မဖြစ်သေးသော သံယောဇဉ်များ ဖြစ်ပေါ်လာခြင်း၊ ဖြစ်ပေါ်လာသော သံယောဇဉ်များကို ပယ်ခြင်း၊ ပယ်ပြီးသော သံယောဇဉ်များ၏ နောက်ထပ်ဖြစ်ပေါ်မလာခြင်းတို့ကိုလည်း သိ၏။

ထိုရဟန်းသည် နားကိုလည်း သိ၏၊ အသံသဒ္ဒါရုံကိုလည်း သိ၏၊ ယင်းနှစ်ပါးကို အစွဲပြု၍ တပ်မက်ခြင်း၊ စိတ်ဆိုးခြင်း စသော သံယောဇဉ်နှောင်ကြိုးများ ဖြစ်ပေါ်လာပုံကိုလည်း သိ၏။

ထိုရဟန်းသည် နှာခေါင်းကိုလည်း သိ၏၊ အနံ့ဂန္ဓာရုံကို လည်း သိ၏၊ ယင်းနှစ်ပါးကို အစွဲပြု၍ တပ်မက်ခြင်း၊ စိတ်ဆိုး ခြင်းစသော သံယောဇဉ်နှောင်ကြိုးများ ဖြစ်ပေါ်လာပုံကိုလည်း သိ၏။

ထိုရဟန်းသည် လျှာကိုလည်း သိ၏၊ အရသာ ရသာရုံကို လည်း သိ၏၊ ယင်းနှစ်ပါးကို အစွဲပြု၍ တပ်မက်ခြင်း၊ စိတ်ဆိုး ခြင်းစသော သံယောဇဉ်နှောင်ကြိုးများ ဖြစ်ပေါ်လာပုံကိုလည်း သိ၏။

ထိုရဟန်းသည် ကိုယ်ကိုလည်းသိ၏၊ အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံကိုလည်း သိ၏၊ ယင်းနှစ်ပါးကို အစွဲပြု၍ တပ်မက်ခြင်း၊ စိတ်ဆိုးခြင်းစသော သံယောဇဉ်နှောင်ကြိုးများ ဖြစ်ပေါ်လာပုံကိုလည်း သိ၏။

ထိုရဟန်းသည် မနောဝိညာဉ်ကိုလည်း သိ၏၊ အတွေးအာရုံ

ခေါ် ဓမ္မာရုံကိုလည်း သိ၏၊ ယင်းနှစ်ပါးကို အစွဲပြု၍ တပ်မက်ခြင်း၊ စိတ်ဆိုးခြင်းစသော သံယောဇဉ်နှောင်ကြိုးများ ဖြစ်ပေါ်လာပုံကိုလည်း သိ၏။

## ဗောဇ္ဈင်ခုနစ်ပါးကို ရှုပုံ

တစ်ဖန်ထိုရဟန်းသည် ဗောဓိဉာဏ်၏ အင်္ဂါအစိတ်အပိုင်း ဖြစ်သော တရားခုနစ်ပါးတို့၌ တရားသဘောဟု အဖန်ဖန် ရှု၏။

မိမိသန္တာန်၌ ဗောဓိဉာဏ်၏ အင်္ဂါအစိတ်အပိုင်းဖြစ်သော သတိရှိလျှင် ရှိ၏ဟု သိ၏၊ မရှိလျှင် မရှိဟု သိ၏၊ မဖြစ်သေး သော သတိဖြစ်ပေါ်လာပုံ၊ ဖြစ်ပေါ်လာသောသတိ၏ တိုးပွား ပြည့်စုံလာပုံတို့ကိုလည်း သိမြင်၏။

မိမိသန္တာန်၌ ဗောဓိဉာဏ်၏ အင်္ဂါအစိတ်အပိုင်းဖြစ်သော တရားသဘောကို စိစစ်မှုဉာဏ်ရှိလျှင် ရှိ၏ဟု သိ၏၊ မရှိလျှင် မရှိဟု သိ၏၊ မဖြစ်သေးသောတရားသဘောကို စိစစ်မှုဉာဏ် ဖြစ် ပေါ် လာပုံ၊ ဖြစ်ပေါ်လာသော တရားသဘောကို စိစစ်မှုဉာဏ်၏ တိုးပွားပြည့်စုံလာပုံတို့ကိုလည်း သိမြင်၏။

မိမိသန္တာန်၌ ဗောဓိဉာဏ်၏ အင်္ဂါအစိတ်အပိုင်းဖြစ်သော အားထုတ်မှုဝီရိယရှိလျှင် ရှိ၏ဟု သိ၏၊ မရှိလျှင် မရှိဟု သိ၏၊ မဖြစ်သေးသော အားထုတ်မှုဝီရိယဖြစ်ပေါ်လာပုံ၊ ဖြစ်ပေါ်လာ သော အားထုတ်မှုဝီရိယ၏ တိုးပွားပြည့်စုံလာပုံတို့ကိုလည်း သိ မြင်၏။

မိမိသန္တာန်၌ ဗောဓိဉာဏ်၏ အင်္ဂါအစိတ်အပိုင်းဖြစ်သော နှစ်သက်မှုပီတိရှိလျှင် ရှိ၏ဟု သိ၏၊ မရှိလျှင် မရှိဟု သိ၏၊ မဖြစ် သေးသော နှစ်သက်မှုပီတိဖြစ်ပေါ်လာပုံ၊ ဖြစ်ပေါ်လာသော

နှစ်သက်မှုပီတိ၏ တိုးပွားပြည့်စုံလာပုံတို့ကိုလည်း သိမြင်၏။

မိမိသန္တာန်၌ ဗောဓိဉာဏ်၏ အင်္ဂါအစိတ်အပိုင်းဖြစ်သော ငြိမ်းအေးမှုပဿဒ္ဓိရှိလျှင် ရှိ၏ဟု သိ၏၊ မရှိလျှင် မရှိဟု သိ၏၊ မဖြစ်သေးသော ငြိမ်းအေးသည့် ပဿဒ္ဓိဖြစ်ပေါ်လာပုံ၊ ဖြစ်ပေါ်လာသော ငြိမ်းအေးမှုပဿဒ္ဓိ၏ တိုးပွားပြည့်စုံလာပုံ တို့ကိုလည်း သိမြင်၏။

မိမိသန္တာန်၌ ဗောဓိဉာဏ်၏ အင်္ဂါအစိတ်အပိုင်းဖြစ်သော တည်ငြိမ်မှုသမာဓိရှိလျှင် ရှိ၏ဟု သိ၏၊ မရှိလျှင် မရှိဟု သိ၏၊ မဖြစ်သေးသော တည်ငြိမ်မှုသမာဓိဖြစ်ပေါ်လာပုံ၊ ဖြစ်ပေါ်လာသော တည်ငြိမ်မှုသမာဓိ၏ တိုးပွားပြည့်စုံလာပုံ တို့ကိုလည်း သိမြင်၏။

မိမိသန္တာန်၌ ဗောဓိဉာဏ်၏ အင်္ဂါအစိတ်အပိုင်းဖြစ်သော လျစ်လျူရှုမှုဥပေက္ခာရှိလျှင် ရှိ၏ဟု သိ၏၊ မရှိလျှင် မရှိဟု သိ၏၊ မဖြစ်သေးသော လျစ်လျူရှုမှုဥပေက္ခာဖြစ်ပေါ်လာပုံ၊ ဖြစ်ပေါ်လာသော လျစ်လျူရှုမှုဥပေက္ခာ၏ တိုးပွားပြည့်စုံ လာပုံတို့ကိုလည်း သိမြင်၏။

## သစ္စာလေးပါးကို ရှုပုံ

တစ်ဖန်ထိုရဟန်းသည် သစ္စာလေးပါးတို့၌ တရားသဘောဟု အဖန်ဖန် ရှု၍ နေ၏၊ ဤကား ဆင်းရဲတည်း၊ ဤကား ဆင်းရဲဖြစ်ကြောင်းတည်း၊ ဤကား ဆင်းရဲငြိမ်းရာတည်း၊ ဤကား ဆင်းရဲငြိမ်းရာသို့ ရောက်စေတတ်သော အကျင့်တည်းဟူ၍ ဟုတ်တိုင်း မှန်စွာ သိမြင်၏။

ဆင်းရဲခြင်းအမှန်တရားဟူသည်–

ပဋိသန္ဓေနေရခြင်း ဆင်းရဲ၊

နေ့စဉ်အိုရခြင်း ဆင်းရဲ၊

သေရခြင်း ဆင်းရဲ၊

စိုးရိမ်ပူဆွေးငိုကြွေးရခြင်း ဆင်းရဲ၊

ကိုယ်စိတ်ဆင်းရဲခြင်း

ပြင်းစွာပူပန်ရခြင်း ဆင်းရဲ၊

မချစ်မနှစ်သက်လိုဖွယ်တို့နှင့် တွေ့ဆုံပေါင်းဆုံရခြင်း ဆင်းရဲ၊

ချစ်ခင်နှစ်သက်လိုဖွယ်တို့နှင့် ကွဲကွာကွေကွင်းရခြင်း ဆင်းရဲ၊

အချုပ်အားဖြင့်ကား စွဲလမ်းအပ်သော ခန္ဓာငါးပါးသည် ဆင်းရဲခြင်းတို့ ဖြစ်ပေသည်။

ဆင်းရဲခြင်းဖြစ်ကြောင်း အမှန်တရားဟူသည် နောက်ထပ်ဘဝသစ်ကို ဖြစ်ပေါ်စေတတ်သော နှစ်သက်စွဲငြိခြင်းနှင့်တကွဖြစ်သော ထိုထိုဘဝအာရုံ၌ အလွန်နှစ်သက်ခြင်းရှိသော တပ်မက်မှုပင် ဖြစ်၏။ ယင်းတပ်မက်မှုသည် ကာမဂုဏ်၌ တပ်မက်မှု၊ ဘဝ၌ တပ်မက်မှု၊ ဘဝပြတ်စဲခြင်း၌ တပ်မက်မှုဟူ၍ သုံးမျိုး ရှိ၏။

ဆင်းရဲငြိမ်းရာ အမှန်တရားဟူသည်–

မှန်သောအမြင်၊ မှန်သောအကြံ၊

မှန်သော စကား၊ မှန်သော အလုပ်၊

မှန်သော အသက်မွေးခြင်း၊

မှန်သော အားထုတ်ခြင်း၊

မှန်သော အမှတ်ရခြင်း၊

မှန်သော တည်ကြည်ခြင်း–

ဟူသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည့် ဤအရိယာမဂ် လမ်းစဉ်

ပင် ဖြစ်၏။

ဤသို့အားဖြင့် ထိုရဟန်းသည် မိမိသန္တာန်၌လည်းကောင်း၊ သူတစ်ပါးတို့၏ သန္တာန်၌သော်လည်းကောင်း၊ မိမိသူတစ်ပါးနှစ်ပါးတို့၏ သန္တာန်၌သော်လည်းကောင်း တည်ရှိသော တရားသဘောတို့၌ တရားသဘောဟု အဖန်ဖန် ရှု၍ နေ၏။

ထိုတရားသဘောတို့၌ ဖြစ်ခြင်းသဘော၊ ပျက်ခြင်းသဘော၊ ဖြစ်ခြင်း, ပျက်ခြင်းသဘောတို့ကို အဖန်ဖန် ရှု၍ နေ၏၊ အသိဉာဏ်ဖြစ်ရန်၊ တစ်ဖန်သတိရရန်အတွက်သာလျှင် တရားသဘောများ ရှိ၏ဟူ၍ သတိကို ထင်စွာထား၏။

ထိုရဟန်းသည် တဏှာဒိဋ္ဌိဟူသော အမှီအတွယ်မရှိမူ၍ နေ၏၊ လောက၌ တစ်စုံတစ်ခုကိုမျှလည်း စွဲလမ်းခြင်း မပြုချေ၊ ဤသို့လျှင် တရားသဘောတို့၌ တရားသဘောဟု အဖန်ဖန် ရှု၍ နေ၏။

## သတိပဋ္ဌာန်ပွားများခြင်း၏ အကျိုး

ရဟန်းတို့ အကြင်တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် ဤသတိပဋ္ဌာန်လေးပါးကို ငါဘုရား ဟောကြားသည့်နည်းအတိုင်း ခုနစ်နှစ်ပတ်လုံးပွားများငြားအံ့၊ ထိုပုဂ္ဂိုလ်သည် ယခု မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ကို ဖြစ်စေ၊ စွဲလမ်းမှုကြွင်းကျန်နေသေးလျှင် အနာဂါမိဖိုလ်ကို ဖြစ်စေ မုချရမည်ဟု မျှော်လင့်အပ်၏။

ရဟန်းတို့ ခုနစ်နှစ်ကို ထားဘိဦး၊ အကြင်တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် ဤသတိပဋ္ဌာန်လေးပါးကို ငါဘုရား ဟောကြားသည့်နည်းအတိုင်း ခုနစ်ရက်မျှ ပွားများအံ့၊ ထိုပုဂ္ဂိုလ်သည် ယခုမျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ကို ဖြစ်စေ၊ စွဲလမ်းမှုကြွင်းကျန်နေလျှင် အနာဂါမိဖိုလ်ကို ဖြစ်စေ မုချရမည်ဟု မျှော်

လင့်အပ်၏။

ရဟန်းတို့–

သတ္တဝါတို့၏ စိတ်စင်ကြယ်ရန်၊ စိုးရိမ်ပူဆွေး ငိုကြွေးခြင်းများကို လွန်မြောက်ရန်၊ ကိုယ်စိတ်ဆင်းရဲမှုများ ချုပ်ငြိမ်းရန်၊ နည်းမှန် လမ်းမှန်သို့ ဆိုက်ရောက်ရန်၊ ဆင်းရဲငြိမ်းရာနိဗ္ဗာန်သို့ မျက်မှောက် ပြုရန်အတွက် တစ်ကြောင်းတည်းသော ခရီးလမ်းကား ဤသတိပဋ္ဌာန်လေးပါးတို့ပင် ဖြစ်သတည်း။

အဲဒါ–သတိပဋ္ဌာန်လေးပါး အနှစ်ချုပ်တရားတော်ပဲ နောက်အပါတ်ကျမှ နမ္မားဆရာတော်ကြီးအရှင်ဉာဏရဲ့ ဒိဋ္ဌိခွာခန်းတရားကို ကြားဖြတ်ပြီး နာကြားကြရအောင်။

■

အခန်း ၅၁

## နိရောဓသစ္စာကိုခန္ဓာသိဖြစ်အောင် ပြပုံ

နိရောဓသစ္စာဆိုတာ ပါဠိစကား မြန်မာပြန်လိုက်ရင် ချုပ်ငြိမ်းရာ အမှန်ဟု အဓိပ္ပါယ်ရသည်၊ ဘာချုပ်ငြိမ်းတာလဲဆိုလျှင် ကိလေသာ ချုပ်တာနှင့် ခန္ဓာချုပ်တာဟု ဖြေရမည်။

ကိလေသာချုပ်ရာက= သဉပါဒိသေသနိဗ္ဗာန်

ခန္ဓာချုပ်ရာက = အနုပါဒိသေသနိဗ္ဗာန်

ဖြစ်သည်။ နိရောဓသစ္စာကို မျက်မှောက်ပြုပုံပြဖို့ရာ ဉပမာကို အရင်ပြဦးမည်။ နွေရာသီ ကဆုန်၊ နယုန်မှာ ဖိနပ်မပါ၊ ထီးမပါဘဲ ခရီးသွားသောသူသည် အပူဒုက္ခဖြင့် အမြဲဆင်းရဲနေသည့်အတွက် မခံနိုင်ချေ။ အရိပ်အာဝါသ ဘယ်မှာရှိပါလိမ့်မည်နည်းဟု ဟိုဟို ဒီဒီ ကြည့်လတ်သော် အေးမြကြည်လင်သော ရေကန်ကြီးနှင့် နေ ပြောက်မထိုးအောင် အရိပ်ကောင်းသည့် မြိုင်တစ်ခုကို မြင်၍ ထိုမြိုင်သို့ သွားတော့၏။

ရောက်လျှင် အပူဒုက္ခချုပ်ပျောက်ပြီး အအေးသုခကို တွေ့ ရသကဲ့သို့ လည်းကောင်း၊ တစ်နည်း နေ့ရော ညပါမအိပ်ရအောင် ပြည်ကိုက်နေသော အနာရှိသောသူသည် မခံနိုင်၍ ပြည်စုပ်သော

ဆေးကောင်းကို အုံထားရာ မန်းပြည်ပေါက်၍ ချမ်းသာခြင်းကို ရသကဲ့သို့ လည်းကောင်း။

ထိုဥပမာအတိုင်းဖြစ်သမျှ ပျက်မှာချည်းပဲဟု ဒုက္ခသစ္စာကို မဂ်ဉာဏ်ဖြင့် ပိုင်းခြား၍ သိတာနှင့်တစ်ပြိုင်နက် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ သံယောဇဉ်သုံးပါး ကင်းငြိမ်းသွားသဖြင့်ရင်း ကိလေသာအပူဒုက္ခမှ အေးမြသော သန္တိသုခကြီးကို မိမိကိုယ်တိုင် မျက်မှောက် တွေ့ရတော့၏။

အနာသည် ခန္ဓာငါးပါးနှင့် တူ၏၊

ပြည်သည် ကိလေသာနှင့် တူ၏၊

ပြည်စုပ်ဆေးသည် မဂ္ဂသစ္စာနှင့် တူ၏၊

ပြည်ပေါက်ခြင်းသည် သမုဒယသစ္စာ ကင်းကွာတာနဲ့တူ၏၊

ပြည်ပေါက်၍ ချမ်းသာသုခရတာနှင့် သန္တိသုခကိုရတာတူ၏။

အဲဒီကဲ့သို့ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာချုပ်ငြိမ်း၍ အမြဲတန်း အေးမြသော သန္တိသုခကို တွေ့ရခြင်းသည်ပင် နိရောဓသစ္စာကို မျက်မှောက်ပြုသည် မည်၏။ ဒုက္ခသစ္စာကို သိပြီး နိဗ္ဗာန်ကို တစ်ဖန်မြင်အောင် ကြည့်နေရတော့သည် မဟုတ်၊ အလိုလို တွေ့ရတော့၏။

ဥပမာ– အမှောင်ထဲ၌ မီးခြစ်ကို ခြစ်လိုက်သည်ရှိသော် အမှောင်ပျောက်၍ အနီးအနားမှာရှိတဲ့အရာဝတ္ထုကို အလိုလို တွေ့ရသကဲ့သို့ပေတည်း။

မီးခြစ်ဆံသည် မဂ္ဂသစ္စာနှင့် တူ၏၊

ခြစ်မှုသည် ဒုက္ခသစ္စာကို ပိုင်းခြား၍သိတာနှင့် တူ၏၊

အမှောင်ပျောက်ခြင်းသည် သမုဒယသစ္စာကွာတာနှင့်တူ၏၊

အနီးအနားဝတ္ထုကို မရှာရပဲ အလိုလို တွေ့ခြင်းသည် နိဗ္ဗာန်

ကို မျက်မှောက်ပြုတာနှင့် တူသည်။

ဤကဲ့သို့ ဘယ်လိုပင်ပြောသော်လည်း ဒုက္ခသစ္စာမမြင်ပါက နိဗ္ဗာန်ကို မမြင်နိုင်ပါပေ၊ ဒါ့ကြောင့် "ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ" ဟူ၍ ဟောတော်မူသည်။ ဒါ့ကြောင့် နိဗ္ဗာန်သည် မိမိတွေ့မှသိရသော သုခပရမတ် ဖြစ်သည်။ ပုထုဇဉ်တို့ထင်သလို ဘာမှမရှိ၊ ဟာလာဟင်းလင်း ခြောက်သွေ့သွေ့ကြီးလည်း မဟုတ် ချေ။

နိဗ္ဗာန်သည် ပရမတ္ထတရားဖြစ်၍ အထင်အရှား တွေ့ရသော ဓာတ်တစ်မျိုး ဖြစ်သည်။ ရုပ်ထူးနာမ်ထူးလည်း မဟုတ်၊ သင်္ဂဟ–အဋ္ဌကထာ ရုပ်နာမ်ခွဲခန်း၌ စိတ်၊ စေတသိက်၊ နိဗ္ဗာန်ကို နာမ် ဟု ဆိုလေသည်။ ဤအမိပွါယ်ကား မဂ်စိတ်၊ ဖိုလ်စိတ် နှင့်ယှဉ်းတို့၌ ယှဉ်ရာစေတသိက်တို့ အာရုံပြု၍ ညွတ်ရာဖြစ် သောကြောင့် နိဗ္ဗာန်ကို နာမ်စာရင်း ထည့်သွင်းခဲ့လေသည်။

ဒီလိုဆိုလျှင် ရုပ်တရားတို့လည်း စိတ်၊ စေတသိက်တို့ ညွတ်ရာမဟုတ်လားဟု စောဒကဝင်စရာ ရှိ၏။ ရုပ်တရားမှာ ဖောက်ပြန်တတ်သော လက္ခဏာထူးရှိသောကြောင့် နိဗ္ဗာန်ဟု မဆိုနိုင်၊ နိဗ္ဗာန်ကား ဖောက်ပြန်တတ်သော လက္ခဏာမရှိရကား နာမ်စာရင်းသို့ သွင်းရလေသည်

နာမ်ထူးတော့ မဟုတ်ချေ၊ အကယ်၍ နာမ်ထူးဖြစ်ခဲ့သော် 'အဇ္ဈတ္တိကာ ဓမ္မာ' ပုဒ်အရ၌ ပါဝင်သင့်လေသည်။ ယခုတော့ မပါဝင်ပဲ 'ဗဟိဒ္ဓါ ဓမ္မာ' ပုဒ်အရမှာသာ ပါဝင်လေသည်။ ဒါ့ကြောင့် "နိဗ္ဗာနံ မဂ္ဂဖလာနမာရမ္မဏဘူတော အသခ်တဓမ္မော" ဟု အာရုံနာမ်ဖြစ်ကြောင်း သင်္ဂဟအဋ္ဌကထာ၌ ဆိုလေသည်။

ထို့ကြောင့် နိဗ္ဗာန်သည် စိတ်၊ စေတသိက်၊ ရုပ်မှတစ်ပါးသော

ပရမတ်တစ်မျိုး ဖြစ်လေသည်၊ နိဗ္ဗာန်အစစ်ကို မှန်းသာရုံ လောကီနိဗ္ဗာန်ကို ပြဦးမည်၊ မိမိတကယ်ချစ်သောသူကို ပထမမေတ္တာပို့လိုက်ပါ၊ ယင်းမေတ္တာစိတ်မျိုးနှင့် သတ္တဝါအပေါင်းအား အာရုံပြုပြီး မေတ္တာပွားလိုက်ပါ။

သတ္တဝါအပေါင်း တကယ်ချမ်းသာစေလိုသော မေတ္တာစိတ်ဖြစ်ပေါ်လာလိမ့်မည်။ ထိုအခါ အဘိဇ္ဈာ၊ ဗျာပါဒဆိုတဲ့ တရားဆိုးတွေ ချုပ်ငြိမ်းသွားပါလိမ့်မည်။ ချုပ်ငြိမ်းသွားလျှင် ခဏတ္တခဏ အေးမြတဲ့ သုခကို တွေ့ပါလိမ့်မည်။ တွေ့တတ်တာက မဟာကုသိုလ်စိတ်၊ တွေ့အပ်သောသုခက လောကီနိဗ္ဗာန်၊ လောကီစိတ်နှင့်တွေ့သောကြောင့် လောကီနိဗ္ဗာန်ဟု ခေါ်သည်။

တစ်နည်း ကာယဂတာသတိခေါ် အသုဘဘာဝနာကို တကယ်ရှုံ့ရှာသော စိတ်ဖြင့် ပွားကြည့်လိုက်ပါ။ ရှုံ့ရှာသော စိတ်ပေါ်လာလျှင် ရာဂတရားသည် ခဏတ္တငြိမ်းသွားပါလိမ့်မည်။ ရှုံ့ရှာသောစိတ်သည် မဟာကုသိုလ်စိတ်၊ ရာဂငြိမ်း၍ အေးမြသော သုခကလောကီနိဗ္ဗာန်၊

ဒါ့ကြောင့် မြတ်စွာဘုရားက အကြင်သူတို့သည် ကာယဂတာသတိကို ပွားကုန်၏၊ ထိုသူတို့သည် နိဗ္ဗာန် အရသာကို ခံစားရကုန်၏၊ အကြင်သူတို့သည် မပွားကုန်၊ ထိုသူတို့သည် နိဗ္ဗာန်အရသာကို မခံစားရကုန်ဟု ဟောတော်မူသည်။

ယခုပြောခဲ့သော သုခတို့သည် နိဗ္ဗာန်အစစ် မဟုတ်၊ လောကီစိတ်နှင့် တွေ့တာမို့ လောကီနိဗ္ဗာန်ဟု ဆိုရပေမည်။ နိဗ္ဗာန်အစစ်ကို နည်းမှီပြီး မှန်းတတ်ရန် ဖြစ်သည်။ သစ္စယမိုက်မှာ မြတ်စွာဘုရား ဟောတော်မူတာက–

နိရောဓော နိရောဓသစ္စန္တိ၊

နိရောဓသစ္စံ ဌပေတွာ အဝသေသော နိရောဓော

န နိရောဓသစ္စံ၊ နိရောဓသစ္စံ နိရောဓော စေဝ

နိရောဓသစ္စဉ္စ ဟု ဟောတော်မူသည်။

အဓိပ္ပါယ်ကတော့ နိရောဓမည်သောတရားသည် နိရောဓသစ္စာမည်သလားဟု မေးခွန်းထုတ်တော်မူသည်။ ယင်းမေးခွန်းကို မြတ်စွာဘုရားပင် ဖြေတော်မူ၏။ ဘယ်လိုဖြေသလဲဆိုတော့ တဒင်္ဂနိရောဓ၊ ဝိက္ခမ္ဘနနိရောဓသည် နိရောဓသာမည်၍၊ နိရောဓ–သစ္စာ မမည်၊ သမုစ္ဆေဒနိရောဓ၊ ပဋိပဿဒ္ဓိနိရောဓ တို့သည် နိရောဓလည်း မည်၏၊ နိရောဓသစ္စာလည်း မည်၏တဲ့။

သို့အတွက် နိရောဓနှင့်နိရောဓသစ္စာ ခွဲခြားရလိမ့်မည်၊ အကျဉ်းစကားပြောရလျှင် နိရောဓသည် စိတ်၊ စေတသိက်၊ နီဝရဏတို့၏ ချုပ်ခြင်းကို ရ၏။ နိရောဓသစ္စာသည် နီဝရဏကိလေသာတို့ ချုပ်၍ တွေ့ရသော သုခပရမတ်ကို ရ၏။ ဒါကြောင့် မဟာကုသိုလ်စိတ်ဖြစ်ဆဲခဏ ဆိုင်ရာ ကိလေသာတို့ချုပ်ခြင်း သည် တဒင်္ဂနိရောဓ၊ တွေ့ရသော သုခဓာတ်က တဒင်္ဂနိဗ္ဗာန်။

မဟဂ္ဂုတ်စိတ်တို့၏ဖြစ်ခိုက် ဆိုင်ရာ နီဝရဏတို့ ချုပ်ခြင်းက ဝိက္ခမ္ဘနနိရောဓ၊ ချုပ်၍ တွေ့ရသောသုခဓာတ်က ဝိက္ခမ္ဘနနိဗ္ဗာန်၊ ဤကား လောကီနိဗ္ဗာန်၊ နိဗ္ဗာန်အစစ် မဟုတ်၊ မဂ်စိတ်ဖြစ်ခိုက် ဆိုင်ရာ ကိလေသာ အမြစ်ပြတ်ချုပ်ကြ၏၊ ချုပ်ငြိမ်းခြင်းသည် သမုစ္ဆေဒနိရောဓ၊ ချုပ်၍ တွေ့ရသောသုခပရမတ်က သမုစ္ဆေဒ နိဗ္ဗာန်၊ နိရောဓသစ္စာ ဖြစ်၏။

ဖိုလ်ဇောဖြစ်ခိုက် ဆိုင်ရာ ကိလေသာတို့ချုပ်ငြိမ်းပြီး ဖြစ်လေ

သည်။ မရှိခြင်း အဘာဝကပဋိပဿဒ္ဓိနိရောဓ၊ တွေ့ရသောသုခ ပရမတ်က ပဋိပဿဒ္ဓိနိဗ္ဗာန် နိရောဓသစ္စာ ဖြစ်သည်။ ဤကဲ့သို့ ခွဲခြား၍ သိရာသည်။ ဤနိဗ္ဗာန်သည် ဖြစ်ခြင်း၊ ပျက်ခြင်း မရှိ၊ အမြဲ ငြိမ်းနေသောကြောင့် နိရောဓလည်းမည်၏၊ ကိလေ သာတို့ ချုပ်ရာမှန်သောကြောင့် နိရောဓသစ္စာလည်း မည်၏။ ဤ သဘော ကို ယမိုက်ကျမ်းကို ချတတ်ရုံနှင့်မမြင်၊ ဝိပဿနာ ဉာဏ် ရင့်သန်မှ မြင်သည်။

(နမ္မားဆရာတော်၏ 'တရားစစ်တမ်းဆွေးနွေးခန်း' စာ ၃၄၃မှ၃၄၄)

အခန်း ၅၂

## ဗုဒ္ဓဝေနေယျနှင့် သာဝကဝေနေယျ

နှုပ်။ ။ အရင်စိတ်ကူးက ဓမ္မာနုပဿနာရှုခန်းပြတုန်းက ခန္ဓာငါးပါးရှုပွား ပုံပါလာတယ်၊ ခန္ဓာငါးပါးရှုပွားခန်းပြပြီးရင် နမ္မားဆရာတော်ရဲ့ နယ်ချဲ့သမားသုံးဦးသား တရားတော်ထဲက ခန္ဓာငါးပါး ဒိဋ္ဌိခွာပုံ လေးကို အောက်ခြေဩဝါဒအနေနဲ့ ထည့်ပေးဖို့ ရည်ရွယ်ထား တာ။

ဒီတရားတော်ကို အကောင်းဆုံးအနှစ် အပြည့်ဆုံး စာသားတွေ လိုက်ရှာပြီး မင်နီတားထားတာက တစ်ပုဒ်လုံးနီးပါး ဖြစ်နေတယ်၊ ဒါ့ကြောင့် မင်းတို့ လူငယ်တွေအတွက် အကျိုးရှိ လွန်းလို့ တစ်ပုဒ်လုံးဖော်ပြဖို့ ဆုံးဖြတ်လိုက်ရတာပဲ။

နောက်တစ်ခုက ဝေနေယျဆိုတာ အမျိုးမျိုးရှိတယ်၊ တစ်ချို့က ဘုရားရှင်ကိုယ်တော်တိုင် ဟောမှ တရားထူးရတယ်၊ အဲဒါကို ဗုဒ္ဓဝေနေယျလို့ ခေါ်တယ်၊ တစ်ချို့က ဘုရားရှင်ရဲ့ တပည့်သာဝကတွေ ဟောမှ တရားထူးရတယ်၊ အဲဒါကျတော့ သာဝကဝေနေယျလို့ ခေါ်တယ်။

အာနန္ဒာမထေရ်ဆိုရင် ဘုရားရှင်ရဲ့တရားကို အများဆုံး နာ ကြားရသူပဲ၊ ဒါပေမယ့် သောတာပန် မတည်နိုင်ဘူး၊ အရှင်ပုဏ္ဏ

တရားကို နာမှ သောတာပန်တည်တယ်၊ သူဟာ သာဝကဝေနေယျမို့လို့ပေါ့။

သာဝကထဲမှာတောင်မှ တစ်ချို့က အရှင်သာရိပုတ္တရာနဲ့မှ တရားထူး ရတယ်၊ တစ်ချို့က အရှင်မဟာမောဂ္ဂလာန်နဲ့မှ တရားထူး ရတယ်၊ အချို့က အရှင်အာနန္ဒာနဲ့မှ တရားထူး ရတယ်၊ ကမာရွတ်နှင်းဆီခြံက သံသရာအေးရိပ်သာဆရာတော်ဦးဇောတိပါလဆိုရင် ရှေးခေတ်စာတတ်ပေတတ် ဆရာတော်ကြီးတစ်ပါးပဲ။

တရားထူးလိုချင်လို့ နာမည်ကြီးပဋိပတ္တိဆရာတော်ကြီးတွေ ဆီလိုက်ပြီး နာကြားအားထုတ်လိုက်တာ မြန်မာတစ်ပြည်လုံးနှံ့ရော ဆိုပါတော့ နောက်ဘယ်သူနဲ့မှ တရားတွေ့သွားသလဲဆိုတော့ မအူပင်က ဒေါ်ဝဏ္ဏလို့ ဘွဲ့အမည်ရှိတဲ့ သီလရှင်ဆရာကြီးတစ်ပါးနဲ့ကျမှ တရားတွေ့တယ်။

တို့ကိုယ်တိုင်လည်း ဝိပဿနာနည်းတော်တော်စုံအောင် နာကြားအားထုတ်နေတာပဲ၊ ဒါပေမယ့် ဆရာကြီးဦးကြင်ရွှေရဲ့ ပစ္စက္ခဝိပဿနာသင်တန်းတရားခွေတွေ နာရမှ ဉာဏ်ထဲမှာ အတော်လေး ရှင်းရှင်းလင်းလင်း ရှိသွားတဲ့အကြောင်း ရှေ့မှာလည်း ပြောခဲ့ဖူးပါတယ်၊ တရားကတော့ ဘုရားတရားချည်းပဲ၊ တပည့် နားလည်သဘောပေါက်အောင် ဟောပုံ ပြပုံ ပရိယာယ်လေးတွေပဲ ကွာသွားကြတာပါ။

ဒါ့ကြောင့် ငါ့ရဲ့နည်းအတိုင်း မင်းတို့လူငယ်တွေကလည်း ဘာမှ အစွဲမထားပဲ ဘုရားရှင်ရဲ့ တရားတော်မှန်ကန်ရင် ဘယ်သူဟောဟော ရိုသေစွာ မှတ်သားနာယူကြရမယ်၊ မင်းတို့ထဲမှာလည်း နမ္မားဆရာတော်ကြီးရဲ့ တရားနဲ့မှ ကျွတ်မယ့်သူတွေလည်း အများ

ကြီးပါနိုင်တာပဲ၊ ဒါ့ကြောင့် ရိုရိုသေသေ နာကြားကြ ငါသေချာ ဖတ်ပြမယ်။

## နမ္မားဆရာတော်အရှင်ဉာဏ၏
## နယ်ချဲ့သမားသုံးဦးသားတရားတော်

"မောင်စိန်ရေ"

"ဘုရား"

"ယနေ့နယ်ချဲ့သမားသုံးဦးသား အကြောင်းကို ဟောရ လိမ့်မယ်ကွဲ့"

"မှန်ပါ၊ ဟောတော်မူပါဘုရား"

"တဏှာ စ ဒိဋ္ဌိ မာနော့တိ၊
ဝဋ္ဋန္တိ ကလိသမ္ဘဝေ၊
သံသရမှိ ပပဉ္စန္တိ၊
ဂါဟန္တိ ဒုက္ခိတေ ဇနေ။

တဏှာ စ — အရာရာမှာ အာသာခင်ခင် တွယ်တာငင်၍ အစဉ်မှောက်မှား တဏှာဆိုတဲ့ တရားလည်းကောင်း၊

ဒိဋ္ဌိ စ — အမှားခေါင်းဆောင် အမှောင်ရှေ့သွား ဒိဋ္ဌိဆိုတဲ့ တရားလည်းကောင်း၊

မာနော စ — တံခွန်မှန်ကင်း မယွင်းပုံတူ တလူလူထောင် လွှားမာနဆိုတဲ့ တရားလည်းကောင်း၊

ဣတိ ဣမေ — တကယ့် အစွမ်းထက်ထက်နှင့် လက်နက်မခြား ဤသုံးပါးတို့သည်၊

ကလိသမ္ဘဝေ — ဆင်းရဲခြင်း၏ အကြောင်း မကောင်း ယုတ်မာ ဝါသနာဆိုး အကုသိုလ်အမျိုးမျိုး တို့ကို၊

ဝစုန္တိ — တစ်နေ့တခြား များသည်ထက်များအောင် တိုး ပွားစေတတ်ကုန်၏၊

ဧတေ — ထိုမာန တဏှာ ငါငါစွဲငြိ ဒိဋ္ဌိတရား နယ်ချဲ့ သမားတို့သည်၊

သံသရမ္ဘိ — သုံးဘုံဝဋ်မီး သံသရာကြီးကိုလည်း၊

ပပဥ္စန္တိ — လူ့ပြည်မှနတ်ပြည်၊ နတ်ပြည်မှငရဲ၊ ဗြဟ္မာ့ဘုံ အထက်စွဲ၍ ပန္နက်သဲနယ်ကျယ်အောင် တကယ်ပင် ချဲ့ထွင်ကြလေကုန်၏၊

ဒုက္ခိတေဇနေ — သံသရာဝဋ်တွင်း ကျွတ်ကွင်းမှ မလွတ် ကင်းကြသူ ဆူဆူသောင်းသောင်း ဒုက္ခိတ သတ္တဝါအပေါင်းတို့ကိုလည်း၊

ဂါဟန္တိ — ဇာတိနှင့်တွဲ ဇရာနှင့်မခွဲဘဲ နာပွဲက အတန်တန် သေဖို့ရာ မငြင်းတမ်းဟု အပြင်းဖမ်း ကာ နှိပ်စက်လေကုန်၏၊

လောကကြီးမှာ နယ်ချဲ့သမားဆိုတာ အင်္ဂလိပ် အမေရိကန် ပြင်သစ် ယင်းတို့သုံးဦးကို ခေါ်ကြတာ မဟုတ် လား"

"ဟုတ်ပါတယ်ဘုရား"

"စင်စစ်နယ်ချဲ့သမားကတော့ သူတို့၏ အတွင်းမှာရှိတဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိကချဲ့တာကွ၊ အင်္ဂလိပ် အမေရိကန် ပြင်သစ်ဆိုတာက ပညတ်တွေပါ၊ မချဲ့တတ်ပါဘူး မောင်စိန် ရဲ့"

"မှန်ပါဘုရား"

"တဏှာ၊ မာန၊ ဒိဋ္ဌိ ယင်းသုံးပါး အတွင်းသန္တာန်မှာ ရှိသေးရင် နယ်ချဲ့သမားပဲမောင်စိန်ရဲ့"

"မှန်ပါဘုရား"

"ဝဋ်သုံးပါးကို ပထမဆုံး ပြောပြီးမှ နယ်ချဲ့ပုံကို ပြောလို့ လွယ်တဲ့အတွက် ဝဋ်သုံးပါးကို ပြောကြဦးစို့ကွယ့်၊ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်တယ်၊ ယင်းကမ္မဝဋ်ကြောင့် ဝိပါကဝဋ် ဖြစ်ရတယ်၊ ယင်းဝိပါကဝဋ်ကြောင့် တစ်ဖန် ကိလေသဝဋ်ဖြစ် ရတယ် မောင်စိန်ရဲ့"

"မှန်ပါဘုရား"

"ဥပမာ မိုးရွာသောကြောင့် မျိုးစေ့တို့ အပင်ပေါက်ကြရတယ်၊ အပင်ကြောင့် အသီးဖြစ်ကြရသလိုပေါ့၊ မိုးက ကိလေသဝဋ်နဲ့တူတယ်၊ မျိုးစေ့က ကမ္မဝဋ်နဲ့တူတယ်၊ အပင်က ဝိပါကဝဋ်နဲ့တူတယ် မောင်စိန်ရဲ့"

"မှန်ပါဘုရား"

## ဒိဋ္ဌိနယ်ချဲ့ပုံ

"ကဲ ဒိဋ္ဌိနယ်ချဲ့ပုံကို ပြောကြဦးစို့၊ သောတာပန် မတည်သေးသမျှ ပုထုဇဉ်ဘဝမှာ ဒိဋ္ဌိသည် အနုသယအားဖြင့် အမြဲတမ်း ကိန်းနေတယ်၊ ဒီတော့ ပုထုဇဉ် သန္တာန်မှာ ဒိဋ္ဌိမိုးသည် အမြဲတမ်း ရွာမနေပါလား"

"နေပါတယ်ဘုရား"

"ပုထုဇဉ်ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာလည်း ရံခါ ကာယဒုစရိုက်ကို ပြုလိုက် ရံခါ မနောဒုစရိုက်ကို ပြုလိုက်နဲ့ ဖြစ်မနေပါ

လား မောင်စိန်ရဲ့"

"ဖြစ်နေပါတယ်ဘုရား"

"ကိလေသဝဋ်ခေါ် ဒိဋ္ဌိမိုးက အမြဲရွာနေတော့ ဖြစ်တိုင်း ဖြစ်တိုင်းသော ဒုစရိုက်မျိုးစေ့တို့သည် မိုးမိ၍ မနေပါလား"

"မိုးမိနေပါတယ် ဘုရား"

"မိုးမိတဲ့ဒုစရိုက်မျိုးစေ့ကမ္မဝဋ်တို့သည် ဝိပါကဝဋ် တည်းဟူသော အပါယ်ခန္ဓာ၊ အပါယ်ပင်တို့ကို ပေါက်ရောက် စေတတ်တယ်မဟုတ်လား"

"မှန်ပါ့ဘုရား"

"ကျောင်းအမကြီးဝိသာခါသည် သူ၏ လင်ကိုလည်း ကောင်း၊ သားသမီးမြေးမြစ်တို့ကိုလည်းကောင်း၊ ပစ္စည်းဥစ္စာ တို့ကိုလည်းကောင်း ချစ်ခင်တွယ်တာခြင်းသည် လောဘအကု သိုလ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"သူ၏မြေးလေးသုမန သေသွားတော့ ငိုယိုမြည်တမ်း တာဟာ ဒေါမနဿအကုသိုလ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဝိသာခါမှာ ဒိဋ္ဌိခေါ် နယ်ချဲ့သမားသေတဲ့အတွက် ယင်းအကုသိုလ်များသည် အပါယ်လေးပါးကို ပစ်ချနိုင်ရဲ့ လား"

"မချနိုင်ပါဘုရား"

"ဒိဋ္ဌိရှိပါက အနည်းငယ်သောအကုသိုလ်လေးပင်

ဖြစ်သော်ငြားလည်း အပါယ်သို့ချပုံကို ပြောဦးမယ်ကွဲ့ မောင်စိန်ရဲ့"

"မှန်ပါ၊ ပြောတော်မူပါဘုရား"

"ကဿပမြတ်စွာဘုရားရှင်လက်ထက်တော်က အမျိုးသား တစ်ယောက်သည် သာသနာတော်၌ သဒ္ဓါယုံကြည်သ ဖြင့် ရဟန်းပြုလျက် သီလတရားမညှိုးနွမ်းရအောင် စောင့်ရှောက်သတဲ့၊ တစ်နေ့သ၌ ထိုရဟန်းသည် မြစ်တွင်း၌ လှေ ဖြင့် ခရီးထွက်သွားရာ ကမ်းနံဘေးရှိ တစ်ခုသောပိန်းမြက်ချုံ ၌ အရွက်တစ်ခုကို ဆွဲကိုင်ခြင်းကို ပြုသတဲ့။

လှေသည် အဟုန်ဖြင့်သွားသောကြောင့် မြက်ရွက်သည် ပြတ်သွားရောတဲ့၊ ထိုအခါ ရဟန်းငယ်သည် ဤအပြစ်ကား မကြီးကျယ်ပါဘူးဟု အောက်မေ့လျက် ဒေသနာမကြားပဲ နေမိသတဲ့၊ ဒီလိုနဲ့သာသနာတော်မှာ အနှစ်နှစ်သောင်းတိုင်တိုင် သည်းစွာသောလုံ့လဖြင့် 'သမဏဓမ္မ'သဘာဝလမ်း ရဟန်းတို့၏တရားကို ပွားများအားထုတ်ပါသော်လည်း–

သေခါနီးကာလသမယမှာ ပိန်းရွက်ဖြင့်လည်၌ ရစ်သကဲ့သို့ ထင်မြင်လာ၍ ဒေသနာကြားလိုပါသော်လည်း ဒေသနာခံရဟန်းမရှိသဖြင့် ငါ၏သီလသည် မစင်ကြယ်လေစွတကားလို့ ကုက္ကုစ္စတရားဖြစ်သောကြောင့် သေသည်၏ အခြားမဲ့၌ တစ်ခုသောသစ်ပင်ကို ပြုပြင်မယွင်း လုံးချင်းထွင်းတဲ့ လှေစကျင်းပမာဏရှိတဲ့ နဂါးမင်းဖြစ်ရသတဲ့ မောင်စိန်ရဲ့" (အကျယ်ကို ဓမ္မပဒမှာ ကြည့်ပါ)။

"မှန်ပါ၊ ကြောက်စရာပါဘုရား"

"ဒီရဟန်းကလေးပြုသည့် ကုက္ကုစ္စသည် ဘာမျှမကြီးကျယ်သော်လည်း ပုထုဇဉ်ဘဝဖြစ်၍ ဒိဋ္ဌိမိုးမိသောကြောင့် မျိုးစေ့အောင်မြင်ကာ အပါယ်ဘုံမှာ ဖြစ်ရတယ်၊ အဲဒါဒိဋ္ဌိက နယ်ချဲ့တာပေါ့ မောင်စိန်ရဲ့"

"မှန်ပါဘုရား"

"အင်္ဂုလိမာလတို့ သန္တတိအမတ်ကြီးတို့ပြုတဲ့ကံသည် ထိုရဟန်းထက် မဆိုးပါလား"

"ဆိုးပါတယ်ဘုရား"

"ဆိုးသော်လည်း ဒိဋ္ဌိမိုးခါင်သောကြောင့် အပါယ် ခန္ဓာအပင်ပေါက်ရဲ့လား"

"မပေါက်တော့ပါဘုရား"

"အကုသိုလ်မျိုးစေ့တို့သည် ဒိဋ္ဌိမိုးမိမှ အပါယ်ခန္ဓာ အပင်ပေါက်နိုင်ကြတယ်၊ ဒီတော့ သတ္တဝါတွေကို အောက်သံသရာမှ မလွတ်ရအောင် ချည်ထားတဲ့ကြိုးနဲ့မတူဘူးလား"

"တူပါတယ်ဘုရား"

"လူဖြစ်သော်လည်း ငရဲသို့ပြန်သွားရ၊ နတ်ဖြစ်သော်လည်း ငရဲသို့ပြန်သွားရ၊ ဗြဟ္မာဖြစ်သော်လည်း ငရဲသို့ပြန်သွားရ၊ ဒီလိုဖြစ်နေရတာ ဒိဋ္ဌိကြောင့်ပေါ့၊ ဥပမာ နွားကို ကြိုးရှည်ရှည်နဲ့ လှန်ထားသလို မနေပါလား"

"နေပါတယ်ဘုရား"

"ဒါ့ကြောင့်–

ဥက္ခိတ္တာ ပုညတေဇေန၊

ကာမရူပဂတိံဂတာ။

ဘဝဂ္ဂန္တမ္ပိ သမ္ပတ္တာ၊
ပုန အာယန္တိ ဒုဂ္ဂတိံ။

| | | |
|---|---|---|
| ပုညတေဇေန | – | ကောင်းမှုရှိန်ဖော်အာနုဘော်သည်။ |
| ဥက္ခိတ္တာ | – | ပင့်ကော်မြှောက်တင်အပ်သည်ဖြစ်၍။ |
| ကာမရူပဂတိံ | – | ကာမသုဂတိဘုံ၊ ရူပဗြဟ္မာ့ဘုံသို့။ |
| ဂတာ | – | ပြုခဲ့သောကံအလျောက် လားရောက်၍ နေကြကုန်သော ပုထုဇဉ်ပုဂ္ဂိုလ်တို့ သည်လည်းကောင်း။ |
| ဘဝဂ္ဂန္တမ္ပိ | – | အထက်ဆုံး ဘဝဂ်ဟုဆိုအပ်သော ဘုံထွတ်ဘုံ ဖျားသို့။ |
| သမ္ပတ္တာ | – | ပြုခဲ့သောကံအလျောက် လားရောက်၍နေကြကုန်သော ပုထုဇဉ်ဗြဟ္မာကြီး တို့သည်လည်းကောင်း။ |
| ဒုဂ္ဂတိံ | – | အမြဲနေရာ တူလှစွာသည့် အပါယ် လေးရွာဟူသော ဒုဂ္ဂတိဘဝ ဘုံဌာနသို့။ |
| ပုနအာယန္တိ | – | တစ်ဖန် တုံ့ခေါက် အရှိန်ပျောက်က လားရောက်ကြရပြန်လေကုန်၏။ |

ဒိဋ္ဌိလက်ရှိနဲ့ ဘယ်အကုသိုလ်ပဲဖြစ်ဖြစ် မိုးမိပြီးသားဖြစ်၍ ကမ္မဝဋ်ဖြစ်တော့တာပဲ၊ ကမ္မဝဋ်ဖြစ်ရင် အပါယ်လေးဘုံမှာ အပါယ်ခန္ဓာတည်းဟူသော ဝိပါကဝဋ်ဖြစ်မှာပဲ၊ သို့အတွက် အောက်အပါယ်သံသရာကို နယ်ချဲ့တာက ဒိဋ္ဌိလို့ မှတ်ကွဲ့ မောင်စိန်ရဲ့"

"မှန်ပါဘုရား"

"ဧင်း ဒိဋ္ဌိစွဲက (၂၀) ရှိတယ်၊ ခန္ဓာတစ်ပါးမှာ စွဲပုံလေးမျိုးရှိသဖြင့် ခန္ဓာငါးပါးမှာ စွဲပုံ(၂၀) ဖြစ်တယ်၊ ရူပက္ခန္ဓာမှာ စွဲပုံလေးမျိုးကို ပြောဦးမယ်ကွဲ့ မောင်စိန်ရဲ့"

"မှန်ပါ ပြောတော်မူပါဘုရား"

"ရူပံ အတ္တတော သမနုပဿတိ။ ရူပံ– ရုပ်ကို၊ အတ္တတော–အတ္တအားဖြင့်၊ သမနုပဿတိ–ရှု၏။ ရုပ်သည်ပင် အတ္တတည်း၊ အတ္တလည်း ရုပ်ပင်တည်း၊ ရုပ်နှင့်အတ္တ နှစ်ခု မဟုတ်၊ တစ်ခုသာ ဖြစ်တယ်လို့ စွဲလမ်းတယ်၊ မီးလျှံနှင့် အဆင်းသည် နှစ်ခုမဟုတ်၊ တစ်ခုတည်းသာ ဖြစ်သကဲ့သို့ပဲလို့ စွဲလမ်းခြင်းမျိုး ဖြစ်တယ်၊ အဲဒါကို ဥစ္ဆေဒဒိဋ္ဌိလို့ မှတ်ကွဲ့ မောင်စိန်ရဲ့"

"မှန်ပါဘုရား"

"ပြီးတော့ တစ်မျိုးက ရူပဝန္တံ ဝါ အတ္တာနံ။ ရူပဝန္တံ– ရုပ်ရှိသော၊ အတ္တာနံ ဝါ–အတ္တကိုလည်း၊ သမနုပဿတိ– ရှု၏၊ အရိပ်ရှိတဲ့သစ်ပင်ကဲ့သို့ နာမ်တရားကို အတ္တလို့ ယူ၍၊ ရုပ်တရားကား နာမ်၏အရိပ်အယောင်ပဲလို့ ယူခြင်းကို ဆို တယ်၊ အဲဒါက သဿတအစွဲလို့ မှတ်ကွဲ့ မောင်စိန်ရဲ့"

"မှန်ပါဘုရား"

"ပြီးတော့ တစ်မျိုးက အတ္တနိ ဝါ ရူပံ။ အတ္တနိ ဝါ– အတ္တ၌လည်း၊ ရူပံ–ရုပ်တည်း၊ ပန်းမှာအနံ့ရှိသကဲ့သို့ နာမ်တရားသည် ပန်းနဲ့တူတယ်၊ အနံ့သည် ရုပ်နဲ့တူတယ်လို့ ယူ ခြင်းကိုဆိုတယ်၊ ဒါလည်း သဿတဒိဋ္ဌိပဲကွဲ့ မောင်စိန်ရဲ့"

"မှန်ပါဘုရား"

"ပြီးတော့ တစ်မျိုးက ရူပသ္မိံ ဝါ အတ္တာနံ။ ရူပသ္မိံ ဝါ– ရုပ်၌မူလည်း၊ အတ္တာနံ– အတ္တကို၊ သမနုပဿတိ– ရှု၏။ ကြုတ်ထဲမှာ ပတ္တမြားရှိသကဲ့သို့ ရုပ်တည်းဟူသော ကြုတ်ထဲမှာ

ပတ္တမြားနဲ့တူတဲ့ နာမ်ရှိတယ်လို့ ယူခြင်းကို ဆိုတယ်၊ ဒီအစွဲ ဟာလည်း သဿတဒိဋ္ဌိပဲ မောင်စိန်ရဲ့"

"ရူပက္ခန္ဓာမှာစွဲပုံ လေးမျိုးရှိသလို၊ ဝေဒနာက္ခန္ဓာမှာ လေးမျိုး၊ သညာက္ခန္ဓာမှာလေးမျိုး၊ သင်္ခါရက္ခန္ဓာမှာလေးမျိုး၊ ဝိညာဏက္ခန္ဓာမှာလေးမျိုး ပေါင်း (၂၀) ရှိတယ်မဟုတ်လား"

"ရှိပါတယ်ဘုရား"

"ယင်း (၂၀) တို့တွင် ခန္ဓာတစ်ပါး၌ ဥစ္ဆေဒစွဲပုံ တစ်မျိုးစီပါသောကြောင့် ဥစ္ဆေဒပေါင်း ၅–ပါး၊ သဿတစွဲပုံ သုံးမျိုးစီပါသောကြောင့် သဿတပေါင်း၁၅–ပါး၊ ပေါင်း ၂၀ ဖြစ်တယ်၊ ယင်းဒိဋ္ဌိတို့သည် အရက်နဲ့တူတယ်၊ ဘယ်လို တူသလဲ ဆိုတော့ အရက်မူးရင် ဘယ်မကောင်းမှု ကိုမဆို ပြုရဲသလို ဒိဋ္ဌိရှိတဲ့သူသည်လည်း ကြောက်စရာ ကောင်းတဲ့ ပဉ္စာနန္တရိယကံ ငါးပါးကိုပင် ပြုရဲသောကြောင့် အရက်နဲ့ တူတယ်၊ သို့အတွက် **ဒိဋ္ဌာသဝ** လို့ ခေါ်တယ် မောင်စိန်ရဲ့"

"မှန်ပါဘုရား"

"ပြီးတော့ ရေလှိုင်းတံပိုးသည် သတ္တဝါတို့ကို မိမိ အောက်သို့ရောက်အောင် နစ်မြုပ်သကဲ့သို့ ဒိဋ္ဌိသည်လည်း သတ္တဝါတို့ကို အပါယ်လေးရွာတည်းဟူသော အောက်နရက် မှာ မြုပ်တတ်သောကြောင့် သူ့ကို **ဒိဋ္ဌောဃ** လို့ ခေါ်ပြန် တယ် မောင်စိန်ရဲ့"

"မှန်ပါဘုရား"

"ပြီးတော့ လှည်းထမ်းပိုးမှာ ယှဉ်ကထားတဲ့နွားသည် လှည်းပေါ်ရှိဝန်အပေါင်းကို ရုန်းခြင်းဖြင့် ပင်ပန်းသလို၊ ဒိဋ္ဌိ

ရှိတဲ့သူသည်လည်း အပါယ်လေးပါးတည်းဟူသော လှည်း၌ ယှဉ်ကနေရသဖြင့် ပင်ပန်းရကား ဒိဋ္ဌိယောဂ လို့လည်း ခေါ်တယ် မောင်စိန်ရဲ့"

"မှန်ပါဘုရား"

"ပြီးတော့ သစ်ငုတ်မှာဖွဲ့ချည်ထားတဲ့နွားသည် ယင်း သစ်ငုတ်အနားမှ မခွာနိုင်ပဲ သွားလိုရာမသွားနိုင်သကဲ့သို့ ဒိဋ္ဌိ ရှိတဲ့သူသည်လည်း အပါယ်လေးပါးတည်းဟူသော သစ်ငုတ် နှင့်မကင်းနိုင်ပဲ သွားလိုရာနိဗ္ဗာန်သို့ မသွားနိုင်သော ကြောင့် ဂန္ထလို့ ခေါ်တယ် မောင်စိန်ရဲ့"

"မှန်ပါဘုရား"

"မြွေအဖမ်းခံရသော ဖားသည် မရုန်းကန်နိုင်ဘိသကဲ့ သို့ ဒိဋ္ဌိသည်လည်း အဖြေရခက်သောကြောင့် ဒိဋ္ဌုပါဒါန် လို့ ခေါ်တယ် မောင်စိန်ရဲ့"

"မှန်ပါဘုရား"

"ပြီးတော့ ကျွန်းစေ့အတွင်းရှိ အပင်ပေါက်မည့် သဘောသည် ဘယ်လိုပင် တောမီးလောင်ငြားသော်လည်း မခန်းခြောက်ပဲ အပင်ပေါက်စေနိုင်သကဲ့သို့ ဒိဋ္ဌိသည်လည်း သတ္တဝါတွေ ဘယ်နှစ်ကြိမ်ပင်သေသော်လည်း ခန်းခြောက် ခြင်းမရှိ၊ မမြဲကိန်းနေသောကြောင့် ဒိဋ္ဌာနုသယ လို့လည်း ခေါ်တယ် မောင်စိန်ရဲ့"

"မှန်ပါဘုရား"

"ပြီးတော့ ကြိုးသည်နွားကို တိုင်နားမှ မခွာနိုင် အောင် ချည်ထားနိုင်သကဲ့သို့ ဒိဋ္ဌိသည်လည်း သတ္တဝါတို့ကို

ဝင့်သုံး ပါးမှ မလွတ်ရအောင် ချည်ထားသောကြောင့် **ဒိဋ္ဌိသံယောဇဉ်** လို့လည်း ခေါ်တယ် မောင်စိန်ရဲ့"

"မှန်ပါဘုရား"

"ပြီးတော့ ယင်းဒိဋ္ဌိသည်စိတ်ကို ညစ်နွမ်းစေတတ်သောကြောင့် **ဒိဋ္ဌိကိလေသာ** လို့ ခေါ်တယ်၊ အဲဒီလို သတ္တိအမျိုးမျိုးကြောင့် နာမည်အမျိုးမျိုးရတယ် မောင်စိန်ရဲ့"

"မှန်ပါဘုရား"

"ယင်း– သက္ကာယဒိဋ္ဌိ (၂၀)သည် လိုရင်းကိုချုပ်လိုက်လျှင် မရှိတာကို အရှိထင်မှု၊ မဟုတ်တာကို အဟုတ်ထင် မှုပါပဲ၊ မရှိတာကို အရှိထင်မှုက ရုပ်နာမ်ခန္ဓာအပြင် အသက်လိပ်ပြာသည် မရှိချေ၊ မရှိပါပဲ ရှိတယ်လို့ ထင်နေခြင်း သည် ဒိဋ္ဌိဖြစ်တာပဲ"

"ရှိတယ်လို့ထင်တဲ့အတွက် မသာချတဲ့အခါ ပဝါကလေးနဲ့သဲ့ပြီး လိပ်ပြာယူခဲ့ကြသည်။ ယင်းပဝါကို အရှေ့အိမ်ဦးမှာ ထားကြတယ်။ ယင်းလိပ်ပြာသည် အိမ်မှာ ခုနစ်ရက်နေပြီးမှ သွားလိုရာကို သွားတယ်လို့ ထင်ကြတယ်။ သို့ အတွက် ခုနစ်ရက်ကြာမှ ရက်လည်ဆွမ်းကျွေးကြတယ်"

"တရုပ်တို့ကတော့ ကြက်ကလေးကို မသာချတဲ့အခါ ခေါင်းပေါ်မှာတင်ပြီး ယူခဲ့ကြတယ်။ သချိုင်းကျမှ လွှတ်တယ်။ အဓိပ္ပါယ်က အသက်လိပ်ပြာသည် ကြက်ကလေးကို စီးပြီး ရွာကို ပြန်ခဲ့အောင်လို့ ဖြစ်တယ်။ ပုထုဇဉ်မှန်ရင် ယင်းအသက်လိပ်ပြာစွဲတော့ ရှိတာချည်းပဲ၊ တစ်မျိုးစီ စွဲကြတာပဲရှိတယ် မောင်စိန်ရဲ့"

"မှန်ပါဘုရား"

"ဒီနေရာမှာ ပုံကလေးပြောဦးမယ်၊ ရွှေးတုန်းက မိန်းမ နှစ်ယောက်ရှိသတဲ့၊ တစ်ယောက်က ရွှေရောင်းတယ်၊ တစ် ယောက်က စားကုန်သောက်ကုန် ရောင်းသတဲ့၊ သူတို့နှစ် ယောက်ဟာ သူ့ကုန်ငါဝယ်, ငါ့ကုန်သူဝယ် ပြုကြသတဲ့၊ ရွှေ သည်ကလည်း ရောင်းတဲ့အခါ ဆီမစိမ်တဲ့ရွှေးနဲ့ချိန်ရောင်း တယ်၊ ဝယ်တဲ့အခါကျတော့ ဆီစိမ်တဲ့ရွှေးနဲ့ချိန်ပြီး ဝယ်သတဲ့"

"ဈေးသည်ကလည်း ရောင်းတဲ့အခါ အလေးမီးဖုတ် နဲ့ရောင်းပြီး ဝယ်တဲ့အခါ မီးမဖုတ်တဲ့အလေးနဲ့ချိန်ပြီး ဝယ် တယ်ဆိုပဲ၊ အဲဒီတော့ ထိုမိန်းမနှစ်ယောက်ဟာ သူ့အလိမ်ငါ ခံရ၊ ငါ့အလိမ်သူခံရ ဖြစ်နေကြသတဲ့၊ ဒါနဲ့အတွင်းက မကျေ မနပ်ဖြစ်နေကြတယ်တဲ့"

"တစ်ခုသော နွေရာသီ တန်ခူး ကဆုန်ကျတော့ ရွှေကုန်သည်အိမ်ကို မီးလောင်ပါရောတဲ့၊ ဒီတော့ ဈေးသည် က 'ရွှေကိုဆီစိမ် တထိန်ထိန်ဟဲ့' လို့ အော်ကျယ် အော်ကျယ် ဆိုသတဲ့၊ တော်တော်လေးကြာတော့ မီးက ဈေးသည်အိမ်ကို ပါ ကူးစက်လောင်ပါရောတဲ့၊ ဒီတော့ ရွှေသည်က 'သူလိမ်၊ ငါလိမ် ထိန်လို့ဝင်းစ'လို့ လက်စားချေသတဲ့၊ အဲဒီလို ပုထုဇဉ် မှန်ရင် သူကတစ်မျိုးမှား, ငါကတစ်မျိုးမှား တစ်မှားထဲ မှားနေ ကြတာပဲ မောင်စိန်ရဲ့"

"မှန်ပါဘုရား"

"ရုပ်နာမ်ခန္ဓာတို့သည် အသက်လိပ်ပြာ မဟုတ်ပါပဲ၊ ဟုတ်တယ်လို့ထင်ကြတယ်။ သို့အတွက် သက္ကာယဒိဋ္ဌိ ၂၀–ဖြစ်လာတယ်၊ အကျယ်ပွားလိုက်တော့ ဒိဋ္ဌိပေါင်း ၆၂–ပါး ဖြစ်တယ်၊ ယင်း ၆၂–ပါးသော ဒိဋ္ဌိတို့သည်ကား မြုံးကြီးနဲ့ တူတယ်၊ သတ္တဝါတို့သည် မြုံးတွင်းရှိ ငါးတို့နဲ့တူကြတယ်၊ အပါယ်လေးပါးက တံငါသည်ကြီးနဲ့တူတယ် မောင်စိန်ရဲ့"

"မှန်ပါဘုရား"

"လမ်းမှားကိုမစွန့်ပဲ၊ မော်တော်ကားနဲ့ပဲသွားသွား သင်္ဘောနဲ့ပဲသွားသွား လှည်းနဲ့ပဲသွားသွား အလိုရှိတဲ့မြို့ကို ရောက်ပါ့မလား"

"မရောက်နိုင်ပါဘုရား"

"အေး ဒီလိုပေါ့ အသက်လိပ်ပြာစွဲကို မစွန့်နိုင်သမျှ ကာလပတ်လုံး အလှူပေးချင်သလိုပေး၊ သီလစောင့်ချင်သလို စောင့်၊ သမာဓိပွားချင်သလိုပွား နိဗ္ဗာန်ကိုတော့ ဘယ်တော့ မှ မရောက်ဘူးလို့မှတ်ကွဲ့၊ ဘာ့ကြောင့်လဲဆိုတော့ ဒိဋ္ဌိမိုးမိနေ တဲ့ ဒါန၊ သီလ၊ သမထတို့သည် ကာမသုဂတိဘုံ၊ ရူပဘုံတို့ သာ ရောက်စေနိုင်တယ်"

"နိဗ္ဗာန်ကို မရောက်စေနိုင်ဘူး၊ ဒိဋ္ဌိတည်းဟူသော ကိလေသဝဋ်ကြောင့် ဒါန၊ သီလ၊ သမထတို့သည် ကမ္မဝဋ် ဖြစ်ကြရတယ်၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်ဖြစ်ကြရတယ်၊ ဝိပါကဝဋ်ကြောင့် ကိလေသဝဋ် တစ်ဖန်ပြန်ဖြစ်ပြန်တယ်၊

အဲဒီလို ဝဋ္ဋသုံးပါးက မထွက်ရသဖြင့် နိဗ္ဗာန်ကို မရောက်နိုင်ဘူးလို့ ပြောတာကွဲ့ မောင်စိန်ရဲ့"

ဒိဋ္ဌိနယ်ချဲ့ပုံ ပြီး၏။

နိုပ်။ ။ နောက်အပါတ်မှ တဏှာနယ်ချဲ့ပုံ သွားရအောင်။

## အရေးသုံးဖြာ သိကောင်းစရာ

ဆရာတော်(သဒ္ဓမ္မရံသီ)၌ ၂၀၀၅ခုနှစ် ဧပြီလမှစ၍ ရောဂါနှစ်မျိုး စွဲကပ်လာပါသည်။ အစာအိမ်ရောဂါနှင့် ပန်ခရိယ၌ ကျောက်တည် သောရောဂါဟူ၍ ရောဂါနှစ်မျိုးစွဲကပ်လာပါသည်။ (SSC)ရွှေဂုံတိုင်ဆေးရုံသို့တက်ရောက်၍ ကုသခဲ့ပါသည်။ အစာအိမ်ရောဂါအတွက် ဆေးအမျိုးမျိုး စားသဖြင့် အသင့်အတင့်သက်သာပါသော်လည်း ပန်ခရိယ၌ ကျောက်တည်သောရောဂါကို ရန်ကုန်၌ ကုသသည်ထက် ဘန်ကောက်မှာ ကုသ လျှင်ပိုကောင်းသည်၊ ပျောက်ကင်းနိုင်သည်ဟု အကြံပေးပြောဆိုကြသဖြင့် ဂျပန်နိုင်ငံ၌ နေကြသော ဒေါက်တာသန်းအုန်း+ဒေါ်ခင်အုန်းမြင့်မိသားစုတို့က တာဝန်ယူ၍ ပို့ပေးသဖြင့် (၂၄–၅–၂၀၀၅)အင်္ဂါနေ့တွင် ဘန်ကောက်မြို့၊ ဘာရန်ဂရပ်ဆေးရုံသို့ တက်ရောက်ကုသခဲ့ပါသည်။

(၃၁–၅–၂၀၀၅)အင်္ဂါနေ့၌ နေ့လည် ၂–နာရီအချိန်တွင် အစာအိမ်လမ်းကြောင်းမှ ကျောက်တစ်လုံးကို ထုတ်လိုက်သည်။ ပန်ခရိယမှ ကျောက်တစ်လုံးကို မထုတ်ပေးနိုင်၍ ရန်ကုန်သို့ ပြန်ကြွလာခဲ့ရသည်။

ထို့နောက် ရန်ကုန်၌ တစ်လခန့်နေထိုင်ကုသပြီးသောအခါ စင်္ကာပူမှ ဒေါက်တာခင်ခင်ဝင်းမိသားစုတို့က စင်္ကာပူသို့ကြွရောက်၍ ကုသပါရန်လျှောက်ထားသဖြင့် ဒေါက်တာဒေါ်ငွေးနွယ်နှင့်မောင်မိုးကျော်

တို့က စက်ဘုသို့ ပို့ပေးကြသည်။ စက်ဘုမှ ဆရာဝန်ကြီးများနှင့် ကုသပါသော်လည်း ပန်ခရိယမှ ကျောက်ကို ထုတ်ပေးနိုင်ခြင်းမရှိ၍ အစာအိမ်ရောဂါကို သက်သာရုံမျှသာ ကုသပေးနိုင်ကြပါသည်။ သုံးလခန့်ကြာအောင် ကုသပေးကြပါသည်။ သက်သာလာသောအခါ ရန်ကုန်သို့ပြန်ကြွလာခဲ့ပါသည်။

ထို့နောက် အမေရိကန်နိုင်ငံမှ ဒေါက်တာဦးစံအေး+ဒေါ်အဲလစ် မိသားစုတို့က ပင့်ဖိတ်သဖြင့် ဒေါက်တာဒေါ်ဌေးနွယ်၏ စီစဉ်ပေးချက်အရ ဦးခင်မောင်ချိုက အမေရိကန်နိုင်ငံ၊ လော့(စ်)အိမ်ဂျလိ(စ်)မြို့၊ ဒေါက်တာဦးစံအေး+ဒေါ်အဲလစ်တို့၏ အိမ်သို့ ပို့ပေးသဖြင့် ထိုအိမ်၌ စံကျောင်းအဖြစ် နေထိုင်ကာ အမေရိကန်နိုင်ငံရှိ ဆရာဝန်ကြီးများနှင့် ကုသပါသည်။

အမေရိကန်နိုင်ငံရှိ ဆရာဝန်ကြီးများကလည်း **ပန်ခရိယ၌ရှိ**သော ကျောက်ကိုထုတ်ပေးနိုင်ခြင်း မရှိ၍ အစာအိမ်ရောဂါကိုသာ ဆက်လက်၍ ကုသနေရပါသည်။ ထိုစံကျောင်းအိမ်၌ နှစ်လနှင့် ရက်နှစ်ဆယ်နေထိုင်ကာ ကုသခဲ့ရပါသည်။ ဤသို့ ရက်ရှည်လများ ကုသနေရသောကြောင့် ဆရာတော်၏ စိတ်တွင် အရေးသုံးပါး ဖြစ်ပေါ်လာပါသည်။

(၁) အသက်သေရမည့် အရေး

(၂) အသက်ရှင်ရမည့် အရေး

(၃) ရှုမှတ်မှု အရေး ဟူ၍ အရေးသုံးပါး ဖြစ်ပေါ်လာပါသည်။ အသက်သေရမည့် အရေးကိုလည်း မရဏာနုဿတိကမ္မဋ္ဌာန်းကို ဆင်ခြင်ပွားများနေရပါသည်။ အသက်ရှင်ရမည့်အရေးကိုလည်း ဆရာဝန်များ ညွှန်

ကြားသည့်အတိုင်း ဆေးသောက်ခြင်း၊ ဆေးစားခြင်း၊ နေထိုင်ခြင်းများကို ပြုလုပ်၍ နေပါသည်။ ရှုမှတ်ရေးကိုလည်း တတ်နိုင်သမျှ ရှုမှတ်၍ နေရပါသည်။

ထိုအရေးသုံးပါးတို့တွင် ရှုမှတ်ရေးသည်သာ မိမိအတွက် အားကိုးစရာအစစ် ဖြစ်သည်။ ရှုမှတ်ရေးသည်သာ မိမိအတွက် အမြတ်ဆုံး ဖြစ်သည်ဟု နှလုံးသွင်း၍ အချိန်ရသမျှ ဖြစ်ပေါ်လာသည့် ဝေဒနာများကိုလည်း ရှုမှတ်နေရပါသည်။ ဖောင်းတယ်, ပိန်တယ်, ထိုင်တယ်, ထိတယ်, ဝင်လေထွက်လေစသည်တို့ကိုလည်း ရှုမှတ်နေရပါသည်။ ဖြည်းဖြည်းသွားရတဲ့အခါ ကြွတယ်, လှမ်းတယ်, ချတယ်ဟုလည်း ရှုမှတ်နေရပါသည်။

ဆရာတော်မှာအရေးသုံးပါးနှင့် တွေ့ကြုံရသကဲ့သို့ အားလုံးသော ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တိုင်းမှာလည်း ဤအရေးသုံးပါးနှင့် တွေ့ကြုံကြရမည်ကို သတိရ၍ မှတ်သားဖွယ်ဆောင်ပုဒ်ကိုပါ ရေးသားမိပါသည်။

**ဆောင်ပုဒ်။** ။သေရေးရှင်ရေး၊ ရှုမှတ်ရေးနှင့်၊ ရေးသုံးမျိုးတွင်၊ ရှုမှတ်ရေးသာ၊ မိမိမှာ၊ မှန်စွာအမြတ်ဆုံး ဖြစ်ပေသည်။

## ရှုမှတ်ရေးအမြတ်ဆုံးဖြစ်ပုံ

သေရေး၌လည်း ရှုမှတ်လျက်နှင့်သေသွားလျှင် ကောင်းမြတ်ရာ, ကောင်းမြတ်ရာသုဂတိဘုံဘဝများသို့ ရောက်သွားနိုင်သောကြောင့် အမြတ်ဆုံး ဖြစ်ပေသည်။ ရှင်ရေး၌လည်း ရှုမှတ်နေခြင်းဖြင့် ဝိပဿနာ သမာဓိဉာဏ်များ အားရှိထက်သန်လာသောအခါ မဂ်ဉာဏ်, ဖိုလ်ဉာဏ်များ ရရှိ၍ ဆင်းရဲခပ်သိမ်းချုပ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုသွားနိုင်သောကြောင့် အမြတ်ဆုံး ဖြစ်ပေသည်။

## နောက်တစ်နည်း အမြတ်ဆုံးဖြစ်ပုံ

ရှုမှတ်ရေးသည် ဘာကြောင့်အမြတ်ဆုံးဖြစ်ရပါသနည်း ဆိုပါလျှင် ရှုမှတ်မှု တစ်ခုတည်းကိုသာ ပြုလုပ်လိုက်ပါသော်လည်း၊ အကျိုးကိစ္စကတော့ နှစ်မျိုး နှစ်မျိုး ပြီးသွားသောကြောင့် ဖြစ်သည်။ ရှုမှတ်မှုတစ်ခု တည်းကိုပင် ပြုလုပ်လိုက်သည်ရှိသော် တစ်ဖက်က မိမိတို့ကို အပါယ်သံသရာသို့ ကျရောက်စေနိုင်သည့် လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာ တို့ကို ပယ်သတ်ခြင်းကိစ္စကိုလည်း ပြီးမြောက်စေသည်။

တစ်ဖက်က မိမိတို့ကို နိဗ္ဗာန်ချမ်းသာသို့ ရောက်စေနိုင်သည့် သမာဓိဉာဏ်များ ရင့်ကျက်အားရှိစေခြင်း ကိစ္စကိုလည်း ပြီးမြောက်စေ သည်။ ဤကဲ့သို့ အကျိုးကိစ္စနှစ်ခုတို့ကို ပြီးမြောက်စေနိုင်သောကြောင့် ရှုမှတ်မှု, ရှုမှတ်ရေးသည် အမြတ်ဆုံး ဖြစ်သည်ဟု ဆိုရပေသည်။ နောက် တစ်နည်းအားဖြင့် ရှုမှတ်ရေးသည် ရှုမှတ်မှုကို ပြုလုပ်တိုင်း ပြုလုပ်တိုင်း အပါယ်သံသရာနှင့် ဝေးဝေးသွားပြီးလျှင် နိဗ္ဗာန်ချမ်းသာနှင့် နီးနီးသွား သောကြောင့် အမြတ်ဆုံး ဖြစ်ပေသည်။

## နောက်တစ်နည်း အမြတ်ဆုံး ဖြစ်ပုံ

ရှုမှတ်နေခြင်းသည် မိမိတို့ကိုးကွယ်ဆည်းကပ်နေကြသည့်သာ သနာတော် ကြီး အရှည်တည်တံ့နိုင်ကြောင်း ဖြစ်သောကြောင့်လည်း အမြတ်ဆုံး ဖြစ်သည်။ မိမိတို့ကိုးကွယ်ဆည်းကပ်နေကြသည့် သာသနာတော်ကြီးသည် ကမ္ဘာ့အလင်းဓာတ်ကြီး ဖြစ်ပေသည်။ မိမိတို့နှင့်တကွ ကမ္ဘာသူ, ကမ္ဘာသား တို့အား ဤလင်းကသွားလျှင် အမှောင်ဖြစ်သည့် အပါယ်ရွာ, အပါယ်သံ သရာသို့ ရောက်သွားကြလိမ့်မည်။

ဤလမ်းကသွားလျှင် အလင်းဖြစ်သည့် လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်သို့ ရောက်သွားကြရလိမ့်မည်။ ဤလမ်းကသွားလျှင် တစ်ခါ

တစ်ခါက် ရောက်သွားပါက နောင်ဘယ်သောအခါမှ ပြန်၍ မမှောင်နိုင်သည့် နိဗ္ဗာန်ချမ်းသာသို့ ရောက်သွားကြလိမ့်မည်ဟု ညွှန်ပြထွန်းပြပေးနေသည့် ကမ္ဘာ့အလင်းဓာတ်ကြီး ဖြစ်ပေသည်။ ရှုမှတ်နေခြင်းဖြင့် ကမ္ဘာ့အလင်းဓာတ်ဖြစ်သည့် ဤသာသနာတော်ကြီး အရှည်တည်တံ့နိုင်ခြင်း အကျိုးကို ရရှိနိုင်ပေသည်။ ထို့ကြောင့် ရှုမှတ်နေခြင်းသည် အမြတ်ဆုံး ဖြစ်ပေသည်။

သေရေးရှင်ရေး၊ ရှုမှတ်ရေးနှင့်၊ ရေးသုံးမျိုးတွင်၊ ရှုမှတ်ရေးသာ၊ မိမိမှာ၊ မှန်စွာအမြတ်ဆုံး ဖြစ်ပေသည်။

(သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်)

(သက်တော်(၈၀)ကျော်အရွယ်တွင် ခံစားနေရသောဝေဒနာကို ရှုပွားရင်းပေးထားသော ဩဝါဒဖြစ်သည်။)

အခန်း ၅၃

## တဏှာနယ်ချဲ့ပုံ

"တဏှာကသံသရာနယ်ချဲ့ပုံကို ပြောကြဦးစို့၊ တဏှာ ဆိုတာ ကာမုပါဒါန်ကို ခေါ်တယ်၊ ဥပါဒါနပစ္စယာဘဝေါလို့ ဆိုတယ် မဟုတ်လား၊ ဥပါဒါန်ကြောင့် ဘဝဖြစ်ရတယ်၊ ဖြစ်ပုံ ကတော့ လူတစ်ယောက်သည် နတ်အဖြစ်ကို တဏှာဖြင့် တမ်းတ၍ ဒါန၊ သီလကို ပြုတယ်၊ ထိုသူသည် သေသည်၏ အခြားမဲ့၌ ယင်းကံကြောင့် နတ်ဖြစ်ရတယ်၊ သံသရာမှ မလွတ်ဘူး"

"ဗြဟ္မာဘဝကို တဏှာနဲ့တမ်းတပြီး ဈာန်ပွားလိုက် တယ်၊ သေသည်၏အခြားမဲ့၌ ယင်းကံကြောင့် ဗြဟ္မာဖြစ်ရ တယ်၊ သံသရာမှ မထွက်ချေ၊ ဘာ့ကြောင့်လဲဆိုတော့ ဒါန၊ သီလ၊ သမထမျိုးစေ့ကို တဏှာမိုးမိသဖြင့် နတ်ခန္ဓာ, ဗြဟ္မာ ခန္ဓာအပင်တွေ ပေါက်ကုန်တဲ့အတွက် နိဗ္ဗာန်ကိုမရတာကွဲ့ မောင်စိန်ရဲ့"

"မှန်ပါဘုရား"

"ယခုပြောတာက အထက်သံသရာကို ချဲ့တာ၊

အောက်သံသရာချဲ့ပုံကိုလည်း ပြောဦးမယ်၊ ငွေကို လိုချင်တဲ့ တဏှာကြောင့် သူတစ်ပါးအသက်ကို သတ်ဖြတ်ပြီး ရောင်းစားကြတော့ သေသည်၏အခြားမဲ့၌ ယင်းအကုသိုလ်ကံကြောင့် အပါယ်ကျရတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"သူတစ်ပါးဥစ္စာကို လိုချင်တဲ့တဏှာကြောင့် အဒိန္နာဒါန်ကို ပြုကြတယ်၊ ဖောဋ္ဌဗ္ဗတဏှာကြောင့် ကာမေသုကျူးလွန်ကြတယ်၊ သူတစ်ပါးပစ္စည်းကို လိုချင်၍ မုသားပြောကာ လိမ်ကြတယ်၊ ပိသုဏဝါစာကို ပြောကြတယ်၊ ယင်းကံတွေကြောင့် သေသည်၏အခြားမဲ့၌ အပါယ်ကိုကျရပြန်တယ်"

"အဲဒီလို အပါယ်ကိုကျရတာ ဘာကြောင့်လဲ၊ ဒုစရိုက်တို့ကို ကျူးလွန်၍ ဖြစ်တယ်၊ ဒုစရိုက်တို့ကို ဘာကြောင့် ကျူးလွန်ကြသလဲ၊ တဏှာအကြောင်းခံ၍ ကျူးလွန်ကြတယ်၊ အရင်းကို စစ်ရင် အမြစ်မြေကဆိုတာလို အပါယ်သို့ကျရတာ အရင်းကိုစစ်ရင် တဏှာပဲမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ကဿပဘုရားလက်ထက်ဝယ် တစ်ခုသော ရွာ၌ ရဟန်းနှစ်ပါးတို့သည် အညီအညွတ် နေကြတယ်တဲ့၊ တစ်ပါး က ဝါတော်(၄ပ)ရ၍ တစ်ပါးက (၅၉)ဝါရသတဲ့၊ ဝါငယ်တဲ့ မထေရ်က ဝါကြီးတဲ့မထေရ်ကို သာမဏေကဲ့သို့ အလုံးစုံသော ဝတ်ကြီးဝတ်ငယ်တို့ကို ပြုသတဲ့၊ တစ်မိဝမ်းတွင်းအောင်းတဲ့ ညီအစ်ကိုအရင်းကဲ့သို့ ချစ်ကြတယ်တဲ့"

"တစ်နေ့သောအခါ ထိုမထေရ်နှစ်ပါး နေရာသို့ တ

ရားဟောတတ်တဲ့ ရဟန်းတစ်ပါးရောက်လာသတဲ့၊ ထိုနေ့က လည်း တရားနာတဲ့နေ့ဖြစ်၍ မထေရ်နှစ်ပါးက ဓမ္မကထိက ရဟန်းကို ချီးမြှောက်ခြင်းကို ပြု၍ တရားဟောရန်တိုက်တွန်း ကြတယ်တဲ့”

“ဓမ္မကထိကရဟန်းကလည်း တိုက်တွန်းတဲ့အတိုင်း ဟောပြောရာ သဘောကျပြီး၊ မိုးသောက်တဲ့အခါ ဓမ္မကထိက ရဟန်းကို ခေါ်ပြီး အဦးဖြစ်တဲ့ရွာသို့ ဆွမ်းအလို့ငှာဝင်၍ ထို ရွာ၌ ဆွမ်းစားခြင်းကိစ္စပြီးဆုံးလေလျှင် ‘ငါ့ရှင် မနေ့က ဟော တဲ့နေရာမှသာလျှင် အနည်းငယ်သောတရားကို ဟောကြားပါ’ လို့ တိုက်တွန်းပြန်သဖြင့် ဟောပြန်တယ်”

“လူတို့ကလည်း တရားကို နာရ၍ နက်ဖြန် အလို့ငှာ ပင့်ကြပြန်တယ်၊ ဤနည်းဖြင့် အနီးအနား ပတ်ဝန်းကျင် ဆွမ်းခံရွာတို့၌ နှစ်ရက်သုံးရက်တို့ပတ်လုံး ထိုဓမ္မကထိက ရဟန်းကို ခေါ်၍ ဆွမ်းအလို့ငှာ လှည့်လည်ကြတယ်တဲ့ မောင်စိန်ရဲ့”

“မှန်ပါဘုရား”

“ဓမ္မကထိကရဟန်းသည် နှစ်ပါးကုန်သော ကျောင်း နေရဟန်းတို့၏ နူးညံ့တဲ့အဖြစ်ကို သိ၍ အကြံဖြစ်သတဲ့၊ ဘယ်လို အကြံဖြစ်သလဲဆိုတော့ ‘ငါသည် ဤနှစ်ပါးသော မထေရ်တို့ကို ကုန်းတိုက်ကာ ထွက်သွားစေ၍ ဤကျောင်း၌ နေရင် ကောင်းမှာပဲ’လို့ ကြံစည်တယ်တဲ့၊ ဘယ်လောက် ယုတ်မာသလဲ မောင်စိန်ရဲ့”

“မှန်ပါ ယုတ်မာပါတယ်ဘုရား”

"ဒီလိုယုတ်မာတဲ့အကြံဖြစ်တာ ဘာကြောင့်လဲဆို တော့ ကျောင်းကို မက်မောတဲ့တဏှာကြောင့် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီလိုကြံပြီးသော် ထိုမမ္မကထိကသည် ညနေချမ်း အခါ မထေရ်ကြီးထံသွား၍ ရဟန်းတို့ ထသွားတဲ့အခါ ဆုတ်နစ်ပြန်လာပြီးလျှင် မထေရ်ကြီးထံသို့ ချဉ်းကပ်၍ 'အရှင်ဘုရား အနည်းငယ် လျှောက်ထားဖွယ်ရှိပါတယ်' လို့ လျှောက်ထားတဲ့အခါ မထေရ်ကြီးက 'ငါ့ရှင် လျှောက်ပါ' လို့ ခွင့်ပေးလိုက်သတဲ့"

"ထိုအခါ မမ္မကထိကရဟန်းသည် အနည်းငယ် ကြံ စည်တွေးတော၍ 'အရှင်ဘုရား စကားမည်သည် အလွန်မှား သော အပြစ်ရှိပါ၏' ဟု လျှောက်ထားပြီးလျှင် မပြောတော့ပဲ ထပြန်သွားသတဲ့၊ လျှောက်ထားစရာရှိသော်လည်း မလျှောက် လိုတဲ့ ဟန်ပြုတာပေါ့ မောင်စိန်ရဲ့"

"မှန်ပါဘုရား"

"နောက်တစ်နေ့ကျတော့ မထေရ်ငယ်ထံ ချဉ်းကပ်ပြီး ဤနည်းအတိုင်းပဲ ပြုပြန်တယ်တဲ့၊ ဤနည်းအတိုင်း နှစ်ရက် သုံးရက်တို့ပတ်လုံး ပြု၍ သုံးရက်မြောက်လတ်သော် မထေရ် နှစ်ပါးမှာ အနည်းငယ်စီ စိတ်စနောင့်စနင်း ဖြစ်လာကြသတဲ့၊ ထိုအခါ မမ္မကထိကရဟန်းက မထေရ်ကြီးထံ ချဉ်းကပ်၍ 'အရှင်ဘုရား အနည်းငယ် လျှောက်ထားစရာရှိသော်လည်း မလျှောက်ရဲပါ'လို့ လျှောက်သတဲ့"

"ဒီတော့ မထေရ်ကြီးက 'ပြောသာပြောပါ' လို့ အ

တင်းအကျပ်ခိုင်းသဖြင့် 'အရှင်ဘုရား မထေရ်ငယ်သည် အရှင်ဘုရားတို့နှင့်တကွ သုံးဆောင်ခြင်းပြုပါ၏လော'ဟု လျှောက်သတဲ့၊ ဒီတော့ မထေရ်ကြီးက 'သုံးဆောင်ပါတယ်၊ ငါတို့နှစ်ယောက်သည် ညီအစ်ကိုအရင်းကဲ့သို့ ချစ်ခင်ခြင်း ရှိပါတယ်' လို့ ပြောသတဲ့"

ဒါနဲ့ ဓမ္မကထိကရဟန်းက 'အရှင်ဘုရား မထေရ်ငယ်သည် တပည့်တော်အား ဤသို့ ပြောပါသည်၊ သူတော် ကောင်းအသင်သည် အမျိုးကောင်းသားတည်း၊ ဤမထေရ် ကြီးနှင့် ပေါင်းသည်ရှိသော် စုံစမ်း၍ ပေါင်းဖော်လော့ဟု ပြောပါသည်'ဟု လျှောက်ထားတဲ့အခါ မထေရ်ကြီးသည် အမျက်ထွက်၍ ဒုတ်ဖြင့်ခတ်မိသော အိုးကဲ့သို့ စိတ်ဝမ်းကွဲသွားတယ်တဲ့ မောင်စိန်ရဲ့"

"မှန်ပါဘုရား၊ ဝမ်းနည်းစရာပါပဲ"

"မထေရ်ငယ်ထံသို့ ချဉ်းကပ်ပြီး ဒီနည်းအတိုင်းပြောပြန်ရာ မထေရ်ငယ်လည်း အမျက်ထွက်၍ စိတ်ဝမ်းကွဲပြားသဖြင့် မထေရ်ကြီးက အရှေ့တံခါးက ထွက်သွား၍ မထေရ်ငယ်က အနောက်တံခါးဖြင့် ထွက်သွားတယ်တဲ့၊ မထေရ်နှစ်ပါးမရှိတော့ ဓမ္မကထိကရဟန်းသည် အကြံအောင်၍ စိတ်ကျေနပ်ကာ ကျောင်းမှာ ပိုင်ပိုင်ကြီးနေထိုင်သတဲ့"

"အဲဒီလိုနဲ့ အနှစ်တစ်ရာရှိလတ်သော် ထိုမထေရ်နှစ်ပါးတို့သည် တစ်ခုသောကျောင်းမှာ ဆုံမိကြပြန်သဖြင့် တစ်ယောက်နှင့်တစ်ယောက် နောက်ကြောင်းကိုပြန်၍ ပြောကြရာ ဓမ္မကထိကရဟန်း ကုန်းတိုက်မှုန်းကို ထိုအခါမှသိ၍ ယင်းဓမ္မ

ကထိကရဟန်းကို ထိုကျောင်းမှ မောင်းထုတ်ကြပြီး မူလကျောင်းမှာပဲ ရှေးကလို နေကြပြန်တယ်တဲ့"

"ဓမ္မကထိကရဟန်းလည်း တခြားသို့ ထွက်သွား၍ စိတ်ချမ်းသာခြင်းကိုမရပဲ သေ၍ ကဿပဘုရားနဲ့ဂေါတမဘုရား နှစ်ဆူတို့၏ အကြားကာလပတ်လုံး အဝီစိမှာခံရပြီး ငါတို့ဘုရားပွင့်လာတဲ့အခါ အဝီစိမှကျွတ်၍ ဂိဇ္ဈကုဋ်တောင်မှာ ဝက်ပြိတ္တာကြီး ဖြစ်ရသတဲ့"

(မှတ်ချက်)။ ။အကျယ်ကိုဓမ္မပဒမှာ ကြည့်ပါ၊ ထိုအချိန်က လူသားများသည် သက်တမ်းနှစ်သောင်း အသက်ရှည်ကြသည်။

"၅ုကဲ့သို့ အပါယ်ကိုကျရတာ ဘာ့ကြောင့်လဲ၊ ကျောင်းကို တပ်မက်တဲ့တဏှာကို အကြောင်းခံပြီး ပိသုဏ–ဝါစာကံကို ကျူးလွန်မိ၍ ဖြစ်ရတာမဟုတ်လား"

"မှန်ပါတယ်ဘုရား"

"အဲဒါက တဏှာကို အကြောင်းခံပြီး ပိသုဏဝါစာကံကိုကျူးလွန်၍ ဖြစ်ရတာ၊ ဒုစရိုက်ကို မကျူးလွန်ပဲ တဏှာသက်သက်နဲ့ အပါယ်မှာ ဖြစ်ရတာရှိသေးတယ် မောင်စိန်ရဲ့"

"မှန်ပါ ပြောပါဦးဘုရား"

"ရှေးတုန်းက လင်က တောင်သူဖြစ်၍ တောသို့သွားကာ အလုပ်ကို ပြုလုပ်နေခိုက် မယားက အိမ်မှာ လင်ငယ်နေတယ်တဲ့၊ အတော်ကြာ၍ ယင်းအမူ ထင်ရှားမှာစိုးတဲ့အတွက် လင်ငယ်ကို အကြံပေးသတဲ့၊ 'မောင်– မင်းနဲ့ငါ ဒီလိုချည်းနေကြရင် လင်ကြီး သိလိမ့်မယ်၊ သို့အတွက် လင်ကြီးပြန်လာရင် ငါခေါင်းလျှော်ခိုင်းလိုက်မယ်၊ ရေချိုးဆိပ်က စောင့်ပြီးသာ

သတ်ပေတော့’လို့ ပြောလိုက်တယ်တဲ့”

“လင်ငယ်ကလည်း မိန်းမပြောတဲ့အတိုင်း ထက်လှစွာသော ဓားကို ယူ၍ ရေဆိပ်သို့သွားကာ ပုန်းနေတယ်တဲ့၊ ဒါနဲ့ မျှားမကြာမီ လင်ကြီးသည် တောမှပြန်လာရာ မယားက လောကွတ်ပျူငှာလုပ်၍ ခေါင်းလျှော်ခိုင်းသဖြင့် ခေါင်းလျှော် အိုးကို ဆွဲ၍ ရေချိုးဆိပ်သို့သွားရာ လင်ငယ်သတ်၍ သေတယ် တဲ့ မောင်စိန်ရဲ့”

“မှန်ပါဘုရား”

“သေခါနီးမှာ မယားကိုစွဲပြီး သေသဖြင့် အိမ်မှာ မြွေကြီးဖြစ်၍ မယားထံချစ်ဇောနဲ့လာပြန်ရာ လင်မယားနှစ်ယောက် ဝိုင်းပြီးရိုက်ကြသဖြင့် ဒုတိယအကြိမ်သေပြီး တစ်ဖန် ယင်းအိမ်မှာပင် ခွေးကြီးဖြစ်ရပြန်တယ်၊ ယင်းခွေးသည် ထို မိန်းမနောက်သို့ တစ်ကောက်ကောက်လိုက်နေသဖြင့် ရွာသား တို့က ခွေးမုဆိုးလို့ ခေါ်ကြတယ်တဲ့”

ဒါနဲ့ မိန်းမက ရှက်ပြီး ခွေးကို ရေကန်နားသို့ခေါ်ပြီး လည်ပင်းမှာ အိုးဆွဲလျက် ရေကန်ထဲသို့ ပစ်ချလိုက်ရာ ရေနစ်၍ တတိယအကြိမ် သေရပြန်တယ်၊ ထို့နောက် ဒီအိမ်မှာပင် နွားကြီးဖြစ်၍ မိန်းမနောက်သို့ တကောက်ကောက် လိုက်နေ ပြန်ရာ နွားသတ်သမားသို့ ရောင်းလိုက်သဖြင့် စတုတ္ထ အကြိမ် သေရပြန်တယ်၊ အဲဒီလို တိရစ္ဆာန် သုံးဘဝဖြစ်ရတာ ဘာကြောင့်လဲ တဏှာကြောင့် မဟုတ်လား”

“မှန်ပါတယ်ဘုရား”

“ဒီလိုဆိုတော့ ငရဲကိုစွဲပြီး သေတဲ့လူတော့ ရှိမယ်

မထင်ဘူးလို့ ပြောမယ်ဆိုရင် ပြောစရာရှိပါတယ်၊ ရှိမယ်လို့ မထင်ပေမယ့် ရှိတာပဲ၊ အကုသိုလ်ကံကြောင့် ငရဲကျမယ့်လူ သည် သေခါနီးအခါမှာ ငရဲနိမိတ်ထင်လာတယ်၊ အဲဒီလို ထင် တဲ့အခါ ငရဲဘုံကြီးကိုပင် မိမိ၏ နေရာအဖြစ်ဖြင့် ထင်မြင်ပြီး စွဲလမ်းတာပဲ၊ စွဲလမ်းတဲ့အခါမှာ စုတိစိတ်ကျပြီး ငရဲမှာ ဖြစ်ရတယ်"

"သင်မုန်းစက်ငရဲကို နတ်ပန်းထင်ပြီးတောင်းတဲ့ မိတ္တဝိန္ဒကဝတ္ထုကို ကြည့်ပါလား၊ အကုသိုလ်၏ အစွမ်းကြောင့် မကောင်းတာကို အကောင်းထင်ရတယ်၊ ထင်တဲ့အခါ စွဲလမ်း တာပဲ မောင်စိန်ရဲ့"

"မှန်ပါဘုရား"

"ယခုပြောခဲ့တာက ပုထုဇဉ်သန္တာန်မှာရှိတဲ့ တဏှာက နယ်ချဲ့ပုံ ဖြစ်တယ်၊ သောတာပန်, သကဒါဂါမ်တို့သည် ဘဝ ပြတ်မသွားပဲ နောက်ထပ် ဘဝအသစ်ဖြစ်ရတာ တဏှာကြောင့် ပဲ၊ ကာမတဏှာသည် အနုသယအားဖြင့် ရှိနေတော့ သောတာ ပန်, သကဒါဂါမ်တို့ ပြုလုပ်တဲ့ ဒါန၊ သီလမျိုးစေ့ တို့ကို တဏှာမိုး မိစေတယ်"

"တဏှာမိုးမိတဲ့အတွက် ကာမကုသိုလ်တို့သည် ကာမ ဘုံမှာ ဘဝခန္ဓာအပင်တွေကို ပေါက်စေပြန်တယ်၊ ဘဝခန္ဓာ အပင်ပေါက်တယ်ဆိုရင် ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ မရဏဒုက္ခ၊ ပိယေဟိ ဝိပ္ပယောဂဒုက္ခ၊ အပ္ပိယေဟိ သမ္ပယောဂဒုက္ခတည်း ဟူသော အကိုင်းအခက်"

"သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ

တည်းဟူသော အရွက်တို့သည် ဝေနေအောင်ဖြာထွက်လာတာပဲ မောင်စိန်ရဲ့”

“မှန်ပါဘုရား”

“ဒါကြောင့် မြတ်စွာဘုရားက ဒီလိုဟောတော်မူပြန်တယ်–

တဏှာယ ဇာယတိ သောကော၊

တဏှာယ ဇာယတိ ဘယံ။

တဏှာယ ဝိပ္ပမုတ္တဿ၊

နတ္ထိ သောကော ကုတော ဘယံ။

တဏှာယ၊ ငါးဝအာရုံ ကာမဂုဏ်ကို ခုံမင်တွယ်တာ ထိုတဏှာကြောင့်။

သောကော၊ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းသည်။

ဇာယတိ၊ မလွဲမရှောင်သာ ဖြစ်ပေါ်၍ လာရလေ၏။

တဏှာယ၊ ငါးဝအာရုံ ကာမဂုဏ်ကို ခုံမင်တွယ်တာ ထိုတဏှာကြောင့်။

ဘယံ၊ ကြောက်စရာ အဖုံဖုံ ဘေးမျိုးစုံသည်။

ဇာယတိ၊ မလွဲမရှောင်သာ ဖြစ်ပေါ်၍ လာရလေ၏။

တဏှာယ၊ ချစ်ခင်တွယ်တာ ထိုတဏှာမှ။

ဝိပ္ပမုတ္တဿ၊ ကင်းလွတ်သော ရဟန္တာပုဂ္ဂိုလ်အား။

သောကော– စိုးရိမ်ပူဆွေး ငိုးကြွေးရခြင်းသည်လည်းကောင်း၊

ဘယံ၊ ကြောက်စရာ အဖုံဖုံ ဘေးမျိုးစုံသည်လည်းကောင်း။

ကုတော၊ ဘယ်ခါကာလ သမယမှ။
နတ္ထိ၊ မုချပုံသေ မဖြစ်နိုင်လေတော့သည်တကား။
သာဓု– သာဓု– သာဓု။
(တဏှာနယ်ချဲ့ပုံ ပြီး၏။)

## မာနနယ်ချဲ့ပုံ

"မာနနယ်ချဲ့ပုံက ဒီလိုကွဲ့–

မာနရှိရင် သူတော်ကောင်းထံ မချဉ်းကပ်လိုဘူး၊

မချဉ်းကပ်ရင် သပ္ပုရိသသံသေဝ မဖြစ်ဘူး၊

သပ္ပုရိသသံသေဝမရှိရင် သဒ္ဓမ္မဿဝန မဖြစ်ဘူး၊

သဒ္ဓမ္မဿဝနမရှိရင် ယောနိသောမနသိကာရ မဖြစ်ဘူး၊

ယောနိသောမနသိကာရမရှိရင် ဓမ္မာနုဓမ္မပဋိပတ် မဖြစ်ဘူး၊

ယင်းအင်္ဂါလေးပါးမရှိရင် မဂ်ကို မရနိုင်ဘူး၊ မဂ်ကို မရနိုင်ရင် သံသရာက မထွက်နိုင်သဖြင့် တဝဲလည်လည် နေရတာ မာနကြောင့် မဟုတ်လား"

"မှန်ပါဘုရား"

"ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလာန်တို့သည် ကြီးကျယ်တဲ့ လှူစည်းစိမ်ကိုပစ်ပြီး မအိုရာ, မနာရာ, မသေရာ နိဗ္ဗာန်ကိုရှာရန် ရသေ့ရဟန်းပြု၍ သိဉ္စည်းဆရာထံမှာ တပည့်ခံကြတယ်၊ စပါးမရှိသူထံ ချဉ်းကပ်သော်လည်း စပါးမရနိုင်သလို သိဉ္စည်းကြီးကိုယ်တိုင်မှ နိဗ္ဗာန်ကို မသိတော့ ဘယ်ပေးနိုင်မှာလဲ"

"ဒါနဲ့ တစ်ဦးကတရားရရင် တစ်ဦးကိုပြောစတမ်းလို့ ကတိကဝတ်ထားပြီး နိဗ္ဗာန်ကို သိသူ ဘယ်မှာရှိသလဲလို့ စုံစမ်းပြီး သွားလာလှည့်ပတ်ကာ နေကြတယ်တဲ့၊ နောက်မျှား မကြာမီ ရှင်သာရိပုတ္တရာသည် အဿဇိမထေရ်နှင့် တွေ့ပြီး နိဗ္ဗာန်ကို ရလာသဖြင့် ကတိကဝတ်အတိုင်း ရှင်မောဂ္ဂလာန် အား ပြန်ပြောတယ်"

"ရှင်မောဂ္ဂလာန်လည်း နိဗ္ဗာန်ကို ရသွားပြန်တယ်၊ သောတာပန်တည်ပြီးသူသည် မိစ္ဆာအယူရှိသူကို အဘယ်မှာ လျှင် ဆရာတင်တော့မှာလဲ မတင်လိုတော့ဘူး၊ သို့အတွက် နှစ်ဦးသားတို့ မြတ်စွာဘုရားထံ သွားဖို့ ပြင်ဆင်ကြပြီးလျှင် ဆရာဖြစ်တဲ့သိဥ္စည်းကို ခေါ်ကြတယ်"

"ဆရာ ယခုဘုရားပွင့်ပြီ မအိုရာ၊ မနာရာ၊ မသေရာ နိဗ္ဗာန်ကို ရနိုင်ပြီ၊ ဒါ့ကြောင့် ဂေါတမထံ သွားကြစို့ လို့ ပြော တော့ သိဥ္စည်းက 'အို တပည့်တို့ အိုးကြီးလုပ်ပြီး သူသည် သူတစ်ပါးထံတွင် အိုးငယ်မလုပ်လိုတော့ဘူး' လို့ ပြောတယ်၊ ဆရာလုပ်ပြီးမှ တပည့်ပြန် မဖြစ်ချင်တော့ဘူးလို့ ဆိုလိုတာပေါ့"

"ဒီတော့ ရှင်သာရိပုတ္တရာက 'ဆရာ ဒီလို စိတ်ကို မထားပါနဲ့၊ နိဗ္ဗာန်ကိုရဖို့သာ လိုရင်းဖြစ်ပါတယ်၊ ဂုဏ်ကြီးတာ ဂုဏ်ငယ်တာတွေကို ပမာနမထားပါနဲ့'လို့ ပြောသော်လည်း 'အို တပည့်တို့ လောကမှာ လူမိုက်ကများတယ်၊ ပညာရှိက နည်း တယ်၊ လူမိုက်တွေက ငါ့ထံ လာလိမ့်မယ်၊ ပညာရှိတွေက ဂေါတမထံ သွားလိမ့်မယ်၊ သို့ဖြစ်၍ ငါကား ပရိသတ် နည်း မည်မဟုတ်' လို့ ပြောသတဲ့၊ ဒါ မာန မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒီလို ခေါ်မရတော့ သူတို့နှစ်ပါး ဦးစီးပြီး သူတို့၏ တပည့်တွေကိုပါ ခေါ်ပြီး မြတ်စွာဘုရားထံ သွားကြတယ်၊ သိဥ္စည်းလည်း မစွေ့ရကြောင့် သွေးအန်တယ်၊ နောက်သေပြီး ငရဲကျတယ်၊ ယခုထိ မလွတ်သေးချေ၊ အဲဒီလို သံသရာထဲမှာ ကြာရတာ မာနကြောင့် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဘုရားအလောင်းသည် ဇောတိပါလပုဏ္ဏားဘဝက ကဿပဘုရားသည် ဒုက္ကရစရိယာကို ခြောက်ရက်ကျင့်၍ ဘုရားဖြစ်တယ်ဆိုတာကို ကြားတာနဲ့ ငါဘုရားဖြစ်တဲ့အခါ ခြောက်နှစ်ကျင့်ပြလိုက်မယ်၊ ဒီခြောက်ရက်ကလေးနဲ့ ဘာ အသုံးကျမှာလဲလို့ မာနထောင်လွှားကာ ပြောဆိုမိသဖြင့် ဘုရားဖြစ်မည့်ဘဝမှာ အလွယ်နဲ့မဂ်ဖိုလ်ကို မရနိုင်ပဲ၊ ခြောက် နှစ်တိုင်ပတ်လုံး ပင်ပန်းစွာကျင့်ရတာလည်း မာနကြောင့် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒါက ပုထုဇဉ်မာနသည် သံသရာကို တိုးချဲ့ပုံဖြစ် တယ်၊ အနာဂါမ်သည် သေရင် ဗြဟ္မာဖြစ်ရတာ ဘာကြောင့် လဲ၊ မာနကို မပယ်ရသေးလို့ ဖြစ်ရတာပေါ့၊ မာနသည် အနုသယ အားဖြင့် အနာဂါမ်၏ သန္တာန်မှာ ရှိနေလေတော့ အနာဂါမ်ရ တဲ့ ဈာန်ကုသိုလ်သည် မာနမိုးမိပြီး ဗြဟ္မာခန္ဓာ ဖြစ်ရတယ်၊ အဲဒီလို နိဗ္ဗာန်ကို တောက်ရှောက်မသွားနိုင်ပဲ ဗြဟ္မာ့ဘုံမှာ တဝဲလည်လည် ဖြစ်နေရတာ မာနကြီးရှိလို့ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ယင်း တဏှာ၊ မာန၊ ဒိဋ္ဌိသည် ကြိုးနဲ့တူတယ်၊ သတ္တဝါတွေက နွားနဲ့တူတယ်၊ (၃၁) ဘုံက မြက်ခင်းနဲ့တူတယ်၊ နိဗ္ဗာန်က လူတွေ စိုက်ပျိုးထားတဲ့ သစ်ပင်တွေနဲ့တူတယ်၊ နွားသည် လှန်ထားတဲ့ကြိုးကို ပြတ်အောင်မရုန်းနိုင်ရင် လူတွေ စိုက်ပျိုးထားတဲ့ စားကောင်းသောက်ဖွယ် အပင်ကို စားရပါ့မလား"

"မစားရပါဘုရား"

"အေး ဒီလိုပေါ့ တဏှာ, မာန, ဒိဋ္ဌိတည်းဟူသော ကြိုးကို ပြတ်အောင်မရုန်းနိုင်တဲ့သူလည်း နိဗ္ဗာန်ရဲ့အရသာကို မခံစားရဘူးပေါ့ မောင်စိန်ရဲ့"

"မှန်ပါဘုရား"

"မိမိကိုလှန်ထားတဲ့ကြိုးကို ပြတ်အောင်ရုန်းနိုင်တဲ့နွားသည် စားကောင်းသောက်ဖွယ် အပင်ကို စားရခြင်း သွားလိုရာသွားနိုင်ခြင်းဆိုတဲ့ ချမ်းသာသုခကို မရပါလား"

"ရပါတယ်ဘုရား"

"အေး ဒီလိုပေါ့ ယင်း တဏှာ, မာန, ဒိဋ္ဌိကြိုးကို ပြတ်အောင်ရုန်းနိုင်တဲ့ အရိယာပုဂ္ဂိုလ်တို့သည် မရောက်ချင်တဲ့ အပါယ်သို့ မရောက်ရပဲ ချမ်းသာခြင်း၊ မိမိကြိုက်ရာဘုံတွင် ချမ်းသာစွာ နေနိုင်သည့်အပြင် နိဗ္ဗာန်၏ အရသာကို ခံစားနိုင်ခြင်းဟု ဆိုအပ်သော ချမ်းသာမှုကို ရတယ် မဟုတ်လား"

"ရပါတယ်ဘုရား"

"ယင်း ကြိုးသည် မမြင်ရအောင်သေးပေမယ့် အင်မတန် ခိုင်တယ်၊ ခိုင်ကြောင်းကို မြတ်စွာဘုရား ဒီလို ဟောတော်

မူတယ်—

ဗန္ဓနာကာရကာမမှိ၊
သံယောဇနေန ရဇ္ဇုယာ။
ဂီဝါယ ဗန္ဓိတာ သတ္တာ၊
န သက္ကောန္တိ စလေတဝေ။

ဗန္ဓနာကာရကာမမှိ၊ ကာမဂုဏ်ခေါ် သမုတ်သည့် အချုပ်ထောင် တောကြီးအတွင်း၌။

သံယောဇနေန၊ မရုန်းနိုင်အောင် ချည်နှောင်လေတိ သံယောဇဉ်အမည်ရှိသော။ ရဇ္ဇုယာ—ခိုင်မာထန်ပြင်း၊ ကြိုးဆယ်စင်းဖြင့်၊

ဂီဝါယ၊ တင်းသထက် တင်းအောင် လည်ပင်းရေမျိုထက်၌။

ဗန္ဓိတာ၊ ရုန်းနိုင်လျှင်ရုန်း ဖြတ်နိုင်လျှင်ဖြတ် နင်တကယ် ကျပ်ကရောဟု ခတ်သော့ကြီး ခိုင်ခိုင်ဖြင့် သံတိုင် တွင် တုပ်နှောင်အပ်ကုန်သော။

သတ္တာ၊ လူရော နတ်ပါ ဗြဟ္မာမကျန် သတ္တဝါအနန္တ မှန်သမျှတို့သည်။

စလေတဝေ၊ ငါအစွမ်းကောင်းသားကပဲ ယောကျ်ားဘသားဟု ကြိမ်းဝါးကာ ကြိတ်သော်လည်း တဆိတ်တလေ မျှ လှုပ်ရှားစေနိုင်ခြင်းငှာ။

န သက္ကောန္တိ၊ တတ်နိုင်ဖို့ဝေးပါရဲ့ အငေးသာမှိုင်ကာ နေကြရကုန်မည်သာတည်း။

သာဓု...သာဓု...သာဓု။

* * *

ယင်း သံယောဇဉ်ကြိုးတို့ကို သီလအားနဲ့ရုန်းသော်လည်း မပြတ်ဘူး၊ သမာဓိအားနဲ့ရုန်းသော်လည်း မပြတ်ဘူး၊ ပညာအားနဲ့ရုန်းမှ ပြတ်တယ်၊ ပညာဆိုတာ အစိတ်စိတ် အမွှာမွှာ ခွဲခြားလျက်(ဝါ) အကြောင်းအကျိုးကို ပိုင်းခြားလျက် ဝေဘန် သုံးသပ်ဆင်ခြင်ပွားများ အားထုတ်မှုကို ခေါ်တယ်"

အဲဒီလို ဝေဘန်တာ, သုံးသပ်တာ, ဆင်ခြင်တာ, ပွားများတာ, အားထုတ်တာကိုပင် ပဋိပတ်လို့ ခေါ်တယ်၊ ကမ္မဋ္ဌာန်းအလုပ်လို့ ခေါ်တယ်၊ ဒါကြောင့် သက္ကာယဒိဋ္ဌိစွဲပုံ (၂၀)ကို ဝေဘန်ကြစို့၊ သုံးသပ်ကြစို့၊ ဆင်ခြင်ကြစို့ မောင်စိန်ရဲ့"

"မှန်ပါဘုရား"

"ရူပက္ခန္ဓာဥ်စွဲပုံ လေးမျိုးတို့တွင် ပထမစွဲပုံက ရုပ်သည်ပင် ငါ၊ ငါသည်ပင် ရုပ်လို့ ဆိုတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ရုပ်သည် ငါ၊ ငါသည် ရုပ် ဟုတ်ရိုးမှန်ရင် မအိုသင့်၊ မနာသင့်၊ မသေသင့်ပေဘူး၊ ယခုတော့ အိုတာ နာတာ သေတာကို အထင်အရှား မတွေ့ရပါလား"

"တွေ့ရပါတယ်ဘုရား"

"နေ့စဉ်နဲ့အမျှ အာဟာရကို မှီဝဲပြီး နေရတာလည်း အထင်အရှားပဲ မဟုတ်ပါလား"

"ဟုတ်ပါတယ်ဘုရား"

"အကယ်၍ ရုပ်သည် ငါ၊ ငါသည် ရုပ် ဟုတ်ခဲ့သော် အာဟာရကို မမှီဝဲပဲ နေနိုင်ရမယ်၊ ယခုအာဟာရကို မမှီဝဲပဲ

တည်တံ့နိုင်ရဲ့လား"

"မတည်တံ့နိုင်ပါဘုရား"

"အာဟာရ၏ အထောက်အပံ့ကိုရရင် ရုပ်တရား သည် ဖြစ်မလာဘူးလား"

"ဖြစ်လာပါတယ်ဘုရား"

"အာဟာရချုပ်ရင် ရုပ်တရားတော ချုပ်မသွားပါ လား"

"ချုပ်သွားပါတယ်ဘုရား"

"ဒီလိုဆိုတော့ ရုပ်သည် အာဟာရကို အမြဲတမ်း မှီခို နေရ၍ အာဟာရပြုသလို နေရတဲ့သင်္ခတတရား မဟုတ်ပါ လား"

"ဟုတ်ပါတယ်ဘုရား"

"ရုပ်သည် အာဟာရကို အမှီမပြုပဲ မိမိအစွမ်းနဲ့ မိမိ ဖြစ်နိုင်တဲ့သတ္တိရှိရဲ့လား"

"မရှိပါဘုရား"

"မရှိသောကြောင့် အတ္တသဘောမှ မဆိတ်သုဉ်းပါ လား"

"ဆိတ်သုဉ်းပါတယ်ဘုရား"

"အဲဒီလို ရုပ်တရားသည် သင်္ခတသဘော, သုညတ သဘောဖြစ်လေတော့ ရုပ်သည် ငါ၊ ငါသည် ရုပ်ဟု စွဲလမ်း တဲ့အစွဲသည် မှားမနေဘူးလား"

"မှားပါတယ်ဘုရား"

"ကျန်သုံးပါးကတော့ နာမ်က ပိုင်ရှင်၊ ရုပ်က နာမ်၏

ပစ္စည်းအဖြစ် စွဲလမ်းတာပဲ၊ ဒီတော့ နာမ်ကို စိစစ်ရလိမ့်မယ်၊ အာရုံနဲ့ဝတ္ထုတို့ ပေါင်းစုခြင်း ဖဿမဖြစ်ပဲ နာမ်တရားဖြစ်နိုင်ပါ့မလား"

"မဖြစ်နိုင်ပါဘုရား"

"စက္ခုနဲ့ရူပါရုံ မပေါင်းဆုံခင်က မျက်စိထဲမှာ မြင်စိတ်ရှိရဲ့လား"

"မရှိပါဘုရား"

"အေး– ဟုတ်တယ်၊ မီးခြစ်ခံ့နဲ့ မီးခြစ်ဆံ မထိခိုက်မီ အထဲမှာ မီးမရှိပါဘူး၊ ထိခိုက်မှ မီးပေါ်လာတာ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒီလိုဆိုတော့ ရုပ်သည် နာမ်၏ပစ္စည်းလိုလို ရုပ်ဟူသော အိမ်ထဲမှာ နာမ်တရားက ကိန်းနေတာလိုလို စွဲလမ်းကြတဲ့ အစွဲတွေဟာ မမှားပါလား"

"မှားပါတယ်ဘုရား"

(ရူပက္ခန္ဓာ၌စွဲလမ်းပုံ လေးမျိုးဖြေ၍ ပြီး၏)။

"ဝေဒနာက္ခန္ဓာ၌ စွဲလမ်းပုံ လေးမျိုးတို့တွင် ပထမစွဲပုံက– ဝေဒနာသည် ငါ၊ ငါသည် ဝေဒနာလို့ စွဲတယ်၊ အကယ်၍ ဝေဒနာသည် ငါဖြစ်ခဲ့သော် သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿဆိုတဲ့ မကောင်းတဲ့ဝေဒနာတို့သည် ဘာပြု၍ ဖြစ်ကြသလဲ၊ ငါ မဟုတ်၍ အကြောင်း ထောက်ပံ့သလို ဖြစ်ရတယ် မဟုတ်လား"

"မှန်ပါတယ်ဘုရား"

"ကောင်းတဲ့အာရုံ မထောက်ပံ့ပဲ သောမနဿဝေဒနာ

ဖြစ်နိုင်ပါ့မလား"

"မဖြစ်နိုင်ပါဘုရား"

"မကောင်းတဲ့အာရုံ ထောက်ပံ့ပါက ဒေါမနဿဝေဒနာ မဖြစ်ချင်သော်လည်း ဖြစ်ရတယ် မဟုတ်လား"

"ဖြစ်ရပါတယ်ဘုရား"

"အလတ်စား အာရုံထောက်ပံ့မှု ဥပေက္ခာဝေဒနာ ဖြစ်ရတာ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒီလိုဆိုတော့ အာရုံ၏သဘောအတိုင်း ဝေဒနာဖြစ်ရတာ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီလို ဝေဒနာသည် အကြောင်းထောက်ပံ့သလို ဖြစ်ရတဲ့အကျိုးပရမတ်တရား ဖြစ်သောကြောင့် ငါ ဟုတ်နိုင်ပါ့မလား"

"မဟုတ်နိုင်ပါဘုရား"

"အကယ်၍ ငါဆိုရင် မိမိသဘောအတိုင်း ဖြစ်နိုင်ရမယ်၊ ယခုတော့ ဖြစ်နိုင်ရဲ့လား"

"မဖြစ်ပါဘုရား"

"ကျန်တဲ့စွဲပုံသုံးမျိုးကတော့ 'ဧတံ စတူသု ခန္ဓေသု တိဏ္ဏံ တိဏ္ဏံဝသေန ဒွါဒသသု ဌာနေသု ရူပါရူပမိဿကော- ဒတ္တာ ကထိတော' လို့ သံယုတ်အဋ္ဌကထာကဆိုသောကြောင့် ရုပ်နာမ်ကို အတ္တလို့ယူပြီး ဝေဒနာကို ယင်းအတ္တ၏ ပစ္စည်းသဖွယ် စွဲလမ်းတာပဲ"

"ဝေဒနာ၏အကြောင်းသည် အာရုံ ဒွါရ ဝိညာဉ်တို့ ဖြစ်တယ်၊ အာရုံ, ဒွါရက ရုပ်တရား၊ ဝိညာဉ်က နာမ်တရား ဖြစ်တယ်၊ ဒါပေမယ့် ယင်းသုံးပါးသည် တစ်ခုနဲ့တစ်ခု တိုင်ပင်ညှိနှိုင်းပြီး ဝေဒနာကို ထောက်ပံ့ကြတာ မဟုတ်"

"ဥပမာ ထုံးနဲ့နနွင်းပေါင်းစပ်လိုက်ရင် ဖြုန်းဆို အနီရောင်သည် ဓာတ်သဘောအားလျော်စွာ ပေါ်လာရတာလို အာရုံ, ဒွါရ, ဝိညာဉ်တို့ ပေါင်းဆုံမိတာနဲ့ တစ်ပြိုင်နက် ဝေဒနာဖြစ်ပေါ်လာတာပဲ မောင်စိန်ရဲ့"

"မှန်ပါဘုရား"

"အဲဒါလို အာရုံ ဒွါရ ဝိညာဉ်တို့သည် တစ်ခုနဲ့တစ်ခု တိုင်ပင်ညှိနှိုင်းခြင်း မရှိတဲ့အတွက် ဝိရာဂါမမွှာလို့ ဟောတော်မူတာပေါ့ မောင်စိန်ရဲ့"

"မှန်ပါဘုရား"

"ကုလားကြီးနဲ့ကုလားမတို့ ပေါင်းစပ်၍ရတဲ့သားသည် ကုလားကလေးသာဖြစ်သလို ဝေဒနာ၏ အကြောင်းဖြစ်တဲ့ အာရုံကလည်း ဆိုင်ရာအကြောင်းတရားကြောင့် ဖြစ်ပေါ်လာရတဲ့အတွက် အနတ္တ ဖြစ်တယ်၊ ဒွါရကလည်း ဆိုင်ရာအကြောင်းတရားကြောင့် ဖြစ်ရသောကြောင့် အနတ္တ ဖြစ်တယ်၊ အနတ္တသုံးပါးကြောင့် ဖြစ်ရတဲ့ဝေဒနာလည်း အနတ္တပဲ ဖြစ်ရမှာ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး–ဒါကြောင့် ဝေဒနာရှိတဲ့ ငါ၊ ငါ၌ ဝေဒနာရှိ၏၊ ဝေဒနာ၌ ငါရှိ၏ဟု စွဲလမ်းကြမှုသည် အကြောင်းအကျိုးကို

မသိ၍ စွဲလမ်းကြတာ မောင်စိန်ရဲ့"
"မှန်ပါဘုရား"
ဝေဒနာ၌ အစွဲဖြေခန်း ပြီး၏။

*

နိဂုံး။ ။ သညာ၌ အစွဲဖြေခန်းကို နောက်အပါတ်မှ ဆက်ရအောင်။

## အာနာပါနကို မဂ်လေးပါးရအောင် ရှုဆင်ခြင်ပုံ

ဝေနေယျသတ္တဝါအပေါင်း၏ ငြိုငြင်ပင်ပန်းခြင်း ဆင်းရဲခပ်သိမ်းကို လွတ်ငြိမ်းပျောက်စေခြင်းငှာ အမတပါနမမ္မအဖျော်ဖြင့် တိုက်ကျွေး ငြိမ်းစေတော်မူသော အစိန္တေယျမြတ်စွာဘုရားသည်–

စေတသော ဝိက္ခေပဿ ပဟာနာယ၊
အာနာပါနဿတိ ဘာဝေတဗ္ဗာ။

စေတသော ဝိက္ခေပဿ၊ ပျံ့လွင့်သောစိတ်ကို။ ပဟာနာယ၊ ပယ်ဖျောက်လွတ်ငြိမ်းစေခြင်းငှာ။ အာနာပါနဿတိ၊ ထွက်သက်ဝင်သက်ကို အာရုံပြု၍ဖြစ်သော စိတ်နှင့်ယှဉ်သော သတိကို။ ဘာဝေတဗ္ဗာ= ဝဍ္ဍေတဗ္ဗာ၊ ပွားစေအပ်၏။

ဤဒေသနာတော်ဖြင့် စိုးရိမ်သောကကြောင့်ကြ မငြိမ်သက် နှောက်ယှက်သော စိတ်ကို ပျောက်ငြိမ်းလွတ်စေခြင်းငှာ ထွက်သက် ဝင်သက်ကို အာရုံပြု၍ဖြစ်သော စိတ်နှင့်ယှဉ်သော သတိကို ပွားစေအပ် သည်ဟု တရားငြိမ်းဆေး တိုက်ကျွေးတော်မူပေသည်။

ထိုသို့ ဟောရာ ဒေသနာကို–
ခန္ဓာငါးပါး၊

လက္ခဏာရေးသုံးပါး၊

သစ္စာလေးပါး ပေါက်အောင် ပညာဖြင့် ထောက်ရှုဆင်ခြင်အပ်ကုန်၏။

အဘယ်သို့ထောက်ရှုဆင်ခြင်ရမည်နည်း ဟူမူကား ဤ အဿာသပဿာသ တည်းဟူသော ထွက်သက်ဝင်သက်သည် အဘယ်တရားကို အမှီပြု၍ ဖြစ်သနည်း။ ဝတ္ထုကို အမှီပြု၍ ဖြစ်သည်။

ဝတ္ထုဟူသည်ကား ကရဇကာယတည်း၊ ကရဇကာယဟူသည်ကား ဘူတရုပ်လေးပါး၊ ဥပါဒါန်ရုပ် (၂၄) ပါး ရုပ်တရားတည်း။ ဤသို့ ရူပက္ခန္ဓာကို ပညာဖြင့် သိမ်းဆည်းမှတ်လေ။ ထိုသို့ မှတ်ပြီးလျှင် ထိုအဿာသပဿာသတည်းဟူသော ရုပ်တရားကို အာရုံပြု၍ တွေ့တတ်သော ဖဿ၊ အာရုံပြု၍ ခံစားတတ်သော ဝေဒနာ။

အမှတ်ပြု၍ သိတတ်သော သညာ၊ စေ့ဆော်တတ်သော စေတနာ၊ သိတတ်သော ဝိညာဏ်၊ ဤဖဿပဥ္စကတို့ကို နာမ်တရားဟု ပညာဖြင့် သိမ်းဆည်းမှတ်လေ။ ထိုသို့ မှတ်ပြီးလျှင် ထိုရုပ်နာမ်တရားတို့၏ ဖြစ်ကြောင်းတရားကို ရှာသော် 'အဝိဇ္ဇာပစ္စယာသင်္ခါရာ'စသည်ဖြင့် အဝိဇ္ဇာဟူသော မောဟကြောင့် သင်္ခါရဟူသော လောကီကုသိုလ်၊ အကုသိုလ်ဖြစ်သည်။

ဤသို့ အစရှိသည်ဖြစ်၍ ပဋိစ္စသမုပ္ပါဒ်တရားကို ပိုင်းခြား၍ မြင်လေသိလေရာသည်။ မြင်ပြီးသော ကာလ၊ အကြောင်းအကျိုး၊ ပစ္စည်း ပစ္စယုပ္ပန် ပရမတ္ထတရား ရုပ်နာမ်ခန္ဓာငါးပါး အပေါင်းမျှသာ ဖြစ်သည်ဟု သိလိမ့်မည်။ ထွက်သက်ဝင်သက်ကို ဖြစ်စေတတ်သော ပုဂ္ဂိုလ်သတ္တဝါ ဟူ၍ မရှိ။

ထွက်သက်ဝင်သက်ကို ဖြစ်စေတတ်သော မိန်းမ ယောကျာ်း

ဟူ၍ မရှိ။ ထွက်သက်ဝင်သက်ကို ဖြစ်စေတတ်သော ငါ ဟူ၍လည်း ကောင်း၊ သူတစ်ပါး ဟူ၍လည်းကောင်း မရှိချေဟု သိလိမ့်မည်။ ရုပ်နာမ် ခန္ဓာငါးပါး တရား အစုအပေါင်းမျှသာ ဖြစ်သည်ဟု ပိုင်းခြား၍ သိလျှင် ပုဂ္ဂိုလ်လော၊ သတ္တဝါလော၊ မိန်းမလော၊ ယောကျ်ားလော၊ ငါလော၊ သူလော အစရှိသည်ဖြင့် တွေးတောခြင်း ဝိစိကိစ္ဆာ ပျောက်ကင်းပြီးသော သူသည် ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဤခန္ဓာငါးပါး တို့တွင် ထွက်သက်ဝင်သက်နှင့်တကွ အမှီဝတ္ထု ကရဇကာယသည် ရူပက္ခန္ဓာ မျှသာ ဖြစ်သည်ဟူ၍လည်းကောင်း။

ထိုထွက်သက်ဝင်သက်ကို အာရုံပြု၍ သိသောစိတ်သည် ဝိညာဏက္ခန္ဓာမျှသာ ဖြစ်သည်ဟူ၍လည်းကောင်း၊ စိတ်နှင့်ယှဉ်သော ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာမျှသာ ဖြစ်သည်ဟူ၍လည်း ကောင်း၊ ထိုစိတ်၌ ယှဉ်သောသညာစေတသိက်သည် သညာက္ခန္ဓာမျှသာ ဖြစ်သည် ဟူ၍လည်းကောင်း။

ထိုမှကြွင်းသော စေတသိက်သည် သင်္ခါရက္ခန္ဓာမျှသာ ဖြစ်သည်ဟူ၍လည်းကောင်း ခန္ဓာငါးပါးသို့ ပေါက်အောင် ထောက်ရှုဆင်ခြင်လေအပ်သည်။ ဤသို့ ပဋိစ္စသမုပ္ပါဒ် တည်းဟူသော အကြောင်းတရားနှင့် တကွ နာမ်ရုပ်တရား ခန္ဓာငါးပါး အပေါင်းမျှသာ ဖြစ်သည်ဟု သိပြီးလျှင်–

ရူပံ အနိစ္စံ၊ ရူပက္ခန္ဓာ အမြဲမရှိ
ဝေဒနာ အနိစ္စာ၊ ဝေဒနာက္ခန္ဓာ အမြဲမရှိ
သညာ အနိစ္စာ၊ သညာက္ခန္ဓာ အမြဲမရှိ
သင်္ခါရာ အနိစ္စာ၊ သင်္ခါရက္ခန္ဓာ အမြဲမရှိ
ဝိညာဏံ အနိစ္စံ၊ ဝိညာဏက္ခန္ဓာ အမြဲမရှိ။

ဤသို့ အစရှိသည်ဖြင့် ဖြစ်ပြီး၍ ထင်ရှားစွာမရှိ ပျောက်လေ

သောကြောင့် ခန္ဓာငါးပါးကား အနိစ္စသဘောသာ ဖြစ်သည်ဟု **အနိစ္စလက္ခဏာ**ကို ရှုလေ။ ဖြစ်တုံ ပျက်တုံ အကြိမ်ကြိမ် နှိပ်စက်သောကြောင့် ထိုခန္ဓာငါးပါးသည်ပင် ဒုက္ခဖြစ်သည်ဟု **ဒုက္ခလက္ခဏာ**ကို ရှုလေ။

ဖြစ်တုံ ပျက်တုံ မဖြစ်ပါစေလင့်ဟု တောင်းပန်တောင့်တသော်လည်း တောင်းပန်တောင့်တသောသူ၏ အလိုသို့ မလိုက်သောကြောင့် ထိုခန္ဓာငါးပါးပင်လျှင် အနတ္တဖြစ်သည်ဟု **အနတ္တလက္ခဏာ**ကိုလည်း ရှုလေ။ ဤသို့ လက္ခဏာရေးသုံးပါးသို့ ပေါက်အောင် ပညာဖြင့် ထောက်ရှု ဆင်ခြင်လေအပ်သည်။

ထွက်သက်ဝင်သက်ကို သိမ်းဆည်းမှတ်တတ်သော သတိ တရားကို "ဒုက္ခသစ္စာ"မှတ်။ ထိုဒုက္ခသစ္စာကို ဖြစ်စေတတ်သော ပုရိမတဏှာကို "သမုဒယသစ္စာ"မှတ်။ ထိုဒုက္ခသစ္စာ, သမုဒယသစ္စာနှစ်ပါးတို့ ၏ ငြိမ်းရာနိဗ္ဗာန်ကိုကား "နိရောဓသစ္စာ"မှတ်။ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိတတ်သော၊ သမုဒယသစ္စာကို ပယ်တတ်သော၊ နိရောဓသစ္စာကို အာရုံ ပြုတတ်သော မဂ္ဂင်ရှစ်ပါးကို "မဂ္ဂသစ္စာ"မှတ်။

ဤသို့ ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂသစ္စာဟူသော သစ္စာလေးပါးသို့ ပေါက်အောင် ပညာဖြင့် ထောက်ရှုဆင်ခြင်လေအပ်သည်။ ဤသို့ ထွက်သက်ဝင်သက်နှင့်စပ်၍ ဟောတော်မူသော–

စေတသော ဝိက္ခေပဿ ပဟာနာယ၊

အာနာပါနဿတိ ဘာဝေတဗ္ဗာ။

ဟူသော ဤဒေသနာတော်ကို ဆိုအပ်ပြီးသောနည်းဖြင့် ခန္ဓာငါးပါး၊ လက္ခဏာရေးသုံးပါး၊ သစ္စာလေးပါးသို့ ပေါက်အောင် ပညာဖြင့် ထောက်ရှုဆင်ခြင်လေရာသည်။ ဤသို့ ခန္ဓာငါးပါး၊ လက္ခဏာရေးသုံးပါး၊ သစ္စာလေးပါးတရား ပရမတ္ထမှုအစုကို အကြိမ်ကြိမ် အထပ်ထပ် ရှုဘန်

များသဖြင့် သံသရာစက်ကို ချိုးဖျက်သော ရဟန္တာ၏ အဖြစ်သို့ မချွတ်ရောက်လတ့်။

(လွန်ခဲ့သော နှစ်ပေါင်းနှစ်ရာကျော်က ပေါ်ထွန်းခဲ့သော
စတုဂိရိတောင်လေးလုံးဆရာတော်ပြုစီရင်တော်မူသည့်
စတုဂီရိရှုဘွယ်ကျမ်း၊ ဒုတိယတွဲ–နှာ (၂၄၁၊ ၂၄၂၊ ၂၄၃) မှ)

မေတ္တာရှင်(ရွှေပြည်သာ)

* * *

စာဖတ်သူအားလုံး ဘေးရန်ကြောင့်ကြဆင်းရဲကင်း၍
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ကောင်းကျိုးလိုရာဆန္ဒ
ပြည့်ဝကြပါစေ။ ။

## မေတ္တာရှင်(ရွှေပြည်သာ)၏ ထွက်ပြီးစာအုပ်များ


၁။ မျက်ရည်မကျခင်သိစေချင်
၂။ ယုံမှတ်လို့ ပုံအပ်မိသူများအကြောင်း (၁)
၃။ ယုံမှတ်လို့ ပုံအပ်မိသူများအကြောင်း (၂)
၄။ သရဏဂုံအစွမ်း အံ့မခန်း
၅။ မေတ္တာအစွမ်း အံ့မခန်း
၆။ သီလအစွမ်း အံ့မခန်း
၇။ စာရိတ္တသတ္တိ
၈။ မင်္ဂလာဖိုလ်တား အန္တရာယ်များ
၉။ အတွင်းရန်သူ
၁၀။ မိဘမေတ္တာ ရသစာစုများ
၁၁။ မြန်မာတို့၏ အသက်
၁၂။ အရှုံးမရှိသော ဒသန
၁၃။ မိရိုးဖလာဗုဒ္ဓဘာသာနှင့် တကယ့်ဗုဒ္ဓဘာသာ(အိတ်ဆောင်)
၁၄။ တကယ့်ဗုဒ္ဓဘာသာနှင့် သစ္စာလေးပါး(အိတ်ဆောင်)
၁၅။ လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ အတွဲ (၁+၂)
၁၆။ ကျောင်းအမနတ်သမီး အလှူကြီး(အိတ်ဆောင်)
၁၇။ ပါရမီထိုက်သောဒါနနှင့် ပါရမီမထိုက်သောဒါန
၁၈။ ဘဝနှင့်ရင်းရသော အတွေးအမြင်များ(၁)
၁၉။ ဆရာကောင်းကို ရှာဖွေခြင်း
၂၀။ စုန်လမ်းနှင့် ဆန်လမ်း(အိတ်ဆောင်)
၂၁။ လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ အတွဲ(၃+၄)
၂၂။ ဘဝနှင့်ရင်းရသော အတွေးအမြင်များ(၂)
၂၃။ အသေမြတ်ချင် သေနည်းသင်(အိတ်ဆောင်)
၂၄။ မေတ္တာဖြင့် စီးပွားရှာခြင်း
၂၅။ သညာသိနှင့် ပညာသိ(သုဒ္ဓဝိပဿနာကျင့်စဉ်)
၂၆။ မင်္ဂဖိုလ်ရမည့် သမာဓိအဆင့်ဆင့်
၂၇။ (ယခု) လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ အတွဲ(၅+၆)